ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

ကိုးကွယ်ဘာသာ တရားဓမ္မတော

(အဆင့်မြင့်)



သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၃၉ ကောဇာ ၁၃၅၇ ခရစ် ၁၉၉၅


၂၂၇၇၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန


တရားဒေတာ

(အဆင့်မြင့်)



သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်



ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်တွင်
ဒုတိယည့ွှန်ကြားရေးမှူး၊ ဦးညွှန့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

နိဒါန်း

ဗုဒ္ဓဘာသာတရားတော်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား လူမျိုးမျာသည် ရှည်လျားလှစွာသော သမိုင်းခေတ်အဆက်ဆက်ကပင် လည်ချင်းဖက် လက်ချင်းတွဲကာ စည်းလုံးညီညွတ်စွာ အေးအတူ ပူဘမျှ နေထိုင်ခဲ့ကြသည်။ သဘာဝတရားက ပေးထားသော နိုင်ငံတော်၏ တည်နေပုံမှာ ကောင်းမွန်ပြန့်ပြူး ကျယ်ဝန်းလှသည့် အပြင် တောတောင်သဘာဝနှင့် သယံဇာတတို့လည်း အလျှံပယ် ပေါကြွယ်လှသဖြင့် တိုင်းရင်းသားတို့သည် သာယာရွှင်ပျ မကြောင့်မကြနေနိုင်ခဲ့ကြသည်။

မဖျိမဒေသတွင် မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူသောအခါ မြတ်စွာဘုရား၏ အဆုံးအမတော်များ လျင်မြန်စွာ ရောက်ရှိလာကြပြီး၊ ထိုအဆုံးအမတော်များအတိုင်း နိုင်ငံနှင့်အဝန်း လိုက်နာကျင့်သုံးလာကြသဖြင့် မြန်မာပြည်ဘွား တိုင်းရင်းသားတို့သည် အသိအလိမ္မာထူးချွန်ထက်မြက်သည့် ယဉ်ကျေးသိမ်မွေ့သော လူမျိုးများဖြစ်လာကြသည်။ မြန်မာတို့သည် ဗုဒ္ဓဝါဒ ဗုဒ္ဓအဆုံးအမ ဗုဒ္ဓယဉ်ကျေးမှုတို့နှင့် အစဉ်တစိုက် ရပ်တည်လာခဲ့ကြသဖြင့် အဆင့်မြင့်သော အမျိုးသားယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်လာနိုင်ခဲ့ကြသည်။ မြန်မာ့အမျိုးသားယဉ်ကျေးမှုဟူသည် ဗုဒ္ဓအဆုံးအမများသာ အဓိကဖြစ်၍ မြန်မာနိုင်ငံသားတို့၏ စိတ်ကူးမှု၊ ပြောဆိုမှု၊ ပြုလုပ်မှုအားလုံးတွင် ဘာသာယဉ်ကျေးမှု ဓလေ့ထုံးစံတို့ အမြဲပါဝင်နေကြသည်။

ပုဂံခေတ်သစ်သို့ ရောက်သောအခါ ပုဒ္ဓစာပေများသည် နိုင်ငံတော်တစ်ဝန်းလုံး၏ ပညာရေးမက္ကိုင်၊ နိုင်ငံရေး၊ စစ်ရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ကဏ္ဍများ၏ အဓိက မီးရှူးတန်ဆောင်များဖြစ်လာကြသည်။ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးစေရန် အတွက် ပုဒ္ဓဘာသာ တရားတော်က တွန်းအားပေးလျက်ရှိသည်။ မြန်မာ့ ယဉ်ကျေးမှုသည် ပုဒ္ဓယဉ်ကျေးမှုဖြစ်ပြီး ပုဒ္ဓယဉ်ကျေးမှုသည် မြန်မာ့ယဉ်ကျေးမှုဖြစ်လာသည်။ ရေကိုခြားသော် အကြားမထင်သကဲ့သို့ မြန်မာနှင့် ပုဒ္ဓဘာသာသည် ခွဲခြား၍ မရတော့ဘဲ ပုဒ္ဓဘာသာ မြန်မာလူမျိုးဟု ကမ္ဘည်းမော်ကွန်းထိုး ခဲ့ရသည်အထိ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ စည်းလုံးခဲ့သည်၊ မြန်မာတို့သည် အသိခြင်းတူ၊ အမြင်ခြင်းတူ၊ စိတ်သဘောထားများ တူညီကြပြီး ကိုးကွယ်သည့် ဘာသာဝါဒပါ တူညီကြသဖြင့် အာရှတွင် ထင်ရှားသော နိုင်ငံတော်နှင့် လူမျိုးများဖြစ်လာခဲ့ကြသည်။ မိမိပတ်ဝန်းကျင်ရှိ နိုင်ငံကြီးငယ်တို့အလယ်တွင် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ခဲ့ကြသည်။ မြင့်မြတ်သော မြန်မာ့စိတ်ဓာတ်အမွေ ကိုပါ ပုဒ္ဓဘာသာထံမှ ခံယူရရှိသဖြင့် မြန်မာကို ကမ္ဘာက လေးစားခဲ့ရသည်။

ထိုအစဉ်အလာကောင်းများမှာ ပုဒ္ဓဘာသာတရားတော်များမှ ရရှိခဲ့ခြင်းဖြစ်သဖြင့် အနန္တကျေးဇူးရှင်ဖြစ်သော ပုဒ္ဓဘာသာအစဉ်အလာကောင်းများကို စောင့်သိသော ကိုယ်ကျင့်တရား ခိုင်မာသည့် မျိုးဆက်သစ်လူငယ်များဖြစ်ထွန်းပေါ်ပေါက်လာစေရန် အထူးလိုအပ်ပေသည်။ ယနေ့ခေတ်သည် နိုင်ငံတကာနှင့် ရင်ဘောင်တန်း၍ ကမ္ဘာ့အဆင့်မီအောင် ဆောင်ရွက်နေရသော ခေတ်ဖြစ်သည်။ ပုဂံသားတို့သည် ပုဒ္ဓဝါဒကို နှလုံးသားထဲတွင် ဌာပနာ၍ နိုင်ငံတော်တည်ဆောက်ရေးကို လုံးပန်းခဲ့ရာ လွန်စွာတိုတောင်းလှသော အချိန်လေးအတွင်းမှာပင် အဆင့်မြင့်နိုင်ငံတော်ကြီး ဖြစ်ခဲ့ရသည့် သမိုင်းကြောင်းကို အာရုံပြု၍ ခေတ်သစ်မြန်မာတို့သည်လည်း ပုဒ္ဓယဉ်ကျေးမှု အမျိုးသားယဉ်ကျေးမှုကို ရင်ထဲနှလုံးထဲစိုက်ယူစွဲပြီး ခေတ်မီ နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် ကြိုးပမ်းရပေမည်။ နိုင်ငံသစ်တည်ဆောက်ရေးတွင် ပုဒ္ဓဘာသာယဉ်ကျေးမှုသည် အားပေးထောက်ခံသည့် အမာခံမက္ကိုင်ကြီးသာ ဖြစ်ပေသည်။ သို့ဖြစ်၍ မြန်မာတိုင်းရင်းသား မျိုးဆက်သစ်များ ပုဒ္ဓဘာသာတရားတော်များကို စာသင်ကျောင်းများမှ စတင်၍ ပြည်ခွင်အနှံ့ဖြန့်ကျက်လေ့လာ လိုက်နာနိုင်စေရန် ရည်သန်၍ ဤပုဒ္ဓဘာသာတရားတော် စာအုပ်များကို ရေးသားခဲ့ပါသည်။

ဗုဒ္ဓဘာသာ ရေးပေါင် (အခြေခံအဆင့်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေး ဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်များ ရေးသားပြုစုသည့် ဗုဒ္ဓဘာသာ တရားတော် (အခြေခံအဆင့်) စာအုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ၁၉၉၄-ခုနှစ် ဇူလိုင်လတွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ထိုစာအုပ်တွင် ဗုဒ္ဓဘာသာဝင်မှန်သမျှ လေ့လာသင်ယူ၍ လိုက်နာကျင့်ရမည့် ဗုဒ္ဓဘာသာ အခြေခံ တရားတော်များကို ရေးသားပြုစုထားသည့် အကြံပေး ပုဂ္ဂိုလ်များသည် မူလတန်း၊ အလယ်တန်း ကျောင်းသားအရွယ် ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ် မျိုးဆက်သစ်များ သင်ကြားရန် ဗုဒ္ဓဘာသာသင်ခန်းစာအဖြစ် ရည်ရွယ်၍ ထိုစာအုပ်ကို ရေးသား ပြုစုခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ တရားတော် (အထက်တန်းအဆင့်)

၁၉၉၄-ခုနှစ် အောက်တိုဘာလတွင် ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်) စာအုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်များပင် ရေးသားပြုစု၍ သာသနာရေးဝန်ကြီးဌာနကပင် ဒုတိယအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ဤစာအုပ်တွင် ဒါန၊ သီလ၊ ဘာဝနာ စသော ကိုယ်ကျင့်ပိုင်းဆိုင်ရာ ဓမ္မရတနာကို အလေးအနက်ပြု၍ ရေးသားပြုစုထားပါသည်။ အထက်တန်းကျောင်းသားများနှင့် တက္ကသိုလ်ကျောင်းသား ဗုဒ္ဓဘာသာဝင် လူလတ်ပိုင်းများ လေ့လာသင်ကြားရန် ရည်ရွယ်ပါသည်။

ဗုဒ္ဓဘာသာတရားတော် (အဆင့်မြင့်)

ယခုအကြံပေး ပုဂ္ဂိုလ်များ ရေးသား ပြုစုထုတ်ဝေလိုက်သည့် ဗုဒ္ဓဘာသာတရားတော် (အဆင့်မြင့်) စာအုပ်၌မူ ဗုဒ္ဓဝါဒဆိုင်ရာ သုံးသပ်ချက်များနှင့် သမိုင်းအမြင်များ၊ ဝိပဿနာ ကျင့်စဉ်များကို အထူးဦးစားပေး တင်ပြထားပါသည်။ ဘွဲ့လွန်ကျောင်းသားများ ဗုဒ္ဓဘာသာဝင် လူကြီးပိုင်းများ လေ့လာသင်ကြားရန် ရည်ရွယ်ပါသည်။

အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော-

၁။ ဦးကျော်ထွတ်
၂။ ဦးစစ်ထွန်းမှတ်ဝင်း
၃။ ဦးအေးနိုင်
၄။ ဦးသောင်းလွင်
၅။ ဦးဌေးလှိုင်
၆။ ဒေါက်တာမင်းတင်မွန်
၇။ ဦးဗိုလ်မောင်
၈။ ဦးအောင်ခိုင် နှင့်
၉။ ဦးမောင်မောင်လေး-

တို့က ဤဗုဒ္ဓဘာသာ တရားတော် (အဆင့်မြင့်တန်း) စာအုပ်ကို ရေးသားပြုစု ကြရာ၌ လိုလေသေးမရှိ အချိန်မီပြီးစီးအောင် သာသနာရေးဝန်ကြီးဌာန-

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်.
ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်ခင်

တို့၏ စီမံညွှန်ကြားချက်အရ သာသနာရေးဦးစီးဌာန-

ညွှန်ကြားရေးမှူးချုပ် ဦးအံ့မောင်

သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန-

ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်

တို့က ရုံးလုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်သည်များကို ပံ့ပိုးပေးကြပါသည်။

ဦးအောင်သိန်းညွှန့်. (လက်ထောက်ညွှန်ကြားရေးမှူး)၊
ဦးမြင့်စိန် (ရုံးအုပ်)

တို့၏ အနီးကပ်စီမံပံ့ပိုးမှုအရ ကျမ်းပြုစာတည်းများဖြစ်ကြသော-

ဦးစိုးတင့်၊ ဦးကိုကိုမြိုင်၊ ဦးလှသိန်းထွတ်၊
ဦးခင်ကျော်၊ ဦးဌေးဆောင်၊ ဦးသူရ၊ ဦးမြင့်ထွန်း -

တို့၏ စာပေးရေးသား ပြုစုမှု အကူအညီကို ရယူခဲ့ကြသည်။

အသိဉာဏ်မြင့် လမ်းမှန်ပွင့်

ဗုဒ္ဓဘာသာ သင်ခန်းစာများကို လေ့လာသင်ကြားသူများအား ကြိုတင်၍ ဤစာအုပ်နှင့် မိတ်ဆက်ပေးပါဦးမည်၊ ဤစာအုပ်တွင် အခန်းကြီး (၉) ခန်း ခွဲထားသည်။

အခန်း (၁) တွင် **ပါဠိဖတ်နည်း၊ ပါဠိဆင့် ဖတ်နည်း**တို့ကို ရေးသားတင်ပြထားသည်။ ပါဠိစာပေသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ အရေးပါလှသည်၊ ပါဠိ ဘာသာဝေါဟာရတို့ကို စနစ်တကျ ပီပီသသ ရွတ်ဖတ်တက်ရန် အထူးလိုအပ်၏၊ သရဏာဂုံယူခြင်း၊ ၎သီလ ခံယူဆောက်တည်ခြင်း တို့မှစ၍ ပါဠိလို ယူကြရ၏၊ ဓမ္မစကြာ၊ အနတ္တ လက္ခဏသုတ်၊ ပဋိစ္စသမုပ္ပါဒ်၊ ပဌာန်း၊ ပရိတ်တော်များကိုလည်း ပါဠိလိုပင် ရွတ်ဖတ်သရဇ္ဈာယ်ကြရသည်။ ထို့ကြောင့်ပင် ပါဠိဖတ်နည်း ပါဠိဆင့် ဖတ်နည်းကို စာအုပ်သုံးအုပ်စလုံးတွင် ထည့်သွင်းထားသည်။ ပါဠိဘာသာ လေ့လာလိုက်စားလိုသူများအတွက် အထောက်ကူပြုပါလိမ့်မည်။

အခန်း (၂) တွင် **ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ဝိသေသလက္ခဏာများနှင့် မြင့်မြတ်သော သဘောထားခံယူချက်**ကို တင်ပြထားပါသည်။ ဤအခန်းကို ရေးသားရာ၌ အကြောင်းအရာ အကိုးအကား အသုံးအနှုန်း အယူအဆ ကောက်ချက်ဆွဲယူမှုအားလုံးကို အပိုအလိုမရှိစေရ၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပိဋကတ်ဓာပေလာ တိကျခိုင်လုံသော အထောက်အထားများအရ တင်ပြထားပါသည်။ လောကဌ မြတ်စွာဘုရား ပွင့်တော်မူပြီးသော ကာလဟလသတင်း ကျယ်ပြန့်လာသောအခါ အစစ်မလာမီ အတုအယောင်တို့ ပေါ်ပေါက်လာကြမြဲဖြစ်သည့် သဘာဝတိုင်းပင် ဘုရားတုတို့ ပေါ်ထွက်လာကြသည်၊ ဘုရားမပွင့်မီ ပေါ်ပေါက်လာကြသော တိတ္ထိဆရာကြီးများနှင့် သူတို့၏ ဝါဒများကို သမိုင်းကြောင်း ပေါ်လွင်အောင် စီစဉ်တင်ပြထားသည်။ မြတ်စွာဘုရားပွင့်တော်မူသောအခါ ဖန်ဆင်းရှင်ဝါဒ ဒုတ္တဝါဒများကို တိုက်ဖျက်၍ အနတ္တဝါဒကို ဟောတော်မူခဲ့ရသည်။ ကိုယ့်ဘဝ လွတ်မြောက်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ကြိုးပမ်းကြရန် ဟောပြတော်မူရသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကာလ၌လည်း ဖန်ဆင်းရှင်တန်ခိုးရှင် အမည်ခံ ဘုရားသခင်တို့ ပေါ်ပေါက်လာပြန်သည်။ လောကသဘာဝတွင် ပတ္တမြားရတနာအနှစ်ကို အပေါ်ယံ အခွံအကာတို့က ဝိုင်းရံထားသကဲ့သို့ပင် ဘုရားရတနာအစစ်ကိုလည်း ရှေ့နောက်ဝဲယာ အကာအခွံဝါဒတို့က ဝိုင်းရံထားကြသည်ကို တွေ့မြင်ရသည်။ ရတ်နာအစစ် အနှစ်ဓာတ်ကို လိုလားသူသည် သတိ၊ ဝီရိယ၊ ပညာ၊ အသိဉာဏ်ကိုလွှာ၍ လေ့လာသုံးသပ် ဆုံးဖြတ်နိုင်စေရန်အတွက် သမိုင်းမှန်အဖြစ်မှန်ကို စေတနာမှန်ဖြင့် တင်ပြထားသည်။ ဗုဒ္ဓဘာသာ၏ ထူးခြားမွန်မြတ်ကောင်းမွန်သော အနှစ်သာရ သဘောတရားတို့ကို ကာလာမ၊ ဥပါလိ စသော သုတ်တော်ပေါင်းများစွာမှ ထုတ်နုတ်၍ တင်ပြထားသည်။

အခန်း (၃) တွင် **အားကျကြည်ညိုဖွယ်ရာ ထေရာ ထေရိမျာား** အကြောင်းကို တင်ပြထားသည်။ အဂ္ဂသာဝက မဟာသာဝကများစွာထဲမှ မထေရ်ကြီး (၄) ပါးနှင့် ထေရီကြီး (၄) ပါးတို့အကြောင်းမျှကိုသာ တင်ပြနိုင်ပါသည်။ အားကျဖွယ် ကြည်ညိုဖွယ် အတုယူဖွယ် ကောင်းလှပါသည်။

အခန်း (၄) တွင် **သိမှတ်ဖွယ်ရာ သုတ္တန်တရားတော်များ** အကြောင်းကို တင်ပြထားသည်၊ သုတ္တန်တရားများသည် ပုဂ္ဂိုလ်အလိုက် စရိုက်အလိုက် ကာလ ဒေသအလိုက် ဟောကြားတော်မူသော တရားတော်များဖြစ်၍ သိမှတ်ဖွယ် ကျင့်ကြံ လိုက်နာဖွယ်ရာများနှင့် ပြည့်နှက်နေပါသည်။ ဤစာအုပ်၌မူ ဓမ္မစကြာ၊ ဟေမဝတ၊ အနတ္တလက္ခဏ သုတ်တော် (၃) ခုကိုသာ ဓမ္မအရသာခံစားနိုင်ရန် တင်ပြထားပါ သည်။

အခန်း (၅) တွင် **သစ္စာ ၂-ပါးနှင့် လောက ၃-ပါး** ကို ဖော်ပြထားပါသည်။ အဘိဓမ္မာတရားတော်များကို တင်ပြထားပါသည်။ လောကအကြောင်း သစ္စာ အကြောင်း လောကမှ ထွက်မြောက်ရေးနည်းလမ်းများအကြောင်းကို အကျဉ်းရုံး၍ တင်ပြထားပါသည်။

အခန်း (၆) တွင် **သမထ ဝိပဿနာ ရှုပွားနည်း** ကို တင်ပြထားပါသည်။ မြတ်စွာဘုရားသာသနာတော်၏ အနှစ်သာရမှာ သမထဝိပဿနာ ရှုမှတ်ပွားများ အားထုတ်မှုပင် ဖြစ်ပါသည်။ သမထ ရှုပွားနည်း ဝိပဿနာ ရှုပွားနည်းစနစ်များကို စာပေအထောက်အထား ခိုင်လုံစွာဖြင့် တင်ပြထားပါသည်။ သံသရာလွတ်မြောက်ရေး အတွက် မဖြစ်မနေကြိုးပမ်းအားထုတ်ရမည့် ဝိပဿနာကျင့်စဉ်များကို လေ့လာ မှတ်သားရပေလိမ့်မည်။

အခန်း (၇) တွင် **ပရိတ်တရားတော်များ**ကို တင်ပြထားပါသည်။ ပရိတ် တရားတော်များ၏ တန်ခိုးစွမ်းအင်ကို သိရှိပြီး ပုဒ်ပါဠိအသံ မှန်ကန်စွာ ရွတ်ဆို ပွားများပါက ဘေးရန်အန္တရာယ်များကို အမှန်ပင်တားဆီးနိုင်ပါသည်။ ဤအခန်းတွင် ပရိတ်ရွတ်သူ၊ ပရိတ်နာသူတို့၏ အင်္ဂါလက္ခဏာများ၊ ပရိတ်ရွတ်ပွားမှု သမိုင်းကြောင်းများ၊ ရရှိမည့် အကျိုးတရားများကို ဖော်ပြထားပါသည်။

အခန်း (၈) တွင် **ဗုဒ္ဓဘာသာ ယဉ်ကျေးမှုမြန်မာ့ ဓလေ့ထုံးစံကို** တင်ပြထားပါသည်။ ဗုဒ္ဓယဉ်ကျေးမှုကြောင့် မြန်မာ့ယဉ်ကျေးမှု တိုးတက်လာပြီး ယခုအခါဝယ် အမျိုးသား ယဉ်ကျေးမှုအဆင့်အထိ ရောက်ရှိလာပါသည်။ မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှု ပင်စည်သည် ဗုဒ္ဓယဉ်ကျေးမှုရသောက်မြစ်ကြောင့် စည်ပင်ပြန့်ပွား တိုးတက်နေပါသည်။ အမျိုးသားယဉ်ကျေးမှု မတိမ်ကော မပပျောက်ရေးသည် ပြည်ထောင်စုဘွား တိုင်းရင်းသားတို့၏ အဓိကတာဝန် ဖြစ်ပါသည်။ ယဉ်ကျေးမှုပျောက်က လူမျိုးပျောက်နိုင်ပါသည်။ မိမိတို့၏ အမျိုးဘာသာသာသနာယဉ်ကျေးမှု အမွေအနှစ်များ ထာဝစဉ်စည်ပင်နေစေရန်အတွက် ဤအခန်းတွင် စီစဉ်ရေးသား ထားပါသည်။ အထူးသဖြင့် ထိမ်းမြားမင်္ဂလာပွဲ၊ ရှင်ပြုရဟန်းခံပွဲများကို အကျိုးရှိရှိ အနှစ်သာရ အပြည့်ဖြင့် ပြုလုပ်ကြရန် ဖော်ပြထားပါသည်။

အခန်း (၉) တွင် **ပင်မထေရဝါဒနှင့် မဟာယာန သာသနာ ကမ္ဘာအရပ်ရပ်သို့ ပြန့်ပွားသွားခြင်း**၊ ကိုတင်ပြထားပါသည်။ ဤစာအုပ်သည် အဆင့်မြင့်အပိုင်းဖြစ်၍၊ ဘာသာဝါဒသုံးသပ်ချက်များနှင့် သမိုင်းအမြင် ဝိပဿနာကျင့်စဉ်များကို အထူးဦးစားပေးဖော်ပြထားသည်။

သာသနာ့သမိုင်းစဉ်ကို ကြည့်လျှင်၊ ကြည်ညိုစရာများ အားကျစရာများ ပါရှိသကဲ့သို့ ဝမ်းနည်းဖွယ် သံဝေဂယူဖွယ် သင်ခန်းစာယူဖွယ်များလည်း ပါရှိကြောင်းတွေ့ရသည်။ ထေရဝါဒ အစဉ်အလာလမ်းရိုး လမ်းဟောင်းအတိုင်း ကောင်းစွာမလိုက်ဘဲ သာသနာကို ခေတ်မီစေလို တိုးတက်စေလို လူကြုံက်များစေလိုသော သာသနာ့တာဝန်ရှိသူအချို့က သက်ဆိုင်ရာ ဒေသနိုင်ငံလူမျိုးတို့၏ ကိုးကွယ်မှုဓလေ့ ထုံးတမ်းများကိုပါ ထေရဝါဒဘို့ ထည့်သွင်း၍ ကျင့်သုံးလာခဲ့ကြရာ တစတစ ထေရဝါဒ လမ်းမတော်မှ သွေဖည်မှန်းမသိ သွေဖည်၍ သွားကြတော့သည်။

သတ္တဝါတို့မည်သည် တဏှာမဟုတ် ဒိဋ္ဌိ၊ ဒိဋ္ဌိမဟုတ် တဏှာ နင်းခုံနှစ်ခု ပေါ်၌သာ ရပ်တည်၍ စဉ်းစားပြောဆိုပြုမူလေ့ရှိကြသည်၊ အရာရာ၌ လောကီအာရုံခံစားမှုနှင့် ငါ အတ္တကို ရှေ့တန်းတင်ပြီး ရှုမြင်လေ့ရှိရာ ပင်ရင်း မူလ အဆုံးအမများသည် တာဝန်ရှိသူ သာသနာ့ဝန်ထမ်းတို့၏ တွေးခေါ်ခံယူချက်များနှင့် ရောနှောသွားကာ ပင်ရင်းမူလ စင်ကြယ်မှုများပျက်သုဉ်းသွားခဲ့ရသည်မှာ သင်ခန်းစာယူဖွယ် ဖြစ်သည်။

သာသနာသမိုင်း တလျှောက်တွင် အခိုက်အတန့်အား‌ဖြင့် လွှမ်းမိုးခဲ့ခဲ့ရသော မဖျိမဒေသ၏ အရိုးစွဲအတွေးဝါဒကြီးသည် အခွင့်ကို‌ချောင်းလျက် ခေါင်းထောင်လာကာ ထေရဝါဒီ ရဟန်းတော်များအား ပူးကပ်၍ ပင်ရင်းဗုဒ္ဓ စကား‌တော်များတွင် ရောနှောလာသည် ရှေးအခါက ဒသာရဟမင်းတို့သည် ၁၂-ယူဇနာကပင် ကြားစေနိုင်သော အာဏာက ခေါ်စည်ကြီးတစ်လုံး ရှိခဲ့ဖူး၏။ ကာလ‌ကြာလာသောအခါ စည်ကြီးဆွေးမြည့်လာသဖြင့် တစ်စတစ်စ စည်ကြီးကို ဖာထေး၍ အသုံးပြုကြလေရာ မူလစည်မျက်နှာ သားရေများ လုံးဝမရှိတော့ဘဲ အဖာအထေး ချည်းသာ ကျန်ရှိတော့၏။ ထိုစည်ကြီးကို ဘီးခတ်လိုက်သောအခါ ၁၂-ယူဇနာ မဆိုထား‌ဘိ၊ စည်ကြီးထားရှိရာ အဆောက်အအုံအတွင်းမှာပင် သဲ့သဲ့မျှသာ ကြားကြရတော့သည်ဆိုသကဲ့သို့ ဗုဒ္ဓဘာသာသည် အမည်မျှသာ ကျန်တော့၏။

ဤအခန်း၌ ဗုဒ္ဓသာသနာတော် ကမ္ဘာအရပ်ရပ်သို့ပြန့်နှံ့သွားပုံ အကျဉ်း‌မျှသာ ပြထားပါသည် မည်သည့်အတိုင်းအတာအထိ ရောနှောလာ၍ မည်သို့လုပ်ဆောင်သင့်သည်ကို စဉ်းစားစေနိုင်ရန် သမိုင်းကြောင်းမူရင်းအတိုင်း ဖေါ်ပြထား‌သည်။

ဤကျမ်းစာ၏ ရည်သန်ချက်

ဤ မြန်မာ့မြေရှေ့၌ နေထိုင်ခဲ့ကြသော လူမျိုးတို့သည် ဗုဒ္ဓဓမ္မ၊ ဗုဒ္ဓအသိ‌အမြင်၊ ဗုဒ္ဓယဉ်ကျေးမှုနှင့် စဉ်ဆက်မပြတ် ငြိမ်းချမ်းစွာ ရပ်တည်လာခဲ့သည်ကို ခိုင်လုံသော သဝိုင်းအထောက်အထားများတွေ့ရ၏။ ဗုဒ္ဓဘာသာနှင့် မြန်မာပြည်သည် အစဉ်အမြဲ ဒွန်တွဲနေ၏၊ ခွဲ၍မရ၊ ရွှေနှင့်မြ နေနှင့်လပမာ လိုက်လည်း လိုက်ဖက်လှ‌သည်၊ မြန်မာကို ကမ္ဘာက မျှော်လင့်နေသည်မှာ ဗုဒ္ဓဝါဒသာလျှင်ဖြစ်၏။ ကမ္ဘာကို မြန်မာတို့က အကောင်းဆုံး လမ်းပြဆောင်ကြဉ်း၍ အကျိုးပြုပေးနိုင်မည်မှာလည်း လက်ရှိဆောင်ရွက်နေကြသော ဗုဒ္ဓသာသနာဖြန့်ခင်းရေးပင်တည်း။

ခေတ်သစ်ကမ္ဘာကြီးသည် သိပ္ပံပညာထွန်းကားနေပြီးဖြစ်သည့်အတွက် အရာရာကို သိပ္ပံပေတံဖြင့် တိုင်းတာလေ့ရှိသည်။ သိပ္ပံပညာသဘောတရားနှင့် ကိုက်ညီသောဘာသာမှာ ဗုဒ္ဓဘာသာသာလျှင်ဖြစ်ကြောင်း သိမြင်ကာ ဗုဒ္ဓဘာသာသို့ စုပြုံမျက်နှာမူလာကြသည်၊ မျက်မှောက်ကာလတွင် ဗုဒ္ဓဝါဒကို စာတွေ့၊ လက်တွေ့

အပြည့်အစုံ လေ့လာနိုင်သည်မှာ မြန်မာပြည်သာ ဖြစ်သည်ဟုဆိုအားထား နေကြသည်။ သို့ဖြစ်၍ မြန်မာပြည်သည် ဗုဒ္ဓဝါဒတက္ကသိုလ်၊ ဗုဒ္ဓဝါဒ ပြတိုက်ကြီး ဖြစ်လာသည်။ ကမ္ဘာအရပ်ရပ်ရှိ ပညာရှင်တို့သက်ဝင် ကျက်စားရာဌာနကြီး ဖြစ်လာသည်။ မြန်မာဟုဆိုလျှင် ဗုဒ္ဓဘာသာဟု နားလည်ထားကြပြီး ဖြစ်သဖြင့် မြန်မာတို့သည် ဗုဒ္ဓဘာသာကို ခြေခြေမြစ်မြစ် တတ်သိနားလည်ထားရန် လိုအပ်လာသည်။ မြန်မာတို့၏ သမိုင်းပေးထာဝန်ကြီးဖြစ်လာ၏။

ထို့ကြောင့် အကြံပေးပုဂ္ဂိုလ်ကြီးများသည် ဤဗုဒ္ဓဘာသာတရားတော် စာအုပ်များကို အရှည်မျှော်၍ ရေးသားပြုစုခဲ့ကြသည်။ ဤစာအုပ်များသည် မျိုးဆက်သစ်လူငယ်တို့ ပညာသင်ရာ ကျောင်းတော်သာများသို့ ရောက်ရှိမှသာ လူတိုင်းလူတိုင်း ဘာသာအသိရှိလာမည်။ ထိုဘာသာအသိသည်ပင် အမျိုးသားယဉ်ကျေးမှုဖြစ်၍ အမျိုးသားယဉ်ကျေးမှုကို စောင့်သိနှိုင်ကြမည်၊ ယဉ်ကျေးမှုမြင့်မှ နိုင်ငံမြင့်မည်၊ ယဉ်ကျေးမှုပျောက်က နိုင်ငံပျောက်နိုင်သည်။

အမျိုးသားယဉ်ကျေးမှုမြင့်မား၍ ကမ္ဘာ့အလယ် ထည်ဝါသော့ နိုင်ငံတော်ကြီးတည်ဆောက်နေသော ယခုလိုအချိန်မျိုးတွင် နိုင်ငံတော်ကို ဦးဆောင်လမ်းညွှန်လျက်ရှိသော နိုင်ငံအုံကြိုးအကဲများ၏ အနာဂတ်မျှော်လင့်ချက်ကို အကြံပေးပုဂ္ဂိုလ်ကြီးများက ဖြည့်ဆည်းပေးခဲ့ကြ၏။ အနာဂတ်မြန်မာနိုင်ငံအတွက် ယနေ့လူငယ်တို့ ထိုအမွေကို ဆက်လက်ထိန်းသိမ်းဖို့သာ ရှိပေသည်။

အင်္ဂလိပ်နယ်ချဲ့ လက်အောက် ကျရောက်စဉ် အချိန်အခါကပင် ဗုဒ္ဓဘာသာသင်ခန်းစာများသည် ကျောင်းသင်ဘာသာရပ်များဖြစ်ခဲ့ကြသဖြင့် လူငယ်တို့သန္ဓာန်၌ အမျိုးသားယဉ်ကျေးမှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့ကြသည်။ ထိုအမျိုးသား ယဉ်ကျေးမှုသည် စည်းလုံးညီညွတ်မှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များကို ပေါက်ဖွားပေးခဲ့ရာမှ ကိုယ့်မင်းကိုယ့်ချင်း လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ကြသည်။ ယနေ့မြန်မာတို့တာဝန်ကား အမျိုးသားယဉ်ကျေးမှုကို အောက်ခြေမျိုးဆက်သစ်များအထိ ခိုင်မာအောင် တည်ဆောက်ပေးဖို့ အရေးကြီးလာခဲ့၏၊ သို့မှသာ ကမ္ဘာက မြန်မာတို့အပေါ် မျှော်လင့်နေသော ဗုဒ္ဓဝါဒ-ငြိမ်းချမ်းစွာ ဘဝတည်ဆောက်နည်း၊ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်နည်းများကို တွင်တွင်ကျယ်ကျယ် ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာတရားတော်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ- စစ်မှန်သော အသိဉာဏ်ပညာ သဘောတရား ဖြန့်.ဝေပေးလှူရခြင်းထက် ကောင်းမြတ်သော အလှူဟူ၍ မရှိချေ။

ဤဗုဒ္ဓဘာသာသင်ခန်းစာ (အခြေခံအဆင့်) ထွက်စကပင် နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ၊ မြင်းခြံ ကိုးဆောင်ဆရာတော် ဘုရားကြီး (အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတ) အမှူးပြုသော ဒကာ ဒကာမများက အုပ်ရေ (၅၀၀၀၀) ဝယ်ယူလှူဒါန်းခဲ့ကြသည်။ ဤသင်ခန်းစာများကို တန်ဖိုးသိ၍ စိတ်ပါဝင်စားသူများက တိုင်းရင်းသားဘာသာ စသည်တို့ဖြင့် အသီးအသီး ဘာသာပြန်ဆိုပြီး ဖြစ်နေကြသည်။ အချို့ပြန်ဆိုကြဆဲဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ဤဘာသာရေးသင်ခန်းစာများသည် နိုင်ငံတော် အကြီးအကဲများ၊ သံဃမဟာနာယက ဆရာတော်ဘုရားကြီးများနှင့် ယာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်ကြီးများ အားထားမျှော်လင့်သော အမျိုးသားယဉ်ကျေးမှုမြတ်နိုးရှိ ဘာသာ စာရိတ္တခိုင်မာသော မျိုးဆက်သစ်များကို အောင်မြင်စွာ ဖေါ်ထုတ်မွေးမြူပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသတည်း။

အကြံပေးပုဂ္ဂိုလ်များ
သာသနာရေးဝန်ကြီးဌာန

၁၃၅၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅) ရက်
(၂၀-၃-၉၅)၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

ပုဒ္ဓဘာသာ တရားစကြာ
အဆင့်မြင့်

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

အခန်း (၁)

၁။ ပါဠိဖတ်နည်း၊ ပါဠိဆင့်ဖတ်နည်း ၃
- သဒ္ဒါသဒ္ဒေဘော် အက္ခရာတူဆင့်ခြင်း ၃
- အသဒ္ဒါသဒ္ဒေတော် အက္ခရာမတူဆင့်ခြင်း ၈
- အသတ် အသံထွက်နည်း ၁၂
- ပါဠိဖတ်ပုံဖတ်နည်း နမူနာ ၁၆

အခန်း (၂)

၂။ ပုဒ္ဓနှင့် ပုဒ္ဓဝါဒ၏ ဝိသေသလက္ခဏာများနှင့် မြင့်မြတ်သော သဘောထား ခံယူချက် ၂၁
- ပုဒ္ဓမပွင့်မီနှင့် ပွင့်ထွန်းစ ကမ္ဘာ့အခြေအနေများ ၂၁
- ထာဝရ ဘုရားသခင် ဖန်ဆင်းရှင် ၂၁
- အသိညာဏ်ဆာလောင်မှု ၂၃
- ပုဒ္ဓနှင့် ခေတ်ပြိုင်ဆရာကြီးများ ၂၄
- ၁။ ပူရဏကဿပ ဆရာကြီး ၂၅
- ၂။ မက္ခလိဂေါသာလ ဆရာကြီး ၂၆
- ၃။ အဇိတကေသကမ္ဗလ ဆရာကြီး ၂၆
- ၄။ ပကုဓကစ္စာယန ဆရာကြီး ၂၆
- ၅။ နိဂ္ဂဏ္ဌနာဋပုတ္တ ဆရာကြီး ၂၇
- ၆။ သဉ္စယဝေလဋ္ဌပုတ္တ (သိဉ္စည်း) ဆရာကြီး ၂၇

စဉ် အကြောင်းအရာ စာမျက်နှာ

- ဓမ္မနိုင်ငံတော် တည်ထောင်၍ ဝါဒလမ်းစဉ်ချမှတ်ကြောငြာခြင်း ၂၈
- ဘုရားပေးသော လူ့အခွင့်အရေးများ ၃၀
- အမျိုးသမီးထု အခွင့်အရေး ၃၅
- လူတန်းစားခွဲခြားရေးအမြင် ၃၈
- လူမမယ်ကလေးများအား တန်ဖိုးထားနေရာပေးခြင်း ၄၀
- ဘာသာအယူဝါဒရေးရာစံ
(ကာလာမ အမျိုးသားတို့အား လမ်းညွှန်ချက်) ၄၂
- မြတ်စွာဘုရားထံ တရားစစ်ထိုးလာသူ ဥပါလိသူကြွယ် ၅၀
- လူသားအားလုံးအပေါ် စာသားတည်း တပြေးညီ ရှုမြင်သော ဗုဒ္ဓဝါဒ ၅၈
- အယူဝါဒ ဓမ္မရေးရာ ပွင့်လင်းရဲရင့်စွာ ကြေငြာတော်မူရခြင်း ၆၂

အခန်း (၃)

၃။ အားကျကြည်ညိုဖွယ်ရာ ထေရာ ထေရီများ ၆၉
- အရှင် သာရိပုတ္တရာ မထေရ် ၆၉
- အရှင်မဟာမောဂ္ဂလ္လာန် မထေရ် ၁၀၈
- အရှင်မဟာကဿပ မထေရ် ၁၁၅
- အရှင်အာနန္ဒာ မထေရ် ၁၂၁
- ဘိက္ခုနီသာသနာ၏ မိခင်ကြီး မဟာပဇာပတိ ဂေါတမီ ထေရီ ၁၂၉
- ခေမာ ထေရီ ၁၃၆
- ဥ ပဝတ် ထေရီ ၁၄၁
- [illegible] ၁ ထေရီ ၁၄၇

အခန်း (၄)

၄။ သိမှတ်ဖွယ်ရာ သုတ္တန်တရားတော်များ ၁၅၇
- ဓမ္မစက္ကပဝတ္တနသုတ် ၁၅၇
- ဓမ္မစကြာသုတ် ဖြစ်ပေါ်လာပုံ ၁၅၉

စဉ် အကြောင်းအရာ စာမျက်နှာ

- ဒုက္ခအရိယသစ္စာ ၁၆၄
- သမုဒယအရိယသစ္စာ ၁၆၄
- နိရောဓ အရိယသစ္စာ ၁၆၅
- ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ (မဂ္ဂသစ္စာ) ၁၆၅
- ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါး ၁၆၅
- သမုဒယသစ္စာ၌ ဉာဏ်သုံးပါး ၁၆၆
- နိရောဓသစ္စာ၌ ဉာဏ်သုံးပါး ၁၆၇
- မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါး ၁၆၈
- ဘုရားဖြစ်ကြောင်း ဝန်ခံ မိန့်ကြားတော်မူခြင်း ၁၆၈
- နတ်ပြဟ္မာတို့ ကောင်းချီးသံ ဘဝင်သို့လျှို့ ၁၇၀
- မကြုံစဖူး နိမိတ်ထူး ၁၇၀
- ဓမ္မစက္ကာ သုတ်တော် အနှစ်ချုပ် ၁၇၁
- ဘုရားစစ် ဘုရားမှန် ဟုတ်မဟုတ် နတ်မင်းတို့ ဆွေးနွေးခြင်း ၁၇၅
- အနတ္တလက္ခဏသုတ် ၁၈၁
- အနတ္တလက္ခဏတရားတော် ၁၈၂

အခန်း (၅)

၅။ သစ္စာ (၂) ပါးနှင့် လောက (၃) ပါး ၁၈၅
- သစ္စာ (၂) ပါး ၁၈၅
- သမ္မုတိသစ္စာ ၁၈၇
- ပရမတ္ထသစ္စာ ၁၈၈
- သစ္စာ (၂) ပါးနှင့် မြတ်ဗုဒ္ဓဒေသနာ ၁၈၈
- အနတ္တဝါဒီနှင့် သမ္မုတိသစ္စာ ၁၉၉
- (၁) ဟိရီ သြတ္တပ္ပတရားနှင့် သမ္မုတိသစ္စာ ၁၉၀
- (၂) ကမ္မဿကတာဉာဏ်နှင့် သမ္မုတိသစ္စာ ၁၉၁
- (၃) လူတို့၏ လုံ့လစွမ်းအားနှင့် သမ္မုတိသစ္စာ ၁၉၁
- (၄) အာနန္တရိယကံများနှင့် သမ္မုတိသစ္စာ ၁၉၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- (၅) ဖြဟ္မဝိဟာရ တရားများနှင့် သမ္မုတိသစ္စာ	၁၉၃
	- (၆) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် သမ္မုတိသစ္စာ	၁၉၄
	- (၇) အလျှုခံပုဂ္ဂိုလ်နှင့် သမ္မုတိသစ္စာ	၁၉၅
	- (၈) လောကသမ္မုတိ အပွဟာန် လောကဌ် သမ္မုတိသစ္စာကို မပယ်နိုင်ပုံ	၁၉၅
	- သစ္စာ (၂) ပါးနှင့် အာဘိဓမ္မာတရားတော်	၁၉၆
	- (က) ဓမ္မသင်္ဂဏီကျမ်းနှင့် ပရမတ္ထသစ္စာ	၁၉၇
	- (ခ) ဝိဘင်းကျမ်းနှင့် ပရမတ္ထသစ္စာ	၁၉၇
	- (ဂ) ဓာတုကထာကျမ်းနှင့် ပရမတ္ထသစ္စာ	၁၉၈
	- (ဃ) ပုဂ္ဂလပညတ်ကျမ်းနှင့် သမ္မုတိသစ္စာ	၁၉၈
	- (င) ကထာဝတ္ထုကျမ်းနှင့် သစ္စာ (၂) ပါး	၂၀၀
	- (စ) ယမိုက်ကျမ်းနှင့် သစ္စာ (၂) ပါး	၂၀၁
	- (ဆ) ပဋ္ဌာန်းကျမ်းနှင့် သစ္စာ (၂) ပါး	၂၀၂
	- လောက (၃) ပါး	၂၀၃
	- (၁) ဩကာသလောက	၂၀၃
	- အပါယ် (၄) ဘုံ	၂၀၃
	- ငရဲကြီး (၈) ထပ်	၂၀၃
	- ဥဿဒ ငရဲငယ် (၅) မျိုး	၂၀၄
	- ကာမသုဂတိ (၇) ဘုံ	၂၀၅
	- ရူပ (၁၆) ဘုံ	၂၀၆
	- ပထမစျာန် (၃) ဘုံ	၂၀၆
	- ဒုတိယစျာန် (၃) ဘုံ	၂၀၆
	- တတိယစျာန် (၃) ဘုံ	၂၀၇
	- သုဒ္ဓါဝါသ (၅) ဘုံ	၂၀၇
	- အရူပ (၄) ဘုံ	၂၀၈
	- ဧကဝေါကာရ - စတုဝေါကာရ - ပဉ္စဝေါကာရ ဘုံများ	၂၀၉
	- (၂) သတ္တလောက	၂၀၉
	- ပုထုဇဉ်ပုဂ္ဂိုလ် (၄) မျိုး	၂၀၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- အရိယာ ပုဂ္ဂိုလ် (၈) ယောက်	၂၁၀
	- (၃) သခီါရလောက	၂၁၂
	- လောကသုံးပါး ဆက်သွယ်ပုံ	၂၁၄
	- (က) ကုသိုလ် အကုသိုလ်သခီါရတို့နှင့် ဖြစ်ရာဘုံပုဂ္ဂိုလ်များ	၂၁၄
	- (ခ) ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဘုံပုဂ္ဂိုလ်အလိုက် ဖြစ်ထိုက်သည့် ရုပ်နာမ် သခီါရများ	၂၁၅
	- အကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်	၂၁၅
	- မဟာကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်	၂၁၅
	- တိဟိတ်၊ ဒွိဟိတ်၊ ဉာဏ်စွဲ၊ သြမက မဟာကုသိုလ်များ	၂၁၆
	- တိဟိတ် ဉာဏ်စွဲ ကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်	၂၁၆
	- တိဟိတ် သြမက၊ ဒွိဟိတ် ဉာဏ်စွဲ ကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်	၂၁၆
	- ဒွိဟိတ် သြမက၊ ကုသိုလ်ကံနှင့် ဘုံပုဂ္ဂိုလ်	၂၁၇
	- ဟိန မစ္ဆိမ ပဏီတ ရူပါဝစရ ကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်	၂၁၇
	- အရူပါဝစရ ကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်	၂၁၉
	- သတ္တဝါတို့၏ သန္တာန်၌ စိတ်စေတသိက် ရုပ်တို့၏ ဖြစ်စဉ် (ဝီထိ)များ	၂၂၀
	- စိတ်သက်နှင့် ရုပ်သက်	၂၂၀
	- စိတ်စေတသိက်တို့၏ ဖြစ်ရာဌာန	၂၂၁
	- တံခါး (၆) ပေါက်	၂၂၁
	- ဝီထိ (စိတ်ဖြစ်စဉ်) ခေါ်ပုံ	၂၂၁
	- စက္ခုဒွါရ ဝီထိ	၂၂၂
	- ဝီထိ စိတ်ဖြစ်ပေါ်လာပုံ	၂၂၄
	- နိယာမတရား (၅) ပါး	၂၂၅
	- နိယာမ အဓိပ္ပါယ်	၂၂၅
	- လောကသုံးပါးမှ လွတ်မြောက်ရေး (သစ္စာလေးပါးနည်းဖြင့် လောကမှ ထွက်မြောက်ပုံ)	၂၂၈
	- ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါး	၂၃၀
	- ပဋိစ္စသမုပ္ပါဒ် အဓိပ္ပာယ်	၂၃၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
-	သတိပဋ္ဌာန်	၂၈၂
-	သတိပဋ္ဌာန် (၄) ပါး	၂၈၂
-	ကာယာနုပဿနာ သတိပဋ္ဌာန်ရှုမှတ်ပွားများပုံ	၂၈၃
-	ဣရိယာပုထ်ကို မှတ်ခြင်း	၂၈၃
-	အသိညာဏ် သမ္ပဇဉ်ဖြင့် မှတ်ခြင်း	၂၈၃
-	ဝေဒနာနုပဿနာ သတိပဋ္ဌာန်ရှုမှတ်ပွားများပုံ	၂၈၄
-	သုခဝေဒနာကို ရှုမှတ်ခြင်း	၂၈၄
-	ဒုက္ခဝေဒနာကို ရှုမှတ်ခြင်း	၂၈၄
-	စိတ္တာနုပဿနာ သတိပဋ္ဌာန် ရှုမှတ်ပွားများပုံ	၂၈၅
-	ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုမှတ်ပွားများပုံ	၂၈၆
-	နိဝရဏကို မှတ်သိခြင်း	၂၈၆
-	ခန္ဓာငါးပါးကို မှတ်သိခြင်း	၂၈၇
-	သတိပဋ္ဌာန်ရှုမှတ်ပွားများရခြင်း၏ အကျိုးကျေးဇူးများ	၂၈၈
-	ဝိပဿနာဉာဏ် (၁၀) ပါးနှင့် ဝိသုဒ္ဓိ (၇) ပါး	၂၈၈
-	(၈)　ဝိပဿနာဉာဏ် (၁၀) ပါး	၂၈၈
-	သမ္မသနဉာဏ်	၂၈၉
-	၁။ ကလာပသမ္မသနနည်း	၂၈၉
-	၂။ အဒ္ဓါသမ္မသနနည်း	၂၉၀
-	၃။ သန္တတိသမ္မသနနည်း	၂၉၀
-	ခဏသမ္မသန်နည်း	၂၉၀
-	ဥဒယဗ္ဗယ ဉာဏ်	၂၉၁
-	ဖြစ်မှု ပျက်မှုကို ဆင်ခြင်ခြင်း	၂၉၁
-	ဘင်္ဂဉာဏ်	၂၉၁
-	ဘယဉာဏ်	၂၉၂
-	အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်	၂၉၂
-	ပဋိသင်္ခါဉာဏ်	၂၉၂
-	သင်္ခါရုပေက္ခာဉာဏ်	၂၉၂
-	အနုလောမဉာဏ်	၂၉၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- အနုလောမညာဏ် ဖြစ်ပေါ်ပုံ	၂၉၃
	- ဝိသုဒ္ဓိ - ၇ -ပါး	၂၉၄
	- (၁) သီလဝိသုဒ္ဓိ	၂၉၄
	- (၂) စိတ္တဝိသုဒ္ဓိ	၂၉၅
	- (၃) ဒိဋ္ဌိဝိသုဒ္ဓိ	၂၉၆
	- (၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ	၂၉၆
	- ပဋိစ္စသမုပ္ပါဒ် ပဋိလုံနည်းဖြင့် သိမ်းဆည်းပုံ	၂၉၆
	- ပဋိစ္စသမုပ္ပါဒ် အနုလုံနည်းဖြင့် သိမ်းဆည်းခြင်း	၂၉၇
	- (၅) မဂ္ဂါမဂ္ဂညာဏ ဒဿန ဝိသုဒ္ဓိ	၂၉၈
	- (၆) ပဋိပဒါညာဏဒဿန ဝိသုဒ္ဓိ	၂၉၈
	- (၇) ညာဏဒဿန ဝိသုဒ္ဓိ	၂၉၈
	- ဉာဏ် ၁၀-ပါးနှင့် ဝိသုဒ္ဓိ ၇-ပါး ဆက်စပ်ပုံ	၂၉၉
	- (စျ) အရိယာ အဆင့်ဆင့် ဖြစ်ပေါ်ပုံ	၂၉၉
	- အရိယာဖြစ်ခါနီး စိတ်အစဉ်ဖြစ်ပေါ်ပုံ	၂၉၉
	- သောတာပန် ပုဂ္ဂိုလ်	၃၀၀
	- သကဒါဂါမ် ပုဂ္ဂိုလ်	၃၀၁
	- အနာဂါမ်ပုဂ္ဂိုလ်	၃၀၂
	- ရဟန္တာပုဂ္ဂိုလ်	၃၀၃
	- (ည) စွာန်မဂ်ဖိုလ် မရနိုင်သူ (၅) ဦး	၃၀၄
	အခန်း (၇)	
	ပရိတ်တရားတော်များ	၃၁၁
	- ပရိတ်နိဒါန်း	၃၁၁
	- ခေတ်အဆက်ဆက် ပရိတ်ရွတ်မှု	၃၁၃
	- ပရိတ်စီစဉ်မှု	၃၁၄
	- ပရိတ်ရွတ်သူနှင့် ပရိတ်နာသူတို့၏ အဂတိများ	၃၁၅
	- ပရိတ်ရွတ်သူ ဂုဏ် (၃) ပါး	၃၁၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- ပရိတ်နာသူ အင်္ဂါ (၃) ပါး	၃၁၅
	- ပရိတ်နှင့် အချိန်အခါအညွှန်း	၃၁၅
	- မင်္ဂလသုတ်ပရိတ်တော်၏ အကျိုး	၃၁၇
	- ရတနသုတ်ပရိတ်တော်၏ အကျိုး	၃၁၈
	- မေတ္တသုတ် ပရိတ်တော်၏ အကျိုး	၃၂၁
	- ခန္ဓသုတ် ပရိတ်တော်၏ အကျိုး	၃၂၂
	- မောရသုတ် ပရိတ်တော်၏ အကျိုး	၃၂၃
	- ဝဋ္ဋသုတ် ပရိတ်တော်၏ အကျိုး	၃၂၆
	- ဓဇဂ္ဂသုတ် ပရိတ်တော်၏ အကျိုး	၃၂၇
	- အာဋာနာဋိယသုတ် ပရိတ်တော်၏ အကျိုး	၃၃၀
	- အင်္ဂုလိမာလသုတ် ပရိတ်တော်၏ အကျိုး	၃၃၁
	- ဇောဏ္ဍသုတ် ပရိတ်တော်၏ အကျိုး	၃၃၃
	- ပုဇ္ဈကသုတ် ပရိတ်တော်၏ အကျိုး	၃၃၄
	အခန်း (၈)	
	ဗုဒ္ဓဘာသာယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံ	၃၃၉
	- ရှင်ပြု ရဟန်းခံပွဲ	၃၄၁
	- ရှင်သာမဏေအစ ရာဟုလာက	၃၄၄
	- သာသနာ့အမွေ ရှင်သာမဏေ	၃၄၅
	- ရှင်လောင်းလှည့်ခြင်းအစ ဗုဒ္ဓလက်ထက်က	၃၄၆
	- ရှင်သာမဏေပြုသင့်သောအရွယ်	၃၄၇
	- ရှင်ပြုမင်္ဂလာ သိမှတ်ဖွယ်ရာ	၃၄၇
	- ပဉ္စင်းခံပွဲ	၃၅၀
	- ထိမ်းမြားမင်္ဂလာ	၃၅၀
	- အိမ်ထောင်ရေးသည် လောကီလူမှုရေးရာ	၃၅၁
	- မိဘတို့ဝတ္တရား	၃၅၁
	- လူငယ်တို့တာဝန်	၃၅၂

ပုဒ်	အကြောင်းအရာ	စာမျက်နှာ
	- အသွင်တူမှ အိမ်သူဖြစ်	၃၅၂
	- ချဖူးသော ရေစက် ပန္နက်ဖူးသော သစ္စာ	၃၅၃
	- အိမ်ထောင်ရေးသည် အမျိုးသားရေး	၃၅၃
	- ဘာသာခြားနှင့် လက်ထပ်ရာဝယ်	၃၅၄
	- အိမ်ထောင်ရေး တာဝန်များ	၃၅၄
	- ဘာသာရေးလွတ်လပ်ခွင့်	၃၅၅
	- မိမိပတ်ဝန်းကျင်ကို အမြင်မှန်ရအောင် ကြိုးပမ်းပါ	၃၅၇
	- အမျိုးဘာသာ ဂုဏ်ရှိပါစေ	၃၅၇
	- အိမ်တက်မင်္ဂလာ	၃၅၈
	- ဘုရားလက်ထက် အိမ်တက်မင်္ဂလာ	၃၅၉
	- ဘုရားအနေကဇာတင်ပွဲ	၃၆၀
	- အနေကဇာတင်ရှင်းလင်းချက်	၃၆၀
	- အနေကဇာတင်ပွဲဖြစ်ပေါ်လာပုံ	၃၆၁
	- အနေကဇာတင်ဆင်ယင်ကျင်းပပုံ	၃၆၂
	- ဘုရားအနေကဇာတင်ရခြင်းအကျိုး	၃၆၃
	- ညောင်ရေသွန်းပွဲ	၃၆၃
	- ဝါဆိုပွဲ	၃၆၅
	- စာရေးတံမဲပွဲ	၃၆၆
	- သီတင်းကျွတ်သက်ကြီး ဝါကြီးပူဇော်ကန်တော့ပွဲ	၃၆၈
	- ပဝါရဏာပွဲမှ စတင်လာခဲ့	၃၆၈
	- အကောင်းဆုံးပူဇော်ခြင်း	၃၇၀
	- အကျိုးရှိသော ပူဇော်ကန်တော့နည်း	၃၇၀
	- ပူဇော်ခြင်းအကျိုး	၃၇၀
	- အသက်ရှည်ဆေးကြီး	၃၇၁
	- ဆွမ်းသွတ်တရားနာယူပွဲ	၃၇၂
	- ရည်မှန်းလျှောလျှင် သေသူရနိုင်	၃၇၃
	- အလှူခံ သီလရှိမှ အကျိုးခံစားရ	၃၇၄

အခန်း (၉)

ပင်မထေရဝါဒနှင့် မဟာယာနသာသနာ ကမ္ဘာအရပ်အရပ်သို့
ပြန့်ပွားသွားခြင်း ၃၇၉
- ထေရဝါဒနှင့် မဟာယာန ၃၇၉
- ပုဒ္ဓသာသနာတော်၌ ဂိုဏ်းကွဲများစတင်ပေါ်ပေါက်လာခြင်း ၃၈၁
- သီရိလင်္ကာနိုင်ငံ၌ ပုဒ္ဓသာသနာစတင်ပြန့်ပွားပုံ ၃၈၅
- ထိုင်းနိုင်ငံ၌ ပုဒ္ဓသာသနာစတင်ပြန့်ပွားပုံ ၃၈၈
- ကမ္ဘောဒီးယားနိုင်ငံ၌ ပုဒ္ဓသာသနာစတင်ပြန့်ပွားပုံ ၃၉၀
- လောနိုင်ငံ၌ ပုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ ၃၉၁
- အာရှအလယ်ပိုင်း၌ ပုဒ္ဓဘာသာ စတင်ပြန့်ပွားပုံ ၃၉၂
- တရုတ်ပြည်၌ ပုဒ္ဓဘာသာ စတင်ပြန့်ပွားပုံ ၃၉၃
- ကိုးရီးယား၌ ပုဒ္ဓဘာသာ စတင်ပြန့်ပွားပုံ ၃၉၄
- ဂျပန်နိုင်ငံ၌ ပုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ ၃၉၇
- တိဗက်၌ ပုဒ္ဓသာသနာစတင်ပြန့်ပွားပုံ ၄၀၀
- မွန်ဂိုလီးယား၌ ပုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ ၄၀၂
- ဗီယက်နမ်နိုင်ငံ၌ ပုဒ္ဓသာသနာစတင်ပြန့်ပွားပုံ ၄၀၂
- နီပေါနိုင်ငံ၌ ပုဒ္ဓဘာသာ စတင်ပြန့်ပွားပုံ ၄၀၂
- မလေးရှားနိုင်ငံ၌ ပုဒ္ဓသာသနာ ပြန့်ပွားပုံ ၄၀၅
- အင်ဒိုနီးရှားနိုင်ငံ၌ ပုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ ၄၀၇

✿ ✿ ✿ ✿ ✿

အခန်း (၁)

ပါဠိုပါဠိဆင့် ရေးနည်း ဖတ်နည်း

ဗုဒ္ဓဘာသာတရားတော် အဆင့်မြှင့် (၁)

ပြော တယ ဘဂဝတော် အရှာတော် သမ္မာသမ္ဗုဒ္ဓသ

အစန်း (၁)

ပါဠိ ပါဠ်ဆင့် ရေးနည်း ဖတ်နည်း

ပါဠိ ပါဠ်ဆင့် ရေးနည်း ဖတ်နည်း ကျမ်းကျင် နားလည်စေရန် ရှေးဦးစွာ ပါဠိဘာသာ အက္ခရာ ၄၁-လုံးနှင့် ယင်း ၄၁-လုံးမှ သရ, ဗျည်း ခွဲခြားခြင်း၊ သရကို သံဟ့ သံရှည် ခွဲခြားခြင်း၊ ဗျည်းကိုလည်း ဌာန်တူရာ စုပေါင်း၍ အုပ်စုဖွဲ့ခြင်းများကို နားလည်ရန်လိုအပ်ပါသည်။

အက္ခရာ ၄၁-လုံး

သရ ၈-လုံးနှင့် ဗျည်း ၃၃-လုံးကို ပေါင်းလျှင် အက္ခရာ ၄၁-လုံးဖြစ်သည်။

သရ ၈-လုံး

သရ ၈-လုံး = အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ

ယင်းသရ ၈-လုံးကို အသံတို(ရဿ)သရ ၃-လုံး၊ အသံရှည် (ဒီဃ) သရ ၅-လုံး အောက်ပါ ဇယားအတိုင်း ခွဲခြားနိုင်ပါသည်-

အသံတို ရဿ	အသံရှည် ဒီဃ	အသံတို ရဿ	အသံရှည် ဒီဃ	အသံတို ရဿ	အသံရှည် ဒီဃ	အသံရှည် ဒီဃ	အသံရှည် ဒီဃ
အ	အာ	ဣ	ဤ	ဥ	ဦ	ဧ	ဩ

ဗျည်း ၃၃-လုံး

ဗျည်း ၃၃-လုံးကို ဌာန်နှီးစပ်ရာ ဌာန်တူရာ အုပ်စုဖွဲ့ထားရာ ယင်းအုပ်စုကို ဝဂ်ဟုခေါ်သည်။ ဌာန်မတူသော ဗျည်းများကို အုပ်စုဖွဲ့၍ မရသဖြင့် အဝဂ်ဟု ခေါ်သည်။ ဝဂ်ဗျည်း ၂၅-လုံးကို ဒေါင်လိုက်၅ယာ:အရ ပထမအက္ခရာ၊ ဒုတိယအက္ခရာ၊ တတိယအက္ခရာ၊ စတုတ္ထအက္ခရာ၊ ပဉ္စမအက္ခရာဟု ခေါ်ဆိုလေ့ရှိသည်။

	၁	၂	၃	၄	၅
	ပထမ	ဒုတိယ	တတိယ	စတုတ္ထ	ပဉ္စမ
က ဝဂ်	က	ခ	ဂ	ဃ	င
စ ဝဂ်	စ	ဆ	ဇ	ဈ	ဉ
ဋ ဝဂ်	ဋ	ဌ	ဍ	ဎ	ဏ
တ ဝဂ်	တ	ထ	ဒ	ဓ	န
ပ ဝဂ်	ပ	ဖ	ဗ	ဘ	မ

အ ဝဂ်	ယ	ရ	လ	ဝ	သ
		ဟ	ဠ	အံ	

ထိုတွင် ပထမအက္ခရာ၊ တတိယအက္ခရာနှင့် ပဉ္စမအက္ခရာတို့သည် မိမိတို့အချင်းချင်း ဆင့်နိုင်သည်။ ထို့အပြင် ပထမအက္ခရာသည် ဒုတိယအက္ခရာအပေါ်၌ ဆင့်နိုင်သည်။ တတိယအက္ခရာသည် စတုတ္ထအက္ခရာအပေါ်၌ ဆင့်နိုင်သည်။ ပဉ္စမအက္ခရာသည် ရှေ့ဗျည်း ၄-လုံးအပေါ်၌ ဆင့်နိုင်သည်။

အဝဂ်ဗျည်း ၈-လုံးတို့တွင် "ယ"သည် မိမိတို့အချင်းချင်း ဆင့်နိုင်၍ "ယ"အပေါ်သို့ အခြားဗျည်း ၁၈-လုံး ဆင့်နိုင်သည်။

"ရ"သည် အချင်းချင်းမဆင့်နိုင်ဘဲ အခြားဗျည်း ၇-လုံးတို့ကလာရောက်ဆင့်နိုင်သည်။

"လ"သည် အချင်းချင်း ဆင့်နိုင်၍ "လ"ပေါ်၌ "က"ဗျည်းနှင့် "ပ"ဗျည်းတို့ ဆင့်နိုင်သည်။ ထို့ပြင် "လ"သည် "ယ"ပေါ်၌ ဆင့်နိုင်သည်။

"ဝ"သည် အချင်းချင်း ဆင့်နိုင်၍ "ဝ"ပေါ်သို့ က၊ ခ၊ တ၊ ဒ၊ ဓ၊ န၊ ယ၊ သ၊ ဟ ဗျည်း ၉-လုံး ဆင့်နိုင်သည်။

"သ"သည် အချင်းချင်း ဆင့်နိုင်၍ တ၊ န၊ မ အက္ခရာတို့အပေါ်၌ ဆင့်နိုင်သည်။

ဝဂ်၏အဆုံးဖြစ်သော ဉ၊ ဏ၊ န၊ မ၊ အက္ခရာတို့သည်"ဟ"အပေါ်၌ ဆင့်နိုင်သည်။ ယ၊ ဝ၊ ဠ အက္ခရာတို့သည်လည်း"ဟ"အပေါ်၌ဆင့်နိုင်သည်။ ထိုအခါ အက္ခရာရေးသားရာ၌ ဟထိုးအဖြစ် ရှိနေမည်ဖြစ်သည်။

အက္ခရာတူဆင့်ခြင်းကို သဒိသဒွေဘော်ဟု ခေါ်၍ အက္ခရာမတူဆင့်ခြင်းကို အသဒိသဒွေဘော်ဟု ခေါ်သည်။(သဒိသ=တူသော။ အသဒိသ=မတူသော။ ဒွေဘော်=နှစ်လုံးထပ်ဆင့်ပြုခြင်း။)

မှတ်ချက်။ ။ ပါဠိဘာသာတွင် _ ကို နိဂ္ဂဟိတ်ဟုခေါ်သည်။ မြန်မာသင်ပုန်းကြီးတွင် သေးသေးတင် ဟု ခေါ်ကြသည်။ အံ့ အိ် အုံ ဟူ၍ အသံတို့ ရသသရများနှင့် တွဲ၍သုံးရသည်၊ တစ်ခါတစ်ရံ (မ်)သတ်အသံနှင့် ရွတ်ဆိုလေ့ရှိသည်။ (န်)သတ် အသံနှင့်လည်း ရွတ်ဆိုလေ့ရှိသည်။

ယံ့	=	ယမ်		
ဇတံ့	=	အေတမ်	=	အေတန်
ဇဝံ့	=	အေဝမ်		
တွံ့	=	တွန်		
သဒ္ဓိံ့	=	သဒ်ဓိမ်		
မဟိံ့သ	=	မဟိမ်သ		
ရတ္တိံ့	=	ရတ်တိမ်		
သတိံ့	=	သတိမ်		
ဟေတုံ့	=	ဟေတုမ်		
ကာတုံ့	=	ကာတုမ်		
အစိန္တေယျံ့	=	အစိန်တယျမ်		
ဝိပဿိသုံ့	=	ဝိပတ်သိသုမ်		

ပါဠိဘာသာတွင် (:) ဝိသဇ္ဇနီ = ဝဗွနှစ်လုံးပေါက်ကို မသုံးရေ၊

သဒ်သဒ္ဒေဟော် = အက္ခရာတူဆင့်ခြင်း

(၁) ပထမအက္ခရာချင်းဆင့်ပုံ

(အပေါ်စာလုံးကို အသတ်ဟု မှတ်ထား၍ အသံမထွက်ရ၊ အောက်စာလုံးကိုသာ အသံထွက်ရမည်။)

က+က= က္က (စက္ကဝါဋ္ဌ=စကြဝဋ္ဌာ) (စက်ကဝါဋ္ဌ)
စ+စ = စ္စ (ပရိစ္စာဂ=စွန့်လွှတ်ခြင်း) (ပရိတ်စာဂ)
ဋ+ဋ = ဋ္ဋ (ဝဋ္ဋ = ဝဋ်ဆင်းရဲ) (ဝတ်ဋ္ဌ)
တ+က= တ္တ (စိတ္တ = စိတ်) (စိတ်တ)
ပ+ပ = ပ္ပ (သိပ္ပ = အတတ်ပညာ) (သိပ်ပ)

(၂) တတိယအက္ခရာချင်းဆင့်ပုံ

ဂ+ဂ = ဂ္ဂ (သဂ္ဂ = နတ်ပြည်) (သဂ်ဂ)
ဓ+ဓ = ဓ္ဓ (မဓ္ဓ = အရက်) (မစ်ဓ)
ဈ+ဈ = ဈ္ဈ (အဈ္ဈ = တရားဆုံးဖြတ်ခြင်း) (အတ်ဈ)
ဒ+ဒ = ဒ္ဒ (ဥပဒ္ဒဝ = ဘေးရန်) (အုပတ်ဒဝ)
ဗ+ဗ = ဗ္ဗ (နိဗ္ဗာန = နိဗ္ဗာန်) (နိတ်ဗန်)

(၃) ပဉ္စမအက္ခရာချင်းဆင့်ပုံ

ဉ+ဉ = ည (အညမည =အချင်းချင်း)(အင်ဉ,မင်ဉ)
(ပါဠိဘာသာ၌ "ည"သည် ဉ နှစ်လုံးဆင့်ဖြစ်သည်၊
မြန်မာဘာသာ၌မူ "ည"သည် တစ်လုံးတည်းဖြစ်သည်။)
ဏ+ဏ= ဏ္ဏ (ဝဏ္ဏ=အရောင်အဆင်း) (ဝန်ဏ)
နံ+နံ = နံ့ (ဓမ္မဒိန္နံ=ဓမ္မဒိန္နာ) (ဓံမဒိန်နံ့)
မ+မ = မ္မ (ဓမ္မ=တရား) (ဓံမ)

(၄) အဝဂ် အက္ခရာတူချင်းဆင့်ပုံ

ယ+ယ = ယျ (သေယျ=အိပ်ရာ) (သေယ)
လ+လ = လ္လ (ဟောဓိပလ္လင်္ကံ=ဟောဓိပလ္လင်) (ဟောဓိ ပန်လင်က)
ဝ+ဝ = ဝ္ဝ (နိဗ္ဗုတာ=အေးငြိမ်းမှု) (နိတ်ဗုတာ) (ဝ္ဝကို ဗ္ဗပြု)
သ+သ = သ္သ (အသ္သ=မြင်း) (အတ်သ)

ဗုဒ္ဓဘာသာတရားတော်

အသိဒိသဒ္ဒေဘော် = အက္ခရာမတူဆင့်ခြင်း

(၁) ပဏာမအက္ခရာက ဒုတိယအက္ခရာအဖေါ်သို့ဆင့်ခြင်း

က+ခ = ကွ (စက္ခု =မျက်စိ) (စက်ခု)

စ+ဆ = စ္ဆ (တိရစ္ဆာန=တိရစ္ဆာန်) (တ်ရစ်ဆာန)

ဋ+ဌ = ဋ္ဌ (ဇေဋ္ဌ =အကြီးအမှူး) (ဇစ်ထ)

(ဌ ဝမ်းဘဲကို လည်ရစ်ထည့်လျှင် နှစ်လုံးဆင့်ဟု မှတ်ရမည်။)

တ+ထ = တ္ထ (ပရမတ္ထ=ပရမတ်တရား) (ပရမတ်ထ)

ပ+ဖ = ပ္ဖ (မဟပ္ဖလ=ကြီးသောအကျိုး) (မဟပ်ဖလ)

(၂) တတိယအက္ခရာက စတုတ္ထအက္ခရာအဖေါ်သို့ဆင့်ခြင်း

ဂ+ဃ = ဏ္ဃ (ဗျဏ္ဃ = ကျား) (ဗျက်ဃ)

ဇ+ဈ = ဇ္ဈ (မဇ္ဈ = အလယ်) (မစ်ဈ)

ဒ+ဗ = ဒ္ဗ (ဝုဒ္ဓိ =ကြီးပွားခြင်း) (ဝုတ်ဒိ)

ဒ+ဓ = ဒ္ဓ (သဒ္ဓါ =ယုံကြည်ခြင်း) (သတ်မာ)

ဗ+ဘ = ဗ္ဘ (ဂဗ္ဘ=ကိုယ်ဝန်) (ဂတ်ဘ)

(၃) ပဉ္စမအက္ခရာက ရှေ့လေးလုံးဖေါ်သို့ဆင့်ခြင်း

c+က = ဥ်က် (ဝက် = ကောက်ခြင်း) (ဝင်က)

c+ခ = ဥ်ခ် (သခ်ါရ = သခ်ါရတရား) (သင်ခါရ)

c+ဂ = ဥ်ဂ် (အဂ်ီရသ= မြတ်စွာဘုရား) (အင်ဂီရသ)

c+ဃ = ဉ်ဃ် (သဃ်ာတ= သူဉ်းဆဲခြင်း) (သင်ဃာတ)

ဉ+စ = ဉ္စ (ပဉ္စ = ငါးခု) (ပဉ်စ)

ဉ+ဆ = ဉ္ဆ (ဉဆ္ဆ = ရာမိုးခြင်း) (အုံဆ)

ဉ+ဇ = ဉ္ဇ (အဉ္ဇန = မျက်ဗဉ်း) (အင်ဇန)

ဉ+ဈ = ဉ္ဈ (ဝဉ္ဈာ = အမြိုမ) (ဝင်ဈာ)

ဏ+ဋ = ဏ္ဍ (ကဏ္ဍက= ဆူး) (ကန်ဍက)

ဏ+ဌ = ဏ္ဌ (ကဏ္ဌ = လည်ချောင်း) (ကန်ဌ)

ဏ+ဠ = ဏ္ဠ (ပဏ္ဍိတ = ပညာရှိ) (ပန်ဍိတ)

နံ+တ = နှံ (ခန္ဓိ = သည်းခံမှု) (ခန်တီ)
နံ+ထ = နှံ (ဂန္ထိ = ကျမ်းစာ) (ဂန်ထ)
နံ+ဒ = နှံ (ဆန္ဒ = အလို)(ဆန်ဒ)
နံ+ဓ = နှံ (ဂန္ဓ = အနံ့) (ဂန်ဓ)
မ+ပ = မ္ပ (ကမ္ပတိ = တုန်လှုပ်၏) (ကမ်ပတိ)
မ+ဖ = မ္ဖ (သမ္ဖပ္ပလာပ= ပြိန်ဖျင်းသောစကား)
(သမ်ဖပ်ပလာပ)
မ+ဗ = မ္ဗ (အမ္ဗ = သရက်ပင်) (အမ်ဗ)
မ+ဘ = မ္ဘ (ဂမ္ဘီရ = နက်နဲခြင်း) (ဂမ်ဘီရ)

(၄) "ယ"အလေါသို့ဆင့်ခြင်း
(ယပင့်သည်ဟု ဆေါသည်)

က+ယ = ကျ(သကျမုနိ=မြတ်စွာဘုရား) (သက်ကျမုနိ)
ခ+ယ = ချ (သောချံ=ချမ်းသာခြင်း) (သွတ်ချန်)
ဂ+ယ = ဂျ(အာရောဂျ= ကျန်းမာခြင်း) (အာရောက်ဂျ)
ဃ+ယ = ဃျ (မာဃျ =သင်းခွေပန်း) (မာဃယ)
စ+ယ = စျ (စျာဒီဟိ) (စယာဒီဟိ)
ဇ+ယ = ဈျ (ကဈျာဒီဟိ) (ကဇ္ဇယာဒီဟိ)
ဏ+ယ = ဏျ (အာနဏျ =ကြွေးကင်းသူဘဝ)
(အာနဏယ)
တ+ယ = တျ (စေတျာနိ = စေတီတို့) (စေတယာနိ)
ဒ+ယ = ဒျ (အဒျ = ယနေ့) (အဒယ)
ဓ+ယ = ဓျ (မဓျ = အလယ်) (မဓယ)
န+ယ = နျ (ကနျာ = ကညာ) (ကနယာ)
ပ+ယ = ပျ (လိပျ = ဒရုံးသား၍) (လိပျ)
ဗ+ယ = ဗျ (ဗျာဓိ = အနာရောဂါ) (ဗျာဓိ)
ဘ+ယ = ဘျ (ဘျာဒီဟိ) (ဘယာဒီဟိ)
မ+ယ = မျ (မျာယံ = မေ+အယံ) (မျာယံ)
လ+ယ = လျ (ကလျာဏ = ကောင်းသောသူ)
(ကလယာဏ)
သ+ယ = သျ (နိသျ = နိသျကျမ်း) (နိတ်သယ)
ဟ+ယ = ဟျ (ဂါဟျ = အယူခံရသည့်ပစ္စည်း)
(ဂါဟယ)

မှတ်ရန်။ ။ ယ ပေါ်သို့ က၊ ခ၊ ဂ၊ ပ၊ ဗ၊ ဘ၊ မ တို့ကိုဆင့်ရာ၌ မြန်မာအသံထွက်နည်းအရ တစ်သံတည်းဖြစ်အောင် ပူးတွဲသွားသည်။ အခြားလူမျိုးများမှာမူ အသံနှစ်ခု နီးကပ်ရုံမျှသာဖြစ်၍ တစ်သံတည်းအဖြစ် ပူးပေါင်းသွားခြင်း မရှိချေ၊ ထို့ကြောင့် ကျကို (ကယ)၊ ချကို(ခယ)၊ ဂျကို(ဂယ)၊ ပျကို(ပယ)၊ ဗျကို(ဗယ)၊ မျကို(မယ)ဟု အသံချင်း နီးကပ်စွာထွက်ကြသည်။

(၅) "ရ" ပေါ်သို့ဆင့်ခြင်း

(ရ-ရစ်သည်ဟု ဟုခေါ်သည်။)

က+ရ	=	ကြ	(စကြ = စကြာ)	(စက်ကြ)
ဂ+ရ	=	ဂြ	(ဂြဟ = ဂြိုဟ်)	(ဂရဟ)
တ+ရ	=	တြ	(တတြ = ထိုနေရာ၌)	(တတ်တရ)
ဒ+ရ	=	ဒြ	(ဒြဝ = အရည်)	(ဒရဝ)
ပ+ရ	=	ပြ	(ပြဘာ = အရောင်)	(ပရဘာ)
ဗ+ရ	=	ဗြ	(ဗြဟာ = ကြီးကျယ်သော)	(ဗရဟာ)
မ+ရ	=	မြ	(အမြိတ = အမတ)	(အမရိတ)

(၆) "လ" ပေါ်သို့ဆင့်ခြင်း (ဥဒါဟရဏ)

က+လ	=	ကျ	(ကျော်သ = ကိလေသာ) (ကလေသ)
ပ+လ	=	ပ္လ	(ပရိပ္လဝ = ပေါ်လွင်သော) (ပရိတ်ပလဝ)(ပ္လဝ = ဖောင်)(ပလဝ)

(ယ၊ ရ၊ လ တို့အပေါ်သို့ ဆင့်ရာ၌ အပေါ်အလုံးသည် အသတ်အဖြစ် လုပ်ဆောင်ရုံမျှ မက အသံပါထွက်ရသည်၊ ပါဠိဆင့်နှစ်လုံးစလုံး အသံထွက်ရသည်။)

(၇) "ဝ" ပေါ်သို့ဆင့်ခြင်း

(ဝ ဆွဲသည်ဟု ဓေါ်သည်၊ ဝ-သံ မပျောက်ပေ)

က+ဝ = ကွ(ကွထွာ = အဘယ်အကျိုးရှိအံ့နည်း)(ကွတ်ထော)
ခ+ဝ = ခွ (အထခွသ= အထခေါ်+အသ)(အထခွတ်သ)
တ+ဝ = တွ(ကတွာ = ပြုလုပ်၍) (ကတ်တဝါ)
ဒ+ဝ = ဒွ (ဒွါရ = တံခါး) (ဒွါရ)
ဓ+ဝ = ဓွ (မဓွာသဝ = မုဒရက်သီးစိမ်ရည်)(မဓွာသဝ)
န+ဝ = နွ (အနွေတိ = အစဉ်လိုက်၏) (အနွေတိ)
ယ+ဝ = ယွ (ယွာဟံ = ယော+အဟံ) (ယွာဟံ)
သ+ဝ = သွ (သွာဟံ = သော+အဟံ) (သွာဟံ)
ဟ+ဝ = ဟွ (ဗဟွာဗာဓော = ဗဟု + အာဗာဓော)
(ဗဟွာဗာဓော)

(၈) "သ" ဆင့်ခြင်း (နှစ်ထပ်)

သ+တ = သ္တ(ဥတ္တာသ္တ = ထိတ်လန့်)(အုတ်တတ်သတ)
သ+န = သ္န(သ္နေဟ = အစေး) (သနေဟ)
သ+မ = သ္မ(ကသ္မာ = အဘယ်ကြောင့်) (ကတ်သမာ)
သ+တ+ရ = သ္ත්ර(ဘသ္ත්රာ = သားရေအိတ်) (ဘတ်သတ်တရာ)
(ပါဠိဆင့်နှစ်လုံးစလုံး အသံထွက်ရသည်။)

(၉) "ဟ" ပေါ်သို့ဆင့်ခြင်း

(ဟထိုးသည်ဟု ဓေါ်သည်)

ဥ+ဟ = ဥ္ဟ (ပဥ္ဟ = ပြဿနာ) (ပင်ဉ္ဟ)
ဏ+ဟ = ဏ္ဟ(ပုဗ္ဗဏ္ဟ = နံနက်အခါ) (ပုပ်ဗနှစ်ဏ္ဟ)
န+ဟ = ဏ္ဟ (နာန = ရေချိုးခြင်း) (နာဏ္ဟ)
မ+ဟ = မ္ဟ(အမ္ဟ = ငါ၊ တုမ္ဟ = သင်)(အမ်ှမ့၊ တုမ်ှမ့)
ယ+ဟ = ယ္ဟ(ပဂ္ဂယ္ဟ = ချီးမြှောက်ခြင်း) (ပက်ဂယ်ယ္ဟ)
ဝ+ဟ = ဝ္ဟ (အဝ္ဟါယတိ = ခေါ်၏) (အဝ္ဟါယတိ)
ဠ+ဟ = ဠ္ဟ (ရာဠ္ဟိ = အမည်) (ရံလှိ)

မှတ်ရန် ။ ။ ဉ၊ ဏ၊ န၊ မ၊ ယ၊ ဋ္ဌ၊ ပါဠိဆင့်များ၌ ဉ၊ ဏ၊ န၊ မ၊ ယ၊ ဋ္ဌ တို့သည် တစ်လုံးတည်းသာ ဖြစ်သော်လည်း နှစ်လုံးဆင့်ကဲ့သို့ ဖြစ်၍ တစ်လုံးကို အသတ်သံထွက်၍ တစ်လုံးကို ဟထိုးသံ ထွက်ရသည်။ မြန်မာသင်ပုန်းကြီးတွင် ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုးပိုင်း များမှာကဲ့သို့ ပါဠိဘာသာတွင် ယ၊ ရ၊ ဝ၊ ဟ များ ဆင့်ရာ၌ အသံထွက်ကြရသည်၊ ဗ္ဗ=ဗ္ဗ၊ မ္ရ=မြ၊ မ္ဝ=မ္ဝ၊ မ္ဟ=မှ၊ ယခုအခါ မြန်မာဘာသာ၊ ပါဠိဘာသာ၌ လ ဆွဲနှင့် သ သတ်များ အလွန်ရှားပါးလှသည်။

အသတ်အသံထွက်နည်း

ပထမအက္ခရာ(က၊ စ၊ ဋ၊ တ၊ ပ)ဖြင့် အသတ်ပြုလုပ်ရာ၌ အသံထွက်နည်းကို နားလည်ကြပြီးဖြစ်ပါသည်။

ဒုတိယအက္ခရာ(ခ၊ ဆ၊ ဌ၊ ထ၊ ဖ)စတုတ္ထအက္ခရာ(ဃ၊ ဈ၊ ဟ၊ ဓ၊ ဘ)ကို အသတ်အဖြစ် အသုံးမပြုကြချေ။

တတိယအက္ခရာ(ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ)တို့ကို အသတ်အဖြစ် အသုံးပြုနိုင်သည်။ ထိုအခါ မိမိနှင့်သက်ဆိုင်ရာ ပထမအက္ခရာအသတ်သံ အတိုင်း အသံထွက်ရမည်။

ဥပမာ -

အဇ္ဇ=(အစ်ဇ)ဟု (စ်)သတ်သံဖြင့် ထွက်ရမည်။
သဗ္ဗ=(သပ်ဗ)ဟု (ပ်)သတ်သံဖြင့် ထွက်ရမည်။

ပဉ္စမအက္ခရာ (င)နှင့်(ဉ)ကို အသတ်အဖြစ် အသုံးပြုရာ၌ (င်)သတ် အသံထွက်ရမည်။ ပဉ္စမအက္ခရာ (ဏ၊ န၊ မ)တို့ကို အသတ်အဖြစ် အသုံးပြုရာ၌ သေးသေးတင်အသံ ထွက်ရမည်။

ဥပမာ -

အည = အင်ည
ပဏ္ဏ = ပံဏ
အန္ဒ = အံန
ကမ္မ = ကံမ

ယနှစ်လုံးဆင့်ရာ၌ အပေါ်ယကို (ယ်)သတ်အဖြစ် မှတ်ယူရမည်။
ဥပမာ -

အယျ=အယ်ယ

လနှစ်လုံးဆင့်ရာ၌ အပေါ်လကို သေးသေးတင်အသံထွက်ရမည်။
ဥပမာ -

မလ္လ=မံလ

သနှစ်လုံးဆင့်ရာ၌ ရှေ့သကို (တ်)သတ်အသံ ထွက်ရမည်။
ဥပမာ -

ယသ္သ=ယတ်သ

က္က-သရနှင့် ဥ-သရကို (က၊ ဂ၊ စ၊ ဇ)သတ်ရာ၌ (တ်) သတ် အသံထွက်ရမည်။
ဥပမာ -

တိက္ခ	=	တိတ်ခ
ဒုက္ခ	=	ဒုတ်ခ
ဥဂ္ဂါ	=	ဥတ်ဂါ
ကိစ္စ	=	ကိတ်စ
ဥစ္စ	=	ဥတ်စ
ဘိဇ္ဇန	=	ဘိတ်ဇန
ဥဇ္ဇ	=	ဥတ်ဇ

က္က-သရနှင့် ဥ-သရကို ပဉ္စမအက္ခရာ(င၊ ဉ၊ ဏ၊ န၊ မ)တို့ဖြင့် ဆက်ရာ၌ (နှ်)သတ်(မ်)သတ်အသံ ထွက်ရမည်။
ဥပမာ -

လိင်္ဂ	=	လိန်ဂ
ကိဉ္စန	=	ကိန်စန
တိဏ္ဍာ	=	တိန်ဏာ
ဘိန္ဒ	=	ဘိန်ဒ
ဗိမ္ဗ	=	ဗိမ်ဗ
တုင်္ဂ	=	တုန်ဂ

ပုဆွေ	=	ပုန်းဆ
ပဏ္ဏာ	=	ပုန်းဂ
စုန္ဒ	=	စုန်း၃
ကုမ္ဘ	=	ကုမဘ

ဣ-သရနှင့် ဥ-သရတို့ကို(ယ၊ လ၊ ဝ၊ ဠ)သတ်ရာ၌ (နှ်)သတ် အသံ ထွက်ရမည်။

ဥပမာ -

ဘိယျော	=	ဘိန်းယော
ယေဘုယျ	=	ယေဘုန်းယ
ဗိလ္လ	=	ဗိန်းလ
ဝေပုလ္လ	=	ဝေပုန်းလ
ဇိဝှါ	=	ဇိန်းဝှါ
ဝိရဠ	=	ဝိရန်းလ

ဣ-သရနှင့် ဥ-သရတို့ကို (သ်)သတ်ရာ၌ (တ်)သတ်အသံ ထွက်ရမည်။

ဥပမာ -

တိသ	=	တိတ်သ
ဖုသ	=	ဖုတ်သ

ဗ-သရကို(က်၊ ဂ်၊ စ်၊ ဇ်၊ ဋ်၊ ဍ်၊ တ်၊ ဒ်၊ ပ်၊ ဗ်၊ သ်)တို့ သတ်ရာ၌ (အ)ကို (စ်)သတ်သည့်အသံ (အစ်သံ) ထွက်ရမည်။

ဥပမာ -

ပါဋိယေက္ကံ	=	ပါဋိယစ်ကံ
ဖေဂ္ဂု	=	ဖစ်ဂု
ပေစ္စ	=	ပစ်စ
ဆေဒ္ဓ	=	ဆစ်ဓ
သေဋ္ဌ	=	သစ်ဋ္ဌ
ဇေဋ္ဌ	=	ဇစ်ဋ္ဌ
လေဍ္ဎု	=	လစ်ဍ္ဎု

ထွေ = အစ်ထ

မေတ္တာ = မစ်တာ

ဒေပွ = ဒစ်ပ

ပေဿ = ပစ်သ

၈-သရကို (ဉ်)သတ်ရာ၌ (အ)ကို (ဉ်)သတ်သည့် အသံ (အဉ်)ဟု ထွက်ရမည်။

ဥပမာ -

အာနေဉ္ဇ = အာနဉ်ဇ

သြ-သရကို (က်၊ ဂ်၊ သ်)သတ်ရာ၌ (အောက်)အသံထွက်ရမည်။

ဥပမာ -

သြက္ကာက = အောက်ကာက

မောက္ခ = မောက်ခ

မောဂ္ဂလ္လာန = မောက်ဂန်လာန

ယောဂ္ဂ = ယောက်ဂ

ဝေါဿ = ဝေါက်သ

သြ-သရကို (ဒ်၊ ဍ်၊ တ်၊ ဒ်၊ ပ်၊ ဗ်)သတ်ရာ၌ (အွတ်)အသံ ထွက်ရမည်။

ဥပမာ -

ပါမောဒ္ဓ = ပါမွတ်ဓ

ဗောဒ္ဓိဂ် = ဗွတ်ဓိဂ

ဖောဋ္ဌဗ္ဗ = ဖွတ်ဋ္ဌတ်ဗ

ယောတ္တ = ယွတ်တ

သောတ္ထာနံ = သွတ်ထာနံ

ဆေါတ္ထက = ပွတ်ထက

လောဒ္ဒ = လွတ်ဒ

သောပ္ပ = သွတ်ပ

ယောဗ္ဗနံ = ယွတ်ဗနံ

သြ-သရကို (င်) သတ်လျှင် ရိုးရိုးမြန်မာ အသံထွက်အတိုင်း (အောင်)ဟု အသံထွက်ရမည်။

ဥပမာ -

ပေါခံ = ပေါင်ခ

သြ-သရကို (ဉ်၊ ဏ်၊ နှ်၊ မ်)သတ်ရာ၌ (ဝ)ဆွဲ(နှ်)သတ်သံ (အွန်)ဟု အသထွက်ရမည်။

ဥပမာ -

ကောဉ္ဇ = ကွန်စ

ကောဏ္ဍည = ကွန်ဒဉ်ည

သောဏ္ဏ = သွန်ဏ

ဗောဓိ = ဗွန်ဒိ

ဟောန္တု = ဟွန်တု

သောမ္မ = သွန်မ

ပါဠိဖြင်းပုံဖတ်နည်း. နမူနာ

သမန္နာ စက္ကဝါဠေသု = သမန်တာ စက်ကဝါလေသု

အတြာဂစ္ဆန္တု ဒေဝတာ = အတ်တရာ ဂစ်ဆန်တု ဒေဝကာ

သဒ္ဓမ္မံ မုနိရာဇသ = သတ်မံမံ မုနိရာဇတ်သ

သုဏန္တု သဂ္ဂမောက္ခဒံ = သုဏန်တု သဂ်ဂမောက်ခဒံ

ဧမမ္မသဝနကာလော = ဓံမတ်သဝနကာလော

အယံ ဘဒ္ဒန္တာ = အယံ ဘတ်ဒန်တာ

နမော တဿ ဘဂဝတော = နမော တတ်သ ဘဂဝတော

အရဟတော သမ္မာသမ္ဗုဒ္ဓဿ = အရဟတော သံမာ သံဗုတ်
ဓတ်သ

ယေ သန္တာ သန္တစိတ္တာ = ယေ သန်တာ သန်တစိတ်တာ

တိသရဏာ သရဏာ = တိသရဏာ သရဏာ

ဇတ္ထ လောကန္တရေ ဝါ = အစ်ထ လောကန်တရေ ဝါ

ဘုမ္မာ ဘုမ္မာ စ ဒေဝါ = ဘုံမာ ဘုံမာ စ ဒေဝါ

ဂုဏာ ဂဏာ ဂဟန ဗျာဝဋာ = ဂုဏာ ဂဏာ ဂဟန ဗျာဝတာ

သဗ္ဗကာလံ = သတ်ဗကာလံ

ဇတေ အာယန္တု ဒေဝါ = အေတေ အာယန်တု ဒေဝါ

ဝရကနကမယေ = ဝရကနကမယေ

မေရုရာဇေ ဝသန္တော = မေရုရာဇေ ဝသန်တော

သန္တော သန္တောသဟေတုံ သန်တော သန်တောသ ဟေတုန်

မုနိဝရ ဝစနံ သောတုမဂ္ဂံ သမဂ္ဂါ= မုနိဝရ ဝစနံ သောတုမဂ်ဂန်
သမက်ဂါ

သဗ္ဗေသု စက္ကဝါဠေသု = သတ်ဗေသု စက်ကဝါဠေသု

ယက္ခာ ဒေဝါ စ ဗြာဟ္မဏော = ယက်ခါ ဒေဝါ စ ဗြမနော

ယံ အမှေဟိ ကတံ ပုညံ = ယန် အန်မှေဟိ ကတံ ပုန်ညံ

သဗ္ဗသမ္ပတ္တိသာဓကံ = သတ်ဗသန်ပတ်တိ သာဓကံ

သဗ္ဗေ တံ အနုမောဒိတ္ထာ = သတ်ဗေ တံ အနုမောဒိတ်ထဝါ

သမဂ္ဂါ သာသနေ ရတာ = သမက်ဂါ သာသနေ ရတာ

ပဓာဒရဟိတာ ဟောန္တု = ပမာဒရဟိဝတာ ဟွန်တု

အာရက္ခာသု ဝိသေသတော = အာရက်ခါသု ဝိသေသတော

သာသနဿ စ လောကဿ = သာသနတ်သစ် လောကတ်သ
ဝုမိ ဘဝတု သဗ္ဗဒါ = ဝုတ်မိ ဘဝတု သတ်ဗဒါ
သာသနမ်ပိ စ လောကဉ္စ = သာသနမ်ပိ စ လောကင် စ
ဒေဝါ ရက္ခန္တု သဗ္ဗဒါ = ဒေဝါ ရက်ခန်တု သတ်ဗဒါ
သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ = သတ်မိန် ဟုန်တု သုခီ သတ်ဗေ
ပရိဝါရေဟိ အတ္တနော = ပရိဝါရေဟိ အတ်တနော
အနီယာ သုမနာ ဟောန္တု = အနီယာ သုမနာ ဟုန်တု
သဟ သဗ္ဗေဟိ ဉာတိဘိ = သဟ သတ်ဗေဟိ ဉာတိဘိ။

●●●●●●

အခန်း (၂)

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ဝိသေသလက္ခဏာများနှင့် မြင့်မြတ်သော သဘောထားခံယူချက်

အခန်း (၂)

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ဝိသေသလက္ခဏာများနှင့် မြင့်မြတ်သော သဘောထားခံယူချက်

ဗုဒ္ဓမပွင့်မီနှင့် ပွင့်ထွန်းစ ကမ္ဘာအခြေအနေများ

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူသော ဘီစီ ၆ ရာစု(၂၅၀၀-ကျော်) ဝန်းကျင်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် ထူးခြားမှတ်သားလောက်သော ခေတ်သစ်ကြီး တခေတ်ဖြစ်သည်၊ အစဉ်အလာအတွေးအခေါ် ကိုးကွယ်ယုံကြည်မှု၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအားလုံးကို တည်းဖြတ်ပေးသော ခေတ်ဟုလည်း ဆိုနိုင်သည်၊ တနည်းအားဖြင့် လူသားတို့၏ အားကိုးရာ၊ လူသားတို့၏ ရပ်တည်မှုအတွက် အပြင်ဘက် လှမ်းမျှော်ကြည့်နေခဲ့ကြသော အစဉ်အလာကို ကျော်ပေးကာ လူကို ဗဟိုမဏ္ဍိုင် ချက်မထား၍ စဉ်းစားလာကြသည်။ ပတ်ဝန်းကျင်အပြင်ဘက်ကို ကြည့်ရာ၌လည်း ပို၍နက်ရှိုင်း လာကြ၏။

ထာဝရဘုရားသခင် ဖန်ဆင်းရှင်

ဗုဒ္ဓမပွင့်ပေါ်မီ ကမ္ဘာအရပ်ရပ်၌ ဖြစ်ပေါ်နေသော အယူဝါဒ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဗုဒ္ဓပွင့်ထွန်းစ ခေတ်ပြိုင်အခြေအနေများကို တစေ့တစောင်း သတိပြုကြည့်လျှင် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ ဗုဒ္ဓဓမ္မ၏ ဝိသေသလက္ခဏာများကို ပို၍ပိုပြင်စွာ နားလည်နိုင်ပေသည်။

သုတေသနစာကြည့်တိုက်

ထိုဘဆနာထော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ကမ္ဘာအေး၊ရန်ကုန်

ဆာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး-ရန်ကုန်

ဗုဒ္ဓမပွင့်ပေါ်မီက ကမ္ဘာလူသား‌တို့သည် ရေ မြေ တော တောင် နေ လ နက္ခတ်တာရာ၊ နေ့စဉ် မြင်တွေ့နေရသော ပတ်ဝန်းကျင်အပေါ် စူးစမ်း လေ့လာမှုထက် ကြောက်စိတ်ကိုအခြေခံ၍ ကိုးကွယ်ရာအဖြစ် သတ်မှတ် ခဲ့ကြသည်၊ မြေပေါ်ကိုးကွယ်မှုမှ တဆင့်တက်ကာ အာကာသကိုးကွယ်မှုအတွက် ကောင်းကင်ဘုံကို တည်ဆောက် ခဲ့ကြ၏၊ အမျိုးမျိုးသော နတ်များကို ကိုးကွယ်ရာ‌မှ တဆင့်တက်ကာ ကောင်းကင် ပိုင်ရှင် ဖန်ဆင်းရှင် ထာဝရဘုရား‌သခင်ရှိဖို့ လိုလာတော့‌သည်။

ဖန်ဆင်းရှင်ဆိုသူက ကမ္ဘာနှင့်လူသား‌တို့အား ဖန်ဆင်းသည်၊ မဖန်ဆင်းဘူးဆိုသည်မှာ အငြင်းပွားဆဲဖြစ်၏၊ သို့သော် ဖန်ဆင်းရှင်ကို လူသား‌တို့က ဖန်ဆင်းသည်မှာကား သေချာသည်။

ဣန္ဒိယနိုင်ငံကြီးတွင် ခရစ်မပေါ်မီ ၁၅၀၀-ခန့်က အာရျအလယ်ပိုင်းမှ အရိယန်လူမျိုးများ ကူးပြောင်းလာကြရာ သိန္ဓုမြစ်ဝှမ်းဌ အများဆုံးနေထိုင်ကြ၏၊ ၎င်းတို့ပါလာသော ဝေဒကျမ်းများကို အခြေခံကာ ဟိန္ဒူဘာသာ ဖြစ်ပေါ် လာခဲ့သည်၊ ထိုအခါမှစ၍ ဗြဟ္မာကြီးသည် ဖန်ဆင်းရှင် ထာဝရဘုရား သခင်ဖြစ်လာခဲ့၏၊ မီးနတ်စသည် ကိုးကွယ်ခြင်း၊ သွေးချောင်းစီး ယဇ်ပူဇော်ခြင်း၊ နတ်ဘုရား‌များထံ အပြစ်လွှတ် ဘေးကင်းရန် ခယ တောင်းပန်ခြင်း၊ ကောင်းချီးတောင်းခံခြင်း ဆုတောင်းစာများ ရွတ်ဆိုပသခဲ့ကြ၏။ ဤနည်းဖြင့် အတ္တစင်ကြယ်၍ လွတ်မြောက်မှုရသည်ဟု ခံယူသည်။

အစ္စရေးနိုင်ငံဌ ခရစ်မပေါ်မီ ၁၂၃၀-ခုနှစ်က ဂျေဟိုးဗ ထာဝရဘုရား သခင်ကို ကိုးကွယ်သော ဂျူးဘာသာပေါ်ပေါက်ခဲ့သည်၊ ၆၁၈-ခုနှစ်တွင် ပါရှားနိုင်ငံ(အီရန်)၌ အဟုရမဇဒါ ထာဝရဘုရား‌ကို ကိုးကွယ်သော ဇိုရိုအက်စတာ ဘာသာ ပေါ်ပေါက်ခဲ့သည်၊ ဂျပန်နိုင်ငံ၌ ထာဝရဘုရား‌နှင့် သဘာဝတရား‌ပေါင်းစပ်ကိုးကွယ်သော ရှင်တိုဘာသာ ပေါ်ပေါက်ခဲ့၏၊ အီဂျစ်၊ ဘေဘီလုံနီးယား၊ ဂရိနှင့် ရောမတို့ ကိုးကွယ်သော ဘာသာများ‌ကား ယခုအခါ ယျောက်ကွယ်သွား‌ကြပြီဖြစ်၏၊ အီဂျစ်၌ လူသေလောင်းများမြှုပ်နှံသည့် ကြီးကျယ်ခမ်းနား‌သော ပိရမစ်ကြီးများ‌ကို ကြည့်ပါက သေသွား‌သူ၏ အလောင်းနှင့် ဝိညာဉ်သည် တစုံတရာ ဆက်သွယ်မှုရှိနေသည်ဟု ယူဆထား‌ပုံရသဖြင့် သဿတဝါဒ အခြေခံသော ဘာသာဖြစ်ပုံရလေသည်။

ဗုဒ္ဓမပွင့်ပေါ်မီက ကမ္ဘာ့လူသားအများစုမှာ အမျိုးမျိုးသော နတ်ဘုရားများထံ ခယတိုးလျှိုးတောင်းပန်ခြင်း၊ ဆုလာဘ်တောင်းခံခြင်း၊ ယဇ်ပူဇော်ခြင်းများဖြင့် နတ်ဘုရားများအကြိုက် လိုက်လျောနေထိုင်ခဲ့ကြရသည်။ ထိုခေတ် ကမ္ဘာလူသားတို့အဖို့ အခြားရွေးချယ်စရာမရှိခဲ့ရှာကြ။

အသိဉာဏ်ဆာလောင်မှု

ခရစ်မပေါ်မီ ၆-ရာစုကျော်က(၆၂၄-ဘီစီ) မဇ္ဈိမဒေသ ကပ္ပိလနိုင်ငံ၌ ဂေါတမဗုဒ္ဓ ပွင့်ထွန်းတော်မူလာသည်။ ပူရဏကဿပ စသော တိတ္ထိဘုရားကြီး ၆-ဦးတို့လည်း တင်ကြို၍ ပေါ်ပေါက်နှင့်ကြသည်၊ မရွေး မနှောင်းပင် အနောက်ဘက်ကမ္ဘာ ဂရိတ်နှင့် ရောမနိုင်ငံများ၌ နတ်ဘုရားများကိုးကွယ်နေကြသည့် ကြားက သဘာဝကို တွေးခေါ်သော အတွေးအခေါ်ပညာရှင်ကြီးများ ဆက်ကာဆက်ကာ ပေါ်ထွက်လာကြ၏၊ ဓာတ်ကြီး ၄-ပါး အကျုံမြူသဘောနှင့် အနိစ္စသဘောကို စောကြောစဉ်းစားလာကြသည်၊ တောတောင်ရေမြေ နေ လ နက္ခတ်တာရာတို့ကို ကိုးကွယ်ရာမှ အစမ်းသပ်ခံ အသုံးချစရာအဖြစ် စတင်သော ခြေတလှမ်းဟု ဆိုရပေမည်။

တရုတ်ပြည်၌ ခရစ်မပေါ်မီ ၅၅၁-ခုနှစ်ဆီက လူမှုရေးယဉ်ကျေးမှုကို လမ်းညွှန်သူ ကွန်ဖူးရှပ် ပညာရှိကြီးနှင့် တာအိုဘာသာကို စတင်သူ လာအိုဋ္ဌေါ်သော ပညာရှိကြီးတို့ ထွက်ပေါ်လာကြသည်။ လေးနက်သော သဘောတရားတခုကို လက်ခံရန် တရုတ်လူမျိုးတို့ အဆင်သင့် ဖြစ်နေနှင့်ကြသည်။

ခရစ်မပေါ်မီ ၆၀၀-ဝန်းကျင်၌ ကမ္ဘာအရပ်ရပ်တွင် နတ်ဘုရားအမျိုးမျိုးကိုးကွယ်နေကြရသည်ကို ငြီးငွေ့လာကြ၏၊ ထို့ကြောင့် တွေးခေါ်ပညာရှင်ကြီးများ၊ သဘာဝတရားစူးစမ်းသူများ၊ ကိုယ်ကျင့်တရားနှင့် လွတ်မြောက်မှုလမ်းညွှန်သူများ အသီးအသီး ပေါ်ပေါက်လာကြသည်၊ ကမ္ဘာအရပ်ရပ်၌ ချိန်းချက်ထားသည့်အလား ယင်းသို့ တိုက်တိုက်ဆိုင်ဆိုင် ထွက်ပေါ်လာကြသည်မှာ ထူးခြားတိုက်ဆိုင်လွန်းလှပေသည်၊ ထိုအရာ အားလုံးသည် တစုံတရာနှင့် အဆက်အသွယ်ရှိနိုင်သည်ကိုမူ မစဉ်းစားမိခဲ့ကြချေ၊ လူသားတို့သည် အသိဉာဏ်ဆာလောင်နေကြ၏၊ အရာခပ်သိမ်းကို သိ၍

လူသားထုအား လမ်းညွှန်နိုင်သူ အတုမဲ့လူသားတစုံတယောက်ရှိစကောင်း၏ဟု တောင့်တ မြော်ခေါ်စိတ်များ လူတိုင်း၏ နှလုံးသား၌ ဝင်မှန်းမသိ ကိန်းဝင်နေခဲ့သည်၊ တွေးခေါ်ပညာရှင်ကြီးများ အဆက်ဆက် ထုတ်ဖော်ပေးကျွေးသော သဘောတရားရသများဖြင့် အားရတင်းတိမ်မှုမရ၊ တိုး၍သာ ဆာလောင် လာကြသည်။

ဣန္ဒိယနိုင်ငံ၌ လူများစုလက်ခံထားသော ဖန်ဆင်းရှင်နှင့် အတ္တကို အမာခံထားသည့် ဗြာဟ္မဏဝါဒ(ဟိန္ဒူဘာသာ)အထွန်းကားဆုံး ဣန္ဒိယ အရှေ့မြောက်ပိုင်းမှာမှ ဂေါတမဗုဒ္ဓ ပွင့်ထွန်းတော်မူလာ၏၊ ဂေါတမဗုဒ္ဓ၏ ဝါဒကား ကမ္မသကတာဉာဏ်ကိုအခြေခံ၍ သစ္စာလေးပါး အထွတ်တပ်သော အနတ္တဝါဒဖြစ်၏။

အချို့သော သမဏ အာဇီဝကနှင့်ပရိဗိုဇ်များသည် မြို့ရွာစဉ်လှည့်လည်လျက် ရိုးရာယဇ်ပသမှု ဗြာဟ္မဏဝါဒကို အပြင်းအထန် တိုက်ခိုက်လာကြသည်၊ "ပရိဗိုဇ်-ပရိဇ္ဇာဇက"ဟူသည် မြို့ရွာတကာလှည့်လည်ကာ ဝါဒရေးရာစိန်ခေါ်၍ ဝါဒစစ်ထိုးသူများဖြစ်သည်၊ အစဉ်အလာ ဗြာဟ္မဏဝါဒ အပေါ် လူတို့စဉ်းစား လာကြသည်။ နာမည်ကျော် သစ္စကာ၏ အမတော်လေးဦးမှာ အမိဘက်မှ ဝါဒငါးရာ, အဘဘက်မှ ဝါဒငါးရာ သင်ယူတတ်မြောက်ပြီး မြို့ရွာတကာ လှည့်လည်ဝါဒစစ်ထိုးရင်း အရှင်သာရိပုတ္တရာနှင့်တွေ့၍ ဗုဒ္ဓဝါဒီများ ဖြစ်လာကြ၏။

ဗုဒ္ဓနှင့်ခေတ်ပြိုင်ဆရာကြီးများ

ဣန္ဒိယ၌ ဗုဒ္ဓမပွင့်ပေါ်မီနှင့် ပွင့်ထွန်းခါနီး ခေတ်တွင်လည်း ကိလေသာကုန်၍ ဘဝမှ လွတ်မြောက်မှုရရန် နည်းမျိုးစုံ အသွင်မျိုးစုံဖြင့် ကျင့်ကြံနေကြသည်။ ဗြာဟ္မဏတို့၏ အစဉ်အလာအရ အသက်ကြီးလာသော အခါ တောထွက်၍ သမထဘာဝနာ အားထုတ်နေသော ရသေ့ရဟန်းများလည်း ရှိနေကြ၏၊ လောကီအဘိညာဏ်များကိုလည်း ရရှိကြသည်၊ သမဏအမည်ခံ တိတ္ထိအမျိုးမျိုးလည်းရှိကြသည်၊ အဝတ်မဝတ်သော နိဂဏ္ဌ တက္ကတွန်းများ၊ ကိုယ်အထက်ပိုင်း၌သာ အဝတ်သိုင်းထားသော ပရိဗိုဇ်များ၊ ရှေ့ပိုင်းမှာသာ အဝတ်စဖုံးထားသော တိတ္ထိများ၊ အမွေးရှည်ထားသူများ

စသည်ဖြင့် ဝတ်စားဆင်ယင်ပုံလည်း အမျိုးမျိုးရှိသည်၊ အလွန်အေးချမ်းသော ဆောင်းကာလ၌ ကိလေသာကုန်ရန် ရေစိမ်သူများ၊ နွေရာသီနေပူတွင် မီးပုံများအလယ်၌ ထိုင်နေသူများ၊ ခြေတချောင်းသာထောက်နေသူ၊ ကင်းမြီးကောက်ထောင်နေသူ၊ တနေကုန် မီးပူဇော်နေသူ၊ နေကိုရပ်၍ တနေကုန် ကြည့်နေသူ၊ ခွေး နွားများကဲ့သို့ စားသောက်နေထိုင်သူ စသည်ဖြင့် ကျင့်ကြံ ပြုမူပုံလည်း အထွေထွေအပြားပြား များလှကုန်၏၊ သွေးချောင်းစီးသော ယဇ်ပူဇော်ပွဲကြီးများလည်း ဆင်နွဲလျက် ရှိကြသည်။

အယူဝါဒနှင့်စပ်၍ ၆၂-ဂိုဏ်းအထိ ရှိခဲ့၏၊ တိတ္ထိုကရခေါ် အယူဝါဒ တိထွင်သူများစွာအနက် ထင်ရှားသောဂိုဏ်းကြီးမှာ ၆-ဂိုဏ်းရှိ၍ အမျိုးမျိုး ဟောပြောလျက်ရှိကြသည်။ အတွေးအခေါ်ပညာရှင်များ၊ ဣသိ (ရဿေ့များ) အပါအဝင် အညတိတ္ထိုယ-တခြားဘာသာအယူရှိသူများသည် နေလ နက္ခတ်တာရာများနှင့် ကမ္ဘာကြီးမည်သို့စတင်ကြောင်း အလေးပေး တွေးခေါ် မိန့်ဆိုကြသည်၊ ဇီဝဗေဒ၊ ရက္ခဗေဒ၊ သတ္တဗေဒ၊ အဏုမြူအကြောင်း၊ မသေမပျောက် အမြဲတည်နေသော အတ္တအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကံနှင့်ဘဝ ကူးပြောင်းပုံ စသော သဘောတရားများ၊ လူမှုဆက်ဆံရေးနှင့် ကျင့်ဝတ်များကို အမျိုးမျိုး သတ်မှတ်ပညတ်ကြသည်။

ဗုဒ္ဓနှင့်ခေတ်ပြိုင် ထင်ရှားသော ဂိုဏ်းဆရာကြီး ၆-ဦးတို့၏အမည်နှင့် အယူဝါဒအချုပ်မှာ အောက်ပါအတိုင်းဖြစ်၏ -

၁။ **ပူရဏကဿပဆရာကြီး**က သတ်ခြင်း၊ ခိုးခြင်းစသော မကောင်းမှုများကို ပြုသော်လည်း ပြုရာမရောက်၊ လှူဒါန်းပေးကမ်းခြင်း၊ သီလ စောင့်ခြင်းစသော ကောင်းမှုများလုပ်သော်လည်း ကုသိုလ်မဖြစ်၊ ကုသိုလ် အကုသိုလ်တို့၏ ကောင်းကျိုးဆိုးပြစ်ဟူ၍မရှိ၊ အတ္တကို အကျိုးမသက်ရောက် စေနိုင်၊ လူသေလျှင် ခန္ဓာကိုယ်မှ ဓာတ်များအားလုံး ဆိုင်ရာ မူလဓာတ်များနှင့် ပူးပေါင်းသွားကြသည်၊ ခန္ဓာကိုယ်ရော စိတ်ဝိညာဏ်ပါ ဘာတခုမျှ ကြွင်းကျန်မနေရစ်ပြီဟု ဟောပြောသည်။ (အကိရိယဒိဋ္ဌိခေါ်၏၊ အကြောင်း ပယ်သည်။)

၂။ **မကွေလိဂေါသာလဆရာကြီး**က သတ္တဝါမှန်သမျှ အကြောင်းမဲ့ဖြစ်နေကြ၏၊ ညစ်ညူးစေရန် စင်ကြယ်စေရန် အကြောင်းမရှိ၊ လုပ်ယူ၍မရ၊ ကြိုးစားအားထုတ်မှုမှန်သမျှ အချည်းနှီး၊ ဖြစ်အောင်လုပ်၍မရ၊ မဖြစ်အောင်လည်း လုပ်၍မရ၊ သူ့သတ်မှတ်ချက်အတိုင်း ဖြစ်နေရသည်၊ သူဖြစ်ချင်သလို ဖြစ်နေသည်၊ ကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ်၊ မလုပ်ဘဲနေနေ၊ လူမိုက်ရော လူလိမ္မာပါ မဟာကပ်ရှစ်သန်းလေးသိန်းရှိလျှင် သံသရာအလည်ရပ်၍ သတ္တဝါအားလုံး ဘဝပြတ်ပြီ၊ အပ်ချည်ရှိသလောက်သာ အပ်ချည်လုံး ပြေးရသကဲ့သို့ဖြစ်သည် ဟု ဟောပြောသည်။ (အဟေတုကဒိဋ္ဌိ-နိယတိဝါဒခေါ်၏။ ကြောင်းကျိုးပယ်သည်။)

၃။ **အဇိတကေသကမ္ဗလဆရာကြီး**က မကောင်းမှုလုပ်သော်လည်း မကောင်းကျိုးမရှိ၊ ကောင်းမှုလုပ်သော်လည်း ကောင်းကျိုးမရ၊ အတ္တသို့အကျိုးမသက်ရောက်စေ၊ မိုက်သူလူ၍ လိမ္မာသူစားသည်၊ တမလွန်ဘဝမရှိ၊ ငရဲနတ်ပြည်မရှိ၊ မိဘနှစ်ပါးအပေါ် ကောင်းကောင်းဆိုးဆိုး အကျိုးအပြစ်မရှိ၊ အသိအမြင်ပေါက်သော သူတော်သူမြတ် မရှိ၊ လူဆိုသည်မှာ အတူတူချည်း၊ ဓာတ် ၄-ပါးအစုအဝေးသာ၊ သေလျှင်ပြတ်ပြီ၊ မြေဓာတ် မြေနှင့်ပေါင်း၏၊ ရေဓာတ် ရေနှင့်ပေါင်း၏ဟု ဟော့ပြောသည်။ (နတ္ထိက ဒိဋ္ဌိ-ဥစ္ဆေဒဝါဒခေါ်၏၊ အကျိုးပယ်သည်။ အကြောင်းပယ်လျှင် အကျိုးပယ်ပြီး၊ အကျိုးပယ်လျှင် အကြောင်းပါပြီးဖြစ်၍ ဤ ၃-ဦးစလုံး ကမ္မ, ကမ္မဖလ ၂-မျိုးပယ်၍ အတူတူပင်ဖြစ်သည်။)

၄။ **ပကုဓကစ္စာယနဆရာကြီး** က ဖန်ဆင်းရှင်ကိုလက်မခံ၊ အမြဲတည်သော ထာဝရဓာတ် ၇-ပါးသာရှိသည်၊ မြေ ရေ လေ မီး သုခ ဒုက္ခ အသက်ဇီဝ-ဓာတ် ၇-ပါး သီးခြားစီ တည်ရှိနေကြ၏၊ တခုက တခုကို ပြုလုပ် ဖန်တီးချယ်လှယ်ခွင့် မရှိ၊ ချမ်းသာအောင် သက်သာအောင်လုပ်၍မရ၊ ဆင်းရဲအောင် သေကျေအောင်လည်း လုပ်၍မရ၊ လူတယောက်က တယောက်ကို ဓားဖြင့်ခုတ်သတ်သော်လည်း သတ်ရာမရောက်၊ ပဲနောက်ပုံထဲ တုတ်ဖြင့်ထိုးလျှင် ပဲနောက်ကိုမထိ၊ ပဲနောက်စေ့များကြားက တုတ်ဖြတ်သွားသကဲ့သို့

လက်နက်သည် ထာဝရဓာတ်ကိုမထိ၊ ဓာတ် ၇-ပါးကြားကသာ ဖြတ်သွား၍ သတ်သည်မမည်ဟု ဟောပြောသည်။ (အကိရိယဒိဋ္ဌိပင်၊ အညောညဝါဒခေါ်၏။ ဓာတ် ၇-ပါးဟူသည် အတ္တကိုပင် ပြောဆိုခြင်းဖြစ်၍ သဿတဝါဒဟု ခေါ်ရသည်။)

၅။ နိဂဏ္ဌ နာဋပုတ္တဆရာကြီး က ဂေါတမဗုဒ္ဓထက် အနည်းငယ်ကြီး၏၊ မဟာဝီရဟုလည်းခေါ်ကြ၏၊ ယခုအခါ ဣန္ဒိယ၌ ဂျိန်းဘာသာအမည်ဖြင့် ဤဝါဒတခုသာ ကြွင်းကျန်နေသည်၊ အဝတ်ဝတ်သောဂိုဏ်းနှင့် မဝတ်သော ဂိုဏ်း နှစ်မျိုးရှိ၏၊ သူ့ဝါဒက စောင့်စည်းမှုလေးမျိုးကို ပြဋ္ဌာန်းသည်။ (ရဋ္ဌ အသက်ရှိသည်ဟု ခံယူသဖြင့်)ရေအေးမသုံးမစွဲရ၊ မကောင်းမှုအားလုံးမလုပ်ရ၊ မကောင်းမှုအားလုံးကို ပြင်းထန်တင်းကျပ်စွာ ဆွေ့မြဲသွားအောင် ဖယ်ရှားရ၏၊ မကောင်းမှုအားလုံးမှ လွတ်မြောက်ပြီးဖြစ်ရ၏၊ သာမညဖလသုတ် ပါဠိတော်၌ ဤစောင့်စည်းခြင်း ၄-မျိုးကိုပြသည်၊ အချို့ကမူ မသတ်၊ မခိုး၊ မလိမ်ခြင်းနှင့် ကိုယ်ပိုင်ပစ္စည်းမထား၊ သို့မဟုတ် အဇ္ဈတ္တစရိယ စောင့်ရခြင်းဟု ဆိုသည်။ (စတုယာမသံဝရ ဝါဒ၊ အနေကန္တဝါဒဟုခေါ်သည်။)

၆။ သဉ္စယဗေလဋ္ဌပုတ္တ(သိဉ္စည်း)ဆရာကြီးကား ဥပတိဿ ကောလိတ တို့၏ ဆရာဖြစ်ဖူး၏၊ သူ၏ဝါဒကား ဘာကိုမှဝန်မခံ၊ အမိမခံ၊ ရှောင်လွဲလှီးလွဲသောအဖြေကိုသာ ပေးလေ့ရှိသော ဝါဒဖြစ်၏၊ သူအယူအဆ ဘာဟုသိရန် မလွယ်၊ အမရာခေါ်သော ဖမ်းရခက်သော ငါးတမျိုးနှင့်တူသော(အမရာဝိက္ခေပ)၊ ဝါဒဟုခေါ်သည်၊ အဇာတသတ်မင်းကြီးက ဆရာကြီး ၆-ဦးထဲမှာ သိဉ္စည်းဆရာကြီးကို အတွေဝေဆုံး အမိုက်ဆုံးဟု မှတ်ချက်ချခဲ့သည်။

ရှိရင်းစွဲ ဗြာဟ္မဏဝါဒအပြင် ဗုဒ္ဓနှင့်ခေတ်ပြိုင် ဘုရားအမည်ခံ အထက်ပါဆရာကြီးများ၏ အယူဝါဒတို့ကို ကြည့်လျှင် ဗုဒ္ဓမပွင့်ပေါ်မီနှင့် ပွင့်ပေါ်စခေတ်က လူသားတို့အယူဝါဒရေးရာ မည်မျှတွေဝေစရာဖြစ်သည်ကို မြင်သာလှ၏၊ ခိုးမှု သတ်မှုများကို အပြစ်မရှိဟု ဆိုသဖြင့် ထိုဝါဒ တခုတည်းဖြင့်ပင် ကမ္ဘာပျက်နိုင်လောက်သည်၊ လူမိုက်အားပေးသော မွေးထုတ်ပေးသောဝါဒ ဖြစ်၏၊ ထို့ကြောင့်လည်း ဆရာကြီးတိုင်းတွင်

အဖွဲ့ဝင် ဝေနေယျတို့လည်း များစွာရှိနေခဲ့ကြသည်၊ အလွန်သိမ်မွေ့လှသော ဗုဒ္ဓဓမ္မသည် ထိုပတ်ဝန်းကျင်၌ ထိုးထွက်လာရသည်၊ မည်မျှထိုးနှက်တိုက်ခိုက်ခြင်း ခံရမည်ကိုလည်း စဉ်းစား ရာ၏။

ဓမ္မနိုင်ငံတော်တည်ထောင်၍ ဝါဒလမ်းစဉ် ချမှတ်ကြေငြာခြင်း

မြတ်စွာဘုရားရှင်သည် ထိုသို့သော ကမ္ဘာအခြေအနေ၊ ဤသို့သော ပတ်ဝန်းကျင်၌ ပွင့်ပေါ်တော်မူလာရာ ပထမဆုံး ဓမ္မစက္ကပဝတ္တနသုတ္တန်ကြီးကို ဟောကြားတော်မူခြင်းဖြင့် ဓမ္မနိုင်ငံတော်ကို တည်ထောင်တော်မူလိုက်ခြင်း ဖြစ်သည်၊ ကိုယ်တော်တိုင် ထိတွေ့ခဲ့သော ဝဲယာအစွန်း လမ်းနှစ်ခုကို ဖယ်ရှားကာ မရှိမပဋိပဒါ မဂ္ဂင်ရှစ်ပါး အကျင့်လမ်းစဉ်(သီလ သမာဓိ ပညာ)ကိုပါ ညွှန်ပြတော်မူ၏။

သတ္တဝါတိုင်း သိနိုင်သော၊ သတ္တဝါတိုင်း ရင်ဆိုင်နေရသော၊ မငြင်း နိုင်သော နိယာမ ဒုက္ခကြီး ၇-မျိုးကို ချပြတော်မူ၏၊ ထိုဒုက္ခ၏ လက်သည်နှင့် ထွက်ရာလမ်းကို ကြောင်းကျိုးဆက်နွယ်၍ ဟောတော်မူ၏၊ ဗုဒ္ဓ၏ တခုတည်းသောအဆိုပြုချက်ကား - "လောကဟူသည် ဒုက္ခသာတည်း" ထိုအဆိုပြုချက်ကို ကြိုက်ချင်မှကြိုက်မည်ဖြစ်သော်လည်း နတ်နှင့်တကွသော တလောကလုံး မည်သူမျှ မငြင်းဆန် မကန့်ကွက်နိုင်ခဲ့သေးပေ (လောကေ အပွင့်ဝတ္တိယံ)။

ထိုခေတ် ယေဘုယျ အားထုတ်ကျင့်ကြံနေကြသော အယူဝါဒအများစုမှာ လွတ်မြောက်ရေးကို ဦးတည်၍ ကိုယ့်ကိုယ်ကို ဒဏ်ခတ် ဒုက္ခပေးနေသော ညှဉ်းဆဲနေသော (အတ္တကိလမထ)ကျင့်စဉ်များ ဖြစ်နေကြလေသည်၊ တဆက်တည်း အနတ္တလက္ခဏသုတ္တန်ကြီးဖြင့် "အနတ္တ"ဟု ကြေငြာတော်မူလိုက်ရာ သတ္တလောကကြီးတခုလုံး တုန်လှုပ်သွားခဲ့လေသည်။ မိမိကိုယ်ကို စိုးပိုင်သည်၊ ထာဝရမသေ နေရသူ- ဟု ထင်မှားလောက်အောင် အသက်ရှည်ကြာသော ဗြဟ္မာ့ဘုံမှ ဗြဟ္မာကြီးများပင် တုန်လှုပ်သွားကြ၏၊ ဗြဟ္မာကို ထာဝရဖန်ဆင်းရှင်ဟု ထင်မှတ်ကိုးစားနေသော ဗြာဟ္မဏဝါဒကြီးကား ဆိုဖွယ်ရာမရှိ၊ ထောက်တည်ရာမဲ့ဖြစ်သွားခဲ့၏ (ခန္ဓသံယုတ်နှင့် စတုက္က-အံ၊ သီဟသုတ်)။

စင်စစ် မြတ်စွာဘုရား ဟောကြားတော်မူသောတရားကား အသစ်အဆန်း တီထွင်၍ ဟောသောတရားမဟုတ်၊ သဘာဝအရှိအတိုင်း ဟောကြားသော တရားတော်ဖြစ်၏၊ မမြဲ ဆင်းရဲ အစိုးမရသော ပင်ကိုသဘာဝတရားများသာ ဖြစ်၏၊ ဗုဒ္ဓသည် အတုမဲ့ လူသား ဘုရားဖြစ်၍ ထူးဆန်းနေသည့်အပြင် ဟောသောတရားကလည်း အရိုးဆုံးတရားဖြစ်၍ ဗုဒ္ဓနှင့်ဗုဒ္ဓဓမ္မသည် လောကကြီး အတွင်း အဆန်းကြယ်ဆုံးဖြစ်နေလေသည်။

ထိုသဘောမှန်များကား မြတ်စွာဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အမှန်တကယ် ထင်ရှားရှိနေသော သဘောတရားများ ဖြစ်ကုန်၏၊ ထိုအရှိသဘောတရားအမှန်များကို ထိုးထွင်းသိမြင်သည့်အတိုင်း ဟောကြားတော်မူလေသည်။ (တိက-အံ၊ ဥပ္ပါဒါသုတ်)။ ဘုရားရှင်ကား ထုတ်ဖော်ပေးသူသာ ဖြစ်၍ တီထွင်ဟောပြောပြသူ မဟုတ်ချေ။ ရှေးဘုရားရှင် (တထာဂတ)တို့လည်း ထိုသို့ပင် အရှိကို အရှိအတိုင်း သိမြင်အောင် ထုတ်ဖော် ပေးသူများသာ ဖြစ်တော်မူကြ၏၊ ထို့ကြောင့် ဗုဒ္ဓဓမ္မသည် ဘုရားပွင့်ပေါ်မှ၊ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်ကမှ ဖြစ်ပေါ်လာသော ဘာသာတရား ဟုလည်း မဆိုအပ်ချေ။

တဖန် ထိုဘုရားများသည် အခြားပုဂ္ဂိုလ်များ ဟောကြားသကဲ့သို့ ကြံစီတွေးခေါ်၍ ဟောကြားသောအတွေးအခေါ်များလည်းမဟုတ်(အတက္ကာဝစရ)၊ ကိုယ်တိုင်ထိုးထွင်းသိမြင်၍ ဟောထားသော တရားချည်းဖြစ်သည်၊ ထို့ကြောင့်လည်း ဗုဒ္ဓဓမ္မများကို ချဉ်းကပ်ရာ၌ အတွေးအခေါ်ဖြင့် ချဉ်းကပ်၍မရ၊ လက်တွေ့လိုက်နာကျင့်သုံးခြင်းဖြင့်သာ ချဉ်းကပ်အပ်ပေသည်။

ဗုဒ္ဓဓမ္မများကို လက်တွေ့လိုက်နာ ကျင့်သုံးရာတွင်လည်း ကိုယ်တိုင် အားထုတ်ယူရသည်၊ ဘုရားက "ရစေ"ဆို၍ မရ၊ ကူညီလုပ်ကိုင် ပေး၍လည်း မရချေ၊ ကိုယ့်အားကိုယ်ကို ကြိုးစား၍ ကိုယ့်လွတ်မြောက်မှုကို ကိုယ်တိုင် လုပ်ယူရလေသည်၊ ဘုရားရှင်ဟူသည် နည်းပေးလမ်းညွှန်သူမျှသာတည်း။

"ဘာမဆို ဘုရားရှင်က တာဝန်ယူသည် အာမခံသည်" ဟုဆိုငြားအံ့- အသိဉာဏ်မဲ့သူများ ဝမ်းပါးရုံမျှသာဖြစ်၍ ထိုအဆိုပြုချက်ကို သဘာဝက လက်မခံချေ။ သားသမီးတို့၏ ကျူးလွန်မှုပြစ်ဒဏ်ကို အဘယ်မိဘကများ

ကိုယ်စား၊ကျခံခြင်း ဖယ်ရှား၊ခြင်း ပြုနိုင်ပါအံ့နည်း။ မြတ်စွာဘုရား၊ရှင်ကား သဘာဝအရှိအတိုင်းကို ထုတ်ဖော်လမ်း၊ညွှန်သူသာ ဖြစ်သဖြင့် သဘာဝတရား၊က လက်မခံသော အာမခံချက်မျိုး၊ကိုလည်း ပေး၊တော်မမူ။

"ချစ်သား၊တို့ - သင်တို့သည် မိမိကိုယ်ကို ကိုင်း၊ကျွန်း၊ပမာ ထောက်တည် မှီခို၊ရာပြု၍ နေ၊ကြကုန်လော့၊ မိမိကိုယ်ကို ကိုး၊ကွယ်ရာပြု၍ နေ၊ကြကုန်လော့၊ မိမိမှတပါး အခြား တစုံတရာကို ကိုး၊ကွယ်ရာမထား၊မူ၍ နေ၊ကြကုန်လော့။ (ဤ၌"မိမိကိုယ်"ဆိုသည်မှာ မိမိတို့ သန္တာန်၌ တည်နေသော တရား၊ဟု ဆိုလိုသဖြင့်) ရဟန်း၊တို့- သင်တို့သည် တရား၊တော်ကို ကိုင်း၊ကျွန်း၊ပမာ ထောက်တည်မှီခို၊ရာပြု၍ နေ၊ကြကုန်လော့၊ တရား၊တော်ကိုသာ ကိုး၊ကွယ်ရာပြု၍ နေ၊ကြကုန်လော့၊ တရား၊တော်မှ တပါး အခြား၊တစုံတရာကို ကိုး၊ကွယ်ရာမထား၊မူ၍ နေ၊ကြကုန်လော့" (ခန္ဓသံယုတ်-အတ္တဒီပသုတ်နှင့် မဟာပရိနိဗ္ဗာနသုတ်)။

"ချစ်သား၊တို့- သင်တို့၏ လွတ်မြောက်မှုအတွက် သင်တို့ကိုယ်တိုင် ကြိုး၊စား၊အား၊ထုတ်အပ်၏၊ ဘုရား၊ရှင်တို့၊မည်သည် လမ်း၊ညွှန်ဟော၊ပြော၊ရုံသာ ဟော၊ပြတော်မူနိုင်ကြကုန်၏" (ဓမ္မပဒ)။

ဤကား ဓမ္မနိုင်ငံတော်တည်ထောင်၍ ဝါဒလမ်း၊စဉ် စတင် ကြေငြာကတည်း၊က ကနဦး၊အစ ပွင့်ဦး၊ထွက် မြင်သာသော ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ဝိသေသ လက္ခဏာများ ဖြစ်ကုန်၏။

ဘုရား၊ပေး၊သော လူ့အခွင့်အရေး၊များ

အခွန်ကမ္ဘာကြီး၊အတွင်း ဓမ္မနိုင်ငံတော်ကို တည်ထောင်ရာ၌ ဝါဒလမ်း၊စဉ် ချမှတ်ပြီး၊သည်နှင့် ဘုရား၊ရှင်သည် ၄၅-နှစ်တာကာလပတ်လုံး မနေမနား ဆက်တိုက် လုပ်ဆောင်တော်မူသည်၊ တရက် ၂၄-နာရီရှိရာတွင် တနာရီ ကျော်ကျော်မျှသာ ကျိန်း၊စက် နား၊နေတော်မူ၏၊ တောရှင်း၊ရသည်နှင့် အချိန်နှင့်အင်အား၊တွေ များ၊စွာအကုန်ခံ၊နေရသည်၊ အဝတ်စုတ်တခုကို ဆေး၊အရောင်တင်ရ ဆိုး၊ရသည်မှာ မကြာ၊ ကြေး၊ခွတ်ရသောအချိန်က များ၊နေ၏။

ဘုရား၊ပေး၊သော လူ့အခွင့်အရေး၊များ

အခွန်ကမ္ဘာကြီး၊အတွင်း ဓမ္မနိုင်ငံတော်ကို တည်ထောင်ရာ၌ ဝါဒလမ်း၊စဉ် ချမှတ်ပြီး၊သည်နှင့် ဘုရား၊ရှင်သည် ၄၅-နှစ်တာကာလပတ်လုံး မနေမနား ဆက်တိုက် လုပ်ဆောင်တော်မူသည်၊ တရက် ၂၄-နာရီရှိရာတွင် တနာရီ ကျော်ကျော်မျှသာ ကျိန်း၊စက် နား၊နေတော်မူ၏၊ တောရှင်း၊ရသည်နှင့် အချိန်နှင့်အင်အား၊တွေ များ၊စွာအကုန်ခံ၊နေရသည်၊ အဝတ်စုတ်တခုကို ဆေး၊အရောင်တင်ရ ဆိုး၊ရသည်မှာ မကြာ၊ ကြေး၊ခွတ်ရသောအချိန်က များ၊နေ၏။

ကမ္ဘာဦးလူသားတို့သည် နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသော နေ လ နက္ခတ် တာရာများကိုကြည့်ကာ သိလိုစိတ်များ နှိုးကြွနေခဲ့ကြ၏၊ အတူနေသူများ သေသွားသည်ကို တွေ့ရသောအခါတိုင်း ရင်ထဲ၌ မေးခွန်းများပြည့်ကျပ်လာသည်၊ တွေးမိတွေးရာ တွေးကြ၏၊ လုပ်မိလုပ်ရာ လုပ်လာကြသည်၊ ဗုဒ္ဓပွင့်ပေါ်လာသောအခါ -

၁။ ကမ္ဘာကြီးအစရှိသလား၊ အဆုံးရှိသလား။

၂။ သေပြီးနောက် ဘဝရှိသလား၊ မရှိဘူးလား။

၃။ သေသွားသူ ကောင်းရာဘဝရောက်အောင် ဆုတောင်းပေးလို့ ရသလား။

၄။ ကိုယ်နှင့်အသက် အတူတူလား၊ တခြားစီလား။

ဤမေးခွန်းများသည် အများဆုံးဖြေရှင်းပေးနေရသော မေးခွန်းများဖြစ်၏၊ ကမ္ဘာပေါ်ရှိ အယူဝါဒအားလုံးနီးပါး သဘာဝတရားနှင့် ဆန့်ကျင်သည်ကများ၍ သဘာဝဆိုက်သော အယူဝါဒတချို့လည်း လူသားတို့ခံနေရသော ဒုက္ခကို အပြီးတိုင် ဖယ်ရှား ကုစား မပေးနိုင်၊ သဘာဝကိုသာ ညွှန်ပြ၍ လူသားထုဒုက္ခကို အပြီးတိုင်ဖယ်ရှားပေးနိုင်သော ဗုဒ္ဓဝါဒအား အတိုက်အနိုက်တွေ့ ပတ်လည် ဝိုင်းလာတော့သည်၊ တလောကလုံးကပင် ငြင်းခုံလာ၏၊ စောဒကတက်လာ၏၊ အပြစ်တင်လာ၏၊ ရန်လုပ်လာ၏။

ထိုအခါ ဘုရားရှင်ကိုယ်တော်တိုင် တရားလမ်းညွှန်မှုကို ရပ်ဆိုင်း၍ ဖြေရှင်းတော်မူနေရသည် -

"ချစ်သားတို့- ငါသည် လောကကြီးနှင့် မငြင်းခုံ၊ လောကကြီးကသာ ငါနှင့်ငြင်းခုံနေ၏၊ သဘာဝဓမ္မကို ဟောပြောသူသည် လောကကြီးအတွင်း မည်သူနှင့်မျှ ငြင်းခုံစရာမလို၊ ငြင်းခုံဘက်မရှိ၊ ချစ်သားတို့- လောကပညာရှိအများက မရှိဟု တညီတညွတ်တည်း သတ်မှတ်ထားသော အရာကို ငါလည်း မရှိဟုပင် ဟောပြော၏၊ ရှိ၏ဟု သတ်မှတ်ထားသော အရာကို ငါကလည်း ရှိ၏ဟုပင် ဟောပြောသည်" (ခန္ဓ-သံ၊ ပုပ္ပသုတ်)။

ထိုခေတ်လူတို့သည် ဘုရားရှင်၏တရားကိုသာမဟုတ်၊ ဘုရားရှင်ကိုပင် အမြင်မကြည်လင်ကြ၊ လောကဋ္ဌ ပညာရေး စီးပွားရေးစသည်အပေါ်စီးရနေသော ဗြာဟ္မဏပဏ္ဍိတ်ကြီးများက ပို၍ အထင်သေးခဲ့ကြသည်၊ ဗုဒ္ဓကား ၃၅-နှစ်ရွယ် အသက်ငယ်သူလည်းဖြစ်၍"ဝါ"နှင့် အနိုင်ယူကြ၏၊ "ဝေနယျိက-ဆုံးမခြင်း ဆုံးမရင် ငါတို့ကသာ ဂေါတမကို ဆုံးမသွန်သင်ရမယ်"ဟု ပြောဆို ကြ၏၊ သဘာဝတရားကြီးက သူတို့၏အစဉ်အလာများကို ရိုက်ချိုးပစ်လိုက်သဖြင့် "ဘူနဟု-ဘူနဟတ-ဂေါတမဟာ ကြီးပွားရေးဖျက်စီးသူ"ဟု စွပ်စွဲကြပြန်၏၊ တရားများကို တစွန်းတစလေ့လာနာယူပြီးသောအခါ"ဥစ္ဆေ-ဒေါ ဘဝံ ဂေါတမော-ဂေါတမဟာ အပြတ်သမားကြီးဘဲ"ဟု ထင်နေကြပြန်၏၊ ကြွယ်ဝချမ်းသာပြီး ကျန်းကျန်းမာမာနှင့် စည်းစိမ်ရစ်နေသော မာဂဏ္ဍိယ ပုဏ္ဏားကြီးကမူ သူ့ဝမ်းဗိုက်ကို အကြိမ်ကြိမ်ပုတ်ပြကာ"ဂေါတမပြောတဲ့ နိဗ္ဗာန်ဟာ ဒါဘဲမဟုတ်လား"ဟု မထီမဲ့မြင် ပြောဆိုခဲ့ဖူးလေသည်၊ ဗုဒ္ဓဓမ္မကို နားမလည်နိုင်သကဲ့သို့ ဘုရားဆိုလျှင် ကောင်းကင်ကိုသာ မော့ကြည့်နေကြရသဖြင့် ဗုဒ္ဓဆိုသည်ကိုလည်း နားမလည်နိုင်ခဲ့ကြပေ။

ချစ်သားတို့၊ ပဒုမ္မာကြာ ပုဏ္ဏာဂိုက်သည် ရေဋ္ဌဖြစ်ပွား၊ ရေဋ္ဌကြီးပွားလာသော်လည်း ရေနှင့်လိမ်းကျံမှုမရှိ၊ ရေမတင်၊ ရေပြင်အထက်ဋ္ဌသာ တက်၍ တည်နေသကဲ့သို့၊ ငါဘုရားသည်လည်း ဤလောကဋ္ဌ မွေးဖွား, ဤလောကဋ္ဌ ကြီးပြင်းခဲ့သော်လည်း လောကနှင့် လိမ်းကျံငြိတွယ်ခြင်းမရှိ၊ လောကကို လွှမ်းမိုး၍(လောကအထက်ဋ္ဌ) တည်နေလျက်ရှိ၏။ (လောကဆွဲအားမှ လွန်မြောက်သူဟု ဆိုလိုသည်။ ပပ္ပသုတ်။)

လောကဋ္ဌ ထူးခြားသော ပုဂ္ဂိုလ်တယောက်ကို ကြည့်ရှုလေ့လာချဉ်းကပ်ကြရာဋ္ဌ ရှုထောင့်လေးမျိုးဖြင့် ကြည့်ကြသည်၊ ချဉ်းကပ်ကြသည်၊ အများအားဖြင့် ပထမဆုံး ရုပ်ရည်ဥပဓိကို ကြည့်ကြသည်(ရှုပပွမာဏ)၊ ဒုတိယ ထင်ပေါ်ကျော်ကြားမှုနှင့် ချိန်ထိုးသည်(ယောသပွမာဏ)၊ ထို့ဖြင့် ဆင်းရဲခေါင်းပါးစွာ နေထိုင်မှု၊ အပြတ်အသတ်စွန့်လွှတ်မှုနှင့်လည်း စံထိုးကြည့်သည်(လူဓပွမာဏ)၊ အလွန်အရေအတွက် နည်းပါးလှသော

စဉ်းစားညာဏ်ရှိသူများကမူ ဟောပြောကျင့်ကြံသည့်တရားဓမ္မအလုပ်နှင့် ဆုံးဖြတ်သည်(ဓမ္မပွမာဏ)။ (စတုက္က-အံ၊ ရူပသုတ်နှင့် စူဠဒုက္ခသုတ် အဖွင့်။)

မြတ်စွာဘုရားရှင်ကား အထက်ပါ ရူထောင့်လေးမျိုးလုံးနှင့် အကြည့်ခံနိုင်သူဖြစ်၍ အချိန်အနည်းငယ်အတွင်းမှာပင် တိုက်ခိုက်နေကြသည့် ကြားက ရွံ့နွံနှင့်ရေပြင်ပေါ်မှာ ထိုးတက်လာသော ကြာပဒုမ္မာကဲ့သို့ ဓမ္မနိုင်ငံတော်ကြီးကို ဓမ္မဝိဇယ-ဓမ္မအင်အားဖြင့်ပင် အောင်မြင်စွာ တည်ထောင်နိုင်ခဲ့လေသည်။

ဓမ္မဝိဇယဓမ္မနိုင်ငံတော်ကြီး ပေါ်ပေါက်လာသည်နှင့် ပထမဦးစွာ မဇ္ဈိမဒေသ ဣန္ဒိယနိုင်ငံသူ နိုင်ငံသားတို့ပင် ဓမ္မအသိုးအပွင့်ကို စတင်သုံးစားကြရ၏၊ ဗုဒ္ဓဓမ္မကျေးဇူးကြောင့် ဣန္ဒိယနိုင်ငံကြီးသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လက်မှုအတတ်ပညာ အသိပညာစသည်တို့ တရိန်ထိုးတိုးတက်သွား၏၊ ကမ္ဘာ့လူသားတိုင်းက မော့ကြည့်ရသော နိုင်ငံကြီး, ချစ်ခင်လေးစားခံရသော နိုင်ငံကြီးဖြစ်လာရုံမျှမက အပြည့်ပြည့်ဆိုင်ရာဆက်ဆံရေးတွင် အပေါ်စီးရရှိခဲ့ကြောင်း သမိုင်းကပြောပြဆဲဖြစ်သည်။

ရှေးအခါက လူတို့သည် ကံနှင့်ကံ၏ အကျိုး၊ ကိုယ်ကျင့်သိက္ခာများပြောဆိုကျင့်သုံးခဲ့ကြသော်လည်း လမ်းပြသူတိုင်းပင် ကြည့်လင်စွာ မမြင်ခဲ့ကြ၊ မျက်မမြင်လမ်းပြသူ၏ ခါးတောင်းကြိုက်ကို ဆွဲကာဆွဲကာ နောက်ကတန်းစီလိုက်ကြရသော မျက်မမြင်လူတန်းကြီး(အန္ဓဝေဏီ)ကဲ့သို့ ဖြစ်ခဲ့ကြရသည်။ ကိုယ်ကျင့်သိက္ခာ ကိုယ့်အားကိုယ်ကိုးရမည့် ကံတရားနှင့်စပ်၍ ပထမဆုံးနံပါတ် ၁-"ပါဏာတိပါတာ"လောက်ကိုပင် ဟန်ကုန်အောင် မသိမမြင်ခဲ့ကြရ။ တိရစ္ဆာန်ကိုသတ်၍ ထိုသွေးဖြင့် ဘုရားပူဇော်ရသည်ကိုပင် ဧရာမကုသိုလ်ကြီးဟုအယူမှားခဲ့ကြရာ၏၊ တိရစ္ဆာန်အပါအဝင် သတ္တဝါတဦးကိုသတ်သည့်အတွက် သတ္တလောကကြီးအတွင်း ကွင်းဆက်မကောင်းကျိုးများ မည်သို့ဖြစ်လာနိုင်သည်ကို မသိမမြင်ကြသဖြင့် ဇက်ရဲလက်ရဲသတ်ခဲ့ကြ၏၊ ဘုရားအမည်ခံဆရာကြီးအချို့ကလည်း သတ်စေအမိန့်ပေးခဲ့ကြသည်၊ ဗြာဟ္မဏဝါဒစသည်၌ကံတရားကို လက်ခံထားသော်လည်း အကျိုးအပြစ်ဖြစ်ချင်တိုင်းမဖြစ်ရ၊ ဖန်ဆင်းရှင်က ကြိုးကိုင်ထားသည်၊ နောက်ဆုံး အဆုံးအဖြတ်သည် ဖန်ဆင်းရှင်လက်ထဲ၌သာရှိနေ၏၊ ဘုရားရှင်သည် ထိုအခြေခံကစ၍ သင်ပြပေးတော်မူခဲ့၏။။

"သက်ရှိသတ္တဝါတိုင်း ဒုက္ခရောက်မည်၊ သေရမည်ကို ကြောက်ကြ၏၊ သတ္တဝါတိုင်း ကိုယ့်အသက်ကို မြတ်နိုးကြ၏၊ မိမိကိုယ်ကို ဥပမာထား၍(ကိုယ်ချင်းစာ၍) မည်သည့်သတ္တဝါကိုမျှ မညှဉ်းဆဲ၊ မသတ်ဖြစ်ရာ"(ဓမ္မပဒ)။

" မိခင်သည် တစ်ဦးတည်းသောသားကို အသက်နှင့်လဲကာ အမြဲစောင့်ရှောက်သကဲ့သို့ သတ္တဝါတိုင်းအပေါ် အတိုင်းမသိ မိခင်မေတ္တာ ထားရမည်"(မေတ္တာသုတ်)။

မြတ်စွာဘုရားရှင်သည် သားတော်ရာဟုလာ ခုနစ်နှစ်သား**အရွယ်တွင်** ကိုယ်ချင်းစာတရားဖြင့် ဦးစွာသွန်သင်ခဲ့လေသည်၊ 'မိမိပြုလုပ်မည့်အလုပ်သည် မိမိသူတပါး နှစ်ဦးသားအား ထိခိုက်နစ်နာစေမည့်အလုပ် ဟုတ် မဟုတ် ကြိုတင်စဉ်းစားပြီးမှ ပြုလုပ်ရန်၊ ပြုလုပ်ပြီးကိစ္စများကိုလည်း ဤနည်းအတိုင်း ပြန်လှန်စစ်ဆေးရန်' ဆုံးမတော်မူဖူးသည်(အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်)။

ဤ လူ့အခြေခံတရားများသည် မည်သည့်ဘာသာကမျှ မငြင်းကွယ်နိုင်သော သဘာဝတရားများဖြစ်၏၊ ဤအခြေခံစိတ်ထားမျှဖြင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာနိုင်၏၊ မဇ္ဈိမဒေသ ဗုဒ္ဓပွင့်ရာ ဣန္ဒိယနိုင်ငံ၌ အများအားဖြင့် သာသနာကွယ်နေသော်လည်း ထိုမြေ၌ ကိုယ်ချင်းစာတရားများ ယနေ့တိုင် ရှင်သန်နေဆဲ ဖြစ်သည်မှာလည်း ဗုဒ္ဓဓမ္မ၏ ဝိသေသလက္ခဏာတရပ်ပင်တည်း။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က ဗုဒ္ဓပွင့်တော်မူလာခြင်းသည် မဇ္ဈိမဒေသ ကွက်ကွက်ကလေးအတွက်မျှသာမက၊ တကမ္ဘာလုံး နတ်နှင့်တကွ သုံးလောကလုံးအတွက် များစွာအကျိုးဖြစ်ထွန်းခဲ့ပေသည်၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှု၊ ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရေး၊ တဦးအပေါ်တဦး မကျူးကျော်ရေး၊ ကိုယ်ချင်းစာတရားစသော ဗုဒ္ဓ၏သွန်သင်ချက်များသည် ဣန္ဒိယနိုင်ငံနှင့် ဗုဒ္ဓဘာသာဝင်တို့အဖို့သာမက အခြားနိုင်ငံခြားဘာသာစာပေနှင့် အခြားဘာသာဝင်တို့အတွင်းကိုပါ ချင်းနင်းထိုးဖောက် ဝင်ရောက် ပြန့်နှံ့အကျိုးပြုလျက်ရှိနေကြောင်း ပညာရှင်အများက လက်ခံ ထားကြ၏၊ ထိုမျှမက ဘုရားရှင်၏သံဃာ့အဖွဲ့အစည်း ဝိနည်းဥပဒေဆိုင်ရာ လိုက်နာရှောင်ကြဉ်ရမည့် အလွန် စေ့စပ်သေချာသည် စည်းကမ်းစနစ် သတ်မှတ်ချက်များ(မူလပညတ်-

အနုပညာတ်-ဖြည့်စွပ်ချက်-ခြွင်းချက် စသည်)သည်လည်း အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်ရေးဥပဒေ-လူနေမှု စနစ်များအထိပါ သြဇာသက်ဝင်လွှမ်းမိုးနေကြောင်း ဥပဒေဆိုင်ရာ သမိုင်း ပညာရှင်များက လက်ခံယုံကြည် ထားကြလေသည်။

ဤကား ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ၏ ၎ပ်ကွယ်နေသော ဝိသေသလက္ခဏာ အမြွက်မျှဖြစ်သည်။

အမျိုးသမီးထု အခွင့်အရေး

ဤ၌ အရေးအကြီးဆုံး ဝိသေသလက္ခဏာများကိုသာ ဖော်ပြနိုင်မည်ဖြစ်ရာ မပြောမပြီးသော ဝိသေသလက္ခဏာမှာ အမျိုးသမီးထုအခွင့်အရေးပင်ဖြစ်သည်၊ ယနေ့ကမ္ဘာအရပ်ရပ်တွင် ဇာတိကမျှတသော ဥပဒေများဖြင့် ရပ်တည် နေနိုင်ပြီဟု ယူဆရသော်လည်း အမျိုးသမီးထုအခွင့်အရေးမှာ တိုက်ယူအရေးဆို နေကြဆဲဖြစ်၏၊ ဗုဒ္ဓပွင့်ထွန်းတော်မူသည့်ခေတ် ဣန္ဒိယ၏ အမျိုးသမီးထုမှာ ဆိုဖွယ်ရာမရှိ၊ လုံးဝအနှိမ်ခံဘဝ၌သာ ရပ်နေကြရသည်။

အခြားကမ္ဘာ၌ပင် အရှင်သခင်တစ်ယောက်သေလျှင် ကျေးကျွန်များ အားလုံးလိုက်ပါအသေခံရသကဲ့သို့ ဣန္ဒိယအမျိုးသမီးများလည်း လင်ယောကျ်ား သေလျှင် အလောင်းကိုဖက်၍ လိုက်ပါသေကြရသည့်ထုံးစံသည် လွန်ခဲ့သော ရာစုနှစ်များအထိ ရှိနေခဲ့၏၊ ဗုဒ္ဓပွင့်ထွန်းနေချိန်တွင်ကား အရေးကြီးသော ဘာသာရေးကိစ္စများ၌ အမျိုးသမီးများအား လုံးဝ ဘေးဖယ်ထားခဲ့ကြသည်၊ လူမှုရေးကိစ္စများတွင်လည်း အပယ်ခံဘဝ၌သာ ရပ်တည်ခဲ့ကြရ၏။

ဗုဒ္ဓဓမ္မများ ကောင်းစွာအသားမကျသေးမီက ကောသလမင်းကြီး မြတ်စွာဘုရားထံ လာရောက်ဖူးမြော်ထိုင်နေခိုက် မလ္လိကာမိဖုရားကြီးမှ သမီးတော်ကလေးတပါး ဖွားမြင်ကြောင်း မင်းချင်းတယောက်က မင်းကြီးနား နားကပ်၍ သံတော်ဦးတင်လာ၏၊ "သမီးတော်ကလေး"ဟု ကြားရသည်နှင့် မင်းကြီးမျက်နှာ ပြောင်းသွားသည်၊ ဣန္ဒိယ၌ ယနေ့ခေတ်ထိ သမီးမွေးဖွားသော မိဘတို့ ကံဆိုးဝင်သည်ဟု ထင်မြင်ကြသည်၊ လူမှုရေးကိစ္စအရပ်ရပ်တွင် သမီးရှင်တို့ မျက်နှာငယ်ကြရ၏။

မြတ်စွာဘုရားရှင်က အကြောင်းစုံသိတော်မူသဖြင့် မင်းကြီးအား နှစ်သိမ့်စကား ပြောကြားမိန့်ဆိုတော်မူရ၏။

"ကွတ်ထီ ပိ ဟိ ဇကစ်ဖိယာ သေယျာ-အချို့အမျိုးသမီးများလည်း အသိဉာဏ်ပညာ နည်းသော ယောကျ်ားများထက် သာလွန်မြင့်မြတ်ကြသည်၊ တိုင်းပြည်အုပ်ချုပ်သူ မင်းကောင်းမင်းမြတ်၏ မယ်တော်လည်းဖြစ်နိုင်သည်ဖြစ်၍ သမီးတော်ကလေးကို ကောင်းစွာ ပြုစုစောင့်ရှောက်ပါလေ ဒကာတော်မင်းကြီး" ဟု -

ဟောတော်မူရဖူးသည်၊ ထိုအခါ မင်းကြီးလည်း စိတ်ချမ်းသာ သွားလေတော့၏ (သဂါထာ-ကောသလသံယုတ်)။

မြတ်စွာဘုရားရှင်က ကုဏ္ဍလကေသာထေရီမနှင့်စပ်၍ "ကွတ်ထီပိပဏ္ဍိတာ ဟောတိ- အမျိုးသမီးတို့လည်း ပညာရှင်များဖြစ်နိုင်ခွင့် ရှိကြလေသည်" ဟုလည်း မိန့်ဆိုတော်မူဖူးသည်၊ အနှိမ်ခံ အမျိုးသမီးများကို ဆွဲထူတင်မ ပေးတော်မူခဲ့၏ (ထေရီအပဒါန်)။

မြတ်စွာဘုရားရှင် ငါးဝါအရတွင် မိထွေးတော်ဂေါတမီအမှူးပြုသော သာကီဝင်အမျိုးသမီးများအား အမျိုးသားရဟန်းတော်များနည်းတူ ဘိက္ခုနီထေရီမ ပြုခွင့်ပေးတော်မူလိုက်သည်မှာ အနှိမ်ခံအမျိုးသမီးအတွက် အမြင့်ဆုံးအထွတ်အထိပ် အခွင့်အရေးကြီးပင်ဖြစ်သည်၊ ကမ္ဘာအမျိုးသမီးတုသမိုင်းတွင် ထိုမျှမြင့်မားသော အသိအမှတ်ပြုခြင်းမျိုး ဘယ်မှာမျှမရှိခဲ့ဖူးသေးချေ။ ထိုမျှမက အမျိုးသမီးများ၊ ထေရီမများအား အမျိုးသားများ၊ ရဟန်းတော်များနှင့်မခြား စွမ်းရည်အလိုက် "ဧတဒဂ်-အတော်ဆုံး" ဘွဲ့ဖြင့် ချီးမြှင့်မြှောက်စားတော်မူခဲ့သည်။

ဓမ္မဒိန္နာကဲ့သို့ ဗုဒ္ဓဓမ္မဟောပြောနိုင်စွမ်းသူ အဆင့်အတန်းအမျိုးမျိုးမှ အမျိုးသမီးများ၊ အကျင့်သိက္ခာဘာဝနာတွင်လည်း အမျိုးသားများကဲ့သို့ ထူးချွန်စံတင်လောက်သော အမျိုးသမီးများ များစွာ ပေါထွန်းလာခဲ့သည်။ အမျိုးသမီးများကို အမျိုးသားများနှင့်မခွဲခြား မနှိမ့်ချရုံသာမက၊ မိဖုရားခေါင်ကြီး သာမာဝတီနှင့် အစေခံ ဥတ္တရာစသည်တို့မှာလည်း လောကီ ရာထူးဂုဏ်သိရှိ မျိုးရိုးဇာတ်အားဖြင့်လည်း ခွဲခြားမှတ်ယူခြင်းမရှိ၊ ဘုရားရှင်ခွဲခြားမှုတခုကိုမူ သတ်မှတ်ထားသည်၊ မြတ်စွာဘုရားရှင် ယုတ်မြတ် ခွဲခြားသည်မှာ ဇာတ်မဟုတ်၊ မျိုးရိုးမဟုတ်၊ ရာထူးဂုဏ်သိရှိမဟုတ်၊ ဓမ္မသာလျှင်ဖြစ်သည်၊ မြတ်စွာဘုရားဟောကြားသော တရားများကို မှတ်သားနာယူနိုင်သူ အစေခံမ ဥတ္တရာ

(ခုဇ္ဈတ္တရာ)ကို ပလ္လင် အမြင့်ပေါ်တင်၍ မိဖုရားခေါင်ကြီး သာမာဝတီနှင့် နန်းတွင်းသူ ၅၀၀-တို့က ကြမ်းပြင်အနိမ့်မှ ရိုသေစွာ ရှိခိုး၍ နာယူကြရသည်။

ပို၍ အံ့ဖွယ်ကောင်းသည်မှာ ခုဇ္ဈတ္တရာသည် ကျောင်းတော်သို့ နေ့စဉ်သွား၍ တရားတော်များကို **အထူးစေ့စပ်စွာ** နာယူမှတ်သားပြီး နန်းတွင်း၌ ပြန်လည်ဟောပြရသည်။

"ဣတိ ဝုတ္တံ ဘဂဝတာ- ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ ဟောကြားသည်ကို မှတ်သားနာယူခဲ့ရပါသည် အရှင်မတို့"ဟု ပြန်လည် ဟောပြရာမှ ဣတိဝုတ်ပါဠိတော်ကြီး ဖြစ်ပေါ်လာခဲ့သည်။ မြတ်စွာဘုရား မရှိတော့သည့်နောက် သံဂါယနာတင်ကြသောအခါ ခုဇ္ဈတ္တရာ နာယူမှတ်သား စုစည်းဟောပြောခဲ့သော **"ခုဇ္ဈတ္တရာမှတ်စု- ခုဇ္ဈတ္တရာ ဓမ္မဒိုင်ယာရီ"**သည် "ဣတိဝုတ္တကပါဠိတော်"အမည်ဖြင့် သီးခြားသံဂါယနာ တင်ခဲ့ကြရလေသည် (ဣတိဝုတ္တက ၌၊ နိဒါနဝတ္ထုနာ)။

ဤသည်လည်း ကမ္ဘာအနိမ်ခံ အမျိုးသမီးထုကို မြှင့်တင်မြောက်စားခဲ့သော ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ဝိသေသလက္ခဏာတခုပင်တည်း။

ဣန္ဒိယသမိုင်းရှည်ကြီးတွင် အသောကအင်ပါယာသည် ကမ္ဘာက လေးစားရသော အခန်းကဏ္ဍကြီးတခုဖြစ်၏၊ အသောက၏အစောပိုင်းက အောင်မြင်မှုများသည် 'ယုဒ္ဓဝိဇယ-တိုက်နိုင် သတ်နိုင်လို့ရသော အောင်ပွဲများ' ဖြစ်၏၊ သို့သော် နယ်ပယ်လည်းကျဉ်းမြောင်း၏၊ တည်ငြိမ်အေးချမ်းမှုလည်းမရ၊ နောက်ပိုင်း ကလိင်္ဂစစ်ပွဲအပြီး ဓားလက်နက်အစား ဗုဒ္ဓဓမ္မကို စွဲကိုင်သောအခါ ကမ္ဘာက မော့ကြည့်ရသော အသောကအင်ပါယာကြီး ဖြစ်လာခဲ့သည်၊ နယ်ပယ်ဒေသလည်း ကျယ်ဝန်းလာ၏၊ တည်ငြိမ်အေးချမ်းမှုလည်း အပြည့်၊ ကျက်သရေရှိရှိ ရပ်တည်နိုင်ခဲ့သည်။ ထိုဟာကိုပင် "ဓမ္မဝိဇယ- ဓမ္မအောင်ပွဲကြီး' ဟု မြိန်ရှက်စွာ သုံးစွဲခဲ့လေသည်။ သာကီဝင်တို့သည် စုပေါင်းစနစ်ဖြင့် အုပ်ချုပ်ခဲ့ကြ၏၊ အောင်မြင်ခဲ့သည်၊ အသောကသည် တကိုယ်တော်စနစ်ဖြင့် အုပ်ချုပ်ခဲ့၏၊ အောင်မြင်ခဲ့သည်။ ထိုသမိုင်း တင်ပေါက်သော အောင်မြင်မှုတို့၏ နောက်၌ ဖုံးကွယ်နေသော သော့ချက်ကား လူမဟုတ်၊ ဓမ္မပင်တည်း။

လူတန်းစားခွဲခြားရေး အမြင်

မြတ်စွာဘုရားရှင်သည် အမျိုးမျိုးသော အယူဝါဒများကို လမ်းတည့်ပေးရုံမျှမက၊ အမျိုးမျိုးသော လူနေမှုဝေလေ့ထုံးတမ်းများကိုပါ ပြောင်းလဲပေးနိုင်ခဲ့သည်၊ ထက်အောက်ပြောင်းပြန် လှန်ပစ်နိုင်ခဲ့သည်၊ ဗြာဟ္မဏ ဝါဒသည် လူတန်းစားခွဲခြားရာ၌ စံတင်လောက်၏၊ လူဖြူလူမည်း ခွဲခြားခြင်းမျိုးမျှမက၊ လေးမျိုးလေးစားအထိ ခွဲခြားခဲ့၏၊ လူ့ခံစားခွင့် အားလုံးကိုပါ ခွဲခြားသတ်မှတ်ထားသည်။ ဗြာဟ္မဏမျိုးသည် အမြင့်ဆုံးဖြစ်၏၊ ပညာရေး၊ ဘာသာရေး၊ စီးပွားရေး အားလုံး အပေါ်စီးယူထားသည်၊ ထို့နောက် ခတ္တိယမျိုး(စစ်သားမျိုး-မင်းမျိုး)၊ ဝဿမျိုး(ကုန်သည်မျိုး)၊ ထို့နောက် အနိမ့်ဆုံးသုဒ္ဒမျိုး (ဆင်းရဲသားမျိုး) တို့ဖြစ်၏၊ ဇာတိ(မွေးဖွား)ကတည်းက သတ်မှတ်ချက် ပေးလိုက်ပြီးဖြစ်၍ ရာသက်ပန် တိုးတက်ခွင့် ပြင်ဆင်ခွင့် ခြွင်းချက်မရှိ ဖြစ်တော့သည်။ ယခုအခါတွင်ကား ဇာတ်ဝါဒခေါ် လူတန်းစားပေါင်း ရာထောင်ချီ ရှိနေလေပြီ။

ထိုလူနေမှုအသိုင်းအဝိုင်းတွင် ဗုဒ္ဓပွင့်ပေါ်တော်မူလာရာ သူဌေးသားသောဏနှင့် မစင်ကျုံးသမား သုနိတတို့ကဲ့သို့ အစစ်အမှန် လူ့တန်ဖိုးကိုကြည့်၍ တတန်းစားတည်း အသိအမှတ်ပြုတော်မူလိုက်ရာ ဗြာဟ္မဏတို့ ဆတ်ဆတ်ခါနာကျည်းခဲ့ကြ၏၊ ဓမ္မတွင် ခွဲခြားမှုမရှိ၊ သားတော်ရာဟုလာနှင့် ရန်သူဒေဝဒတ်ကိုသာမက၊ တိရစ္ဆာန်ဖြစ်သော နာဠာဂိရိ(ရန်သူ)နှင့် ပလလည်း ဆင်(မိတ်ဆွေ)၊ နန္ဒောပနန္ဒ(ရန်သူ)နှင့် မုစလိန္ဒနဂါးမင်း(မိတ်ဆွေ)တို့ကိုပင် ခွဲခြားတော်မမူ၊ ဓမ္မတွင် ရန်သူ မိတ်ဆွေမရှိ။

အရောင်အမျိုးမျိုး, ရသာအဖုံဖုံရှိသော ချောင်းမြောင်း မြစ်ကြီးမြစ်ငယ် အသွယ်သွယ်မှ စီးဆင်းလာသောရေများသည် သမုဒ္ဒရာသို့ ရောက်သည်နှင့် ကွဲပြားမှုမရှိ၊ တရောင်တသွေးတည်း အရသာတမျိုးတည်းသာဖြစ်ရ၏၊ ထိုဟာသည်ပင် ဓမ္မဖြစ်သည်၊ ဓမ္မသည် မကျဉ်းမြောင်း၊ ကျယ်ပြောသည်၊ အသွေးအရောင်မကွဲပြား၊ တသားတည်းဖြစ်သည်၊ ကွဲပြားသောအရာတို့ စုပေါင်းညီညွတ်ခြင်းပင်လျှင် တည်ငြိမ်ကြီးမားသော အားဖြစ်လာသည်။

မြေပြင်ရှိရေအလုံးကို သိမ်းကြုံးဆွဲဆောင်၍ တသားတည်း တည်ငြိမ်ကြီးမားသော အားအဖြစ် ပြောင်းလဲပေးသည်မှာ **ဓမ္မ**ပင်ဖြစ်သည်၊

အသွင်အမျိုးမျိုး မျိုးရိုးဗီဇအသီးသီး မတူ ကွဲပြား ခြားနားနေသော သက်ရှိလူသားတို့အား တသားတည်းဖြစ်အောင် စုစည်းပေါင်းရုံး၍ အကောင်းဆုံး တည်ငြိမ် ငြိမ်းချမ်းသော လူ့အဖွဲ့ကြီးအဖြစ်သို့ "ပဲ့"ပေးနိုင်သည်မှာလည်း ဓမ္မပင်။

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒတွင် လူမှုရေးရှုထောင့်မှ အံ့အားသင့်စရာကောင်းသော ဝိသေသလက္ခဏာအမြွက်မျှကိုသာ သုံးသပ်တင်ပြနိုင်၏၊ ဓမ္မရေးရှုထောင့် အရမူ ဆိုဖွယ်ရာမရှိ၊ အစဉ်အလာ လူအဖွဲ့အစည်းကြီးကို ပြောင်းပြန်လှန်ပစ်လိုက်သော ဝိသေသလက္ခဏာ၏ သာဓကတခုမှာ သုနိတဖြစ်သည်၊ သူကား အမှိုက်ကျုံး မစင်ကျုံး မြို့ပြသန့်ရှင်းရေးသမား၊ အောက်တန်းစားလူတယောက်၊ တနေ့သော အရဏ်တက်နံနက်ခင်း သုနိတသန့်ရှင်းရေးလုပ်နေသော ရာဇဂြိုဟ်မြို့တွင်း လမ်းကြားထဲသို့ ဘုရားရှင်ဆွမ်းခံကြွလာ၏၊ နောက်ပါသံဃာများလည်း ပါလာသည်၊ ညစ်ပတ်ပေကျံနေသော သုနိတ ရင်ဆိုင်ကြွလာသော ဘုရားရှင်နှင့် သံဃာတော်များ၏ အသရေကို မြင်ရသည်နှင့် အံ့အားသင့်ကာ မနေတတ် မထိုင်တတ်၊ ရပ်တည်ရာမရ၊ လမ်းကျဉ်းဘေးတဘက် နံရံသို့ ပြေးကပ်လိုက်၏၊ ထမ်းပိုးကိုထောက်ကာ ကြောက်ကြောက်ရွံရွံနှင့် လက်အုပ်ချီရင်း မဝံ့မရဲ ဖူးမြော်နေသည်၊ ဇာတ်မြင့်သူနှင့် ပက်ပင်းရင်ဆိုင်ရသော ဇာတ်နိမ့်တို့၏ သဘာဝအတိုင်း ဘုရားရှင် သူရှိရာသို့ နှီးဆွလာလေလေ တုန်လှုပ်လေလေ ဖြစ်ကာ တကိုယ်လုံး တုန်ရီနေ၏၊ ထိုအခိုက် အနီးသို့ရောက်လာသော ဘုရားရှင်၏ နှုတ်တော်မှ သူမမျှော်လင့်သော အလွန်ချိုမြိန်သည့် အသံတသံ ကြားလိုက်ရရာ မျက်လုံးများ ပြူးကျယ်သွားအောင် အံ့အားကြီးသင့်ရ၏။

"ချစ်သား သုနိတ - သင့်အလုပ်ကား ပင်ပန်းကြီးစွာ၊ သင် ရဟန်းပြုနိုင်သလော"

ဘယ်တုန်းကသိထားဖူးသည်မသိ၊ မိမိနာမည်ကိုတပ်၍ မေးလိုက်သော အသံကြောင့် အံ့အားကြီးသင့်ကာ နတ်ရေစင် သွန်းဖျန်းလိုက်သကဲ့သို့ ရွှင်လန်းတက်ကြွသွား၏၊ "မိမိလို မစင်ကျုံးသမား ဇာတ်နိမ့်တဦးကို အတုမရှိ ဇာတ်မြင့်သော ဘုရားရှင်က အဖက်လုပ်၍ အရေးတယူ မေးဖော်

ရလေခြင်း”ဟု ပီတိများ တဖျဉ်းဖျဉ်း စိမ့်ဝင်သွား၏။ “သင် ရဟန်း ပြုနိုင်သလော” ဟူသော မေးခွန်းမှာ ကိုယ့်နား ကိုယ်မယုံကြည်နိုင်အောင် ရှိရတော့သည်။

သို့နှင့် မစင်ကျုံးသမား သုနိတ အတုမရှိမြင့်မြတ်သော ရဟန်းဘဝရကာ တန်ခိုးအဘိညာဉ်ရ ရဟန္တာ အရှင်မြတ်ကြီးတစ်ပါး ဖြစ်တော်မူသွား၏၊ လူတွင်မက သိကြား, နတ်, ဗြဟ္မာတို့ပင် အထင်အရှားလာရောက် ဦးတိုက်ခြင်း ခံတော်မူရလေ၏ (သုနိတအပဒါန်)။

ဇာတ်နိမ့် ဇာတ်မြင့် လူတန်းစားခွဲခြားခြင်း၏ ဆိုးကျိုးကား များလှ၏။ ဝိဒူဎဘ ဘဝသည် သာဓကတခုဖြစ်သည်၊ ကျွန်မသမီး ဝါသဘခတို့ယာကို ကောသလမင်းကြီးအား လိမ်လည်ဆက်သရာမှ သာကီဝင်တို့မရှုမလှ သေကျေ ပျက်စီးခဲ့ကြရသည်။

မြတ်စွာဘုရား သာသနာတော်၌ သုနိတကဲ့သို့ ဇာတ်နိမ့်ဟုဆိုကာ လူ့အဖွဲ့အစည်းထဲမှ ဘေးဖယ်ထုတ်ထားခံရသူများ အများအပြားရှိခဲ့လေသည်။ မြတ်စွာဘုရားပေးသော လူ့အခွင့်အရေး လူ့တန်ဖိုးကား သုနိတ အံ့အားကြီး သင့်သကဲ့သို့ လူသာမန်တို့ မည်သို့မျှ နားမလည်နိုင်ချေ။ ထို့ကြောင့် လူမှုဆက်ဆံရေးတွင် စိတ်ကောင်းတခုထားဖို့သာ ရှိတော့သည်။

“တယောက်နှင့်တယောက် မကောက်ကျစ် မစဉ်းလဲနှင့်၊ လူအချင်းချင်း အထင်မသေးနှင့်၊ တဦးကိုတဦး ထိပါးပုတ်ခတ်ကာ တဘက်သား ဒုက္ခရောက်မည်ကို မလိုလားနှင့်”

ဤသည်လည်း အကျိုးရှိမည်သာဆိုလျှင် ဓလေ့ထုံးစံများကိုပင် ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ရဲသော ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ဝိသေသလက္ခဏာ တစ်ရပ်ပေတည်း။

လူမမယ်ကလေးများအား တန်ဖိုးထား နေရာပေးခြင်း

နောက်တခုကား ကလေးအရွယ် လူမမယ်ကလေးများကို နေရာပေးခြင်း၊ တန်ဖိုးထားခြင်းဖြစ်သည်၊ ၁၀ နှစ်အောက် ကလေးငယ်များအတွက် အစဉ်အလာ လူ့အဖွဲ့အစည်းတွင် နေရာမရှိ၊ မည်သည့်လူမျိုး, မည်သည့်ဘာသာကမျှ

နောင်ရေးတွက်ခြေမှတပါး တန်ဖိုးမထားခဲ့ကြ။ ကလေးတို့၏ အသိဉာဏ် စွမ်းရည်ကို အသိအမှတ်မပြု၊ ကလေးနှင့်လူကြီး ကြားတွင် တံတိုင်းတခု ကာထား၏။

မြတ်စွာဘုရားရှင်သည် သားတော်ရာဟုလာကို ကြင်နာစောင့်ရှောက်သကဲ့သို့ လမ်းဘေးက ကလေးငယ်များကိုလည်း အရေးတယူ သွန်သင်ဆုံးမ၏၊ တခါက ဆွမ်းခံကြွရင်း မြွေကိုဝိုင်း၍ ရိုက်နေသော ကလေးငယ်များအား -

"ကိုယ်ချမ်းသာဖို့ကိုင့်ပြီး တခြားသတ္တဝါကို မညှဉ်းဆဲ မသတ်ဖြတ်ရဘူး၊ ဒီလိုသတ်ဖြတ်လို့ ချမ်းသာမလာဘူး"ဟု -

ဆုံးမတော်မူလေ၏။ (သမ္မဟုလကုမာရကဝတ္ထု၊ ဓမ္မပဒ။)

၁၀-နှစ်အောက် ကလေးငယ်များ၏ ဉာဏ်ရည်ကိုသိတော်မူသည်မှာ မြတ်စွာဘုရားသာလျှင်ဖြစ်၏၊ မြတ်စွာဘုရား၏ ကရဏာရိပ်တွင် ပဏ္ဍိတသာမဏေ စသော ၇-နှစ်ရွယ် ရဟန္တာ သာမဏေကျော်ကလေးများများစွာဖြစ်ပေါ်ခဲ့သည်။ ၇-နှစ်သားရွယ်တွင် သောတာပန်ဖြစ်ခဲ့သူ ဝိသာခါကဲ့သို့ သူငယ်မကလေးများလည်း များစွာထွက်ပေါ်ခဲ့၏။ (မိလိန္ဒပဉ္ဉာ-ဓမ္မာဘိသမယခန်းတွင်) ၇-နှစ်အောက် သူငယ်များ တရားထူးမရနိုင်ဟု ယေဘုယျသဘောအားဖြင့် ပြထားသော်လည်း(အပဒါန်ပါဠိတော်၌) ၅-နှစ်သားကရဟန္တာဖြစ်သူ ပဉ္စသီလသမာဒါနိယထေရ်ကို တွေ့နိုင်၏။

မဟာပဓာပတိဂေါတမီ ထေရီမကြီး ပရိနိဗ္ဗာန်ပြုခါနီးတွင် ဗုဒ္ဓနှင့် ဗုဒ္ဓဓမ္မ၏ ဝိသေသလက္ခဏာများကို ဖော်ကျူးလျှောက်ထားရာ၌ ၁၀-နှစ်အောက် ကလေးများအကြောင်း ဤသို့ အမှတ်ထင်ထင် တင်ပြ လျှောက်ထားသွားဖူး၏-

"သားတော်ကြီးဘုရား၊ ဘုရားအမည်ခံ တိတ္ထိဆရာကြီးတို့ အစဉ်အဆက် မတွေ့မြင်နိုင်ခဲ့သော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို သားတော်ကြီး၏ကျေးဇူးကြောင့် ယခုအခါ ခုနစ်နှစ်ရွယ် သူငယ်မကလေးများပင် တွေ့မြင်ခံစားနေကြပါပြီဘုရား" (ထေရီအပဒါန်)။

၁၀-နှစ်အောက် ကလေးငယ်များအရေး တလောကလုံးက မျက်စိလျှဲနေသော်လည်း ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒက ကလေးများအတွက် ဝိသေသလက္ခဏာအမှတ်ပြု၍ တကယ္ယ ဖွင့်ထားလျက်ရှိ၏။

မည်သည့်လူမျိုး၊ မည်သည့်အနွယ်၊ ကြီးငယ် ကျား မ ဘဝအဆင့်အတန်းမရွေး၊ အရေးတယူ၊ တန်းတူအခွင့်အရေးပေးသည်မှာ လူ့သမိုင်းတလျှောက်တွင် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒကလွဲ၍ အဘယ်မှာတွေ့ရပါမည်နည်း၊ အားလုံးအတွက် အသင့် တံခါးဖွင့်ထားလေသည်။

"ရိုးသားမှသာ ရှိပါစေ -- လာခဲ့ပါ၊ ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်အတွင်း နိဗ္ဗာန်ချမ်းသာ ရပါစေမယ်" ဟု ဖိတ်ခေါ်ရဲသော ဓမ္မဖြစ်၏ (ဥဒုမ္ဗရိကသုတ်)။

ဥပတိဿ၊ ကောလိတ၊ ဥပါလိ၊ သီဟသေနာပတိ စသူတို့ကဲ့သို့ ကိုယ်ပိုင်ယုံကြည်မှုအတွက် ကိုယ်ပိုင်အခွင့်အရေးကို ပြတ်သားစွာ ရွေးချယ်ရန် အကူအညီပေးမည့် ဗုဒ္ဓလမ်းညွှန်ချက်များလည်း များစွာရှိနေ၏၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုအတွက် စူးစမ်းလေ့လာရန်မှာ မိမိတာဝန်မဟုတ်ပါလော။

ဘာသာအယူဝါဒရေးရာ စံ
(ကာလာမအမျိုးသားတို့အား လမ်းညွှန်ချက်)

ဗုဒ္ဓဘာသာသည် ထူးခြားမြင့်မြတ်သော သဘောထားခံယူချက်တို့နှင့် ပြည့်စုံသော ဘာသာအယူဝါဒတစ်ခုဖြစ်သည်။ လိုက်နာကျင့်ကြံသူတို့အား လောကီ လောကုတ္တရာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော စီးပွားချမ်းသာမှုန်ကို ပေးစွမ်းနိုင်သည်သာမက ဗုဒ္ဓဘာသာ၏ ထိုထူးခြားမြင့်မြတ်သော သဘောထားခံယူချက်များကို လေ့လာဖတ်ရှုရသူတိုင်းအတွက် အံ့အားသင့်စေခဲ့၏၊ ဆက်၍ လေ့လာလိုစိတ်များ ဖြစ်ပွားကြသည်၊ "ဣဒ"မေဝ သစ္စံ၊ မောဃ"မည်" "ငါ့ဟာမှအမှန်၊ ကျန်တာတွေအမှား"ဟု ခံယူထားသော သတ္တလောကကြီးအတွင်း၌ ဗုဒ္ဓ၏ခံယူချက်သည် အမှန်တကယ်ပင် အံ့အားသင့်စရာကြီးဖြစ်၏၊ "ဘယ်လိုလဲ"ဟု ဆက်လက်စူးစမ်း လေ့လာလိုစိတ် များလည်း တဆက်တည်း ဖြစ်ပွားကြရသည်၊ "ဧဟိ ပဿိကော-မယုံ လာလှည့်၊ မြည်းစမ်းကြည့်"ဟုလည်း ကြိုဆိုလက်ကမ်း လမ်းဖွင့်ထားသည့်အတိုင်းစာတွေ့လေ့ကျက်တွေ့ လေ့လာဖြစ်ဖို့သာလို၏။ လေ့လာသောအခါ အယူအဆဟောင်းအတွေးအခေါ်အဟောင်းများကို ဘေးဖယ်၍ တွယ်တာငဲ့ကွက်မှုမထား၊ ကိုယ်ပိုင်ယုံကြည်မှုအတွက် ပြတ်သားပွင့်လင်းသူတိုင်း ကျေနပ်မှုရခဲ့ကြသည်သာဖြစ်၏၊

ဘာသာအယူဝါဒ အမျိုးမျိုးတို့ကြားတွင် နားယောင်နေခဲ့ကြသော ကာလာမ အမျိုးသားတို့အား ဟောကြား လမ်းညွှန်ထားသော ကေသမုတ္တိသုတ်သည် ဘာသာအယူဝါဒရေးရာနှင့် စပ်၍"စံ"ဖြစ်၏။

ကေသမုတ္တိသုတ်တော်ကို မဖော်ပြမီ ဤသုတ်တော်ဖြစ်ပေါ်လာရပုံ အကြောင်းရင်းကို အကျဉ်းမျှတင်ပြပါဦးအံ့၊ ကေသမုတ္တနိုဂုံးရွာကြီးသည် တောအုပ်ကြီးတစ်ခု၏အဝဠ် တည်ရှိ၍ ထိုတောအုပ်ကြီးကို ဖြတ်သန်းသွားလာသူတိုင်း ဤရွာကြီးသို့ ဝင်ရောက်အပန်းဖြေနားနေကြစမြဲ ဖြစ်သည်။

ထိုတောအုပ်ကြီးကို မဖြတ်မီ ဤရွာနိုဂုံးကြီးဠ် နားနေရင်း စားနပ်ရိက္ခာ ပြည့်စုံစွာ ဝယ်ယူ ဖြည့်တင်းကြသည်၊ နိုဂုံးရွာကြီးဖြစ်သဖြင့် စျေးဆိုင်များနှင့် အရောင်းအဝယ်စည်ကားသည်၊ ထိုရွာကြီးကို အုပ်ချုပ်သူတို့မှာ ကာလာမ အနွယ်ဝင် မင်းမျိုးများဖြစ်ကြသည်။ ကာလာမ မင်းမျိုးတို့သည် အတွေးအခေါ် ပညာဉာဏ် ထက်မြက်ကြသည်၊ ထိုခေတ်က ကျော်ကြားလှသည့် ဘုရားအလောင်းလျာ၏ ဆရာ-တော်ခဲ့သော အာဠာရ ရသေ့ကြီးလည်း ထိုကာလာမ အနွယ်ဝင်ပင်ဖြစ်သည်။

ကေသမုတ္တနိုဂုံးရွာကြီးကား ပညာအမြော်အမြင်ရှိသော ကာလာမ မင်းမျိုးတို့၏ အုပ်ချုပ်မှုအောက်တွင် အေးချမ်းသာယာကာ လူနေအိမ်ခြေ များပြားစည်းကားလှ၏။ တောအုပ်ခရီးအစတွင် တည်ရှိသော ရွာကြီးဖြစ်၍ ခရီးသွား ခရီးလှည့်လည်သူ အယူဝါဒမျိုးစုံ လူမျိုးစုံ ရောက်ရှိအပန်းဖြေ နားနေရာ ဌာနကြီး ဖြစ်ရုံမျှမက ဘာသာဝါဒမျိုးစုံတို့၏ ဝါဒဖြန့်ချီရာစည်းရုံးရေး နယ်မြေကြီးလည်းဖြစ်သည်၊ ထိုရွာကြီးသို့ရောက်လာကြသူ ပညာရှိ ရဟန်း၊ ပုဏ္ဏားတို့က "မိမိတို့၏အယူဝါဒသာ ကောင်းကြောင်း၊ အခြားသူတို့၏ ဝါဒများ မှားကြောင်း၊ အချည်းနှီးသာဖြစ်ကြောင်း၊ အယူဝါဒကိုအကြောင်းပြု၍ လိမ်ညာနေသူများသာဖြစ်ကြောင်း"စသည်ဖြင့် မိမိတို့ဝါဒကိုချီးမွှောက်ကာ အခြားသူတို့၏ဝါဒကို ထိပါး ပုတ်ခတ် နှိမ့်ချ ဟောပြောနေခဲ့ကြသော အချိန်ဖြစ်သည်။

ကေသမုတ္တရွာသား ကာလာမမင်းသားတို့သည် မည်သူ၏ဝါဒကို လက်ခံကျင့်သုံးရမည်ဟု မဆုံးဖြတ်တတ်အောင်ဖြစ်နေသည်၊ မည်သူ၏ ဝါဒသည် အမှန်ဖြစ်သည်ဟု မဝေခွဲတတ်အောင်ဖြစ်နေကြ၍ မည်သည့်အယူဝါဒ

ကိုမျှ တညီတညွတ်တည်း လက်မခံဝံ့ကြ၊ လက်ခံမထားကြပေ။ ခေါင်းဆောင်ဆိုသူ၏ ထိုအပြောအဆို ထိုစိတ်ဓာတ်ကိုကြည့်ရုံဖြင့် မည်သည့်အယူဝါဒကိုမျှ လက်မခံသေးခြင်းသည် အကောင်းဆုံးသော ယာယီဆုံးဖြတ်ချက်ဖြစ်သွား၏၊ ဘာသာအယူဝါဒဟူသည် ကိုယ်ပိုင်စိတ်ကြိုက် ရွေးချယ်နိုင်သော အခွင့်အရေးလည်း ဖြစ်၏၊ သံသရာနှင့်ချီ၍ ဘဝနှင့်ရင်း၍ စဉ်းစားရမည့် ကိစ္စလည်း မဟုတ်ပါလော။

အခါတပါး မြတ်စွာဘုရားသည် နောက်ပါတပည့်သံဃာများနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ ကြွချီတော်မူစဉ် ကာလာမ မင်းသားတို့ နေထိုင်ရာ ကေသမုတ္တနိဂုံးရွာကြီးသို့ ဆိုက်ရောက်တော်မူလာသည်၊ ကေသမုတ္တရွာသား ကာလာမမင်းသားတို့သည် မြတ်စွာဘုရား ရောက်လာပြီဆိုကတည်းက ဘုရားရှင်၏ မျိုးရိုးဇာတိစသော ကောင်းသတင်းဂုဏ်များကို ကြားသိထားသည့်အတိုင်း အသီးအသီး အုပ်စုဖွဲ့ကာ ချီးကျူးပြောဆို နေကြလေသည်။

ဂေါတမမြတ်စွာဘုရားသည် သာကီဝင်မင်းသားဘဝမှ ရဟန်းပြုလာသူ ဖြစ်ကြောင်း၊ လူတွေကိုသာမက နတ် ဗြဟ္မာအပါအဝင် တလောကလုံးအား ကိုယ်တိုင်သိထားသော တရားသဘောကိုသာ ဟောကြားသူဖြစ်ကြောင်း၊ ဟောသမျှလည်း ဖြည့်စွက် ပယ်နုတ်စရာမရှိ၊ တိကျမှန်ကန်၍ ကောင်းခြင်း သုံးတန်နှင့် ပြည့်စုံသည့်အပြင် လက်တွေ့အကျင့်စခန်းပါ ဟောပြနိုင်သူ ဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုကာ နောက်ဆုံး သွားရောက်ဖူးမြော်ရန် ဆုံးဖြတ်ကြသည်၊ ဘာသာအယူဝါဒနှင့်စပ်၍ မတင်မကျ မရှင်းမလင်း ဖြစ်နေသော သံသယများကိုလည်း ဖွင့်ဟလျှောက်ထားရန် စုရုံးရောက်ရှိလာကြသည်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား - ကေသမုတ္တနိဂုံးရွာကြီးသို့ ရောက်လာသမျှသော ရဟန်းပုဏ္ဏားတို့သည် မိမိတို့အယူဝါဒသာ ကောင်းမွန်မှန်ကန်ကြောင်း ဂုဏ်တင်ပြောဆို၍၊ အခြားသူတို့၏ ဝါဒများ မှားယွင်းကြောင်း ထိပါးပုတ်ခတ် ရှုတ်ချကဲ့ရဲ့၍ ပစ်ပယ်ပြောဆိုကြပါသည်၊ ဘုရားတပည့်တော်တို့သည် ထိုသူတို့၏ စကားကို ကြားနာရသဖြင့် မည်သူ၏ဝါဒသည် အစစ်အမှန်ဖြစ်၍

မည်သူ၏ဝါဒသည် မှားယွင်းကြောင်း မဝေခွဲနိုင် ဖြစ်နေကြပါသည်၊ အားလုံးသောအယူဝါဒများ အပေါ်၌ ယုံမှားသံသယဖြစ်နေကြရပါသည် အရှင်ဘုရား" ဟုလည်း လျှောက်ထားကြသည်။

ထိုအခါ မြတ်စွာဘုရားက-

"ကာလာမမင်းသားတို့-သင်တို့သည် ယုံမှားသံသယဖြစ်မည်ဆိုက ဖြစ်လောက်ပေသည်၊ သင်တို့သည် ယုံမှားသံသယ ဖြစ်သင့်သောအရာ၌ (ယုံမှား သံသယဖြစ်ထိုက်၍) ယုံမှားသံသယဖြစ်ခြင်းပင်ဖြစ်သည်"ဟု မိန့်တော်မူကာ အယူဝါဒနှင့် စပ်၍ အထူးမှတ်သားဖွယ်ကောင်းသော "စံ" ၁၀-ချက်ကိုလည်း ဆက်လက်ညွှန်ပြတော်မူ၏။

"အို---ကာလာမမင်းသားတို့- သင်တို့သည် အယူဝါဒတစ်ရပ်ကို -

(၁) တဆင့်ကြားမျှဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟု လက်မခံကြကုန်လင့်။
(၂) ဘိုးဘေးစဉ်လာ ဆင်းသက်လာသော မိရိုးဖလာ အယူဝါဒဖြစ်သည်ဟု၍လည်း လက်မခံကြကုန်လင့်။
(၃) ဤအရာသည် ဤသို့ဖြစ်သတဲ့ဟူသော ကောလာဟල ဖြင့်လည်း လက်မခံကြကုန်လင့်။
(၄) မိမိတို့လေ့လာထားသော စာပေကျမ်းစာနှင့် ညီညွတ်ကာမျှ ဖြင့်လည်း လက်မခံကြကုန်လင့်။
(၅) မိမိတို့တွေးခေါ်ကြံဆချက်နှင့် ကိုက်ညီရုံမျှဖြင့်လည်း လက်မခံကြကုန်လင့်။
(၆) ဤအရာသည် ယုတ္တိရှိသည်- ဟု နည်းမှီထောက်ဆ၍ ရုံမျှ ဖြင့်လည်း လက်မခံကြကုန်လင့်။
(၇) ဤအရာသည် မှန်ကန်ပြီဟု မိမိဘာသာ ကြောင်းကျိုး ဆင်ခြင် သုံးသပ်၍ ရုံမျှဖြင့်လည်း လက်မခံကြကုန်လင့်။
(၈) မိမိတို့စဉ်းစားတွေးကြံ လက်ခံထားသောအယူနှင့် ကိုက်ညီပြီ ဆိုရုံမျှဖြင့်လည်း လက်မခံကြကုန်လင့်။
(၉) မိမိတို့ယုံကြည်ထိုက်သော ပုဂ္ဂိုလ်၏စကားဖြစ်သည်ဟု ပုဂ္ဂိုလ်စွဲ အားဖြင့်လည်း လက်မခံကြကုန်လင့်။
(၁၀) မိမိတို့လေးစားသော ဆရာ၏ စကားဖြစ်သည်ဟု ဆရာစွဲ အားဖြင့်လည်း လက်မခံကြကုန်လင့် -

မြတ်စွာဘုရားရှင်သည် ချိန်ခွင်သဖွယ်၊ မှတ်ကျောက်ပမာဖြစ်သော ဤ "စံ" ၁၀-ချက်ကို လမ်းညွှန်ဟောပြတော်မူပြီးနောက် အောက်ပါအတိုင်း ကိုယ်တိုင်လက်တွေ့ စမ်းသပ်နည်းကိုပါ ဆက်လက် နည်းညွှန်တော်မူလေသည်။

အို--- ကာလာမမင်းသားတို့- သင်တို့သည် "ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားများကို လက်ခံကျင့်သုံးခဲ့သော် အကျိုးမဲ့ ဖြစ်မည်၊ ဆင်းရဲဒုက္ခရောက်မည်" ဟု သင်တို့ကိုယ်တိုင် သိရှိအံ့၊ ထိုတရားများကို ပယ်ရှားကြရမည်။

တဖန် မြတ်စွာဘုရားသည် ကာလာမ မင်းသားတို့အား တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေမိုက်မဲခြင်း သဘောများကို ကိုယ်တိုင်ခံစား၍၊ စဉ်းစား၍ ကိုယ်တိုင်ဖယ်ရှားနိုင်ကြစေရန် အဆင့်ဆင့်မေးခွန်းထုတ်ကာ အောက်ပါအတိုင်း ဆက်လက်၍လည်း အကျယ်ဟောပြောတော်မူသည် -

အို --- ကာလာမ မင်းသားတို့--- လောဘတရား --- ဒေါသတရား --- မောဟတရားတို့ မိမိသန္တာန်၌ ဖြစ်ပေါ်လာသည် ရှိသော် အကျိုးစီးပွားကို ဖြစ်ပေါ်စေသလော၊ အကျိုးမဲ့ကို ဖြစ်ပေါ်စေသလော။ လောဘကြီးသောသူ ---ဒေါသကြီးသောသူ --- မောဟကြီးသောသူ၊ လောဘ ဒေါသ မောဟ လွှမ်းမိုး ခံရသူတို့သည် သူတပါးအသက်ကိုလည်း သတ်ဖြတ်ကြ၏၊ သူတပါးဥစ္စာကိုလည်း ခိုးယူကြ၏၊ သူတပါး သားမယားကိုလည်း ကျူးလွန်စော်ကားကြ၏၊ လိမ်ညာ၍ လည်း ပြောဆိုကြ၏၊ အခြားသူများကိုလည်း ထိုကဲ့သို့ ကျူးလွန်ရန် တိုက်တွန်းကြ၏၊ ဤလောဘ ဒေါသ မောဟ အကုသိုလ်တရား တို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့ကို ဖြစ်စေတတ်ကုန်၏၊ ဆင်းရဲဒုက္ခကိုဖြစ်စေတတ်ကုန်၏။

အို--- ကာလာမ မင်းသားတို့- လောဘ ဒေါသ မောဟ တရားတို့သည် ကုသိုလ်တရားတို့လော၊ အကုသိုလ်တရားတို့လော၊ အပြစ်ရှိသော တရားတို့လော၊ အပြစ်မဲ့သော တရားတို့လော၊

ပညာရှိတို့ ချီးမွမ်းအပ်သလော၊ ကဲ့ရဲ့အပ်သလော။ အကုသိုလ်တရားကို ပြုလုပ်မိခဲ့ကြသည် ရှိသော် အကျိုးမဲ့ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်ကုန်သည် မဟုတ်လော။

ဤနေရာ၌ သင်တို့ အဘယ်သို့ ထင်မြင်ယူဆကြကုန်သနည်း။

အို--- ကာလာမ မင်းသားတို့- "ဤသို့လျှင် တဆင့်ကြားမျှဖြင့်လည်း လက်မခံကြကုန်လင့်၊ --- သင်တို့ကိုယ်တိုင်သိခဲ့သော (အကုသိုလ်တရားတို့ကို)ဖယ်ရှားကြကုန်လော့" ဟူသော စကားကို ထို့ကြောင့်ပင်လျှင် ငါဟောကြားခြင်းဖြစ်၏။

မြတ်စွာဘုရားရှင်သည် လောဘ ဒေါသ မောဟတို့၏ ဆန့်ကျင်ဘက် အလောဘ အဒေါသ အမောဟတရားများသည် အပြစ်ကင်း၍ ပညာရှိများ ချီးမွမ်းကြသော ကုသိုလ်တရားများဖြစ်၍ ကံငါးပါး မလွန်ကျူးတော့သဖြင့် ကောင်းကျိုးချမ်းသာ ဖြစ်ပွားစေပုံ၊ ထို့ကြောင့် ထိုတရားများနှင့် ပြည့်စုံအောင် နေသင့်ပုံတို့ကိုလည်း မေးခွန်းများထုတ်ကာ ဆက်လက်ဟောပြတော်မူသည်။

မြတ်စွာဘုရားရှင်သည် ကာလာမ မင်းသားတို့အား အခြေခံဖြစ်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးအပြစ်နှင့် ထိုမှ မြစ်ဖျားခံလာသော ကံငါးပါးတို့၏ အကျိုးအပြစ်ကို စိစစ်ဝေဖန်၍ ရှောင်ရန် ဆောင်ရန် အခြေခံသီလပိုင်းကို ဟောကြားပြီးနောက် ဆက်လက်၍ သမာဓိသာသနာ ကိုယ်ချင်းစာ(ဗြဟ္မဝိဟာရ)တရားကို ဟောကြားတော်မူ၏၊ ထိုမေတ္တာကမ္မဋ္ဌာန်းတွင်လည်း သတိ ပညာ ရှိရုံမျှမက မေတ္တာစိတ် လွယ်ကူစွာ ဖြစ်ပွားနိုင်စေရန် အခြေခံ ရေသောက်မြစ်ဖြစ်သော လောဘ ဒေါသ မောဟများ စွမ်းနိုင်သမျှ ကြိုတင် ဖယ်ရှားထားရန်လည်း အောက်ပါအတိုင်း နည်းပေးတော်မူသည်။

"အို--- ကာလာမမင်းသားတို့- ဤသို့လျှင် ကုသိုလ် အကုသိုလ် စိစစ်ခွဲခြား၍ အကုသိုလ်ကို ပယ်ရှားကာ ကုသိုလ်တရားကို ပွားများအောင် ကျင့်ကြံကြိုးကုတ် အားထုတ်သော အရိယာသာဝက(ဗုဒ္ဓဘာသာဝင်တဦး)သည် လောဘ ဒေါသ မောဟကင်းစင်ပြီး တွေဝေမှုမရှိ ဟုတ်မှန်တိုင်းသိမြင်ကာ ကောင်းမွန်သော သတိတရား လက်ကိုင်ထားလျက် အနှောင့်အယှက် အကန့်အသတ်

မရှိ၊ များမြတ်သော မေတ္တာစိတ်ဖြင့်(ကရဏာ, မုဒိတာ, ဥပေက္ခာ စိတ်ဖြင့်)အရပ်မျက်နှာကို ဖြန့်၍ နေရာ၏၊ ထက်အောက် ဖီလာအလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့် ထပ်တူပြု၍ တလောကလုံးအပေါ် မေတ္တာစိတ်ထားဖြင့် (ကရဏာ, မုဒိတာ, ဥပေက္ခာ စိတ်ထားဖြင့်) သိမ်းကျုံး လွှမ်းခြုံ၍ ဖြန့်ပွားနေရာ၏။"

မြတ်စွာဘုရားရှင်သည် ကာလာမ မင်းသားတို့အား မေတ္တာကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာဆက်လက်ရှုပွားကာ ပညာစခန်း၊ အရိယာစခန်းသို့ ရောက်လျှင် ခုရောနောင်ပါ ဘေးရန်ကင်းကွာ၍ မည်မျှသက်သာရာ ချမ်းသာမှု ရနိုင်ကြောင်း ဆက်လက်ဟောပြတော်မူရာ၌ ခေတ်ပြိုင် အယူဝါဒများကိုပါ ထည့်သွင်းစဉ်းစားရန် ညွှန်ပြထားသည်။ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ စသော ဘုရားအမည်ခံ ခေတ်ပြိုင် တိတ္ထိဆရာကြီးများ၏ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိများကိုပါ သိမ်မွေ့စွာ ရှင်းလင်း ဖယ်ရှားသွားသည့်အပြင် တမလွန်ဘဝ ရှိ- မရှိနှင့်စပ်၍လည်း တဖက်သတ် အယူမခိုင်း၊ နှိုင်းချိန်စဉ်းစားနိုင်ရန် ကြောင်းကျိုးယုတ္တိပြ၍ အောက်ပါအတိုင်း ဆက်လက်ညွှန်ပြတော်မူပြန်သည် -

အို--- ကာလာမမင်းသားတို့- ဤသို့လျှင် ဘေးရန်ကင်းရှင်း၍ သူတပါးတို့အား ပျက်စီးစေလိုခြင်းမရှိ၊ ကိလေသာအညစ်အကြေး ကင်းဝေးသဖြင့် အထူးသန့်ရှင်းစင်ကြယ်သော စိတ်ရှိသော အရိယာသာဝက(ဗုဒ္ဓဘာသာဝင်တစ်ဦး)အား လက်ရှိမျက်မှောက်ဘဝ မှာပင် အားကိုးရာ သက်သာရာ ထောက်တည်ရာ လေးမျိုးတို့ကို ရရှိနိုင်၏။

အို--- ကာလာမမင်းသားတို့-

(၁) (ထိုသို့ ကုသိုလ် အကုသိုလ်တို့ကို လိုက်နာရှောင်ကြဉ် ရခြင်းကြောင့်)အကယ်၍ နောက်ဘဝရှိခဲ့အုံ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးရင်း အကျိုးဆက်ရှိခဲ့အုံ၊ ထိုသို့ရှိခဲ့သော် ငါသည် သေပြီးသည်မှနောက်၌ နတ်ပြည်သို့ ရောက်ရလိမ့်မည် ဟူသော ပထမအားကိုးရာ သက်သာရာ ထောက်တည်ရာကို ရနိုင်ပေသည်။

(၂) အကယ်၍ နောက်ဘဝမရှိခဲ့အံ့၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးရင်း အကျိုးဆက်လည်းမရှိခဲ့အံ့၊ ထိုသို့ မရှိစေကာမူလည်း ငါသည် မျက်မှောက်ဘဝ၌ပင်လျှင် ဘေးရန်ကြောင့်ကြမရှိ၊ ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နေထိုင်ရပေသည်- ဟူသော ဒုတိယအားကိုးရာ သက်သာရာ ထောက်တည်ရာကို ရနိုင်သည်။

(၃) အကယ်၍ မကောင်းမှုကိုပြုမိခဲ့၍ မကောင်းကျိုးခံစားရမည်ဖြစ်အံ့၊ ငါသည် ထိုမကောင်းမှုကို မပြုလုပ်ခဲ့သည့်အတွက် ငါ့အား မကောင်းကျိုးသည် အဘယ်မှာလျှင်ဖြစ်နိုင်တော့အံ့နည်း ဟူသော တတိယအားကိုးရာ သက်သာရာ ထောက်တည်ရာကို ရနိုင်သည်။

(၄) အကယ်၍ မကောင်းမှုကို ပြုမိခဲ့သော်လည်း ပြုရာမရောက်၊ မကောင်းကျိုးကို မခံစားရ၊ မဲကောင်းကျိုးဟူ၍ မရှိနိုင်ဖြစ်အံ့၊ ငါသည်(ထိုမကောင်းမှုကို မပြုလုပ်ခဲ့သောကြောင့်လည်းကောင်း၊ ထိုအယူဝါဒအရလည်းကောင်း) နှစ်မျိုးစလုံးအရလည်း အပြစ်ကင်းစင်သူ ဖြစ်ရပေသည် ဟူသော စတုတ္ထအားကိုးရာ သက်သာရာ ထောက်တည်ရာကို ရနိုင်သည်။

အထက်ပါ ကေသမုတ္တိသုတ်ခေါ် ကာလာမသုတ်ကို ဟောကြား ပြီးဆုံးချိန်၌ ကာလာမ မင်းသားတို့သည် ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာ(ဗုဒ္ဓဘာသာဝင်)များ ဖြစ်လာကြကုန်၏။

ဤသုတ်တော်ကို လေ့လာကြည့်လျှင် မြတ်စွာဘုရားသည် အယူဝါဒများကို လေ့လာရာ၌ စစ်မှန်သောတရားမမှ အယူဝါဒ ဟုတ်- မဟုတ်၊ မှန်- မမှန် မိမိဉာဏ်ဖြင့် ချင့်ချိန်ကာ ကိုယ်တိုင်သိနိုင်သော စမ်းသပ်နည်းဖြင့် စမ်းသပ်၍ ကိုယ်တိုင်ထိတွေ့ ကျင့်ကြံအားထုတ်ပြီးမှသာ သက်ဝင်ယုံကြည်ရန် ညွှန်ပြတော်မူသည်။

မြတ်စွာဘုရားသည် ဤဒိဋ္ဌလည်း မိမိဝါဒကိုသာ ဂုဏ်တင်၍ အခြားဆန့်ကျင်ဘက်ဝါဒများကို နှိမ့်ချပုတ်ခတ်တော်မမူ၊ အခြားဝါဒများကိုလည်း နာမည်တပ်ကာ မှန်သည် မှားသည် သုံးသပ်တော်မမူဘဲ လူတိုင်းသိနိုင်ဖော သဘောတရားအရှိကိုသာ အရှိအတိုင်း ဦးတည်၍

ဓမ္မဓိဋ္ဌာန် ကျကျ ဟောပြတော်မူခဲ့သည်၊ ဝါဒရေးရာ လွတ်လပ်စွာ လက်ခံယုံကြည်မှုနှင့် စပ်လျဉ်း၍ သိပ်ပံနည်းကျ ဝေဖန် ဆန်းစစ်နည်း ၁၀-မျိုးကိုလည်း ဤဒြ အတိအကျ ညွှန်ပြတော်မူခဲ့သည်။

ဤသည်ပင် ဗုဒ္ဓဝါဒ၏ ထူးခြားမြင့်မြတ်သော ဝိသေသလက္ခဏာ တရပ်ပင်တည်း။

မြတ်စွာဘုရားထံ တရားစစ်ထိုးလာသူ ဥပါလိသူကြွယ်

ဗုဒ္ဓဘာသာသည် မြင့်မြတ်သောသဘောထား ခံယူချက်ရှိသော ဘာသာတစ်ခုဖြစ်ကြောင်း၊ ကေသမုတ္တိသုတ်ခေါ် ကာလာမသုတ်တော်ကို ဦးစွာဖတ်ရှုလေ့လာရပြီ၊ ကေသမုတ္တိသုတ်တော်တွင် အယူဝါဒတစ်ရပ် မှန်သည် မှား၊သည် စိစစ်ရန်ကြံုလာသောအခါ ကိုယ်တိုင်ဆန်းစစ်ဝေဖန်ခံစားပြီးမှ လက်ခံကြရန် နည်းပေးညွှန်ပြတော်မူခြင်းခြင့် ဗုဒ္ဓဘာသာ၏ မြင့်မြတ်သော သဘောထား ခံယူချက်ကို ပေါ်လွင်စေခဲ့၏၊ သတ္တဝါတို့၏ အကျိုးစီးပွားကိုသာ ပဓာနထား၊သော ဘာသာဝါဒဖြစ်ကြောင်း ထင်ရှား၊စေခဲ့၏၊ ဓမ္မဓိဋ္ဌာန် ဘာသာဟုပင် ဆိုသင့်သည်။

ယခုတဖန် ဥပါလိသုတ်တော်တွင် ဥပါလိသူကြွယ်နှင့် မြတ်စွာဘုရားတို့ အယူဝါဒပြိုင်ဆိုင်ရာမှ ပေါ်ထွက်လာသော သမိုင်းကြောင်းမှန် သင်ခန်းစာ များကိုလည်း ဆက်လက်လေ့လာသင့်သည်။ ဤသုတ္တန်၌လည်း ဗုဒ္ဓဘာသာ၏ သဘောထား ကြီးမားမြင့်မြတ်ပုံကို တွေ့ရှိကြည့်ရှုကြရမည်ဖြစ်သည်။ ဗုဒ္ဓသာသနာတော်နှင့် စင်ပြိုင်တည်ရှိခဲ့ကြသော သာသနာပဝါဒီများသည် ဗုဒ္ဓသာသနာအား အစဉ်သဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြသည်။ ဗုဒ္ဓသာသနာတော်သည် ဝါဒစုံတို့၏ အထိုးအနှက် အတိုက်အခိုက်ခံရသည့်ကြားကပင် တိုးတက်မြင့်မား၊လာခဲ့၏၊ ကြီးပွားတိုးတက်လာခဲ့၏။

ဗုဒ္ဓဝါဒ၏ ခံစစ်အနေအထား၊မှ ယင်းသို့ တိုးတက်ကြီးပွားလာရာ၌ သဘောထားခံယူချက်သည် ပင်မအကြောင်းရင်းဖြစ်သည်၊ ဘာသာအယူဝါဒ သမိုင်းတွင် ဥပါလိသုတ္တန်သည်လည်း ထို မြင့်မြတ်သော သဘောထား ခံယူချက်အတွက် “စံ” ပင်ဖြစ်သည်၊ တနည်း၊အား၊ဖြင့် ဤ ဥပါလိသုတ္တန်ဖြင့် အမှန်နှင့်အမှား၊ကို ကွဲပြား၊စွာ သိပြီး၊နောက် မှန်သည့်ဘက်၌ ရဲရင့်ပြတ်သား၊စွာ ခံယူရပ်တည်နိုင်သော သာဓကကိုလည်း ညွှန်ပြထား၊သည်။

ဥပါလိသုတ္တန်ကို မဖော်ပြမီ ထိုသုတ်တော် ဖြစ်ပေါ်လာရသည့် အကြောင်းအရာများကို အနည်းငယ်မျှ ဖော်ပြရန်လိုအပ်၏၊ ဘုရားအမည်ခံ၍ တပည့်အခြံအရံမနည်းလှသော နိဂဏ္ဌနာဋပုတ္တသည် တောထွက်၍ တရားကျင့်ရာမှ မဟာဝိရခေါ်ဇိန (ဂျိန)အမည်ရသူ ဖြစ်လာသည်။ ယခုအခါ ဂျိန်းဘာသာဟု ခေါ်တွင်နေသော ဂျိန်းဘာသာဝင်တို့၏ ဘုရားလည်းဖြစ်သည်၊ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မမူမီကပင် ဘုရားအမည်ခံယူကာ လှည့်လည် ဟောပြနေသော တိတ္ထိ ဆရာကြီး ခြောက်ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

နိဂဏ္ဌ၏တပည့်သာဝကများစွာတို့တွင် ရာဇဂြိုဟ် ဗိမ္ဗိသာရမင်းကြီး၏ သား အဘယမင်းသား၊ သင်္ကတိုင်းမှ ဘုရားရှင်၏ ဘထွေးတော် ဝပ္ပမည်သော သာကီဝင်မင်းသား၊ ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့၏ စစ်သူကြီး သီဟသေနာပတိနှင့် နာဠန္ဒာမြို့မှ ဥပါလိသူကြွယ် စသူတို့သည် ကျော်ကြား ထင်ရှား အခြံအရံများသော တပည့်ကြီးများ ဖြစ်ကြသည်။ နိဂဏ္ဌဂိုဏ်းကြီး တစ်ခုလုံးသည် ဤတပည့်ကြီးများ၏ အထောက်အပံ့အပေါ်တွင် အားပြုရပ်တည်နေရသည်။

ဝပ္ပသာကီဝင်မင်းသားနှင့် သီဟသေနာပတိတို့သည် ဗုဒ္ဓဘာသာဝင် အရိယာသာဝက ဖြစ်လာကြ၍ အဓိကအားထား‌ရသူမှာ ယခု ဖော်ပြမည့် ဥပါလိသူကြွယ် ဖြစ်သည်။ နိဂဏ္ဌဆရာကြီးသည် ဥပါလိသူကြွယ်ကို ဝါဒရေးရာအားဖြင့် လည်းကောင်း၊ ဓနအင်အားအရလည်းကောင်း အားထားနေရချိန် ဖြစ်သည်။

အခါဟပါး မြတ်စွာဘုရားသည် နာဠန္ဒာမြို့ရှိ ဒုဿပါဝါရိကသူဌေး ဆောက်လုပ်လှူဒါန်းထားသော ပါဝါရိကသရက်ဥယျာဉ်ကျောင်းတိုက်၌ ရောက်ရှိ သီတင်းသုံးနေတော်မူခိုက် နိဂဏ္ဌနာဋပုတ္တဆရာကြီးသည်လည်း တပည့်ပရိသတ်များစွာနှင့်အတူ နာဠန္ဒာမြို့၌ နေ၏။

တစ်နေ့တွင် နိဂဏ္ဌနာဋပုတ္တ၏ လက်ရုံးတပည့်ကြီးဟစ်ဦးဖြစ်သူ ဒီဃတပဿီမည်သော နိဂဏ္ဌတက္ကတွန်းသည် နာဠန္ဒာမြို့တွင်းသို့ ဆွမ်းခံဝင် ဆွမ်းစားပြီးနောက် မြတ်စွာဘုရားရှင်ရှိရာ ပါဝါရိကသရက်ဥယျာဉ်

ကျောင်းတိုက်သို့ ဝင်ရောက်လာ၏၊ မြတ်စွာဘုရားထံမှောက်ရောက်သောအခါ နိမ့်သောနေရာ၌ ထိုင်၍ မြတ်စွာဘုရားရှင်နှင့် အယူဝါဒနှင့်စပ်၍ အောက်ပါအတိုင်း ပြောဆိုဆွေးနွေးကြ၏ –

ဗုဒ္ဓ – တပသီ---သင်တို့ဆရာ နိဂဏ္ဌက မကောင်းမှုပြုခြင်း၊ မကောင်းမှုဖြစ်ခြင်း၌ အဘယ်မျှလောက်ကုန်သော ကံတို့ကို ပညတ်ထားသနည်း။

ဒီဃ – အရှင်ဂေါတမ---နိဂဏ္ဌဆရာကြီးသည် ကံ၊ ကံ-ဟု ပညတ်လေ့မရှိ၊ ဒဏ်၊ ဒဏ်-ဟုသာ ပညတ်လေ့ရှိပါသည်။

ဗုဒ္ဓ – တပသီ---နိဂဏ္ဌသည် အဘယ်မျှလောက်ကုန်သော ဒဏ်တို့ကို ပညတ်ထားပါသနည်း။

ဒီဃ – အရှင်ဂေါတမ--- နိဂဏ္ဌဆရာကြီးသည် ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟူ၍ ဒဏ်သုံးပါးတို့ကို ပညတ်ထားပါသည်။

ဗုဒ္ဓ – တပသီ--- ဤဒဏ်သုံးပါးတို့တွင် မကောင်းမှုပြုခြင်း၊ မကောင်းမှုဖြစ်ခြင်း၌ အဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ နိဂဏ္ဌကက ပညတ်ထားပါသနည်း။

ဒီဃ – အရှင်ဂေါတမ---ကာယဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ နိဂဏ္ဌဆရာကြီးက ပညတ်ထားပါသည်။

ဗုဒ္ဓ – "တပသီ---ကာယဒဏ်သည် အပြစ်အကြီးဆုံးဖြစ်သည်ဟု ဆိုသလော" ဟု သုံးကြိမ်တိုင်တိုင် စကားချည်တုပ်၍ မေးတော်မူ၏။

ဒီဃ – "အရှင်ဂေါတမ---ကာယဒဏ်သည် အပြစ်အကြီးဆုံးဖြစ်သည်ဟု ဆိုပါ၏" ဟု သုံးကြိမ်တိုင်တိုင် ဝန်ခံဖြေဆိုရ၏။ နိဂဏ္ဌတက္ကတွန်းတို့အယူ၌ ကာယကံနှင့် ဝစီကံတွင် စိတ်စေတနာမရှိဟု ခံယူသည်။

ဒီဃ – အရှင်ဂေါတမ---အရှင်ဂေါတမကကော မကောင်းမှုပြုခြင်း၊ မကောင်းမှုဖြစ်ခြင်း၌ အဘယ်မျှလောက်သောဒဏ်တို့ကို ပညတ်ပါသနည်း။

ဗုဒ္ဓ – တပသီ---ငါဘုရားသည် ဒဏ်၊ ဒဏ်ဟူ၍ ပညတ်လေ့မရှိ၊ ကံ၊ ကံဟူ၍သာ ပညတ်တော်မူ၏။

ဒီဃတပသီတကွတွန်းကလည်း ရှေးနည်းအတိုင်း ပြန်လှန်၍ မေးလျှောက်သဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ-ဟု သုံးမျိုးရှိရာတွင် မနောကံသာ အပြစ်အကြီးဆုံးဖြစ်ကြောင်း ဖြေဆိုတော်မူသည်။ စိတ်ထဲက မှားယွင်းစွာ ယုံကြည်လက်ခံထားသော မိစ္ဆာဒိဋ္ဌိအယူ၏ အပြစ်ကြီးလေးပုံကို ရည်ညွှန်းတော်မူသည်။

ထို့နောက် ဒီဃတပသီက "အရှင်ဂေါတမ---မနောကံသည် အပြစ်အကြီးဆုံးဖြစ်သည်ဟု ဆိုသလော"ဟု ရှေးနည်းအတိုင်း သုံးကြိမ်တိုင်တိုင် စကားကို ချည်တုပ်မေးလျှောက်ရာ ဟုတ်မှန်ကြောင်း ဝန်ခံဖြေကြားတော်မူလိုက်၏၊ ဤသို့ မေးဖြေပြီးနောက် ဒီဃတပသီ သူ့ကျောင်းသို့ ပြန်သွားလေသည်။ ဗုဒ္ဓအယူဝါဒကို လေ့လာစူးစမ်းရုံမျှသာ စူးစမ်းပြီး တစ်စုံတစ်ရာ စောဒကတက်ခြင်း၊ စကားအခြေအတင်ပြောဆိုခြင်း မပြုချေ။

ဒီဃတပသီ ပြန်ရောက်လာချိန်တွင် နိဂဏ္ဌနာဋပုတ္တမဟာကြီးသည် ဥပါလိသူကြွယ် အမှူးရှိသော ဗာလကရွာသား ပရိသတ်များစွာနှင့်အတူ ထိုင်နေလျက်ရှိ၏။ နိဂဏ္ဌနာဋပုတ္တက ဒီဃတပသီအား 'နေ့လယ်အချိန်၌ ဘယ်အရပ်ကလာခဲ့သနည်း'ဟု မေး၏၊ ဒီဃတပသီကလည်း ရဟန်းဂေါတမထံမှ လာခဲ့ခြင်းဖြစ်ကြောင်း၊ ရဟန်းဂေါတမနှင့်ဆွေးနွေးပွဲတခုဖြစ်ခဲ့ကြောင်းနှင့် ဆွေးနွေးပွဲ အကြောင်းအရာများကို အပြည့်အစုံ ပြန်လည်ပြောပြလေသည်။

နိဂဏ္ဌနာဋပုတ္တက-ဆွေးနွေးခဲ့ပုံ အလွန်ကောင်းကြောင်း၊ အကြားအမြင် ဗဟုသုတ ကြွယ်ဝသူဖြစ်ကြောင်း၊ ဆရာ့အဆုံးအမ အယူဝါဒကို သိသူဖြစ်ပြီး တပည့်ကောင်းပီပီ ထုံးတမ်းစဉ်လာအတိုင်း ရဟန်းဂေါတမကို ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ပရိသတ်အများရှေ့၌ ဒီဃတပသီအား ချီးကျူး ပြောဆိုလေသည်။

"ဟုတ်ပေတာပေါ့၊ ကြီးကြယ်သော ကာယဒဏ်ကို ထောက်ဆလျှင် မနောဒဏ်ဟာ အဘယ်မှာ ပြောပလောက်မလဲ၊ အမှန်အားဖြင့် ကာယဒဏ် သည်သာလျှင် မကောင်းမှုပြုခြင်း၊ မကောင်းမှုဖြစ်ခြင်းဌာ အပြစ်အကြီးဆုံး ဖြစ်ပေတယ်၊ ဝစီဒဏ် မနောဒဏ်တို့ဟာ ကာယဒဏ်လောက် ဘယ်မှာ အပြစ်ကြီးမလဲ"ဟု ထပ်ဆင့် ထောက်ခံ၍ တပည့်ကြီး ဒီဃတပဿီကို ချီးမွမ်း၏။

ဆရာကြီး နိဂဏ္ဌနာဋပုတ္တက တပည့်ကြီး ဒီဃတပဿီအား ဤသို့ ပြောဆို ချီးမွမ်းသံကို ဥပါလိသူကြွယ် ကြားရသောအခါ ထပ်ဆင့်၍ ဒီဃတပဿီကို ချီးမွမ်းထောမနာ ဝမ်းသာစွာဂုဏ်ပြုပြောဆိုပြီး ရဟန်းဂေါတမထံ မိမိကိုယ်တိုင်သွား၍ ဝါဒဖြိုင် အနိုင်ယူခွင့်ပြုပါရန် ဆရာကြီးထံ ခွင့်တောင်း လိုက်၏။

ဥပါလိ - ဆရာကြီး---ကျွန်ုပ်ယခုပင် သွားပါရစေ၊ ဤစကားအရာ၌ ရဟန်းဂေါတမအား ပြစ်တင်ချေပပါအံ့၊ အကယ်၍ ဒီဃတပဿီ အား ပြောသကဲ့သို့ ရဟန်းဂေါတမသည် အကျွန်ုပ်အား ပြောဆိုခဲ့သော် အားကောင်းသော ယောကျ်ားသည် အမွေးရှည်သော သိုးကို အမွေးကိုင်ဆွဲ၍ ရှေ့တိုးနောက်ငင် ဦးစောက်ပြောင်းပြန် မွှေရမ်း တွန်းထိုးသကဲ့သို့ ရဟန်းဂေါတမ ကို ဝါဒချင်းပြိုင်ဆိုင်ကာ သူ၏ဝါဒကို ရှေ့တိုးနောက်ငင် ဦးစောက်ပြောင်းပြန် ဖြစ်သွားအောင် မွှေရမ်းပြလိုက်ပါ့မယ် ဆရာကြီး။

တနည်းအားဖြင့် ဆင်ပြောင်ကြီးသည် နက်လှစွာသော ရေကန်ကြီးသို့ သက်ဆင်း၍ ဦးကင်းပေါ် ကျောက်ကုန်းပေါ် နံဘေးနှစ်ဘက် ဝမ်းဗိုက်အောက် တကိုယ်လုံးအနှံ့ ရေပက်ဖျန်း ကစားသကဲ့သို့ အကျွန်ုပ်သည် ရဟန်းဂေါတမကို ဘက်စုံ ထောင့်စုံမှ မွှေရမ်းကစားကာ ဝါဒအရာ အနိုင်ယူပါရစေ။

နိဂဏ္ဌာ - ကောင်းပြီသူကြွယ်---သင်သွားပါ၊ စကားအခြေအတင်ကိစ္စ ရဟန်းဂေါတမနှင့် ယှဉ်ပြိုင်ဖို့ဆိုရင် ငါရယ် ဒီဃတပဿီရယ် သင်ရယ်၊ ဤသုံးယောက်ပဲရှိတယ် မဟုတ်လား။

ဒီဃ - ဆရာကြီး---ရဟန်းဂေါတမထံ ဥပါလိသူကြွယ် သွားရောက်ပြီး ဝါဒပြိုင်ဆိုင်ပြောဆိုမည်ကို အကျွန်ုပ်သဘောမတူပါ၊ ရဟန်းဂေါတမဟာ လှည့်ပတ်တတ်ပါတယ်၊ စိတ်ညှို့အတတ်လဲ တတ်ပါတယ်၊ တခြားဘာသာဝါဒရှိသူများကို သူ့ဘက်ပါအောင် စိတ်ညှို့အတတ်ပညာဖြင့် ညှို့တတ်ပါတယ်။

နိဂဏ္ဌာ - တပဿီ---ဥပါလိသူကြွယ်ဟာ ရဟန်းဂေါတမရဲ့တပည့် ဘယ်လိုမှ ဖြစ်သွားစရာ အကြောင်းမရှိဘူး၊ ဖြစ်ခြင်းဖြစ်လျှင် ရဟန်းဂေါတမသာ ဥပါလိသူကြွယ်ရဲ့ တပည့်ဖြစ်သွားနိုင်တယ်၊ ဥပါလိသူကြွယ် သွားပါစေ။

ဒီဃတပဿီက သဘောမတူကြောင်း သုံးကြိမ်တိုင်တိုင် တင်ပြသည်ကို နိဂဏ္ဌာနာဋပုတ္တာက လက်မခံ၊ သုံးကြိမ်တိုင်တိုင် ငြင်းပြီး ဥပါလိအား မြတ်စွာဘုရားထံ သွားရောက်ဝါဒပြိုင်ရန် စေလွှတ်ခဲ့သည်။

ဤ၌ ဘုရားအမည်ခံ နိဂဏ္ဌာနာဋပုတ္တာသည် မြတ်စွာဘုရားရှင်ကို မဖူးဖွေစဘူး၊ ဘုရားအမည်ခံထားသူဖြစ်၍လည်း ဘုရားရှင်အား ဖူးမြော်ခွင့် မရသည်မှာ ထုံးစံပင်ဖြစ်၏၊ ထို့ကြောင့်လည်း ဘုရားရှင်၏ စွမ်းအားကို သူမသိ၊ ဒီဃတပဿီကမူ ဘုရားရှင်နှင့် ဖူးတွေ့ ဆွေးနွေးဖူး၍ ဘုရားရှင်၏ စွမ်းအားကို ကောင်းစွာသိထားသူဖြစ်၏၊ ထို့ကြောင့် ဥပါလိသူကြွယ်အား ဘုရားရှင်ထံသွားရောက်၍ ဝါဒစစ်မထိုးရန် ကန့်ကွက်ခြင်းဖြစ်သည်။

နိဂဏ္ဌာနာဋပုတ္တာဆရာကြီးသည် ဘုရားရှင်အပေါ် အကြီးအကျယ် မကျေနပ်သူဖြစ်သည်၊ သူ၏ အမာခံတပည့်များကို တပည့်အဖြစ် အကြိမ်ကြိမ် စည်းရုံး သိမ်းသွင်းခဲ့သည်ကို အခဲမကျေ ဖြစ်နေသည်၊ ဥပါလိသူကြွယ်အပေါ်၌လည်း အထူးယုံစားအားကိုးထားသည်၊ အခြားအမာခံ တပည့်ကြီးများကဲ့သို့ ဂေါတမဘုရားရှင်အား အရုံးပေး အညံ့ခံမည့်သူမဟုတ်ဟု အထင်ရှိနေ၏။

နိဂဏ္ဌာဆရာကြီး ဘုရားရှင်၏အပေါ် အခဲမကျေနိုင်သော ခံစားချက်ဖြစ်ရပ်များကား ဤသို့ဖြစ်သည်၊ တချိန်က သူ၏တပည့်တစ်ဦးဖြစ်သူ ဘုရားရှင်၏ ဘထွေးတော် ဝပ္ပသာကိုဝင်းမင်းသားသည် အရှင်မောဂ္ဂလ္လာန်နှင့် မြတ်စွာဘုရားရှင်တို့၏ တရားစကားကို နာကြားရရာမှ ဘုရားရှင်၏ ဥပါသကာ ဖြစ်သွားခဲ့သည်၊ ဘုရားရှင်၏ ဥပါသကာဖြစ်ရုံမျှမက 'မိစ္ဆာဒိဋ္ဌိ အယူဝါဒရှိသူ နိဂဏ္ဌာကိုဏ်းကြီးအား ပစ္စည်းလေးပါးဖြင့် ပံ့ပိုးခဲ့သမျှ ငွေကုန်လူပန်းဖြစ်ခဲ့ရပါပကော' ဟုပင် နောင်တကြီးစွာ ရသူဖြစ်သည် (အင်္ဂုတ္တိုရ် စတုက္ကနိပါတ်၊ ဝပ္ပသုတ်)။

နောက်တစ်ယောက်ကား ဝေသာလီနိုင်ငံ စစ်သူကြီး သီဟသေနာပတိ၊ သူလည်း နိဂဏ္ဌာဆရာကြီး၏ လက်ရုံး တပည့်ကြီး တစ်ဦးပင် ဖြစ်သည်၊ ဝဇ္ဇီညီလာခံ၌ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အကြိမ်ကြိမ် ကြားသိနေရသဖြင့် ဘုရားရှင်အား သွားရောက်ဖူးမြော်လိုသောစိတ်များ တဖွားဖွား ဖြစ်နေ၏၊ နိဂဏ္ဌာဆရာကြီးထံ သွားရောက်ခွင့်ပြုရန် တောင်းခံသော်လည်း နှစ်ကြိမ်တိုင်တိုင် တားမြစ်၍ မသွားဖြစ်ခဲ့၊ နောက်ဆုံး ဆရာကြီးအား အသိမပေးဘဲ ရထားအစီးငါးရာဖြင့် ဘုရားရှင်အား သွားရောက် ဖူးမြော်၍ အကိရိယဝါဒ အကြောင်းလျှောက်ထားရာမှ မြတ်စွာဘုရားရှင်၏ တပည့်တစ်ဦး ဖြစ်လာခဲ့၏။

(ဝိနည်း၊ ၊ဟာဝဂ်)

နောက်တစ်ယောက်ကား ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ သားတော် အဘယမင်းသား ဖြစ်သည်၊ နိဂဏ္ဌာဆရာကြီးသည် မြတ်စွာဘုရားရှင် အပေါ် အခဲမကျေနိုင်ဖြစ်ကာ အယူဝါဒနှင့်စပ်၍ စကားစစ်ထိုးရန် အချိန်ယူစဉ်းစားစီစဉ်ထား၏၊ မိမိတပည့်များထဲတွင် ပညာတတ်၍ ရဲရင့်သူ အဘယမင်းသားကို ရွေးချယ်၍ စကားစစ်ထိုးရန် သင်ကြားပေးပြီးလျှင် ဘုရားရှင်ထံသို့ စေလွှတ်ခဲ့၏၊ မြတ်စွာဘုရားရှင်က 'စကားခြောက်ခွန်း လူ၌ထွန်း' ဟူသော တရားတော်ကို ဟောကြား ဖြေရှင်းတော်မူရာ အဘယမင်းသားလည်း ဘုရားရှင်၏တပည့်တစ်ဦး ဖြစ်သွားခဲ့သည်။

(မဇ္ဈိမ-အဘယရာဇကုမာရသုတ်)

နိဂဏ္ဌာဆရာကြီးသည် ထိုခံစားချက်များအရ ဘုရားရှင်အပေါ် အငြိုးကြီးကာ ယခုအခါ သူအလွန်ကိုးစားသော ဥပါလိသူကြွယ်အား စေလွှတ်ရန် အခိုင်အမာ ဆုံးဖြတ်ထားခြင်း ဖြစ်ပုံရသည်၊ ဥပါလိသည် သူ့အတွက် နောက်ဆုံးလက်နက်ဖြစ်၍ ဤထိုးစစ်သည် သူ့ဘဝအတွက် နောက်ဆုံး ထိုးစစ်ဖြစ်သည်ကိုမူ မသိရှိလေ၊ စင်စစ် နိဂဏ္ဌာဆရာကြီးသည် မြတ်စွာဘုရားရှင်ကို မဆိုထား၊ဘိ မြတ်စွာဘုရားရှင်၏ အနာဂါမ်တပည့် အဟောအပြောကောင်းသူ စိတ္တသူကြွယ်နှင့် မစ္ဆိကာသဏ္ဍအရပ်၌ ဝါဒရေးရာ ပြိုင်ဆိုင်ဆွေးနွေးစဉ်က မရှုမလှ အရှုံးပေးခဲ့ရသည်ကိုပင် သတိမရနိုင်ချေ (သဠာယတနသံယုတ်–နိဂဏ္ဌနာဋပုတ္တသုတ်)၊ ဘုရားရှင်အပေါ် အာဃာတစိတ် တွေသာ မွှန်နေခဲ့သည်။

နိဂဏ္ဌာဆရာကြီးသည် မြတ်စွာဘုရားရှင်နှင့် မြတ်စွာဘုရားရှင်၏ တပည့်တော်များကို မဆိုထား၊ဘိ၊ သစ္စကပရိဗိုဇ်နှင့်ပင် ဝါဒအချေအတင်၌ အရှုံးပေးခဲ့ရ၏၊ စင်စစ် သစ္စကလည်း ရှေးနိဂဏ္ဌကိုဏ်းဝင်တစ်ဦးပင် ဖြစ်သည် (မ–၁–မဟာသစ္စကသုတ်)။

ထို့ပြင် နိဂဏ္ဌာဆရာကြီးသည် ဘုရားအဖြစ် ဝန်ခံထားသူဖြစ်သော်လည်း မိမိ၏တပည့်များကိုပင် နှိုင်နင်းသူမဟုတ်၊ အယူဝါဒရေးရာနှင့်စပ်၍ သူ၏တပည့်များကပင် “နိဂဏ္ဌာဆရာကြီး မသိပါဘူး၊ ငါသာသိတယ်” စသည်ဖြင့် ဆရာနှင့် ငြင်းခုံပုတ်ခတ်ကာ ဂိုဏ်းခွဲထွက်သွားကြဘူးလေသည် (မ၂၊ မဟာသကုလဒါယိသုတ်)။

မည်သို့ဖြစ်စေ မြတ်စွာဘုရားအပေါ် အာဃာတကြီးမားလှသော နိဂဏ္ဌာဆရာကြီးက ဒီဃတပဿီ တပည့်ကြီး ကန့်ကွက်နေသည့်ကြားကပင် ဥပါလိသူကြွယ်ကို ဘုရားရှင်နှင့် စကားစစ်ထိုးရန် စေလွှတ်ခဲ့၏၊ ဥပါလိသူကြွယ်လည်း ဆရာကြီးနှင့်ထပ်တူ ဆရာစွဲ ဝါဒစွဲ ဂိုဏ်းဂဏစွဲစိတ်ဖြင့် ဘုရားရှင်ထံသွားလေတော့သည်။ မြတ်စွာဘုရားရှင်ထံရောက်သောအခါ သင့်လျော်သော နေရာ၌ထိုင်ပြီးနောက် မြတ်စွာဘုရားရှင်နှင့် အောက်ပါအတိုင်း ဝါဒရေးရာ အခြေအတင် စကားများကို ပြောဆိုကြလေသည်–

ဥပါလိ - အရှင်ဘုရား---ဒီဃတပဿီသည် ဤအရပ်သို့ လာခဲ့ပါသလော၊ အရှင်ဘုရားနှင့်ကော စကားပြောဆို ဆွေးနွေးမှုပြုခဲ့ပါသေးသလော၊ အဘယ်သို့ပြောဆို ဆွေးနွေးမှု ပြုခဲ့ပါသနည်း။

ဗုဒ္ဓ - "သူကြွယ်--- ဒီဃတပဿီသည် ဤအရပ်သို့ လာခဲ့သည်၊ ငါဘုရားနှင့် စကားပြောဆိုကာ ဆွေးနွေးမှုပြုခဲ့သည်"ဟု မိန့်တော်မူပြီး စကားပြောဆိုမှုအားလုံးကို ဥပါလိသူကြွယ်အား ပြန်လည်မိန့်တော်မူသည်။

ထိုအခါ ဥပါလိသူကြွယ်သည် ဒီဃတပဿီအား အထက်ကနည်းအတိုင်း ချီးမွမ်းပြောဆိုကာ ကာယဒဏ်သည်သာလျှင် အပြစ်အကြီးဆုံးဖြစ်ကြောင်း ထပ်ဆင့် အတည်ပြုကာ တင်ပြလျှောက်ထားလာသည်။ ထို့နောက် မြတ်စွာဘုရားရှင်က ဥပါလိအား ကတိဝန်ခံစေကာ အောက်ပါအတိုင်း ရှင်းပြတော်မူ၏ -

ဗုဒ္ဓ - သူကြွယ်---သင်သည် ဤကိစ္စနှင့်စပ်၍ ဆွေးနွေးမည်ဆိုလျှင် အယူစွဲ ဆရာစွဲမပါ၊ မှန်ရာကို ဝန်ခံပြောဆိုနိုင်မှသာလျှင် ဆွေးနွေးသင့်သည်။

ဥပါလိ - အရှင်ဘုရား---ကျွန်ုပ်သည် အယူစွဲ ဆရာစွဲမပါ၊ အမှန်အတိုင်း ရပ်တည် ဝန်ခံ၍ ဆွေးနွေးမှုပြုပါမည်။

ဗုဒ္ဓ - ကောင်းပြီ သူကြွယ်---ဤစကားကို သင်အဘယ်သို့ ထင်မြင်ယူဆသနည်း၊ နိဂဏ္ဌာတစ်ယောက် အလွန်ပူလောင်သော သည်းခြေနာရောဂါ ပြင်းထန်စွာ စွဲကပ်နေ၏၊ ရေအေးကို သောက်ရမည့်အစား ရေနွေးကိုသောက်လျှင် ထိုသည်းခြေနာရောဂါ တိုးလာမည်သာဖြစ်သည်။ သို့သော် သူသည် သူ့အယူဝါဒအရ ရေအေးကို သောက်ခွင့်မရှိ၍ ရေနွေးကိုသာ သုံးဆောင်ရ၏၊ (နိဂဏ္ဌာတို့အယူဝါဒအရ ရေ၌ အသက်

(၆၀) ရှိသည်ဟု ပညတ်ထားသဖြင့် ရေအေးကို မသုံးစွဲရ။) ထိုနိဂဏ္ဌာသည် ရေအေးကို မသုံးစွဲရ၍ သေဆုံးသွားခဲ့သော် အဘယ်ဘုံဘဝ၌ ဖြစ်သည်ဟု နိဂဏ္ဌနာဋပုတ္တက ပညတ်ထားသနည်း။

ဥပါလိ - မှန်ပါအရှင်ဘုရား---မနောသတ္တခေါ်သော စိတ်စွဲလမ်းမှုအရ ဖြစ်ရသည့် နတ်ဟူ၍ ရှိပါသည်၊ သေဆုံးသူ နိဂဏ္ဌ ထိုနတ်မျိုးတို့၌ ဖြစ်ပါ၏။

ဗုဒ္ဓ - သူကြွယ်--- ဘာကြောင့် ထိုသို့ဖြစ်ရသနည်း။

ဥပါလိ - မှန်လှပါမြတ်စွာဘုရား --- ထိုသူသည် ရေအေးသောက်သုံးလိုသော လောဘစိတ်စွဲလမ်းပြီး သေရသောကြောင့်ဖြစ်ပါသည်။

ဗုဒ္ဓ - သူကြွယ်--- စဉ်းစားလော့၊ စဉ်းစားပြီးဖြေဆိုလော့၊ သင်ပြောခဲ့စဉ်တုန်းက ကာယဒဏ်သည် အပြစ်အကြီးဆုံးဟု ဆိုခဲ့သည်။ ယခုအခါ လူနာဖြစ်သော နိဂဏ္ဌတစ်ဦးသည် ရေအေးသောက်ခြင်း ကာယဒဏ်၊ ရေအေးသောက်ချင်သည်ဟု ပြောဆိုခြင်း ဝစီဒဏ်တို့ကို မကျူးမပေါက်အောင် ကြိုးစားစောင့်ထိန်းခဲ့သည်၊ ရေအေးကို သောက်ချင်စိတ်ရှိနေသဖြင့် မနောဒဏ်ကျူးပျက်ခဲ့သည်၊ စောင့်ထိန်းခဲ့သော ကာယဒဏ်၊ ဝစီဒဏ်တို့က အကျူးမပေးဘဲ ကျူးပေါက်သွားသော မနောဒဏ်က အကျူးပေးနေသည်၊ ဤအဖြစ်အပျက်က မနောဒဏ်က ပို၍ အစွမ်းထက် အားအကြီးဆုံး ဖြစ်ကြောင်း ဖော်ပြနေသည်၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည် လည်းကောင်း၊ နောက်စကားနှင့် ရှေ့စကားသည်လည်းကောင်း မစပ်ဟပ်မိဘဲ ရှိချေ၏။ သူကြွယ်-သင်သည် "အရှင်ဘုရား-ကျွန်ုပ်သည် အယူစွဲ ဆရာစွဲမပါ၊ အမှန်အတိုင်း ရပ်တည်ဝန်ခံ၍ ဆွေးနွေးမှုပြုပါမည်"ဟု ပြောခဲ့သည် မဟုတ်လော။

ဥပါလိ - အရှင်ဘုရား---မြတ်စွာဘုရားသည် ဤသို့ မိန့်ဆိုသော်လည်း အမှန်အားဖြင့် မကောင်းမှုပြုခြင်း၊ မကောင်းမှုဖြစ်ခြင်း၌ ကာယဒဏ်သည်သာလျှင် အပြစ်အကြီးဆုံး ဖြစ်ပါသည်၊ ဝစီဒဏ် မနောဒဏ်တို့သည် ထိုဒဏ်ကဲ့သို့ အပြစ်မကြီးပါ။

ထိုအခါ မြတ်စွာဘုရားရှင်က မနောက် ပဓာနဖြစ်ပုံကို ပို၍ ထင်ရှားစေရန် အောက်ပါအတိုင်း ထပ်မံ၍ သာဓကတစ်ခု ပြတော်မူ၏-

ဗုဒ္ဓ - ကောင်းပြီ သူကြွယ်---နိဂဏ္ဌနာဋပုတ္တသည် သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ ကာမဂုဏ် စည်းစိမ်တို့ကို ခံစားခြင်းတို့ကို ကိုယ်တိုင်ပြုလုပ်ခြင်း၊ သူတပါးကို ပြုလုပ်စေခြင်း၊ သူတပါးပြုလုပ်သည်ကို သဘော တူခြင်းတို့မှ စောင့်စည်းရှောင်ကြဉ်ခြင်းဟူသော စောင့်စည်းခြင်းလေးမျိုးဖြင့် စောင့်စည်း၏။ ရေအေးသုံးစွဲခြင်း စသည်ဖြင့် မကောင်းမှုများမှ ရှောင်ကြဉ်၏ (သစ်ရွက်ခြောက်၊ ကျောက်စရစ်ခဲမှအစ ဇီဝ ရှိသည်ဟု နိဂဏ္ဌကိုဇာ်းက ယူဆ ထားသည်။) ထိုနိဂဏ္ဌသည် ခရီးသွားသည်ရှိသော် သတ္တဝါ အငယ်ကလေးများကို နင်းမိ ဖိမိ၍ သေကျေစေမိလျှင် အဘယ်အကျိုးအပြစ် ရှိသည်ဟု ပညတ်ထားသနည်း။

ဥပါလိ - အရှင်ဘုရား---သတ်လို သေစေလိုသော စေတနာ မပါရှိသည့် အတွက် အပြစ်ကြီးသည်ဟု နိဂဏ္ဌနာဋပုတ္တက မပညတ်ပါ။

ဗုဒ္ဓ - သူကြွယ် --- အကယ်၍ သေစေလိုသောစေတနာရှိငြားအံ့၊ အဘယ်သို့ ဖြစ်သည်ဟု ပညတ်သနည်း။

ဥပါလိ - အရှင်ဘုရား---သေစေလိုသော စေတနာရှိခဲ့ပါက အပြစ်ကြီးသည်ဟုပင် ပညတ်ထားပါသည်။

ဗုဒ္ဓ - -ကောင်းပြီ၊ သူကြွယ်---စေတနာကို နိဂဏ္ဌနာဋပုတ္တက အဘယ်ဒဏ်၌ ထည့်သွင်း ပညတ်ထားသနည်း။

ဥပါလိ - အရှင်ဘုရား---နိဂဏ္ဌဋနာပုတ္တသည် စေတနာကို မနောဒဏ်၌ ထည့်သွင်း ပညတ်ထားပါသည်။

ဗုဒ္ဓ - သူကြွယ်---စဉ်းစားလော့၊ စဉ်းစားဖြေဆိုလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည် မစပ်ဟပ်မိဘဲ ရှိချေ၏။ သူကြွယ်-သင်သည် "အရှင်ဘုရား---ကျွန်ုပ်သည် အယူစွဲဆရာစွဲမပါ၊ အမှန်အတိုင်း ရပ်တည်ဝန်ခံ၍ ဆွေးနွေးမှုပြုပါမည်"ဟု ပြောခဲ့သည်မဟုတ်လော။ ဤစကားကို သင်အဘယ်သို့ ထင်မြင်ယူဆပါသနည်း။

ဥပါလိ - အရှင်ဘုရား--- အရှင်ဘုရား ဤသို့ မိန့်ဆိုသော်လည်း ကာယဒဏ်သည်သာလျှင် အပြစ်အကြီးဆုံး ဖြစ်ပါသည်။ ဝစီဒဏ်၊ မနောဒဏ်တို့မှာ ကာယဒဏ်လောက် အပြစ်မကြီးပါ။

ဥပါလိသူကြွယ်သည် မည်သို့ပင် လက်တွေ့သိနိုင်သော သာဓကများနှင့် ရှင်းပြသော်လည်း ဝန်မခံ၊ မိမိစွဲယူထားသော ဝါဒ၌သာ ပေခံရပ်တည်နေသဖြင့် မနောက်၏ စွမ်းအားသတ္တိကို အောက်ပါအတိုင်း ဆက်၍ ဟောကြားတော်မူရပြန်သည်-

ဗုဒ္ဓ - သူကြွယ်---ဤနာဠန္ဒာမြို့သည် စည်ပင်ဝပြောလှ၏၊ လူသူများပြားပြီး လူမျိုးပေါင်းစုံဖြင့် စည်ကားလှ၏၊ လူတစ်ယောက်သည် သန်လျက်မိုး၍ လာပြီးလျှင် "ငါသည် ဤမြို့ရှိ လူရောတိရစ္ဆာန်ပါ သတ္တပါအားလုံးကို တခဏချင်းဖြင့် အသားစုအသားပုံကြီး ဖြစ်သွားအောင် သတ်ဖြတ်အံ့"ဟု ဆိုရာ၏။ ထိုသူသည် သူပြောသည့်အတိုင်း တခဏာအချိန်အတွင်း အသားပုံကြီးဖြစ်အောင် စွမ်းဆောင်နိုင် မည်လော။ သင်မည်သို့ သဘောရသနည်း။

ဥပါလိ - အရှင်ဘုရား---၁၀-ယောက်၊ အယောက် ၂၀၊ ၃၀၊ ၄၀ ရှိသော ယောကျ်ားတို့သည်ပင် ဤမြို့ရှိ သတ္တဝါတို့ကို တခဏချင်းနှင့် အသားပုံကြီးဖြစ်အောင် မစွမ်းဆောင်နိုင်ကြပါ၊ လူတစ်ယောက်တည်းဆိုပါမူ ပြောဖွယ်မလိုပါ။

ဗုဒ္ဓ - ကောင်းပြီ သူကြွယ်---စိတ်အလိုနိုင်နင်း၍ စိတ်တန်ခိုးကြီးမားသော သမဏ၊ ဗြာဟ္မဏတစ်ဦးဦးက ဤမြို့သို့ ရောက်လာပြီး "ငါသည် ဤနာဠန္ဒာမြို့ကို ဒေါသစိတ်တစ်ချက်ညွတ်ကာမျှဖြင့် ပြာအတိကျစေမည်"ဟု ဆိုရာ၏။ သူကြွယ်-ထိုတန်ခိုးရှင်သည် တခဏချင်းဖြင့် တမြို့လုံး ပြာကျအောင် စွမ်းဆောင်နိုင်မည်လော၊ သင်မည်သို့ သဘောရသနည်း။

ဥပါလိ - မှန်လှပါ၊ အရှင်ဘုရား---ဤနာဠန္ဒာမြို့ကဲ့သို့သော မြို့မျိုးဆယ်မြို့၊ မြို့နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်ပင် ရှိပါစေ၊ စိတ်တန်ခိုးရှင် သမဏ၊ ဗြာဟ္မဏက စိတ်တစ်ချက်ညွတ်ကာမျှဖြင့် ပြာကျအောင် စွမ်းဆောင်နိုင်ပါသည်၊ ဤနာဠန္ဒာမြို့ကလေးတစ်မြို့မှာမူ ဆိုဖွယ်ရာပင် မရှိပါ။

ဗုဒ္ဓ - သူကြွယ်----စဉ်းစားလော့၊ စဉ်းစား၍ ပြောဆိုလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည် မစပ်ဟပ်မိဘဲရှိချေ၏။ သူကြွယ်- သင်သည် "အရှင်ဘုရား---ကျွန်ုပ်သည် အယူစွဲဆရာစွဲမပါ၊ အမှန်အတိုင်း ရပ်တည်ဝန်ခံ၍ ဆွေးနွေးမှုပြုပါမည်"ဟု ပြောခဲ့သည် မဟုတ်လော။

ဥပါလိ - မှန်လှပါ၊ အရှင်ဘုရား--- မြတ်စွာဘုရား ဤသို့ မိန့်ဆိုသော်လည်း ကာယဒဏ်သည်သာလျှင် အပြစ်အကြီးဆုံးဖြစ်ပါသည်၊ ဝစီဒဏ်၊ မနောဒဏ်တို့မှာ ကာယဒဏ်လောက် အပြစ်မကြီးပါ။

မြတ်စွာဘုရားရှင်သည် အားလုံးကြားသိထားဖူးသော စိတ်စွမ်းအင်၏ လက်တွေ့ ရှေးကဖြစ်ရပ်တစ်ခုကို ထောက်ပြကာ မငြင်းသာအောင် အောက်ပါအတိုင်း ဆက်လက် မိန့်တော် မူရပြန်သည်၊ ထိုဖြစ်ရပ်မှန်များကား

အလွန်မှတ်သား နာယူဖွယ် ကောင်းလှပေသည်။ သူတော်ကောင်းများနှင့် ဆက်ဆံရာ၌ သတိပြုစရာ သင်ခန်းစာလည်း ဖြစ်၏။

ဗုဒ္ဓ - သူကြွယ်--- ဒဏ္ဍာကိတိုင်း၊ ကလိင်္ဂတိုင်း၊ မဇ္ဈတိုင်း၊ မာတင်္ဂတိုင်းတို့ တောအတိဖြစ်သွားရသည့်အကြောင်းကို သင်ကြားဖူးပါ၏လော။

ဥပါလိ - ကြားဖူးပါသည်၊ အရှင်ဘုရား---ထိုတိုင်းကြီးတို့ တောအတိဖြစ်သွားရသည်ကို ကျွန်ုပ်ကြားဖူးပါသည်၊ တန်ခိုးရှင် ရသေ့တို့ စိတ်ဆိုး အမျက်ထွက်မှုကြောင့် တောအတိ ဖြစ်သွားခဲ့ရပါသည်။

ဤ၌ ဥပါလိကား လောကပြောရိုးပြောစဉ်အရ 'ရသေ့တို့ စိတ်ဆိုး၍'ဟုသာပြောသည်၊ အမှန်မှာ ရသေ့တို့အား လူတို့ပြစ်မှား၍ နတ်များ စိတ်ဆိုးသောကြောင့် ဖြစ်သည်။ မှန်၏၊ ကလိင်္ဂတိုင်း ဒဏ္ဍာကိမင်း၏ ကုမ္ဘဏ္ဍရဖြို့ကြီး တစ်ဖြို့လုံး ရတ်တရက် လက်နက်မိုး၊ မီးကျီးမိုး၊ ကျောက်ခဲမိုး၊ သဲမိုးကြီးများ ရွာသွန်းကာ တစ်ဖြို့လုံး သေကျ၍ ဒဏ္ဍာကိတောကြီးမျက်မည်း ဖြစ်သွားခဲ့ဖူး၏။

အကြောင်းမှာ ရှင်ဘုရင်နှင့်တကွ မှူးမတ်အားလုံး၊ ပြည့်တန်ဆာမအဆုံး နိုင်ငံသူ နိုင်ငံသားအားလုံးသည် တန်ခိုးကြီးသော ကိသဝစ္ဆရသေ့ကိုယ်ပေါ်၌ သွားတိုက်တံ ဒန်ပူပစ်ချခြင်း၊ တံတွေး ထွေးခြင်း၊ ပလုတ်ကျင်းရေ ထွေးခြင်း ပြုလုပ်၍ ရာထူးတက်သည်၊ မိုးလေဝသကောင်းသည်၊ စစ်အောင်သည်၊ နိုင်ငံအေးချမ်းသည် စသည်ဖြင့် နှလုံးသွင်း အယူမှားကြလေ၏၊ ရသေ့ကြီးကား သည်းခံနေ၏၊ သည်းခံလေ အပြစ်ကြီးလေ ဖြစ်တော့သည်၊ ထိုမျှမက ဝန်ချကန်တော့လျှင် အပြစ်များပြေပျောက်သည်ဟုပင် မိန့်သော်လည်း မနာယူကြ၊ နှုတ်များစိတ်ဆိုး၍ ပထမဦးစွာ (အိမ်ရှိလူကုန် အပြင်ထွက်လာစေရန်) ပန်းမိုး ငွေမိုး ရတနာမိုးများ ရွာသွန်းချပြီး နောက် လူသူစုံလောက်သောအခါ လက်နက်မိုးကြီး ကျကာ တစ်ဖြို့လုံး

ခုတ်ထစ်ပိုင်းဖြတ်ပြီး နောက်ဆုံး သဲမုန်တိုင်း သဲမိုးကြီး တစ်ခဲနက် ရွာချကာ သဲကန္တာရကြီး အဖြစ်မှ ဒဏ္ဍကီတောကြီး ဖြစ်သွားလေတော့သည် (သရဂ်ဘင်္ဂာတ်)။

ကလိင်္ဂတိုင်း နာဠိကိရမင်းကား ရသေ့ ငါးရာတို့က ၅-ပါးသီလ အကျိုးအပြစ် ဟောသည်ကို မိမိအား စောင်း၍ ဟောသည်ထင်ကာ ရသေ့များအပေါ် ရန်ငြိုးဖွဲ့သွား၏၊ နန်းတော်သို့ ဆွမ်းစားပင့်ဖိတ်ပြီး မစင်များကို အစားခိုင်းသည်၊ လူသတ်သမားများနှင့် ခွေးဆိုးများ၊ တွင်းနက်ကြီးများ ကြိုတင် စီစဉ်ထားကာ မသေမချင်း သတ်ပစ်ခဲ့သည်၊ ထိုမကောင်းမှုကြောင့် နတ်များစိတ်ဆိုး၍ ရွာနည်းအတိုင်း သေကျေပျက်စီးကာ ကလိင်္ဂတောကြီး ဖြစ်သွားပုံစသည်ကို ဥပါလိသုတ် အဋ္ဌကထာနှင့် ဇာတ်တော်တို့၌ လာရှိသည်။ ဤအဖြစ်အပျက်များကို ညွှန်း၍ ဟောတော်မူခြင်းဖြစ်၏။

ဗုဒ္ဓ - သူကြွယ်---စဉ်းစားလော့၊ စဉ်းစား၍ ပြောဆိုလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည် မစပ်ဟပ်မိဘဲရှိချေ၏၊ "ကျွန်ုပ်သည် အယူစွဲ ဆရာစွဲမပါ၊ အမှန်အတိုင်း ရပ်တည်ဝန်ခံ၍ ဆွေးနွေးမှုပြုပါ၏" ဟု ပြောခဲ့သည်မဟုတ်လော။

ဥပါလိ - ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား---မြတ်စွာဘုရား ဟောပြတော်မူသော ပထမဆုံး ဥပမာဖြင့်ပင်လျှင် ဘုရားတပည့်တော် နှစ်သက် ဝမ်းမြောက်လှပါပြီ၊ မြတ်စွာဘုရား၏ ဆန်းကြယ်လှစွာ ဥပမာများဖြင့် ပြဿနာဖြေကြားတော်မူသည်ကို ကြားနာလို၍သာ မြတ်စွာဘုရားရှင်ကို ဆိုခဲ့သည့် အတိုင်း ဆန့်ကျင်ဘက်ကဲ့သို့ မထီမဲ့မြင် ပြုမိပါသည် အရှင်ဘုရား။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ တရားတော်တို့သည် အလွန်နှစ်သက်ဖွယ်ကောင်းလှ ပါသည် ဘုရား၊ မှောက်ထားသော အရာဝတ္ထုကို လှန်ပြဘိသကဲ့သို့ လည်းကောင်း၊ ဖုံးလွှမ်းထားသော အရာဝတ္ထုကို ဖွင့်လှစ်ပြဘိ

သကဲ့သို့ လည်းကောင်း၊ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားပြသဘိသကဲ့သို့ လည်းကောင်း၊ မျက်စိ ရှိသူတိုင်း မြင်နိုင်အောင် အမိုက်မှောင်၌ ဆီမီး တန်ဆောင်ကို ထွန်းဆောင်ယူပြလိုက်ဘိသကဲ့သို့ လည်းကောင်း ဤအတူ သာလျှင် မြတ်စွာဘုရားသည် နည်းပရိယာယ် ဥပမာစုံလင်စွာဖြင့် ဆန်းကြယ်သော တရားစကားကို ပေါကြားတော်မူနိုင်ပါပေသည် ဘုရား။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရားတပည့်တော် သည် ဘုရား၊ တရား၊ သံဃာ ရတနာတော်မြတ်သုံးပါး၏ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ဤယနေ့မှစ၍ အသက် ထက်ဆုံး ရတနာတော်မြတ် သုံးပါးကို ကိုးကွယ် ဆည်းကပ်သူ ဥပါသကာဟူ၍ အသိအမှတ်ပြုတော်မူပါ အရှင်ဘုရား။

၇၃ - သူကြွယ်---ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစားပြုလော့၊ သင်တို့ကဲ့သို့သော ထင်ရှားကျော်ကြား လူသိများသော သူများအဖို့ အထပ်ထပ် စူးစမ်းဆင်ခြင်၍ ပြုလုပ်မှသာ သင့်လျော် လျောက်ပတ် ကောင်းမြတ်ပေမည်။

မြတ်စွာဘုရားရှင်သည် မိမိတရားကို ကျေနပ်နှစ်သက်ပြီး တပည့်ခံလာသူ ကိုပင် အားရဝမ်းသာ ကြိုဆို၍ ချက်ချင်း လက်ခံတော်မမူသေး၊ အခြေအနေ အရပ်ရပ်ကို အထပ်ထပ် စဉ်းစားရန် အချိန်ပေးလိုက်သေးသည်၊ ဥပါလိ သူကြွယ်ဟာ နိဂဏ္ဌာနှင့် တွေတုန်းက နိဂဏ္ဌတပည့်ခံပြီး၊ ခုဂေါတမနှင့်တွေ့တော့ ဂေါတမတပည့် ဖြစ်သွားပြန်ပြီ၊ ဘာသာရေးခံယူချက် ခိုင်မာသူမဟုတ်' စသည်ဖြင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ရိုက်ခတ်လာမည်ကို မြင်တော် မူသောကြောင့် စဉ်းစားရန် သတိပေးတော်မူခြင်းဖြစ်သည်။ မှန်၏၊ လူမှုအသိုင်းအဝိုင်းက ဝိုင်းပယ်ဒဏ်ခတ်ခြင်း၊ ကဲ့ရဲ့ ရှုတ်ချခြင်း စသည် မုချခံရမည်ကို မြင်တော်မူ၏၊ ကိုယ်ပိုင်ယုံကြည်မှုအတွက် ပြတ်သားဖို့လို၏၊ အသိအမြင် ရှင်းဖို့လို၏၊ ယုံကြည်ချက် ဆုံးဖြတ်ချက် ခိုင်မာဖို့လို၏၊ အရှင်သာရိပုတ္တရာ-အရှင်မောဂ္ဂလ္လာန်နှင့် ဗုဒ္ဓကိုယ်တော်တိုင်ပင် အစဉ်အဆက်

ဘာသာယုံကြည်မှုမှ လမ်းခွဲခဲ့ကြသူများဖြစ်၍ ယေဘုယျ ပတ်ဝန်းကျင်၏ အပြုအမူ အပြောအဆိုကို ကိုယ်တွေ့ကြုံတော်မူပြီးဖြစ်၏၊ သို့သော် ဥပါလိကား ပြတ်သားလှပေသည်။ ထိုမျှမက တခြား ဘာသာရေး ခေါင်းဆောင်၊ အခြား ဘာသာဝင်တို့နှင့်လည်း နှိုင်းယှဉ် စဉ်းစားမိကာ ဤသို့ပင် ဖွင့်ဟလျှောက်ထား မိလေသည်။

ဥပါလိ - ဘုန်းတော်ကြီးသော မြတ်ဗုဒ္ဓာဘုရား---ဤသို့ မိန့်ဆိုတော်မူသော စကားကို ကြားနာရသဖြင့်လည်း ဘုရားတပည့်တော်သည် မြတ်စွာဘုရားအား အတိုင်းထက် အလွန် ကြည်ညိုရပါ၏၊ ကြည်နူးနှစ်သက်မှု ဖြစ်ရပါ၏၊ မြတ်စွာဘုရားမှ တပါးသော အယူဝါဒရှိသော တိတ္ထိတို့သည် အကျွန်ုပ်ကဲ့သို့သော တပည့်ကို ရခဲ့သည်ရှိသော် "ဥပါလိသူကြွယ်သည် ငါတို့၏ တပည့်ဖြစ်လာပြီ"ဟု တက်ကြွရွင်လန်း ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ပြီး နာဠန္ဒာတစ်မြို့လုံး တံခွန်အောင်လံစိုက်လျက် အောင်ပွဲခံကုန်ရာပါ၏။

ထိုသို့ဖြစ်ပါလျက် မြတ်စွာဘုရားကမူ ဘုရားတပည့်တော်အား "သူကြွယ်---ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစားပြုလော့၊ သင်တို့ကဲ့သို့သော ထင်ရှားကျော်ကြား လူသိများသော သူများအဖို့ အထပ်ထပ် စူးစမ်းဆင်ခြင်၍ ပြုလုပ်မှသာ သင့်လျော်လျောက်ပတ် ကောင်းမြတ်ပေမည်"ဟု မိန့်တော်မူပါပေ၏။

ထို့ကြောင့် ဘုရားတပည့်တော်သည် နှစ်ကြိမ်မြောက် ထပ်မံ၍လည်း ဘုရား တရား သံဃာ ရတနာတော်မြတ်သုံးပါးကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏၊ မြတ်စွာဘုရားသည် ဘုရားတပည့်တော်ကို ယနေ့မှစ၍ ရတနာတော်မြတ်သုံးပါးကို ရာသက်ပန် ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ သိမှတ်တော်မူပါ အရှင်ဘုရား။

မြတ်စွာဘုရားရှင်က ဥပါလိသူကြွယ်အား အလျင်စလို မဆုံးဖြတ်ဘဲ အချိန်ယူစဉ်းစားရန် မိန့်တော်မူသည့်ကြားကပင် ရပ်တန့်မသွားဘဲ ဥပါလိမှာ တိုး၍ပင် ကိုးစားယုံကြည်မှု ဖြစ်လာ၏၊ တား၍မရသည့်အဆုံး ကတိတစ်ခုပြုရန် အောက်ပါအတိုင်း မေတ္တာရပ် တိုက်တွန်းတော်မူရတော့သည်–

၅၃ – ကောင်းပြီ သူကြွယ်---သို့ရာတွင် အချိန်ကာလ ကြာမြင့်စွာကပင် နေ့ညမပြတ် သင်၏အိမ်သည် နိဂဏ္ဌာတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့၏၊ ဤနေ့မှ စ၍လည်း သင့်အိမ်သို့ ရောက်လာသော နိဂဏ္ဌာတို့အား ဆက်လက်၍ ဆွမ်းလှူမြဲ လှူဖို့လည်း သတိပြုပါလေ၊ ဝတ်မပျက်ပါစေလင့်။

ဥပါလိသူကြွယ် ထပ်ဆင့်၍ အံ့အားသင့်ရပြန်သည်၊ မြတ်စွာဘုရားရှင်၏ သဘောထား အမြော်အမြင်ကို ကြားနာရသောအခါ ပို၍ ပို၍ပင် ကြည်ညိုဝမ်းမြောက်ရပြန်၏၊ မြတ်စွာဘုရားရှင် သဘောထားကြီးစွာ ထိုသို့ မိန့်ကြားသည်ကို ကြားနာရ၍ သုံးကြိမ်မြောက် သရဏဂုံ ဆောက်တည်လိုက်ပြန်သည် သူ၏ ကျေနပ်အားရမှု၊ ကြည်ညိုဝမ်းမြောက်မှုကား ဖြစ်လောက်ပေ၏၊ တချိန်က သူသိခဲ့သော ဂေါတမဗုဒ္ဓအကြောင်းများသည် ပြောင်းပြန် ဖြစ်ကုန်၏၊ အထင်နှင့်အမြင် လုံးဝ ခြားနား၍ အကြားနှင့် လက်တွေ့လည်း ဆက်စပ်၍မရ၊ ဝမ်းသာကြည်ညိုလွန်း၍ သုံးကြိမ်မြောက် သရဏဂုံ ဆောက်တည်ရုံမျှမက နိဂဏ္ဌာစသော တခြားဘာသာရေး ခေါင်းဆောင် တခြားဘာသာဝင်တို့၏ လုပ်ကြံ ပြောဆိုသော ကောလာဟလများကိုလည်း အောင့်မထားနိုင်တော့ဘဲ အောက်ပါအတိုင်း ရင်ဖွင့်လျှောက်ထားလိုက်သည်–

ဥပါလိ – ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ဤသို့ ကြားခဲ့ရဖူးပါသည်။ ရဟန်းဂေါတမသည် “ငါနှင့် ငါ့တပည့်သား သံဃာတို့အား သာလျှင် အလှူကို ပေးလှူသင့်၏၊ အခြားသူတို့အား မပေးလှူသင့်၊ ငါနှင့်ငါ့တပည့်သား သံဃာအား ပေးလှူသော အလှူသည်သာလျှင် အကျိုးကြီးမား၏၊ အခြားသူတို့အား ပေးလှူသော အလှူသည် အကျိုးမကြီး”ဟု

ဟောတော်မူလေ့ရှိကြောင်း ကြားခဲ့ရဖူးပါသည်။ ထိုသို့ ဖြစ်ပါလျက် ယခုမူ မြတ်စွာဘုရားရှင်က ဘုရားတပည့်တော်ကို နိဂဏ္ဌာတို့အား လည်း ပေးလှူရန် တိုက်တွန်း စေခိုင်းတော် မူပါပေ၏။

မြတ်စွာဘုရား --- နိဂဏ္ဌာတို့အား အလှူပေးခြင်းကိစ္စ၌ အချိန်အခါ အခြေအနေအား လျော်စွာ ဘုရားတပည့်တော် လိုက်နာ ဆောင်ရွက်ပါမည် အရှင်ဘုရား။

ထို့နောက် မြတ်စွာဘုရားရှင်သည် ဥပါလိသူကြွယ်အား ဓမ္မဝိနယခေါ် ဤသာသနာတော်၏ အဆင့်ဆင့် ကျင့်စဉ်များ ဖြစ်သော စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်း (ဒါနကထာ)၊ ကိုယ်ကျင့်သီလစောင့်ထိန်းရခြင်း (သီလကထာ) တို့၏ အကျိုးအပြစ်များနှင့် နတ်ပြည်ရောက်ကြောင်း ကျင့်စဉ် (သဂ္ဂကထာ) များကိုလည်း အဆင့်ဆင့် ဟောပြတော်မူရာ ဥပါလိသူကြွယ်မှာ ကြည်ညိုမှုမှန်ရှင်လန်းတက်ကြွစိတ်များ ဝင်လာ၏၊ ထို့နောက် မြတ်စွာဘုရားရှင်သည် ဆင်ဖြူတော်ကြီးကို ကြည့်ရှုမက်မောဖွယ်ဖြစ်အောင် ကကြိုးတန်ဆာ ကမ္မလာ ကုန်းနီးများ တစ်ခုပြီးတစ်ခု အလှပြင် ဆင်ယင်ပြီးကာမှ ရုတ်တရက် အစွယ်နှစ်ချောင်းကို ချိုးဖြတ်ပစ်လိုက်သကဲ့သို့ 'ဤနတ်စည်းစိမ်ချမ်းသာလည်း အနိစ္စ ဒုက္ခပင်တည်း' စသည်ဖြင့် သဘာဝအမှန်ကို ညွှန်ပြရန် ကာမဂုဏ်တို့၏ အပြစ်၊ ထိုကာမဂုဏ်ကြောင့်ပင် သတ္တဝါမှန်သမျှ သံသရာတလျှောက်လုံး ကိုယ်စိတ်ညစ်နွမ်း ပင်ပန်းဆင်းရဲရပုံ၊ ယုတ်ညံ့သည်ထက် ယုတ်ညံ့၊ ညစ်သည်ထက်ညစ်၊ နစ်သည်ထက်နစ်မွန်းကြရပုံ ကာမဂုဏ်တို့၏ အပြစ်ပြ (ကာမာဒီနဝကထာ) တရား၊ ကာမဂုဏ်တောမှ လွတ်မြောက်ရမှု၏ အကျိုး အာနိသင်များကို ဆက်လက် ဟောပြတော်မူ၏။

တရားနာရင်း နာရင်း ဥပါလိသူကြွယ်၏ သန္တာန်၌ မယုံကြည်နိုင်မှု အကြည်ညိုလွန်မှု၊ ဝမ်းမြောက်တက်ကြွလွန်မှုစသော စိတ်လှိုင်းများ အဆင့်ဆင့် တည်ငြိမ်လာ၏၊ ကာမဂုဏ်မှ လွတ်မြောက်လိုစိတ်များ ထက်သန်၍၊ နူးညံ့၍၊ ခိုင်မာ၍၊ ကြည်လင်၍လာသည်။ စိတ်၏ တိုးတက်မှု အဟန့်အတားများအား လုံး (နီဝရဏာ)မှ ကင်းလွတ်လာ၏၊ ဆေးဆိုးမည့်အဝတ်ကို အထပ်ထပ်

ကြေးခွေတ်သန့်စင်ပြီးကာမှ ဆေးဆိုးရသကဲ့သို့ ဥပါလိသူကြွယ်၏ စိတ်အနယ်မှုန်များ သန့်စင်ကြည်လင်လာသည်နှင့်တပြိုင်နက် ဆေးအရောင် တင်လိုက်သည့် အလား မဂ္ဂင်ရှစ်ပါး သစ္စာလေးပါးကျင့်စဉ်များ (မဂ္ဂကထာ)ကို ဟောကြားတော်မူလိုက်ရာ ထိုနေရာ၌ပင် ဥပါလိသူကြွယ် ရှုပွားဆင်ခြင်လျက်က 'ဖြစ်သမျှ ပျက်ရသည်ချည်းပါတကား' ဟု အသိအမြင် ရှင်းသွား၏၊ သစ္စာဉာဏ်အလင်း ပေါက်၍ သောတာပန်တပည့်တော်တစ်ယောက် ဖြစ်သွားလေတော့သည်။

မြတ်စွာဘုရားရှင်က ဥပါလိသူကြွယ်သည် မြို့အညစ်အကြေး ကင်းစင်၍ တရားမျက်စိအမြင် ဖြစ်ပေါ်သွားပြီဟု မိန့်တော်မူ၏၊ ထိုမျှမက အောက်ပါ အရည်အချင်းများနှင့်လည်း ပြည့်စုံသူဖြစ်လာကြောင်း မိန့်တော်မူ၏၊ အောက်ထစ်ဆုံး သောတာပန်ဖြစ်ရခြင်းသည် လောကသားတို့ နားမလည် နိုင်လောက်အောင် လောကနှင့် ဓမ္မရေးရာ အသိအမြင်များ ရှင်းလင်းပွင့်ထွန်း သွားသူဖြစ်သည်၊ နိဗ္ဗာန်တရားမြတ်ကြီးကို ကိုယ်တိုင်သိမြင်ရရှိထိတွေ့ခံစားနိုင်သူ ဖြစ်သွားပြီ (ဒီဋ္ဌဓမ္မ)။ သို ပယ် ဆိုက် ပွား သဘောတရားအားလုံးကို ဒဿကြွင်းမရှိ သက်ဝင်ကျက်စားနိုင်သူ ဖြစ်ပြီ (ပရိယောဂါဠှဓမ္မ)။ သံသရာဓရီး ရှည်ကြီးကို လျှောက်ရာ၌ အလွန်ကြောက်ဖွယ်ကောင်းသော ဘယ်အရာမှာမျှ ဆုံးဖြတ်ချက် မကျဘဲ ဟိုလိုလား ဒီလိုလား ယုံမှားသံသယအမျိုးမျိုး ဖြစ်နေရမှုလည်း မရှိပြီ (တိဏ္ဏဝိစိကိစ္ဆ)။ မြတ်စွာဘုရား အဆုံးအမ သာသနာ့ကျင့်စဉ်တစ်ခုလုံး နိုင်နင်းကျွမ်းကျင်သူလည်း ဖြစ်လာ၏။ တစ်သံသရာလုံး လူကို ကြောက်ရွံ့ သိမ်ငယ်အောင် ဖိစီးလာခဲ့သော စိတ်ယုတ်များ လွင့်စဉ်ကာ သီလ သမာဓိ ပညာ အင်အားကြောင့် သာသနာတော်နှင့် တွေ့ရကြုံးနပ်သူ ပညာရဲရင့် ပွဲလယ်တင့်သူလည်း ဖြစ်လာ၏ (ဝေသာရဇ္ဇပွတ္တော သတ္ထုသာသနေ)။ ဆင်းရဲဒြိမ်းအေး လွတ်မြောက်ရေးနှင့်စပ်၍ ကိုယ်တိုင်ကိုယ်ပိုင် ယုံကြည် အားကိုးနိုင်သူလည်း ဖြစ်လာ၏၊ ဘုရားအဆုံးအမ ဘဝလွတ်မြောက်ရေးနှင့်စပ်၍ ဓာတဲမှာပါလို့ သူများပြောလို့ ယုံရခြင်းမျိုး၊ သူများယုံလို့ ယုံရခြင်းမျိုးမရှိ၊ ကိုယ့်အသိ ကိုယ်စိတ်ချ၍ ယုံကြည်ကိုးစားရဲသူလည်း ဖြစ်၏ (အပရပ္ပစ္စယော သတ္ထုသာသနေ)။

ဤဥပါလိသူကြွယ်ကဲ့သို့ပင် မြတ်စွာဘုရားရှင်က သောတာပန်တည်သော ဥပါသကာအဖြစ်သို့ ရောက်ရှိသူတိုင်းအား ချီးကျူးတော်မူသော အရည်အချင်းများ ဖြစ်သည်။

ထိုမျှမက သောတာပန်ဖြစ်သွားသူသည် အပါယ်သံသရာမှ ကွင်းလုံးကျွတ် လွတ်မြောက်၍ (အဝိနိပါတဓမ္မ) ဘဝရော အသိဉာဏ်ပါ (ဗောဓိဉာဏ်) အဆင့်ဆင့် ရင့်ကျက်မြင့်တက်သူ (သမ္မောဓိပရာယဏ)၊ ဘဝခြားစေကာမူ ကံငါးပါး လုံခြုံ၍ သဘောတရားရေးရာ ခိုင်မာတည်တံ့သူ (နိယတ) ဖြစ်သွားပြီ၊ သိကြားမင်း ဆင်း၍ လှည့်စားသော်လည်း သဘောတရား အသိအမြင်မပြောင်း၊ အယူဝါဒမပြောင်း၊ ဘာသာမကူးမပြောင်းတော့ချေ။ အောက်ထစ်ဆုံး သောတာပန် ဘဝသည်ပင် လောကသားတို့ ဉာဏ်မမှီနိုင်သော အသိအမြင်များ လွန်စွာ မြင့်မားသွားလေတော့သည်။

ထို့နောက် ဥပါလိသူကြွယ်သည် မြတ်စွာဘုရား၏ တရားတော်ကို အားရနှစ်သက် ကျေနပ်စွာဖြင့် ခံယူပြီး မြတ်စွာဘုရားအား ရှိခိုးကန်တော့ကာ နေရာမှထ၍ ဥယျာဉ်ကျောင်းတော်မှ မိမိအိမ်သို့ ပြန်ခဲ့သည်။ အိမ်ဝတွင် ဆီးကြိုသောတံခါးစောင့်အား ဤနေ့မှ စ၍ နိဂဏ္ဌယောကျ်ား၊ နိဂဏ္ဌမိန်းမတို့အတွက် တံခါးပိတ်ထားရန် (တံခါးဖွင့်မပေးရန်)၊ မြတ်စွာဘုရား၏ သားတော် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့အတွက် တံခါးဖွင့်ထားရန် အမိန့်ပေး၏။ နိဂဏ္ဌတစ်ဦးဦး ရောက်လာလျှင်လည်း "အရှင်-အထဲမဝင်ပါနှင့်၊ ယနေ့မှစ၍ ဥပါလိသူကြွယ် မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်သွားပြီ၊ နိဂဏ္ဌတို့အတွက် တံခါးပိတ်ထားပါပြီ၊ ဗုဒ္ဓဘာသာဝင်တို့အတွက် တံခါးဖွင့်ထားပါပြီ၊ ဆွမ်းအလိုရှိပါမူ ဤနေရာမှာဘဲ ရပ်တော်မူပါ၊ ဆွမ်းသွားယူပြီး လောင်းလှူပါမည်"ဟု ပြောဆိုရန်လည်း ထပ်ဆင့် ညွှန်ကြားထားလေသည်။

စိုးရိမ်ကြီးစွာ နားစွင့်စောင့်ဆိုင်းနေသော ဒီဃတပဿီသည် 'ဥပါလိသူကြွယ် ဗုဒ္ဓဂေါတမ၏ တပည့်သာဝကတစ်ယောက် ဖြစ်သွားပြီ' ဟူသော သတင်းစကားကို ဦးစွာ ကြားသိရလေ၏။ ကြားလျှင်ကြားချင်း နိဂဏ္ဌနာဋပုတ္တထံ သွား၍ ထို သတင်းကို ပြောကြား၏။ နိဂဏ္ဌနာဋပုတ္တကား မယုံ၊ သုံးကြိမ်တိုင်တိုင် ပြောသော်လည်း လက်မခံ။

နိဂဏ္ဌ - ဒီမှာ ဒီဃတပဿီ---ဥပါလိသူကြွယ် ဗုဒ္ဓဂေါတမ၏တပည့် သာဝက ဖြစ်နိုင်စရာ အကြောင်းမရှိဘူး၊ ဖြစ်ခြင်းဖြစ်ရင် ဂေါတမကသာ ဥပါလိ၏ တပည့်သာဝက ဖြစ်နိုင်စရာ အကြောင်းရှိတယ်ဟု နိဂဏ္ဌနာဋပုတ္တဆရာကြီးက ငြင်းဆို၏။

ဒီဃ - အရှင်- ဤနေရာကဘဲ စောင့်နေပါ၊ ဥပါလိသူကြွယ် တစ်ယောက် ဗုဒ္ဓဂေါတမ၏ တပည့် ဖြစ်-မဖြစ် ကျွန်ုပ်သွားပြီး စုံစမ်းကြည့်ပါမည်ဟုဆိုကာ ဒီဃတပဿီတက္ကတွန်းသည် ဥပါလိသူကြွယ်၏ အိမ်ဘက်သို့ ရုတ်တရက် ထွက်ခွာသွား၏၊ အိမ်ဝသို့ရောက်လျှင် တံခါးစောင့်က ဝင်ခွင့်မပြု၊ ဥပါလိသူကြွယ် မှာထားသည့်အတိုင်း ပြောပြသည်။ ဒီဃတပဿီလည်း အိမ်ပေါက်ဝမှ ပြန်လှည့်လာရသည်။ ဥပါလိသူကြွယ် တစ်ယောက် ဗုဒ္ဓဂေါတမ၏ တပည့်သာဝကအဖြစ်သို့ ရောက်သွားပြီဆိုသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ဤသို့ ဖြစ်သွားနိုင်သည်ကို သိ၍ ကြိုတင်ပြီး ဘုရားထံ သွားရန် မသင့်လျော်ကြောင်း မိမိက ပြောဆိုခဲ့ကြောင်း တင်ပြရင်း ဥပါလိသူကြွယ်တစ်ယောက် ဆုံးရှုံးခဲ့ရသဖြင့် ဒီဃတပဿီ ဝမ်းနည်းကျေကွဲစွာ ညည်းတွားပြောဆိုနေ၏။

နိဂဏ္ဌနာဋပုတ္တသည် မယုံကြည်နိုင်သေးဘဲ 'မိမိကိုယ်တိုင် သွားရောက်၍ သိရအောင် စုံစမ်းမည်' ဟုဆိုကာ နိဂဏ္ဌ ပရိသတ် များစွာ ခြံရံ၍ ဥပါလိသူကြွယ်အိမ်ဘက်သို့ သွားလေသည်။

တံခါးစောင့်သည် နိဂဏ္ဌနာဋပုတ္တကို မြင်လျှင် ဥပါလိသူကြွယ် ပြောထား မှာကြားသည့်အတိုင်း ဟန့်တား ပြောဆိုသဖြင့် နိဂဏ္ဌနာဋပုတ္တလည်း ပရိသတ်နှင့်အတူ တံခါးမုခ်ပြင်ပ၌သာ ရပ်လျက် နေကြရ၏။ ထိုအခါ ဆရာကြီးက ဥပါလိသူကြွယ်ကို တွေ့မြင်လို၍ မိမိလာရောက်ကြောင်း ပြောပေးရန် တံခါးစောင့်ကို မေတ္တာရပ်ခံလေသည်။

ဥပါလိသူကြွယ်က တံခါးမုခ် ခုနစ်ခုရှိသည်တွင် အလယ်တံခါးမုခ်၌ နေရာခင်းထားရန် တံခါးစောင့်အား ပြောဆိုသည်။ ပြီးလျှင် ဥပါလိသူကြွယ်သည် အလယ်တံခါးမုခ်ရှိ အကောင်းမွန်ဆုံး နေရာ၌ ကိုယ်တိုင် ထိုင်နေပြီးလျှင်

နိဂဏ္ဌနာဋပုတ္တအား ဝင်လာစေရန် အပြောခိုင်းလိုက်သည်၊ နိဂဏ္ဌနာဋပုတ္တနှင့် တပည့်ပရိသတ်များ အလယ်တံခါးမုခ်သို့ တန်းစီလာကြ၏၊ ရှေးအခါကမူ ဥပါလိသူကြွယ်သည် နိဂဏ္ဌနာဋပုတ္တ အဝေးမှလာသည်ကိုမြင်လျှင် မြင်တွေ့ရာအရပ်မှ ခရီးဦးကြိုဆိုပြီး မိမိအိမ်ရှိ အထွတ်အမြတ်ဆုံး နေရာကို မိမိ၏ ကိုယ်ဝတ် အပေါ်ရုံဖြင့် ပွတ်တိုက်ပြီးမှ နိဂဏ္ဌနာဋပုတ္တကို တရိတသေ ဖေးမကိုင်တွယ်ကာ ထိုင်နေစေခဲ့သည်။

ဥပါလိ - (ယခုမူ ဥပါလိသူကြွယ်သည် အကောင်းမွန်ဆုံးနေရာ၌ ကိုယ်တိုင်ထိုင်လျက်က) "အရှင်---နေရာများစွာရှိပါကုန်၏၊ အလိုရှိပါမူ ထိုင်ပါလော့"ဟု ဆို၏။

နိဂဏ္ဌ - သူကြွယ်--- သင်ရှုးနေသလား၊ မိုက်မဲလှချေကလား၊ ရဟန်းဂေါတမအား ဝါဒပြိုင်ဆိုင်ရန် သွားပါမည်ဟုဆိုပြီး သွားခဲ့သည်၊ ယခုတော့ မိမိဝါဒကို စွန့်ပစ်၍ သူ့ဝါဒကို မြတ်နိုးစွာ ဦးထိပ်ပန်ဆင် စွဲကိုင်၍ ပြန်လာခဲ့သည်။ သူကြွယ်-ဥပမာပြရလျှင် သူတပါး၏ ဝှေးစေ့ကို ထုတ်ပစ်ရန်သွားသော ဝှေးသင်းသမား ယောကျ်ား တစ်ယောက်သည် သူတပါး၏ ဝှေးစေ့ကို မထုတ်ခဲ့ရဘဲ မိမိ၏ ဝှေးစေ့ကို အထုတ်ခံပြီး ပြန်လာရသကဲ့သို့ ဖြစ်နေပြီ၊ နောက်ပြီး သူတပါး၏ မျက်လုံးကို ဖောက်ထုတ်ပစ်ရန် သွားသော မျက်လုံးထုတ်သမား ယောကျ်ား တစ်ယောက်သည် သူတပါး၏ မျက်လုံးကို မဖောက်ထုတ်ခဲ့ရဘဲ မိမိ၏ မျက်လုံးကို ဖောက်ထုတ်ခံရပြီး ပြန်လာရသကဲ့သို့လည်း သင်ဖြစ်နေပြီ။

သူကြွယ်---လက်စသတ်ဧကာ့ ရဟန်းဂေါတမ၏ စိတ်ညှို့ လှည့်ပတ် မာယာအတတ်ဖြင့် သင်အလှည့်ပတ်ခံလိုက်ရပါပကောလား။

ဥပါလိ - အရှင်---ရဟန်းဂေါတမ၏ စိတ်ညှို့လှည့်ပတ် မာယာအတတ်သည် အလွန်ကောင်းမြတ်လှပါသည်၊ အလွန်လည်း

အကျိုးကြီးသော ပညာဖြစ်ပါသည်။ ကျွန်ုပ်၏ ချစ်လှစွာသော ဆွေမျိုးသားချင်း အားလုံးပင် ဤစိတ်ညှိုလှည့်ပတ် မာယာအတတ်ဖြင့် အညှိုခံရ၊ အလှည့်အပတ်ခံကြရပါမူ သာ၍ ကောင်းပါလိမ့်မည်၊ သို့မှသာ ကျွန်ုပ်၏ ဆွေမျိုးသားချင်းများ ကာလရှည်ကြာစွာ စီးပွားချမ်းသာခြင်း ဖြစ်ကြရပါလိမ့်မည်။ တိုင်းပြည်အုပ်ချုပ်သောမင်းများအား လုံး၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသားမကျွန် သတ္တဝါအား လုံး၊ နတ်ဗြဟ္မာအား လုံး၊ တလောကလုံးရှိသမျှ သတ္တဝါတွေ ဤရဟန်းဂေါတမ၏ စိတ်ညှိုလှည့်ပတ် မာယာအတတ်ဖြင့် လှည့်ပတ်ခံရပါမူ၊ အညှိုခံရပါမူ အလွန်ကောင်းပါလိမ့်မည်၊ ဤသြကာသ လောကရှိ သတ္တဝါအား လုံးအတွက် ကာလကြာမြင့်စွာ စီးပွားချမ်းသာ ဖြစ်ကြပါလိမ့်မည်။

အရှင်---ဥပမာတစ်ခု ပြောပါဦးမည်၊ ရှေးအခါက ပုဏ္ဏားအိုကြီးတစ်ယောက်သည် ပျိုမြစ်နုနယ် ငယ်ရွယ်သော မိန်းမပျိုတစ်ဦးနှင့် လက်ထပ်ခဲ့ရာ ထိုမိန်းမပျိုသည် ကိုယ်ဝန်ရင့်မာ၍ သားဖွားချိန် နီးသောအခါ ပုဏ္ဏားကြီးအား မိမိမွေးဖွားလတ္တံ့သော သားငယ်ကစား ရန်အတွက် ဈေးသို့သွား၍ မျောက်ရုပ်ငယ်တစ်ခု ဝယ်ခဲ့ရန် ပြောဆိုသည်။

ပုဏ္ဏားကြီးသည် မျောက်ရုပ်ငယ်ကိုဝယ်ခဲ့ပြီး မိမိဇနီးသည် အား ပြသည်။ ဇနီးသည်က ဤမျောက်ရုပ်ငယ်ကို ယူဆောင်၍ ဆေးဆိုးသမားထံသွားကာ မျောက်ရုပ်ငယ်ကို ရိုက်နှက် ထုထောင်း ဖွပ်လျှော်ကာ နှစ်ဘက်လုံး ချောမွတ်အောင် ပြုပြီး အဝါရောင်ဆေး ဆိုးပေးရန် စေခိုင်းသည်။

ပုဏ္ဏားကြီးသည် ဇနီးသည် ခိုင်းသည့်အတိုင်း သွား၍ ပြုလုပ်ပေးရန် ပြောဆိုရာ ဆေးဆိုးသူက "ပုဏ္ဏားကြီး--ဤမျောက်ရုပ်ငယ်သည် ဆေးအဆိုးကိုကား ခံနိုင်ရည်ရှိ၏၊ ရိုက်နှက်ထုထောင်း ဖွပ်လျှော်မှုနှင့် ပွတ်ဘိုက်ခြင်းကိုမူ မခံနိုင်ပါ"ဟု ပြန်ပြော၏။

အရှင်-- အသိအလိမ္မာမရှိကုန်သော နိဂဏ္ဌာတို့၏ အယူဝါဒလည်း ဤဥပမာအတိုင်းပင် ဖြစ်သည်၊ သူမိုက်တို့၏ စွဲလမ်းနှစ်သက် ယုံကြည်မှုကိုသာ ခံယူနိုင်၍ ပညာရှိတို့၏ နှိုက်ချွတ်ရိုက်ထု စိစစ်မှုကို မခံနိုင်ပါ၊ လက်တွေ့ လေ့လာစူးစမ်းမှု စမ်းသပ်မှုကို မခံနိုင်ပါ။

အရှင်–ထိုပုဏ္ဏားအိုကြီးသည် မိမိဇနီးသည် ခိုင်းစေသည့် အတိုင်း အဝတ်အစားသစ် တစ်စုံကို တဖန်ဝယ်ယူ၍ ဆေးဆိုးသမားထံ သွားရောက်ကာ ရိုက်နှိပ်ဖွပ်လျှော်ပြီး အဝါရောင်ဆိုးပေးရန် ပြောဆို၏။

ထိုအခါ ဆေးဆိုးသူက–"အို---ပုဏ္ဏားကြီး-ဤအဝတ်သစ် တစ်စုံသည်ကား ဆေးဆိုးမှုကိုလည်း ခံနိုင်ရည်ရှိ၏၊ အရိုက်အနှက် အထုအထောင်း အဖွပ်အလျှော်ကိုလည်း ခံနိုင်ပါ၏၊ အပွတ်အတိုက်ကိုလည်း ခံနိုင်ပါ၏"ဟု ပြောဆိုပါသည်။

အရှင်-ဤဥပမာကဲ့သို့ပင် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တော်တိုင် မှန်ကန်စွာ ထိုးထွင်း၍ သိမြင်တော်မူသော မြတ်စွာဘုရား၏ အယူဝါဒသည် ပညာရှိတို့၏ ယုံကြည်နှစ်သက် စွဲလမ်းမှုကို ခံနိုင်၏၊ ပညာရှိတို့၏ စောကြော မေးမြန်း စိစစ်မှုကိုလည်း ခံနိုင်၏၊ လက်တွေ့ စမ်းသပ်မှုကိုလည်း ခံနိုင်ပါ၏၊ လူမိုက်တို့၏ အရာမဟုတ်ပါ။

နိဂဏ္ဌာ - သူကြွယ်---သင့်ကို မင်းနှင့်တကွသော ပရိသတ်အားလုံးက ဥပါလိသူကြွယ်သည် နိဂဏ္ဌာနာဋပုတ္တ၏ တပည့်သာဝကဟု သိထားကြ၏။ ယခုအခါ သင့်ကို မည်သူ၏ တပည့်သာဝကဟု မှတ်ယူကြမည်နည်း။

ထိုအခါ ဥပါလိသူကြွယ်သည် မိမိထိုင်နေသည့် မြင့်မြတ်သော နေရာမှ သက်ဆင်း၍ ရပ်လျက် ပခုံးတဘက်၌ ကိုယ်ဝတ်ကို လက်ကန်တော့

တင်ကာ မြတ်စွာဘုရား သီတင်း သုံးတော်မူရာ အရပ်ဘက်သို့ လက်အုပ်ချီပြီး နိဂဏ္ဌနာဋပုတ္တအား "အရှင်–အကျွန်ုပ်သည် မည်သူ၏ တပည့်ဖြစ်သည်ကို နားထောင်ပါလော့" ဟုဆိုကာ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို တစ်ခုပြီးတစ်ခု ပဋိဘာန်ဉာဏ်စွမ်းအလျောက် ချီးမွမ်း ရွတ်ဆိုလျက် အောက်ပါအတိုင်း ပြောကြားလေသည်–

"အကျွန်ုပ်၏ ကိုးကွယ်ရာ အားထားရာ မြတ်စွာဘုရားသည် ကိလေသာ ငြောင့်တံသင်းတို့ကို ရှင်းလင်း နုတ်ပယ်တော်မူပြီး ဖြစ်၏။ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးဖြစ်၏။ သတ္တဝါတိုင်း အပေါ်၌ ရင်ဝယ်သားကဲ့သို့ အညီအမျှ ထားနိုင်သော စိတ်နှလုံး ရှိတော်မူ၏။ သမဏတို့၏ အကျင့်စခန်း၌ အထွတ်အထိပ်သို့ ရောက်တော်မူပြီး ဖြစ်၏။ ထူးမြတ်သော လူသားစင်စစ် ဖြစ်တော်မူ၏။ ကိလေသာ မြူကြွေး ကင်းဝေးတော်မူ၏။ ရဲရင့်သူတို့တွင် ပြိုင်ဘက် ကင်းတော်မူ၏။ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရရှိတော်မူပြီးဖြစ်၏။ ကိလေသာရန်အပေါင်းမှ လွတ်မြောက်တော်မူ၏။ အကျွန်ုပ်သည် ထိုကဲ့သို့ ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်ပေ၏"

စသည်ဖြင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်များစွာအနက်မှ ဂုဏ်တော်ပုဒ်ပေါင်း (၁၀၀) ကျော်ကို ကောက်ကာငင်ကာ ရွတ်ဆိုပူဇော်၍ မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နိဂဏ္ဌ – သူကြွယ်---သင်သည် ရဟန်းဂေါတမ၏ ဤမျှလောက် များပြားသော ဂုဏ်ကျေးဇူးတို့ကို ဘယ်အချိန်က ဖွဲ့ဆို သီကုံးထားသနည်း။

ဥပါလိ – အရှင်---ဥပမာတစ်ခုပြောပါမည်၊ အဆင်း အနံ့ အရောင် အသွေး အရွယ်အစား အမျိုးအမည် များပြားစုံလင်သည့် ပန်းပုံကြီးတစ်ပုံ ရှိရာ ပန်းသီကုံးခြင်း၌ လိမ္မာကျွမ်းကျင်သော

ပန်းအလှပြင်ဆင်သီကုံးလိုသူသည် ထိုပန်းပုံကြီးထဲမှ နှစ်သက်ရာ ပန်းများကို ရွေးချယ်ပြီး ထူးခြား ဆန်းကြယ်သော ပန်းကုံးဖြစ်အောင် လွယ်ကူစွာ ထုတ်ယူသီကုံးနိုင်ပါသည်၊ ဤအတူသာလျှင် မြတ်စွာဘုရားရှင်သည် မြင်းမိုရ်တောင်ထု နှိုင်းတုမရ များပြားဆန်းကြယ်လှသော ဂုဏ်ကျေးဇူး ရှိတော်မူပါ၏၊ ရာထောင်မက များပြားလှသော ဂုဏ်ကျေးဇူး တော်ရှင် ဖြစ်ပါ၏။

ဤကဲ့သို့ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ထုတ်ဖော် ချီးကျူး သီကုံး ရွတ်ဆိုနိုင်ခြင်းသည် ကြိုတင်စဉ်းစား စိတ်ကူး၍ သီကုံးထားရန် မလိုပါ၊ လွယ်ကူစွာပင် ရွတ်ဆိုချီးကျူး နိုင်ပါသည်၊ မြတ်စွာဘုရားရှင်၏ ဤသို့ ချီးကျူးမကုန်သော ဂုဏ်ကျေးဇူးအနန္တ ကိုသိလျှင် အဘယ်သူ မချီးကျူးဘဲ နေနိုင်ပါမည်နည်း။

ဥပါလိသူကြွယ်စကားများကို ကြားရသောအခါ လူဟူသည် မိမိဂုဏ်သိက္ခာနှင့် မိမိအခွင့်အရေးကိုသာ ဦးစားပေးကာ မိမိ (အတ္တ)ကိုသာလျှင် ဗဟိုမဏ္ဍိုင်ထားပြီး စဉ်းစားလေ့ ရှိသည့်အတိုင်း နိဂဏ္ဌနာဋပုတ္တ ရင်တွေ ပူလာ၏၊ 'ဥပါလိ သူကြွယ်သည် ငါတို့ကို မလိုလားတော့ချေ၊ နက်ဖြန်ကစ၍ လူငါးဆယ် ခြောက်ဆယ်ကို ခေါ်ဆောင်ကာ ယခင်ကကဲ့သို့ ဤအိမ်သို့ ဆွမ်းစားကြွရန် အခွင့်ရတော့မည်မဟုတ်၊ တို့ဂိုဏ်းကြီးအတွက် ထမင်းအိုးကြီး တော့ ကွဲရလေပြီ'ဟု တွေးတောပူပန်စိတ်ဝင်လာ၏၊ မိမိ၏မျက်စိရှေ့မှာပင် မိမိ၏ ပြိုင်ဘက်ဖြစ်သော ဗုဒ္ဓဂေါတမ၏ ဂုဏ်ကျေးဇူးတော် တို့ကို ထုတ်ဖော်ချီးကျူးနေသည်မှာ အခံရအခက်ဆုံး ဖြစ်သွား၏၊ ထို့ပြင် ညာလက်ရုံးသဖွယ် နောက်ဆုံးခံတပ်ကြီးအလား အားကိုးအားထားပြုရသော နိဂဏ္ဌဘာသာရေးဂိုဏ်းကြီး၏ ပစ္စည်းလေးပါး ဒါယကာတစ်ဦး အတွက်လွဲကာ လက်လွတ်ဆုံးရှုံးရခြင်းမှာလည်း ထောက်တည်ရာ မဲ့သကဲ့သို့ ခံစားရ လေတော့သည်။ နိဂဏ္ဌနာဋပုတ္တ၏ ရင်ထဲ၌ အလွန် ပြင်းထန်သော စိုးရိမ်ပူပန်မှု သောကမီးကြီး ဖိစီး တောက်လောင်လာ၏၊ အာယာတမီး၊ သောကမီးသည်

ပထမတွင် တငွေ့.ငွေ့. လောင်မြိုက်ရာမှ နောက်ဆုံး မီးလျှံမီးတောက်ပမာ အရှိန်အဟုန်ပြင်းစွာ တောက်လောင်လာသဖြင့် နှလုံးသွေးများ ဆူပွတ်ကာ ခံတွင်းမှပင် တပွတ်ပွတ် ထွက်အန်ကျလာ၏၊ ထိုနေရာ၌ပင် နိဂဏ္ဌနာဋပုတ္တသည် ဣန္ဒြေဆည်ကာ ဟန်မလုပ်နိုင်တော့ဘဲ အရပ်ကြိုးပြတ်သကဲ့သို့ ဒူးထောက်လဲကျသွား၏။ ချက်ချင်းပင် သူ၏တပည့်များက နိဂဏ္ဌနာဋပုတ္တဆံရာကြီးကို ပွေ့ထူချီမကာ ထမ်းစင်ဖြင့် သယ်ဆောင်၍ ပါဝါပြည်သို့အရောက် ယူဆောင်သွားကြသည်။

မကြာမီအချိန်အတွင်းမှာပင် ဝတ်လစ်စလစ်ဘာသာရေး ဂိုဏ်းကြီး၏ ဘုရားအမည်ခံ နိဂဏ္ဌနာဋပုတ္တဆရာကြီး ပါဝါပြည်၌ ကွယ်လွန်သွားရှာသည်။

နိဂဏ္ဌနာဋပုတ္တဆရာကြီးသည် အထူးသဖြင့် ဂေါတမဗုဒ္ဓအပေါ် အခဲမကျေဖြစ်ကာ လောကဋ္ဌထင်ရှားသော ဝပွသာကီဝင်နှင့် အဘယမင်းသား သီဟစစ်သူကြီးများကိုသာမက ရွာသူကြီးများကိုပင် အသုံးချ၍ဝါဒထိုးစစ်ဆင်စေခဲ့ဖူးသည်(ဂါမဏိသံယုတ်၊ ကုလသုတ်)။ ယခု ဥပါလိသူကြွယ်မှာ နိဂဏ္ဌဆရာကြီးအတွက် နောက်ဆုံးလက်နက်ဖြစ်သကဲ့သို့ ထိုဝါဒစစ်ပွဲဗျူဟာသည် သူ့ဘဝအတွက် ကြမ္မာငင်ခြင်းပင်ဖြစ်တော့သည်။

နိဂဏ္ဌဆရာကြီး ကွယ်လွန်သော်လည်း နိဂဏ္ဌဂိုဏ်းကြီးအတွင်း ပြင်းထန်သော ရိုက်ခတ်မှုကြီး ဖြစ်ပွားနေခဲ့၏၊ ဗုဒ္ဓဘာသာဝင်တို့အတွက်လည်း သင်ခန်းစာများ ရရှိစေခဲ့၏၊ အကြောင်းမှာ နိဂဏ္ဌဆရာကြီး ပါဝါမြို့(ပါဋလိပုတ်အနီး ပါဝါပုရမြို့) ၌ ကွယ်လွန်ခါနီးတွင် မိမိအယူဝါဒများမှားယွင်းကြောင်း ကောင်းစွာသိရှိသွားသည်၊ "ငါတို့ ဆုံးရှုံးတာ ဆုံးရှုံးပါစေတော့၊ နောင်လာနောင်သားတွေ အပါယ်စာမဖြစ်ရစ်ကြပါစေနှင့် "ဟု စိတ်ကူးရကာ တပည့်ကြီးများအား သူကွယ်လွန်ခါနီးတွင် မတူညီသောသဘောတရားနှစ်မျိုးကို ခွဲခြားသင်ပေးခဲ့၏၊ ငါမှားခဲ့ပြီဟု ရိုးသားစွာဝန်ခံရမည့်အစား တပည့်များအား ရန်တိုက်ပေးခဲ့သည်။ ကွယ်လွန်သွားသည်နှင့် တပည့်များ အချင်းချင်း ငြင်းခုံရန်ဖြစ်ကြကာ နိဂဏ္ဌဂိုဏ်းကြီး အစိတ်စိတ် အမွှာမွှာ ပြိုကွဲသွားလေတော့သည် (ပါထိကနှင့် ဥပရိ၊ ပါသာဒိကသုတ်၊ သာမဂါမသုတ် အဋ္ဌကထာ)။

နိဂဏ္ဌာဆရာကြီး ကွယ်လွန်သည်နှင့် တပည့်များ ငြင်းခုန်ရန်ဖြစ်ကြသဖြင့် ဒကာများအကြည်ညိုပျက်ကြသည့်သတင်းကို အရှင်သာရိပုတ္တရာ၏ညီ စုန္ဒထေရ်က အရှင်အာနန္ဒာအား ဦးစွာလျှောက်၍ ထိုအကြောင်း မြတ်စွာဘုရားရှင်ထံ သွားရောက်လျှောက်ထားကြသည်၊ ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန် မဟုတ်ကြသဖြင့် နောက်လိုက်ပရိသတ်များ ထိုသို့ ခိုက်ရန်ဖြစ်ကာ ဆင်းရဲကြရသည်မှာ မထူးဆန်းကြောင်း မိန့်တော်မူကာ ဘုရားစစ် ဘုရားမှန်၊ တရားစစ်တရားမှန်များ ရရှိကြခိုက် နောက်လိုက်ကောင်းများဖြစ်ရန်၊ ဟောကြားထားသော တရားတော်များကို ကောင်းစွာမှတ်သားရွတ်ဆိုဆောင်ထားကြရန်၊ တရားတော်အတိုင်း ပြည့်စုံစွာ ကျင့်ကြံအားထုတ်ကြရန် အကျယ်ဟောပြတော်မူသည်။

နိဂဏ္ဌကွယ်လွန်ခြင်းနှင့်စပ်၍ ပါသာဒိကသုတ္တန် သာမဂါမသုတ္တန်ကြီး နှစ်ခုဟောကြားရန် အခွင့်ပေါ်လာခဲ့လေသည်။ ခေါင်းဆောင်၊ နောက်လိုက်နှင့် တရားနည်းလမ်း မှန်-မမှန် အကျယ်ဝေဘန်၍ ဟောတော်မူထား၏။

နိဂဏ္ဌာဆရာကြီး ကွယ်လွန်သွား**သောအခါ** **ဝါ**ဒရေးရာ ငြင်းခုံကြ၊ အယူအဆကွဲလွဲကြသကဲ့သို့ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက်တွင်လည်း ထိုသို့ အယူဝါဒရေးရာ ငြင်းခုန်ကွဲလွဲကြမည်ကို စိုးရိမ်သဖြင့် စုန္ဒထေရ်က လျှောက်ထားရာ မြတ်စွာဘုရားရှင်က သိက္ခာပုဒ်တို့နှင့်စပ်၍ ပြောပလောက်အောင် ငြင်းခုန်မှုမရှိနိုင်ကြောင်း၊ သမထဝိပဿနာ(လောကီမဂ်)နှင့်စပ်၍မူ ငြင်းခုန်နိုင်သော်လည်း လောကုတ္တရာမဂ်ဖိုလ်နှင့် စပ်၍ တစုံတရာ ငြင်းခုန်ဖွယ်မရှိ(အောင် တိကျခိုင်မာ)ကြောင်း- ဟောတော်မူသော သာမဂါမသုတ္တန်သည် မှတ်သားဖွယ်ကောင်းလှပေသည်။

အယူဝါဒကိုဏ်းဂဏနှင့်စပ်၍ သတ္တလောကကြီးအတွင်း ကိုဏ်းဂဏတူသူပင် ငြင်းခုန်တိုက်ခိုက်နေကြရာ ဘာသာအယူဝါဒမတူ ကိုဏ်းဂဏကွဲပြားသူတို့ အချင်းချင်းကား ပြောဖွယ်ရာမရှိချေ။

အယူဝါဒမတူသော သတ္တလောကကြီး၏ ယေဘုယျသဘောထားခံယူချက်များကို ဆန့်ကျင်ကာ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒသည် ဥပါလိသုတ္တန်ဖြင့်

မြင့်မြတ်သော သဘောထားခံယူချက်ကို စံတင်ပြလိုက်ခြင်းပင် ဖြစ်တော့သည်၊ အခြားဘာသာအယူဝါဒ ကိုဏ်းဂဏမှ မိမိဘာသာဝါဒ ကိုဏ်းဂဏထဲသို့ ဝင်လာသူကိုပင် "အလျင်စလိုမလုပ်နှင့်၊ စဉ်းစားပါဦး"ဟု သတိပေး၍၊ မရမနေ ဝင်လာရာတွင်လည်း "စိုသောလက် မခြောက်စေနှင့်ဆိုသကဲ့ သို့ ယခင်ကဘာသာအယူဝါဒရှိသူ ဆရာဟောင်းများကိုလည်း လုံးဝမပစ်ပယ်ပါနှင့်၊ ကျေးမွေးပေးလှူမြဲ ပေးလှူပါလေ"ဟုပင် တိုက်တွန်းတော်မူသေးသည်။

ဝေသာလီလိစ္ဆဝီမင်းတို့၏ စစ်သူကြီးဖြစ်သူ သီဟသေနာပတိ ဗုဒ္ဓတပည့်တော်အဖြစ် ခံယူစဉ်ကလည်း ဥပါလိသူကြွယ်အား မိန့်ကြားသကဲ့သို့ပင် မိန့်ကြားတော်မူခဲ့ဖူးလေသည်။ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒက ဤမျှသဘောထား ကြီးသော်လည်း ပထမဆုံးသော သီဟစစ်သူကြီး၏ ဆွမ်းကျွေးပွဲမှာပင် "ရဟန်းဂေါတမနှင့် ဂေါတမတပည့်များသည် ရည်ရွယ်၍သတ်သော အသား ငါးများစားကြသည်"ဟု နိဂဏ္ဌကိုဏ်းဝင်များက တမြို့လုံး လှည့်လည်၍ မဟုတ်မမှန် လုပ်ကြံကြွေးကြော်ကြလေသည် (ဝိနည်း၊ မဟာဝဂ္ဂ)။

ဗုဒ္ဓဘာသာ၏ ထိုသဘောထားကြီးမှသည် ကမ္ဘာ့သာသနာပြု အသောကမင်းကြီးမှ မင်းတုန်းမင်း၊ မင်းတုန်းမင်းကြီးမှ ယနေ့တိုင်အောင် တိုင်းပြည်အကြီးအကဲများက လိုက်နာကျင့်သုံးလျက်ရှိကြ၏၊ ထိုသဘောထား ကြီးမှကို အခွင့်ကောင်းမယူဘဲ မေတ္တာဖြင့် တုံ့ပြန်ဆက်ဆံကြရန် လိုပေသည်၊ ဗုဒ္ဓဘာသာဝင်တို့ကလည်း သဘောထားကြီးရုံမျှမဟုတ်မူ၍ စည်းလုံးမှု၊ ခိုင်မာအောင် ကျင့်ကြံမှုများ ကြီးမားမြင့်မြတ်ဖို့လည်း လိုအပ်ပေသည်။ ထိုသို့မဟုတ်ပါက ဗုဒ္ဓဝါဒသည် ဗုဒ္ဓပွင့်ရာ မဇ္ဈိမဒေသ၌ ဗုဒ္ဓမရှိသည့်နောက် ရာစုနှစ်အနည်းငယ်အတွင်းမှာပင် နေရာဖယ်ရှားခြင်း ခံရသကဲ့သို့လည်းကောင်း၊ အသောကမင်းကြီးမရှိသည့်နောက် မြေးတော် သမ္မတိမင်းသည် နိဂဏ္ဌကိုဏ်းဝင် ဖြစ်သွားခဲ့ဖူးသည်ကိုလည်းကောင်း သတိပြုသင့်ပေသည်။

လူသားအားလုံးအပေါ်
တသားတည်း တပြေးညီ ရှုမြင်သော ဗုဒ္ဓဝါဒ

အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒာမြို့ရှိ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် အသိဗန္ဓကပုတ္တအမည်ရှိသော ရွာသူကြီးသည် မြတ်စွာဘုရားထံရောက်လာ၏။

ဤရွာသူကြီးသည်ပင် “နာမည်တန်ခိုးကြီးသော ဂေါတမနှင့် ဝါဒပြိုင်နိုင်လျှင် သင်လည်း နာမည်ကြီးလာလိမ့်မည်”ဟု နိဂဏ္ဌာဆရာကြီးက မြှောက်ပေး၍ ဝါဒပြိုင်သွားရာမှ ဗုဒ္ဓတပည့်တဦး ဖြစ်လာခဲ့သူဖြစ်သည်၊ သို့ရာတွင် မြတ်စွာဘုရားရှင်အား ပြဿနာလျှောက်ရန် ရောက်လာပြန်၏၊ သူကိုယ်တိုင်ကသော်လည်းကောင်း၊ သူ့ပတ်ဝန်းကျင်ကသော်လည်းကောင်း မြတ်စွာဘုရားရှင် တရားဟောရာ၌ “သူ့လူ ငါ့လူ စိမ်းကျက် ရင်းဖျားခဲခြားသည်၊ မျက်နှာလိုက်၍ ဟောသည်”ဟု အထင်ရှိနေသည်၊ ထိုအကြောင်းကို အောက်ပါအတိုင်းလျှောက်ထား၏ –

“မြတ်စွာဘုရား --- အရှင်ဘုရားသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကို လိုလားတော်မူသည်ဖြစ်ပါလျက် အဘယ်ကြောင့် အချို့သော သူတို့အား မဂ်ဖိုလ်နိဗ္ဗာန်ရရှိစေရန် အလေးအနက် ထားကာ တရားဟောကြား၍၊ အချို့သောသူတို့အား သာမန်မျှသာ တရားဟောကြားရပါသနည်း”ဟု –

မေးမြန်းလျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏ –

“ဂါမဏီ --- လယ်သမားတဦးတွင် အကောင်းစားမြေ၊ အလတ်စားမြေ၊ အညံ့စားမြေဟူ၍ မြေသုံးကွက်ရှိသည်၊ ထိုလယ်သမားသည် မျိုးစေ့များကို အကောင်းစားလယ်မြေ၌လည်း စိုက်ပျိုး၏၊ အလတ်စားမြေ၌လည်း စိုက်ပျိုး၏၊ ကြွင်းကျန်သော မျိုးစေ့များကို ကြတ်တီးကုန်း ဆားပေါက်နေသော အညံ့စား လယ်မြေ၌လည်း နွားစာမျှပင်ရလျှင် ရစေတော့ဟူသော ရည်ရွယ်ချက်ဖြင့် စိုက်ပျိုး၏၊ ထို့အတူ ငါဘုရားသည်လည်း ငါဘုရားကို မှီခိုအားထား၍ နေကုန်သော လယ်ယာမြေကောင်း သဖွယ်ဖြစ်သည့် ဘိက္ခု-ဘိက္ခုနီမတို့အားလည်း ပြည့်စုံကောင်းမြတ်၍ သန့်ရှင်းသော အကျင့်မြတ်တရားကို ဟောကြား

တော်မူသည်၊ အလတ်တန်းစား လယ်မြေနှင့်တူသော ဥပါသကာ ဥပါသိကာမတို့အား လည်း ပြည့်စုံကောင်းမြတ်၍ သန့်ရှင်းသော အကျင့်မြတ်တရားကိုပင် ဟောကြား တော်မူသည်။

အညံ့စားလယ်မြေနှင့်တူသည့် သာသနာပြင်ပ အယူဝါဒရှိကြသော ရဟန်း ပုဏ္ဏား တိတ္ထိ ပရိဗိုဇ်တို့အား လည်း 'သူတို့သည် တရားတော် တလုံးတပါဒမျှကိုသော်လည်း သိကြပါမူ ထိုသူတို့အား ရှည်ကြာစွာသော ကာလပတ်လုံး စီးပွားချမ်းသာအလို့ငှာ ဖြစ်နိုင်ရာ၏'ဟူသော ရည်ရွယ်ချက်ဖြင့် ပြည့်စုံကောင်းမြတ်၍ သန့်ရှင်းသော အကျင့်မြတ်တရားကိုပင် ငါဘုရား ဟောကြားတော်မူသည်"ဟု မိန့်တော်မူ၏။

ထို့ပြင် ရေအိုး ဥပမာကိုလည်း ဟောပြတော်မူသည်–

"လူတစ်ယောက်၌ မပေါက် မကွဲ၊ မယို မစိမ့်သော အိုးတစ်လုံး၊ မပေါက်မကွဲသော်လည်း ယိုစိမ့်နေသော အိုးတစ်လုံး၊ ပေါက်ကွဲယိုစိမ့်နေသော အိုးတစ်လုံးဟူ၍ အိုးသုံးလုံးရှိသည်၊ ထိုသူသည် ရေထည့်လိုသောအခါ ရှေးဦးစွာ ပထမ အိုးထဲသို့ ရေကိုထည့်သည်၊ ထို့နောက် ဒုတိယအိုးထဲသို့လည်း ရေထည့်သည်၊ ထိုနောက် တတိယမြောက်ဖြစ်သော ပေါက်ကွဲယိုစိမ့်နေသည့် အိုးထဲသို့လည်း 'အကြမ်းဆေးကြောရန် ခြေဆေးရန်မျှရလျှင် ရပေတော့'ဟူသော ရည်ရွယ်ချက်ဖြင့် ရေထည့်သည်။ ထို့အတူပင် မြတ်စွာဘုရားသည် အခြားဘာသာဝင်များကိုလည်း "တတိယအိုးထဲ ရေထည့်သကဲ့သို့'သူတို့အတွက် အကျိုးရှိတန်သရွေ့ ရှိပါစေတော့"ဟူသော ရည်ရွယ်ချက်ဖြင့် တရားဟောကြားတော်မူ၏(ဂါမဏိသံယုတ်၊ ခေတ္တူပမသုတ်)။

မြတ်စွာဘုရားသည် ဤသို့သောရည်ရွယ်ချက်ဖြင့် သာသနာပြင်ပ အယူဝါဒရှိသူများကို တရားဟောပြောသဖြင့် အချို့မှာ ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန် ရရှိခံစားကြရသည်။ သစ္စကပရိဗိုဇ်ကဲ့သို့သောသူများမှာမူ ယခုဘဝတွင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ မသိနိုင်ခဲ့သော်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီး နှစ်ပေါင်း နှစ်ရာကျော်အချိန်တွင် သီဟိုဠ်ကျွန်း၌

ကာဋ္ဌဗုဒ္ဓရက္ခိတ ဟူသော ဘွဲ့အမည်ဖြင့် ပဋိသမ္ဘိဒါပတ္တ ပိဋကသုံးပုံဆောင် ရဟန္တာမထေရ်ကြီးအဖြစ်ဖြင့် သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိတော်မူခဲ့သည်(မဟာသစ္စကသုတ်အဖွင့်)။

မြတ်စွာဘုရားရှင် တရားဟောတော်မူရာ၌ အချို့သူများ တရားထူး၍ အချို့သူများ တရားထူးမရ၊ တရားထူးရကြရာ၌လည်း အဆင့်အတန်းမတူကွဲပြားး၏၊ ထိုအခြေအနေကို ကြည့်၍ ရင်းဖျား စိမ်းကျက် အတွင်းလူ အပြင်လူ ခွဲခြားပြီး ဟောကြားသည်ဟု ထင်ဖွယ်ရှိ၏၊ လောကအတတ်ပညာများကို သင်ပြပေးသော ဆရာတို့၌ ထိုသို့ မျက်နှာလိုက်သော သဘော ရှိကောင်းရှိနိုင်၏၊ သို့ရာတွင် မြတ်စွာဘုရားရှင်ကား ထိုသို့သဘောထားတော်မမူ။

မျိုးစေ့ကြဲချသော လယ်သမား၏ မျိုးစေ့နှင့် အားစိုက်ကြဲချမှုသည် အတူတူပင် ဖြစ်၏၊ ကြဲချရာလယ်မြေ အတန်းအစားအလိုက်သာ အကျိုးဖြစ်ထွန်းသည်။ ရေထည့်လှောင်သူ ဥပမာအရလည်း ခပ်ထည့်သောရေမှာ အတူတူပင်ဖြစ်၏၊ ခံယူသော ရေအိုးများ၏ ခံနိုင်ရည်အလိုက်သာ ရေတည်ရှိနိုင်သည်။ ထိုဥပမာများအတူ မြတ်စွာဘုရားဟောသော တရားမှာ မခွဲခြား၊ သည်တရားပင်ဖြစ်၏၊ အားစိုက်ဟောကြားတော်မူရာ၌လည်း အတူတူပင် ဖြစ်သည်၊ အပိုအလိုမရှိ။

ခြသေ့မင်းသည် ဆင်ပြောင်ကြီးကို ဖမ်းစားရာ၌ဖြစ်စေ၊ ယုန်သားငယ်ကို ဖမ်းစားရာ၌ဖြစ်စေ အားထုတ် ကြောင့်ကြစိုက်မှုမှာ အတူတူပင်ဖြစ်၏၊ 'ဤသူကား ငါ၏တပည့်၊ ထိုသူကား ပြင်ပအယူရှိသူ'ဟုလည်း ခွဲခြားတော်မမူ၊ တဖန် ဘုရားရှင်သည် လမ်းခရီး ညွှန်ပြသူ ဥပမာဖြင့်လည်း ဂဏကမောဂ္ဂလ္လာန် ပုဏ္ဏားကြီးအား ဟောကြားဖူး၏၊ မြတ်စွာဘုရား လမ်းညွှန်ပြသည့်အတိုင်း လမ်းဆုံးအောင် လျှောက်နိုင်သူသာလျှင် နောက်ဆုံးပန်းတိုင်သို့ ရောက်ရှိပြီး၊ လမ်းညွှန်ချက်ရသော်လည်း လမ်းဆုံးအောင် မလျှောက်သူ၊ လုံးဝ မလျှောက်သူများလည်းရှိရာ လမ်းညွှန်သူ၏ အပြစ်မဟုတ်ချေ။

အထူးသဖြင့် သာသနာပြင်ပ အယူရှိသူများတွင် သီဟသေနာပတိ၊ ဥပါလိသူကြွယ် စသူတို့ကဲ့သို့ အံ့နည်းငယ် ဟာရုံမျှဖြင့် သဘောပေါက်သွားကာ ကိုယ်ပိုင် အခွင့်အရေးကို ပြတ်သားစွာ ဆုံးဖြတ်၍ ပြောင်ပြောင်တင်းတင်း အယူဝါဒ ပြောင်းလဲဝံ့သူများလည်း ရှိခဲ့ကြ၏၊ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿမှာ ဂါထာတစ်ပုဒ် နာကြားရရုံမျှဖြင့် အမြင်ရှင်းသွား၏၊ အယူအစွဲကြီးသော မိမိဆရာနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို ကျောပေးခဲ့သည်၊ ရဲရင့်စွန့်စားစွာ ဘာသာကူးပြောင်းလိုက်၏။

ပိဋကတော်၌ ပါထိကပရိဗိုဇ်၊ နိဂ္ဂြောဓပရိဗိုဇ် စသူတို့အား မြတ်စွာဘုရားဟောကြားသော သုတ္တန်ကြီးများမှာ အလွန်ကြီးကျယ်ခမ်းနား၏၊ အခြေခံမှ နိဗ္ဗာန်အထိ အဆင့်ဆင့် ရှင်းပြတော်မူထားသည်၊ 'ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်အတွင်း တရားထူး ရနိုင်သည်'ဟု အာမခံချက်များ ပေးကာ ကြီးမားသော ကရဏာဖြင့် အံ့ဩလောက်အောင် အချိန်ယူသည်းခံ၍ ကျယ်ကျယ်ပြန့်ပြန့် ဟောပြတော်မူထားသည်၊ သို့သော် သာသနာပ အယူအစွဲကြီးလှသော ပရိဗိုဇ်များကား တုတ်တုတ်မျှမလှုပ်၊ အားကျစိတ်မျှပင် မဖြစ်ပေါ်၊ 'အထုံဝါသနာ ပါသွားလျှင်လည်း မနည်းလှ'ဟု သဘောထားတော်မူ၏၊ ယုန်သားငယ်ကို ခြင်္သေ့ဖမ်းသကဲ့သို့ ဖြစ်ခဲ့သည်။

ဤပါထိကသုတ္တန်၊ ဥဒုမ္ဗရိကသုတ္တန်ကြီးများသည် သူ့လူ ကိုယ့်လူ မခွဲခြား၊ အတွင်းတရား အပြင်တရား နှစ်မျိုးနှစ်စား မထားရှိရုံမျှမက သာမန်အားဖြင့်ကြည့်လျှင် လိုအပ်သည်ထက်ပင် များစွာအချိန်ယူအားစိုက်၍ ဟောတော်မူ၏၊ ဤသုတ္တန်ကြီးများသည် သာသနာအပြင်ပ ပုဂ္ဂိုလ်များအပေါ်၌ ထားရှိသော ဗုဒ္ဓဝါဒ၏ မြင့်မြတ်သော သဘောထားနှင့် ကျောသားရင်သား မခွဲခြားသော စိတ်ဓာတ်ကို ဖော်ပြလျက်ရှိကြ၏။

ပုဂ္ဂိုလ်အနေအားဖြင့်လည်းကောင်း၊ တရားဓမ္မအနေအားဖြင့် လည်းကောင်း ကျဉ်းမြောင်းစွာ ဘောင်ခတ်မထားဘဲ တသားတည်းတပြေးညီ ရှုမြင်သဘော ထားတော်မူကြောင်း မဟာပရိနိဗ္ဗာနသုတ္တန်ကြီး၌ ပို၍ ပွင့်လင်းစွာ ဟောတော်မူထားသည်။

"ချစ်သား အာနန္ဒာ-ငါဘုရားသည် အတွင်းအပြင်မထား (မခွဲခြား) ဘဲ တရားကို ဟောခဲ့ပြီ၊ ငါဘုရား၏အဖို့ရာ တရားဟောပြရာ၌ (လောကီပညာပေးသော ဆရာတို့သည် လျှို့ဝှက်ထားသောပညာကို သေခါနီးမှ ချစ်သောတပည့်အား သာ ပေးသကဲ့သို့) ဆရာ့လက်ဆုပ် ပြုလုပ်ထားသော (ဆရာစား ချန်ထားသော) လျှို့ဝှက်ချက်ဟူ၍ မထားရှိချေ"။

ဤစကားဖြင့်ပင် မြတ်စွာဘုရား၌ တရားဟောတော်မူရာ၌ အတွင်းလူ အပြင်လူမရှိ၊ ကျောသား ရင်သား မခွဲခြား၊ ရင်းဖျား စိမ်းကျက်မဟူ တန်းတူတပြေးညီ သဘောထားတော်မူကြောင်း ထင်ရှားလှပေသည်။

ထိုမျှမက သာသနာပြင်ပ အယူဝါဒရှိသူများနှင့်စပ်၍" သူ့ထိုက်နှင့် သူ့ကံ နေကြပစေတော့"ဟုပင် သဘောမထား၊ ဆွမ်းခံသွားရင်း တိတ္ထိကျောင်း များသို့ မကြာခဏဝင်ရောက်တော်မူလေ့ရှိသည်မှာလည်း ထူးခြားလှပေသည်၊ လူသာမန်တို့ အမြင်အရ အတုမရှိသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တိတ္ထိကျောင်းများသို့ မဖိတ်မခေါ်ဘဲ ဝင်ရောက်သည်မှာ ဂုဏ်သိက္ခာထိခိုက်သည် စသည်ဖြင့် တနည်းမဟုတ် တနည်း အမြင်မကြည်လင်ဖွယ်ဖြစ်၏၊ မည်သို့ ထင်မြင်ယူဆပြောဆိုကြစေ၊ တစုံတခုသော အကျိုးရှိသည်ကို မြင်တော်မူ၍သာ ကြွတော်မူခြင်းဖြစ်သည်မှာ ယုံမှားဖွယ်မရှိအပ်။

အရှင်းဆုံး မြင်သာသည်မှာ တခြား အယူဝါဒရှိသူများကိုပင် မြတ်စွာဘုရားရှင်က ပစ်မထား၊ သနား စောင့်ရှောက်တော်မူကြောင်း ထင်ရှားလှပေတော့သည်။ "နွားစာမျှ ရရ၊ ဆေးရေကြောရေမျှ ရရ" ဟူသော သဘောထားသည်၊ တုယူအားကျ ကြည်ညိုဖွယ်ကောင်းလှပေသည်။

တခါက ရာဇဂြိုဟ်မြို့တော်၌ နိဂြောဓပရိဗိုဇ် အမှူးရှိသော ပရိဗိုဇ်သုံးရာတို့ နေထိုင်ရာ ဥဒုမ္ဗရိက ပရိဗိုဇ်ကျောင်းသို့ မြတ်စွာဘုရားကြွသွားတော်မူဖူး၏၊ ခေါင်းဆောင်နိဂြောဓပရိဗိုဇ်က မြတ်စွာဘုရားဟောကြားတော်မူလေ့ရှိသော အရိယာဖြစ်ကြောင်း တရားကို မေးလျှောက်သဖြင့် တရားမိုးကြီးတစ်ကြိမ် သွန်းချကာ အကျယ်တဝင့် ဟောပြတော်မူ၏၊ လာခဲ့ပါ၊ ရိုးသားမှုသာရှိပါစေ၊

ခုနစ်နေ့၊ ခုနစ်လ၊ ခုနစ်ရက်မျှဖြင့်လည်း တရားထူးသိမြင်ရရှိနိုင်ကြောင်း ဟောတော်မူ၏၊ မည်မျှပင် ရဲရင့်စွာ အာမခံဟောပြောသော်လည်း အားကျစိတ်မျှ မဖြစ်ပေါ်ကြ။ မြတ်စွာဘုရားကိုပင်လျှင် တမျိုးတမည် အထင်ရောက်နေကြသည်၊ ထိုအခါ မြတ်စွာဘုရားရှင်က မိမိသဘောထားကို အောက်ပါအတိုင်း အထူးပွင့်လင်းစွာ ထုတ်ဖော်ဟောပြတော်မူရလေသည်

"အို-နိကြောဓ၊ ငါယခုကဲ့သို့ ကြီးစား ဟောပြနေခြင်းသည် သင်တို့အား ငါ၏ တပည့်ခံစေလိုသောကြောင့်ဟု ထင်လျှင် မှားလိမ့်မည်၊ ထိုသို့ မမှတ်ထင်သင့်၊ သင်တို့ ကိုးကွယ်မြဲ ဆရာသာလျှင် သင်တို့ဆရာပဲ ဖြစ်ပါစေ။

ထိုမှတပါး သင်တို့ သင်ယူလိုက်နာနေကျ အဆုံးအမကို ဖယ်ရှားလိုသောကြောင့် ယခုကဲ့သို့ ဟောပြောနေသည်ဟု ထင်လျှင်လည်း မှားလိမ့်မည်၊ ထိုသို့လည်း မမှတ်ထင်သင့်၊ သင်တို့ အစဉ်အလာအရ သင်ယူလိုက်နာနေကျ အဆုံးအမလည်း သင်တို့အဆုံးအမ အဖြစ်ပဲရှိပါစေ။

အို-နိကြောဓ၊ ထို့ပြင် သင်တို့ရိုးရာ နေထိုင်စားသောက်မှု အသက်မွေးမှုအစဉ်အလာကို ပြောင်းလဲပစ်လိုသောကြောင့် ယခုကဲ့သို့ ဟောပြောနေသည်ဟု ထင်လျှင်လည်း မှားလိမ့်မည်၊ ထိုသို့လည်း မမှတ်ထင်သင့်၊ သင်တို့ရိုးရာ စားသောက်နေထိုင်မှု အသက်မွေးမှု အစဉ်အလာလည်း နကို ရှိမြဲတိုင်း ရှိပါစေ။

အို-နိကြောဓ၊ သင်တို့ ဆရာသမားများနှင့်တကွ သတ်မှတ် ပြဋ္ဌာန်းထားသော အကုသိုလ်များဖြစ်ပွားစေ၍ ကုသိုလ်များမှ ရွေ့လျားအောင် ဟောပြောနေသည်ဟု ထင်လျှင်လည်း မှားလိမ့်မည်၊ ထိုသို့လည်း မမှတ်ထင်သင့်။ သင်တို့၏ အကုသိုလ် ကုသိုလ်လည်း (သင်တို့လက်ခံ ယုံကြည်ထားသည့်အတိုင်း) အကုသိုလ် အကုသိုလ်ပဲ ရှိပါစေ၊ ကုသိုလ် ကုသိုလ်ပဲရှိပါစေ။

အို-နိုကြောဓ၊ အမှန်အားဖြင့် အဖန်ဖန် အိုနာသေ၍ ဘဝသစ် ဖြစ်စေတတ်သော ပူပန်ဆင်းရဲ မွဲညစ်စေတတ်သော အကုသိုလ်တရား တို့ကို ပယ်ဖျောက်နိုင်ရန်အလို့ငှာသာ ဟောကြားခြင်းဖြစ်သည်၊ ငါ့ ပြောဟောသည့်အတိုင်း လိုက်နာကျင့်ကြံသူတို့အား အကုသိုလ် အညစ်တရားတို့ ကင်းကွာ၍ သန့်ရှင်းသော (သမထဝိပဿနာ)ကုသိုလ် အသိပညာများ တိုးပွားလာလိမ့်မည်၊ ယခု မျက်မှောက်ဘဝမှာပင်လျှင် မဂ်ဖိုလ်ပညာများ စည်ပင်ပြန့်ပွား၍ နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင် မျက်မှောက် သိမြင်ခံစားကြရလိမ့်မည်” (ပါထိက၊ ဥဒုမ္ဗရိကသုတ်)။

ဤမိန့်ဆိုချက်များကိုကြည့်လျှင် သာသနာပ အယူရှိသူများအား မိမိတပည့် ပရိသတ် အခြံအရံဖြစ်အောင် ဆွဲဆောင် စည်းရုံးခြင်းမဟုတ်၊ အို နာ သေဘေးမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အတွက်သာ ရည်ရွယ်တော်မူကြောင်း ထင်ရှားလှပေတော့သည်။

ဗုဒ္ဓပွင့်ပေါ်လာသည်မှစ၍ အသိဉာဏ်ရှိသော လူတို့သည် အစစ်အမှန် ဘက်သို့ ဝင်ရောက်လာကြသဖြင့် ခေတ်ပြိုင် အယူဝါဒ ဂိုဏ်းဂဏများ တဖြည်းဖြည်း ကျဆင်းသွားကြ၏၊ ကျော်စောမှုဂုဏ်သိန်များ မှေးမှိန်သွားကြ၏၊ လာဘ်လာဘ စားဝတ်နေမှု ကျပ်တည်းသွားကြ၏၊ ထို့ကြောင့် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒသည် ၎င်းတို့၏ ဘုံရန်သူဖြစ်ကာ သာသနာပ အယူဝါဒရှိသူများသည် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအပေါ် အနုနည်း အကြမ်းနည်းဖြင့် နည်းမျိုးစုံ ထိုးနှက်ခဲ့ကြသည်။ သိကွာချခဲ့ကြသည်။

ဂေါတမဗုဒ္ဓ ယခုကဲ့သို့ ကျော်စောထင်ရှား လာဘ်လာဘများရသည်မှာ ဘူမိနက်သန် နေရာမှန်၍ဟု ထင်မြင်ယူဆကာ ဇေတဝန်ကျောင်းတော်အနီး၌ ကျောင်းဆောက်ရန်ပင် ကောသလမင်းကြီးအား ငွေတစ်သိန်း လာဘ်ထိုးပြီး တိတ္ထိကျောင်း ဆောက်လုပ်ခဲ့ကြသည်။ ဘုရားရှင် ကိုယ်တော်တိုင်ပင် မင်းကြီးအား ဟောပြောနှစ်သိမ့်၍ ‘ရာဇကာရာမ-မင်းကျောင်း’ဟူသော အမည်ဖြင့် သာသနာတော်ကို လှူခဲ့သည် (ဘရာဇာတ်နှင့် မဟာဝဂ္ဂသံယုတ် ၌၊ ရာဇကာရာမဝဂ်)။ တိတ္ထိများ ကြိုးစားတိုက်ခိုက်ကြသမျှ အချည်းအနှီး ဖြစ်ခဲ့ကြသည်။

နိဂဏ္ဌာနာဌပုတ္တ ဆရာကြီးသည် ပြဆိုခဲ့သည့်အတိုင်း ဝါဒစစ်ခင်းရင်း သွေးအန်၍ ကွယ်လွန်သွားခဲ့ရသည်။ ပူရဏကဿပ ဆရာကြီးသည်လည်း ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ် အရေးတော်ပုံ အချိန်ကပင် ထွက်ပြေးတိမ်းရှောင်၍ သဲအိုးကို လည်ပင်းဌဲ့ဆွဲပြီး မြစ်ထဲခုန်ချကာ ဘဝဇာတ်သိမ်းခဲ့လေပြီ (ဒေဝါရောဟနဝတ္ထု၊ ဓမ္မပဒ)။ သိဉ္စည်း (သဉ္စယဗေလဋ္ဌပုတ္တ) ဆရာကြီးလည်း ဥပတိဿကောလိတ ဦးစီးသော တပည့် ၂၅၀-တို့ ဗုဒ္ဓတပည့်ခံယူသွားကြသောအခါ 'လူလိမ္မာတွေ ဂေါတမဆီသွား၊ လောကမှာ လူမိုက်တွေက အများကြီး၊ လူမိုက်တွေ ငါ့ဆီလာလိမ့်မည်'ဟု မခံချင်စိတ်နှင့် ပြောလိုက်ရသော်လည်း တပည့်များ ကျောင်းထဲက ထွက်ခွာသွားကြသည်ကို ကြည့်ရင်း ရင်တွင်းလှိုက်ဆွေး နှလုံးသွေးပွက်လျှံကာ သွေးအန်၍ ကျန်ရစ်ခဲ့လေသည်။

အယူဝါဒ ဓမ္မရေးရာ
ပွင့်လင်းရဲရင့်စွာ ကြေငြာတော်မူရခြင်း

ဗိမ္မိသာရမင်း ကောသလမင်းတို့မှအစ ဆတ္တာသည် (ခေါင်းရိတ်သမား) ဥပါလိ၊ ခိုကိုးရာမဲ့ အဖိုးကြီး ရာဓ၊ သုပ္ပဗုဒ္ဓ (ကုဋ္ဌရောဂါသည်)၊ လူသတ်သမား (တမ္ဗဒါဋ္ဌိက)၊ ခိုးသူကြီး (အင်္ဂုလိမာလ)၊ ခါးပိုက်နှိုက်၊ တံငါသည် (အရိယ) အဆုံး၊ ဇုဟ္မာယု, ပေါက္ခရသာတိ စသော ဇာတ်မြင့် ဗြာဟ္မဏ ပဏ္ဍိတ်ကြီးများမှအစ မစင်အမှိုက်ကျုံးသမား (သုနိတ) တို့အထိ၊ ယသောဓရာ၊ ခေမာ၊ ဥပ္ပလဝဏ် စသော မဟာမျိုး မဟာနွယ် အမျိုးသမီးများမှအစ ခိုကိုးရာမဲ့ အဖွားကြီး (သောဏာထေရီ)၊ ပြည့်တန်ဆာမ (အမ္ဗပါလီ)၊ အစေခံ (ခုဇ္ဇာ)၊ ကံဆိုးမ (ပဋာစာရာ) အဆုံး လူတန်းစားအားလုံး ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒဘက်သို့ စုရုံးဝင်ရောက်လာကြရာ သာသနာပ ဂိုဏ်းဂဏများ လှုပ်လေ မြှုပ်လေ ဖြစ်ကြရလေ၏။

ဘုရားအမည်ခံဆရာကြီးများမှအပ ဘာသာအယူဝါဒ စူးစမ်းသူများ အားလုံးလိုလိုပင် ဗုဒ္ဓ၏တပည့်သာဝကကြီးများ ဖြစ်လာကြ၏၊ အယူဝါဒတိုက်ပွဲဝင်ရာမှ အညံ့ခံ ဝင်ရောက်လာကြသည်၊ ထိုတွင် မူလက မရိုးသားသော

စိတ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်လာသူများပင် ရဟန္တာ အရှင်မြတ်ကြီးများ ဖြစ်သွားကြဖူး၏၊ ဥပမာ–ရာဇဂြိုဟ်တခွင်၌ တပည့်ပရိသတ် အခြံအရံများစွာဖြင့် ထင်ရှားကျော်ကြားသူ သုသီမ ပရိဗိုဇ်သည် တပည့်များ၏ အကြံပြုချက်အရ ဝမ်းရေးလောက်ကို ရှေးရှုကာ မရိုးမသား တရားခိုးရန် (ဓမ္မထွေန) သာသနာ့ဘောင်သို့ ဝင်ရောက်လာ၏၊ မြတ်စွာဘုရား တရားကို နာရသောအခါ အပြစ်ကို ဝန်ချတောင်းပန်၍ မကြာမီ ရဟန္တာဖြစ်တော်မူသွား၏ (နိဒါနသံယုတ်၊ သုသီမသုတ်)။

သာသနာ့ဘောင်သို့ ဝင်ရောက်လာသော်လည်း အယူဝါဒ အသိအမြင် မကြည်လင်ဘဲ အကျင့်ပိုင်းဆိုင်ရာ၌ ဈေးဆစ် စောဒကတက် နှုတ်လှန်ထိုးကာ ကလန်ကဆန်လုပ်နေခဲ့သူများလည်း ရှိနေခဲ့၏၊ ဥပမာ–အရိဋ္ဌ၊ ကဏ္ဍက၊ သာတိ၊ ဥဒါယီ၊ သုနက္ခတ္တနှင့် ဆဗ္ဗဂ္ဂိရဟန်းများ၊ မြတ်စွာဘုရားရှင်ကား အထူးသည်းခံ၍ ရှင်းပြတော်မူသည်။

တဖန် ဆဒလေးပုံကို တဘက်ကမ်းခပ် တတ်မြောက်ပြီး သာသနာ့ဘောင် ဝင်လာသူ ပုဏ္ဏား ရဟန်း ၅၀၀–တို့သည် တရားဓမ္မအနည်းငယ် သင်ယူသိရှိရုံမျှဖြင့် မိမိကိုယ်ကို အထင်ရောက်ကာ ဘုရားရှင် တရားဟောရာသို့ မသွားကြတော့၊ ' ဘုရားဟောသမျှ ငါတို့ သိပြီးသားချည်းပဲ၊ ငါတို့ သိထားတာထက် ပိုပြီး မဟောနိုင်ပါဘူး'ဟု မာန်တက်နေကြ၏၊ ထို့ကြောင့် မြတ်စွာဘုရားက ထိုရဟန်း ၅၀၀–တို့အား သီးသန့်တရားတပွဲ ဟောတော်မူ၏၊ ရဟန်း ၅၀၀–လုံး တရားဆုံးသော်လည်း တလုံးတပါဒမျှ မသိကြချေ၊ သူတို့ကား သံသရာနှင့်ချီ၍ ပညာမာန်တက်သူများ ဖြစ်ကြသည် (မူလပရိယာယသုတ်၊ မူလပရိယာယဇာတ်)။ နောင်အခါ–

"ချစ်သားတို့၊ ငါသည် တရားကို ထူးမြတ်သော ဉာဏ်ဖြင့် ထိုးထွင်းသိမြင်၍သာ ဟောကြားသည်၊ မသိဘဲဟောသည်မဟုတ်"–

စသည်ဖြင့် ဂေါတမကစေတိယသုတ္တန် (တိကအင်္ဂုတ္တရ)ကို နာကြားရမှ အားလုံး ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူသွားကြသည်။

သာသနာပ ဂိုဏ်းဂဏများသည် 'ဂေါတမ က ဤတရားကို ဤသို့ ဟောသကဲ့သို့ ငါတို့လည်း ဤသို့ပင် ဟောသည်'ဟု ရောနှောပူးကပ်ကာ ဝါဒဖြန့်သူများလည်း မနည်းချေ၊ နေရာများစွာ၌ တွေ့ရှိရပေသည်။ ထိုသို့ ရောနှောပူးကပ်လာကြသဖြင့် အကြိမ်ကြိမ် ဖယ်ရှားတော်မူနေရ၏။

ဗြာဟ္မဏပဏ္ဍိတ်အချို့သည် သာသနာသို့ဝင်ကာ ဗုဒ္ဓတရားစကားတော်များကို ဝေဒကျမ်းများကဲ့သို့ ၎င်းတို့၏ ဘာသာစကားဖြစ်သော သင်္ကတဘာသာဖြင့် ပြောင်းလဲ မှတ်တမ်းတင်၍ သင်ယူလေ့လာရန် အဆိုပြုလာခဲ့ကြ၏၊ မြတ်စွာဘုရားက ဒုက္ကဋ်အာပတ်တပ်၍ ရှုတ်ချ တားမြစ်တော်မူရဖူး၏ (ဝိနယစူဠဝဂ္ဂ-၂၀၈)။

ယင်းသို့ မရိုးမသား ရောနှောပူးသတ်လိုသူများ မကြာခဏ ပေါ်ပေါက်လာသဖြင့် သည်းခံ ရှင်းလင်းပေးရုံမျှနှင့် မပြီး၊ ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသားပင် ဖယ်ရှားပစ်ခဲ့ရသည်လည်း ရှိ၏၊ တနည်းအားဖြင့် ထို မရိုးသားသူများကြောင့် ဗုဒ္ဓဓမ္မသည် ပို၍ ပီပြင်ပြတ်သားလာခဲ့သည်။

တခါက မြတ်စွာဘုရား၌ ကောလိယတိုင်း ဟလိဒ္ဒဝသနိုဂုံး၌ သီတင်းသုံးစဉ် တိတ္ထိများကလည်း နိဝရဏတရား ဗြဟ္မဝိဟာရတရားများနှင့် စပ်၍ အရှင်ဂေါတမ ဟောသကဲ့သို့ သူတို့လည်း ထိုအတိုင်း ဟောပြောကြောင်း ပြောဆိုနေကြ၏၊ ဝါဒဖြန့် စည်းရုံးနေကြ၏၊ ထိုကိစ္စနှင့်စပ်၍ မြတ်စွာဘုရား ရှင်က အောက်ပါအတိုင်း ပြတ်ပြတ်သားသား ပိုင်းခြား ရှင်းပြတော်မူမှ သာသနာအပြင်ပ၌ မေတ္တာကျင့်စဉ်မျှလောက်ပင် မရှိကြောင်း ထင်ရှားလေတော့၏ —

"ရဟန်းတို့-ဤသို့ ပြောဆိုနေကြသည့် သာသနာပ အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ မေးမြန်းအပ်ကုန်၏၊ 'ငါ့ရှင်တို့၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ စေတောဝိမုတ္တိကို အဘယ်သို့ ပွားများအပ်သည်ရှိသော် အဘယ်လျှင် ပြီးပြည့်စုံမှုရှိသနည်း၊ အဘယ်လျှင် အထွတ်အမြတ်ရှိသနည်း၊ အဘယ်လျှင် အကျိုးဖြစ်ထွန်းမှု ရှိသနည်း၊ အဘယ်လျှင် အဆုံးတိုင်ရောက်မှု (ပန်းတိုင်) ရှိသနည်း'ဤသို့ မေးမြန်းအပ်ကုန်၏"။

"ရဟန်းတို့-ဤသို့ မေးမြန်းအပ်ကုန်သည်ရှိသော် ပြည့်စုံစွာ မဖြေဆိုနိုင်ကုန်လတ္တံ့၊ အလွန်လည်း စိတ်ဆင်းရဲကြရလတ္တံ့၊ အဘယ့်ကြောင့်နည်း၊ ဗြဟ္မဝိဟာရတရားသည် ၎င်းတို့၏ အရာမဟုတ်သောကြောင့်တည်း"။

"ရဟန်းတို့-ငါဘုရားကိုဖြစ်စေ၊ ငါ၏ တပည့်သာဝကကိုဖြစ်စေ၊ ဤသာသနာတော်မှတစ်ဆင့် ကြားနာဖူးသူကို ဖြစ်စေ ဖယ်ထား၍ ဗြဟ္မဝိဟာရကျင့်စဉ်ကို ကျေနပ်အောင် ဖြေဆိုနိုင်မည့်သူကို နတ်နှင့်တကွသော သုံးလောကဌ် ငါဘုရား မြင်တော်မမူ" (မဟာဝဂ္ဂ သံယုတ်၊ မေတ္တာသဟဂတသုတ်ခေါ် ဟလိဒ္ဒဝသနသုတ်။ ဗုဒ္ဓ၏ ဓမ္မအဆိအနှစ်များကို ညှစ်ယူ၍ ၎င်းတို့ကျမ်းစာဌ် ရောနှော ထည့်သွင်းထားရုံမျှမက ဗုဒ္ဓကိုပင်လျှင် ၎င်းတို့၏ နဝမမြောက် တမန်တော်ပြုလုပ်ထားသည်ဟု ဣန္ဒိယပညာရှိများကိုယ်တိုင် ရေးသား ချက်များကို သတိရဖွယ်ဖြစ်၏)။

လောကဌ် လူတို့သည် ဥဒေါင်းငှက်ကိုမတွေ့မီ ကျီးကန်းကို အလှထား၏၊ လ နေ များးမထွက်ခင် ပိုးစုန်းကြူးအရောင်ကို လင်းသည်ထင်ကြရ၏၊ ဗုဒ္ဓသာသနာတော် ထွန်းပေါ်လာသောအခါ လူများစု အသိမှန် အမြင်မှန် ရလာကြ၏၊ စင်ပြိုင်သာသနာပဂိဏ်းများက နည်းမျိုးစုံ ဆန့်ကျင်လာကြသည်၊ ထိုတွင် သာသနာတော်ကြည်ညိုသူများ နေထိုင်ရာ ရပ်ကွက် မြို့ရွာတို့ဌ် နားမခံသာအောင် လှည့်လည် ကြွေးကြော်ခြင်းမှာလည်း တနည်းအပါအဝင် ဖြစ်၏။

"ဂေါတမသာ သမဏ(ကိလေသာငြိမ်းသူ-ဘုန်းကြီးရဟန်း)လား၊ ငါတို့ကော သမဏ မဟုတ်ဘူးလား၊ သူတို့ကိုလွှမ္မ အကျိုးကြီးသလား"

ဗုဒ္ဓဘာသာဝင်တို့ နားတွင် မခံသာအောင် ကြားလာကြရာမှ ဘုရားရှင်က-

“ရဟန်းတို့၊ ဤသာသနာတော်၌သာလျှင် သမဏ-ကိလေသာငြိမ်းသူရှိသည်၊ အခြားတပါးသော ဘာသာဝါဒကိုဏ်းဂဏာတို့သည် အချည်းအနှီးသာတည်း၊ ရဟန်းတို့ သင်တို့သည် ဤအတိုင်း မလှန်နိုင်အောင် ရဲရင့်စွာ ကြွေးကြော်ကြလော့”ဟု -
တိုက်တွန်းတော်မူဖူး၏။

‘ငါတို့လည်း ငါတို့ဘုရား၊ တရားကို ကြည်ညိုသည်၊ ကိုယ်ကျင့်သိလစောင့်ထိန်းကြသည်’ဟု ချေပပြောဆိုသော် ပြောနိုင်သော်လည်း သူတို့ကိုးကွယ်သော ဘုရား၊ တရားနှင့် အကျင့်သိက္ခာများ အစစ်အမှန် မဟုတ်၍ ဒုက္ခမှ မလွတ်မြောက်နိုင်ကြောင်း ထပ်ဆင့်၍ အကျယ်တဝင့် ဟောပြတော်မူသည် (မူလပဏ္ဏာသ၊ စူဠဒုက္ခက္ခန္ဓသုတ်)။ ပွတ်တိုက်ခြင်း ခံရဖန်များသော ကျောက်ခဲသည် ပို၍ လုံးဝန်း တောက်ပြောင်လာမြဲဖြစ်၏။

မြတ်စွာဘုရားရှင်၏ တဘဝတာ ၄၅-ဝါ၏ နောက်ဆုံးနေ့ နောက်ဆုံးအချိန်မှာပင် ထိုပြဿနာကို အပြီးသတ် ထပ်မံ အတည်ပြုရန် အကြောင်းပေါ်လာခဲ့သည်၊ ဘာသာတိုင်းတွင် ‘သမဏ’ ဘုန်းကြီး ရဟန်းဆိုသူများရှိနေကြ၏၊ စင်စစ် ကိလေသာငြိမ်းသူ၊ လွတ်မြောက်သူ၊ ကိလေသာငြိမ်းရန် လွတ်မြောက်ရန် အစစ်အမှန်ကျင့်နေသူကိုမှ သမဏဟု ခေါ်ဆိုရသည်။

မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်ပြုတော်မူရန် နီးကပ်လာချိန်တွင်မှ သုဘဒ္ဒခေါ်သော ပရိဗိုဇ်ရဟန်းကြီး ဘုရားရှင်အနီးသို့ တိုးဝင်လာ၏၊ စောစောက ဘုရားအမည်ခံ ဆရာကြီး ၆-ဦး၏ အယူဝါဒများကို တပည့်ခံလေ့လာနေခဲ့၏၊ ကျေနပ်မှုမရ၊ ဂေါတမဗုဒ္ဓမှာ ငယ်ရွယ်သူဖြစ်၍လည်း အထင်မကြီးခဲ့၊ ယခုမူ ပရိနိဗ္ဗာန်ပြုတော့မည်ဆို၍ အမောတကော ရောက်လာကာ ‘ဆရာကြီး ၆-ဦးတို့သည် သူတို့ဝန်ခံသည့်အတိုင်း ဘုရားစစ် ဟုတ်မဟုတ်’ မေးလျှောက်၏၊ ဘုရားရှင်က အကျိုးမရှိ၊ ဖြေဆိုချိန်လည်းမရှိသဖြင့် ထိုမေးခွန်း မမေးရန်တားမြစ်ပြီး ယခုဟောမည့် တရားကိုသာ မှတ်သားနာယူရန် တိုက်တွန်းတော်မူသည်။

အင်္ဂါရုစ်ပါးရှိသော မဂ္ဂင် (ကျင့်စဉ်) မရှိသည့် ဘာသာအယူဝါဒ၌ ပထမ သမဏ-ကိလေသာငြိမ်းသူ (လွတ်မြောက်သူ) သောတာပန်မရှိ၊ ဒုတိယ သမဏ-သကဒါဂါမ် မရှိ၊ တတိယ သမဏ-အနာဂါမ် မရှိ၊ စတုတ္ထ သမဏ-ရဟန္တာ မရှိ၊ မဂ္ဂင်ရုစ်ပါး ကျင့်စဉ်ရှိသော ဤ ငါဘုရားသာသနာတော်၌ သာ သမဏာရှိကြောင်း မိန့်တော်မူ၏။

ချစ်သားသုဘဒ္ဒ၊ ငါသည် သဗ္ဗညုတဉာဏ်ကို ရှာလိုသည်ဖြစ်၍ ၂၉-နှစ်အရွယ်က ရဟန်းပြုခဲ့၏၊ ရဟန်းပြုခဲ့သည်မှာ အနှစ် ၅၀-ကျော်ခဲ့ပြီ၊ ဤသာသနာတော်မှ အပြင်ပ၌ သမဏာ မရှိ၊ အရိယမဂ်၏ အစဂိပသနာရှုသူပင် မရှိချေ၊ အခြားအယူဝါဒတို့သည် သစ္စာသိမြင်သော သမဏာတို့မှ ဆိတ်သုဉ်းလျက် ရှိကြကုန်၏။

ချစ်သားသုဘဒ္ဒ၊ ဤသာသနာတော်က ရဟန်းတို့သည် (အဆင့်ဆင့် ဟောပြောကျင့်ကြံကာ) ကောင်းစွာ နေကြကုန်သည် ရှိသော် ဤလောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းရာ (မဟာပရိနိဗ္ဗာနသုတ်)။

ဘဝချမ်းသာနှင့် လွတ်မြောက်မှုချမ်းသာ အစစ်ကို ရှာဖွေသူများအတွက် အလွန်မှတ်သားထိုက်သော စကားတော်များဖြစ်၏၊ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ အပွင့်လင်းဆုံး အရှင်းဆုံးနှင့် နောက်ဆုံးမှာထားတော်မူခဲ့သော ဘာသာအယူဝါဒ လမ်းညွှန် မှတ်ကျောက်ကြီးပင်တည်း။

မြတ်စွာဘုရားသာသနာတော် ပွင့်ထွန်းပေါ်လာသဖြင့် သတ္တဝါအများ အပါယ်တံခါးပိတ်ကာ နတ်ရွာလမ်း ပွင့်၍ သာသနာနှင့်စပ်သော ကောင်းမှုများကို ပြုလုပ်ခဲ့ကြရသဖြင့် အခြားအခြား နတ်များထက် အဘက်ဘက်က သာလွန်သော နက်သားသစ်များ အမြိတိုးပွားနေ၏၊ ထိုအခြေအနေကို နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသော သိကြားမင်းနှင့် သနင်္ကုမာရ ဗြဟ္မာကြီးက သုဓမ္မာဇရပ် နတ်သဘင်အစည်းအဝေးကြီး၌ အောက်ပါအတိုင်း မှတ်ချက်ချ၍ ဟောပြောကြကုန်၏။

"မြတ်စွာဘုရားသည် လူအများ၏ စီးပွားချမ်းသာအလို့ငှာ၊ လောကကို စောင့်ရှောက်ရန်အလို့ငှာ၊ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာအလို့ငှာ လွန်စွာ ကျင့်ကြံ အားထုတ်တော်မူပါပေ၏၊ ဤသို့ ကျင့်ကြံအားထုတ်သည့် အရည်အချင်းနှင့် ပြည့်စုံသော ဆရာမျိုး ရှေးကလည်း ငါတို့ မတွေ့မြင်ခဲ့ကြဘူးပါ၊ ယခုအခါတွင်လည်း ဘုရားရှင်မှတပါး မရှိပါ" (ဒီဃ-မဟာဝဂ်၊ မဟာဂေါဝိန္ဒသုတ်)။

ထိုမှတပါး ကောသလမင်းကြီးသည် ဘုရားရှင်နှင့် သက်တူရွယ်တူလည်းဖြစ်၊ ဘုရားရှင်၏ သာသနာပြုခရီးတလျှောက်တွင် အနီးကပ် ထိတွေ့သိမြင်ခွင့်ရခဲ့သူလည်းဖြစ်သည်၊ တချိန်က ဗြာဟ္မဏဆရာကြီးများ၏ လမ်းညွှန်မှုအရ အသက်ပေါင်းများစွာ စတေးရသည့် သွေးချောင်းစီး ယဇ်ပွဲကြီးကိုပင် ပြုလုပ်ရန် စီမံခဲ့၏၊ နိဂဏ္ဌဆရာကြီးများကိုလည်း ပံ့ပိုးခဲ့သူဖြစ်သည်၊ ကောသလမင်းကြီးသည် သက္ကတိုင်း မေဒါဠုပနိဂုံးအနီးရှိ ကျောင်းအရံ၌ ရဟန်းတော်များနှင့်အတူ ငြိမ်းချမ်းစွာ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရားရှင်အား ခြေတော်ဦးတိုက်ရှိခိုး၍ ခြေဖမိုးအစုံကို ဆုပ်နယ်နမ်းရှုပ်ကာ အလွန်အမင်း ရိုသေကျိုးနွံခြင်းဖြင့် ဖူးမြော်ခဲ့သည်။

မြတ်စွာဘုရားရှင်က 'အဘယ်ကြောင့် ဤမျှလောက် အလွန်အမင်း ရိုသေကျိုးနွံခြင်းကို ပြုဘိသနည်း' ဟု မေးတော်မူသဖြင့် ဘုရား တရားသဲယာ ရတနာမြတ်သုံးပါးအပေါ် မင်းကြီးသဘောပေါက်ထားသည့်အတိုင်း ဤသို့ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ဝိသေသလက္ခဏာတို့ကို ကောက်ကာငင်ကာ လျှောက်ထားလိုက်လေသည် (မဇ္ဈိမ၊ ဓမ္မစေတိယသုတ်)။

(က) ဗြဟ္မစရိယ၊ ကျင့်ကုန်ကြသည့်၊ ဝါဒတပါး၊ ဘာသာခြားတို့၊ ပိုင်းခြားရက်နေ့၊ အချိန်စေ့သော်၊ ပြကတော့သွင်၊ ပြင်ဆင်လိမ်းသ၊ ကာမမြူးပျော်၊ နေကုန်သော်လည်း၊ ရှင်တော်ဘုရား၊ တပည့်သားတို့၊ ပိုင်းခြားနေ့ရက်၊ မကန့်ကွက်ဘဲ၊ သက်ဆုံးသေတိုင်၊ ကျင့်သုံးနိုင်ခြင်း။

(ခ) မင်းလည်းမင်းချင်း၊ လူခပင်းတို့၊ ချင်းချင်းငြင်းကာ၊ နေတုံပါလည်း၊ သာသနာဝန်ထမ်း၊ ရှင်ရဟန်းကား၊ ဝမ်းမြောက်ညီညီ၊ ရန်မသီဘဲ၊ ခီရောဒက၊ နို့, ရေမျှသို့၊ ပိယစကွ၊ ချင်းချင်းရှုလျက်၊ ဘိက္ခုပီပီ၊ တရားမှီခြင်း။

(ဂ) ဗာဟီရက၊ သမဏတို့၊ ဗြဟ္မစရိယော်၊ ကျင့်ကုန်သော်လည်း၊ မပျော်မပိုက်၊ ဒုစရိုက်ကို၊ ပြုလုပ်မိမှား၊ ဖုံးကွယ်ထားလို့၊ အသားအရေ၊ မစိုပြေဘဲ၊ ကိုယ်နေဖြူရော်၊ ပိန်လှီညှော်လျက်၊ ရိုးငေါကြောပြိုင်း၊ မြင်လေတိုင်းလည်း၊ ထိုင်းမှိုင်းရော့ရဲ၊ ကြည့်မရဲသား၊ ဆွဲငင်ဓာတ်မဲ့၊ ဖြစ်ပေမဲ့လည်း၊ တုမဲ့မြတ်စွာ၊ သာသနာ၌၊ ဆင့်ကာပွားလူး၊ တရားထူးကို၊ ထူးခြားသိမြင်၊ စိတ်ဝယ်ထင်မိ၊ ကြည်လင်တက်ကြွ၊ သပွာယ်ကြသား၊ လှပရုပ်သွင်၊ တောသမင်သို့၊ ရွှင်ရွှင်ပျပျ၊ မကြောင့်ကြဘဲ၊ မာနမရှိ၊ နေနိုင်ဘိခြင်း။

(ဃ) အဘိသေက၊ အာဇာရှသား၊ မင်းမှသော်ပင်၊ တရားခွင်၌၊ စီရင်သောခါ၊ မှူးဗိုလ်ပါကို၊ အာဇာဟန့်တား၊ ငါ့စကား၌၊ ကြားဖြတ်မဝင်၊ မလျှောက်တင်လင့်၊ သို့စင်မိန့်ပြန်၊ အာဇာသံကို၊ ဖီဆန်လေကြ၊ တားမရခဲ့၊ ဘုရားမြတ်စွာ၊ သာသနာ၌၊ အာဇာတုတ်ဓား၊ ဒဏ်မထားဘဲ၊ တရားသဘင်၊ ပွဲကြီးယင်သော်၊ ရှင်ရဟန်းပေါင်း၊ ရာထောင်သောင်းတို့၊ ချောင်းညံ့ချေသံ၊ စကားသံမျှ၊ တရံတဆစ်၊ မဖြစ်ဘူးသေး၊ ဆိတ်ငြိမ်အေးလျက်၊ ယဉ်ကျေးပေစွ၊ ဆိုဆုံးမခြင်း။

(င) ဝါဒတပါး၊ ဘာသာခြားတို့၊ ဘုရားသခင်၊ မတွေ့ခင်မူ၊ ကြိုတင်စဉ်းစား၊ ပြင်ဆင်ထားလျက်၊ စကားချေတင်၊ ပြစ်တင်ရွတ်ချ၊ ဝါဒပြိုင်ဆိုင်၊ အနိုင်ရရေး၊ကြော်သံကြွေးလည်း၊ အဝေးမှာပင်၊ ဘုရားရှင်၏၊ ရှေ့တွင်ထံမှောက်၊ တွေ့ဆုံရောက်သော်၊ တယောက်မကျန်၊ တပည့်ခံ၍၊ ပြန်လှန်မေးဖြေ၊ မဝံ့လေခြင်း။

(စ) တထွေထို့ပြင်၊ ဘုရားရှင်၏၊ သွန်သင်ဆုံးမ၊ သဝါဒကြောင့်၊ သမဏဗြာဟ္မာ၊ ဒိဋ္ဌိကွာ၍၊ ဝါဒစစ်ပြိုင်၊ မဆိုင်ရွံ့ရွဲ့၊ မမေးဝံ့ဘဲ၊ ညံ့ခံသာဝက၊ ဖြစ်ရုံမျှဖြင့်၊ ရွှင်ပျသောမနသ်၊ မကျေနပ်၍၊ ပဗ္ဗဇ္ဇာခွင့်၊ တောင်းပန်ကျင့်သော်၊ ဖင့်နွဲ့မရှိ၊ မြွေက်ပီတိကို၊

သိမြင်ကိုယ်ပိုင်၊ နိဗ္ဗာန်တိုင်ကာ၊ သံပြိုင်လှစ်ဆို၊ 'ရွေးအဟိုက၊
ကိုယ်တိုင်ငါပင်၊ ရှင်တုကိုစစ်၊ ရှင်စစ်ကိုတု၊ ထင်မှားမှုကား၊
ယခုမှပင်၊ အမှန်မြင်ဟု'၊ ကုန်စင်မြွက်ကြား။

(ဆ) တနည်းအားဖြင့်၊ မင်းပါးမင်းထံ၊ ရိကျိုးနွံသည့်၊ ကံကျွေးခစား၊
အလုပ်သားပင်၊ ဘုရားရှိရာ၊ ဦးလှည့်ကာဖြင့်၊ ခြေမှာမင်းဆီ၊
မထီလေးစား၊ ပြုသည်များကို၊ ထောက်ထားတည့်လျှင်၊
'ဘုရားရှင်လည်း၊ သိမြင်အမှန်၊ ဓမ္မကွန်လည်း၊ အမှန်တရား၊
တပည့်သားလည်း၊ ရိုးသားကိုယ်ကျင့်'၊ အဆင့်ဆင့်ပင်၊
မြင့်ထက်မြင့်ကျူး၊ တရားထူးကို၊ ဆည်းပူးဧကန်၊ ရသည်မှန်လိမ့်၊
သို့—ဉာဏ်ရွယ်ချူ၊ နှလုံးမူလျက်၊ မေတ္တာပဟာရ၊ မာန်နှိမ့်ချကာ၊
ဘုရားတပည့်တော်၊ ရှိပူဇော်သည်၊ ဂုဏ်တော်အနန္တ ရှင်ဘုရား။

မြတ်စွာဘုရားရှင်သည် ဘာသာအယူဝါဒ အမျိုးမျိုးကြားတွင် မစ္ဆိုမပဋိပဒါလမ်းစဉ်ချ၍ ဖြတ်သန်းတော်မူခဲ့ရ၏၊ တတ်နိုင်သမျှ အများနှင့် မဆန့်ကျင်သော ချဉ်းကပ်နည်း ရပ်တည်နည်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နည်းများကို ချပေးတော်မူခဲ့သည်၊ လူသားတိုင်းအတွက် အသက်တမျှ အလွန်အရေးကြီးလှသော အပြီးသတ် ဆုံးဖြတ်ရွေးချယ်ရမည့် ကိုးကွယ်ကျင့်သုံးမှုလမ်းစဉ်ကိုလည်း ပွင့်ပွင့်လင်းလင်းပင် ရဲတင်းပြတ်သားစွာ ကြေငြာတော်မူခဲ့သည်၊ လေးနက်စွာလည်း သတိပေးတော်မူခဲ့သည်။

"ဧသေ'ဝ မဂ္ဂါ နတ္ထ'ညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။ (ဓမ္မပဒ)
အသိအမြင် စင်ကြယ်ရေးအတွက် ဤလမ်းစဉ်မှတပါး အခြားမရှိ"။

"ဧကာယနော'ယံ မဂ္ဂါ-လမ်းခွဲမရှိ၊ တစ်ကြောင်းတည်းသော လမ်းဖြစ်သည်" (မဟာသတိပဋ္ဌာနသုတ်)။

စျာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊
မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ (မူလပဏ္ဏာသ-ဒွေမာဝိတက္ကသုတ်)

"ရဟန်းတို့၊ ရှုမှတ်ပွားများကြကုန်လော့၊ သတိရှိကြ၊ မမေ့မလျော့ကြကုန်လင့်၊ နောင်အခါကျမှ (အိုခါမှ နာခါမှ သေခါနီးကာမှ၊ အပါယ်လေးပါးသို့ ရောက်ခါမှ) ပူပန်နောင်တ မဖြစ်ရစ်ကြပါကုန်လင့်"။

အခန်း (၃)

အားကျကြည်ညိုဖွယ်ရာ ထေရာထေရီများ

အာခန်း (၃)

အားကျခြင်ညှိဖွယ်ရာ ထေရာဃေရီများ

အရှင်သာရီပုတ္တရာ မထေရ်

အရှင်သာရီပုတ္တရာ မထေရ်မြတ်မှာ ကပည့်သာဝကတို့ဟွင် အမြဲဘ်ဆုံး အဂ္ဂသာဝက မထေရ်ကြီးနှစ်ပါးအနက် လက်ယာကော်ရံ အဂ္ဂသာဝကကြီး ဖြစ်သည်၊ မြက်စွာဘုရားမှ တပါး ပညာအရာဟွင် ပြိုင်ဘက်ကင်းသော မထေရ်ကြီးဖြစ်သည်၊ မြဝ်စွာဘုရားသည် ကရုးမင်း(၁မ္ဘရာဇ်)ဖြစ်တော်မူ၍ အရှင်သာရီပုတ္တရာကား ကရုးစစ်သူကြီး(မမ္မသေနာပတိ)ဖြစ်တော်မူသည်၊ မြက်စွာဘုရား၏ အားအားထားရဆုံးသော တပည့်ကြီးဖြစ်သည်၊ လူဝတ်ခရြာင် ဘဝကပင် လောကီဝေဒကျမ်းများနှင့် ဝါဒရေးရာကျမ်းများ၌ ပြိုင်ဘက်မရှိ ကျမ်းကျင်သူဖြစ်သည်၊ သာသနာတော်သို့ ဝင်ရောက်လာသောအခါ လူမျိုးစုံတို့ကို အသိပညာဏ် အလင်းရောင် ပေးဝေခဲ့သည့် သာဝကနှဉ်အာဇာနည်ကြီး ဖြစ်ပေသည်။ ထိုအရှင်မြတ်၏ ဘဝဖြစ်စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လွန်ခဲ့သော တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလက အရှင်သာရီပုတ္တရာအလောင်းလျာသည် ပုဏ္ဏားသူဌေးမျိုး၌ သရဒ ဟူသော အမည်ဖြင့်လည်းကောင်း၊ အရှင်မဟာမောဂ္ဂလ္လာန် အလောင်းလျာသည် သူကြွယ် မျိုး၌ သိရိဝမုနဟူသော အမည်ဖြင့်လည်းကောင်း ဘင်ကွားခဲ့ကြသည်။ အကျူတစ်ကွ ကစားဖော် ကစားဖက် သူငယ်ချင်းများ ဖြစ်ကြသည်၊ သိရိဝမုနမှာ လူလောကကြွင် ဒပုံရွှင်စွာ ဇနထိုင်ခဲ့သော်လည်း သရဒလုလင်

မှာမူ လောကကို ငြီးငွေ့ပြီး ရသေ့ဝတ်ခဲ့သည်။ ဟိမဝန္တာတောအရပ်၌ သမထကမ္မဋ္ဌာန်း တရားအားထုတ်၍ စျာန်အဘိညာဉ်ရလေသည်။ တပည့်ပရိသတ်ရသေ့ပေါင်း ၇၄၀၀၀-ရှိလေသည်၊ ထိုရသေ့တို့လည်း စျာန် အဘိညာဉ် ရရှိကြပြီး စျာန်ချမ်းသာဖြင့် ပျော်မွေ့နေကြသည်။

ထိုအချိန်ကား အနောမဒဿီ မြတ်စွာဘုရား လောကဋ္ဌ ပွင့်တော်မူနေချိန်ဖြစ်သည်။ တစ်နေ့သဋ္ဌ မြတ်စွာဘုရားသည် မိုးသောက်ယာမ်အခါ သတ္တလောကကို ဉာဏ်တော်ကွန်ယက်ဖြင့် ဖြန့်ကျက် ကြည့်ရှုရာတွင် သရဒရသေ့နှင့် တပည့်ရသေ့တို့ကို မြင်တော်မူ၍ တစ်ပါးတည်း ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူသည်၊ သရဒရသေ့သည် မြတ်စွာဘုရားကို လေးစားစွာ ဝတ်ပြုပူဇော်နေခိုက် တပည့်ရသေ့များ သစ်သီးရွာရာမှ ပြန်ရောက်လာကြသည်။ ထိုအချိန်မှာပင် အနောမဒဿီမြတ်စွာဘုရား၏ အဂ္ဂသာဝကဖြစ်ကြသော နိသဘထေရ်နှင့် အနောမ မထေရ်တို့ ဦးဆောင်သော ရဟန္တာတစ်သိန်းတို့လည်း ကြွရောက်တော် မူလာကြသည်။ သရဒရသေ့ ဦးဆောင်သော တပည့်ရသေ့တို့သည် ဘုရားအမှူးရှိသော ရဟန္တာတစ်သိန်းတို့အား ပန်းမျိုးစုံနေရာတော်များ ခင်းကျင်း၍ ပန်းထီးကြီးများ ဆောင်းမိုးကာ သစ်သီးမျိုးစုံဆက်ကပ်လှူဒါန်းလျက် ခမ်းနားစွာ ပူဇော်ကြသည်။

မြတ်စွာဘုရားနှင့် ရဟန္တာတစ်သိန်းတို့သည် ခုနစ်ရက်တိုင်တိုင် ထိုအရပ်၌ နိရောဓသမာပတ် ဝင်စားတော်မူကြပြီး သမာပတ်မှ ထကြသောအခါ အဂ္ဂသာဝက နိသဘထေရ်က ဦးစွာ တရားဟောတော်မူသည်။ ထို့နောက် မြတ်စွာဘုရား ကိုယ်တော်တိုင် တရားဟောတော်မူရာ သရဒရသေ့မှ တပါး ရသေ့အားလုံးတို့ ရဟန္တာဖြစ်တော်မူကြလေသည်၊ သရဒရသေ့မှာမူ တရားဟောသော အဂ္ဂသာဝက လက်ယာတော်ရံ နိသဘထေရ်ကို အားကျနေသဖြင့် တရားထူးကို မရခဲ့ပေ။ သရဒရသေ့သည် နောင်ပွင့်လတ္တံ့သော ဘုရားဘဝဆက်၏ထံ၌ နိသဘထေရ်ကဲ့သို့ အဂ္ဂသာဝကဖြစ်ရန် ဆုပန်ခဲ့လေသည်။ အနောမဒဿီမြတ်စွာဘုရားကလည်း နောင်ပွင့်လတ္တံ့သော ဂေါတမမြတ်စွာဘုရား လက်ထက်တွင် သာရိပုတ္တရာအမည်ဖြင့် အဂ္ဂသာဝက ဖြစ်လိမ့်မည်ဟု ဗျာဒိဟ်ပေးတော်မူခဲ့သည်။ ဘဝများစွာ ပါရမီများကိုဖြည့်ကျင့်လျက် သံသရာဝယ် ကျင်လည်ခဲ့ရာ နောက်ဆုံးဘဝသို့ ရောက်လာသည်။

အရှင်သာရိပုတ္တရာ အလောင်းလျာသည် မဂဓတိုင်း ရာဇဂြိုဟ် မြို့တော်အနီး ဥပတိဿမည်သော ရွာ၌ ဝင်္ကန့်ပုဏ္ဏားကြီး၏ဇနီး ရူပသာရီ ပုတ္တေးမကြီး၏ ဝမ်းဝယ် ပဋိသန္ဓေယူပြီး မွေးဖွားသောအခါ ဥပတိဿရွာ အကြီးအကဲမျိုး၏ သားဖြစ်၍ ဥပတိဿဟု အမည်မှည့်လေသည်။ ဥပတိဿသည် မိသားစု ခုနစ်ယောက်တွင် အကြီးဆုံး သားဖြစ်သည်။ အရှင်မဟာမောဂ္ဂလ္လာန်အလောင်းလျာ ကောလိတနှင့် အလွန်ခင်မင်သော သူငယ်ချင်းများ ဖြစ်ကြသည်။ ငယ်စဉ်မှာပင် ဝေဒသုံးပုံ ပညာစုံ တတ်မြောက်ကြသည်။ ရွှေထမ်းစင် ၅၀၀၊ လှလင်ပေါင်း ၅၀၀ စီ အခြံအရံရှိသည်၊ ရာဇဂြိုဟ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ထိပ်သဘင်ပွဲသို့ အခြံအရံများနှင့်အတူ အမြဲတမ်းသွားလာ ကြည့်ရှုပျော်ရွှင်ခဲ့ကြသည်၊ တစ်နေ့၌မူ သူငယ်ချင်းနှစ်ဦးတို့ ပွဲကြည့်ရင်း ကြည့်ရင်း သံဝေဂစိတ်များ ဝင်လာကြသည်။

"ပွဲကြည့်သူ ပွဲကသူများ အားလုံးတို့သည် အနှစ်တစ်ရာမရောက်မီ သေကြရမည်၊ မသေမီကာလအတွင်း ရရှိသောအချိန်ကို ပျော်ရွှင်ခြင်း၌ အသုံးမပြုဘဲ သေခြင်းကင်းရာ(အမတ)ကိုရှာဖွေခြင်း၌ အသုံးပြုမှ သင့်တော်ပေမည်"ဟု ကြံစည်ကြကာ သံသရာလွတ်မြောက်ရေး ရှာဖွေရန် နှစ်ဦးသဘောတူ တိုင်ပင်၍ တောထွက်ခဲ့ကြသည်။

ထိုအချိန်က ရာဇဂြိုဟ်မြို့တော်တခွင်၌ ထင်ရှားသော ဆရာကြီးမှာ သိဉ္ဇည်း ပရိဗိုဇ်ကြီး ဖြစ်သည်။ ကောလိတနှင့် ဥပတိဿတို့သည် အခြံအရံ တပည့် ၅၀၀ စီနှင့်အတူ သိဉ္ဇည်းဆရာကြီးထံ ပရိဗိုဇ်ဝတ်ကြလေသည်။ နှစ်ရက် သုံးရက်နှင့်ပင် သိဉ္ဇည်းဆရာကြီး၏ အယူဝါဒကို နားလည် သွားကြသည်။ သို့ရာတွင် သိဉ္ဇည်းဆရာကြီး၏ အယူဝါဒ၌ သူတို့လိုချင်နေသော သေခြင်းကင်းရာတရားကို မတွေ့ကြ။ ထို့ကြောင့် သိဉ္ဇည်းဆရာကြီးက မိမိဂိုဏ်းကြီးကို အတူတကွ လက်တွဲဦးဆောင်ရန် လွှဲအပ်သော်လည်း လက်မခံဘဲ ဆရာရှာရန် လမ်းခွဲ၍ ထွက်ခွာခဲ့ကြသည်။ တရားထူးတွေ့က တစ်ဦးကို တစ်ဦး အသိပေးကြစတမ်းဟုလည်း ကတိကဝတ် ထားကြသည်။ တွေ့သမျှဆရာတို့လည်း သေခြင်းကင်းရာတရားကို ညွှန်ပြနိုင်သူများ မဟုတ်ကြ။

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက်နေ့လောက်တွင် ပဌဝဂ္ဂိဂါးဦးတွင် တစ်ဦးဖြစ်သူ အရှင်အဿဇိ မထေရ်သည် ရာဇဂြိုဟ်သို့ ရောက်လာသည်။ ဥပတိဿသည် ဆွမ်းခံကြွလာသော အရှင်အဿဇိ မထေရ်၏ တည်ငြိမ်သော ဣန္ဒြေ၊ အသားအရေကြည်လင်မှုကို တွေ့မြင်သောအခါ တရားထူးရှိသူ ဧကန်ဖြစ်ရမည်ဟု ဆုံးဖြတ်ပြီး မထေရ်နောက် လိုက်ခဲ့သည်။ အရှင်အဿဇိနှင့်တွေ့၍ တရားဟောရန် တောင်းပန်ရာ အရှင်အဿဇိ မထေရ်က ဥပတိဿပရိဗိုဇ်အား သစ္စာလေးချက် အနက်အဓိပ္ပာယ်ပြည့်ဝသော အောက်ပါဂါထာ ဓမ္မဒေသနာကို ဟောကြားတော်မူလေသည် -

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

"ဖြစ်ပေါ်လာသမျှ သင်္ခေါတရားတို့သည် အကြောင်းတရားလျှင် အမှန်အစ ရှိကြကုန်၏။ မြတ်စွာဘုရားသည် ဖြစ်ပေါ်သမျှသော သင်္ခေါတရားတို့၏ အကြောင်းကို ဟောတော်မူ၏။ ထိုဖြစ်ပေါ် လာသမျှသော သင်္ခေါတရားတို့၏ ချုပ်ငြိမ်းရာကိုလည်း ဟောတော်မူ၏။ ကြီးမြတ်သော မြတ်စွာဘုရားသည် ဤသို့ ဟောပြလေ့ရှိတော်မူ၏"။

ဥပတိဿသည် ဂါထာထက်ဝက်ကို ကြားနာရုံမျှဖြင့်ပင် သောတာပတ္တိဖိုလ်တည်၏။ အရှင်အဿဇိ မထေရ်လည်း မြတ်စွာဘုရား သီတင်းသုံးရာ ဝေဠုဝန်ကျောင်းတော်သို့ ကြွတော်မူလေသည်။ ကောလိတပရိဗိုဇ်သည် တည်ငြိမ်သော ဣန္ဒြေဖြင့် ပြန်လာသော သူငယ်ချင်းဥပတိဿကို အဝေးမှမြင်ရလျှင်ပင် တရားထူးတွေ့ခဲ့ပြီဖြစ်ကြောင်း မှန်းဆသိရှိသွားသည်။ ဥပတိဿသည် သူငယ်ချင်း ကောလိတအား မိမိ နာကြားခဲ့ရသော သစ္စာလေးပါး တရားဂါထာကို ပြန်လည်ဟောပြောရာ ကောလိတလည်း သောတာပန်တည်လေသည်။

သူငယ်ချင်းနှစ်ဦးတို့သည် သိဿည်းဆရာကြီးထံသွား၍ နှုတ်ဆက်ကြ၏။ မသေရာတရားကို ဟောကြားတော်မူနိုင်သော ဘုရားရှင်ထံလိုက်ခဲ့ရန်လည်း အမျိုးမျိုးဖျောင်းဖျခေါ်ဆောင်ကြသည်။ "ဆရာလုပ်ပြီးမှ တပည့်မခံလိုတော့"ဟု နောက်ဆုံးအဖြေပေးကာ "လောကဌ် လူမိုက်နှင့်လူလိမ္မာ ဘယ်သူကများသလဲ" ဟု မေးရာ လူမိုက်ကများကြောင်း ဖြေကြရသည်။ "သင်တို့ မစိုးရိမ်ကြနှင့်၊ လူလိမ္မာတွေ ဂေါတမဆီသွား၊ လူမိုက်တွေ ငါ့ဆီလာကြလိမ့်မည်" ဟု စကားကုန်ပြောလိုက်သည်" ဥပတိဿ, ကောလိတတို့သည် အခြံအရံငါးရာနှင့်အတူ ပရိဗိုဇ်အရံမှ ထွက်ခဲ့ကြသည်။

သိဿည်းဆရာကြီးသည် ပရိဗိုဇ်အရံကြီးတခုလုံး ပရိသတ်အခြံအရံကင်းဆိတ်သွားသည်ကို မြင်တွေ့ရသဖြင့် ရုတ်တရက် စိတ်နှလုံးပူပန်ကာ သွေးအန်ခြင်းဝေဒနာ ခံစားရလေသည်။ ထိုအဖြစ်အပျက်ကို မရှုရက်ကြသဖြင့် တပည့် ၂၅၀ တို့သည် ပြန်လှည့်၍ ပရိဗိုဇ်ကျောင်းဌ ကျန်ရစ်ခဲ့ကြသည်၊ ဥပတိဿနှင့် ကောလိတတို့သည် တပည့် ၂၅၀ တို့နှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ ရောက်ရှိကြပြီးလျှင် မြတ်စွာဘုရားအထံတော်၌ ဗဟိဘိက္ခု ရဟန်းအဖြစ်ရရှိကြသည်။ မြတ်စွာဘုရားတရားဟောတော်မူလျှင် တပည့် ၂၅၀ တို့သာ ဦးစွာ ရဟန္တာဖြစ်ကြသည်။ ခေါင်းဆောင် ဥပတိဿနှင့် ကောလိတနှစ်ဦးမှာမူ တရားထူးမရကြသေးပေ။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ရာဇဂြိုဟ်မြို့၊ သူကရခတလိုဏ်၌ အရှင်သာရိပုတ္တရာမထေရ်၏တူ ဒီဃနခပရိဗိုဇ်အား ဒီဃနခ(ဝေဒနာပရိဂ္ဂဟ)သုတ်တော်ကို ဟောရာ၌ ယပ်လေခတ်ပေးနေသော အရှင်သာရိပုတ္တရာလည်း နာကြားရ၍ ရဟန္တာဖြစ်သွားသည်။ ဒီဃနခပရိဗိုဇ် မှာမူ သောတာပန်မျှသာဖြစ်လေသည်။ ထိုနေ့မှာပင် ရာဇဂြိုဟ်မြို့ ဝေဠုဝန် ကျောင်းတော်၌ ပထမသာဝကသန္နိပါတခေါ် ဘုရားရှင်၏ တပည့်သာဝက ရဟန်းတော်ပေါင်း တစ်ထောင့်နှစ်ရာငါးကျိပ်တို့ ဆုံစည်းစုဝေး မိကြသည်၊ ပထမသာဝကသန္နိပါတ-ပထမဆုံးအကြိမ် သံဃာ့အစည်းအဝေးပွဲကြီးဟု ခေါ်တွင်၏။ ထိုသံဃာ့အစည်းအဝေးကြီးကား ဤဘုရားသာသနာတော်၌ တစ်ကြိမ်သာလျှင် ဖြစ်သည်၊ ထိုအစည်းအဝေးကြီး၏ ထူးခြားချက်ကား -

(၁) တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊

(၂) သံဃာတော် ၁၂၅၀ တို့သည် မည်သူမျှ မပင့်ဖိတ်ရဘဲ အလိုအလျောက် ကြွရောက်လာကြခြင်း၊

(၃) သံဃာတော် ၁၂၅၀ လုံး ဆဋ္ဌဘိည ရဟန္တာချည်း ဖြစ်ကြခြင်း၊

(၄) အားလုံးသော သံဃာတို့ ဧဟိဘိက္ခုချည်း ဖြစ်တော်မူခြင်းတို့ ဖြစ်ကြသည်။

အင်္ဂါလေးပါးနှင့် ပြည့်စုံသော သာဝကသန္နိပါတ သံဃာ့အစည်းအဝေး ပွဲကြီးတွင် အဂ္ဂသာဂကရာထူး အပ်နှင်းတော်မူပြီး ရဟန်းတို့အား မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောကြားဆုံးမ၍ သြဝါဒပါတိမောက်ကို ပြတော်မူသည်။

မြတ်စွာဘုရားရှင်က ထိုအစည်းအဝေးကြီးကွင် ဥပတိဿအား အရှင်သာရိပုတ္တရာဟူသော အမည်ဖြင့်လည်းကောင်း၊ ကောလိတအား အရှင်မဟာမောဂ္ဂလ္လာန်ဟူသော အမည်ဖြင့်လည်းကောင်း အဂ္ဂသာဝကအရာ အပ်နှင်းချီးမြှင့်တော်မူသည်။ နောင်အခါ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ "ဉာဏ်ပညာကြီးမားကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် သာရိပုတ္တရာသည် အတော်ဆုံး အသာလွန်ဆုံး အမြတ်ဆုံးဖြစ်ပေ၏" ဟု ပညာအရာ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူသည်။

မထေရ်မြတ်သည် ၄၄-ဝါ ကာလပတ်လုံး သတ္တဝါအကျိုးငှါ ကျင့်တော်မူခဲ့သည်။ မထေရ်မြတ်၏ တရား·တော်တို့ကို ပိဋကတ်စာပေတွင် များပြားစွာ မှတ်ကမ်းတင်ခဲ့သည်။ ပဋိသမ္ဘိဒါမင်္ဂ၊ မဟာနိဒ္ဒေသ၊ စူဠနိဒ္ဒေသ ပါဠိတော်တို့မှာ မထေရ်မြတ်ဟောကြား [illegible] သော ကဏ္ဍ·တော်များဖြစ်သည်၊ အဘိဓမ္မာဒေသနာတော် လူ [illegible] တင်ရာ·ဘွဲ့ တည်ရှိခဲ့သည်မှာလည်း မထေရ်မြတ်၏ စွမ်းဆောင်မှုကြောင့်ပင်ဖြစ်သည်၊ အဘိဓမ္မာဒေသနာတော်ကို မြတ်စွာဘုရား [illegible] တရားတော်ကြီးနောက်ပြည့်၌ ဟောကြားတော်မူခဲ့သည်၊ လူ့ပြည့်၌မူ ရှင်သာဂိပဉ္စကစ်ပါးကည်းကိုသာ နည်းရုံ အကျဉ်းအားဖြင့် ဟောကြားခဲ့သည်။ ယခုရှိနေသော အဘိဓမ္မာတရားတော်များသည်

ရှင်သာရိပုတ္တရာက ၎င်း၏တပည့်များအား သင်ကြားပို့ချပေးခဲ့သော အဘိဓမ္မာတရားတော်များဖြစ်သည်၊ ဘုရားရှင်အား သာသနာအဝန့်ရှည်ရေး အတွက် ဝိနည်းသိက္ခာပုဒ်များ ပညတ်ရန်နှင့် ဘုရားဖြစ်တော်စဉ် ဟောကြားတော်မူရန်လည်း မထေရ်မြတ်ကပင် တောင်းပန်ခဲ့သည်။

ဂါရဝ နိဝါတအရာတွင်လည်း မထေရ်မြတ်သည် စံတင်အတုယူ လောက်သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ တခါသော် အရေးတကြီး ကိစ္စရှိသဖြင့် သင်္ကန်းကို မညီမညာဝတ်ရုံမိသောအရှင်သာရိပုတ္တရာအား သာမဏေတစ်ပါးက ညီညာစွာဝတ်ရုံသင့်ကြောင်း ပြောပြသဖြင့် သင်္ကန်းကို ညီညာစွာ ပြန်လည် ဝတ်ရုံပြီး ကိုရင်လေးရှေ့ရပ်ပြကာ သာမဏေငယ်၏ဆုံးမမှုကို ဦးထိပ်ပန်ဆင်၍ ပြုံးရွှင်ကျေနပ်စွာ လိုက်နာဖူးသည်။

အရှင်သာရိပုတ္တရာသည် တချိန်က ဟိမဝန္တာလိုဏ်ဂူတခုဌ် တံမြက် မလှည်းဘဲ သမာပတ်ဝင်စားနေမိသည့်အတွက် မြတ်စွာဘုရားဆုံးမဖူးသည်ကို တသင်္ဃလုံး စွဲမြဲစွာ နာယူခဲ့သည်။ ထိုအခါမှ စ၍ သံဃာတော်များ ဆွမ်းခံကြွချိန်တွင် ကျောင်းတိုက်တခုလုံးသို့ လှည့်လည်၍ တံမြက်လှည်းခြင်း၊ ရေခပ်ဖြည့်ခြင်းစသော သေနာသနဝတ်တို့ကို ပြုတော်မူလေ့ရှိသည်၊ ထိုသို့ သေနာသနဝတ်ကို ပြုပြီးမှ ဆွမ်းခံကြွတော်မူမြဲဖြစ်သည်။ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို မပျင်းမရိ မခိုမကပ် လိုက်နာဆောင်ရွက်ရေးအတွက်လည်း ရှေ့ဆောင်လမ်းပြခဲ့သည့် ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။

မထေရ်မြတ်သည် သာသနာ့ဘောင်တွင် အဂ္ဂသာဝကကြီးအဖြစ် အထင်ရှားဆုံး အရေးအပါဆုံး ပုဂ္ဂိုလ်ကြီးဖြစ်သည့်အားလျော်စွာ သူတပါး ကျေးဇူးကို သိသည့်အရာတွင်လည်း ပြိုင်ဘက်ကင်းတော်မူ၏၊ မိမိကို ဆွမ်းတစ်ဇွန်းမျှ လောင်းလှူဖူးသော ရာဓပုဏ္ဏား၏ ကျေးဇူးကို အသိအမှတ်ပြု ကျေးဇူးတုံ့ဆပ်သောအနေဖြင့် ရာဓကို ရဟန်းပြုပေးခဲ့သည်။ လွန်စွာဆင်းရဲ နွမ်းပါး၍ ခိုကိုးရာမဲ့ ပုဏ္ဏားအိုကြီး ရာဓသည် အသက်အရွယ်ကြီးရင့်သဖြင့်

ကျောင်းသို့လာကာ ရဟန်းပြုပေးပါမည့်အကြောင်း သံဃာတော်တို့အား လျှောက်ထားရာ သံဃာတော်တို့က ဥပေက္ခာပြု လျစ်လျူရှုနေကြသည်။ ရှင်သာရိပုတ္တရာကျေးဇူးသိမှုကြောင့် ပုဏ္ဏားအိုကြီးရာဇသည် ဆဋ္ဌဘီဥပဒ်သမ္ဗိဒါပတ္တိ မဟာသာဝကကြီးတပါး ဖြစ်ခဲ့သည်။

ထိုမှတပါး ဆရာ၏ကျေးဇူးကို သိရာ၌လည်း အရှင်သာရိပုတ္တရာ မထေရ်ကြီးသည် စံတင်လောက်ပါပေသည်။ မိမိ မည်သည့်အရပ်ဒေသသို့ ရောက်နေသည်ဖြစ်စေ ရောက်ရာအရပ်၌ မိမိအား သရဏဂုံတည်အောင် အရိယာဘဝသို့ရောက်ရှိအောင် ဟောပြခဲ့သည့် မိမိဆရာ အရှင်အဿဇိမထေရ် သီတင်းသုံးရာ အရပ်ဒေသဘက်သို့ ခေါင်းရင်းပြု၍ အိပ်စက်လေ့ရှိသည်။ အဂ္ဂသာဝကဧတဒဂ်ရ ပုဂ္ဂိုလ်ကြီးဖြစ်နေသော်လည်း ကျေးဇူးရှင် ငယ်ဆရာကို ဘယ်ခါမျှ မမေ့ပေ။

ဗုဒ္ဓမြတ်စွာသည် သက်တော် ၈၀၊ ဝါတော် ၄၅-တွင် ပရိနိဗ္ဗာန်ပြုတော်မူရန် မာရ်နတ်ကို ကဟိပေးပြီးနောက် ဝါကျွတ်၍ ဧတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူသောအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံ ပရိနိဗ္ဗာန် ပြုခွင့်ပေးပါရန် လျှောက်ထားပြီး ရဟန်းတော်များအား နောက်ဆုံး ဟောကြားခြင်းအဖြစ် တန်ခိုးပြာဋိဟာပြ၍ တရားဟောတော်မူသည်၊ မြတ်စွာဘုရားရှင်အား တရားဖြင့် နောက်ဆုံး ပူဇော်ခြင်းဖြင့် ရှိခိုးပူဇော်ပြီး ပရိသတ်ခြံရံကာ ဧတဝန်ကျောင်းတော်မှ ထွက်ခွာတော်မူခဲ့သည်။

မထေရ်မြတ်သည် မိမိအပါအဝင် ရဟန္တာ ၇-ပါး၏ မိခင်ဖြစ်သော်လည်း ယခုတိုင် မိစ္ဆာအယူရှိနေသေးသည့် မိခင်ကြီးကို ချေချွတ်ဖို့ရန် ဇီဝိမာတိ ဥပတိဿရွာခေါ် နာလကရွာ မွေးဖွားရာတိုက်ခန်းသို့ ကြွတော်မူသည်။ တိုက်ခန်းသို့ရောက်၍ မကြာမီမှာပင် သွေးသွန်ရောဂါ ပြင်းစွာခံစားတော်မူရ၏။ မယ်တော် ရူပသာရီပုတ္ထေးမကြီးသည့် တိုက်ခန်းတံခါးဝကိုမှီ၍ ညှီးငယ်စွာ ရပ်တည်နေခိုက် စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့သည် ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာဖြင့် မထေရ်မြတ်အား နောက်ဆုံးဖူးမြော်ပူဇော်ရန်

ရောက်ရှိလာကြကုန်၏။ သူနာပြုရဟန်းတို့ရှိနေသဖြင့် မထေရ်က ပြန်လွှတ်တော်မူသည်။ ထို့နောက် သိကြားမင်းသည်လည်းကောင်း၊ ထို့နောက် ဗြဟ္မာမင်းကြီးတို့သည်လည်းကောင်း အသီးသီးပြုစုရန် လာရောက်ကြလေသည်။

နတ်ဗြဟ္မာတို့ လာကြ ပြန်ကြသည်ကိုမြင်၍ မယ်တော်ပုဏ္ဏားမကြီးသည် အံ့အားသင့်ကာ "သားဖြစ်သူပင် ဤမျှတန်ခိုးကြီးသေးလျှင် သား၏ဆရာဘုရားရှင်မှာ မည်မျှတန်ခိုးကြီးလေမည်မသိ"ဟုလည်း စဉ်းစားလျက် သားဖြစ်သူအား၊ မေးလျှောက်လေသည်။ မထေရ်မြတ်က ဤနတ်သိကြားဗြဟ္မာတို့သည် ငါတို့ဆရာမြတ်စွာဘုရား၏ အရံစောင့် သပိတ်ထမ်းထီးကော်မိုးကြသူများသာ ဖြစ်ကြောင်း ဘုရားရှင်၏ ဂုဏ်တော်ကို ထုတ်ဖော်ဟောပြလေရာ မယ်တော်ကြီးမှာ လွန်စွာအံ့သြကြည်နူးသွားလေသည်၊ သားမထေရ်၏ ကန်ခိုးကြီးပုံ၊ မြတ်စွာဘုရား၏ ကျေးဇူးဂုဏ်တို့ကို အာရုံစိတ်မှန်းဖြင့် ဝမ်းမြောက်ကြည်ညိုနေချိန်တွင် မထေရ်မြတ်က ဗုဒ္ဓဂုဏ်ရည်တို့ကို ဆက်လက်ဟောပြသဖြင့် မယ်တော်ကြီး သောတာပန်ဖြစ်သွားသည်။

မယ်တော်ကြီးကို ချေချွတ်ပြီးနောက် သံဃာတော်တို့ကို စုဝေးစေကာ သြဝါဒပေးတော်မူပြီးလျှင် လက်ယာနံတောင်းဖြင့် လျောင်းတော်မူလျက် သမာပတ်ကိုးပါးကို ရင်းဖျားတုံ့လှည့် ဝင်စားတော်မူကာ ပရိနိဗ္ဗာန်ပြုတော်မူလေသည်။ ညီတော် စုန္ဒသည် မထေရ်မြတ်၏ ဓာတ်တော်များကို ရေစစ်တွင်ထည့်ကာ ဇေတဝန်ကျောင်းတော်သို့ ပင့်ဆောင်သွားပြီး မြတ်စွာဘုရားလက်တော်သို့ ဆက်ကပ်လေသည်။ မြတ်စွာဘုရားသည် မထေရ်မြတ်၏ ဂုဏ်ကျေးဇူးတို့ကို ဂါထာငါးရာဖြင့် ချီးကျူးတော်မူ၍ ဓာတ်တော်များကို ဌာပနာကာ သာဝတ္ထိပြည်တွင် စေတီတော်တည်ထားစေတော်မူလေသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဟောကြားကျူးရင့်တော်မူလေ့ရှိသော သြဝါဒတရားတော် -

မာ မေ ကဒါစိ ပါပိဏ္ဍော၊ ကုသီတော ဟီနဝီရိယော။
အပ္ပဿုတော အနာဒရော၊ ကေန လောကသ္မိ ကိံ သိယာ။

ယုတ်မာသောအလိုရှိသော ပျင်းရိသော လုံ့လဝီရိယနည်းပါးသော အကြားအမြင်နည်းသော အဆုံးအမ ဩဝါဒ၌ ရှိသေခြင်းကင်းသော ပုဂ္ဂိုလ်သည် ငါ၏အထံ၌ တရံတခါမျှ မရှိပါစေသတည်း၊ အကြောင်းကား လောက၌ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား ဆုံးမဩဝါဒပေးခြင်းဖြင့် အဘယ်သို့မျှ အကျိုးထူးလာနိုင်တော့မည် မဟုတ်သောကြောင့်တည်း။

ဗဟုဿုတော စ မေဓာဝီ၊ သီလေသု သုသမာဟိတော။
စေတောသမထမနုယုတ္တော၊ အပိ မုဒ္ဓနိ တိဋ္ဌတု။

အကြင်ပုဂ္ဂိုလ်သည် အကြားအမြင်များစွာရှိ၏၊ ပညာလည်းရှိ၏၊ စတုပါရိသုဒ္ဓိသီလတို့၌ ကောင်းစွာတည်၏၊ စိတ်ကိုကောင်းစွာ ထားခြင်းနှင့်စပ်ယှဉ်၏၊ ထိုသို့သောပုဂ္ဂိုလ်သည် ငါ၏ဦးထိပ်၌ သော်လည်း တည်ပါစေသတည်း။

ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ။

ရွာ၌သော်လည်းကောင်း၊ တော၌သော်လည်းကောင်း၊ ချိုင့်ဝှမ်းရာ အရပ်၌သော်လည်းကောင်း၊ မြင့်မောက်ရာအရပ်၌သော်လည်းကောင်း အကြင်အရပ်၌ ရဟန္တာအရှင်မြတ်တို့သည် သီတင်းသုံးနေထိုင်ကြကုန်၏၊ ထိုရဟန္တာအရှင်မြတ်တို့နေသော အရပ်သည် နှလုံးမွေ့လျော်ဖွယ် ရှိသည်သာလျှင်တည်း။

အရှင်မဟာမောဂ္ဂလ္လာန် မထေရ်

အရှင်မဟာမောဂ္ဂလ္လာန်သည် လက်ဝဲတော်ရံ အဂ္ဂသာဝကမထေရ်မြတ်ဖြစ်သည်။ မထေရ်မြတ်မှာ ဘုန်းတန်ခိုးအာနုဘော် ကြီးမားလှသဖြင့် မြတ်စွာဘုရား အားထားရသော ခေါင်းဆောင်မထေရ်ကြီးတစ်ပါးဖြစ်သည်။ နန္ဒောပနန္ဒနဂါးကို မာန်စွယ်ကျိုးအောင် ဆုံးမတော်မူပြီး မြတ်စွာဘုရားထံ

ခေါ်ဆောင်ခဲ့ကာ သရဏာဂုံတည်စေခဲ့သည်။ နတ်ပြည်သို့ကြွ၍လည်း နတ်သား နတ်သမီးတို့၏ ဘဝအကြောင်း လူ့ရွာ လူသား ဒကာ ဒကာမများအား အဖြစ်မှန်ကို ပြန်လည်ဟောပြ အားကျစေခဲ့သည်၊ ငရဲဘုံ ပြိတ္တာဘုံသို့ကြွရောက်၍လည်း ဆင်းရဲဒုက္ခခံစားနေကြရသော ငရဲ ပြိတ္တာတို့၏ ဘဝကို လူ့လောကမှ ဒကာ ဒကာမတို့အား အကုသိုလ်မှုမပြုကြရန် ပြန်လည်ဟောပြတော်မူသည်။ အဂ္ဂသာဝကမထေရ်နှစ်ပါးသည် နေနှင့်လပမာ လွန်စွာထင်ရှားသည့် သာသနာ့ကျက်သရေဆောင်ကြီးများ ဖြစ်ကြသည်။

အရှင်မဟာမောဂ္ဂလ္လာန်အလောင်းလျာသည် လွန်ခဲ့သော တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလက သီရိဝမုနဟူသော အမည်ဖြင့် ဥစ္စာကြွယ်ဝသည့် သူကြွယ်မျိုး၌ဖြစ်ခဲ့သည်၊ အရှင်သာရိပုတ္တရာအလောင်း သရဒလုလင်နှင့် အတူတကွ ကစားဖော်ငယ်သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်၊ အနောမဒဿီမြတ်စွာဘုရားထံတော်တွင် သရဒရဿေ့သည် လက်ယာတော်ရံ အဂ္ဂသာဝကဆုပန်ဆင်ပြီးသောအခါ သရဒရဿေ့၏တိုက်တွန်းချက်အရ ဘုရားအမှူးရှိသော သံဃာတော်တစ်သိန်းတို့အား ၇-ရက်လုံးလုံး ဆွမ်းသင်္ကန်းများလှူဒါန်းကာ လက်ဝဲတော်ရံ အဂ္ဂသာဝကဆုကို ပန်ဆင်ခဲ့လေသည်။ အနောမဒဿီမြတ်စွာဘုရားက “နောင်အခါ ပွင့်လတ္တံ့သော ဂေါတမမည်သော ဘုရားရှင်လက်ထက်တော်၌ မောဂ္ဂလ္လာန်ဟူသောအမည်ဖြင့် အဂ္ဂသာဝကမထေရ်မြတ်ဖြစ်လိမ့်မည်”ဟု ဗျာဒိတ်ပေးတော်မူခဲ့လေသည်။ အဂ္ဂသာဝက လောင်းလျာနှစ်ဦးတို့သည် သံသရာဝယ် ပါရမီဖြည့်စဉ်ကလည်း များသောအားဖြင့် အတူတကွ ဖြည့်ခဲ့ကြပြီး နောက်ဆုံးဘဝ၌လည်း အတူတကွ လက်တွဲခဲ့ကြသည်။

နောက်ဆုံးဘဝ၌ ရာဇဂြိုဟ်မြို့တော်အနီး ကောလိတရွာတွင် မောဂ္ဂလိအမည်ရှိသော ပုဏ္ဏားမ၏ဝမ်းဝယ် ပဋိသန္ဓေယူခဲ့သည်။ ကောလိတရွာတွင် အကြီးအကဲအမျိုး၏သားဖြစ်သောကြောင့် ကောလိကဟု အမည်မှည့်ကြကုန်၏။ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿနှင့် အရှင်မဟာမောဂ္ဂလ္လာန်အလောင်း ကောလိတကို့သည် ဓဝဒသုံးပုံ အတတ်ပညာမျိုးစုံ တို့ကို တတ်ကျွမ်းခဲ့ကြသည်၊ ကောလိတလုလင်တွင်

အာဇာနည်မြင်းကသော ရထားငါးးရာအဆောင်အယောင်ရှိသည်။ သူငယ်ချင်းနှစ်ယောက်တို့သည် တောင်ထိပ်ပွဲသဘင်ကို နှစ်ဧည့် အတူတကွ ပျော်ရွှင်စွာကြည့်ခဲ့ကြပြီး နောက်ဆုံးနှစ်တွင် သံဝေဂတရားရရှိကာ သိဒ္ဓည်းပရိဗိုဇ်ဆရာကြီးထံ ရဟန်းပြုခဲ့ကြသည်။

နောင်အခါ အရှင်အဿဇိထံမှ နာယူခဲ့ရသော တရားဂါထာကို ဥပဟိဿပြုန်လည်ဟောပြ၍ ကောလိတလည်း သောတာပန်ဖြစ်လာသည်၊ ထို့နောက် ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်၌ သီကင်းသုံးနေတော်မူသော မြတ်စွာဘုရားထံ ရောက်ရှိလာကြကာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက်နေ့၌ ဒုပဒိ ဘိက္ခုရဟန်းဖြစ်လာသည်၊ ဟပို့တွဲလဆန်း ၈-ရက်နေ့တွင် မဂဓတိုင်း ကလ္လဝါလရွာကိုအမှီပြု၍ ရဟန်းတရားအားထုတ်ကာ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်တော်မူပြီး ရဟန္တာဖြစ်တော်မူသည်။ တပို့တွဲလပြည့်၌ကျင်းပသော ပထမသာဝကသန္နိပါတ သံဃာအစည်းအဝေးကြီးတွင် အရှင်မဟာမောဂ္ဂလ္လာန်းဟူသော အမည်ဖြင့် လက်ဝဲတော်ရဲ့ အဂ္ဂသာဝကအရာ ရတော်မူသည်။

နောင်အခါ သာဝတ္ထိပြို့ ဓနကဝန်ကျောင်းတော် သံဃာအစည်းအဝေးပွဲကြီးတွင် တန်ခိုးအရာ ပြုပြင်ဘက်ကင်းသော ဣဒ္ဓိမန္တ စတဒက်ဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

မြတ်စွာဘုရားသည် သံဃာတော်များနှင့်အတူ ဓပရဏ္ဏာမြို့၌ ဝါဆိုတော်မူစဉ် မာရ်နတ်၏နှောင့်ယှက်မှုကြောင့် သံဃာတော်တို့အားဆွမ်းလောင်းလှူရန် မေ့မလျော့နေကြသဖြင့် ဆွမ်းအဓက်အမဲကြုံခဲ့ဖူးသည်၊ ထိုအခါ အရှင်မောဂ္ဂလ္လာန်မထရ်က "လက်ဘစ်ဖက်ကို ကမ္ဘာမြေအသွင် ဖန်ဆင်းကာ ကမ္ဘာမြေကြီးပေါ်ရှိ သတ္တဝါ ရေ မြေ ဟော ဘောင် သမုဒ္ဒရာ မြို့ရွာ နယ်ပယ်တို့ကို ပြောင်းရွှေ့ထားပြီးမှ လက်တစ်ဖက်ဖြင့် မြေကြီး၏အတွင်းပိုင်းကို ဖယ်နှုန်လျှက်ကာ မြေဝေါဩာကိုဆောင်ယူ၍ သံဃာတော်တို့အားဆက်ကပ်ပါမည်" ဟု လျှောက်ထားရာ မြတ်စွာဘုရား ခွင့်ပြုတော်မမူချေ၊ ဘုန်းတန်ခိုးနည်းသော ရဟန်းတို့လက်ထက်တွင် ဒဂး ဒကာမတို့အပြစ်တင်ကာ အကုသိုလ်ဖြစ်ကြမည်စိုးသောကြောင့်ဖြစ်၏။

မြတ်စွာဘုရားသည် စာတုမမြို့. သို့သွားတောကျောင်း၌ သီတင်းသုံးနေစဉ် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့သည် စာတုမရွာသို့ ရဟန်းငါးရာနှင့် အတူ ဆိုက်ရောက်လာကြသည်၊ အာဂန္တုရဟန်းများနှင့် အာဝါသိကရဟန်းတို့ ကျယ်လောင်ဆူညံစွာ ပြောဆိုနေကြသည်ကို မြတ်စွာဘုရားကြားတော်မူလျှင် "တံငါသည်တို့ ငါးလုသကဲ့သို့ ဆူညံစွာ ပြောဆိုနေကြဘိသည်" ဟု မိန့်တော်မူပြီး နှင်ထုတ်တော်မူခဲ့သည်။

စာတုမမြို့သား သာကီဝင်မင်းသားများက "မြတ်စွာဘုရား - ဤရဟန်းတော်တို့သည် သာသနာတော်သို့ ဝင်ရောက်လာသည်မှာ မကြာသေးပါ၊ ရဟန်းသစ်များသာဖြစ်ကြပါသည်၊ သာသနာတော်၏ အဆုံးအမကို ရရှိရန် မြတ်စွာဘုရားထံ လာရောက်ကြခြင်းဖြစ်ပါသည်။ ပေါက်သစ်စ ကောက်ပင်ငယ်သည် ရေကို မရလျှင် ပျက်စီးနိုင်သကဲ့သို့ လည်းကောင်း၊ နွားသားငယ်သည် ပျောက်နေသော မိခင်နွားမကြီးကို ရှာမတွေ့လျှင် အားကိုး မဲ့ကာ ပျက်စီးရာသကဲ့သို့လည်းကောင်း မြတ်စွာဘုရားကို မဖူးတွေ့ကြရသည်ရှိသော် ခဏနာဆုံးရုံးသွားနိုင်ကြပါသည်၊ သံဃာတော်များကို ပြန်လည် လက်ခံတော်မူပါ မြတ်စွာဘုရား".ဟု လျှောက်ထားကြသဖြင့် ပြန်လည် လက်ခံတော်မူသည်။ ထိုကိစ္စကို သဟမွတိဗြဟ္မာကြီးပင် ဝင်ရောက် တောင်းပန်ခဲ့ရလေသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်ကို့သည် ထိုရဟန်းသစ် သံဃာငါးရာကို ခေါ်ဆောင်ပြီး မြတ်စွာဘုရားထံတော်သို့ အဆုံးအမခံယူရန် ရောက်လာကြရာ မြတ်စွာဘုရားရှင်က- "သံဃာများကို ငါဘုရားနှင့်ထုတ် သောအခါ သင်သည် မည်သို့ သဘောထားသနည်း" ဟု အရှင်သာရိပုတ္တရာကို မေးတော်မူသောအခါ မထေရ်ကြီးက " မြတ်စွာဘုရားသည် သံဃာတော် အပေါ်၌ တစုံတရာကြောင့်ကြစိုက်တော်မမူကော့ဘဲ ဖလသမာပတ်ဖြင့် ချမ်းသာစွာနေတော်မူလိုသည် ဖြစ်မည့်၊ ငါလည်း မြတ်စွာဘုရားရှင်ကဲ့သို့ပင် ဖလသမာပတ်ဖြင့် ချမ်းသာစွာ နေတော့မည်ဟု ဒေါက်မေ့ကြောင်း လျှောက်ထားသည်။

တဖန် အရှင်မောဂ္ဂလ္လာန်ကို မည်သို့သဘောထားကြောင်း မေးတော်မူရာ "မြတ်စွာဘုရားသည် သမာပတ်ချမ်းသာဖြင့် ငြိမ်းအေးစွာစံနေတော်မူလိုဟန်ရှိသည်၊ ယခုအခါ ငါသည် အရှင်သာရိပုတ္တရာနှင့်အတူ သံဃာတော်တို့ကို စောင့်ရှောက်ဦးဆောင်ရန် အချိန်တန်ပြီ" ဟု သဘောထားကြောင်း လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်သည် အရာရာ၌ တာဝန်ကိုမရှောင်၊ ဦးဆောင်သည့်စိတ်ဓာတ်များ ဖြစ်ပွားစေတော်မူလိုသဖြင့် ဤကိစ္စ၌ အရှင်မောဂ္ဂလ္လာန်လျှောက်ထားသည်ကိုသာ ကောင်းချီးသာဓုပေးတော်မူလေသည်။

တခါက ဒေဝဒတ်၏ သင်းခွဲ ဆွဲဆောင်မှုနောက်သို့ လမ်းမှားစွာ လိုက်ပါသွားသော ရဟန်းတော်များကို ပြန်လည်သိမ်းသွင်းရန် အဂ္ဂသာဝက နှစ်ပါး လိုက်ပါသွားခဲ့သည်၊ အရှင်သာရိပုတ္တရာက ပညာဖြင့်စည်းရုံးသကဲ့သို့ အရှင်မောဂ္ဂလ္လာန်က တန်ခိုးဖြင့်သိမ်းသွင်းကာ ညာလက်ရုံးအားထားရသူများပီပီ တာဝန်သိသိ လွဲမှားသူများကို ပြန်လည်သိမ်းသွင်းပြီး လမ်းမှန်ရောက်စေခဲ့သည်။ မြတ်စွာဘုရားထံသို့အရောက် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြသည်။

အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်၏ နတ်ပြည်ကိုယ်တွေ့. ငရဲပြည်ကိုယ်တွေ့. တရားတော်များကြောင့် လူတို့သည် အလှူဒါန ဥပုသ်သီလ သမထဝိပဿနာ ကုသိုလ်ကောင်းမှုပြုလုပ်ရန် ထက်သန်လာကြသည်။ ဗုဒ္ဓသာသနာတော်ကို ပို၍ ကိုးကွယ်ဆည်းကပ်လာကြသည်၊ သာသနာတော်စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်လာသည်နှင့်အမျှ ဘုရားအမည်ခံထားကြသော တိတ္ထိဆရာကြီးများအဖို့ ကိုးကွယ်သူနည်းပါး လာဘ်သပွက်ကာရှားလာပြီး နေမင်း၏ရောင်ဝါအောက်ဝယ် ပိုးစုန်းကြူးပမာ မှေးမိန်ပျောက်ကွယ်စ ပြုလာကြသည်။

ထို့ထက် အရှင်မောဂ္ဂလ္လာန်မထေရ်သည် ဒကာ ဒကာမတို့အား ငရဲပြည်အကြောင်း ဟောပြတော်မူရာ၌ မိစ္ဆာဒိဋ္ဌိအယူရှိသူများသည် မည်သို့မည်ပုံ ငရဲ၌ ဆင်းရဲကြီးစွာခံနေကြရကြောင်း ဟောကြားတော်မူ၍ အရှင်မဟာမောဂ္ဂလ္လာန် အပေါ် တိတ္ထိတို့သည် အညှိုးထားလာကြသည်။

သာသနာပြင်ပ ဂိုဏ်းအသီးသီးမှ တိတ္ထိတို့သည် သုန္ဒရီ ပရိဗိုဇ်မ၊ စိဉ္ဆမာနဝိကာ စသော အသိဉ္ဈာဏ်နည်းသည့် မိန်းမသားများကိုပင် အသုံးပြု၍ ဘုရားရှင်၏ ဂုဏ်သရေကို ဖျက်ဆီးရုံမျှမက တန်ခိုးကြီးသည့်အရာတွင် နာမည်ကျော်လှသည့် အရှင်မောဂ္ဂလ္လာန်ကဲ့သို့သော ပုဂ္ဂိုလ်မြတ်ကြီးကိုပင်လျှင် လုပ်ကြံသတ်ဖြတ်ရန် ကြံစည်လာကြသည်။ ထိုအကြံအစည်ထမြောက်ရန် မထေရ်မြတ်၏ အတိတ်ကံကလည်း ဖန်လာခဲ့သည်။

အရှင်မောဂ္ဂလ္လာန်သည် သံသရာကျင်လည်စဉ် ဘဝတစ်ခုက မယားမိုက်၏ စကားကို နားထောင်ကာ ကျေးဇူးကြီးလှ မိနှင့် ဘတို့ကို သူခိုးမားပြယောင်ဆောင်၍ ရိုက်နှက်ခဲ့ဖူးသည်။ ထိုအကုသိုလ်ကံကအကျိုးပေးရန် အခွင့်ရောက်လာ၍ တန်ခိုးအရာ ပြိုင်ဘက်ကင်းသူဖြစ်သော်လည်း ရှေးကြမ္မာဝဋ်ကား မလွတ်သာခဲ့ချေ၊ "ဝဋ်မှာအမြဲ ငရဲမှာအပ" ဟူသော ဆိုရိုးစကားအရ ငရဲကို အရိယာမဂ်ဖြင့် ပယ်ဖျောက်နိုင်သော်လည်း အတိတ်ဘဝ ဝဋ်ကြွေးကိုမူ ရှောင်လွဲ၍မရ၊ ပြန်လည်ပေးဆပ်ရသည်။

တိတ္ထိတို့၏ ငွေကြေးပေး ခိုင်းစေမှုကြောင့် ခိုးသားငါးရာတို့သည် အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးကို ရိုက်နှက်သတ်ဖြတ်ရန် ချောင်းမြောင်းနေကြသည်၊ ပထမအကြိမ် ဒုတိယအကြိမ် နှစ်ကြိမ်တိုင်တိုင် စွာန်တန်ခိုးဖြင့် ကောင်းကင်ပျံကာ ရှောင်တိမ်းနိုင်သော်လည်း တတိယအကြိမ်မှာမူ ဝဋ်ကြွေးကြုံလာပြီဖြစ်သဖြင့် အတောင်ကျိုးသော ငှက်ငယ်ပမာ စွာန်အစွမ်းမပြနိုင်တော့ဘဲ ကံတရား၏စီမံမှုကို ခံရလေတော့သည်။

အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ကြီး၏ ဘဝဖြစ်စဉ်တော်က ကံတန်ခိုး စွာန်တန်ခိုးနှင့် ဉာဏ်တန်ခိုးတို့ကို ချိန်ထိုးညွှန်ပြတော်မူခဲ့လေပြီ။

ခိုးသားငါးရာတို့ စိတ်တိုင်းကျ ထောင်းထုသဖြင့် ဖွဲအိတ်ပမာ ညက်ညက်ကြေနေသော ခန္ဓာကိုယ်ကို မထေရ်မြတ်သည် သမာပတ်တန်ခိုးဖြင့် ပြန်လည်ထိန်းပြီး မြတ်စွာဘုရားထံအရောက် ကြွတော်မူခဲ့သည်။ မြတ်စွာဘုရား အား ရှိခိုးပြီး ပရိနိဗ္ဗာန်ပြုခွင့်တောင်းလေရာ ပရိနိဗ္ဗာန်မပြုမီ ဘုရားရှင်၏ တိုက်တွန်းတော်မူချက်အရ ရဟန်းသံဃာများကို တန်ခိုးအမျိုးမျိုး ပြကာ တရားဟောတော်မူရသည်၊ မြတ်စွာဘုရားကို နောက်ဆုံး ရှိခိုးခြင်းဖြင့် ရှိခိုးပြီး ဇေတဝန်ကျောင်းတော်မှထွက်ကာ ရာဇဂြိုဟ်မြို့တော် ဣသိဂိလိတောင်ယံ ကာဠသိလာကျောက်ဖျာထက်၌ မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ တန်ဆောင်မုန်း လကွယ်နေ့၌ ပရိနိဗ္ဗာန်ပြုတော်မူသွားလေသည်။

မြတ်စွာဘုရားနှင့် သံဃာတော်တို့သည် ရာဇဂြိုဟ်သို့ကြွလာတော်မူကြပြီး အရှင်မြတ်၏ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်တော်မူကာ ဓာတ်တော်များကို ဝေဠုဝန်ကျောင်းတော် တံခါးမုခ်အနီး၌ ဓာတုစေတီ တည်ထားစေတော်မူလေသည်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီး ကျူးရင့် ဟောကြားတော်မူလေ့ရှိသော သြဝါဒတရားတော် -

ယေ စ ပဿန္တိ သခ်ါရေ၊ ပရတော နော စ အတ္တတော။
ပစ္စဗျာဓိံသု နိပုဏ်း၊ ဝါလဂ္ဂံ ဥသုနာ ယထာ။

ရုပ် ဝေဒနာ သညာ သခ်ါရ ဝိညာဏ်ဟူသော ခန္ဓာငါးပါးတို့ကို "အနှစ်သာရရှိ၏၊ အလိုသို့လိုက်ပါ၏၊ အစိုးရ၏(အတ္တ)"ဟု မရှုမြင်ဘဲ ထိုခန္ဓာငါးပါးတို့သည် အနှစ်သာရမရှိ၊ အလိုသို့မလိုက်၊ အစိုးမရ(အနတ္တ)ဟု ရှုမြင်သော ပုဂ္ဂိုလ်သည် အစိတ်တစ်ရာစိတ်၍ ထားအပ်သော သာမြိုးဖျား၏ တစ်စိတ်မျှကိုပင် မြားဖြင့် မှန်အောင် ပစ်နိုင်စွမ်းရှိသူကဲ့သို့ အလွန်သိမ်မွေ့သော အနက် အဓိပ္ပာယ် သဒ္ဒတရားကို ထိုးထွင်း၍ သိနိုင်ပေ၏။

နယိဒံ သိထိလမာရဒ္ဓ၊ နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာန မဓိဂန္တုံ၊ သဗ္ဗဂန္ထ ပမောစနံ။

အလုံးစုံသော ဂန္ထတရားတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ပေါ့ပေါ့ လျော့လျော့ အာထုတ်ရုံမျှဖြင့် မရရှိနိုင်၊ နိဗ္ဗာန်ကို အနည်းငယ်မျှသော ဝီရိယအားအစွမ်းဖြင့် မရရှိနိုင်။

နာ ဝေ အဂ္ဂိ စေတယတိ၊ အဟံ ဗာလံ ဥပဟာမိတိ။
ဗာလော၀ ဧလိတံ အဂ္ဂိံ၊ အာသဇ္ဇ နံ ပဒူယ္ဟတိ။

မီးသည်"လူမိုက်ကို ပူလေ င်စေအံ့"ဟု လုံ့လမပြုဖေ။ အလျှံတပြောင်ပြောင် တောက်လောင်သော မီးကို လူမိုက်ကိုယ်တိုင်က ကိုင်တွယ်ထိတွေ့ခြင်းကြောင့်သာ ပူလောင်စေ၏။

အရှင်မဟာကဿပ မထေရ်

အရှင်မဟာကဿပသည် အသီတိမဟာသာဝက တပည့်ကြီးအပါး ၈၀-တွင် အဂ္ဂသာဝကနှစ်ပါးပြီးလျှင် တတိယမြောက် မဟာသာဝကကြီး ဖြစ်သည်။ သာသနာတော်သို့ ဝင်ရောက်သည့်နေ့မှ စ၍ ဓုတင် ၁၃-ပါး တို့ကို အသက်ထက်ဆုံး ဆောင်တော်မူခဲ့သည်။ အဂ္ဂသာဝကကြီး နှစ်ပါးနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် စနစ်တကျ စုစည်းထားခြင်း မရှိသေးသော ၄၅-ဝါကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် တရားဒေသနာတော်များကို သဘောတူရာ စုပေါင်းရွတ်ဆို ရွေးဉီးစွာ သံဂါယနာတင်ရာတွင် အရှင်မဟာကဿပဦးဆောင်ခဲ့သည်။ မထေရ်မြတ်၏ အမြော်အမြင်ကြီးမားမှု၊ မနားမနေကြိုးစားအားထုတ်မှု၊ ဆန့်ကျင်ဘက်ပုဂ္ဂိုလ် တို့၏ အဓမ္မဝါဒများ မလွမ်းမိုးမီ ကြိုတင်စီစဉ်မှုစသည့် စွမ်းရည်သတ္တိထူး တို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်သည် စင်ကြယ်သော ဝါဒကြီးတရပ် အဖြစ် ယနေ့တိုင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အရှင်မဟာကဿပလောင်းလျာသည် လွန်ခဲ့သော အတိတ်ကာလ ကမ္ဘာတစ်သိန်းထက်ဝယ် လူ့လောကဌ် ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူစဉ် ဝေဒေဟအမည်ရသော ကုဋေရှစ်ဆယ်ကြွယ်ဝသူ သူဌေးတစ်ဦးဖြစ်ခဲ့သည်၊ ပဒုမုတ္တရဘုရားရှင်သည် မဟာနိသဘထေရ်အား ဓုတင်ဆောင် ဧတဒဂ် ရာထူးချီးမြှင့်သည်ကို အားကျပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇-ရက်တိုင်တိုင် ဆွမ်းသင်္ကန်းပေးလှူပြီးနောက် ထိုဧတဒဂ်ဆုကို တောင်းခဲ့သည်၊ မြတ်စွာဘုရားကလည်း နောင်ပွင့်လတ္တံ့သော ဂေါတမဘုရားရှင်လက်ထက်တွင် မဟာကဿပဟူသောအမည်ဖြင့် ဓုတဝါဒ ဧတဒဂ် ရလိမ့်မည် ဟု ဗျာဒိတ် မိန့်ကြားတော်မူခဲ့သည်။

အရှင်မြတ်လောင်းလျာသည် သံသရာကျင်လည်ခဲ့ပြီး ဇမ္ဗာပြည်မှ စုတေကာ နောက်ဆုံးဘဝ မဂဓတိုင်း မဟာတိတ္ထပုဏ္ဏားရွာ၌ ကပိလပုဏ္ဏား သူဌေးကြီး၏သား ပိပ္ပလိလုလင်ဖြစ်လာသည်၊ အရွယ်ရောက်လတ်သော် မိဘတို့က မဒ္ဒတိုင်း၊ သာဂလမြို့ ကောသိယအနွယ် ပုဏ္ဏားသူဌေးကြီး၏သမီး

ဘဒ္ဒါကာပိလာနီနှင့် လက်ထပ်ပေးကြ၏၊ ဗြဟ္မာ့ပြည်မှလာသူများဖြစ်၍ မိဘတို့ ကျေနပ်ရုံလက်ထပ်ခဲ့ကြသော်လည်း အိမ်ထောင်သားမွေးလိုစိတ် အလျင်းမရှိကြသဖြင့် အိပ်ရာအလယ်တွင် ပန်းကုံးခြားပြီး အိပ်စက်ခဲ့ကြသည်။ မိခင် ဖခင်တို့ ကွယ်လွန်သောအခါ ဥစ္စာ (၈၇) ကုဋေ၊ လယ်ယာခင်းများစွာ၊ ရွာကြီးဆယ့်လေးရွာ၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်များကို စွန့်လွှတ်၍ နှစ်ဦးလုံး ဖန်ရည်ဆိုးသော အဝတ်ကို ဆင်မြန်း၍ ရသေ့ရဟန်းပြုခဲ့ကြသည်၊ ထိုအချိန်မှစ၍ အတူတကွ သွားလာနေထိုင်ရန် မသင့်လျော်တော့သဖြင့် တစ်ယောက်တစ်လမ်း လမ်းခွဲ၍ ထွက်ခဲ့ကြသည်။

ထိုအချိန်မှာ မြတ်စွာဘုရားသည် ပထမဝါကျွတ်၍ ရာဇဂြိုဟ်ပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေချိန်ဖြစ်သည်” ကပိလဝတ်ပြည်သို့ မကြွသေး၊ အနာဂတ်သာသနာတော်အတွက် အလွန်အရေးပါမည့် ပိပ္ပလိလုလင် တောထွက်လာသည်ကိုသိမြင်တော်မူ၍ သုံးဂါဝုတ်ခရီးကြွရောက်တော်မူပြီး ရာဇဂြိုဟ်နှင့် နာလန္ဒာမြို့ အကြား ဇဟုပုတ္တက ပညောင်ပင်ရင်း၌ ရောင်ခြည်တော် ခြောက်သွယ် လွှတ်ကာ ကြိုဆိုထိုင်နေတော်မူ၏၊ ပိပ္ပလိလုလင်သည် မြတ်စွာဘုရားထံ ရှိခိုးလျက် ချဉ်းကပ်ပြီး တပည့်မှတ်တော်မူရန် လျှောက်ထားလေသည်၊ မြတ်စွာဘုရားကလည်း သြဝါဒသုံးရပ်ကို အထူးဟောကြားတော်မူ၍ ရဟန်းအဖြစ်ချီးမြှင့်တော်မူသည်၊ ထိုသြဝါဒသုံးရပ်မှာ

(၁) သံယောဇဉ်အားလုံးနှင့် ဆက်ဆံရာတွင် မကောင်းမှုဒဏ်ရာကြောက်သော ဟိရီသြတ္တပ္ပတရား ဦးထိပ်ထား၍ ဆက်ဆံရမည်၊

(၂) မည်သူက ဟောသည်ဖြစ်စေ ကုသိုလ်နှင့်စပ်သော တရားမှန်သမျှကို ရိုရိုသေသေ နာယူကျင့်သုံးရမည်၊

(၃) ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အမြဲရှုပွားရမည် -

တို့ဖြစ်လေသည်။ ထိုသြဝါဒသုံးရပ်ကို ခံယူရုံမျှဖြင့်ပင် မြင့်မြတ်သော ရဟန်းအဖြစ်ကို ရရှိတော်မူလေသည်။ သာသနာတော်တွင် သြဝါဒခံယူယုံဖြင့် မြင့်မြတ်သောရဟန်းဘဝရသူမှာ ဤအရှင်တစ်ပါးသာရှိလေသည်။

မြတ်စွာဘုရားသည် အရှင်မြတ်ကို ကိုယ်တော်အလား အထူး မြှောက်စားကာ သင်္ကန်းချုပ်းလဲလှယ်ဝတ်ရုံသည်အထိ အသိအမှတ် ပြုတော်မူသည်။ မြတ်စွာဘုရား၏ ပုံသက္ကသင်္ကန်းတော်ကို အရှင်မြတ်က ဝတ်ရုံ၍ အရှင်မြတ်အသုံးပြုသော ကမ္မလာသင်္ကန်းကို မြတ်စွာဘုရားက ဝတ်ရုံတော်မူလေသည်၊ ထိုနေ့မှစ၍ ဓုတင် ၁၃-ပါးကို မပြတ်ဖြည့်ကျင့် တော်မူသည်၊ ရဟန်းဖြစ်၍ ၈-ရက်မြောက်တွင် ပဋိသမ္ဘိဒါလေးပါး အဘိညာဉ် ခြောက်ပါးနှင့်အတူ အရဟတ္တမဂ်ဖိုလ်ကို ရတော်မူ၍ ရဟန္တာထေရ်ကြီး ဖြစ်လေသည်။ နောင်သောအခါတွင် သာဝတ္ထိပြည် သံဃာ့အစည်းအဝေးပွဲကြီး၌ မြတ်စွာဘုရားက အရှင်မြတ်အား ဓုတင်္ဂဒေသနာဒဂ်ဖြင့် ချီးမြှောက်တော်မူသည်။

မြတ်စွာဘုရားရှင်က အသက်အရွယ် ကြီးရင့်လာပြီဖြစ်သဖြင့် အချို့ဓုတင်တို့ကို လျှော့ချရန် မိန့်တော်မူသော်လည်း မိမိအတွက် ပို၍ ဝန်မလေးကြောင်း လျှောက်ထားကာ ဓုတင် ၁၃-ပါးကို အသက်ထက်ဆုံး ဆောင်မြဲဆောင်တော်မူခဲ့သည်၊ ဤသို့ ဓုတင်များကို ကျင့်ဆောင်ခြင်းမှာ ရဟန္တာဖြစ်နေပြီးသော မထေရ်မြတ်အတွက်မျှသာ မဟုတ်၊ နောင်လာနောင်သား ရဟန်းသံဃာတော်များ အတုယူကြစေရန်လည်း ရည်သန်တော်မူသည်၊ ဓုတင်အကျင့် ဟူသည် ကိလေသာတို့ကို ဖိနှိပ်ချုံးနှိမ်ရန် ကျင့်ရသော အကျင့်မျိုးဖြစ်သဖြင့် ရဟန်းတော်တို့အတွက် လွန်စွာအရေးပါသော ကျင့်ဝတ်ဖြစ်သည်။ ကိလေသာကို အနိုင်တိုက်ထုတ်နိုင်သော အမွမ်းတင်သိလ ပဓာနအကျင့် လက်နက်ကြီးပင်တည်း။

ထိုမှတပါး မထေရ်မြတ်၏ အထူးမှတ်သားကြည်ညိုဖွယ်ကောင်းသော လုပ်ဆောင်ချက်တစ်ခုမှာ ဆင်းရဲသားများ၊ ကုန်နှုန်နာသည်များ၊ ဒုက္ခိတများကို အထူးဦးစားပေး ချီးမြှောက်တော်မူလေ့ရှိခြင်းပင် ဖြစ်သည်။

မထေရ်မြတ်သည် ဆင်းရဲနုံချာလှသော သူဆင်းရဲများကို ချီးမြှောက်တော် မူလိုသဖြင့် ဆွမ်းခံမကြွမီ သမာပတ်အမြဲဝင်စားပြီးမှ ဆွမ်းခံကြွလေ့ရှိသည်။ မထေရ်မြတ်ကို လှူဒါန်းသောသူတို့မှာ မျက်မှောက်ဘဝမှာပင် ဒိဋ္ဌဓမ္မအကျိုး ရလေ့ရှိသဖြင့် သိကြားမင်းဇနီးမောင်နှံကပင်လျှင် ဆင်းရဲသား သူအိုလင်မယား

ဟန်ဆောင်၍ လှူဒါန်းရသည်အထိ မထေရ်မြတ်၏သတင်းက ကျော်ကြား ခဲ့လေသည်။ ကုဋ္ဌနုနာရှင်တစ်ဦး၏ဆွမ်းကို အလှူခံယူစဉ် ဆွေးမြေ့ နေသော လက်ဆစ်ကလေး သပိတ်ထဲပြုတ်ကျသွားသည်ကို မထေရ်ရော ဒကာပါ သိရှိတွေ့မြင်ကြ၏၊ အလှူ.ရှင်သဒ္ဓါပွားစေရန် အလှူ.ရှင်ရှေ့မှာပင် ထိုဆွမ်းကို ဘဉ်းပေးရာ လက်ဆစ်ကလေးကို ဖယ်ကာ ဖယ်ကာ ဘဉ်းပေးတော် မူရလေသည်။

မြတ်စွာဘုရားရှင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် ဝယ် မဟာပရိနိဗ္ဗာန်ပြုတော်မူသောအချိန် အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံသို့ တပည့်ရဟန်းငါးရာနှင့်အတူ ကြွလာတော်မူနေသည်၊ လမ်းတွင် သစ်ပင်တစ်ပင်အောက် အပန်းဖြေနားနေစဉ် အစေလကတက္ကတွန်း တစ်ယောက်သည် ပရိနိဗ္ဗာန်ပွဲတွင် ကြဲချပူဇော်ခဲ့သော မန္ဒာရဝနတ်ပန်းတစ်ပွင့်ကို ဆောင်ယူလာခဲ့သည်။ ထိုတက္ကတွန်းထံမှ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသွားပြီဖြစ်ကြောင်း ကြေကွဲဖွယ်ရာသတင်းကို ကြားရသောအခါ ပုထုဇဉ်ရဟန်းတော်တို့ ပြင်းပြစွာ ငိုကြွေးကြသည်။ ထိုအခါ သုဘဒ္ဒ တောထွက်ရဟန်းကြီးက -

"ငါ့ရှင်တို့ - မငိုကြွေးကြနှင့်၊ ယခုအခါ ငါတို့သည် မိမိလုပ်ချင်ရာကို လုပ်ခွင့်ရကြပြီ၊ ယခင်ကမူ မြတ်စွာဘုရားရှင်က ဒါမလုပ်ရ၊ ဟိုဟာမလုပ်ရ၊ ဒီလိုမလုပ်ရ၊ ဒီလိုမနေရ စသည်ဖြင့် တင်းတင်းကြပ်ကြပ် သိက္ခာပုဒ် ပညတ်ချက်များဖြင့် ချုပ်ချယ်ခဲ့သည်၊ ယခုတော့ လွတ်လပ်ပြီ၊ လုပ်ချင်ရာ လုပ်ခွင့်ရကြပြီ၊ ငိုမနေကြနှင့်"ဟု နှစ်သိမ့်စကား ပြောကြားရာ ထိုစကားကို အရှင်မဟာကဿပမထေရ်ကြီး ကြားသိတော်မူလျှင် ဓမ္မသံဝေဂကြီးစွာ ဖြစ်တော်မူသည်။ မိမိအပေါ် ထားရှိခဲ့သော မြတ်စွာဘုရားရှင်၏ ကျေးဇူး ဂုဏ်တို့ကိုလည်း ဆင်ခြင်တော်မူမိသည်။

မြတ်စွာဘုရားရှင်သည် စန္ဒူပမသုတ်တော်ဖြင့် ကောင်းကင်အလယ် အနောင်အဖွဲကင်းစွာ ဝင်းပထိန်လင်း သန့်ရှင်းကြည်လင်နေသော လပြည့်ဝန်းနှင့် နှိုင်းယှဉ်ကာ ဒကာ ဒကာမတို့အပေါ်၌ တွယ်တာမှုမရှိပုံကို ဂုဏ်ပြုမြွှောက်စား တော်မူခဲ့သည်။ ဘုရားရှင်မရှိတော့သည့် နောက်ကာလဝယ် အနာဂတ်

သာသနာတော်ကို ဦးဆောင်မည့်ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုတော်မူသည့်အလား မြတ်စွာဘုရားရှင်သည် ကိုယ်တော်မြတ်နှင့်ထပ်တူထား၍ မြှောက်စားခဲ့ပုံ၊ သင်္ကန်းချင်းလဲလှယ် ဝတ်ရုံတော်မူခဲ့ပုံတို့ကို ပြန်လည်မြင်ယောင်လာသည်။ အနာဂတ်သာသနာတော်အတွက် အဓမ္မဝါဒတို့ မထွန်းကားမီ ဗုဒ္ဓဒေသနာတော်များကို စနစ်တကျ စီစဉ်၍ သံဂါယနာတင်ရန် စိတ်အကြံတော်ဖြစ်တော်မူသည်။ အဘာဘုရားမရှိတော့သည့်နောက် သာသနာရေးကိစ္စမှန်သမျှ ငါ့မှာ တာဝန်ရှိသည်ဟု ခံယူတော်မူလေသည်။

မြတ်စွာဘုရားရှင်၏ ရုပ်ကလာပ်တော်သည် အရှင်မဟာကဿပ မထေရ်ကြီး မရောက်မချင်း မီးသင်္ဂြိုဟ်၍မရ၊ အရှင်မြတ်ရောက်ပြီး မြတ်စွာဘုရားရှင်၏ခြေတော်အစုံကို ဦးတိုက်သောအခါမှသာ အလိုလို တောဧရာဓာတ်လောင်တော်မူသည်။

ထို့နောက် အရှင်မြတ်သည် မဟာပရိနိဗ္ဗာန်စံရာဌာန ကုသိနာရုံသို့ ရောက်ရှိလာကြကုန်သော သံဃာတော်သိန်းသန်းထဲမှ ဇာတဒက်ဘွဲ့ခံ ဆဋ္ဌဘိည၊ ပဋိသမ္ဘိဒါပတ္တ၊ တဝိဇ္ဇ ရဟန္တာအရှင်မြတ်ကြီး အပါးငါးရာကို ရွေးချယ်တော်မူလိုက်သည်၊ ရွေးချယ်တော်မူပြီးလျှင် မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်သို့ ဝါဆိုအမီ ကြွရောက်ကြရန် မိန့်မှာတော်မူကာ မိမိ၏တပည့်ရဟန်းငါးရာနှင့်အတူ ရာဇဂြိုဟ်သို့ ကြွတော်မူသည်။

အရှင်မဟာကဿပ ဦးဆောင်သော သံဃာတော်ငါးရာတို့သည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် သုံးလနှင့်လေးရက်အရတွင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်၏ အကူအညီကို ရယူကာ ဝေဘာရဇတောင်စောင်းရှိ သတ္တပဏ္ဏိလိုဏ်ဂူတော်၌ ပထမသံဂါယနာတင်တော်မူကြသည်။ ၄၅-ဝါ တိုင်တိုင် ဟောကြားခဲ့သည့် တရားတော်များကို သုတ္တန်၊ အဘိဓမ္မာဝိနယဟူ၍ ပိဋကအားဖြင့်သုံးပုံ၊ နိကာယ်အားဖြင့်ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် (၈၄၀၀၀)၊ စနစ်တကျ ခွဲဝေစုစည်းတော်မူခဲ့ပြီး အရှင်မဟာကဿပမထေရ်ကြီးသည် သံဂါယနာပွဲတွင်

သံဃနာယက အဖြစ် ဆောင်ရွက်ပြီး မေးမြန်းစိစစ်သူ ပုဒ္ဓကထေရ်တာဝန်ကိုပါ ယူတော်မူသည်၊ ဝိနယဝိသဇ္ဇက(ဝိနည်းဆိုင်ရာအဖြေရှင်)အဖြစ် အရှင်ဥပါလိ မထေရ်ကလည်းကောင်း၊ အခြားသော ပိဋကတ်များအတွက် ဝိသဇ္ဇကအဖြစ် အရှင်အာနန္ဒာမထေရ်ကလည်းကောင်း တာဝန်ယူတော်မူခဲ့ကြသည်။

ထို့နောက် သုတ်တော်များကို စုပေါင်းရွတ်ဆို အတည်ပြုကြပြီး နိကာယ်အလိုက် ခွဲခြားကာ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာ၊ အရှင်မဟာ ကဿပ၊ အရှင်ဥပါလိ၊ အရှင်အနုရုဒ္ဓါ တပည့်စဉ်ဆက် နှုတ်တက်အာဂုံ လေ့ကျက်ဆောင်တော်မူခဲ့ကြ၏၊ အရှင်မဟာကဿပမထေရ်ကြီးသည် သက်တော် (၁၂၀) တွင် ပရိနိဗ္ဗာန် ပြုတော်မူခဲ့သည်။

အရှင်မဟာကဿပမထေရ်ကြီး မိန့်ကြားကျူးရင့်တော်မူလေ့ရှိသော ဩဝါဒတရားတော်များ -

ကမ္မံ ဗဟုကံ နု ကာရယော၊ ပရိဝဇ္ဇေယျ အနတ္ထနေယျမေတံ။
ကိစ္ဆတိ ကာယော ကိလမတိ၊ ဒုက္ခီတော သော သမထံ နု ဝိန္ဒတိ။

တရားအားထုတ်မှု၏ အနှောင့်အယှက် အဟန့်အတားဖြစ်သော ကိစ္စကြီးငယ် အသွယ်သွယ်ကို မပြုလုပ်ရာ၊ မိမိအကျိုးစီးပွားကို မဆောင်နိုင်သော ကိစ္စကြီးငယ်ပြုလုပ်ခြင်းကို ရှောင်ကြဉ်ရာ၏၊ အသစ် အသစ်ပေါ်ပေါက်လာနေသော အမှုကိစ္စများကို ပြုလုပ်ဆောင်ရွက်နေပါက ကိုယ်ခန္ဓာ ပင်ပန်းနွမ်းနယ်ရ၏၊ ထိုသို့ ပင်ပန်းနွမ်းနယ်သော ပုဂ္ဂိုလ်သည် စိတ်တည်ကြည်မှုသမာဓိကို မရရှိနိုင်ပေ။

အသေယျော သေယျသမာနံ၊ ဗာလော မညတိ အတ္တာနံ။
နံ တံ ဝိညူ ပသံသန္တိ၊ ပတ္တဒ္ဒမာနသံ နရံ။

မသိမလိမ်မာ ဉာဏ်ပညာနည်းပါးသူ၊ မမြင့်မမြတ် နိမ့်ကျသူဖြစ်ပါလျက် အခြားတပါးသော မြင့်မြတ်သူနှင့် တန်းတူ တူညီသကဲ့သို့ မိမိကိုယ်ကို အောက်မေ့မှတ်ယင်တတ်၏၊ ထိုသို့ မိမိကိုယ်ကို အထင်ကြီးမှုအားကြီးမက်ထန်သော စိတ်ရှိသူ လူမိုက်ကို ပညာရှိတို့ မချီးမွမ်းကြကုန်။

အရှင်အာနန္ဒာ မထေရ်

အရှင်အာနန္ဒာကား သာသနာ့သမိုင်းတွင် အထူးတလည် ဓမ္မဟိကွန်းတင်ရမည့် "တသာသနာတွင်မှ တယောက်" ဆိုလောက်သော မထေရ်မြတ်ဖြစ်သည်။ မြတ်စွာဘုရား ၄၅-ဝါကာလပတ်လုံး ဟောကြားတော်မူသော တရားဒေသနာအားလုံးကို သူမတူ နာယူမှတ်သားနိုင်သော ဉာဏ်ဝီရိယ သတိ သမာဓိတရား အားကောင်းသူဖြစ်သည်။ မျက်ကွယ်တွင် ဟောအပ်သော တရားတို့ကိုလည်း မြတ်စွာဘုရားက အကျဉ်းချုပ်ပြန်ဟောပြသဖြင့် တရားဓမ္မရေးရာ သူမသိတာမရှိ အပြည့်အစုံ စုဆောင်းထားသော ဓမ္မဘဏ္ဍာတိုက်ကြီးပင်ဖြစ်သည်၊ "ဓမ္မဘဏ္ဍာဂါရိက=တရားဘဏ္ဍာစိုးကြီး" ဟုပင် ဂုဏ်ပြုခံရသည်။

မြတ်စွာဘုရားရှင်ထံ အနယ်နယ်မှ ရောက်လာသော ဘုရားဖူးများကိုလည်း ကာလဒေသ ပုဂ္ဂိုလ်လိုက်၍ စနစ်တကျ ဖူးတွေ့ခွင့်ရအောင် စီစဉ်တတ်သူလည်းဖြစ်သည်၊ အမျိုးသမီးတို့အတွက် နိဗ္ဗာန်လမ်းပွင့်စေမည့် ဘိက္ခုနီသာသနာတော်တစ်ရပ်ကို ထူထောင်ခွင့်ရအောင် အားပေးကူညီခဲ့သူလည်းဖြစ်သည်။။ နန်းတွင်းသူ နန်းတွင်းသာမျာကိုလည်း သာသနာနှင့်ယှဉ်ပါးအောင် တရားဓမ္မသင်ပြပောပြောပေးရသူလည်းဖြစ်သည်၊ မြတ်စွာဘုရား၏ ကိစ္စအဝဝကို မငြီးမငြူ။ တလေးတစား အခါအားလျော်စွာ စီမံခန့်ခွဲတတ်သူလည်း ဖြစ်သည်၊ သာသနာတော်အရှည်တည်တံ့ရေးအတွက် ပထမသံဂါယနာပွဲကြီးတွင် သုတ္တန္တပိဋကနှင့် အဘိဓမ္မပိဋက ဝိသဇ္ဇက-(အဖြေရှင်)အဖြစ် တာဝန်ယူတော်မူခဲ့သည်။ ဤသာသနာတော်ဝယ် ဧတဒဂ်ငါးတန် ရာထူးဌာနန္တရ ငါးမျိုးပိုင်ရှင် ဖြစ်တော်မူ၏။ အရှင်မြတ်၏ ကျေးဇူးတော်ဧကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်သည် ယနေ့တိုင် မတုဘက်နိုင်သည့် အယူဝါဒရေးရာ မီးရှူးတန်ဆောင်ကြီးတစ်ရပ်အဖြစ် တည်ရှိနေခြင်းဖြစ်သည်။

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူစဉ် အရှင်အာနန္ဒာအလောင်းလျာမှာ ပဒုမုတ္တရ မြတ်စွာဘုရား၏ ဖတ္ထ မိဂကွဲ ညီငယ် သုမနမင်းသားဖြစ်လေသည်။ သုမနမင်းသားသည်

နယ်စွန်ရှိ သူပုန်ဘေးကို ငြိမ်းအေးအောင်ပြုသဖြင့် ခမည်းတော်က ဆုချရာ နောင်တော် မြို့တော်စွာဘုရားကို ဝါတွင်းသုံးလ ပြုစုခွင့်ပြုရန် တောင်းဆိုခဲ့သည်။ " မြတ်စွာဘုရား၏ သဘောထားတော်ကို ရယူပါဦး" ဟု ခမည်းတော်က ဆို သဖြင့် ဘုရားရှင်ထံလာခဲ့ရာ ဘုရားရှင်အားဖူးတွေ့ခွင့်ရရန် အခြားရဟန်းတို့ မတတ်နိုင်၊ ဥပဋ္ဌာကအလုပ်အကျွေးသုမနထေရ်ကသာ ဆောင်ရွက်ပေးနိုင်သဖြင့် သုမနမထေရ်ကို အားကျကာ မြတ်စွာဘုရားနှင့် သံဃာတော်တစ်သိန်းကို တစ်ဝါတွင်းလုံး ပြုစုလုပ်ကျွေးပြီး ဥပဋ္ဌာကအလုပ်အကျွေးဆုကို ပန်ခဲ့လေသည်။ ပဒုမုတ္တရဘုရားရှင်ကလည်း " နောင်သောအခါ ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင် အာနန္ဒာအမည်ဖြင့် ဥပဋ္ဌာကဘုရားအလုပ်အကျွေး ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်ပေးတော်မူခဲ့သည်။ ထိုနောက် သံသရာဝယ် ဘဝမျိုးစုံ ကျင်လည်ခဲ့ရသည်။ အထူးအားဖြင့် ဖြစ်လေရာရာ ဘဝတိုင်း ဘုရားအလောင်းတော်၏ ပါရမီ ကူညီဖြည့်သူအဖြစ်များလေသည်။

နောက်ဆုံးဘဝဝယ် ကပိလဝတ်နေပြည်တော်၌ သုဒ္ဓေါဒနမင်းကြီး၏ ညီတော် အမိတောဒနသာကီဝင်မင်း၏သား ဖြစ်လာလေသည်။ အာနန္ဒာ မင်းသားဟု မည်ခေါ်ခဲ့ကြသည်။ မြတ်စွာဘုရား ကပိလဝတ်နေပြည်တော်သို့ ပထမဆုံးအကြိမ် ကြွရောက်တော်မူသည့် မဟာသက္ကရာဇ် ၁၀၄-ခုနှစ်တွင် ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ်၊ ဥပါလိတို့နှင့်အတူ အနုပိယသရက်ဥယျာဉ်၌ အရှင်ဗေလဋ္ဌသီသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုခဲ့ ကြသည်။ မန္တာဏီပုတ္တ အရှင်ပုဏ္ဏမထေရ်၏ တရားစကားကို ကြားနာရ၍ သောတာပန်ဖြစ်ခဲ့သည်။

ပဌမဗောဓိခေါ် မြတ်စွာဘုရားရှင် ဝါတော်နှစ်ဆယ်အတွင်း၌ အမြဲတမ်း အလုပ်အကျွေးမဲ့ထေရ် မရှိခဲ့ပေ၊ တခါတရံ အရှင်နာဂသမာလထေရ်၊ တခါတရံ နာဂိတထေရ်၊ တခါတရံ ဥပဝါနထေရ်၊ တခါတရံ လိဿဝိမင်းသား သုနက္ခတ္တရဟန်း၊ တခါတရံ အရှင်သာရိပုတ္တရာ၏ညီ စုန္ဒ၊ တခါတရံ သာဂတမထေရ်၊ ရာဓထေရ်၊ မေဃိယထေရ် စသူတို့ လုပ်ကျွေးပြုစုကြသည်။ ထိုသို့ အလုပ်အကျွေးထေရ်မမြဲသဖြင့် မြတ်စွာဘုရားအတွက် ရံခါ အခက်အခဲ တွေ့ရတတ်သည်။

တနေ့သော် မြို့တော်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သံဃာတော်များကို စည်းဝေးစေပြီး “ယခုအခါ ငါဘုရားသက်တော် ၅၅-နှစ်ကျော်ခဲ့ပြီ၊ အမြဲတမ်း အလုပ်အကျွေးမထေရ်ရှိမှ သင့်တော်မည်”ဟု မိန့်တော်မူသည်ကို ကြားရသောအခါ ရဟန်းတော်တို့သန္တာန်ဝယ် သံဝေဂကြီးစွာဖြစ်လေသည်။

အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်စသော(အသီတိမဟာသာဝက) တပည့်ကြီး ရှစ်ကျိပ်တို့ အသီးသီး ထ၍ ထ၍ ပြုစုလုပ်ကျွေးခွင့်ပြုပါမည့် အကြောင်း တောင်းပန်ကြသော်လည်း မြတ်စွာဘုရားက မြစ်ပယ်တော်မူသည်။ ရဟန်းအချို့က အရှင်အာနန္ဒာကို အလုပ်အကျွေးအရာတောင်းဆိုရန် တိုက်တွန်းကြသည်။ မြတ်စွာဘုရားသည် တပည့်တော်ကို မြင်တော်မူပါသည်။ အကယ်၍ အလိုရှိတော်မူပါလျှင် “အာနန္ဒာ-ငါဘုရားကို လုပ်ကျွေးလော့ ဟု မိန့်တော်မူလိမ့်မည်၊ တောင်းမှရသော ရာထူးမျိုးကို မလိုချင်ပါ”ဟု ပြန်လည်ပြောဆိုလေသည်။ မြတ်စွာဘုရားကလည်း “ချစ်သားတို့- အာနန္ဒာကို မတိုက်တွန်းကြနှင့်၊ အာနန္ဒာသည် သူ့အလိုလိုပင် ပြုစုလုပ်ကျွေးပေလိမ့်မည်”ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် “ပယ်လေးတန် ပန်လေးပါး”ခေါ် ဆုရှစ်ပါးကို တောင်းခဲ့လေသည်။

(၁) မြတ်စွာဘုရား- အရှင်မြတ်ဘုရား လက်ခံရရှိသည့် ကောင်းမြတ်သောသက်နှံးနှင့်

(၂) ဆွမ်းတို့ကို မချီးမြှောက်စေလိုပါ၊

(၃) မြတ်စွာဘုရားနှင့်အတူ ဂန္ဓကုဋီတတိုက်တည်းနေရန် ခွင့်မပြုစေလိုပါ၊

(၄) ဘုရားရှင်တစ်ပါးတည်းကိုသာ သီးခြားပင့်သော နေရာသို့ ဘုရားတပည့်တော်အား ခေါ်မသွားစေလိုပါ။

ဤပယ်လေးတန်ကို ခွင့်ပြုတော်မူရန် တောင်းခံလိုက်သည်၊ အကြောင်းမှာ “အာနန္ဒာပြုစုလုပ်ကျွေးသည်မှာ လာဘ်လာဘကို မျှော်ကိုးလုပ်ကျွေးခြင်းဖြစ်သည်”ဟု ပြောဆိုဖွယ်မရှိစေလိုသောကြောင့်ဖြစ်သည်။

တဖန် မဇ္ဈထရ်မြတ်တောင်းခံသည့် ပန်လေးဆုမှာ -

(၁) မြတ်စွာဘုရား- ရှင်တော်ဘုရားသည် ဘုရားတပည့်တော်လက်ခံထားသော ပင့်ဖိတ်ရာအရပ်ကို ကြွတော်မူစေချင်ပါသည်၊

(၂) ရပ်ဝေးဘုရားဖူးများအတွက် ဘုရားတပည့်တော်လျှောက်ထားသောအခါ ဖူးတွေ့ခွင့် ပေးတော်မူစေချင်ပါသည်၊

(၃) ဘုရားတပည့်တော် ယုံမှားသံသယရှိ၍ မေးလျှောက်လိုသောအခါ မေးလျှောက်ခွင့် ပြုတော်မူစေချင်ပါသည်၊

(၄) ဘုရားတပည့်တော်၏ မျက်ကွယ်တွင် ဟောသမျှတရားများကို ဘုရားတပည့်တော်အား ပြန်လည်ဟောပြ ပေးတော်မူစေချင်ပါသည်။

ထိုအခါမှစ၍ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်အား အမြဲမပြတ် ပြုစုလုပ်ကျွေးရသူ ဖြစ်လာလေသည်။

မြတ်စွာဘုရားအား ရေပူရေချမ်း ကမ်းလှမ်းခြင်း၊ ဒန်ပူတို့ကို ဆက်ကပ်ခြင်း၊ ခြေဆုပ်လက်နယ်ပြုလုပ်ပေးခြင်း၊ ဂန္ဓကုဋီပရိဝုဏ်ကို တံမြက်လှည်းခြင်း စသည်တို့ကို ပြုစုပေးတော်မူရသည်။ တနေ့လုံး မြတ်ဘုရားအနီးအပါးဝယ် ဝတ်ကြီးဝတ်ငယ်ပြုစုပြီး ညအခါ ဆီမီးတိုင်ဆွဲကိုင်လျက် ဘုရားသီတင်းသုံးရာ ဂန္ဓကုဋီကျောင်းတော်ကို လှည့်လည်ကာ ပြုစုစောင့်ရှောက်တော်မူသည်။

မြတ်စွာဘုရားသည် သံဃာ့အစည်းအဝေးပွဲကြီးတွင် အရှင်အာနန္ဒာ မဇ္ဈထရ်အား-

(၁) ဗဟုဿုတ ဇတဒဂ် = အကြားအမြင်အများဆုံး၊
(၂) သတိမန္တ ဇတဒဂ် = သတိအကောင်းဆုံး၊
(၃) ဂတိမန္တ ဇတဒဂ် = ဉာဏ်ပညာအကောင်းဆုံး၊
(၄) မိတိမန္တ ဇတဒဂ် = ဝိရိယအကောင်းဆုံး၊
(၅) ဥပဋ္ဌာက ဇတဒဂ် = ပြုစုလုပ်ကျွေးသူတို့တွင် အကောင်းဆုံး

ဟူသော ဇတဒဂ်ဘွဲ့ထူး ရာထူးဌာနန္တရငါးမျိုးတို့ကို ချီးမြှင့်တော်မူသည်။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အချိန်ပြည့် ပြုစုလုပ်ကျွေးနေရပြီး သာသနာတော်ရေးရာကိစ္စများကို ဦးစားပေးဆောင်ရွက်နေရသဖြင့် ကိုယ်ရေးကိုယ်တာ ဝိပဿနာရှုပွားမှုကို အလေးမပေးနိုင်ခဲ့ပေ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီး သုံးလနှင့် ၄-ရက်အကြာ သံဂါယနာတင်ရန်အတွက် သံဃာ့အစည်းအဝေးကြီးတွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် အပါး ၅၀၀-ရွေးချယ်ကြရာ ဆဋ္ဌဘိည်၊ တဝိဇ္ဇ၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီး ၄၉၉-ပါးကို အရှင်မဟာကဿပ က ရွေးချယ်ခဲ့သည်။ မြတ်စွာဘုရား၏ တရားဒေသနာအားလုံးကို အစအဆုံး အပြည့်အစုံသိသူမှာ အရှင်အာနန္ဒာသာဖြစ်၍ အရှင်အာနန္ဒာမပါသော သံဂါယနာပွဲသည် ပြည့်စုံမည့်ပွဲမဖြစ်နိုင်ပေ၊ သို့ဖြစ်၍ အရှင်မဟာကဿပသည် နောက်ဆုံးတစ်ပါးကို ရွေးချယ်ရန်အတွက် သံဃာ့ပရိသတ်ကို တာဝန်ပေးတော်မူသည်၊ သံဃာ့ပရိသတ်ကလည်း အရှင်မဟာကဿပမထေရ်ကြီး လျှာထားသည့်အတိုင်း အရှင်အာနန္ဒာကိုပင် မှန်ကန်စွာ ရွေးချယ်ပေးခဲ့ကြသည်။

အရှင်အာနန္ဒာသည် သောတာပန်သာဖြစ်သေးသဖြင့် ဘာကြောင့် ရွေးချယ်ရပါသနည်းဟု အရှင်မဟာကဿပက မေးတော်မူသောအခါ "အရှင်မြတ်ဘုရား-အရှင်အာနန္ဒာသည် မြတ်စွာဘုရားနှင့် အမြဲထာဝရ အနီးကပ်ပြုစုလုပ်ကျွေးနေထိုင်သူဖြစ်ပါသည်။ မြတ်စွာဘုရားဟောကြားသမျှ မျက်မှောက်မျက်ကွယ် တရားအားလုံးကို တစ်ခုမကျန် ပြန်လည်နာကြားသင်ယူရသူဖြစ်ပါသည်။ မြတ်စွာဘုရား၏ တရားတော်တို့ကို စုစည်းရာ သံဂါယနာပွဲသဘင်သည် အရှင်အာနန္ဒာမပါလျှင် ပြီးပြည့်စုံသောပွဲသဘင် ဖြစ်မည်မထင်ပါ။ အရှင်အာနန္ဒာသည် သောတာပန်သာဖြစ်သေးသော်လည်း အဂတိလေးပါး လိုက်စားမည့်သူ မဟုတ်ပါ၊ ထို့ကြောင့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် အဖြစ် ရွေးသင့်ပါသည်"ဟု လျှောက်ထားကြသည်။ အမှန်မှာမူ အရှင်မဟာကဿပကိုယ်တော်တိုင်လည်း အရှင်အာနန္ဒာမပါက မဖြစ်နိုင်ကြောင်း သိတော်မူပြီးဖြစ်ပါသည်၊ သို့သော် မိမိနှင့်ရင်းနှီးသူဖြစ်သဖြင့် မျက်နှာလိုက် ရွေးချယ်သည်ဟု သူတပါး တို့ အပြစ်တင်စကား ပြောကြားမှုကင်းဝေးစေရန် သံဃာ့ပရိသတ်ကို တာဝန်ပေးတော်မူခြင်းဖြစ်သည်။

သံဂါယနာတင်ရေးကိစ္စ ရဟန္တာအရှင်မြတ်ကြီးများ ကြောင့်ကြမှုများနေကြသလောက် အရှင်အာနန္ဒာကမူ လှည့်လည်၍တရားဟောနေ၏၊ ဝဇ္ဇီပုတ္တကမထေရ်ကြီးသည် တရားလှည့်လည်ဟောနေသော အရှင်အာနန္ဒာအား "ကိုး တေ ဗိဠိဗိဠိကာ ကရိဿတိ-ငါ့ရှင် လှည့်လည်ပြီး တရားတွေ ဗလစ် ဗလစ် ဟောပြောနေဖို့ အချိန်မဟုတ်တော့ဘူး၊ ရဟန္တာဖြစ်အောင် အားသွန်ကြိုးပမ်းပါတော့လား" ဟု သတိပေးခဲ့ဖူး၏၊ ထိုအခါ အရှင်အာနန္ဒာသည် သံဂါယနာတင်အမီ ရဟန္တာဖြစ်ရေးအတွက် ကြိုးစားအားထုတ်တော်မူသည်၊ ဤသံဃာ့ပရိသတ်တွင် ကိလေသာညှိစော်နံသူတစ်ဦးရှိနေသေးသည်ဟု သိတင်းသုံးဖော် မထေရ်အချို့ကလည်း ပြောဆိုကြသည်။

"အာနန္ဒာ-သင်သည် ပါရမီဘုန်းကံကြီးသူဖြစ်သည်။ ရဟန်းတရားကိုသာ အားထုတ်ပါ၊ မကြာမီရဟန္တာဖြစ်ပါလိမ့်မည်" ဟု တချို့က မိန့်တော်မူခဲ့ဖူးသော မြတ်စွာဘုရား၏စကားတော်တို့ကို ကြားယောင်မိသည်။ ထိုအချက်များအားလုံးကို ဆင်ခြင်သုံးသပ်ပြီး "ငါသည် သေကွအဖြစ်ဖြင့် သံဃာ့အစည်းအဝေးသို့ ဝင်ရန်မသင့်လျော်ဟု" စိတ်ကူးကာ အပြင်းအထန် တရားအလုပ်အားထုတ်တော်မူသည်။

သံဂါယနာမတင်မီ တစ်ရက်အလိုတွင် ကာယဂတာသတိတရားကို အပြင်းအထန် ရှုပွားတော်မူရာ ဝီရိယလွန်သဖြင့် တရားထူးမရဖြစ်နေ၏၊ အရဏ်တက်ရန် နီးလာပြီဖြစ်ဘဲဖြင့် ခေတ္တမျှ အပန်းဖြေနားနေတော်မူရန် စကြံဦးမှ ဖယ်ခွာ၍ အိပ်ရာသို့ သတိပဋ္ဌာန်တရားဖြင့် ကြွသွားတော်မူသည်။ အိပ်ရာပေါ်သို့ အရောက်တွင် အသာအယာ ခန္ဓာကိုယ်ကို လှဲချတော်မူစဉ် ကိလေသာအာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူသည်။ လျောင်း ထိုင် ရပ် သွား ဣရိယာပုတ်လေးပါးတွင် မည်သည့် ဣရိယာပုတ်နှင့်နေစဉ် ရဟန္တာဖြစ်တော်မူသည်ဟု ပြော၍မရ၊ ဣရိယာပုတ်လေးပါးမှလွတ်၍ ရဟန္တာဖြစ်တော်မူသည်။

ဘုရင်အဇာတသတ်သည် ဂိဇ္ဈကူဋ်တောင်ယံ စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိလိုဏ်ဂူ၌ ကြိုးကျယ်ဆန်းပြား ခမ်းနားစွာ မဏ္ဍပ်ကြီးငယ်တို့ကို ဆောက်ကာ ပစ္စည်းလေးပါးတာဝန်ယူ၍ ပထမသံဂါယနာပွဲကို ကူညီအားပေး

ခဲ့သည်။ သံဃာအား‌လုံး စုံညီချိန်၌ အရှင်အာနန္ဒာသည် တန်ခိုးဖြင့် မြေ၌ငုပ်လျှိုး‌လာကာ မိမိအတွက်ထား‌သော‌နေရာ၌ တက်သစ်စနေဝန်း‌အလား ဘွား‌ကနဲထွက်ပေါ်ထိုင်နေတော်မူလာသည်၊ အရှင်မဟာကဿပ မထေရ်ကြီး‌သည် ဝမ်း‌သာပီတိဖြစ်ကာ “အကယ်၍မျှား မြတ်စွာဘုရား‌သာ သက်တော်ထင်ရှား‌ရှိပါမူ ယ‌နေ့ ရဟန္တာအဖြစ် မြင်တွေ့ရ‌သော အရှင်အာနန္ဒာကို ချီး‌ကျူး‌တော်မူပေလိမ့်မည်၊ ဘုရား‌ရှင် ပရိနိဗ္ဗာန်ပြု‌တော်မူ‌သွား‌ပြီး‌ဖြစ်၍ ဘုရား‌ရှင်ကိုယ်စား ငါကပင် ကောင်း‌ချီး‌ပေး‌တော့အံ့”ဟု တွေး‌ကြံ‌တော်မူကာ အရှင်အာနန္ဒာအား ချီး‌ကျူး‌တော်မူသည်။

သာသနာတော်နှစ် ၁-နှစ်၊ ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့ ပထမသံဂါယနာသဘင်တွင် အရှင်မဟာကဿပမထေရ်ကြီး ဦး‌ဆောင်သော ရဟန္တာမထေရ်ကြီး အပါး (၅၀၀)ကြွရောက်တော်မူကြသည်။ အရှင်မဟာကဿပ က သံဃနာယကထေရ်ကြီး‌အဖြစ် ဆောင်ရွက်တော်မူပြီး ပိဋကသုံး‌ဖြာ၏ ပုစ္ဆကထေရ်တာဝန်ကို ယူတော်မူသည်။ ဝိနယပိဋက၏ ဝိဿဇ္ဇကခေါ် အဖြေရှင်တာဝန်ကို အရှင်ဥပါလိက ယူတော်မူသည်။ သုတ္တန္တပိဋက, အဘိဓမ္မပိဋက နှစ်ပုံ၏ အဖြေရှင်တာဝန်ကို အရှင်အာနန္ဒာကပင် ယူတော်မူသည်။

သံဃာ့မထေရ်ကြီး‌ဖြစ်သော အရှင်မဟာကဿပက သုတ်တခု တခုကို မေး‌စစ်တော်မူတိုင်း“၉၀ံ မေ သုတံ- ဤသို့ ကြား‌နာမှတ်သား‌ဆောင်ထား‌ဖူး‌ပါသည်”ဟု အစချီကာ အရှင်အာနန္ဒာ၏ ဖြေကြား‌ချက်သည် ပိဋကစာပေများ‌အပေါ် အကြောင်း‌ထုပ်တန့်တကွ မည်မျှခိုင်မာကြောင်း အာမခံချက်ပေး‌လိုက်ခြင်း‌ပင်ဖြစ်သည်။

ပိဋကရေး‌ရာ သုတ်ဒေသနာများကို စနစ်တကျမေး‌ဖြစီစစ်လျက် မှတ်တမ်း‌တင်တော်မူကြရာ သံဃာတော်အများက အတည်ပြုသော‌အား‌ဖြင့် တညီတညာတည်း စုပေါင်း‌ရွတ်ဆိုတော်မူကြသည်။ သံဂါယနာတင်ပွဲသည် ၇-လတိုင်တိုင် ကြာမြင့်ခဲ့၏၊ ဤသို့ အာဏာစက်နှင့် ဓမ္မစက် နှစ်ရပ် ပေါင်း‌စပ်ညီညာ သံဂါယနာတင်လိုက်ခြင်း‌ဖြင့် အဓမ္မဝါဒီတို့ ပျောက်ကွယ်သွား‌လေတော့သည်။

အရှင်အာနန္ဒာမထေရ်သည် သက်တော် ၁၂၀-အထိ သာသနာတော်အကျိုးစီးပွားကို များပြားစွာဆောင်ရွက်တော်မူပြီး သာသနာတော်နှစ် ၄၀-ခုနှစ်တွင် ကပိလဝတ်နှင့် ကောလိယအကြား ရောဟိဏီမြစ်အလယ်ထက်ကောင်းကင်၌ တေဇောဓာတ်လောင်၍ ပရိနိဗ္ဗာန် ပြုတော်မူလေသည်။ သရီရဓာတ်တော်များကို မြစ်နှစ်ဘက်ရှိ ပြည်သူများ ကိုးကွယ်ရန် အဓိဋ္ဌာန်ခဲ့၍ နှစ်ဖြာခွဲကာ ကျရောက်လာကြကုန်၏၊ တစ်သာသနာတွင်မှ တစ်ယောက်ဟု ဆိုစလောက်သော အရှင်အာနန္ဒာ၏ စွမ်းရည်နှင့် ဂုဏ်ကျေးဇူးကား ထေရဝါဒ သာသနာ့သမိုင်း၊ ပိဋကစာပေသမိုင်းတွင် အနှိုင်းမဲ့ဖြစ်ပေတော့သည်။

အရှင်အာနန္ဒာမထေရ်မြတ်ကြီး ဟောကြားကျူးရင့်တော်မူလေ့ရှိသော ဩဝါဒတရားတော် -

ဗဟုသုတံ ဥပါသေယျ၊ သုတဉ္စ နံ ဝိနာသယေ။
တံ မူလံ ဗြဟ္မစရိယဿ၊ တသ္မာ ဓမ္မဓရော သိယာ။

အကြားအမြင်များသူကို မှီဝဲဆည်းကပ်ရမည်၊ မှီဝဲဆည်းကပ်၍ ရအပ်သော အကြားအမြင်ကိုလည်း မပျောက်မပျက်အောင် မှတ်သားရမည်။ ထိုသို့ အကြားအမြင်များပြားခြင်းသည် မဂ်တည်းဟူသော မြတ်သောအကျင့်၏ အကြောင်းရင်းမူလဖြစ်သည်၊ ထို့ကြောင့် ရှေးဦးစွာ တရားစာပေကို သင်ယူမှတ်သား ဆောင်ထားထိုက်ပေ၏။

ဓမ္မာရာမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ။
ဓမ္မံ အနုဿရံ ဘိက္ခု၊ သဒ္ဓမ္မာ န ပရိဟာယတိ။

တရားတော်လျှင် မွေ့လျော်ရာရှိသော၊ တရားတော်၌ မွေ့လျော်သော၊ တရားတော်ကို အဖန်ဖန် ဆင်ခြင်ရှုမှတ်သော၊ တရားတော်ကို အဖန်ဖန် အောက်မေ့ပွားများသော ရဟန်းသည် သူတော်ကောင်းတို့၏ တရားမှ မဆုတ်ယုတ်နိုင်။

အဗ္ဘတီတသဟာယသဿ၊ အတီတဂတသတ္ထုနော။
နတ္ထိ ဇတာဒိသံ မိတ္တံ၊ ယထာ ကာယဂတာသတိ။

မြတ်စွာဘုရားတည်းဟူသော ဆရာလွန်ခြင်းကြောင့် အဆွေခင်ပွန်းကောင်းမှ ကင်းကွာခဲ့ရသော ငါ့အား ကာယဂတာသတိသည်ပင် ငါ၏ အကျိုးစီးပွားကို ဆောင်တတ်သော အဆွေခင်ပွန်းကောင်း အစစ် ဖြစ်ပေတော့၏။

ဘိက္ခုနီသာသနာ၏ မိခင်ကြီး မဟာပဇာပတိဂေါတမီ

မိထွေးတော်ဂေါတမီသည် ဘိက္ခုနီရဟန်းမသာသနာတော်ကို စတင် ဖော်ဆောင်ခဲ့သူတစ်ဦးဖြစ်သည်။ အမျိုးသမီးများ ဘိက္ခုနီသာသနာတော်သို့ ဝင်ရောက်ရန်အတွက် ရှေ့ဆောင်လမ်းပြအဖြစ် ကြိုးစားခဲ့သူ တစ်ဦးလည်း ဖြစ်သည်။ နောက်ဆုံး ရဟန်းမဘဝတွင် သိက္ခာဝါအကြီးဆုံး(ရတ္တညူမဟတ္တ) အရာ၌ ဇတဒဂ်ရခဲ့သည်။ မဟာပဇာပတိဂေါတမီ ထေရီမကြီး၏ ကြိုးစားမှုကြောင့် သာသနာတော်သို့ အမျိုးသမီးများ များစွာဝင်ရောက်ခဲ့ကြပြီး အကျွတ်တရားရသူ တရားဖြန့်ပွားသူ သာသနာပြုအမျိုးသမီးများစွာ ပေါ်ထွန်းခဲ့သည်။ သာသနာ၌ထူးခြားစွာ ဇတဒဂ်ရခဲ့သော အမျိုးသမီး (၁၃) ဦး ပေါ်ပေါက်ခဲ့ရသည်။

ဤအရှင်မလောင်းလျာသည် ပဒုမုတ္တရဘုရားရှင်လက်ထက် ဟံသာဝတီမြို့၌ စည်းစိမ်ကြွယ်ဝသော အမတ်ကြီးတစ်ဦး၏ သမီးဖြစ်ခဲ့သည်။ တနေ့တွင် ပဒုမုတ္တရဘုရားရှင်ထံသို့ ဖခင်နှင့်အတူ တရားနာလိုက်သွားရာ ဘုရားရှင်က မိထွေးဖြစ်သော ရဟန္တာထေရီမကြီးအား သိက္ခာအကြီးဆုံးအရာ၌ ဇတဒဂ်ထားသည်ကို တွေ့ရ၍ ထိုဆုကိုတောင်းယူလိုသော ဆန္ဒဖြစ်ခဲ့သည်၊ ဖခင်ထံ ခွင့်ပန်ပြီး ဘုရားအမှူးရှိသော သံဃာတော်များကို ခုနစ်ရက် ခုနစ်လီ အလှူကြီးပေးလှူပြီး ထိုဆုကိုပန်ခဲ့သည်။

အရှင်မလောင်းလျာသည် ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသော ကဿပ ဘုရားရှင် သာသနာတော် ကွယ်ပပြီးနောက် ဂေါတမဗုဒ္ဓမပွင့်ထွန်းမီ ကြားကာလတွင် အလုပ်သမားငါးရာတို့ကို ကြီးမှူးအုပ်ချုပ်ရသော အလုပ်သမားခေါင်းကြီး၏ ဇနီးဖြစ်ခဲ့သည်၊ ထိုဘဝတွင် အလုပ်သမားငါးရာတို့၏ လုပ်အားဖြင့် ပစ္စေကဗုဒ္ဓါတို့ကို ဝါဆိုကျောင်းဆောက်လုပ်လှူခဲ့သည်။ ဝါကျွတ်တွင် ပရိက္ခရာတို့ကို လှူခဲ့သည်။

ဘဝတခုတွင်လည်း ယက်ကန်းသည်တို့ကို အုပ်ချုပ်ရသောသူ၏ ဇနီးဖြစ်ခဲ့ပြီး ပဒုမဝတီမိဖုရားမှ ဖွားသော ပစ္စေကဗုဒ္ဓါ ငါးရာတို့ကို ဆွမ်းလှူဒါန်းခဲ့သည်။

ထိုမှတဖန် လူ့ဘုံ နတ်ဘုံ အစုံအလင်ခံစားပြီးနောက် ဤဘုရားရှင် သာသနာပေါ်ချိန်နီးလာသောအခါ ဒေဝဒဟပြည်တွင် မဟာသုပ္ပဗုဒ္ဓမင်းကြီး၏ သမီးတော်ငယ်ဖြစ်လာ၍ အရွယ်ရောက်သော် အစ်မတော်မာယာဒေဝီနှင့်အတူ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းနှင့် လက်ထပ်ထိမ်းမြားခဲ့ရသည်။

မယ်တော်မာယာသည် ဗုဒ္ဓမြတ်စွာလောင်းလျာဖြစ်သော သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီး ခုနစ်ရက်မြောက်တွင် နတ်ရွာလားကာ တုသိတာနတ်ပြည်သို့ ရောက်ရှိသွားသည်။

မယ်တော်မာယာ နတ်ရွာစံပြီးချိန်မှစ၍ ညီမတော်မဟာပဇာပတိဂေါတမီသည် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဖြစ်ခဲ့သည်။ သူမတွင် သားတော်နန္ဒမင်းသားနှင့် သမီးတော်ဇနပဒကလျာဏီတို့ ထွန်းကားခဲ့သည်။ မိထွေးတော်ဂေါတမီသည် မိမိရင်နှစ်သည်းချာ သားလှရတနာဖြစ်သည့် နန္ဒမင်းသားကို နို့ထိန်းမျာနှင့် လွဲအပ်ထားပြီး မိမိကိုယ်တိုင်မူကား ဘုရားလောင်းသိဒ္ဓတ္ထမင်းသားကို နို့ချိုတိုက်ကျွေး၍ ပြုစုမွေးမြူခဲ့ရသည်။ ဤကဲ့သို့ ဗုဒ္ဓမြတ်စွာလောင်းလျာ ခုနစ်ရက်သားအရွယ်မှစ၍ မွေးမြူစောင့်ရှောက် ခဲ့ရသည်။ ဗုဒ္ဓလောင်းလျာသည် သက်တော် ၂၉-နှစ်အရွယ် သားတော်ရာဟုလာကို ဖွားမြင်ပြီးနောက် မတာထွက်ဖက်မူသွားသည်။ မိထွေးတော်ဂေါတမီနှင့် မတွေ့ဆုံခဲ့ရချေ။

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ ခမည်းတော် သုဒ္ဓေါဒနမင်းနှင့်တကွ ဆွေတော်မျိုးတော်တို့အား နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူခဲ့သည်တွင်မှ ပြန်လည်ဆုံတွေ့ရပြီး ဆွေတော်မျိုးတော်များနှင့်အတူ တရားနာယူရသဖြင့် သောတာပန်အရိယာ ဖြစ်ခဲ့ပါသည်။ မိထွေးတော်ဂေါတမီ၏သားတော်ဖြစ်သူ နန္ဒမင်းသားနှင့် မြေးတော်ရာဟုလာတို့သည် ဘုရားရှင်၏သာသနာတော်တွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ညီတော် အာနန္ဒာအပါအဝင် သာကီဝင်မင်းသား ခြောက်ယောက်တို့သည်လည်း ဘုရားရှင်သာသနာသို့ ဝင်ရောက်သွားကြသည်။ သားတော်မြေးတော်များ ထီးရိပ်နန်းရိပ်မှ သာသနာရိပ်၌ ခိုလှုံသွားကြသောအခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနည်းတူ မိမိလည်း ပထမတွင် သားသမီးအချစ်မြေးအနှစ် ဆိုသကဲ့သို့ ခွဲခွာရသော ဒုက္ခကို ခံစားခဲ့ရသည်။

ဘုရားရှင် ဒုတိယအကြိမ် ကပိလဝတ်ပြည်သို့ ကြွရောက်လာသော အချိန်တွင် ဂေါတမီသည် ချောမွတ်နူးညံ့လှသော ချည်ဒရောင်းစားဖြင့် သားတော်တရားအတွက် သင်္ကန်းရက်လုပ်ပြီးလှူခဲ့သည်။ ဘုရားရှင်က ထိုသင်္ကန်းကို လက်မခံဘဲ သံဃာတော်များကိုလှူလှျင် မိမိကိုလည်းလှူရာရောက်သည်ဟု ချီးကျူးကာ သံဃာကိုသာ လှူရန် လမ်းညွှန်မူပေးခဲ့သည်။

ဘုရားရှင် ကပိလဝတ်မှ ပြန်ကြွ၍ မကြာမီ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ထီးဖြူရိပ်မှာပင် လူဝတ်ကြောင် ရဟန္တာဘဝဖြင့် ပရိနိဗ္ဗာန်ပြုခဲ့သည်။ တနေ့ထက်တနေ့ တွေ့ကြုံရသော အပြောင်းအလဲ၊ မမြဲသော သင်္ခါရဘာဝနှင့် သာသနာ၏ သဘောတို့ကို သိမြင်လာခဲ့သည်။

ဂေါတမီသည်ရောဟိဏီမြစ်အရေးအခင်းဖြစ်ပြီးနောက် ကောလိယနှင့် ကပိလဝတ်မှ တစ်ဘက် (၂၅၄) စီ ရဟန်းပြုသွားကြသော သာကီဝင်မင်းသားတို့၏ ကြင်ယာတော်နန်းငါးရာတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ရပြန်သည်။

ဂေါတမီသည် လောကီအမြင်အရ လင်သားမရှိ၊ သားတို့မြေးတို့လည်း မရှိတော်သော မိုတွယ်ရာမဲ့ မုဆိုးမဘဝ၊ အားငယ်စရာဘဝဖြစ်သည်ဟု ထင်ဖွယ်ရှိ၏၊ သို့သော်လည်း ဂေါတမီသည် ထိုလင်သားမြေးများ မရှိခြင်းကပင်

အနောင်အဖွဲ့မှ လွတ်မြောက်သူ ဖြစ်လာ၏၊ ချစ်လှစွာသော မိဘနှင့် ဇနီးသားမယားတို့ကိုပင် စွန့်ခွာနိုင်လောက်အောင် သာသနာရိပ်ခိုလှုံသွားကြသူတို့၏ ချမ်းသာကိုလည်း အားကျမျှော်မှန်းနေခဲ့မိသည်၊ ယခုမူ မိမိအလှည့်၊ မိမိအချိန် ရောက်လေပြီဟု ဝမ်းမြောက်ကာ ဘုရားသာသနာတော်၌ ဝင်ရောက်ခိုလှုံရန် စိတ်ဆုံးဖြတ်လိုက်သည်၊ မင်းသမီးငါးရာတို့နှင့်တိုင်ပင်ရာ မင်းသမီးငါးရာတို့ကလည်း သာသနာတော်ဝင်ရန် သဘောတူကြသည်။

ထိုအချိန်က ဘုရားသာသနာတော်၌ ဘိက္ခုနီဝတ်သူ မရှိသေးချေ။ မဟာပဇာပတိဂေါတမီသည် ဘုရားရှင်သိတင်းသုံးရာ နိဂြောဓာရုံကျောင်းသို့ ဝင်ပြီး ဘုရားရှင်ကို ရိုသေစွာရှိခိုးကာ မြတ်စွာဘုရားသာသနာတော်၌ အမျိုးသမီးများဝင်ရောက်ထမ်းဆောင်ခွင့်ပြုပါရန် လျှောက်ထားသည်။

"ဂေါတမီ --- သာသနာတော်၌ အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ခွင့်ကို မတောင့်တပါလင့်"ဟု ဘုရားရှင်တားမြစ်ခဲ့သည်။

ဂေါတမီသည် ခွဲမလျှော့ဘဲ သုံးကြိမ်တိုင်တိုင် လျှောက်ထားသည်၊ ဘုရားရှင်ကား ခွင့်ပြုတော်မမူ၊ မျှော်လင့်ချက်လမ်းဆုံး၍ ယူကျုံးမရ၊ ဝမ်းနည်းစွာဖြင့် နန်းတော်သို့ ပြန်ခဲ့ရသည်။

မြတ်စွာဘုရားရှင်ကလည်း ကပိလဝတ်ပြည်မှ ယူဇနာငါးဆယ်ကွာဝေးသေး ဝေသာလီပြည်သို့ ကြွသွားတော်မူပြီး မဟာဝုန်တော ကူဋာဂါရကျောင်းတော်၌ သီတင်းသုံးနေတော်မူလေသည်။

မိထွေးတော်ကြီး မဟာပဇာပတိဂေါတမီနှင့်အတူ သာကီဝင်မင်းသမီးငါးရာတို့သည် ဆတ္တာသည်တို့ကိုခေါ်၍ အမျိုးသမီးတို့၏ အမြတ်နိုးဆုံးအရာဖြစ်သော ဆံကေသာတို့ကို ပယ်ဖြတ်ကြသည်၊ ထို့နောက် အဖိုးထိုက်တန်သော ထီးသုံးနန်းသုံး အဝတ်အစား ဆင်ယင်ထုံးဖွဲ့မှုများကို ပယ်စွန့်၍ ဖန်ရည်စွန်းသော အဝတ်များကို ဝတ်ဆင်လိုက်ကြသည်။ ထို့နောက် မြတ်စွာဘုရား ကြွတော်မူရာ အရပ်ကို စုံစမ်းပြီး ခြေလျင်ခရီးဖြင့် လိုက်သွားခဲ့ကြသည်။

ယူဇနာငါးဆယ်ခရီးကိုပင် ဝေါဟာဉ်စသည်တို့ကို အသုံးမပြုဘဲ ခြေလျင်လျှောက်လှမ်းခဲ့ကြသည်ကို ကြည့်လျှင် မိထွေးတော်ဂေါတမီတို့၏ သာသနာတော်သို့ ဝင်ရောက်လိုသောဆန္ဒ ပြင်းပြမှုကို သိသာနိုင်သည်၊ ပင်ပန်းကြီးစွာ လျှောက်လှမ်းခဲ့ရသဖြင့် ဝေဿာလီပြည် ဘုရားကျောင်းတော် အနီးသို့ ရောက်သောအခါ နန်းတွင်းသူမင်းသမီးတို့၏ နူးညံ့သော ခြေထောက်များ ပေါက်ကွဲကာ သွေးချင်းချင်းနီလျက်ရှိကုန်၏။ ခန္ဓာကိုယ်တွင်လည်း ဖုံအလိမ်းလိမ်းကပ်ငြိလျက်ရှိသည်။ ဘုရားရှင် သီတင်းသုံးရာ ကျောင်းပေါက်ဝ နံရံကိုမှီကာ ငိုယိုနေကြကုန်၏။

မင်းသမီးငါးရာတို့၏ ငိုယိုသံကို အရှင်အာနန္ဒာကြား၍ လာရောက် စုံစမ်းမေးမြန်းသောအခါ မိထွေးတော်ဂေါတမီ၏ ဘိက္ခုနီ(ရဟန်းမ)ပြုလိုသော ဆန္ဒ ပြင်းပြမှုကို သိရှိရသဖြင့် ဘုရားရှင်အား လျှောက်ထားပေးသည်။ အရှင်အာနန္ဒာက မိထွေးတော်ဂေါတမီ၏ ကျေးဇူးဂုဏ်တို့ကို ဖော်ပြ၍ အကြိမ်ကြိမ် ခွင့်ပန်လျှောက်ထား ပန်ကြားသော်လည်း ဘုရားရှင်၏ ခွင့်ပြုချက်မရ။ ထိုအခါ အရှင်အာနန္ဒာက မိထွေးတော်ဂေါတမီ တစ်ဦးတည်းသာ မဟုတ်ပဲ အမျိုးသမီးအားလုံး ဘိက္ခုနီအဖြစ်ဖြင့် အရိယာဖြစ်နိုင်ခွင့်ရှိ မရှိကို မေးမြန်းလျှောက်ထားရာ မြတ်စွာဘုရားရှင်က အမျိုးသမီးများလည်း ဘိက္ခုနီဘဝဖြင့် အရိယာဖြစ်နိုင်ကြောင်း ဖြေကြားတော်မူသည်။

နောက်ဆုံး ဘုရားရှင်က မိထွေးတော်ဂေါတမီအား အောက်ပါ ဂရုဓံတရား ရှစ်ပါးကို ခံယူဆောက်တည်စောင့်ထိန်းနိုင်ပါက ဘိက္ခုနီ(ရဟန်းမ) အဖြစ်ဖြင့် သာသနာတော်တွင် ရဟန်းပြုခွင့် ပေးမည်ဟု ခွင့်ပြုမိန့်ကြားတော်မူသည်။ ဂရုဓံတရား ရှစ်ပါးတို့ကား –

(၁) ရဟန်းမသည် ဝါတရာပင်ရသည်ဖြစ်စေ၊ ယနေ့မှဖြစ်လာသော ရဟန်းသစ်ကို ရှိခိုးရမည်၊ ခရီးဦးကြိုဆိုရမည်၊ [illegible] ရှိခိုးရမည်၊ အရိုအသေပေးရမည်။

(၂) ယူဇနာဝက်အတွင်း၌ ရဟန်းယောကျ်ားဘစ်ပါးမျှမရှိသော ကျောင်းတွင် ဝါမဆို၊။ ယူဇနာဝက်အတွင်း ရဟန်းယောကျ်ား ရှိရမည်၊ ဝေးကွာ၍မနေရ၊။)

(၃) ရဟန်းသံဃာများထံသို့ လပြည့် လကွယ် နေ့တိုင်း ဥပုသ်အမေးသွားရမည်၊ သြဝါဒခံယူရန် သွားရမည်။

(၄) ဝါကျွတ်ပြီးသော ရဟန်းမသည် ရဟန်းနှင့် ရဟန်းမ သံဃာနှစ်ရပ်လုံး၌ ကိုယ်တိုင်မြင်သော၊ တဆင့်ကြားသော၊ ယုံမှားသင်္ကာရှိသော အပြစ်အာပတ်များကို ထုတ်ဖော်ပြဆိုရန် ပန်ကြားရမည်။ (ပဝါရဏာပြုရမည်။)

(၅) ကြီးလေးသော အာပတ်ကြီးများသင့်သော ရဟန်းမသည် ရဟန်းမများထံ၌သာ မက ရဟန်းတော်များထံသို့လည်း သွား၍ အပြစ်ကို(ဒေသနာကြား)ကုစားရမည်။

(၆) ဝိကာလဘောဇနာတိုင်အောင် သိက္ခာပုဒ်ခြောက်ခုကို နှစ်နှစ်တိုင်တိုင် ကျင့်ခဲ့ပြီးသော သိက္ခမာန်(အကြိုတရားကျင့်သူ အမျိုးသမီး)ကို သံဃာနှစ်ရပ်၌ ရဟန်းခံနိုင်ရန် ကြိုးစားအားထုတ်ရမည်။

(၇) မည်သို့သောအကြောင်းရှိသည်ဖြစ်စေ ရဟန်းမသည် ရဟန်းကို မဆဲရေးရ၊ ရေရွတ်တိုင်းထွာခြင်းမပြုရ။

(၈) ဤနေ့မှအစပြု၍ ရဟန်းမတို့က ရဟန်းတို့အပေါ် ဆုံးမသြဝါဒပြောဆိုခွင့် မရှိပေ။

မိထွေးတော် ဂေါတမီသည် ဤဂရုဓံတရားရှစ်ပါးတို့ကို ခံယူလိုက်သဖြင့် ပထမဦးဆုံး သာသနာ့တာဝန် ထမ်းဆောင်ခွင့်ရသော ရဟန်းမတစ်ပါး ဖြစ်လာ၏။ ဤသာသနာတော်၌ ဂရုဓံတရား ရှစ်ပါးကို ခံယူခြင်းဖြင့် ရဟန်းဖြစ်ခွင့်ရရှိသူမှာ မိထွေးတော်ဂေါတမီ တစ်ပါးတည်းသာရှိသည်။ ထို့ကြောင့် ဤမြတ်စွာဘုရားသာသနာတော်တွင် ပဌမဆုံးဘိက္ခုနီပြုခွင့်ရသဖြင့် ဘိက္ခုနီများတွင် သိက္ခာဝါအကြီးဆုံးရ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးမြှောက်ခြင်းကို ခံယူရသည်။

ရဟန်းတော်များနည်းတူ မြတ်စွာဘုရားအဆုံးအမကို ဟောကြားဆုံးမ၍ အမျိုးသမီးများ အမျိုးသားမျာ့းနှင့်နည်းတူ သာသနာ့အခွင့်ကောင်းကြီးရအောင် ဆောင်ရွက်တော်မူခဲ့သော မဟာပဇာပတိဂေါတမီကြီးသည် သက်တော်တစ်ရာ့နှစ်ဆယ်အရောက်တွင် ပရိဗ္ဗာန်ပြုတော်မူလေသည်။ ပရိနိဗ္ဗာန်ပြုခါနီး ကာလ ဟောကြားခဲ့သော တရားများနှင့် ပရိနိဗ္ဗာန်ပြုခါနီးကာလအထိ သာသနာပြုသွားပုံမှာ ထူးခြားမှတ်သားလောက်ပေသည်။ (အပြည့်အစုံကို ထေရီအပဒါန်ပါဠိတော် မြန်မာပြန်နှင့် မဟာဗုဒ္ဓဝင်၌ ရှုပါလေ။)

မဟာပဇာပတိ ဂေါတမီ ထေရီမကြီး ပရိနိဗ္ဗာန်ပြုခါနီး မြတ်စွာဘုရားရှင်အား လျှောက်ထားပူဇော်သွားသော တရားစကားများတွင် အောက်ပါတရားစကားများမှာ အထူးမှတ်သားကြည်ညိုဖွယ် ကောင်းလှသည် -

ရညော မာတာ မဟေသီတိ၊ သုလဘံ နာမ'မိတ္ထိနံ။
ဗုဒ္ဓမာတာတိ ယံ နာမံ၊ ဧတံ ပရမဒုလ္လဘံ။

သားတော်ကြီးဘုရား - မိန်းမသားတို့အား မင်း၏မယ်တော်၊ မင်း၏မိဖုရားဟူသော အမည်ကို ရလွယ်နိုင်၏၊ မြတ်စွာဘုရား၏ မယ်တော်ဟူသော အမည်ကိုမူ အလွန်ရခဲလှပါသည်။ ထိုရခဲသော အမည်ကို ဘုရ့်တပည့်တော်မ ရရှိပါပြီ။

မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဂ္ဃါနိ ဟိတာနိ စ။
ယေ တေ ဝါကျာနိ သုယျန္တိ၊ တေပိ ဓညာ နရုတ္တမ။

လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရား - စိတ်နှလုံးကို ရွှင်ပြုံးစေတတ်ကုန်သော အပြစ်အားလုံးတို့ကို သန့်ရှင်းစေနိုင်ကုန်သော အစီးအပွားနှင့် ယှဉ်စပ်ကုန်သော အရှင်ဘုရားသားတော်ကြီး၏ ချို့မြိန်သာယာ အရသာရှိသော စကားတော်တို့ကို ကြားနာကြရကုန်သော သူတို့သည် ဘုန်းကံ လွန်စွာ ကြီးမားကြသူတို့ ဖြစ်ကြပါပေကုန်သည်ဘုရား။

ယဲ့ နှ ဒိဋ္ဌံ ပုရာဏောဟိ၊ တိတ္ထိကာစရိယေဟိ ပိ။
တဲ့ ပဒံ သုကုမာရီဟိ၊ သတ္တဝဿာဟိ ဝေဒိတံ။

ရှေးအခါက ဖြစ်ပေါ်ခဲ့ကြသော ဘုရားအမည်ခံ တိတ္ထိဆရာကြီး အဆက်ဆက်တို့သည်ပင်လျှင် မတွေ့.မမြင်ခဲ့ကြသော နိဗ္ဗာန်ကို မြတ်စွာဘုရား သားတော်ကြီး၏ ကျေးဇူးကြောင့် ယခုအခါ အသက်ခုနစ်နှစ်အရွယ် သတို့သမီးငယ်တို့သည်ပင် သိမြင်ခံစား နေကြပါပြီဘုရား။

ခေမာထေရီ

ခေမာထေရီသည်ကား ဘိက္ခုနီမတို့တွင် ပညာအရာ၌ ဧတဒဂ်ဘွဲ့ရရှိခဲ့သူ ဖြစ်သည်၊ ခေမာထေရီသည် မဒ္ဒရာဇ်မင်း၏ သမီးတော်ဖြစ်သည်၊ လွန်စွာချောမောလှပ၍ အလှမာန်ကြီးသူလည်းဖြစ်သည်။

ခေမာထေရီအလောင်း အမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်း အထက်၌ ပဒုမုတ္တရဘုရားရှင်လက်ထက် ဟံသာဝတီမင်းနေပြည်တော်တွင် သူဌေးသမီးတစ်ဦးဖြစ်သည်။ ဘုရားရှင်၏ တရားကို နာကြားရသဖြင့် ဥပါသိကာမဖြစ်လာသည်။

မိဘများထံခွင့်ပန်၍ ခုနစ်ရက်တိုင်တိုင် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းဆက်ကပ်လှူဒါန်း၍ ခုနစ်ရက်လွန်မြောက်သည့်အခါ ဘုရားရှင်က သုဇာတာထေရီအား ပညာဧတဒဂ်ရာထူးထားတော်မူသည်ကို မြင်တွေ့.ရ လေလျှင် မိမိလည်း ယင်းအရှင်မအလား ပညာဧတဒဂ်ရ ထေရီမတစ်ဦး ဖြစ်လိုသည့်ဆန္ဒ လွန်စွာပြင်းပြ၍ ပညာဧတဒဂ်ဘွဲ့ရာထူးကို ဆုပန်ဆင် ခဲ့လေသည်။ ဘုရားရှင်ကလည်း ကမ္ဘာတစ်သိန်းလွန်သောအခါ ဂေါတမ ဘုရားရှင်သာသနာ၌ ပညာဧတဒဂ်ဘွဲ့ရ ခေမာထေရီဖြစ်မည့်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

ထိုသူဌေးသမီးသည် သက်ဆုံးတိုင် ကုသိုလ်ကောင်းမှုပြု၍ ထိုဘဝမှ သေလွန်သော် စာတုမဟာရာဇ်မှတပါး အထက်နတ်ပြည်ငါးထပ်တို့၌ အစဉ် အတိုင်း နတ်မိဖုရားကြီးသာဖြစ်ရသည့်အပြင် နတ်ပြည်မှစုတေ၍ လူ့ပြည်၌ တစ်ဖန်ဖြစ်ပြန်သောအခါ၌လည်း စကြာဝတေးမင်းနှင့် ဇကာဇ်မင်းတို့၏ မိဖုရားခေါင်ကြီးများသာ ဖြစ်ရလေသည်။

ခေမာလောင်းလျာဖြစ်သော အမျိုးသမီးသည် ဝိပဿီဘုရားရှင် ပွင့်တော်မူသည့်အခါ၌လည်း ဘိက္ခုနီမပြုလုပ၍ နှစ်ပေါင်းတစ်သောင်းတိုင် အကျင့်မြတ်ကို ကျင့်သုံးခဲ့သည်။

ဤဘဒ္ဒကမ္ပာမှာပင် ကဿပဘုရားရှင်ပွင့်တော်မူသော် အလုပ်အကျေး ဒါယကာမှာ ဗာရာဏသီပြည့်ရှင် ကီကီမင်းကြီးဖြစ်သည်။ ယင်းမင်းကြီးတွင် (၁) သမဏီ၊ (၂) သမဏဂုတ္တာ၊ (၃) ဘိက္ခုနီ၊ (၄) ဘိက္ခုဒါယိကာ၊ (၅) ဓမ္မာ၊ (၆) သုဓမ္မာ၊ (၇) သံဃဒါယိကာဟူသော သမီးတော် ၇-ဦးရှိရာ အကြီးဆုံး သမဏီမင်းသမီးမှာ ခေမာထေရီလောင်းလျာဖြစ်၏၊ ဘုရားရှင်၏ တရားကို နာကြားရသည့်အခါ ရဟန်းပြုလိုစိတ် ပြင်းပြစွာဖြစ်သောကြောင့် ခမည်းတော်ထံ ခွင့်ပန်ရာ မရရှိခဲ့သဖြင့် ညီအစ်မ ၇-ယောက်လုံးပင် ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးကြလေသည်။

အခါတပါး ဘုရားရှင်ဟောကြားတော်မူသည့် မဟာနိဒါနသုတ္တန် တရားတော်ကို ကြားနာရသော အခါ သဒ္ဓါတရား ထက်သန်လှသဖြင့် နှုတ်တက်အာဂုံဆောင်ခဲ့၏။ ယင်းကောင်းမှုကြောင့် တာဝတိံသာ၌ နတ်မိဖုရားကြီးဖြစ်ရ၏။

နောက်ဆုံးဘဝတွင် ဤဘုရားရှင်လက်ထက်တော်၌ သာဂလမြို့ မဒ္ဒရာဇ်မင်း၏သမီးတော် ခေမာမင်းသမီးဖြစ်လာသည်၊ အရွယ်ရောက်သည့်အခါ ဘုရင်ဗိမ္ဘိသာရ၏ မိဖုရားခေါင်ကြီးဖြစ်လာ၏၊ ရုပ်ရေအဆင်း၌ အလွန်အမင်း မာန်ယစ်သူ ဖြစ်၍ ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံး နေတော်မူသော်လည်း တခါတရံမျှ အဖူးအမြော် မရောက်ရှိခဲ့။ ဘုရားရှင်ကိုလည်း အလှ၏အပြစ်၊ ဘဝ၏အပြစ်ကို ဟောကြားသူ၊ အလှအပကို ရွှတ်ချသူအဖြစ် မြင်နေပေသည်။

ဗိမ္မိသာရမင်းသည် ဘုရားရှင်၏ အမြတ်ဆုံးအလုပ်အကျွေး ဒါယကာ ဖြစ်သကဲ့သို့ အရိယာသူတော်စင် တစ်ဦးလည်းဖြစ်၏။ ထိုကဲ့သို့သော မင်း၏မိဖုရားက ဘုရားရှင်ထံ တစ်ခေါက်တလေမျှ အဖူးအမြော်မရောက်သည်မှာ မသင့်လျော်ချေ၊ သို့သော်လည်း ဗိမ္မိသာရမင်းက ဘုရားရှင်ထံ အတင်းအကြပ် မခေါ်ဆောင်ခဲ့၊ ပရိယာယ်အားဖြင့် ဝေဠုဝန် ကျောင်းတော်ကြီး၏ သာယာပုံကို ကဗျာဂီတ သီကုံးရေးဖွဲ့စေ၍ ခေမာမိဖုရားကြားလောက်သည့် အရပ်၌ သီဆိုစေလေသည်။

ထိုသီချင်းသံကို ခေမာမိဖုရားကြားလေသော် ဝေဠုဝန်ဥယျာဉ်တော်ကို သွားရောက်ရှုစားလိုသည့်ဆန္ဒ ပြင်းပြလှသဖြင့် မင်းကြီးအား ခွင့်ပန်ကာ ဘုရားရှင်နှင့် မတွေ့အောင် တမင်ကြံဆောင်၍ ဆွမ်းခံဝင်ချိန်တွင်မှ ကြီးစွာသောအခမ်းအနားဖြင့် ဥယျာဉ်တော်သို့ ဝင်လေသည်။ ခေမာသည် နုပျိုချိန်တွင် မိမိကိုယ်တိုင်ပင် ရဟန်းမ မပြုလိုသည်သာမက ဥယျာဉ်တော် အတွင်း လှည့်လည်ရှုစားစဉ် သစ်ပင်ရင်း၌ ရဟန်းတရား ပွားများ အားထုတ်နေသည့် ရဟန်းပျိုတစ်ပါးကို မြင်ရလေလျှင်ပင် "ရှုချင်စဖွယ် နုပျိုရွယ်တွင် မွေ့လျော်ဖွယ်အာရုံ ကာမဂုဏ်ကို ခံစားပြီး သက်ကြီးယိုယွင်း အိုမင်းမှသာ ရဟန်းတရား ပွားများအားထုတ်သင့်ဘိတကား" ဟု ကြံစည်မိလေ၏၊ ထို့နောက် ဘုရားရှင်မရှိဟူသောအထင်ဖြင့် ဂန္ဓကုဋီရှိရာသို့ သွားလေ၏။

မြတ်စွာဘုရားသည် ခေမာမိဖုရားလာလိမ့်မည်ကို ကြိုတင်သိတော်မူသည့် အလျောက် ဆွမ်းခံကြွတော်မမူဘဲ **ဂန္ဓကုဋီ**ကျောင်းတော်၌ပင် သီတင်းသုံး နေတော်မူသည်၊ ခေမာမိဖုရား **ဂန္ဓကုဋီတိုက်**သို့ ရောက်လာသော အခါ ခေမာထက် အစစ သာလွန်**တင့်တယ်လှ**ပသော မိန်းမငယ်အသွင်ကို ဖန်ဆင်းလျက် ကိုယ်တော်အနီး၌ ရှိသော**စွာ ယ**ပ်လေခတ်စေ၍ နေတော်မူ လင့်သော ဘုရားရှင်ကို ပက်ပင်းပါ ဖူးမြင်ရလေ၏။

ခေမာမိဖုရားသည် လွန်စွာလှပအောင် ဖန်ဆင်းထားသည့် သတို့သမီး ပျိုကို တစိမ့်စိမ့် ကြည်ရွှဆဲမှာပင် ကြော့ရှင်းလှပ သူငယ်မအသွင်မှ တဖြည်းဖြည်းရင့်ရော်အိုမင်းလာပုံ၊ ရောဂါဖိစီးလာပုံ၊ နာရာမှ တုံးလုံးလဲကျ

ဒေသဆုံးသွားပုံတို့ကို အဆင့်ဆင့် ဖန်ဆင်းရှုပြတော်မူရာ ခေမာမိဖုရားသည် ဤမျှချောမောလှပသော အမျိုးသမီးငယ်သည်ပင် အို နာ သေခြင်းသို့ ရောက်ရချေသေး၏၊ ငါသည်လည်း ဤသူငယ်မကဲ့သို့ပင် မလွဲမသွေ အိုရ နာရ သေရဦးမှာပါတကား၊ဟု စဉ်းစားဆင်ခြင်မိလေ၏။

ထိုအကြံကို သိမြင်တော်မူသော မြတ်စွာဘုရားက "ချစ်သမီး ---ဤခန္ဓာကိုယ်သည် လူမိုက်တို့ တွယ်တာနှစ်သက်နေသော်လည်း အမြဲနာကျင်၍နေ၏၊ မစင်မကြယ် ရုံရှာဖွယ်ဖြစ်၏။ အမြဲပုပ်လျက်ရှိ၏၊ အပုပ်ရည်တို့ ယိုစီးလျက်ရှိ၏။ ထိုအခြင်းအရာကို မြင်အောင်ကြည့်လော့" စသည်ဖြင့် ဟောကြားတော်မူ၏။ တရားဒေသနာတော်ကို ကြားနာရ၍ ခေမာမိဖုရား၏ စိတ်သည် ကြည်သာရွှင်လန်းလာသောအခါ မဟာနိဒါနသုတ်တော်ကို ဆက်လက်ဟောကြားတော်မူလေသည်။ ထိုသုတ်တော်ကို ကြားနာရသည့်အခါ မိမိ ရှေးသမဏီမင်းသမီးဘဝက ကဿပ ဘုရားရှင်ထံမှ နာကြားခဲ့ရ၍ နှုတ်တက်အာဂုံဆောင်ခဲ့ဖူးသည်ကို ချက်ချင်းသတိရကာ ထိုနေရာ၌ပင် သောထာပန်ဖြစ်လေ၏။ သောတာပန် အရိယာဖြစ်ပြီးသည့်အခါ ယခင်က အလှမာန်ဖြင့် အထင်အမြင်မှားခဲ့သည့်အပြစ်ကို ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်လေသည်။

ဘုရားရှင်ကို ကန်တော့ပြီး ရွှေနန်းတော်သို့ ပြန်ရောက်သည့်အခါ ဗိမ္မိသာရမင်းအား မိမိသည် အတူမရှိသောဘုရားရှင်ကို မျက်မြင်ဒိဋ္ဌဖူးတွေ့ခဲ့ရပြီးဖြစ်ကြောင်း အစချီကာ ဘိက္ခုနီမပြုလုပ်ရန်ကိုပင် ခွင့်ပန်ပြောကြားနေသည်၊ ဗိမ္မိသာရမင်းကလည်း ရဟန်းပြုခွင့်ပေးရုံမျှမက အရဟတ္တဖိုလ်ရောက် ပေါက်မြောက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းကာ ခေမာမိဖုရားကို ရွှေထွမ်းစင်ထက်တင်ဆောင်လျက် ဘိက္ခုနီမကျောင်းတိုက်သို့ ခမ်းနားကြီးကျယ်စွာ ပို့ဆောင်၍ ရဟန်းပြုစေလေ၏။

ရဟန်းမအဖြစ်ရရှိပြီးနောက် တစ်ဆယ့်ငါးရက်မြောက်သောနေ့ ဥပုသ်ပြုပွဲ၌ ဝတ်ပြုရင်း ထွန်းညှိထားသော ဆီမီးခွက်မှ တဖျစ်ဖျစ်တဖောက်ဖောက် တောက်လောင်နေသော မီးလျှံမီးတောက်များ၏ ချုပ်ပျောက်ငြိမ်းစဲသွားပုံကို ကြည့်ရှုနေမိရာမှ မိမိခန္ဓာကိုယ်သို့ စူးစိုက်ကြည့်လေလျှင် မီးလျှံအသွင်ကဲ့သို့

စဉ်ဆက်မပြတ် ဖြစ်ပျက်ချုပ်ပျောက်နေသော ရုပ်နာမ်စုကို ရှုမြင်လေ့ရာ ထိုနေရာမှာပင် ပဋိသန္ဓိဒါဉာဏ်လေးပါး အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာထေရိမကြီးဖြစ်လေ၏၊ ဧခမာထေရိအရှင်မသည်ကား ပရိယတ် ပဋိပတ် နှစ်ရပ်စွယ်စုံကျွမ်းကျင်သူဖြစ်ပေသည်။

အခါတပါး ခေမာထေရိမသည် ကောသလတိုင်းအတွင်း ဒေသစာရီ လှည့်လည်စဉ် သာဝတ္ထိနှင့် သာကေတမြို့အကြား တောရဏာမည်သောအရပ်သို့ ရောက်ရှိ၏၊ .ပသေနဒီကောသလမင်းကလည်း သာကေတမြို့.မှ သာဝတ္ထိသို့အသွား ယင်းအရပ်၌ပင် တစ်ညဉ့်တာ နားခိုက်နှင့် ကြုံကြိုက်သဖြင့် မင်းကြီးက ခေမာထေရိအား -

- သတ္တဝါသည် သေပြီးသည်နောက် ဖြစ်သေးသလော၊
- မဖြစ်တော့ဘူးလော၊
- ဖြစ်သည်လည်းရှိ၊ မဖြစ်သည်လည်းရှိသလော၊
- ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်သလောဟု

ပုစ္ဆာလေးချက်ကို မေးလျှောက်ရာ "မင်းကြီး -- ဤပုစ္ဆာကား မြတ်စွာဘုရား ဖြေကြားတော်မမူသော ပုစ္ဆာများဖြစ်ပါသည်"ဟု ဘုရားရှင်အလိုတော်ကျ ဖြေဆိုလေသည်။ (မဂ်ဖိုလ်နိဗ္ဗာန်အတွက် တိုက်ရိုက်အကျိုးမရှိသောကြောင့်လည်းကောင်း၊ ပင်ကိုဌ်ဌက ပရမတ္ထအားဖြင့် သတ္တဝါအကောင်ဟု မရှိသည်ကို ဦးတည်၍ မေးသောမေးခွန်းဖြစ်သောကြောင့်လည်းကောင်း ဤပြဿနာမျိုးကို မြတ်စွာဘုရားဖြေတော်မမူပေ။)

တရားတော်များကို မြတ်စွာဘုရားအလိုတော်ကျ ဟောပြနိုင်သဖြင့် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘိက္ခုနီမတို့အား ဇေတဒင်္ဂရာထူးထားတော်မူရာ၌ ခေမာထေရိမကြီးအား ဉာဏ်ပညာကြီးကျယ်သောအရာ၌ ဇေတဒင်္ဂရာထူးကို အပ်နှင်းတော်မူလေသည်။

ခေမာထေရိသည် ရဟန္တာဖြစ်ပြီးနောက် ဤသို့ ဥဒါန်းစကား ကျူးရွံ့ထောင်ရာ ဟာည် -

နက္ခတ္တာနိ နမဿန္တော၊ အဂ္ဂိံ ပရိစရံ ဝနေ။
ယထာဘုစ္စ မဇာနန္တော၊ ဗာလော သုဒ္ဓိမမညထ။

– လူမိုက်တို့သည် မှန်စွာမသိကြကုန်သောကြောင့် ဂြိုဟ် နက္ခတ် တို့ကို ရှိခိုးကြကုန်လျက် တော တောင်တို့၌ မီးကို လုပ်ကျွေးပူဇော်ပသနေကြရာ ကိုလေသာမှ စင်ကြယ်လိမ့်မည်ဟု မှတ်ထင်ကြကုန်၏။

အဟဉ္စ ခေါ နမဿန္တိ၊ သမ္မဒ္ဒံ ပုရိသုတ္တမံ။
ပမုတ္တာ သဗ္ဗဒုက္ခေဟိ၊ သတ္ထုသာသနကာရိကာ။

– ငါသည်ကား ယောက်ျားမြတ်အစစ် ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးပူဇော်လျက် မြတ်စွာဘုရားဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံသည်ဖြစ်၍ ဆင်းရဲအပေါင်းမှ လွတ်မြောက်ရပေစွာ့။

ဥပုလဝဏ်ထေရိမ

မြတ်စွာဘုရားချီးမြှင့်တော်မူသည့် ဧတဒဂ်ဘွဲ့ထူး ရရှိတော်မူကြသော ထေရိမများတွင် ဥပုလဝဏ်ထေရိမသည် တန်ခိုးကြီးသောအရာ၌ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရ ရဟန္တာထေရိမကြီးတစ်ဦးဖြစ်ပေသည်။

ဤကဲ့သို့ ဧတဒဂ်ဘွဲ့ထူးရရှိခြင်းသည် သာမန်ပါရမီသာမန်စိတ်ဓာတ်ဖွဲ့ လုံလ ဝီရိယဖြင့် ရရှိနိုင်သည်မဟုတ်၊ ခုထလုပ်၍ ရနိုင်သောအရာမျိုးလည်း မဟုတ်ချေ၊ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီများကို ဖြည့်ဆည်းခဲ့ရခြင်းကြောင့်သာ ရရှိခြင်းဖြစ်ပေသည်။

ထိုသို့ ကမ္မနိယာမနှင့် ဆည်းပူး၍ယူရသော ပါရမီ၏သဘောကို နားမလည်ကြသဖြင့် သူများရလျှင် ရလိုကြသည်၊ သူများထူးလျှင်

ကိုယ်လည်းထူးချင်ကြသည်၊ တန်ခိုးရှင် ရှင်ဒေဝဒတ်သည်ပင်လျှင် လက်ဝဲလက်ယာ ရာထူးရလိုမှု၊ မနာလိုမှုများဖြစ်ကာ နောက်ဆုံး မတန်မရာဘုရားရာထူးအထိ အလိုရမှက်ကြီး၍ ပျက်စီးခဲ့ရဖူးသည်။

ဥပုလဝဏ်ထေရီမသည်ကား အစမထင် ဘဝသံသရာများစွာက ကုသိုလ်မျိုးစေ့များ ကြဲချစိုက်ပျိုးခဲ့သဖြင့် လွန်ခဲ့ပြီးသော ကမ္ဘာတစ်သိန်းအထက် ပဒုမုတ္တရ မြတ်စွာဘုရားရှင် ပွင့်ထော်မူခိုက် ဟံသာဝတီပြည်၌ အမျိုးကောင်းသမီးတစ်ဦးဖြစ်ခဲ့လေသည်။

အမျိုးကောင်းသမီးသည် လူအများနှင့်အတူ ပဒုမုတ္တရဘုရားရှင်ထံသို့ တရားနာသွားရောက်ခဲ့ရာမှ ဘိက္ခုနီမတစ်ပါးကို တန်ခိုးကြီးသောအရာ၌ ဧတဒဂ်ဘွဲ့ထူး ချီးကျူးတော်မူသည်ကို တွေ့မြင်အားကျ၍ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များအား ပင့်ဖိတ်ကာ ခုနစ်ရက်ပတ်လုံး ဆွမ်းသင်္ကန်းများကို လှူဒါန်းပူဇော်ခဲ့သည်။ နေ့စဉ်ပေးလှူပြီးတိုင်းလည်း ဘုရားရှင်၏ခြေတော်ရင်း၌ အဆင်းအနံ့နှင့်ပြည့်စုံသော ကြာညိုပန်းခုနစ်စည်းတို့ကို ချထားပူဇော်ကာ တန်ခိုးကြီးသောအရာ၌ အမြတ်ဆုံးဧတဒဂ်ဘွဲ့ထူးကို ရရှိရန် ဆုပန်ဆင်ခဲ့လေသည်။

ထေရီမလောင်းလှာသည် ဤဘဒ္ဒကမ္ပာ ကဿပဘုရားရှင်လက်ထက်တော်၌ ဗာရာဏသီပြည့် ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက်တွင် ၆စ်ယောက်မြောက် သမဏဂုတ္တာအမည်ရှိ မင်းသမီးဖြစ်ခဲ့သည်၊ မင်းသမီးဘဝတွင် ဆေမာထေရီမလောင်းလှာနည်းတူ အမတော်ညီမတော်များနှင့် တကွ ၆စ်ပေါင်း၆စ်သောင်းတိုင်တိုင် အပျိုစင်ဘဝဖြင့် ဗြဟ္မစရိယကို ကျင့်သုံးလျက် သံဃာတော်များသီတင်းသုံးတော်မူရန် ပရိဝုဏ်ကျောင်းတိုက်ကြီးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဘဝတစ်ခုတွင်လည်း ကဿပ ဘုရားရှင်၏တပည့် ရဟန္တာမထေရ်မြတ်တစ်ပါးအား ရွှေရောင်အဆင်းဝါဝင်းချောမွေ့သော အဝတ်ကို လှူဒါန်းခဲ့ပြန်လေသည်။

ထိုကုသိုလ်မျိုးဆက်များကြောင့် သိဝိတိုင်း အရှင်ဌပုရပြည့်၌ သိရိဒ္ဓိဝန္ဆမည်သော ပုဏ္ဏားသူဌေးကြီး၏သမီးဖြစ်လာ၍ သူမ၏အလှသည် မြင်ရသူများ ရူးသွပ်မေ့မြောသွားနိုင်လောက်အောင် ချောမောလှပသဖြင့် ဥမ္မာဒန္တီဟုပင် ကျော်ကြားခဲ့သူဖြစ်သည်။

ထိုမှတဖန် ဘဝတခုတွင် လယ်သမားတဦး၏သမီးဖြစ်၍ လယ်တောသို့ သွားရာ ရေအိုင်တစ်ခုမှ ချိုးယူခဲ့သော ကြာပန်းနှင့်ပေါက်ပေါက်ပွင့် ငါးရာတို့ကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးအား လှူဒါန်းခဲ့သည်။ ပေါက်ပေါက်ပွင့် ငါးရာနှင့်အမျှ ရင်သွေးရတနာများ မွေးဖွားရန်နှင့် ဖြစ်လေရာဘဝတိုင်းမှာလည်း ခြေလှမ်းတိုင်း၌ ပဒုမ္မာကြာပန်းများ မြေမှပေါ်ထွက်ခံလင့်ရန် ဆုပန်ခဲ့လေသည်။ သို့ရာတွင် ပန်းလှူစဉ်က အပရစေတနာချို့ငဲ့ခဲ့သဖြင့် ပဒုမဝတီမိဖုရားခေါင်ကြီး ဖြစ်သောအခါ နန်းအရာကကျ၍ ပန်းများလည်း မခံလာတော့ချေ။

ကြာပန်းထဲ၌ သံသေဒဏ္ဍပဋိသန္ဓေတည်နေခဲ့သူ ပဒုမဝတီမိဖုရားခေါင်ကြီး ဘဝတွင် တောင်းခဲ့သောဆုအတိုင်း သံသေဒဏ္ဍ သားငါးရာ ဖွားမြင်ရာ သားတော်ငါးရာလုံး ပစ္စေကဗုဒ္ဓါငါးရာဖြစ်သွားခဲ့ကြသည်။ ပဒုမဝတီလည်း သားများစွာ၏မိခင်ဘဝမှ သားမဲ့မိခင်ဖြစ်ရလေသည်ဟု ဝမ်းနည်းပူဆွေးကာ စိတ်ထိခိုက်၍ ကွယ်လွန်ခဲ့လေသည်။

ထို့နောက် ရာဇဂြိုဟ်မြို့တံခါးအနီး ရွာငယ်တစ်ခုဝယ် လက်လုပ်လက်စား အမျိုးအိမ်၌ အမျိုးသမီးကလေးဖြစ်ခဲ့လေ၏။ တစ်နေ့သ၌ လင်ယောကျ်ား အတွက် လယ်တောသို့ ထမင်းပို့သွားခိုက် ရှေးဘဝက သားတော်ခဲ့ဘူးသော ပစ္စေကဗုဒ္ဓါအရှင်မြတ်များကို တွေ့မြင်၍ ကြည်ညိုစိတ်ဖြစ်ကာ မိမိအတွက် ဝေစုကို လှူဒါန်းခဲ့လေသည်။ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်များအား နောက်တစ်နေ့တွင်လည်း ပင့်ဖိတ်၍ အလှူဒါနပြုခဲ့ပေသည်၊ ထို့နောက် ကြာညိုရှစ်လက်တို့ကိုလည်း အရှင်မြတ်တို့၏ ခြေရင်း၌ ချထားပူဇော်ပြီး "ဖြစ်လေရာဘဝတိုင်းမှာ ကိုယ်၏အဆင်းသည် ဤကြာညိုပန်းအဆင်းကဲ့သို့ ဖြစ်ပါစေသား"ဟု ဆုတောင်းခဲ့လေသည်။

ဤအရှင်မ၏တူးခြားချက်မှာ အလှူဒါနပြုရာတွင် ပဒုမ္မာကြာပန်းကိုပါ လှူဒါန်းခဲ့ရာ ဘဝများစွာတို့၌ ခြေဖဝါးအောက်မှ ကြာပန်းများပေါ်ထွက်လာခြင်း၊ ကိုယ်ရောင်အဆင်းသည် ကြာတိုက်အတွင်းသားအဆင်းကဲ့သို့ရှိခြင်း၊ ပဒုမ္မာကြာပွင့်ကြီးထဲ၌ ပဋိသန္ဓေတည်နေရခြင်း စသည်ဖြင့် မိမိပြုသောကံ, ဆုတောင်းများအရ ထူးခြားသော ဖြစ်ရပ်များဖြင့် ကျင်လည်ခဲ့ရသော ကြည်ညိုဖွယ်ရာ ရဟန္တာထေရီမကြီးတစ်ပါးဖြစ်ပေသည်။

နောက်ဆုံးဘဝတွင် ထေရီမလောင်းလျာသည် သာဝတ္ထိမြို့ သူဌေးကြီး တစ်ဦး၏ သမီးဖြစ်လာသည်။ ရှေးယခင်ဘဝများက ဆုတောင်းခဲ့သည့်အတိုင်း သူမ၏အရောင်အဆင်းသည် ကြာညိုပန်းကဲ့သို့ ရှုချင်စဖွယ်တင့်တယ်လှပ၏။ ထို့ကြောင့် ဥပ္ပလဝဏ္ဏာဟု အမည်ပေးကြလေသည်။

ဥပ္ပလဝဏ္ဏာအမျိုးသမီးကလေး အရွယ်ရောက်လတ်သော် အရောင်အဆင်း လှပသည်နှင့်အမျှ သူ့သတင်းကိုကြားသိကြသော သူဌေး သူကြွယ်၊ မင်းညီ မင်းသား၊ ဘုန်းတံခိုးကြီးမားကြသော ဘုရင်မင်းများက ဥပ္ပလဝဏ္ဏာအမျိုးသမီးလေးနှင့် လက်ဆက်လိုကြောင်း တောင်းဆိုကြလေ၏။ မိဘများမှာ သမီးအိမ်ထောင်ရေးအတွက် ဝေခွဲမရ စိတ်ဆင်းရဲနေကြရသည်။ တစ်နေ့တွင် အကြံအစည်တစ်ခုကို စဉ်းစားမိခဲ့ကြသဖြင့် သမီး ဥပ္ပလဝဏ္ဏာကို ခေါ်၍ –

"ချစ်သမီး ဥပ္ပလဝဏ္ဏာ -- သမီးကို စုံမက်လိုလားသူတွေ များပြားလှသဖြင့် ငါတို့မှာ အခက်ကြုံတွေ့နေရပြီ၊ အားလုံးထဲမှ တစ်ယောက်ကို ပေးလိုက်ပါလျှင်လည်း ကျန်သူများက မုန်းကြတော့မည်၊ ဤဒုက္ခဘေးမှ ကင်းဝေးစေရန် ဘုရားရှင်၏ သာသနာတော်မှာ ချစ်သမီး ရဟန်းပြုနိုင်ပါ မည်လား"ဟု –

မေးမြန်းကြလေသည်။ သူမသည် ဤဘဝတွင် နိဗ္ဗာန်ဆုကြီးကို ဆွတ်ခူးရမည့် ပါရမီရှင် ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဤသို့သော ဘုရားရှင် သာသနာတော်ကြီးနှင့် ဆုံစည်းရန် ကမ္ဘာပေါင်းများစွာ၌ ဘုရားရှင်အဆူဆူတို့ထံ ပါရမီကုသိုလ်ထူးများကို ဆည်းပူးကြိုးစားခဲ့ရသူ ဖြစ်ခြင်းကြောင့်လည်းကောင်း မိဘတို့၏ အစီအမံကို ကြည်ဖြူဝမ်းမြောက်စွာ လက်ခံခဲ့လေသည်။

ဥပ္ပလဝဏ်သမီးငယ်ကို ကောင်းစွာပြင်ဆင်၍ မိဘများကိုယ်တိုင်ပင် ခမ်းနားကြီးကျယ်စွာ ဘိက္ခုနီကျောင်းသို့ ပို့ဆောင်ရဟန်းပြုပေးလိုက်ရာ သူမ၏ဆန္ဒများ ပြည့်ဝသွားပေသည်။

ရဟန်းဖြစ်၍ မကြာမြင့်မီပင် ဥပုသ်ပြုရန်အတွက် ရှေးဦးဆောင်ရွက်ဖွယ်များဖြစ်သော ဥပုသ်အိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်း၊ သောက်ရေအိုးတည်ထားခြင်း၊ နေရာခင်းခြင်း၊ ဆီမီးညှိထွန်းခြင်းများကို ဥပုသ်ပြုကြမည့် ထေရီမ ကြီးငယ်များကြွမလာကြမီ ဥပ္ပလဝဏ်ထေရီမကလေး

ကြိုတင်ပြုလုပ်ရန် အလှည့်ကျ၏၊ ထိုသို့ ဝေယျာဝစ္စများလုပ်နေစဉ်တွင်လည်း အရှင်မ ဥပဂုတ်သည် မြတ်စွာဘုရားထံမှ နာကြားခဲ့ရသော ကမ္မဋ္ဌာန်းနည်းများ၊ ဥပဇ္ဈာယ်ဆရာထံမှ သင်ယူထားသော ဝိပဿနာရှုနည်းများကို ရှုမှတ်ပွားများနေမိ၏၊ မိမိရှေ့ရှိ ထွန်းညှိထားသော ဆီမီးတောက်အညွှန့်ကို ရပ်လျက် စူးစူးစိုက်စိုက် ရှုလိုက်သောအခါ တစေ့ကသိုဏ်းဘာဝနာဖြစ်၍ စျာန်သမာပတ်များကိုပင် ရရှိလာလေ၏။

ထိုရရှိလာသော စျာန်သမာပတ်ကို အခြေခံပြု၍ ဝိပဿနာကမ္မဋ္ဌာန်း ဆက်လက်အားထုတ်စီးဖြန်းလေရာ ထိုခဏအတွင်းမှာပင် မဂ်ဉာဏ် အဆင့်ဆင့် ရင့်ကျက်ကာ အရဟတ္တဖိုလ်ကို ရရှိခဲ့လေသည်။ အရဟတ္တဖိုလ်ကိုရသည်နှင့် တပြိုင်နက်ပင် ရှေးဆုတောင်းအတိုင်း ဝန်ခိုးဖန်ဆင်းခြင်း၌ ဝသီဘော်ငါးတန် လေ့လာနိုင်နင်းပြီး ဖြစ်သွားလေသည်။

ထို့ကြောင့် ရဟန်းပြုပြီး တစ်ဆယ့်ငါးရက်မပြည့်မီမှာပင် အရဟတ္တဖိုလ်ကို ရရှိခဲ့သော ဥပဂုတ်ထေရီမအား ကြည်ညိုကိုးကွယ်ကြသူများ တနေ့တခြား များပြားလာတော့သည်။ တနေ့တွင် နန္ဒလုလင်က ထေရီမအား အဓမ္မကြံစည်မှုကိစ္စတခုဖြစ်ပွားခဲ့ရာ ထို့အတွက် အရှင်မအပေါ် လူအချို့ သံသယဖြစ်ခဲ့ကြလေသည်။ ထိုအခါ ဘုရားရှင်က -

"ကြာဖက်ပေါ်တွင် ရေမတင် လျှောကျသကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျားပေါ်၌ မုန်ညင်းစေ့ မတည်နိုင်သကဲ့သို့လည်းကောင်း ကာမဂုဏ်တို့၌ လိမ်းကျံကပ်ငြိခြင်းမရှိသော ပုဂ္ဂိုလ်ကို သူတော်သူမြတ်ဟူ၍ ငါဘုရားဟောကြားတော်မူ၏"ဟု -

မိန့်တော်မူခဲ့ရပေသည်။

ထို့နောက် ဥပဂုတ်ထေရီမကိုလည်း -

"ဥပဂုတ် ---သင်သည် တန်ခိုးပြခြင်းဖြင့် ပရိသတ်လေးပါး တို့၏ ယုံမှားသံသယကို ယနေ့ပင် ဖျောက်လေလော့"ဟု - မိန့်တော်မူလေရာ ဥပဂုတ်အရှင်မသည် အောက်ပါတန်ခိုးအမျိုးမျိုးကို ပြလေ၏ -

ကလေးငယ်များ ကစားသောအခါ ဆီကို လက်၌ထည့်၍ ကစားသကဲ့သို့ သမုဒ္ဒရာလေးစင်းတို့ကို လက်တွင်း၌ ထည့်ထား၏။

တဖန် နုပျိုသောလူရွယ်သည် ဆန်းကြယ်သော ဖြူဆွံမြက်ကို နုတ်သလို မြေကြီးကို အထက်သို့ ဆွဲလှန်၍ လက်တွင်း၌ထည့်ထားလေ၏။

တဖန် အဆင်းမျိုးစုံရှိသော မိုးပေါက်များ အကြိမ်ကြိမ်ရွာစေ၍ စကြဝဠာအပြည့်မျှရှိသော လက်ဝါးကို ဦးထိပ်၌ မိုးအုပ်လျက် မြေကြီးကို ဆုံ၊ မြင်းမိုရ်တောင်ကို ကျည်ပွေ့.ပမာပြုလျက် ကျောက်စရစ်ခဲများကို စပါးသဖွယ်ပြုလျက် သူငယ်မကဲ့သို့ ထောင်းထုပြလေ၏။

ထိုမှနောက်၌ အရှင်မ၏ဂုဏ်သတင်းသည် ရွှေးကထက်ပို၍ ကျော်စောထင်ရှားလာခဲ့သည်။

အရှင်မလည်း ယခင်ရရှိပြီးသော စွာန်အဘိညာဉ်တို့ကို အဖန်ဖန် ဝင်စား၍ ပွားများ၏။ အထူးသဖြင့် မိမိ အလိုရှိရာ တန်ခိုးပြာဋိဟာအမျိုးမျိုး ပြသနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်ကို အလေးထား၍ ဆက်လက်ပွားများနေခဲ့၏။ အရှင်မသည် ထိုသို့ ဣဒ္ဓိဝိဓအဘိညာဉ်ကို ပွားများနေခဲ့ရာမှ တနေ့သ၌ လူသူ အရောက်အပေါက်နည်းသော ဥယျာဉ်သို့ သွား၍ တစ်ပါးတည်း ဖလသမာပတ် ဝင်စားနေခိုက် မာရ်နတ်သည် အရှင်မသို့ ချဉ်းကပ်၍ -

"ရဟန်းမ --- တစ်ယောက်တည်း နေဘိ၏၊ စော်ကားတတ်သော ယောကျ်ားဆိုးများကို မကြောက်လေသလော"ဟု -

ခြောက်လှန့်စကား ပြောကြား နှောင့်ယှက်လေ၏။

အရှင်မကလည်း -

"ဟယ်မာရ်နတ် --- သင့်လို ယုတ်မာ ကြမ်းတမ်းသောယောကျ်ား ဆိုးများ အရာအထောင်မက လာသော်မှ ငါ၏မွေးညင်းတစ်ပင်မျှ တုန်လှုပ်အောင် ပြုနိုင်မည်မဟုတ်၊ သင်တစ်ယောက်တည်းဖြင့် ငါ့ကို ‘ည့်သို့ပြုနိုင်မည်နည်း"ဟု ရဲရဲတောက်စကားများဖြင့် ပြန်လည် ကြိမ်းမောင်းလိုက်ရာ မာရ်နတ်လည်း ကွယ်ပျောက်ထွက်ပြေးခဲ့ရလေ၏။

ဥပဂုတ္တထေရ်မကြီးကား ဤသာသနာတော်၌ ထေရ်မများစွာတွင် တန်ခိုးအရာ ဧတဒဂ်ဘွဲ့ထူး ချီးကျူးဂုဏ်ပြုခံရသူ ဖြစ်တော်မူ၏။

ဥပဂုတ္တထေရ်မသည် ရဟန္တာဖြစ်ပြီးနောက် ဤသို့ ဥဒါန်းကျူးရင်း ခဲ့ပါသည် -

သတ္တိသူလူပမာ ကာမာ၊ ခန္ဓာ'သဲ့ အဓိကုဋ္ဌနာ။
ယဲ့ တွံ့ ကာမရတိ ဗြူသိ၊ အရတီ ဒါနိ သာ မမ။

- ကာမဂုဏ်တို့သည် ဓား လုံ့ သဲ့တံကျင်နှင့် တူကုန်၏။ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ထိုကာမဂုဏ်တို့၏ ခုတ်ပိုင်း လှီးဖြတ်ရာ စဉ်းတီတုံးနှင့် တူကုန်၏။ ကာမဂုဏ်တို့၌ မွေ့လျော်နေရန် သင်မာရ်နတ်ပြောဆိုလာ၏။ သဲ့ပြောဆိုသော ထိုကာမဂုဏ်သည် ယခုအခါ ငါ့အတွက် မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်စရာ မဟုတ်တော့ပြီ။

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမောခန္ဓော ပဒါလိတော။
ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွမသိ အန္တက။

- ငါသည် ခပ်သိမ်းသော အာရုံတို့၌ နှစ်သက်မှုတဏှာကို ပယ်ဖျောက်အပ်ပြီ၊ မာရ်ယုတ် - ဤသို့ တဏှာ အဝိဇ္ဇာကို ပယ်သောသူဟု ငါ့ကိုသိလော့၊ မာရ်ယုတ် - သင်ကား ရှုံးသူ ဖြစ်ခဲ့ပြီတကား။

ဓမ္မဒိန္နာ ထေရီ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက အမျိုးသမီး ဓမ္မကထိက များ ရှိခဲ့ကြသည်။ ဓမ္မဒိန္နာထေရီအရှင်မသည်ကား မြတ်စွာဘုရားကိုယ်တော် တိုင်ကပင်လျှင် တရားဟောသူတို့တွင် အတော်ဆုံးဟူသော ဓမ္မကထိက ဧတဒဂ်ဖြင့် ချီးမြှောက်ခဲ့ရသူဖြစ်လေသည်။ ထိုအရှင်မ ဟောပြောဖြေကြားခဲ့သော

စုဥဝေဒလ္လသုတ်သည် ပိဋကတော်၌ ထင်ရှား၍ မှတ်သားဖွယ်ကောင်းသော သုတ်တစ်သုတ်ဖြစ်ခဲ့သည်။ ထိုသုတ်တော်ဖြင့်ပင် ဓမ္မဒိန္နာထေရီသည် ဧတဒဂ်ဘွဲ့ထူးကို ရရှိခဲ့သည်။

ဓမ္မဒိန္နာလောင်းလျာအမျိုးသမီးသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တွင် ယောကျ်မဖြစ်သူ သူဌေးကြီးနှင့်အတူ တရားနာလေ့ရှိသည်။ တစ်နေ့သော် ပဒုမုတ္တရဘုရားရှင်က တရားဟောကောင်းသော ထေရီမတစ်ပါးအား ဓမ္မကထိကဧတဒဂ်ဖြင့် ချီးမြှောက်သည်ကို မြင်ရသောအခါ အားကျပြီး ထိုအရှင်မကဲ့သို့ ဖြစ်လိုစိတ်များ ပေါ်ပေါက်လာ၏၊ ဘုရားရှင်နှင့် သံဃာတော်များအား အိမ်သို့ပင့်၍ ဆွမ်းဆက်ကပ်ပြီး တရားနာသောအခါ ဓမ္မကထိကဧတဒဂ်ကို ရရှိရန် ဆုပန်ခဲ့လေသည်။ မြတ်စွာဘုရားက ဆုတောင်းသည့်အတိုင်း ဖြစ်မည်ဟု ဗျာဒိတ်ပေးတော်မူသည်။

ဖုဿဘုရားရှင်ပွင့်တော်မူသော အခါ ထိုအရှင်မလောင်းလျာသည် ဘုရားရှင်၏ အဖေတူ အမေကွဲ မောင်နှမများကို ပြုစုလုပ်ကျွေးရသော မင်းမှူထမ်းတစ်ဦး၏ ဇနီးဖြစ်ခဲ့သည်။ ဓမ္မဒိန္နာလောင်းလျာ အမျိုးသမီးကား သဒ္ဓါတရားကောင်းလှသည်။ ရဟန်းသံဃာတော်များအား ခင်ပွန်းသည်က လှူဖွယ်ဝတ္ထုတစ်ခုကို လှူခိုင်းလျှင် ခိုင်းသည်ထက်ပို၍ ပေးလှူလေ့ရှိသည်။ ဤသို့ဖြင့် သေလွန်သောအခါ သုဂတိဘုံဘဝများ၌သာ ကျင်လည်ရလေသည်။

ကဿပဘုရားရှင် ပွင့်တော်မူသောအခါ ကိကိမင်းကြီး၏ သမီး (၇)ယောက်တွင် သုဓမ္မာအမည်ရသော ခြောက်ယောက်မြောက် သမီးတော် ဖြစ်လာသည်။ ထိုဘဝတွင် ဘိက္ခုနီပြုခွင့်တောင်းရာ ကိကိမင်းကြီးက ခွင့်မပြုသဖြင့် အနှစ် နှစ်သောင်း၊ကာလပတ်လုံး ဇြဟ္မစရိယအကျင့်ကို ကျင့်ကာ အပျိုစင်ဘဝဖြင့်ပင် နေထိုင်ခဲ့လေသည်။ သံဃာတော်တို့အတွက် ကျောင်းဆောက်လုပ်လှူခဲ့၍ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် ရာဇဂြိုဟ်မြို့၌ အလွန်ချမ်းသာသော သူဌေးကြီး၏ သမီးဖြစ်လာသည်။ ဥစ္စာပစ္စည်း ပြည့်စုံရုံသာမက ရုပ်ဆင်းအင်္ဂါကလည်း လွန်စွာလှပသည်။

ဓမ္မဒိန္နာ အရွယ်ရောက်သောအခါ မျိုးနွယ်တူ သူဌေးသားများက ထိမ်းမြားရန် တောင်းဆိုကြသည်။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရကိုယ်တိုင် ခင်မင်ရင်းနှီးသော သူငယ်ချင်းဖြစ်သူ ဝိသာခသူဌေးနှင့် ထိမ်းမြားပေးလေသည်။

ခင်ပွန်းဖြစ်သူ သူဌေးကြီးသည် သောတာပန်ဖြစ်၍ မြတ်စွာဘုရားကို လွန်စွာကြည်ညိုသည်။ နေ့စဉ်နေ့တိုင်း မြတ်စွာဘုရားကျောင်းတော်သို့ တရားနာသွားသည်။ တရားနာသွားတိုင်း သူဌေးကြီးက ဓမ္မဒိန္နာကို ခေါ်သော်လည်း လိုက်လေ့မရှိ၊ သို့သော် သူဌေးကြီးတရားနာမှ ပြန်လာတိုင်း လေကားဦးမှနေ၍ ပြုံးရွှင်စွာ လက်ကမ်းကြိုဆိုလေ့ရှိသည်။

တနေ့သ၌ သူဌေးကြီးသည် မြတ်စွာဘုရားထံတော်မှ တရားနာအပြီး အနာဂါမ်အရိယာဖြစ်၍ လွန်စွာတည်ကြည်သော ဣန္ဒြေဖြင့် အိမ်သို့ ပြန်လာသည်။ ဓမ္မဒိန္နာသည် ခါတိုင်းကဲ့သို့ပင် သူဌေးကြီးကို အိမ်တံခါးဝ လေကားဦးမှ ကြိုလင့်လျက်ရှိသည်။ သူဌေးကြီးပြန်လာသည်ကို အဝေးကပင် ကြည့်ရင်း "ခါတိုင်းကဲ့သို့မဟုတ်၊ ဣန္ဒြေလွန်စွာတည်ကြည်လှချည်လား" ဟု တွေးမိသည်။ လေးကားဦးသို့ရောက်သောအခါ ဓမ္မဒိန္နာက ခါတိုင်းကဲ့သို့ လက်ကမ်းကာ ကြိုဆိုလိုက်သည်။ သို့သော် သူဌေးကြီးက ဓမ္မဒိန္နာ၏လက်ကို မကိုင်ဘဲ အိမ်ပေါ်သို့ တက်သွားသည်။ ဓမ္မဒိန္နာသည် ထမင်းစားချိန်ကျလျှင် သိရမည်အထင်နှင့် စောင့်စားလျက်ရှိသည်။

ထမင်းစားချိန်သို့ရောက်လာသော်လည်း သူဌေးကြီး၏ အမူအရာကား ပြောင်းလဲခြင်းမရှိချေ၊ ထမင်းစားသောအခါလည်း ပြုံးရွှင်စွာ စကားပြောဆိုခြင်း မရှိ၊ သူဌေးကြီးသည် အနားတွင်ရှိသော ဓမ္မဒိန္နာကို ခါတိုင်းကဲ့သို့ စကားပြောဆိုခြင်းမပြုဘဲ ဣန္ဒြေရစွာ စားသောက်နေသည်။ ဓမ္မဒိန္နာသည် သိချင်စိတ်ကို မျိုသိပ်၍ ညအချိန်ရောက်မှသာ သိရလိမ့်မည်ဟု တွေးကာ စောင့်နေမိပြန်သည်။ ညအချိန်သို့ရောက်သောအခါ သူဌေးကြီးက သူ့အတွက် အိပ်ရာသီးခြားပြင်ပေးရန် ပြောဆိုလေသည်။ ဓမ္မဒိန္နာရင်တွင်းမှ သံသယမှာ ပိုမိုကြီးထွားလာသည်၊ အတွေးပေါင်းများစွာကိုလည်း တွေးနေမိသည်။

"ငါ့အပေါ်မကျေးနပ်၍လော၊ သို့မဟုတ် တခြားမှာ စိတ်ဝင်စားသူများ ရှိနေပြီလော၊ သို့မဟုတ် အခြားအကြောင်းထူး တစုံတရာရှိနေသလော" စသည်ဖြင့် အတွေးနှင့်အတူ အသံတိတ်မေးခွန်းများကိုလည်း မေးနေမိလေသည်။

ဓမ္မဒိန္နာသည် သူငွေးကြီး၏ အမူအရာထူးခြားမှုကို ကြာရှည်အောင် မထားနိုင်တော့ဘဲ မေးမြန်းလိုက်သည်။

အရိယာတို့၏သဘောဆန္ဒသည် မိမိရရှိထားသော တရားထူးကို လွယ်လင့်တကူ ထုတ်ဖော်ပြောဆိုလေ့မရှိ၊ ယခုမူ ဖွင့်မပြောလျှင် ဓမ္မဒိန္နာ လွန်စွာ စိတ်ဆင်းရဲနေရာလိမ့်မည်ဟု စဉ်းစား၍ -

"ဒီကနေ့ မောင်တော် ဗုဒ္ဓမြတ်စွာထံမှာ တရားနာပြီးတဲ့အခါ အနာဂါမိဖိုလ်သို့ ဆိုက်ရောက်ခဲ့တယ်နှမတော်၊ အ'နာဂါမ်တို့မည်သည် ကာမဂုဏ်ကို ခံစားလေ့မရှိတော့ဘူး" ဟု သူငွေးကြီးက ပြန်လည်ဖြေကြားလေသည်။ ပြီးလျှင် ဓမ္မဒိန္နာအား သူ၏ဆန္ဒများကို ဖွင့်ပြောလိုက်သည်။

"ဓမ္မဒိန္နာ --- မောင်တော်ဘက်က ပါတဲ့ ဥစ္စာရွှေငွေ ကုဋေလေးဆယ်နဲ့ ဓမ္မဒိန္နာဘက်ကပါတဲ့ ဥစ္စာရွှေငွေကုဋေလေးဆယ်ကို တစ်ဦးတည်းကြိုက်သလို စီမံပါ၊ အိမ်ထောင်သစ်ပြုလိုလျှင်လည်း မောင်တော်ခွင့်ပြုပါတယ်၊ ဒါမှမဟုတ် ဒီအိမ်မှာဘဲ နေမြဲ နေလိုရင်လဲ မောင်တော်က နှမရင်း သမီးရင်းလို သဘောထားစောင့်ရှောက်ပါ့မယ်"

ဓမ္မဒိန္နာကား ချက်ချင်းပင် -

"သူတော်ငင် ဒီဥစ္စာပစ္စည်းတွေကို စွန့်လွှတ်နိုင်သေးတာ၊ ငါကဘာကြောင့် မစွန့်လွှတ်နိုင်ရမှာလဲ"ဟု နှုတ်နက်နဲနဲ စဉ်းစားပြီး -

"မောင်တော် --- သူတပါး ထွေးအန်ထားတဲ့ တံထွေးကို မမျိုချင်သလို မောင်တော်က မလိုချင်လို့ စွန့်လွှတ်တဲ့ ဥစ္စာပစ္စည်းတွေကို နှမတော်လည်း မလိုချင်ပါ၊ ဗုဒ္ဓမြတ်စွာ သာသနာမှာ မောင်တော်ရတဲ့ တရားထူးမျိုးကို အမျိုးသမီးတွေကော ရခွင့်မရှိနိုင်ဘူးလား"

“ဓမ္မဒိန္နာ --- ဆန္ဒရှိလို့ အားထုတ်လျှင် မည်သူမဆို ရနိုင်ပါတယ်”
“ဒီလိုဆိုရင် နှမတော်ကို ဘိက္ခုနီမ ပြုခွင့်ပေးစေချင်ပါတယ်မောင်တော်”
“ကောင်းပါပြီ ဓမ္မဒိန္နာ၊ မောင်တော် ခွင့်ပြုပါတယ်”

ဝိသာခသူဌေးကြီးသည် ဓမ္မဒိန္နာအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ခင်မင်ရင်းနှီးသော အဆွေခင်ပွန်းဖြစ်သူ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းအား သံတော်ဦးတင်လေသည်။ မင်းကြီးကလည်း ဝမ်းသာအားရပင် နန်းတော်မှ ရွှေထမ်းစင်ကို ထုတ်ပေးလေသည်။ ဓမ္မဒိန္နာအိမ်မှ ဘိက္ခုနီကျောင်းသို့ သွားရာလမ်းတလျှောက် ရာဇမတ်မျှား ကာစေပြီး ရွှေထမ်းစင်ဖြင့် ဘိက္ခုနီကျောင်းတော်သို့ ခမ်းနားကြီးကျယ်စွာ လိုက်ပါ ပို့ဆောင်ကြသည်၊ ကျောင်းသို့ရောက်သောအခါ ဓမ္မဒိန္နာအား ဘိက္ခုနီပြုလုပ်ပေးကြလေသည်။

ဘိက္ခုနီဖြစ်ပြီးနောက်မှစ၍ ပူဇော်သက္ကာရပြုသူများဖြင့် စည်ကားလှသည်။ အခွေအရံကလည်း များသောကြောင့် ဓမ္မဒိန္နာထေရီမထံသို့ ပရိသတ် အဝင်အထွက် များနေသဖြင့် တရားအားထုတ်ရန် ဆိတ်ငြိမ်မှုကို မရနိုင်ဖြစ်နေသည်။ ဆိတ်ငြိမ်စွာ တရားအားထုတ်ရန် ဥပဇ္ဈာယ်ဘိက္ခုနီကြီးထံ ခွင့်ပန်၍ တောအရပ်သို့ သွားရောက်ခဲ့သည်၊ ထိုတောအရပ်တွင် တရားအားထုတ်လေရာ ဆိတ်ငြိမ်မှုရသဖြင့် မကြာမီပင် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ အရဟာတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ဓမ္မဒိန္နာထေရီသည် မိမိနှင့်ရင်းနှီးကျွမ်းဝင်သူ ကျေးဇူးရှိသူများလည်း တရားထူးရစေရန် ရာဇဂြိုဟ်သို့ ပြန်ကြွလာခဲ့သည်။ ဓမ္မဒိန္နာထေရီ ရာဇဂြိုဟ်ပြည်သို့ ရောက်ပြီဟု ကြားသောအခါ သူဌေးကြီးစိတ်ထဲ ထင့်သွားသည်၊ “ဘိက္ခုနီပြုပြီး မကြာမီပင် တောအရပ်သို့ သွားခဲ့သည်၊ တောရပ်တွင်လည်း ကြာရှည်စွာမနေဘဲ ပြန်လာသည်မှာ ဘိက္ခုနီဘဝနှင့် မပျော်ပိုက်၍လော၊ သို့မဟုတ် အခြား အကြောင်းများကြောင့်လော” ဟု ကြံစည်လျက် ကျောင်းတော်သို့ လိုက်သွား၏။ သို့ရာတွင် စိတ်ထဲရှိသည့်အတိုင်း မေး၍ကား မသင့်လျော် ဟု ယူဆသဖြင့် တရားဓမ္မနှင့်စပ်လျဉ်းသော မေးခွန်းများကိုသာ မေးလျှောက်လေ၏။

သောတာပန် အဆင့်ရှိသူများသာ ဖြေကြားနိုင်သော မေးခွန်း၊ သကဒါဂါမ်အဆင့်ရှိသူများသာ ဖြေကြားနိုင်သော မေးခွန်း၊ အနာဂါမ်အဆင့်ရှိသူများသာ ဖြေကြားနိုင်သော မေးခွန်းများချည်းဖြစ်၍ မေးတိုင်းမေးတိုင်း ဓမ္မဒိန္နာ ထေရီကလည်း ရှင်းလင်း ပြတ်သားစွာ ဖြေကြားလေသည်။ သူဌေးကြီးသည် အရှင်မ၏အဖြေကို ကျေနပ်အားရကာ တဆင့်တက်၍ မိမိကိုယ်တိုင်မသိသေးသော်လည်း မြတ်စွာဘုရားထံမှ တရားနာရင်း သိထားသော ရဟန္တာဝပုဂ္ဂိုလ်များသာ ဖြေနိုင်သည့် မေးခွန်းများကို အောက်ပါအတိုင်း ဆက်၍ မေးလျှောက်ပြန်၏ –

"အရှင်မ --- အဝိဇ္ဇာ၏ ဆန့်ကျင်ဘက်သည် အဘယ်နည်း"

"ဒကာ ဝိသာခ --- အဝိဇ္ဇာ၏ ဆန့်ကျင်ဘက်ကား ဝိဇ္ဇာဖြစ်၏"

"အရှင်မ --- ဝိဇ္ဇာသည် မည်သို့သော တရားနှင့် သဘောသဘာဝချင်း တူပါသနည်း"

"ဒကာဝိသာခ --- ဝိဇ္ဇာသည် ဝိမုတ္တိ(အရဟတ္တဖိုလ်)နှင့် သဘောသဘာဝချင်းတူပါသည်"

"အရှင်မ --- ဝိမုတ္တိသည် မည်သို့သော တရားနှင့် သဘောသဘာဝချင်းတူပါသနည်း"

"ဒကာဝိသာခ --- ဝိမုတ္တိသည် နိဗ္ဗာန်နှင့် သဘောသဘာဝချင်းတူပါသည်"

"အရှင်မ --- နိဗ္ဗာန်သည် မည်သည့်တရားနှင့် သဘောသဘာဝချင်းတူပါသနည်း"

"ဒကာဝိသာခ --- နိဗ္ဗာန်သည် မည်သည့်တရားဓမ္မနှင့်မျှ မတူပေ၊ သို့ပါလျက် သင်က နိဗ္ဗာန်သည် မည်သည့်တရားနှင့်တူသနည်းဟု မေးခြင်းသည် မေးသင့်သောအတိုင်းအတာကို လွန်၍ မေးရာရောက်သည်"

"မြတ်သောအကျင့်သည် နိဗ္ဗာန်၌ အကြုံးဝင်၏၊ နိဗ္ဗာန်လျှင် မိုခိုရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးစွန်ဖြစ်၏၊ ဒကာဝိသာခ – သင်မေးလိုလျှင် မြတ်စွာဘုရားထံ ကိုယ်တိုင်သွားရောက်၍ ဤမေးခွန်းများကို မေးလျှောက်နိုင်ပါသည်"

သူဌေးကြီးလည်း မြတ်စွာဘုရားထံတော်သို့သွားကာ ဓမ္မဒိန္နာထေရီအား မေးခဲ့သော မေးခွန်းများကိုပင် မေးလျှောက်လေရာ မြတ်စွာဘုရားရှင်ကလည်း ဓမ္မဒိန္နာဖြေဆိုသည့်အတိုင်းပင် ဖြေဆိုတော်မူပြီး "ဓမ္မဒိန္နာသည် ငါ၏ ဉာဏ်တော်နှင့် ညှိနှိုင်း၍ ဖြေကြားတတ်ပေစွ"ဟု ချီးကျူးတော်မူသည်။

ဤဖြေကြားချက်နှင့် အခြားသော တရားဟောပြောမှုများကို အကြောင်းပြု၍ ဓမ္မဒိန္နာအား တရားဟောပြောသောအရာ၌ အတော်ဆုံး ဓမ္မကထိက ဧတဒဂ်ဘွဲ့ဖြင့် ချီးမြှောက်တော်မူသည်။

ဓမ္မဒိန္နာထေရီသည် ရဟန္တာဖြစ်ပြီးနောက် ဤသို့ ဥဒါန်း ကျူးရင့်ခဲ့သည် –

ဆန္နဏာတာ အဝသာယီ၊ မနသာ စ ဖုဋာ သိယာ။
ကာမေသု အပဂတိဗ္ဗစိတ္တာ၊ ဥဠဲသောတာတိ ဝုစ္စတိ။

အကြင်ထေရီမသည် အရဟတ္တဖိုလ်အကျိုးငှါ အလိုဆန္ဒဖြစ်ပေါ်လျက် ရှိနေ၏၊ ရဟန်းကိစ္စပြီးဆုံးမှုကို လိုလားတောင့်တ၏၊ အောက်အရိယာမဂ်စိတ်သုံးခုဖြင့် နိဗ္ဗာန်သို့ ရောက်သူဖြစ်၏၊ ကာမဂုဏ်တို့၌ တပ်မက်သော စိတ်မရှိ၊ ထိုထေရီမကို ဥဠဲသောတ(အနာဂါမ်ဘဝဖြင့် အဝိဟာ ဗြဟ္မာ့ဘုံမှ အထက်ဘုံများသို့ ဘုံစဉ်စံပြီး ပရိနိဗ္ဗာန်ပြုမည့်) အနာဂါမ်ဟု ခေါ်ဆိုထိုက်၏။

သုခါ ခေါ အာဝုသော ဝိသာခ ဝေဒနာ၊ ဒ္ဝိတိသုခါ ဝိပရိဏာမဒုက္ခာ၊ ဒုက္ခာ ဝေဒါ၊ ဒ္ဝိတိဒုက္ခာ ဝိပရိဏာမသုခါ၊ အဒုက္ခမသုခါ ဝေဒနာ၊ ဉာဏသုခါ အညာဏဒုက္ခာ။

- ချမ်းသာခံစားမှုသည် တည်ဆဲအားဖြင့် ချမ်းသာ၏၊ ပြောင်းလဲသောအားဖြင့် ဆင်းရဲ၏၊ ဆင်းရဲခံစားမှုသည် တည်နေဆဲအားဖြင့် ဆင်းရဲ၏၊ ပြောင်းလဲသောအားဖြင့် ချမ်းသာ၏၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုသည် သိသောအားဖြင့် ချမ်းသာ၏၊ မသိသောအားဖြင့် ဆင်းရဲ၏။

အခန်း (၄)

သိမှတ်ဖွယ်ရာ သုတ္တန်တရားတော်များ

အခန်း (၄)

သိမှတ်ဖွယ်ရာ သုတ္တန်တရားတော်များ

ဓမ္မစက္ကပဝတ္တနသုတ်

ဓမ္မစက္ကပဝတ္တနသုတ်တော်သည် မြတ်စွာဘုရား ပထမဆုံးဟောတော်မူသော တရားတော်ဖြစ်သည်၊ ဤသုတ်တော်ကို ဟောကြားတော်မူပြီး သဗ္ဗညုဘုရားဖြစ်ကြောင်း လောကဓာတ်တခုလုံးသို့ ရဲဝံ့စွာ ကြေငြာခဲ့သည်၊ သံသရာမှထွက်မြောက်ရာ ကျင့်စဉ်ဖြစ်သော မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို **ဟောပြ**တော်မူခဲ့သည်။

ဓမ္မစက်ကြာဒေသနာကို ဟောကြားတော်မူရန် သဟမွတိဗြဟ္မာကြီး ကိုယ်တိုင် လူ့ပြည်ဆင်း၍ ဝပ်စင်းခယ လျှောက်ထားတောင်းပန်ရသည်။ မြတ်ဗုဒ္ဓ၏ အထူးခြားဆုံး ဦးဦးဖျားဖျား မြတ်တရားလည်း ဖြစ်သည်။ ပွင့်ပြီး ပွင့်လတ္တံ့သော ဘုရားအဆူဆူတို့သည်လည်း ဤအတိုင်းပင် ဟောတော်မူကြသည်။ ဗုဒ္ဓသာသနာကို ဤဓမ္မစက်ကြာဖြင့် စတင်ဖွင့်လှစ်ခြင်းကြောင့် "သာသနာဖွင့် တရားတော်ကြီး" ဟုလည်း ဂုဏ်ထူးတင်နိုင်သည်။

ပဉ္စဝဂ္ဂီ (၅) ဦးနှင့် နတ် ဗြဟ္မာ (၁၈) ကုဋေတို့ကို ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်းကွာ၍ သောတာပန်အဖြစ်သို့ ရောက်စေနိုင်သဖြင့် "အရိယာလမ်းမဂ်စခန်းဖွင့်သည့် တရားတော်ကြီး" ဟုလည်း ခေါ်ဝေါ်နိုင်၏။ ဘုမ္မစိုးနတ်တို့က

အစ အကနိဋ္ဌ ဗြဟ္မဘုံတိုင်အောင် ကောင်းချီးပေးကြသည့် တရားတော်ကြီးလည်းဖြစ်၏။ ဓမ္မစကြာတရားပွဲအပြီးတွင် (၃၂) ပါးသော နိမိတ်ကြီးတို့သည် ထင်ပေါ်လာသည်၊ တစ်သောင်းသော လောကဓာတ်တိုင်အောင်ပင် နတ်ဗြဟ္မာတို့၏ အရောင်ထက် အထောင်မကထွန်းပြောင်သည့် အရောင်အလင်းကြီးပေါ်ထွန်းခဲ့သဖြင့် "နိမိတ်ထူးပြ မြဲတ်ဓမ္မ" ဟုလည်း ဂုဏ်ပြုခေါ်ဆိုနိုင်ပါသည်။

ဓမ္မစကြာတရား မဟောကြားမီက လောကတွင် သံဃာရတနာမပေါ်သေးပေ၊ တရားပွဲအပြီးတွင် အရှင်ကောဏ္ဍညသည် သောတာပန် အရိယာဖြစ်လာပြီး ပဌမဆုံး ဧဟိဘိက္ခုအရိယာသာဝကကြီး ဖြစ်လာသည်။ ထို့ကြောင့် ဤသုဟ်တော်ကြီးကို "သံဃာရတနာအစ ဓမ္မစကြာက" ဟူ၍လည်း ဆိုနိုင်၏။ ထို့နောက် ပဉ္စဝဂ္ဂိတို့ ဧဟိဘိက္ခုရဟန်းများဖြစ်ပေါ်လာကြသဖြင့် ဤလောကဝယ် ရတနာသုံးပါးပြည့်စုံအောင် ဖြည့်စွမ်းပေးသော သုတ်တော်မြတ်လည်း ဖြစ်ပေသည်။

မြတ်စွာဘုရားသည် အလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝ၌ လောကီစည်းစိမ်၊ ကာမဂုဏ်သုခမျိုးစုံတို့ကို ပြည့်စုံစွာ ခံစားခဲ့သည်။ နောင်သောအခါ ကာမဂုဏ်တို့၌ အပြစ်မြင်ငြီးငွေ့လျက် တောထွက်တော်မူခဲ့သည်။ သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှာဖွေရင်း ခန္ဓာကိုယ်ကို ညဉ်းဆဲကာ ပြင်းပြင်းထန်ထန် ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်ပြန်သည်။ ထိုအကျင့်မှာလည်း အေးငြိမ်းခြင်းကို ရရှိနိုင်သော အကျင့်မဟုတ်၊ ဒုက္ခဖြစ်ရုံသာ ရှိသည်ဟု သိရသောအခါ အစွန်းတရား ထိုနှစ်ပါးတို့ကို စွန့်ပယ်ခွာလျက် မဇ္ဈိမပဋိပဒါသာယာအေးမြကြောင်း လမ်းကောင်းလမ်းမှန်ကို ကျင့်ကြံတော်မူသည်။

ထို့ကြောင့် ပဉ္စဝဂ္ဂိတို့အား တရားဟောတော်မူသောအခါ မိမိကြုံတွေ့ခဲ့ရသည့် အစွန်းတရား ထိုနှစ်ပါးသောအမှားမျိုး မလိုက်မှားမိကြရန်နှင့် မိမိကိုယ်တွေ့ ရရှိပြီးဖြစ်သော နိဗ္ဗာန်ရကြောင်း လမ်းကောင်းလမ်းမှန်ကို လိုက်နာကြရန်အတွက် ဓမ္မစကြာတရားဦးရတနာကို ဟောပြတော်မူခဲ့လေသည်။

ဓမ္မစကြာသုတ် ဖြစ်ပေါ်လာပုံ

ဤဓမ္မစက္ကပဝတ္တနခေါ် ဓမ္မစကြာသုတ်တော် ဖြစ်ပေါ်လာခြင်း၏ အကြောင်းအရာ အကျဉ်းမျှကို ဖော်ပြပါမည်။

မြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုဟ်မြို့ ဥရဝေလတောအနီး နေရဥ္ဇရာ မြစ်ကမ်းနား၌ မဟာဗောဓိပင်ရင်း၌ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည်၊ သတ္တသတ္တာဟ ရက်ပေါင်း လေးဆယ့်ကိုးရက်တိုင်တိုင် နေရာ ခုနစ်နေရာတို့၌ ခုနစ်ရက်စီ စံနေတော် မူပြီး နောက်ထပ်တဖန် ဆိတ်ကျောင်းညောင်ပင်သို့ ချည်းကပ်၍ စံနေတော်မူစဉ် ဤသို့ စိတ်အကြံဖြစ်တော်မူ၏ -

"ငါသိအပ်ပြီးသော တရားကား ခက်ခဲ၏၊ နက်နဲ၏၊ သိမြင်နိုင်ခဲ၏၊ သတ္တဝါတို့ကား ကာမဂုဏ်တို့၌ မွေလျော် ပျော်ပိုက် နှစ်ခြိုက်နေကြကုန်၏၊ ငါသည် ပင်ပန်းခဲယဉ်းစွာ ကျင့်ကြံအားထုတ်သဖြင့် ရရှိအပ်ပြီးသော ဤတရားတော်မြတ်ကို သတ္တဝါတို့အား ဟောကြားပါက ပင်ပန်းရုံသာဖြစ်မည်၊ ရာဂ ဒေါသထူပြောလှသော သတ္တဝါတို့သည် ငါ၏တရားကို လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်"

ဟု စိတ်အကြံဖြစ်ကာ တရားမဟောဘဲ ကြောင့်ကြမဲနေရန် စိတ်ညွတ်တော်မူ၏။

မြတ်စွာဘုရား၏ တရားမဟောလိုသော စိတ်အကြံကို သိသဖြင့် သဟမ္မတိဗြဟ္မာကြီးသည် မြတ်စွာဘုရားထံ ရောက်ရှိလာကာ လက်အုပ်ချီ ရှိခိုးလျက်-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား - ကိလေသာမြူ နည်းပါး၍ ပညာမျက်စိအမြင် ကြည်လင်သော သတ္တဝါတို့ ရှိပါသေးသည်၊ ထိုသူတို့သည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားရလျှင် သစ္စာလေးပါးကို သိမြင်နိုင်ကြပါလိမ့်မည်။ မဂဓတိုင်းတွင် ဂိုဏ်းဆရာအမျိုးမျိုး ပေါ်ပေါက်နေပြီး မှန်ကန်မှုမရှိ မိမိတို့စိတ်ကူးဖြင့် ကြံဆတီထွင်ထားသော အယူဝါဒများ လှည့်လည်

ဟောပြော နေကြပါသည်၊ မြတ်စွာဘုရားသည် သစ္စာလေးပါး အမှန်တရားကို ဟောပြတော်မူပြီး နိဗ္ဗာန်တံခါးကို ဖွင့်ပေးတော်မူပါဘုရား" –

ဟု သုံးကြိမ်တိုင်တိုင် လျှောက်ထားတောင်းပန်၏။

ထိုအခါ မြတ်စွာဘုရားသည် သဟမွတိဗြဟ္မာကြီး၏ တောင်းပန်ခြင်းကို အသိအမှတ်ပြုပြီးလျှင် သတ္တဝါတို့၌ သနားခြင်းကိုအကြောင်းပြု၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူကာ တရားဟောရန် လက်ခံတော်မူ၏။

ထိုသို့ ဗြဟ္မာမင်းတောင်းပန်မှ တရားဟောတော်မူခြင်းသည် ဘုရားရှင်တို့၏ ဓမ္မတာကြီးဖြစ်၏၊ အကြောင်းမှာ ဘုရားမပွင့်မီ သာသနာပြင်ပ ကာလတွင် လူဝတ်ကြောင်များ၊ ရသေ့ပရိဗိုဇ်များနှင့် ရဟန်းပုဏ္ဏားတို့သည် ဗြဟ္မာကိုသာ အလေးပြု၍ ကိုးကွယ်နေကြ၏၊ ဤသို့ တလောကလုံး၏ လေးစားကိုးကွယ်ခြင်းကို ခံရသော ဗြဟ္မာကြီးက မြတ်စွာဘုရားကို ညွတ်တွား အလေးပြုလာလျှင် တလောကလုံးကပင် မြတ်စွာဘုရားကို ညွတ်တွား အလေးပြုကြလိမ့်မည်၊ သက်ဝင်ယုံကြည်ကြလိမ့်မည် ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားတို့သည် ဗြဟ္မာမင်း တောင်းပန်မှ တရားဟောတော်မူကြမြဲ ဓမ္မတာဖြစ်သည်။

ထို့နောက် မြတ်စွာဘုရားသည်"ငါသည် အဘယ်သူ့ကို ရှေးဦးစွာ တရားဟောရအံ့နည်း၊ အဘယ်သူသည် ဤတရားကို လျင်မြန်စွာ သိမြင်နိုင်လတ္တံ့နည်း"ဟု အကြံ ဖြစ်တော်မူ၏၊ အကြံဖြစ်သည့်အဓိပ္ပာယ်ကား သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူရာ လျင်မြန်စွာ သိမြင်နိုင်မည့်သူများ ဖြစ်သော အာဠာရ ရသေ့, ဥဒက ရသေ့တို့ ကွယ်လွန်သွားသည်ကို သိမြင်တော်မူပါသည်။ ထို့ကြောင့် မိမိအပေါ် ကျေးဇူးများကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့အား တရားကို ရှေးဦးစွာ ဟောရန် ကြံစည်တော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလတောမှ (၁၈) ယူဇနာဝေးသော ပဉ္စဝဂ္ဂီတို့နေထိုင်ရာ ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော သို့ ကြွတော်မူသည်။

ပဉ္စဝဂ္ဂိတို့သည် အဝေးမှ ကြွလာတော်မူသော မြတ်စွာဘုရားကို မြင်ရလျှင်ပင် ကမ္မဋ္ဌာန်းအလုပ်မှ ထွက်ခွာကာ လာဘ်လာဘပေါများရန် လှည့်လည်နေသော ဤရဟန်းကြီးဂေါတမကို ခရီးဦးမကြိုဆိုရန်၊ ရှိမခိုးကြရန် တိုင်ပင်ထားကြကုန်၏၊ သို့သော် မြတ်စွာဘုရား ရောက်လာတော်မူသောအခါ ဗုဒ္ဓ၏ တန်ခိုးတေဇော် မေတ္တာတော်အာနုဘော်တို့ကြောင့် ကတိကဝတ်အတိုင်း မလိုက်နာနိုင်ကြဘဲ အသီးသီး ခရီးဦးကြိုဆိုမှု စသည်ကို ပြုလုပ်ကြကုန်၏။

မြတ်စွာဘုရားက "ရဟန်းတို့-- ငါသည် သမ္မာသမ္ဗုဒ္ဓ-ဘုရားဖြစ်ပြီ၊ အမြိုက်နိဗ္ဗာန်ကို ငါရပြီ၊ သင်တို့အား တရားဟောအံ့"ဟု မိန့်တော်မူ၏။ ပဉ္စဝဂ္ဂိတို့က "ဂေါတမ--- သင်သည် အလွန်ပြုကျင့်နိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ပြုကျင့်သဖြင့်လည်း လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော အရိယာသစ္စာဉာဏ် အထူးကို မရခဲ့ပေ၊ ကမ္မဋ္ဌာန်းအလုပ်မှ ထွက်ခွါကာ လာဘ်လာဘပေါများရန် လှည့်လည်နေသော ယခုလိုအခါမျိုး၌ကား အဘယ်မှာလျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် ဖြစ်နိုင်ပါမည်နည်း၊ အရိယာသစ္စာဉာဏ်အထူးကို အဘယ်မှာရနိုင်ပါအံ့နည်း"ဟု ဆိုကြကုန်၏။

မြတ်စွာဘုရားက ပဉ္စဝဂ္ဂိရဟန်းတို့အား "ငါဘုရားသည် လာဘ်လာဘပေါများရန် ကျင့်သည်မဟုတ်၊ ကမ္မဋ္ဌာန်းအလုပ်မှ ထွက်ခွါခဲ့သည် မဟုတ်၊ ငါဘုရားသည် အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မှန်ကန်စွာ ထိုးထွင်းသိမြင်သော သမ္မာသမ္ဗုဒ္ဓ-ဘုရားရှင် ဖြစ်ခဲ့ပြီ၊ နားထောင်ကြကုန်လော့၊ သင်တို့အား တရားဟောအံ့"ဟု ထပ်မံ ရှင်းပြတော်မူ၏၊ ပဉ္စဝဂ္ဂိတို့ကလည်း သုံးကြိမ်တိုင်တိုင် ငြင်းပယ်ကြသဖြင့် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂိတို့အား ဤသို့ မိန့်တော်မူ၏-

"ရဟန်းတို့---သင်တို့သည် ငါဘုရားကို ဘုရားဖြစ်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ပြုစုလုပ်ကျွေးနေစဉ် ရှေးအခါတုန်းက သင်တို့ အားတက်ပါစေတော့ဟူသော ရည်ရွယ်ချက်ဖြင့် 'အရောင်အလင်းတွေ၊ ကမ္မဋ္ဌာန်းနိမိတ်တွေ ဖြစ်ပေါ်လာပြီ၊ ဘုရားဖြစ်တော့မည်၊ နိဗ္ဗာန်ကို ရတော့မည်'စသည်ဖြင့် ပြောဖူးသလော" ဟု မိန့်တော်မူ၏။

ထိုသို့ မပြောဖူးပါဟု လျှောက်ထားကြပြီး ပဉ္စဝဂ္ဂိတို့သည် ဤသို့ စဉ်းစားကြကုန်၏၊ "အကယ်၍များ ဤရဟန်းကြီး ဂါတမသည် ဒုက္ကရစရိယာကျင့်တော်မူစဉ်က 'ငါဘုရားဖြစ်ပြီ'ဟု ပြောဆိုလျှင်လည်း ငါတို့ယုံကြည်ကြမည်သာဖြစ်သည်၊ သို့သော်လည်း ထိုစဉ်တုန်းကပင် ဝါကြွား၍ မပြောကြားခဲ့ချေ၊ ယခုပြောဆိုသည်မှာ အမှန်တကယ် ဘုရားဖြစ်၍သာ ပြောဆိုခြင်းဖြစ်မှာ သေချာသည်" ဟု စဉ်းစားမိကြပြီး မြတ်စွာဘုရားအပေါ်၌ ယုံကြည်သွားကြသည်။

အချိန်ကား မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ ညနေချမ်း၊ နေမင်းကလည်း အနောက်အရပ်၌ ဝင်လုဆဲဆဲ၊ လမင်းကလည်း ဥတ္တရာသင်္ဃ နက္ခတ်နှင့်ယှဉ်ကာ အရှေ့လောကဓာတ်မှ ထွက်ပေါ်လာဆဲ၊ လွန်စွာ သာယာကြည်နူးဖွယ်ကောင်းလှသော အချိန်ဖြစ်သည်၊ ထိုအချိန်တွင် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဟူသော ပဉ္စဝဂ္ဂိတို့နှင့်အတူ တစ်သောင်းသော စကြဝဠာလောကဓာတ်မှ နတ်ဗြဟ္မာအပေါင်းတို့သည် ဤလူ့ပြည်၌ မြတ်စွာဘုရားသည် ပထမဆုံး ဟောကြားတော်မူသော ဓမ္မစက္ကပဝတ္တနသုတ်ခေါ် ဓမ္မစကြာသုတ်တော်မြတ်ကို ရိုသေစွာ နာယူကြလေသည်။

ဓမ္မစကြာတရားတော်

ရဟန်းတို့---ရသေ့ရဟန်းဟူသမျှသည် ကာမဂုဏ်စည်းစိမ်ကို ခံစားသောအကျင့် (ကာမသုခလ္လိကာနုယောဂ) နှင့် ခန္ဓာကိုယ် ပင်ပန်းဆင်းရဲအောင် ပြုကျင့်ရသောအကျင့်(အတ္တကိလမထာနုယောဂ)ဟူသော အစွန်းရောက် တရားနှစ်ပါးကို ရှောင်ကြဉ်ရမည်၊ မပြုလုပ် မမှီဝဲရစေဟု ထိုအစွန်းရောက် တရားနှစ်ပါးတို့တွင် -

ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိတွယ်တာသော အားဖြင့် အဖန်ဖန် အထပ်ထပ် လိုက်စားအားထုတ်ခြင်းဟု ဆိုအပ်သော ကာမဂုဏ်စည်းစိမ်ခံစားသောအကျင့် (ကာမသုခလ္လိကာနုယောဂ)သည် ယုတ်ညံ့အောက်တန်း၊ ဘျလှ၏၊ မြို့ရွာနေသူ လူဝတ်ကြောင်တို့၏ အကျင့် အလေ့အထ

ဖြစ်၏၊ ပုထုဇဉ်လူသားတို့၏ အကျင့်စရိုက်သာ ဖြစ်၏၊ မြင့်မြတ်ဖြူစင်သော အရိယာတို့၏ အကျင့်မဟုတ်၊ ထိုအကျင့်သည် သတ္တဝါများ အကျိုးစီးပွားများအောင် မဆောင်ရွက်နိုင်သည့်အပြင် အကျိုးမဲ့ကိုသာ ပေးဆောင်တတ်၏။

ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်နေမှသာ ကိလေသာခန်းခြောက်နေမည်ဟူသော ရည်ရွယ်ချက်ဖြင့် အစာမစား၍ ကျင့်ကြံမှု၊ နေပူအောက်တွင် မီးဖိုကြီး လေးဖိုအလယ် ဝင်ထိုင်၍ ပဉ္စာတပဟူသော အပူဝါးမျိုးတို့ကို ကျင့်ကြံမှု၊ အိပ်ရာနေရာအောက်တွင် သံဆူးများထား၍ အနာခံအိပ်ကာ ကိလေသာ မဖြစ်ပေါ်လာအောင် ကျင့်ကြံမှု၊ ရေထဲစိမ်ကာ ကိလေသာတွေကို ရေမျှော ကျင့်ကြံမှုစသော ခန္ဓာကိုယ် အပင်ပန်း အဆင်းရဲခံ၍ ကျင့်ကြံမှု (အတ္တကိလမထာနုယောဂ) သည်လည်း ဆင်းရဲဒုက္ခကြီးမား များပြားလှ၏၊ အရိယာသူတော်စင်တို့၏ အကျင့်မဟုတ်ပေ၊ မများသည့်အပြင် အကျိုးမဲ့ကိုသာ ဖြစ်ပေါ်စေတတ်၏။

ရဟန်းတို့-- ထိုအစွန်းရောက် တရားကျင့်စဉ် လမ်းမှား နှစ်ပါးတို့ကို ရှောင်ရှား၍ ငါဘုရားသည် ကာမချမ်းသာခံစားသောလမ်းနှင့် ခန္ဓာကိုယ် ဒုက္ခခံ၍ ကျင့်ရသောလမ်း နှစ်သွယ်၏ အလယ်ဖြစ်သော မဇ္ဈိမပဋိပဒါခေါ် ကျင့်စဉ် လမ်းမှန်တရားမြတ်ကို ထိုးထွင်းသိမြင်တော်မူခဲ့ပြီ၊ ထိုအလယ်လမ်း မဇ္ဈိမပဋိပဒါ အကျင့်မြတ်သည်ကား အမြင်မှန်အောင် ပြုလုပ်နိုင်၏၊ ဉာဏ်အလင်းရအောင် ပြုနိုင်၏၊ လောဘ ဒေါသ မောဟ မာန်မာနစသော ကိလေသာအပူများကို အေးငြိမ်းစေနိုင်၏၊ သစ္စာလေးပါးကို ထိုးထွင်းသိမြင် မျက်မှောက်ပြုနိုင်၏၊ သစ္စာလေးပါးကို ပိုင်းခြား ဆုံးဖြတ် သိမြင်နိုင်၏၊ သံသရာမှ လွတ်မြောက်ရာ အမှန် သန္တိသုခ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ရရှိခံစားနိုင်၏။

ရဟန်းတို့--- ငါဘုရားကိုယ်တော်တိုင် သိတော်မူအပ်ပြီးသော မဇ္ဈိမပဋိပဒါ ထိုအကျင့်မြတ်မှာ အရိယာမဂ်တရား ဤရှစ်ပါးတို့ပင်တည်း။ ထိုအရိယာမဂ်တရား ရှစ်ပါးတို့ ဟူသည်မှာ အဘယ်တို့နည်း-

(၁) အယူအမြင် မှန်ကန်ခြင်း (သမ္မာဒိဋ္ဌိ)
(၂) အပြစ်မရှိသော အကြံကောင်းများကို ကြံစိခြင်း (သမ္မာသင်္ကပ္ပ)

(၃) မမှန်သောစကားကို ရှောင်၍ မှန်သောစကားကိုသာ ပြောဆိုခြင်း (သမ္မာဝါစာ)

(၄) မမှန်ကန်အပြစ်ရှိသော အလုပ်ကို ရှောင်၍ မှန်ကန်၍ အပြစ်ကင်းသော အလုပ်ကိုသာ ပြုလုပ်ခြင်း (သမ္မာကမ္မန္တ)

(၅) တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဖြင့်သာ ကောင်းမွန်မှန်ကန်စွာ အသက်မွေးခြင်း (သမ္မာအာဇီဝ)

(၆) မှန်ကန်စွာကြိုးစားအားထုတ်ခြင်း (သမ္မာဝါယာမ)

(၇) မှန်ကန်သော အောက်မေ့မှုသတိ အမြဲရှိနေခြင်း (သမ္မာသတိ)

(၈) မှန်ကန်စွာတည်ကြည်သော သမာဓိရှိနေခြင်း (သမ္မာသမာဓိ)

ဤတရားရှစ်ပါးတို့ပင်တည်း။

ရဟန်းတို့---ငါဘုရားသည် အထူးသဖြင့် သိမြင်တော်မူအပ်ရှိတော်မူအပ်ပြီးသော ဤမရွိမပဋိပဒါအကျင့်မြတ်သည်ကား သစ္စာလေးပါးကို ထိုးထွင်းသိမြင်ရန် နိဗ္ဗာန်ကို ရရှိနိုင်ရန် အမှန်ဖြစ်ပေ၏။

ဒုက္ခ အရိယသစ္စာ

ရဟန်းတို့---ယခုဟောပြမည့်တရားမှာ ဆင်းရဲအမှန်တရား ဒုက္ခအရိယသစ္စာပေတည်း၊ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းသည် ဆင်းရဲ၏။ မချစ်သောသူတို့နှင့် အတူနေရခြင်း၊ ချစ်ခင်သူတို့နှင့် ကွေကွင်းခွဲခွါရခြင်းသည် ဆင်းရဲ၏၊ မိမိလိုချင်သည်ကို မရခြင်းသည်လည်း ဆင်းရဲ၏၊ အချုပ်အားဖြင့်ဆိုရလျှင် သတ္တဝါတို့၏ တွယ်တာမက်မောစွဲလမ်းဖွယ်ရာဖြစ်သော ဤခန္ဓာငါးပါး ရုပ်နာမ်တရားအားလုံးသည် ဒုက္ခတုံးကြီးဖြစ်ပေ၏၊ ဆင်းရဲကုန်၏။

သမုဒယ အရိယသစ္စာ

ရဟန်းတို့---ယခုဟောပြမည့် တရားမှာ ဆင်းရဲဒုက္ခ၏ အကြောင်းရင်းဖြစ်သောတရား သမုဒယ အရိယသစ္စာပေတည်း၊ တဏှာ ကိလေသာတရားသည်

ဘဝသစ်ကို ပြုလုပ်ပေး၏၊ နှစ်သက်မှု တပ်မက်မှု သဘောရှိ၏၊ ထိုထို ရောက်ရာဘဝ တွေ့ကြုံရာအာရုံမှန်သမျှတို့.၌ စုံမက်နှစ်သက်တတ်၏၊ ဤတရားတော်သည် အဘယ်နည်း–

– လောကီအာရုံ ကာမဂုဏ်တို့.၌ တပ်မက်မှု – ကာမတဏှာ၊
– ကာမဂုဏ်အာရုံများ.ကို မြဲ၏ဟု ယူဆလျက် ဘဝကို တွယ်တာတပ်မက်မှု – ဘဝတဏှာ၊
– ကာမဂုဏ်အာရုံများ.သည် မမြဲ၊ သေလျှင် ပြတ်စဲ၏ဟု ယူဆလျက် ဘဝပြတ်ခြင်း.၌ တွယ်တာတပ်မက်မှု – ဝိဘဝတဏှာ

ဤသုံးပါး.တို့.တည်း။

နိရောဓ အရိယသစ္စာ

ရဟန်း.တို့.---ယခုဟောပြမည့် တရား.မှာ ဆင်း.ရဲဒုက္ခချုပ်ရာ အမှန်တရား ဒုက္ခနိရောဓ အရိယသစ္စာပေတည်း၊ သမုဒယသစ္စာ တဏှာသုံး.မျိုး.တို့.၏ ပျက်ပြယ်ရာ၊ ကင်း.ချုပ်ရာ၊ စွန့်.လွှတ်ရာ၊ စွန့်.ပယ်ရာ၊ လွတ်မြောက်ရာ၊ တွယ်တာမှုကင်း.ရာ နိဗ္ဗာန်သည် ဒုက္ခနိရောဓ အရိယသစ္စာမည်၏။

ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ (မဂ္ဂသစ္စာ)

ရဟန်း.တို့.--- ယခုဟောပြမည့်.တရား.သည်ကား ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သော အမှန်တရား မဂ္ဂအရိယသစ္စာပေတည်း၊ ဤအရိယာမဂ်ဟူသည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိအားဖြင့် ရှစ်ပါး.တို့.ပင်တည်း။

ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်း.တို့.---ဤတရား.သည် ဒုက္ခအရိယသစ္စာမည်၏ဟု ဘုရား.မဖြစ်မီရှေး.က မကြား.ဖူး.ကုန်သော ဒုက္ခသစ္စာတရား.တို့.၌ ငါဘုရား.၏ ပညာမျက်စိသည် ထင်ရှား.ဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်း.စိတ်ဖြာ၍

သိတတ်သော ပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(သစ္စဉာဏ်)။

ရဟန်းတို့ --- ငါဘုရားသည် ထိုဒုက္ခအရိယသစ္စာကို ပိုင်းခြားဝေဖန်၍ သိသင့်၏၊ သိထိုက်၏ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (ကိစ္စဉာဏ်)။

ရဟန်းတို့---ငါဘုရားသည် ထိုဒုက္ခအရိယသစ္စာကို ပိုင်းခြား ဝေဖန်၍ သိခဲ့ပြီးပြီဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ် ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သော ပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (ကတဉာဏ်)။

သမုဒယသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့ --- ဤတရားသည် ဆင်းရဲဒုက္ခ၏အကြောင်းရင်း အမှန်တရား သမုဒယသစ္စာမည်၏ ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ ငါဘုရား၏ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(သစ္စဉာဏ်)။

ရဟန်းတို့ --- ထိုသမုဒယအရိယသစ္စာကို ပယ်သင့်၏၊ ပယ်အပ်၏ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏။

ခွဲခြမ်းစိတ်ဖြာ၍သိတတ်သော ပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှား ဖြစ်ပေါ်လာ၏ (ကိစ္စဉာဏ်)။

ရဟန်းတို့ -- ငါဘုရားသည် ထိုသမုဒယအရိယသစ္စာကို ပယ်ပြီးပြီဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (ကတဉာဏ်)။

နိရောဓသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့ --- ဤနိဗ္ဗာန်သည် ဆင်းရဲချုပ်ရာ နိရောဓအရိယသစ္စာ မည်၏ဟု ဘုရားမဖြစ်မီရှေးက မကြားဖူးကုန်သော နိရောဓသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ် ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (သစ္စဉာဏ်)။

ရဟန်းတို့ -- ငါဘုရားသည် ထိုနိရောဓသစ္စာကို မျက်မှောက်ပြုအပ်၏ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ် ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (ကိစ္စဉာဏ်)။

ရဟန်းတို့ -- ငါဘုရားသည် ဤနိရောဓသစ္စာကို မျက်မှောက်ပြုပြီးပြီဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓသစ္စာတို့၌ ငါဘုရား၏

ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (ကတဉာဏ်)။

မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့ --- ဤတရားသည် ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သော အမှန်တရား မဂ္ဂအရိယသစ္စာမည်၏ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော မဂ္ဂတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (သစ္စဉာဏ်)။

ရဟန်းတို့ --- ငါဘုရားသည် ထိုမဂ္ဂသစ္စာကို ပွားများအပ်၏ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော မဂ္ဂသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (ကိစ္စဉာဏ်)။

ရဟန်းတို့ -- ငါဘုရားသည် မဂ္ဂသစ္စာကို ပွားများပြီးပြီဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော မဂ္ဂသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (ကတဉာဏ်)။

ဘုရားဖြစ်ကြောင်း ဝန်ခံမိန့်ကြားတော်မူခြင်း

ရဟန်းတို့ ---- အရိယာပုဂ္ဂိုလ်တို့ သိအပ်သော အမှန်တရားများဖြစ်သည့် အရိယသစ္စာလေးပါး၌(သစ္စာတစ်ပါးလျှင် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊

ကတဉာဏ်) ၃-ပါးသောအပြန်၊ (သစ္စာလေးပါးကို ဉာဏ်သုံးပါးဖြင့် မြှောက်ပွားလျှင်) ၁၂-ပါးသော အခြင်းအရာတို့ဖြင့် မှန်ကန်တိကျ ပြည့်စုံစွာ သိသော ဉာဏ်အမြင် မစင်ကြယ်သေးသမျှ၊ ဖြစ်ပေါ်မလာသေးသမျှ ကာလပတ်လုံး ငါဘုရားသည် နတ် မာရ်နတ် ဗြဟ္မာအပါအဝင် နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်း ပုဏ္ဏား လူမျိုးအားလုံးအပါအဝင် လူ့လောကတို့၌ "တရားအားလုံးကို ကိုယ်တိုင်ကိုယ်ကျ မှန်ကန်စွာ ထိုးထွင်း၍သိသည့် အမြင့်မြတ်ဆုံး အရဟတ္တမဂ်ဉာဏ်ကို သိပြီ(သဗ္ဗညုဘုရားဖြစ်ပြီ)ဟု ဝန်မခံခဲ့ချေ။

ရဟန်းတို့ --- အရိယသစ္စာ လေးပါးတို့၌ (သစ္စာတစ်ပါးလျှင် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်) ၃-ပါးသောအပြန်၊ (သစ္စာလေးပါးကို ဉာဏ် ၃-ပါးဖြင့် မြှောက်ပွားလျှင်) ၁၂-ပါးသောအခြင်းအရာတို့ဖြင့် မှန်ကန်တိကျ ပြည့်စုံစွာသိသော ဉာဏ်အမြင် စင်ကြယ်ကာ ဖြစ်ထွန်းပေါ်ပေါက်လာသည့် ယခုအခါမှသာလျှင် ငါဘုရားသည် နတ် မာရ်နတ် ဗြဟ္မာအပါအဝင် နတ်လောကနှင့်သမဏ ဗြာဟ္မဏ မင်း ပုဏ္ဏား လူမျိုးအားလုံးအပါအဝင် လူ့လောကတို့၌ တရားအားလုံးကို ကိုယ်တိုင်ကိုယ်ကျ မှန်ကန်စွာ ထိုးထွင်း၍ သိတော်မူသည့် အမြင့်မြတ်ဆုံး အရဟတ္တမဂ်ဉာဏ်ကို သိပြီ(သဗ္ဗညုဘုရား ဖြစ်ပြီ)ဟူ၍ ဝန်ခံခဲ့၏။

ငါဘုရား၏ ကိလေသာတို့မှ ကင်းကွာလွတ်မြောက်မှု (အရဟတ္တဖိုလ်) သည် မပျက်စီးနိုင်တော့ပြီ၊ ယခုဘဝ ယခုခန္ဓာကား သံသရာဝယ် နောက်ဆုံးဘဝ နောက်ဆုံးခန္ဓာတည်း၊ နောက်ထပ်ဘဝသစ် ခန္ဓာသစ် ထပ်မဖြစ်တော့ပြီဟု ဆင်ခြင်အောက်မေ့နိုင်သော ပစ္စဝေက္ခဏာဉာဏ်အမြင် ထင်ရှားစွာ ဖြစ်ပေါ်လာခဲ့ပြီဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူသည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်သက်ကျေနပ်ကြကုန်၏၊ မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြကုန်၏။

ဓမ္မစကြာ ဒေသနာတော် ပြီးဆုံးသည်ရှိသော် အရှင်ကောဏ္ဍညအား သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်၏၊ "ဖြစ်လာသမျှတရားအားလုံးတို့သည် ပျက်ပြုန်းရမည်သာတည်း"ဟူ၍ ကိလေသာမြူ အညစ်အကြေးကင်းလျှက်

သန့်ရှင်းစင်ကြယ်သော တရားမှန်ကို မြင်သိသည့် သောတာပတ္တိဉာဏ် မျက်စိအမြင် ဖြစ်ပေါ်လာ၏။ အရှင်ကောဏ္ဍညနှင့်အတူ ဗြဟ္မာ (၁၈) ကုဋေနှင့် နတ်ပေါင်းများစွာတို့ သောတာပန် အရိယာဘဝသို့ ရောက်ကြကုန်၏။

နတ်ဗြဟ္မာတို့ ကောင်းချီးသံ ဘဝဂ်သို့လွှဲ

ဓမ္မစကြာ တရားစက် ရတနာကြီး စတင်ဟောလတ် လည်ပတ်ပြီးဆုံး လေသောအခါ ဘုမ္မစိုးနတ်တို့သည် -

"လောကဋ္ဌရိကုန်သော ရဟန်း ပုဏ္ဏား နတ် မာရ်နတ် ဗြဟ္မာ တစုံတယောက်သောသူမျှ မဟောနိုင်သော အတုမရှိ ကောင်းမြတ် မှန်ကန်လှသည့် ဤဓမ္မစကြာတရားတော်ကြီးကို သဗ္ဗညုမြတ်စွာဘုရား သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဟောကြားတော် မူခဲ့လေပြီတကား" -

ဟု ကောင်းချီးပေးကာ ကြွေးကြော်ကြကုန်၏၊ ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကို စာတုမဟာရာဇ်နတ်တို့က ကြားကြသဖြင့် ထပ်ဆင့်ကြွေးကြော်ပြန်ကုန်၏၊ ဤသို့လျှင် တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ ထိုမှတဆင့် ဗြဟ္မာလောကရှိ ဗြဟ္မာကြီးများအထိ အဆင့်ဆင့် ကြွေးကြော်ကြသဖြင့် ဓမ္မစကြာတရားတော် ကောင်းချီးပေးသံသည် အမြင့်ဆုံး အကနိဋ္ဌဘုံတိုင်အောင် တခဏအတွင်း နှံ့သွားလေ၏။

မကြုံစဖူး နိမိတ်ထူး

ဓမ္မစကြာ ဒေသနာတော်ကြီး ပြီးဆုံးသည်ရှိသော် ဤလောကဓာတ်နှင့် ယှဉ်စပ်နေသော လောကဓာတ်ပေါင်း တိုက်တစ်သောင်း တို့သည် (ကောင်းချီးပေးကာ ဝမ်းသာသည့်အနေဖြင့်) တုန်လှုပ်ကုန်၏၊ ပြင်းပြင်းထန်ထန် တုန်လှုပ်ကုန်၏၊ သိမ့်သိမ့်ခါမျှ တုန်လှုပ်ကုန်၏။

နတ်ဗြဟ္မာတို့၏ ကိုယ်ရောင်ကိုယ်ဝါ အလင်းရောင်ထက် အဆရာထောင်မက တောက်ပလှသည့် အေးမြကြည်လင် အရောင်စဉ်တို့ ထွန်းထိန်ပဝင်း ထင်လင်းစွာ ဖြစ်ပေါ်လာကုန်၏။

"စကြဝဠာတိုက်တစ်သောင်းမှ ရောက်လာကြကုန်သော အို ပရိသတ်အပေါင်းတို့ --- ကောင်းကင်သည် ငါဘုရား ဟောကြားအပ်သော သစ္စာလေးပါး မြတ်တရားကို ထိုးထွင်း၍ သိသွားပေပြီ တကား" –

ဟု မြတ်စွာဘုရားသည် ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်တော်မူလေသည်။

ထို့နောက် အရှင်ကောဏ္ဍညမထေရ်သည် တရားမှန်ကို မြင်ပြီးသည်ဖြစ်၍ တရားမှန်သို့ ဆိုက်ရောက်ပြီးသည်ဖြစ်၍၊ တရားတော်ကို သိပြီးသည်ဖြစ်၍၊ တရားတော်သို့ သက်ဝင်ယုံကြည်ပြီးသည်ဖြစ်၍ ယုံမှားသံသယများကို လွန်မြောက်ပြီးသည် ဖြစ်၍၊ သို့လော သို့လော တွေးတောကြံစည်ခြင်း ကင်းသွားပြီသည်ဖြစ်၍၊ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည် ဖြစ်၍၊ ဘုရားမှတပါး အခြား ကိုးကွယ်ထိုက် ကိုးစားထိုက်သူ မရှိသည်ဖြစ်၍၊ မြတ်စွာဘုရားထံ ရဟန်းပြုပေးပါရန် တောင်းပန်သဖြင့် ဧဟိ ဘိက္ခု ခေါ်တော်မူကာ ရဟန်းပြုပေးတော်မူသည်။

ဤသို့လျှင် ဝါဆိုလပြည့်နေ့ ညသန်းခေါင်ယံအချိန်ဝယ် ဓမ္မစက္ကပဝတ္တနခေါ် ဓမ္မစကြာတရားဦးဒေသနာတော် ဟောပြောပွဲကြီးသည် နတ် ဗြဟ္မာများစွာတို့၏ ကောင်းချီးပေးသံ ဘဝင်လှုံလှုက် နဘဲပြည့်မျှ လာရောက်ကြသည့် နတ် ဗြဟ္မာရောင် တရားရောင်တို့ ထွန်းပြောင်ထိန်လင်း အောင်ပွဲခင်း၍ ပြီးဆုံးခြင်းသို့ ရောက်လေသည်။

ဓမ္မစကြာသုတ်တော် အနှစ်ချုပ်

ဤဓမ္မစက္ကပဝတ္တနခေါ် ဓမ္မစကြာသုတ်တော်၌ အနှစ်ချုပ်တရားများမှာ အစွန်း ၂-ပါး၊ မဇ္ဈိမပဋိပဒါ(မဂ္ဂင်ရှစ်ပါး)၊ သစ္စာ ၄-ပါး၊ ဉာဏ် ၁၂-ပါး တို့ပင် ဖြစ်ကြသည်။

အစွန်းနှစ်ပါးမှာ ကာမသုခလှိုက်နုယောဂ၊ အတ္တကိလမထာနုယောဂ တို့ဖြစ်ကြသည်။

ကာမသုခလွှိကာနုယောဂ= အဆင်း၊ အသံ၊ အရသာ၊ အနံ့အမျိုးမျိုး၊ ထိတွေ့မှုအမျိုးမျိုးဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ကာမဂုဏ် စည်းစိမ်ချမ်းသာအရသာအဖြစ် ခံစားသောအကျင့်၊ ကာမဇိတ်အကြိုက် အလိုလိုက်သော အကျင့်ဖြစ်သည်။

အတ္တကိလမထာနုယောဂ= ခန္ဓာကိုယ် ဝဖြိုးစည်ပင်နေပါက ကိုယ်ခန္ဓာတွင်းရှိ ကာမတဏှာကိလေသာ အစိုအစေးစာတ်များ မပြတ်တိုးပွား စိုစွတ်နေ၏၊ ဤခန္ဓာကိုယ် မစိုမလန်း ခြောက်ခန်း နေလျှင် ထန်းနို့အခြောက်မှ ထန်းရည် မထွက်နိုင်သကဲ့သို့ ကိလေသာအစိုဓာတ် ခြောက်ကပ် ပျောက်ကွယ်သွားဖွယ်ရှိ၏ဟု ကြံဆပြီးလျှင် မိမိခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်အောင် ကျင့်ကြံကြကုန်၏၊ အစာကို ခွိုးခြံကာ ပဲပြုတ်ရည် အနည်းငယ်မျှလောက်ကိုသာ စားသောက်၍ ကျင့်ကြ၏။ နွေခေါင်ခေါင် နေပူ ကျဲကျဲ၌ လေးမျက်နှာတွင် မီးဖိုကြီး လေးဖို ဖိုပြီး အလယ်ခေါင် ဝင်နေ၍ နေပူနှင့်တကွ အပူ (၅) မျိုးခံကာ ပဉ္စာတပအကျင့်ဖြင့် ကိလေသာအစိုဓာတ် ပျောက်အောင် ခန္ဓာကိုယ်ကို အပူတိုက်ကြကုန်၏၊ မိမိအိပ်ရာခုတင် စသည်၌ သံဆူးများ စိုက်ပြီး ဆူးများအပေါ်၌ အနာခံ၍ အိပ်ကြကုန်၏။ သံဆူးတို့ကြောင့် ခန္ဓာကိုယ် နာကျင်ကိုက်ခဲနေပါက ကိလေသာစိတ်တွေ မဖြစ်ပွားနိုင်တော့ဟု ယူဆကာ ကျင့်ကြံကြကုန်၏၊ အလွန်ချမ်းအေးသော ဆောင်းကာလဝယ် ရေစိမ်ကာ ကိလေသာတွေကို ရေမျှောကြကုန်၏၊ ဤအကျင့်များသည် အတ္တကိလမထ အကျင့်များဖြစ်ကြသည်၊ အပင်ပန်းခံနေခိုက်မှာ

ကာမကိလေသာအဖြစ် နည်းကောင်းနည်းမည်
ဖြစ်သော်လည်း အမြဲစ်ပြတ် ခြောက်ကပ်
ချုပ်ပျောက်သွားမည်မဟုတ်ပေ၊ ဤအကျင့်
ကျင့်ကြံသူတစ်ဦး သေဆုံးသွားပါက နောင်ဘဝ၌
ကိလေသာအစိုဓာတ်များ ပေါ်လာမြဲ ပေါ်လာ
ပေဦးမည်၊ ဒုက္ခရောက်သလောက် အကျိုးမရနိုင်
သဖြင့် အရိယာသူတော်စင်တို့၏ ကျင့်စဉ်
မဟုတ်ပေ၊ ကိလေသာဟူသည် ကာမစိတ်
တစ်မျိုးသာ မကပေ၊ စိတ်ဓာတ်ကို ညစ်နွမ်း
စေသော ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊
စသည်တို့လည်း ကိလေသာပင် ဖြစ်၏၊
ထိုကိလေသာစိတ်တို့ကား အတ္တကိလမထ
အကျင့်ကြောင့် ခေတ္တခဏမျှပင် ပျောက်ကွယ်
လိမ့်မည် မဟုတ်ချေ၊ သို့ဖြစ်၍ ဤအကျင့်သည်
သံသရာမှ ထွက်မြောက်ရာ လမ်းမှန် မဟုတ်ပေ။

မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင် (၈) ပါး

ကာမဂုဏ်လိုက်စားသော ကာမသုခလွတ်အကျင့်သည် ကိလေသာ
တဏှာဦးစီးသော စိတ်အလိုသို့လိုက်ကာ ခံစားပျော်ပါးသည့်အကျင့်
ဖြစ်သောကြောင့် အောက်တန်းကျ ပျော့ညံ့သော လက်ယာလမ်း
ကျင့်စဉ်ဖြစ်သည်။ လျော့နေသော စောင်းကြိုးသည် အသံကောင်းကောင်း
မမြည်သကဲ့သို့ ထိုအကျင့်အကြံကို လိုက်စားနေပါက မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပေ။
ခန္ဓာကိုယ်ကို ဒုက္ခပေးသော အတ္တကိလမထအကျင့်ကား လက်ဝဲလမ်းဖြစ်သည်၊
တင်းလွန်း၏၊ ပြင်းထန်လွန်း၏၊ တင်းလွန်းသော စောင်းကြိုးသည် အသံကောင်း
အသံမှန် မမြည်နိုင်သကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ရန် လမ်းမှန်မဟုတ်သေးချေ။
မလျော့ မတင်း စောင်းကြိုးညှင်းသကဲ့သို့ လျော့လည်းမလျော့၊ တင်းလည်း
မတင်းဘဲ ဉာဏ်စက္ခုအလင်းရအောင် ပြုနိုင်၍ နိဗ္ဗာန်ကို ထိုးထွင်းသိမြင်
စေနိုင်သော မဇ္ဈိမပဋိပဒါအကျင့်သည်သာလျှင် လက်ဝဲ၊ လက်ယာမှလွတ်၍
မှန်ကန်သော အလယ်လမ်းဖြစ်သည်။

ထိုမဇ္ဈိမပဋိပဒါခေါ် အလယ်လမ်းမှန်ကား အရိယာသူတော်စင်တို့ ကျင့်ကြံအားထုတ်ကြသော မဂ်လမ်းအကျင့်ဖြစ်၏၊ မဂ္ဂင်ရှစ်ပါးဟု ခေါ်ကြ၏၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မှန်ဖြစ်၏။ ထိုမဂ္ဂင်ရှစ်ပါးကား -

သမ္မာဒိဋ္ဌိ = ဒုက္ခသစ္စာကိုသိမြင်ခြင်း၊ ဒုက္ခသစ္စာဖြစ်ကြောင်း သမုဒယသစ္စာကို သိမြင်ခြင်း၊ ဒုက္ခချုပ်ငြိမ်းရာ နိရောဓသစ္စာကို သိမြင်ခြင်း၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့် မဂ္ဂသစ္စာကိုသိမြင်ခြင်း။

သမ္မာသင်္ကပ္ပ = ကာမဂုဏ်မှ ထွက်မြောက်ရာကို ကြံစည်ခြင်း၊ သူတပါးတို့ ကောင်းစားရေး ချမ်းသာရေးကို ကြံစည်ခြင်း၊သနားမှုရှေးရှု၍ သတ္တဝါတို့၏ ချမ်းသာရေးကို ကြံစည်ခြင်း။

သမ္မာဝါစာ = မဟုတ်မမှန်ပြောခြင်း၊ ကုန်းတိုက်စကားပြောခြင်း၊ ရန့်ရင်းကြမ်းတမ်းသောစကား ပြောဆိုခြင်း၊ အကျိုးမရပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းတို့မှ ရှောင်ကြဉ်ခြင်း။

သမ္မာကမ္မန္တ = သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ ဝတ္ထုကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း။

သမ္မာအာဇီဝ = အသက်မွေးမှုနှင့် ပတ်သက်၍ ဝစီဒုစရိုက် ၄-ပါး၊ ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်ခြင်း။

သမ္မာဝါယာမ = မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် အားထုတ်ခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ဆက်လက်မဖြစ်ပေါ်စေရန် ပယ်ဖျောက်ရန် အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် အားထုတ်ခြင်း၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲပြန့်ပွားစေရန် အားထုတ်ခြင်း။

သမ္မာသတိ = ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အကြိမ်ကြိမ် ရှုမှတ်ခြင်း အောက်မေ့ခြင်း။

သမ္မာသမာဓိ = သမထဘာဝနာပွားများမှု၊ ဝိပဿနာရှုမှတ်မှု၊ သမာပတ် ၈-ပါး ဝင်စားမှုနှင့် မဂ်တရားတို့၌ ဖြစ်ပေါ်သော စိတ်တည်ငြိမ်မှုကို သမ္မာသမာဓိဟု ခေါ်၏။

သစ္စာ ၄-ပါး

သီ၊ ပယ်၊ ဆိုက်၊ ပွား သစ္စာလေးပါးဟူသော အတိုချုပ်လက်ံအရ သိရမည့်တရားများမှာ ဒုက္ခသစ္စာဖြစ်သည်။ ပယ်သတ်ရမည့်တရားများမှာ သမုဒယသစ္စာဖြစ်သည်။ ဆိုက်ရောက်ရရှိအောင် ကြိုးစားရမည့် နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်သည်။ နိဗ္ဗာန်ရောက်ကြောင်း ပွားများအားထုတ်ရမည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားများသည် မဂ္ဂသစ္စာဖြစ်သည်။

ဉာဏ် ၁၂-ပါး

သစ္စာလေးပါးအနက် သစ္စာတစ်ပါးလျှင် သစ္စဉာဏ်(အမှန်သိမြင်မှု) ကိစ္စဉာဏ်(ပြုရမည့်ကိစ္စတာဝန်ကိုသိမြင်မှု)ကတဉာဏ်(ပြုလုပ်ပြီးပြီဖြစ်ကြောင်း သိမြင်မှု) ဟူ၍ ဉာဏ် ၃-ပါးဖြစ်ပေါ်လာသည်။ ထိုဉာဏ် ၃-ပါးသည် သစ္စာတိုင်းတွင် ဖြစ်ပေါ်လာသဖြင့် သစ္စာ ၄-ပါးကို ဉာဏ် ၃-ပါးနှင့်မြှောက်လျှင် ဉာဏ် ၁၂-ပါးဖြစ်ပေါ်လာသည်။

ဟေမဝတသုတ်

ဘုရားစစ် ဘုရားမှန် ဟုတ်, မဟုတ် နတ်မင်းတို့ ဆွေးနွေးခြင်း

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညသန်းခေါင်ယံအချိန်၌ ဓမ္မစကြာတရားဒေသနာတော်ကို ဟောပြောမူပြီးဆုံးခဲ့သည်။ ထိုတရားပွဲကြီး၌ နတ် ဗြဟ္မာပရိသတ်ထဲတွင် သာတာဂိရနတ်မင်းကြီးလည်းပါဝင်သည်။ သာတာဂိရနတ်မင်းကြီးသည် မိမိ၏ အခြံအရံ

နတ်ဘီလူး ပရိသတ်ငါးရာနှင့်အတူ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မစကြာဒေသနာတော်ကို နာကြားရပါသော်လည်း တစုံတခု မဂ်ဖိုလ် တရားထူးကို မရခဲ့ချေ။ ထိုသို့ မရနိုင်ခြင်းမှာ တရားတော်ကို ဖြောင့်ဖြောင့် မနာယူနိုင်ဘဲ နောက်ဆန်တင်းနေသောကြောင့်ဖြစ်သည်။ ဓမ္မစကြာ ဒေသနာတော်မှာ လွန်စွာနက်နဲဆန်းကြယ်လှသဖြင့် မိမိ၏သူငယ်ချင်း ဟေမဝတနတ်မင်းအား တရားနာစေချင်လှသည်၊ ယခုအခါ သူငယ်ချင်း မပါလာသဖြင့် တရားနာရန် စိတ်မဖြောင့်ဘဲ ရှိနေသောကြောင့် တရားထူး မရနိုင်ခဲ့ပေ။

သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းအလျောင်းလျာ အမျိုးသား နှစ်ဦးတို့သည် ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် သာသနာ တော်သို့ ဝင်ရောက်လာခဲ့ကြသည်။ ဂန္ဆဓုရတာဝန်ကို ထမ်းဆောင်ကြရာ စာပေပရိယတ် လွန်စွာတတ်ကျွမ်းကြသည်၊ ဝိနည်းအရာ လွန်စွာကျွမ်းကျင် ကြသည်၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်ပြီး စာပေအရာ ကျော်ကြားကြသည်။

တောရွာ ကျောင်းတိုက်တခုဌ ဓမ္မဝါဒီရဟန်းနှင့် အဓမ္မဝါဒီရဟန်း နှစ်ပါးတို့ရှိကြသည်။ အဓမ္မဝါဒီရဟန်းသည် သိက္ခာပုဒ်ကို လွန်ကျူးသည်၊ ဓမ္မဝါဒီရဟန်းက မလျောက်ပတ်ကြောင်း ပြောဆိုသောအခါ အဓမ္မဝါဒီရဟန်းက လက်မခံဘဲ ငြင်းပယ်သဖြင့် မထေရ်ကြီးနှစ်ပါးထံ အဆုံးအဖြတ်ခံရန် ရောက်လာကြသည်၊ အဓမ္မဝါဒီရဟန်းသည် မိမိရုံးနှိမ့်မှာ သေချာကြောင်း သိသဖြင့် မထေရ်တို့ထံ ကပ်ရောက်ပြုစုလုပ်ကျွေးကာ မိမိကို အနိုင်ပေးရန် လျှောက်ထားတောင်းပန်၏၊ မထေရ်နှစ်ပါးတို့ကလည်း အကြိမ်ကြိမ် တောင်းပန်ခြင်းကြောင့် လိုက်လျောခဲ့ကြ၏၊ မထေရ်ကြီးတို့သည် ကြိုတင်စီစဉ်ထားသည့်အတိုင်း အဓမ္မဝါဒီရဟန်းကို အနိုင်ပေးခဲ့လေသည်။

ဓမ္မဝါဒီရဟန်းလည်း မထေရ်နှစ်ပါးတို့၏ အဆုံးအဖြတ်ကို ကြားရသောအခါ သာသနာ့မျက်နှာကိုမကြည့်ဘဲ ပုဂ္ဂိုလ်မျက်နှာကိုသာကြည့်ကာ ဆုံးဖြတ်ခဲ့ကြသဖြင့် ကဿပမြတ်စွာဘုရားသာသနာတော်ကား ပျက်စီးခြင်းမလှ ပျက်စီးရချေပြီတကားဟု ငိုကြွေးပြောဆိုလျက် ထိုဝိနည်းဓိရ်တို့ထံမှ ထွက်ခွာ သွားလေသည်။

မထေရ်ကြီးနှစ်ပါးတို့သည်လည်း "ငါတို့သည် အလန့်ဒုဿီလဟုလ်ကို ငဲ့ညှာစောင့်ရှောက်လျက် သာသနာတော်တည်းဟူသော ရတနာမြတ်ကြီးကို ထုံးအိုင် ချောက်ကမ်းပါးဌ ပစ်ချမိခဲ့လေပြီတကား" ဟု နောင်တ တဖန် ပူပန်စိတ်ဖြင့် ဃသဆုံးခဲ့ကြရာ မထေရ်တစ်ပါးက ဟိမဝန္တာတောအတွင်း ဟေမဝတတောင်၌ ဟေမဝတမည်သော နတ်ဘီ လူးမင်းဖြစ်လေသည်၊ အခြားတပါးမှာ မဇ္ဈိမဒေသအတွင်း သာတမည်သောတောင်၌ သာတာဂိရအမည်ရှိသော နတ်ဘီလူးမင်း ဖြစ်လေ၏၊ နတ်ဘီလူးပရိသတ် (၅၀၀) စီ အခြံအရံရှိ၏။

ထိုနတ်ဘီလူးမင်းကြီး နှစ်ဦးမှာ (၂၈) ဦးသော နတ်စစ်သူကြီးတို့တွင် ပါဝင်သဖြင့် တန်ခိုးလွန်စွာကြီးကြ၏၊ တလလျှင် ရှစ်ကြိမ် ဟိမဝန္တာတောအတွင်း ဆေးဒန်းမြင်းသိလာကျောက်အပြင်ဝယ် နာဂဝတီအမည်ရှိသာ မဏ္ဍာပ်၌ နတ်အစည်းအဝေး ကျင်းပမြဲဖြစ်၏၊ ထိုအစည်းအဝေးပွဲသို့ နတ်ဘီလူးမင်းနှစ်ဦး တက်ရောက်လာရာ အချင်းချင်း တွေ့ဆုံကြပြီး ရှေးဖြစ်ဟောင်း ပြန်ပြောင်း သတိရသဖြင့် လွန်စွာရင်းနှီးချစ်ခင်ကြကုန်၏၊ တဦးနှင့်တဦး အကြောင်းကိစ္စ ထူးပါကလည်း အသိပေးကြရန် ကတိကဝတ်ပြုထားကြကုန်၏။

မြတ်စွာဘုရားအလောင်းတော်သည် လူ့ပြည်၌ ပဋိသန္ဓေယူတော်မူသော အခါ, ဖွားမြင်တော်မူသောအခါ, တောထွက်တော်မူသောအခါ, ဘုရားဖြစ်တော် မူသောအခါတို့၌ ထူးခြားအံ့သြဖွယ် နိမိတ်ကြီး (၃၂) ပါးတို့ ထင်ရှားစွာ ပေါ်ပေါက်ခဲ့သော်လည်း နတ်ဘီလူးမင်းတို့သည် မသိလိုက်ကြကုန်၊ ဓမ္မစကြာတရားတော် ဟောတော်မူသောအခါ၌လည်း လွန်စွာအံ့သြဖွယ် နိမိတ်ကြီး (၃၂) ပါးတို့ ပေါ်ပေါက်လာသည်၊ ထိုအခါမှ သာတာဂိရနတ်မင်း မြင်တွေ့လတ်၍ တရားပွဲသို့ ရောက်လာခြင်းဖြစ်လေသည်။ မိမိသူငယ်ချင်းကို စောင့်မျှော်နေသဖြင့် တရားထူးမရလိုက်ပေ။ ဤတရားပွဲအကြောင်းကို ဟေမဝတနတ်မင်းအား ပြောပြရန် အခွင့်အရံများနှင့် ထွက်ခွာလာခဲ့၏။

ဟေမဝတနတ်မင်းအဖို့မှာလည်း ဤယနေ့သည် ထူးထူးခြားခြား အံ့ဖွယ်သရဲ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်၊ ဟိမဝန္တာတောလုံး ပင်လုံးကျွတ် ပွင့်သော ပန်းမျိုးစုံတို့ဖြင့် လှပနေသည်။ သူငယ်ချင်း သာတာဂိရကို ခေါ်၍ နှစ်ဦးသား ပျော်မြူးကြမည်ဟူသော ရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့သည်။

နတ်မင်းကြီး နှစ်ဦးတို့သည် ရာဇဂြိုဟ်မြို့ ကောင်းကင်ပြင်ဝယ် ရင်ဆိုင်တွေ့ကြသည်။ မိမိတို့ တွေ့ကြုံရသော အံ့သြဖွယ်ရာများကို ပြောကြားကြရာ သာတာဂိရနတ်မင်းက လောကသုံးပါးတွင် မြတ်စွာဘုရားပွင့်တော်မူလာ၍ ဓမ္မစကြာသုတ်တော်ကို ယနေ့စတင် ဟောကြားတော်မူပြီဖြစ်ကြောင်း၊ လောကဓာတ် တစ်သောင်းသို့ " သဗ္ဗညုဘုရားရှင်ဖြစ်ပြီ "ဟု ရဲဝန့်စွာ ဝန်ခံတော်မူကြောင်း ပြောပြ၏။

ဘုရားဆိုတိုင်း လွယ်လွယ်နှင့်ယုံကြည်လေ့မရှိသော ဟေမဝတနတ်မင်းနှင့် သာတာဂိရနတ်မင်းတို့သည် ဘုရားစစ် ဘုရားမှန်ဆိုသည်မှာ မည်သည့် ဂုဏ်ထူးဝိသေသ အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်နည်းဟူသော စကားရပ်ကို အပြန်အလှန် ဆွေးနွေးကြကုန်၏။

အဆွေတော် ဟေမဝတ-ယနေ့ကား လပြည့်ဥပုသ်နေ့တည်း၊ စကြဝဠာတစ်သောင်းမှ တရားနာလာရောက်ကြကုန်သော နတ် ဗြဟ္မာတို့၏ ကိုယ်ရောင်၊ ကြယ် လ နက္ခတ်တို့၏အရောင်၊ မြတ်စွာဘုရား၏ ရောင်ခြည်တော်တို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းလုံးကို အလှဆုံးတန်ဆာဆင်ထားသည့်ပမာ အလွန်သာယာသော ညအခါဖြစ်၏၊ ဘုရားဟုတ်သလော၊ မဟုတ်သလောဟု တွေးတောယုံမှားစိတ်များမနေပါလင့်၊ လာ-- သွားကြပါစို့၊ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ကြပါစို့။

အဆွေတော် သာတာဂိရ- သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ စိတ်တော်သည် သတ္တဝါအားလုံးတို့၌ ချစ်ခြင်း, မုန်းခြင်း အလျှင်းမရှိ၊ ပကတိသော တာဒိဂုဏ်နှင့် ပြည့်စုံပါ၏လော၊ သင် ဖူးတွေ့ခဲ့ရသော ဘုရားဂေါတမသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ချစ်ခြင်း, မုန်းခြင်းဖြစ်ပါသေးသလော၊ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာ ဝိတက်တို့ကို ပယ်ရှားနိုင်သူဖြစ်ပါသလော၊ အခြားသော မည်သည့် ဂုဏ်ထူးများနှင့်လည်း ပြည့်စုံပါသေးသနည်း။

အဆွေတော် ဟေမဝတ- ဂေါတမမြတ်စွာဘုရားသည် တာဒိဂုဏ်နှင့် ပြည့်စုံသူဖြစ်ပါ၏၊ မြတ်စွာဘုရားသည် ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ ချစ်ခြင်း, မုန်းခြင်း ကင်းတော်မူပါ၏၊ ဝိတက်တရားတို့ကို ပယ်ရှားကင်းရှင်း နိုင်နင်းအောင်ပြုဖျက်ပြီးသူ ဖြစ်ပါ၏၊ အခြားသူတို့ ကိုယ်နှုတ်ဖြင့်မပေးသော ပစ္စည်းဥစ္စာ

ကိုလည်း ယူတော်မမူ၊ သတ္တဝါတို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်း ဒုစရိုက်မှုမှ ကင်းဝေးတော်မူ၏၊ ငါးဖြာသောအာရုံ ကာမဂုဏ်တို့၌ ခုံမင်ငြိကပ် တွယ်တာတတ်သော စိတ်လည်း မရှိ၊ နီဝရဏငါးပါး စွန့်ပယ်ရှားလျက် စျာန် သမာပတ်ကို အမြဲဝင်စားတော်မူ၏၊ မဟုတ်မမှန်သောစကား, ကြမ်းတမ်း ယုတ်မာသောစကား, ကုန်းတိုက်စကားများကိုလည်း မပြောကြားပေ၊ အကျိုးရှိ မှန်ကန်သော စကားကိုသာ ပြောကြားတော်မူလေ့ရှိ၏၊ ဝတ္ထုအာရုံ ကာမဂုဏ် တို့၌ ခုံမင် တပ်မက်ခြင်းတည်းဟူသော အဘိဇ္ဈာတရားများမှလည်း လွန်မြောက်ပြီးသူဖြစ်၏၊ ခပ်သိမ်းသော တရားတို့ကို ကိုယ်တိုင်ထိုးထွင်း သိမြင်တော်မူသောကြောင့် စက္ခုငါးပါးနှင့်ပြည့်စုံတော်မူ၏၊ ရှေးရှေးက ပွင့်တော်မူပြီးသော ဘုရားတကာ ပြည့်စုံရာသော ဝိဇ္ဇာမျက်စိနှင့်လည်း ပြည့်စုံတော်မူ၏၊ နိဗ္ဗာန်သွားကြောင်း ခြေကောင်းသဖွယ် စင်ကြယ်သော စရဏတရား တဆယ့်ငါးပါးနှင့်လည်း ပြည့်စုံတော်မူပါ၏၊ မြတ်စွာဘုရား၏ သန္တာန်ကောင်းယုတ် ကိုလေသာ အာသဝေါတရား အလုံးစုံ ကုန်ခန်းပြီး ဖြစ်တော်မူပါ၏၊ သံသရာဝယ် နောက်ထပ် တဖန် ပဋိသန္ဓေနေရခြင်း ဘဝသစ်၌ ဖြစ်ရခြင်း မရှိတော့ပါ။

အဆွေတော် သာတာဂိရနတ်မင်း- သင် ယနေ့ည ဖူးတွေ့ရသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားသည်ကား သင်ပြောခဲ့သော ဂုဏ်တို့နှင့် ပြည့်စုံပါမူ ဘုရားစင်စစ် ဧကန်ဖြစ်ပေပြီ၊ ဘုရားစစ် ဘုရားမှန်ဟူသည် တာဒိဂုဏ်နှင့်ပြည့်စုံတော်မူမြဲဖြစ်၏၊ ကာယကံ, ဝစီကံ, မနောကံ ကံသုံးပါးလုံး သန့်ရှင်းစင်ကြယ်တော်မူမြဲဖြစ်၏၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတဆယ့် ငါးပါးတို့နှင့် ပြည့်စုံတော်မူမြဲဖြစ်၏။

အဆွေတော် သာတာဂိရနတ်မင်း- လာ သွားကြစို့၊ မြတ်စွာဘုရားသည် လက္ခဏာတော်ကြီးငယ်တို့နှင့် ပြည့်စုံတော်မူပြီး ကိုယ်တွင်းကိုယ်ပ ရန်ဟူသမျှ တိုက်ဖျက်ခြင်းငှါ စွမ်းနိုင်သော လုံ့လ ဝီရိယ ရှိတော်မူ၏၊ ခန္ဓာကိုယ် မျှတရုံအတွက် ဆွမ်းတထပ်တည်းကိုသာ ဘုဉ်းပေးတော်မူ၏၊ အစာအာဟာရ၌ လောလုပ်တဏှာကို ပယ်သတ်ပြီးဖြစ်၏၊ မဂ်ဉာဏ်လေးပါးနှင့်ပြည့်စုံတော်မူကာ ဆိတ်ငြိမ်ရာတောအရပ်၌ စျာန်ဝင်စား၍ နေလေ့ရှိတော်မူ၏၊ လောကဓံတရား တို့ကိုလည်း ခံနိုင်တော်မူပြီး တစ်သောင်းသော လောကဓာတ်၌ တစ်ဆူတည်းဘဂ

ပွင့်ပေါ်တော်မူလာသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ချဉ်းကပ်ခါ သေမင်း၏ကျော့ကွင်းနှင့်တူသော တောဘူမက် ဝင့်ဒုက္ခမှ လွတ်မြောက်ရာအမှန် နိဗ္ဗာန်တရားတော်မြတ်ကို လျှောက်ထားမေးမြန်း ကြပါကုန်စို့။

အထက်ပါအတိုင်း နတ်မင်းကြီးနှစ်ဦးတို့သည် ဘုရားစစ်ဘုရားမှန်တို့၏ ဂုဏ် အင်္ဂါ လက္ခဏာတို့ကို ဖော်ပြဆန်းစစ်ကာ ကျေနပ်အားရလှသဖြင့် မြတ်စွာဘုရားရှင်ရှိရာ ဣသိပတန မိဂဒါဝုန်တောသို့ နတ်ဘီလူးတစ်ထောင် ခြံရံလျက် ဘုရားဖူး တရားနာရန် သန်းခေါင်ယံအချိန်တွင် ရောက်ရှိလာကြလေသည်။ ထိုနတ်ဘီလူးတို့ ရောက်ရှိလာချိန်တွင် ဘုရားရှင်မှာ ဓမ္မစကြာတရားဟောကြားတော်မူစဉ်က သီတင်းသုံးတော်မူသည့် တင်ပလ္လင်ကိုပင် မဖျက်ရသေးချေ၊ နတ်မင်းနှစ်ဦးတို့သည် ဘုရားရှင်အား ရှိခိုးခွင့်ပန်၍ ဟောမဝတနတ်မင်းက အမေးပုစ္ဆာပြဿနာရပ်များကို လျှောက်ထားသဖြင့် မြတ်စွာဘုရားက ဟောမဝတသုတ္တန်ကို ဟောကြားတော်မူရာ အခွေအရံနတ်သားတစ်ထောင်နှင့်တကွ နတ်ဘီလူးနှစ်ဦးလုံး သောတာပန် တည်သွားကြလေသည်။

အနုတ္တလက္ခဏသုတ်

လောဘစသော ကိလေသာတို့သည် အာရုံ (၆) ပါးတို့ကို စွဲလမ်းတတ်ကြ၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ကိလေသာတရားတို့ ထူပြောများပြားလျက် ရှိကြသည်။ အစွဲတရားပြင်းထန်ကြသည်၊ မိမိကိုယ်ခန္ဓာကို အသက်၊ လိပ်ပြာ၊ ဝိညာဉ်ကောင်ဟု စွဲလမ်းသော အတ္တစွဲသည် အခွာရ အခက်ခဲဆုံး အပြင်းထန်ဆုံးသော အစွဲဖြစ်သည်။ သတ္တဝါတို့ကို ဒုက္ခအပေးဆုံးလည်း ဖြစ်သည်။ ဘုရားမပွင့်မီက ဘုရားဟူ၍ အမည်ခံနေသူများလည်း အတ္တဝါဒ ရှိသူချည်းသာ ဖြစ်ကြ၏။ အတ္တစွဲကို ခွာပစ်နိုင်ဖို့မှာ သစ္စာလေးပါးတရားကို ကိုယ်တိုင် သိရှိမှသာ ဖြစ်နိုင်သည်။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် သစ္စာလေးပါး တရားကို ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူခဲ့ပြီး သူတပါးကိုလည်း သိအောင် ဟောပြောနိုင်လေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့

ရောက်တော်မူပြီးနောက် (၂) လအကြာ ဝါဆိုလပြည့်နေ့တွင် သစ္စာလေးပါး တရားကို ဟောကြား ဖော်ပြရာဖြစ်သော ဓမ္မစကြာသုတ်တော်ကို ထုတ်ဖော် ဟောကြားတော်မူခဲ့ရာ အရှင်ကောဏ္ဍညမထေရ်နှင့် ဗြဟ္မာ (၁၈) ကုဋေ၊ နတ်ပေါင်းများစွာတို့ သောတာပန်ဖြစ်ခဲ့ကြသည်။ ဝိစိကိစ္ဆာနှင့် သက္ကာယဒိဋ္ဌိ အတ္တစွဲတို့ ပြုတ်သွားခဲ့ကြသည်။

ဝါဆိုလပြည့်နေ့သည် မဇ္ဈိမယာမ်တွင် သာတာဂိရနှင့် ဟေမဝတနတ်မင်း တို့သည် အခြံအရံ နတ်ဘီလူးတစ်ထောင်နှင့်အတူ ရောက်လာကြကာ ပုစ္ဆာ (၁၀) ချက်ကို မေးလျှောက်ကြသည်။ မြတ်စွာဘုရား ဖြေကြားတော်မူပြီးသော အခါ သောတာပန်ဘဝသို့ ရောက်ကြပြန်သည်။

မြတ်စွာဘုရားသည် ကျန် ပဉ္စဝဂ္ဂိတို့အား ကမ္မဋ္ဌာန်းတရားအားထုတ်စေပြီး ကိုယ်တော်တိုင် တရားပြတော်မူရာ ဝါဆိုလပြည့်ကျော် (၁) ရက်နေ့တွင် အရှင်ဝပ္ပ၊ ၂-ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ ၃-ရက်နေ့တွင် အရှင်မဟာနာမ်၊ ၄-ရက်နေ့တွင် အရှင်အဿဇိ မထေရ်တို့ သောတာပန် အသီးသီး ဖြစ်ကြပြန်သည်။

သာသနာပကာလတွင် ဉာဏ်အားကြီးသော သူတို့သည် သာမန်အားဖြင့် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာကို သိမြင်နိုင်ကြသော်လည်း အနတ္တလက္ခဏာ ကိုကား ထိုးထွင်း၍ မသိနိုင်ကြပေ။ အနတ္တတရားသည် လွန်စွာ သိမြင်ရန် ခက်ခဲ နက်နဲ နူးညံ့လှသော တရားဖြစ်သည်။ ဘုရားဖြစ်ရာ ကာလနှင့် ဘုရားသာသနာတော်အတွင်း၌သာ မြင်နိုင်ထင်နိုင်သော တရားဖြစ်သည်။ အနတ္တအမြင် ကြည်လင်စွာထင်မှ အတ္တပြုတ်မည်။ အတ္တကင်းကွာမှ ဘင်္ဂဉာဏ်၊ ဘယဉာဏ် အာဒီနဝဉာဏ် အဆင့်ဆင့် ရင့်သန်၍ အရဟတ္တမဂ်ဉာဏ်ကို ရနိုင်သည်၊ နိဗ္ဗာန်ကို မြင်နိုင်သည်။

အနတ္တလက္ခဏသုတ်တော်ကို မြတ်စွာဘုရားသည် မဟာသဏ္ဍရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅-ရက်၊ ကြာသပတေးနေ့တွင် ဗာရာဏသီပြည် အနီး မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ် သောတာပန်အရိယာသာဝကများ ဖြစ်ကြသော ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူခဲ့သည်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အတ္တမဟုတ်၊ အတ္တမဟုတ် ခြင်းကြောင့် ကိုယ့်အလိုသို့မပါ၊ လိုရာမဖြစ်၊ အနိစ္စအစစ်အမှန် ဒုက္ခအစစ် အမှန်တို့သာဖြစ်ကုန်၏။ အနိစ္စအစစ် ဒုက္ခအစစ် ဖြစ်သောကြောင့်လည်း အနှစ်သာရ ရှာမရနိုင်၊ လုံးဝအစိုးမရသည့် သဘောတရားအစုတို့သာတည်း ဟု အနတ္တလက္ခဏသုတ္တန်ဖြင့် ခန္ဓာငါးပါးကို လက္ခဏာရေး ၃-ပါးတင်၍ ဟောကြွန်ပြသတော်မူခဲ့သည်။

ဤသုတ်တော်ပြီးဆုံးသောအခါ ပဉ္စဝဂ္ဂီငါးဦးလုံးပင် တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားများကို အကြွင်းမဲ့ ပယ်သတ်၍ ရဟန္တာမြတ် ကြီးများအဖြစ်သို့ ရောက်တော်မူခဲ့ကြသည်။ ဤသုတ်တော်ကြောင့် ဤလောကဝယ် ဘုရားရှင်အပါအဝင် ရဟန္တာခြောက်ပါးပေါ်ထွက်ခဲ့သည်။ **" ရဟန္တာ အစစ အနတ္တလက္ခဏသုတ်တော်က "** ဟု မှတ်တမ်းတင် ကမ္ဘည်းထိုးရသည့် သုတ်တော်မြတ်ပင် ဖြစ်ပေသည်။

အနတ္တလက္ခဏာတရားတော်

ရဟန်းတို့ --- ရုပ်သည် အတ္တမဟုတ်၊ ရုပ်မှာ အတ္တမရှိ၊ ရုပ်သည် အတ္တဖြစ်ခဲ့လျှင် ဤရုပ်သည် နာကျင်ခြင်းငှါ မဖြစ်ရာ၊ "ငါ၏ရုပ်သည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့အဆိုးမဖြစ်စေနှင့်"ဟု မိမိအလိုကျအောင် ရုပ်တို့၌ စီမံခန့်ခွဲနိုင်ရာ၏၊ ရဟန်းတို့ - ရုပ်သည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်း ဖြစ်ရ၏။ "ငါ၏ရုပ်သည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု ရုပ်တို့၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့ --- ဝေဒနာသည် အတ္တမဟုတ်၊ ဝေဒနာမှာ အတ္တမရှိ၊ ဝေဒနာသည် အတ္တဖြစ်ခဲ့လျှင် ဤဝေဒနာသည် နာကျင်ခြင်းငှါမဖြစ်ရာ "ငါ၏ဝေဒနာသည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု မိမိအလိုကျအောင် ဝေဒနာ၌ စီမံခန့်ခွဲနိုင်ရာ၏၊ ရဟန်းတို့ --- ဝေဒနာသည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်းဖြစ်ရ၏၊ "ငါ၏ဝေဒနာသည် ဤသို့ အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု ဝေဒနာ၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့ --- သညာသည် အတ္တမဟုတ်၊ သညာမှာ အတ္တမရှိ၊ သညာသည် အတ္တဖြစ်ခဲ့လျှင် ဤသညာသည် နာကျင်ခြင်းငါမဖြစ်ရာ၊ "ငါ၏သညာသည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့အဆိုးမဖြစ်စေနှင့်" ဟု မိမိအလိုကျအောင် သညာ၌ စီမံခန့်ခွဲနိုင်ရာ၏။ ရဟန်းတို့ - သညာသည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းသည်လည်း ဖြစ်ရ၏၊ "ငါ၏သညာသည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု သညာ၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့ --- သင်္ခါရတို့သည် အတ္တမဟုတ်၊ သင်္ခါရတရားတို့၏ အတ္တမရှိ၊ သင်္ခါရတို့သည် အတ္တဖြစ်ခဲ့လျှင် ဤသင်္ခါရတို့သည် နာကျင်ခြင်းငါ မဖြစ်ရာ၊ "ငါ၏သင်္ခါရတို့သည် ဤသို့ အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်" ဟု မိမိအလိုကျအောင် သင်္ခါရတို့၌ စီမံခန့်ခွဲနိုင်ရာ၏။ ရဟန်းတို့ --- သင်္ခါရတို့သည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်း ဖြစ်ကြရ၏၊ "ငါ၏သင်္ခါရတို့သည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့အဆိုးမဖြစ်စေနှင့်"ဟု သင်္ခါရတို့၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့ --- ဝိညာဉ်သည် အတ္တမဟုတ်၊ ဝိညာဉ်မှာ အတ္တမရှိ၊ ဝိညာဉ်သည် အတ္တဖြစ်ခဲ့လျှင် ဤဝိညာဉ်သည် နာကျင်ခြင်းငါ မဖြစ်ရာ၊ "ငါ၏ဝိညာဉ်သည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့အဆိုးမဖြစ်စေနှင့်" ဟု မိမိအလိုကျအောင် ဝိညာဉ်၌ စီမံခန့်ခွဲနိုင်ရာ။ ရဟန်းတို့ --- ဝိညာဉ်သည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်း ဖြစ်ရ၏၊ "ငါ၏ ဝိညာဉ်သည် ဤသို့ အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု ဝိညာဉ်၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့ --- ရုပ်သည် မြဿလော၊ မမြဿလောဟု မေးတော်မူ၍ "မမြဲပါ အရှင်ဘုရား"ဟု လျှောက်ထားကြကုန်၏။ မမြဲသောရုပ်သည် ဆင်းရဲလော၊ ချမ်းသာလောဟု မေးတော်မူရာ"ဆင်းရဲဖြစ်ပါသည် အရှင်ဘုရား" ဟု လျှောက်ထားကြကုန်၏၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘော ရှိသော ရုပ်ကို "ဤရုပ်သည် ငါ၏ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏အတ္တတည်း"ဟု စွဲယူခြင်းငါ သင့်လျော်ပါ!မည်လော ဟု မေးတော်မူပြန်ရာ "မသင့်လျော်ပါ အရှင်ဘုရား"ဟု လျှောက်ထားကြကုန်၏။

ထို့အတူပင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တို့ကိုလည်း အမေးအဖြေ ပြုလုပ်တော်မူသည်။

ရဟန်းတို့ --- ထို့ကြောင့် အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ်၊ မိမိသန္တာန်၌ ဖြစ်သောရုပ်၊ သူတပါးသန္တာန်၌ဖြစ်သောရုပ်၊ ကြမ်းတမ်းသောရုပ်၊ နူးညံ့သောရုပ်၊ ယုတ်ညံ့သောရုပ်၊ ကောင်းမြတ်သောရုပ်၊ အနီး၌ဖြစ်သောရုပ်၊ အဝေး၌ဖြစ်သောရုပ် တည်းဟူသော ဤရုပ်အလုံးစုံကို "ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်"ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ပညာဖြင့် ရှုမြင်ရမည်။

ထို့အတူပင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ မိမိသန္တာန်၊ သူတပါးသန္တာန်၊ အကြမ်း၊ အနု၊ အယုတ်၊ အမြတ်၊ အနီး၊ အဝေးဖြစ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ကို့ကိုလည်း "ငါ၏ ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ အတ္တမဟုတ်"ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ပညာဖြင့် ရှုမြင်ရမည်။

ရဟန်းတို့ --- ဤသို့ ရှုမြင်သည်ရှိသော် အကြားအမြင် ဗဟုသုတရှိသော အရိယာသာဝကသည် ရုပ်၌လည်းငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဉ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့ခြင်းကြောင့် ခန္ဓာငါးပါးတို့၌ တပ်မက်ခြင်း ကင်း၏။ မတပ်မက်ခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်ပြီးသည်ရှိသော် "ကိလေသာမှလွတ်မြောက်ပြီ"ဟု ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာ၏။ နောက်ထပ် တဖန် ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီးပြီ၊ မင်္ကိစ္စကို ပြုအပ်ပြီးပြီ၊ ဤမင်္ဉာဏ်ရရှိရေးအတွက် အခြားတပါး အားထုတ်ပြုလုပ်ဖွယ် ကိစ္စ မရှိတော့ပြီဟု သိ၏။ ဤသို့ မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

မြတ်စွာဘုရားသည် အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူပြီးသည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် လွန်စွာနှစ်သက်ကြကုန်၏၊ ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်၏။ ဤဒေသနာတော်ကို ဟောကြားပြီးဆုံးသည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် စွဲလမ်းမှုမရှိဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ကြလေကုန်၏။ ထိုအခါဝယ် ဤလောက၌ ဘုရားအပါအဝင် ရဟန္တာခြောက်ဆူ ဖြစ်ထွန်း ပေါ်ပေါက်၍ လာကုန်၏။

အခန်း (၅)

သစ္စာ (၂)ပါးနှင့် လောက (၃)ပါး

အခန်း (၅)

သစ္စာ (၂) ပါး

မြတ်ဗုဒ္ဓဒေသနာတော်သည် သစ္စာအားဖြင့် -

(၁) သမ္မုတိသစ္စာ၊

(၂) ပရမတ္ထသစ္စာဟူ၍ (၂) ပါးအပြားရှိသည်။

သမ္မုတိသစ္စာ

လူတို့ ခေါ်ဝေါ်သတ်မှတ်ချက်အရ မှန်ကန်ခြင်းသည် "သမ္မုတိသစ္စာ" မည်၏။

ထိုသမ္မုတိသစ္စာဟူသည် လူတို့ခေါ်ဝေါ်ပြောဆိုနေကြသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ မင်း၊ ပုဏ္ဏား၊ ယောက်ျား၊ မိန်းမ အစရှိသော အမည် ပညတ်တို့ ဖြစ်သည်။

ယင်းအမည်ပညတ်တို့သည် ပရမတ္ထသဘာဝအားဖြင့် အမှန်ထင်ရှား မရှိကြသော်လည်း လောကလူသားများက အညီအညွတ် ခေါ်ဝေါ်သတ်မှတ်ထားကြ၏၊ သတ်မှတ်ချက်အရ အမှန်တရားများပင်ဖြစ်၏၊ ထို့ကြောင့် ယင်းအမည်ပညတ်တို့ကို သမ္မုတိသစ္စာဟု ခေါ်သည်။

ဤသမ္မုတိသစ္စာသည် မုသာဝါဒမဖြစ်၊ (တစ်ဘဝအတွင်း အခါခါဖြစ်ခြင်း၊ ချုပ်ခြင်းမရှိဘဲ တစ်သက်လုံးခိုင်မြဲနေသော အတ္တဟူသည် ဧကန်အမှန်ရှိ၏၊ ဇီဝမည်သည် ဧကန်အမှန်ရှိ၏ဟု ပြောဆိုကြသောစကားသည် လူအများတို့ ပြောရိုးဆိုရိုးအတိုင်း ပြောဆိုကြသောကြောင့် ပြောဆိုသောသူမှာ မုသာဝါဒမဖြစ်၊ တစ်ဦးတစ်ယောက်ကိုမျှ လှည့်စားခြင်းမဖြစ်ပေ။) ဗြဟ္မာ၊ လူ၊ နတ်၊ မင်း၊ ပုဏ္ဏား၊ ယောက်ျား၊ မိန်းမစသည်ဖြင့် ခေါ်ဝေါ်ပြောဆိုခြင်းသည် လောကလူသားတို့ သတ်မှတ်ချက်အတိုင်း အမှန်ကိုပြောဆိုခြင်းဖြစ်သောကြောင့် မုသာဝါဒမဖြစ်၊ တစ်ဦးတစ်ယောက်ကိုမျှ

လှည့်စားမှုလည်းမဖြစ်ပေ။

ပရမတ္ထသစ္စာ

ပင်ကိုသဘာဝအားဖြင့် မှန်ကန်ခြင်းသည် ပရမတ္ထသစ္စာမည်၏။

ထိုပရမတ္ထသစ္စာဟူသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် အစရှိသောတရားများဖြစ်သည်။ ယင်းပရမတ္ထ တရားတို့သည် ပင်ကိုသဘာဝ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အမှန်တရားများ ဖြစ်၏၊ ထို့ကြောင့် ယင်းပရမတ္ထတရားတို့ကို ပရမတ္ထသစ္စာဟု ခေါ်သည်။

ဤပရမတ္ထသစ္စာသည် အမှားမြင်စေတတ်သော ဝိပလ္လာသတရား၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ဤပရမတ္ထသစ္စာတရားကို သိမှသာလျှင် ဝိပလ္လာသ အသိမှား အမြင်မှား အမှတ်မှားတရားကို ပယ်နိုင်၏၊ ဝိပလ္လာသတရားကို ပယ်နိုင်မှသာလျှင် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်ပေသည်။

သစ္စာနှစ်ပါးနှင့် မြတ်ဗုဒ္ဓဒေသနာ

ဘုရားရှင်သည် ဝေနေယျတို့အား သမ္မုတိသစ္စာဒေသနာဖြင့် ဟောကြားမှတရားရနိုင်မည်ဖြစ်ပါလျှင် သမ္မုတိသစ္စာဒေသနာဖြင့် ဟောကြားတော်မူသည်။

ပရမတ္ထသစ္စာဒေသနာဖြင့် ဟောကြားမှ တရားရနိုင်မည်ဖြစ်ပါလျှင် ပရမတ္ထသစ္စာဒေသနာဖြင့် ဟောကြားတော်မူသည်။

ဥပမာအားဖြင့် - ဘာသာမျိုးစုံကို တစ်ဖက်ကမ်းခပ် တတ်ကျွမ်းသည့် ဝေဒပါရဂူ ဆရာကြီးသည် ဣရာ၊ ယဇု၊ သာမ-ဟူသော ဝေဒ (ဗေဒင်) သုံးပုံကို သင်ကြားပေးရာ၌ ဒမိဠဘာသာဖြင့် သင်ကြားပေးမှ တတ်မြောက်နိုင်မည့် တပည့်ကို ဒမိဠဘာသာဖြင့် သင်ကြားပေး၏၊ အခြားဘာသာဖြင့် သင်ကြားမပေးချေ၊ ထို့အတူ အန္ဓကဘာသာဖြင့် သင်ကြားပေးမှ တတ်မြောက်နိုင်မည့် တပည့်ကိုလည်း အန္ဓကဘာသာဖြင့်သာ သင်ကြားပေး၏၊ အခြားဘာသာဖြင့် သင်ကြားမပေးချေ။

ဤကဲ့သို့ တပည့်များ တတ်ကျွမ်းမည့် ဘာသာအားလျော်စွာ သင်ကြားသဖြင့် တပည့်အားလုံး ဝေဒပညာကို လျင်မြန်စွာ တတ်ကျွမ်းသွားကြ၏။

ထို့အတူ မြတ်စွာဘုရားသည်လည်း သမ္မုတိသစ္စာ ဒေသနာဖြင့် ဟောကြားမှ

တရားရ ကျွတ်တမ်းဝင်နိုင်မည်ဖြစ်လျှင် သမ္မုတိသစ္စာဒေသနာဖြင့် ဟောကြားတော်မူ၍၊ ပရမတ္ထသစ္စာဒေသနာဖြင့် ဟောကြားမှ တရားရ ကျွတ်တမ်းဝင်နိုင်မည်ဖြစ်လျှင် ပရမတ္ထသစ္စာဒေသနာဖြင့် ဟောကြားတော်မူသည်။

အနတ္တဝါဒီနှင့် သမ္မုတိသစ္စာ

မြတ်စွာဘုရားသည် အနတ္တဝါဒီပုဂ္ဂိုလ်ကြီး ဖြစ်သည့်အတွက် အကယ်၍ တရားဟောကြားမည်ဆိုလျှင် ပရမတ္ထသစ္စာ ဒေသနာကို မဟောကြားသင့်၏၊ သမ္မုတိသစ္စာဒေသနာကို မဟောကြားသင့်ဟု မှတ်ထင်ယူဆဖွယ်ရှိ၏ ။ အမှန်ကား ထိုသို့ မဟုတ်ချေ။ မြတ်စွာဘုရားရှင်သည် အနတ္တဝါဒီ ပုဂ္ဂိုလ်ကြီးဖြစ်သော်လည်း သမ္မုတိသစ္စာဒေသနာကို အောက်ပါအကြောင်း ရှစ်မျိုးတို့ကြောင့် မစွန့်ပယ်ဘဲ ဟောကြားတော်မူခဲ့ပါသည် ။ ယင်းအကြောင်းရှစ်မျိုးတို့မှာ-

(၁) ဟိရီသြတ္တပ္ပ - အရှက်အကြောက်တရားနှစ်ပါး
(၂) ကမ္မဿကတာဉာဏ် - ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိ၏ဟု သိသည့်ဉာဏ်
(၃) ပစ္စတ္တပုရိသကာရ - လူတို့၏ လုံ့လစွမ်းအား
(၄) အာနန္တရိယကမ္မ - ဘဝမခြား ဆက်တိုက် အကျိုးပေးသော ကြီးလေးသော ကံ
(၅) ဗြဟ္မဝိဟာရ - မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများ
(၆) ပုဗ္ဗေနိဝါသာနုဿတိဉာဏ် - ရှေး၌ နေဖူး ဖြစ်ဖူးသော ခန္ဓာအစဉ်ကို သိမြင်သော ဉာဏ်
(၇) ဒက္ခိဏာဝိသုဒ္ဓိ - အလှူခံပုဂ္ဂိုလ်၏ စင်ကြယ်မှု
(၈) လောကသမ္မုတိ အပ္ပဟာန - သမ္မုတိသစ္စာကို ပယ်၍ မဖြစ်မှု

တို့ဖြစ်သည်။

ဤအကြောင်း ရှစ်မျိုးတို့ကို ထင်ရှားပြလိုတော်မူသောကြောင့် မြတ်စွာဘုရားရှင်သည် အနတ္တဝါဒီ ပုဂ္ဂိုလ်ကြီး ဖြစ်ပါလျက် သမ္မုတိသစ္စာ ဒေသနာကို ဟောကြားတော်မူသည်။

(၁) ဟိရီသြတ္တပ္ပတရားနှင့် သမ္မုတိသစ္စာ

မကောင်းမှုပြုရမည်ကို ရှက်ခြင်းသည် ဟိရီ၊ မကောင်းမှုပြုရမည်ကို ကြောက်လန့်ခြင်းသည် သြတ္တပ္ပဖြစ်ပါသည်။ ဤတရားနှစ်ပါးကို သိရှိနားလည်ဖြီးတရားအတိုင်း လိုက်နာကျင့်ကြံကြပါမှ ဤသတ္တလောကကြီးမှာ ငြိမ်းချမ်းသာယာသော လောကကြီးဖြစ်နိုင်ပါသည်။

ဤတရားနှစ်ပါးကို မသိရှိ နားမလည်ကြပါက (သို့မဟုတ်) ဤတရားနှစ်ပါးမရှိပါက တစ်ဦးကိုတစ်ဦး သတ်မှု၊ တစ်ဦး၏ ပစ္စည်းကို တစ်ဦးက ခိုးယူမှု၊ တစ်ဦး၏ သားမယားကို တစ်ဦးက စော်ကားကျူးလွန်မှုစသည့် မကောင်းမှုမျှား ဖန်ရာ တကာ့၌ ဖြစ်ပေါ်လာပါမည်။ ထိုအခါ ဤသတ္တလောကကြီးမှာ ငြိမ်းချမ်းသာယာမှုကင်းမဲ့သွားပြီး တိရစ္ဆာန်လောကကြီးနှင့် ခြားနားမှု ရှိနိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် ဤတရားနှစ်ပါးကို သတ္တလောကကြီး မပျက်စီးရအောင် စောင့်ရှောက်တတ်သည့် "**လောကပါလ**" တရားဟူ၍ လည်းကောင်း၊ ဖြူစင်သန့်ရှင်းသော "**သုက္ကဓမ္မ**" ဟူ၍ လည်းကောင်း၊ နတ်တို့တရား "**ဒေဝဓမ္မ**" ဟူ၍လည်းကောင်း မြတ်စွာဘုရား ဟောကြားတော်မူထားပါသည်။

မြတ်စွာဘုရားရှင်သည် တရားဒေသနာမျှားကို သမ္မုတိသစ္စာဖြင့် မဟောကြားဘဲ ပရမတ္ထသစ္စာဖြင့်သာ ဟောကြားမည်ဆိုလျှင် -

"ခန္ဓာတို့သည် ရှက်ကြကုန်၏၊ ကြောက်လန့်ကြကုန်၏၊ အာယတနတို့သည် ရှက်ကြကုန်၏၊ ကြောက်လန့်ကြကုန်၏" စသည်ဖြင့် ဟောကြားရပေလိမ့်မည်။ ယင်းသို့ ဟောကြားခဲ့သော် "အဘယ်ခန္ဓာ၊ အဘယ် အာယတနတို့သည် အဘယ်ကဲ့သို့ ရှက်ကြကုန်သနည်း၊ အဘယ်ကဲ့သို့ ကြောက်လန့်ကြကုန်သနည်း" စသည်ဖြင့် ယုံမှားတွေးတောစရာ ပြဿနာမျှား ရှုပ်ထွေးလာမည့်အပြင် လူမျှားလည်း နားမလည်နိုင်ကြချေ။ ထို့ကြောင့် မည်သည့် ဝေနေယျမျှ တရားရနိုင် သိနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် အနတ္တဝါဒီ ပုဂ္ဂိုလ်ကြီးဖြစ်သော်လည်း လောက၌ ဟိရီသြတ္တပ္ပတရားများမရှိက လူလောကကြီး မတည်တံ့နိုင်ပုံကို သိစေလိုသောကြောင့် အမျိုးသားအမျိုးသမီးတို့သည် ရှက်ကြကုန်၏၊ ကြောက်လန့်ကြကုန်၏၊ စသည်ဖြင့် သမ္မုတိသစ္စာဖြင့် ဟောကြားရပါသည်။

(၂) ကမ္မဿကတာဉာဏ်နှင့် သမ္မုတိသစ္စာ

ကမ္မဿကတာဉာဏ်ဆိုသည်မှာ-“ကုသိုလ်ကံ၊ အကုသိုလ်ကံရှိ၏၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးရှိ၏၊ ကုသိုလ်ကံကိုပြုလျှင် ကောင်းကျိုးစံရမည်၊ အကုသိုလ်ကံကိုပြုလျှင် မကောင်းကျိုးခံရမည်။ နောင်တမလွန် လောကရှိသည်” စသည်ဖြင့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ဟု ယုံကြည်သိမြင်သည့် ဉာဏ်ဖြစ်သည်။

ကမ္မဿကတာဉာဏ်မရှိပါက ကံ, ကံ၏အကျိုးနှင့် တမလွန်လောကတို့ မရှိဟု ယူဆသောသူများဖြစ်လာ၍ မကောင်းမှုဒုစရိုက်များကိုသာ ပြုလုပ်ကြပေလိမ့်မည်။ နောင်တမလွန်လောကမရှိဟု ယူဆသဖြင့် တမလွန်လောက ကောင်းစားရေးအတွက် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြကတော့မည်မဟုတ်ပေ။ ဤကဲ့သို့ လောကကြီးကို ထိန်းကျောင်းပေးနိုင်သော ကံတရားမရှိရာဟု ယူဆသဖြင့် အယူမှားသူ (မိစ္ဆာဒိဋ္ဌိ)များဖြစ်မည့်အပြင် လောကကြီးပျက်စီးသွားနိုင်ပါသည်။

မြတ်စွာဘုရားရှင်သည် တရားဒေသနာများကို သမ္မုတိသစ္စာဖြင့် မဟောကြားဘဲ ပရမတ္ထသစ္စာဖြင့်သာ ဟောကြားမည်ဆိုလျှင် -

“ခန္ဓာတို့သည် ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိကုန်၏၊ အာယတနတို့သည် ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိကုန်၏ စသည်ဖြင့် ဟောကြားရပေလိမ့်မည်။ ယင်းသို့ ဟောကြားခဲ့သော် နားမလည်မည့်အပြင် အဘယ်ခန္ဓာအာယတနတို့သည် အဘယ်ကဲ့သို့ မိမိကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သနည်း” စသည်ဖြင့် ယုံမှားတွေးတောစရာ ပြဿနာများ ရှုပ်ထွေးလာလိမ့်မည်။

ထို့ကြောင့် အနတ္တဝါဒီ ပုဂ္ဂိုလ်ကြီးဖြစ်သော်လည်း ကမ္မဿကတာဉာဏ် မရှိကလောကကြီး ပျက်စီးသွားမည်ကို သိစေလိုသောကြောင့် “ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ ကံသာလျှင် မိမိကိုယ်ပိုင် ဥစ္စာရှိ၏” စသည်ဖြင့် သမ္မုတိသစ္စာဖြင့် ဟောကြားရပါသည်။

(၃) လူတို့၏ လုံ့လစွမ်းအားနှင့် သမ္မုတိသစ္စာ

ပစ္စတ္တပုရိသကာရ - ဆိုသည်မှာ လူတို့၏ လုံ့လစွမ်းအားဖြစ်သည်၊ တရားသဘောအားဖြင့် ဝီရိယဖြစ်၏၊ လောကဘွင် ကြီးပွားတိုးတက်ကြောင်း တရားသုံးပါးရှိ၏၊ ထိုသုံးပါးမှာ ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြစ်သည်၊ ထို့တွင် ဝီရိယ တရားသည် ကံတရား

ဖြစ်ပေါ်လာအောင် စွမ်းဆောင်ပေးရသောကြောင့် ကြီးပွားချမ်းသာရေးတွင် အလွန်အရေးပါ၏။ လောက၌ ပစ္စတ္တပုရိသကာရ ခေါ်သည့် လူတို့၏ လုံ့လစွမ်းအား မရှိသော်လည်းကောင်း၊ လူတို့ မသိနားမလည်သော်လည်းကောင်း တိုးတက်သာယာသော လောကကြီးဖြစ်နိုင်မည် မဟုတ်ပေ။

မြတ်စွာဘုရားသည် တရားတော်များကို သမ္မုတိသစ္စာဖြင့် မဟောကြားဘဲ ပရမတ္ထသစ္စာဖြင့်သာ ဟောကြားမည်ဆိုပါက -

“ခန္ဓာတို့သည် ဝေဒူဝန်ကျောင်းတော်ကြီး၊ ဇေတဝန်ကျောင်းတော်ကြီးများကို ဆောက်လုပ်ကြကုန်၏။ အာယတနတို့သည် ဆောက်လုပ်ကြကုန်၏” စသည်ဖြင့် ဟောကြားရပေလိမ့်မည်။ ယင်းသို့ ဟောကြားခဲ့သော် မည်သူမျှ နားလည်သိရှိနိုင်ကြမည်မဟုတ်ချေ။

လူအပေါင်းတို့သည် ဝေဒူဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ကြကုန်၏၊ မင်းတို့သည် ဆောက်လုပ်ကြကုန်၏ စသည်ဖြင့် သမ္မုတိသစ္စာဖြင့် ဟောကြားပါမှ လောကကြီး၏ တိုးတက်မှုသည် လူတို့၏ လုံ့လစွမ်းအားပေါ်၌ မူတည်နေသည်ကို သရှိနားလည်နိုင်ကြပေမည်။

ယင်းသို့ လောက၌ လူတို့၏လုံ့လစွမ်းအား အရေးပါကြောင်းကို သိစေလို၍ သမ္မုတိသစ္စာဖြင့် ဟောကြားရပါသည်။

(၄) အာနန္တရိယကံများနှင့် သမ္မုတိသစ္စာ

အခြားဘဝ၌ ဆက်တိုက်အကျိုးပေးသောကံသည် အာနန္တရိယကံ မည်၏။ ထိုကံကို အလွန်အပြစ်ကြီးလေးသောကြောင့် “ဂရုကံ” ဟူ၍လည်းခေါ်သည်။

ထိုအာနန္တရိယကံသည်-

၁။	မာတုယာတက ကံ	- အမိသတ်မှု
၂။	ပိတုယာတက ကံ	- အဘသတ်မှု
၃။	အရဟန္တယာတက ကံ	- ရဟန္တာသတ်မှု
၄။	လောဟိတုပ္ပါဒက ကံ	- ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုမှု

၅။ သံယဘေဒက ကံ ▪ သံယာအသင်းခွဲမှု-အားဖြင့်
(၅) မျိုးပြားသည်။

မြတ်စွာဘုရားရှင်သည် ပရမတ္ထသစ္စာဖြင့်သာ ဟောကြားမည်ဆိုလျှင် "ခန္ဓာတို့သည် မိဘကို သတ်ကြကုန်၏၊ အာယတနတို့သည် မိဘကို သတ်ကြကုန်၏" စသည်ဖြင့် ဟောကြားရပေလိမ့်မည်။

ယင်းသို့ ဟောကြားခဲ့သော် မည်သူတစ်ဦးတစ်ယောက်တလေမျှ နားလည်နိုင်ကြမည်မဟုတ်ချေ။

ယောက်ျားတို့သည် မိဘကို သတ်ကြကုန်၏၊ မိန်းမတို့သည် မိဘကို သတ်ကြကုန်၏ စသည်ဖြင့် သမ္မုတိသစ္စာဖြင့် ဟောကြားမှသာ တရားတော်များကို သိရှိနားလည်နိုင်ကြ၍ ထိုအပြစ်များမှ ရှောင်ကြဉ်နိုင်ကြမည် ဖြစ်ပေသည်။

သို့အတွက် လောကတွင် အာနန္တရိယ ကံ ငါးပါးကို ကျူးလွန်ကြပါက လောကကြီးပျက်စီးသွားမည်ကို သိစေလိုသောကြောင့် သမ္မုတိသစ္စာဖြင့် ဟောကြားရပါသည်။

(၅) ပြဟ္မဝိဟာရတရားများနှင့် သမ္မုတိသစ္စာ

ပြဟ္မဝိဟာရ တရားသည် - မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဥပေက္ခာအားဖြင့် လေးပါးအပြားရှိသည်။

ယင်းမေတ္တာစသော ပြဟ္မစိုရ်တရားလေးပါးနှင့် ပြည့်စုံစွာ နေထိုင်လျှင် မြင့်မြတ်သော နေထိုင်ခြင်းမျိုး ဖြစ်သောကြောင့်လည်းကောင်း၊ မြင့်မြတ်ကုန်သော ပြဟ္မာတို့၏ နေထိုင်မှုနှင့် တူသောကြောင့်လည်းကောင်း ထိုတရားလေးပါးတို့ကို ပြဟ္မဝိဟာရဟု ခေါ်သည်။

ဤပြဟ္မဝိဟာရ တရားလေးပါးတို့ ပို့သ ပွားများသူများကလည်း ပုဂ္ဂိုလ်၊ သတ္တဝါ ပညတ်များဖြစ်သည်၊ အပို့ခံရသူများလည်း ပုဂ္ဂိုလ်၊ သတ္တဝါ ပညတ်များပင်ဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ ပညတ်ရှိပါမှ ပြဟ္မ ဝိဟာရတရားဖြစ်ပေါ်နိုင်မည်၊ ဤတရားဖြစ်ပေါ်မှ လောကကြီး ငြိမ်းချမ်းသာယာမည်။

မြတ်စွာဘုရားရှင်သည် ပရမတ္ထသစ္စာဖြင့်သာ ဟောကြားမည်ဆိုလျှင် “ခန္ဓာ၊ အာယတနတို့သည် မေတ္တာပွားကြကုန်၏” စသည်ဖြင့် ဟောကြားရပေလိမ့်မည်။

ယင်းသို့ ဟောကြားခဲ့သော် မည်သည့် ဝေနေယျ သတ္တဝါမျှ တရားတော်ကို သိရှိနားလည်နိုင်မည် မဟုတ်ချေ။

လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့သည် မေတ္တာပွားကြကုန်၏ စသည်ဖြင့် သမ္မုတိသစ္စာဖြင့် ဟောကြားမှသာ ဗြဟ္မဝိဟာရတရားများ တိုးပွားကာ ကြီးပွားချမ်းသာသော ငြိမ်းချမ်းသာယာသော လောကကြီးကို တည်ဆောက်နိုင်ပေမည်။

ထို့ကြောင့် မေတ္တာ စသည့် ဗြဟ္မဝိဟာရတရားများ အရေးပါ၍ ပဓာန ဖြစ်ကြောင်းကို သိစေလိုသောကြောင့် သမ္မုတိသစ္စာဖြင့် ဟောကြားရပါသည်။

(၆) ပုဒ္ဂလိကဝါသနုဿတိဉာဏ်နှင့် သမ္မုတိသစ္စာ

ရှေးရှေးဘဝတို့၌ နေခဲ့ဖူး ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့သိမြင်သော ဉာဏ်ကို ပုဒ္ဂလိကဝါသနုဿတိဉာဏ်ဟုခေါ်သည်။ ဤဉာဏ်ကို ရနိုင်သော ပုဂ္ဂိုလ် (၆)မျိုးရှိရာ သာသနာပ ရသေ့(တိတ္ထိ) များပင် ကမ္ဘာလေးဆယ်အထိ အောက်မေ့သိမြင်နိုင်ကြ၏။ အမှန်စင်စစ် ဤဉာဏ်သည် ရှေးရှေးကဖြစ်ခဲ့ဖူးသော ဘဝပေါင်းများစွာကို အောက်မေ့သိမြင်နိုင်သည့် ဉာဏ်ဖြစ်၏၊ ရှေးရှေးဘဝများကို သိမြင်နိုင်သဖြင့် “ရှေ့ဘဝ၊ နောက်ဘဝ” ရှိသည်ဟု လက်ခံယုံကြည်ရကား ဘဝနှင့် ပတ်သက်၍ ပြဿနာမရှိနိုင်ကြပေ။

မြတ်စွာဘုရားသည် တရားတော်များကို ပရမတ္ထသစ္စာဖြင့်သာ ပေးကြားမည်ဆိုလျှင် ခန္ဓာ၊ အာယတနတို့သည် ရှေးဘဝခန္ဓာအစဉ်များကို အောက်မေ့သိရှိနိုင်ကုန်၏ စသည်ဖြင့် ဟောကြားရပေလိမ့်မည်။ ယင်းသို့ ဟောကြားပါက မည်သူမျှ နားလည်နိုင်မည် မဟုတ်သည့်အပြင် ဘဝပြဿနာ၌ တစ်ဖက်စွန်းရောက်သွားနိုင်ပေမည်။ မိစ္ဆာဒိဋ္ဌိ ဖြစ်နိုင်ပေသည်။

သေကွဲပုဂ္ဂိုလ်တို့သည် ရှေးဘဝခန္ဓာအစဉ်များကို အောက်မေ့သိရှိနိုင်ကြကုန်၏၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ရှေးဘဝခန္ဓာ အစဉ်များကို အောက်မေ့သိရှိနိုင်ကြကုန်၏ စသည်ဖြင့် သမ္မုတိသစ္စာဖြင့် ဟောကြားမှသာ တရားတော်များကို

သိရှိနားလည်နိုင်မည့်အပြင် ဘဝပြဿနာ၌ တစ်ဖက်စွန်း မရောက်ဘဲ အယူဝါဒ ရေးရာ၌ မဖျံမပဋိပဒါ အယူဝါဒ ဖြစ်နိုင်ကြပေမည်။

ယင်းသို့ အယူဝါဒရေးရာ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် အရေးပါပုံကို သိစေလို သောကြောင့် သမ္မုတိသစ္စာဖြင့် ဟောကြားရပေသည်။

(၇) အလှူခံပုဂ္ဂိုလ်နှင့် သမ္မုတိသစ္စာ

ထို့အတူ ပရမတ္ထသစ္စာဖြင့်သာ ဟောကြားမည်ဆိုလျှင် -

"ခန္ဓာတို့သည် အလှူခံကုန်၏၊ အာယတနတို့သည် အလှူခံကြကုန်၏" စသည်ဖြင့် ဟောကြားရပေလိမ့်မည်။

ထိုသို့ ဟောကြားပါက မည်သည့် ဝေနေယျမျှ တရားတော်ကို နားလည် သဘောပေါက်နိုင်မည် မဟုတ်သည့်အပြင် အလှူခံပုဂ္ဂိုလ်-အလှူပေးပုဂ္ဂိုလ်ဟူသည် မရှိ၊ ဒါနဟူသည် မရှိ စသည်ဖြင့် တစ်ဖက်စွန်းရောက်သွားနိုင်ပေသည်။

"ရဟန်းတို့သည် အလှူခံကြကုန်၏၊ သာမဏေတို့သည် အလှူခံကြကုန်၏" စသည်ဖြင့် သမ္မုတိသစ္စာဖြင့် ဟောကြားမှသာ နားလည် သဘောပေါက်ကြပေမည်။ ထို့ပြင် အလှူဒါနကုသိုလ်များ ပွားများကာ ကောင်းကျိုးကို ခံစားနိုင်ကြ၍ အလှူဝါဒ ရေးရာမှာ သဘောတရားအမှန်များကို သိလာနိုင်ပေမည်။ ထို့ကြောင့် သမ္မုတိ သစ္စာကို ဟောကြားရပါသည်။

(၈) လောကသမ္မုတိ အပွဟာန ▪ လောက၌ သမ္မုတိသစ္စာကို မပယ်နိုင်ပုံ

သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာနှစ်ပါးတွင် သမ္မုတိသစ္စာသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာန ပညတ် မည်၏၊ ပရမတ္ထ သဘာဝအားဖြင့် ထင်ရှားမရှိသော်လည်း အမှန်တရားပင်ဖြစ်၏။

မြတ်စွာဘုရားသည် အနတ္တဝါဒီ ပုဂ္ဂိုလ်ဖြစ်သော်လည်း လူတို့၏ အသုံးအနှုန်း ဝေါဟာရ ပညတ်များကို အတည်ပြုဟောကြားတော်မူ၏၊ ထိုသို့ ဟောကြားမှလည်း သတ္တဝါများ သဘောပေါက်နားလည်ကြမည်ဖြစ်ပေသည်။ ဘဝပြဿနာနှင့် အယူဝါဒ ရေးရာမှာလည်း မြင်လာပေမည်။

အကယ်၍ သမ္မုတိသစ္စာကို ပယ်လိုက်ပါက မည်သည့်ပညာရှင်မျှ လောကကြီးကို တိုးပွားအောင် တည်ထောင်နိုင်မည်မဟုတ်ပေ။ အမိ၊ အဖ၊ ဆရာသမား၊ သားသမီး၊ မောင်နှမ၊ မိန်းမ ယောကျ်ားစသည်များ မရှိတော့သဖြင့် လောကကြီးတစ်ခုလုံး စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ လောကကြီး ဖြစ်သွားနိုင်၏၊ သီလရှိသော ပုဂ္ဂိုလ်၊ သီလမဲ့သော ပုဂ္ဂိုလ်၊ ယုတ်မာသော ပုဂ္ဂိုလ်၊ မြင့်မြတ်သော ပုဂ္ဂိုလ်စသည်ဖြင့် အယုတ်၊ အလတ်၊ အမြတ် ခြားနားမှုလည်း မရှိနိုင်တော့ပေ၊ မိဘ ဆရာသမားတို့အား ကျေးဇူးဆပ်ရခြင်း၊ ရိုသေလေးစားရခြင်း၊ ကျွေးမွေးစောင့်ရှောက်ရခြင်း၊ လှူဒါန်းပေးကမ်းရခြင်း၊ သီလဆောက်တည်ရခြင်း၊ သမထ ဘာဝနာ အားထုတ်ရခြင်း စသည်တို့လည်း မရှိနိုင်တော့ချေ။

သမ္မုတိသစ္စာသည် လောကကြီးတစ်ခုလုံးကို စည်းမဲ့ကမ်းမဲ့ တိရစ္ဆာန်လောကကြီး ဖြစ်မသွားအောင် ထိန်းသိမ်းထားနိုင်သည့်အပြင် ငြိမ်းချမ်းသာယာသော လောကကြီးဖြစ်အောင် ဖန်တီးပေးနိုင်၏၊ ကျေးဇူးဆပ်ခြင်း (ကတညုတမဂ်လာ)၊ ရိုသေလေးစားခြင်း၊ (ဂါရဝမဂ်လာ)၊ ကျွေးမွေးစောင့်ရှောက်ခြင်း၊ လှူဒါန်းပေးကမ်းခြင်း၊ သီလဆောက်တည်ခြင်း၊ သမထ ဘာဝနာ အားထုတ်ခြင်း စသည့် ကုသိုလ်တရားများလည်း ဖြစ်ပေါ်လာနိုင်၏။

ဤသို့ သမ္မုတိသစ္စာခေါ် ပညတ်တရားသည် လောကီနယ်၌ အလွန်အရေးပါအရာရောက်သောကြောင့် မြတ်စွာဘုရားသည် အနတ္တဝါဒီ ပုဂ္ဂိုလ်ကြီးဖြစ်သော်လည်း သမ္မုတိသစ္စာဒေသနာတော်ကို ဆိုခဲ့ပြီးသော အကြောင်းရှစ်မျိုးအရ ဟောကြားတော်မူခြင်းဖြစ်ပေသည်။

သစ္စာ (၂) ပါးနှင့် အဘိဓမ္မာတရားတော်

အဘိဓမ္မာတရားတော်သည် ကျမ်းအရေအတွက်အားဖြင့် -

(က) ဓမ္မသင်္ဂဏီကျမ်း
(ခ) ဝိဘင်းကျမ်း
(ဂ) ဓာတုကထာကျမ်း
(ဃ) ပုဂ္ဂလပညတ်ကျမ်း
(င) ကထာဝတ္ထုကျမ်း
(စ) ယမိုက်ကျမ်း
(ဆ) ပဋ္ဌာန်းကျမ်း ဟူ၍ (၇) ကျမ်းရှိသည်။

သစ္စာနှစ်ပါးနှင့် အဘိဓမ္မာ (၇) ကျမ်းကို ဝေဖန်ရသော် -

ဓမ္မသင်္ကီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်းတို့.ကို ဟောရာ၌ ပရမတ္ထ သစ္စာကို အကျယ်အားဖြင့် ဟောတော်မူသည်။

ပုဂ္ဂလပညတ်ကျမ်းကို ဟောရာ၌ သမ္မုတိသစ္စာကို အကျယ်အားဖြင့် ဟောတော်မူသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းတို့.ကို ဟောရာ၌ သစ္စာ(၂)ပါး လုံးကို အကျယ်အားဖြင့် ဟောတော်မူသည်။

(က) ဓမ္မသင်္ကီကျမ်းနှင့် ပရမတ္ထသစ္စာ

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားတို့.ကို နှစ်စု၊ သုံးစု ခွဲခြမ်းပြု၍ နည်းမျိုးစုံဖြင့် ရေတွက်ပြသော ကျမ်းသည် ဓမ္မသင်္ကီကျမ်းမည်၏။ (ဓမ္မ- တရားများကို+သင်္ကီ - ရေတွက်ပြခြင်း)

ဤဓမ္မသင်္ကီကျမ်း၌ ပရမတ္ထတရားများကို ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ စသည်ဖြင့် သုံးစုပြု၍ ဟောကြားထားသည်၊ ယင်းသို့ သုံးစုပြု၍ ဟောခြင်းကို ပါဠိလို တိက၊ မြန်မာလို တိက် ဟုခေါ်၏၊ ထိုသို့သော တိက်ပေါင်း ၂၂-တိက်ရှိသည်။ ပရမတ္ထတရားများကို ဟေတူ ဓမ္မာ၊ နဟေတူ ဓမ္မာ စသည်ဖြင့် နှစ်စုပြု၍ ဟောခြင်းသည် ပါဠိလို ဒုက၊ မြန်မာလို ဒုက်မည်၏။ ထိုသို့သော ဒုက်ပေါင်း ၁၀၀-ရှိသည်။

ဓမ္မသင်္ကီကျမ်းကား ယင်းတိက် ၂၂ တိက်၊ ဒုက် ၁၀၀ တရားတို့.ကို သရုပ် အားဖြင့် ရေတွက်၍ ဟောပြသော ကျမ်းဖြစ်သည်။

ထို့ကြောင့် ဓမ္မသင်္ကီကျမ်းကို ပရမတ္ထသစ္စာဖြင့် ဟောတော်မူသည့် ကျမ်းဟု ဆိုရပေသည်။

(ခ) ဝိဘင်းကျမ်းနှင့် ပရမတ္ထသစ္စာ

ဓမ္မသင်္ကီကျမ်း၌ ဟောကြားအပ်ပြီးသော ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားများကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ် စသော (၁၈)

မျိုးသော အခန်းကဏ္ဍတို့ဖြင့် အကျယ်ဝေဖန်ပြသော ကျမ်းသည် ဝိဘင်းကျမ်းမည်၏။ (ဝိဘင်္ဂ-ဝေဖန်းခြင်း)

ဤဝိဘင်းကျမ်းကို အဘိဓမ္မာဘာဇနီယ နည်းဖြင့်သာမက သုတ္တန်ဆန်ဆန် ဟောကြားအပ်သော သုတ္တန္တဘာဇနီယနည်း၊ အမေး အဖြေပြုလုပ်၍ ဟောကြားအပ်သော ပဉ္ဉာပုစ္ဆကနည်းတို့ဖြင့် အဆင့်ဆင့် ချဲ့ထွင်၍ တန်ဆာဆင်ထားသည်။

ဤဝိဘင်းကျမ်းသည်လည်း ဓမ္မသင်္ဂဏီကျမ်း၌ ဟောခဲ့ပြီးသည့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားတို့ကိုပင် ချဲ့ထွင်၍ ဟောပြသော ကျမ်းဖြစ်သည်။

ထို့ကြောင့် ဤဝိဘင်းကျမ်းကိုလည်း ပရမတ္ထသစ္စာဖြင့် အကျယ်ဝေဖန်၍ ဟောတော်မူသည့် ကျမ်းဟု ဆိုသင့်ပေသည်။

(၈) ဓာတုကထာကျမ်းနှင့် ပရမတ္ထသစ္စာ

ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်းတို့၌ ဟောကြားအပ်ပြီးသော ကုသိုလ်၊ အကုသိုလ်၊ အဗျာကတရားများကို ရေတွက်ရသော ခန္ဓာ၊ အာယတန၊ ဓာတ်တရားများ (သင်္ဂဟော)၊ မရေတွက်ရသော ခန္ဓာ၊ အာယတန၊ ဓာတ်တရားများ (အသင်္ဂဟော) စသည်ဖြင့် အခန်းကဏ္ဍ (၁၄)မျိုးတို့ဖြင့် အဆင့်ဆင့် ချဲ့ထွင်ပြဆိုရာဖြစ်သော ကျမ်းသည် ဓာတုကထာကျမ်းမည်၏။ (ဓာတု-ခန္ဓာ၊ အာယတန၊ ဓာတ်တို့.ကို+ကထာ-ပြဆိုခြင်း)

ဤ ဓာတုကထာကျမ်း၌ သင်္ဂဟော၊ အသင်္ဂဟော စသော (၁၄)ပါးသော နည်းတို့ဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားများကိုပင် ဟောပြသည်။

ထို့ကြောင့် ဤဓာတုကထာကျမ်းကိုလည်း ပရမတ္ထသစ္စာဖြင့် အကျယ်ဝေဖန်၍ ဟောတော်မူသည့် ကျမ်းဟုပင် ဆိုသင့်ပေသည်။

(ဃ) ပုဂ္ဂလပညတ်ကျမ်းနှင့် သမ္မုတိသစ္စာ

ပုဂ္ဂလပညတ်စသော ပညတ်အမျိုးမျိုးကို ခွဲခြား သတ်မှတ်ပြသော ကျမ်းသည် ပုဂ္ဂလပညတ်ကျမ်းမည်၏။ (ပုဂ္ဂလ - ပုဂ္ဂိုလ်+ပညတ် - သတ်မှတ်ချက်)

ဤ ပုဂ္ဂလပညတ်ကျမ်း၌ - ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသော ပရမတ္ထ

တရားတို့၏ အမည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနပညတ်မည်၏။

လူ၊ နတ်၊ ဗြဟ္မာ၊ ယောက်ျား၊ မိန်းမစသော လူတို့ သုံးစွဲသော အမည်တို့သည် ပရမတ္ထအားဖြင့် ထင်းရှားမရှိသောကြောင့် အဝိဇ္ဇမာန ပညတ်မည်၏။

ဝိဇ္ဇမာန ပညတ်တို့ကို ခန္ဓပညတ်စသည်ဖြင့်သာ ပြ၍ အဝိဇ္ဇမာန ပညတ်ကိုမူ ပုဂ္ဂိုလ်တစ်မျိုး၊ နှစ်မျိုးစသည်ဖြင့် ချဲ့ထွင်၍ ဟောပြထားသည်။

ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ အဘိဓမ္မာသုံးကျမ်းကို ဟောပြီးသောအခါ ပရမတ္ထသစ္စာတရားများကိုသာ နာကြားရသည့် နတ်ဗြဟ္မာတို့၏ သန္တာန်၌ သံသယဝင်လာနိုင်သည်။ ဤအဘိဓမ္မာသုံးကျမ်းလုံး၌ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံစသော သမ္မုတိသစ္စာ ပညတ်စကားများ လုံးဝမပါဝင်ခဲ့ချေ။ ခန္ဓာ၊ အာယတနစသော ပရမတ္ထသစ္စာ တရားများသာ ပါဝင်ခဲ့သည်။

ထို့ကြောင့် ကမ္ဘာလောကကြီး၌ ပရမတ္ထသစ္စာတရားများသာ ရှိသလော၊ သမ္မုတိသစ္စာ ပညတ်တရားဟူသည် မရှိလေသလောဟု သံသယဝင်လာနိုင်၏။ ပညတ်ဟူသည် မည်သို့မျှ အသုံးမဝင်ဟု မှတ်ထင်ကာ တစ်ဖက်စွန်းသို့လည်း ရောက်သွားနိုင်ပေသည်။

လောက၌ ပရမတ္ထသစ္စာတရားသက်သက်မျှသာရှိ၏ဟု ယူဆလိုက်လျှင် တစ်ဖက်စွန်းရောက်နိုင်သကဲ့သို့ သမ္မုတိသစ္စာ ပညတ်သာ အဓိကဖြစ်၏၊ အရေးပါ၏ဟု ယူဆလိုက်လျှင်လည်း တစ်ဖက်စွန်းသို့ ရောက်နိုင်ပြန်သည်။ မြတ်စွာဘုရားရှင်၏ တရားတော်မှန်လျှင် လက်ဝဲစွန်း၊ လက်ယာစွန်းဟူသော အစွန်းနှစ်ဖက်မှ လွတ်ကာ မဇ္ဈိမပဋိပဒါ (အလယ်အလတ်ကျင့်စဉ်) လမ်းသာ အမှန်ဖြစ်ရပေသည်။

မြတ်စွာဘုရား၏ ကျင့်စဉ်များတွင် လှူဒါန်းမှု ဒါနပြုလုပ်ရာ၌ အလှူခံပုဂ္ဂိုလ် ပညတ်ကိုပင် လှူဒါန်းကြရသည်။

သီလဆောက်တည် ကျင့်သုံးရာ၌လည်း အခြားသတ္တဝါ၏ အသက်ကို မသတ်ရမူ၊ အခြားသတ္တဝါ၏ ပစ္စည်းကို မခိုးရမူစသည်ဖြင့် သတ္တဝါပညတ်ကို အစွဲပြု၍ သီလတရားဖြစ်ပေါ်ရ၏။

သီလရှိသော ပုဂ္ဂိုလ်၊ သီလမရှိသော ပုဂ္ဂိုလ်တို့ကို ခွဲခြားရာ၌လည်း၊ ပုဂ္ဂိုလ်ပညတ်ဖြင့်ပင် ခွဲခြားကြရသည်။

မေတ္တာပွားရာ၌လည်း "ပုဂ္ဂိုလ်၊ သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ" ဟု ပုဂ္ဂိုလ်၊ သတ္တဝါစသော ပညတ်ကိုပင် မေတ္တာပွားရသည်။ စျာန်အဘိညာဉ်ရရန် သမထတရား အားထုတ်ရာ၌လည်း ကသိုဏ်းပညတ်ကိုပင် အာရုံပြု၍ အားထုတ်ရသည်။

သို့ဖြစ်၍ ပညတ်သည် ဒါန၊ သီလ၊ သမထစသော လောကီနယ်ပယ်၌ မပါလျှင်မပြီး အရေးကြီးသော တရားပင်ဖြစ်၍ ပယ်၍ မဖြစ်နိုင်ပေ။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားပွဲကြီး၌ ပုဂ္ဂလပညတ်ကျမ်းကို ကျမ်းအမည်နှင့် လျော်ညီစွာ ပုဂ္ဂလပညတ် သမ္မုတိသစ္စာကို ရှေ့တန်းတင်၍ ဟောတော်မူရပေသည်။

(၄) ကထာဝတ္ထုကျမ်းနှင့် သစ္စာ (၂) ပါး

ရှေးအဘိဓမ္မာလေးကျမ်းတို့ဖြင့် ဟောခဲ့ပြီးသော ပရမတ္ထသစ္စာ၊ သမ္မုတိသစ္စာနှင့် စပ်သော စကားရပ်တို့ကို ရှင်ပြရာဖြစ်သောကျမ်းသည် ကထာဝတ္ထု ကျမ်းမည်၏။ (ကထာ - စကားရပ်+ဝတ္ထု - ရှင်းလင်းပြသရာ)

ဘုရားရှင်သည် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာကျမ်းတို့ဖြင့် ပရမတ္ထကထာတို့ကို ရှေ့တန်းတင် ပဓာနပြု၍ ဟောပြတော်မူခဲ့ပါသည်။ တဖန် ပုဂ္ဂလပညတ်ကျမ်းဖြင့် ပညတ်အမျိုးမျိုးတို့ကို ခွဲခြမ်းပြပြီး သမ္မုတိသစ္စာ- သမ္မုတိကထာ၊ ပုဂ္ဂလပညတ်ကိုသာ ရှေ့တန်းတင်ပဓာနပြု၍ ဟောပြတော်မူခဲ့ပါသည်။ ယင်းသစ္စာ (၂)မျိုး၊ ကထာ (၂)မျိုးတို့တွင် အဘယ်သစ္စာ၊ အဘယ်ကထာကို မူလဓကန် အမှန်တရားဟု ယူရမည်နည်း စသည်ဖြင့် တရားနာ ပရိသတ်တို့ သန္ဒာန်၌ သံသယများ ဝင်လာနိုင်၏။ ထို့ကြောင့် ယင်းသံသယများကို ဖြေရှင်းပြရန် ကထာဝတ္ထုကျမ်းဖြင့် ဆက်လက်ရှင်းပြတော်မူခဲ့ပါသည်။

ဥပမာ - "ဘုရားလောင်းသည် သုမေဓာရသေ့ဘဝဖြင့် ဒီပင်္ကရာ မြတ်စွာဘုရားထံ နိယတဗျာဒိတ်ပန်း ဆင်းမြန်းသည်မှစ၍ ဘုရားဖြစ်သည်အထိ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာအောင် ပါရမီဖြည့်ခဲ့၏" ဟု ဆိုရာ၌ ပရမတ္ထသစ္စာဘက်မှ ကြည့်လျှင် ဤအယူသည် သဿတဒိဋ္ဌိ (မြဲ၏ဟု ယူသော

အယူ) ဖြစ်၏ဟု ယူဆဖွယ်ရှိ၏။ ထိုစကားရပ်ကို သမ္မုတိသစ္စာဘက်မှ ကြည့်လျှင်ကား လောကဝေါဟာရ အသုံးအနှုန်း စကားရပ်သာဖြစ်၍ သဿတဒိဋ္ဌ မဖြစ်နိုင်သကဲ့သို့ ဖြစ်ပါသည်။

ဤသို့ အငြင်းပွားဖွယ်စကားရပ်တို့ကို ရှင်းပြသော ဤကထာဝတ္ထုကျမ်း၌ တတိယသင်္ဂီယနာ၏ အဓိပတိဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာ မထေရ်မြတ်သည် နိကာယ်ငါးရပ်မှ ထုတ်နုတ်၍ သုတ်ပေါင်းတစ်ထောင်ကို ရှင်းပြထားသည်။ ၎င်းတို့ကား - ပရမတ္ထတရားကို ပဓာနာထား၍ ဟောကြားတော်မူခဲ့သည့် သုတ်ပေါင်းငါးရာ၊ သမ္မုတိသစ္စာကို ပဓာနထား၍ ဟောကြားတော်မူခဲ့သည့် သုတ်ပေါင်းငါးရာအား ဖြင့် တစ်ထောင်ဖြစ်ပါသည်။

ယင်းတို့ကို ရှင်းပြရာ၌လည်း မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် နည်းအတိုင်းပင် ရှင်းပြထားခြင်း ဖြစ်ပါသည်။

သို့အတွက် ကထာဝတ္ထုကျမ်းကိုလည်း ပရမတ္ထသစ္စာနှင့် သမ္မုတိသစ္စာနှစ်ပါး အယူအဆမလွဲမှားစေရန် ရှင်းပြသော ကျမ်းဖြစ်သောကြောင့် သစ္စာ (၂) ပါးလုံးကို ဟောကြားသည့် ကျမ်းဟုပင် ဆိုသင့်ပါသည်။

(စ) ယမိုက်ကျမ်းနှင့် သစ္စာ (၂) ပါး

ပုစ္ဆာ ဝိသဇ္ဇနာအစုံ၊ အနုလောမပဋိလောမ အစုံ၊ သန္နိဋ္ဌာန် သံသယအစုံ စသော အစုံ အစုံ ဒေသနာ၏ အစွမ်းဖြင့် ဟောပြရာကျမ်းသည် ယမိုက်ကျမ်းမည်၏။ (ယမက - အစုံ)

ဤယမိုက်ကျမ်း၌ အသည်သတ်ပုဂ္ဂိုလ်အား ခန္ဓာတစ်ပါးဖြစ်၏ စသည်ဖြင့် ပြဆိုသော ပုဂ္ဂလဝါရကိုလည်းကောင်း၊ အသည်သတ်ဘုံ၌ ခန္ဓာတစ်ပါး၊ ပဋိဝေါကာရ (ခန္ဓာငါးပါးရှိသော) ဘုံ၌ ခန္ဓာငါးပါးဖြစ်၏ စသည်ဖြင့် ပြဆိုသော ဩကာသ (ဘုံ) ဝါရကိုလည်းကောင်း၊ အသည်သတ် ပုဂ္ဂိုလ်အား အသည်သတ်ဘုံ၌ ခန္ဓာတစ်ပါး ဖြစ်၏ စသည်ဖြင့် ပြဆိုသော ပုဂ္ဂလောကာသဝါရ (ပုဂ္ဂိုလ်+ဘုံ)ကို လည်းကောင်း ဟောပြတော်မူသည်။

သို့ဖြစ်၍ ယင်းယမိုက်ကျမ်းသည် ဩကာသလောကဟူသော ဘုံ၊ သတ္တလောကဟူသော ပုဂ္ဂိုလ်နှင့် သင်္ခါရလောကဟူသော ခန္ဓာ၊ အာယတနစသည်ကို ဟောပြသော ကျမ်းဖြစ်သည်။

ထို့ကြောင့် ဤယမိုက်ကျမ်းကိုလည်း သြကာသလောက, သတ္တလောက ဟူသော သမ္မုတိသစ္စာနှင့် သခ်ိါရလောကဟူသော ပရမတ္ထသစ္စာနှစ်ပါးလုံးကို ဟောတော်မူသည့် ကျမ်းဟုပင် ဆိုသင့်ပါသည်။

(ဆ) ပဋ္ဌာန်းကျမ်းနှင့် သစ္စာ (၂) ပါး

နာမ်ရုပ်တို့၏ အကြောင်းအမျိုးမျိုး၊ အကျိုးအမျိုးမျိုး၊ ကျေးဇူးပြုပုံ အမျိုးမျိုးတို့ဖြင့် နည်းမျိုးစုံရောပြွမ်း၍ ဟောကြားရာကျမ်းသည် ပဋ္ဌာန်းကျမ်းမည်၏။ (ပ = အမျိုးမျိုး+ဌာန = အကြောင်းတရား)

ဤပဋ္ဌာန်းကျမ်းကိုပင် အနန္တနယသမန္တပါသာဒိကကျမ်ဟုလည်း ခေါ်ပြန်သေး၏။ ရေတွက်၍ မဆုံးနိုင်အောင် နည်းပေါင်းစုံသောကြောင့် အနန္တနယဟု ခေါ်သည်။ ပတ်ဝန်းကျင်အလုံးစုံ ပြည့်စုံသောကြောင့် သမန္တဟုခေါ်သည်။ အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကြည်ညိုဖွယ်ကောင်းသောကြောင့် ပါသာဒိကဟု ခေါ်သည်။ ထို့ကြောင့် ပဋ္ဌာန်းကျမ်းတော်ကြီးသည် နည်းပေါင်းစုံတို့ဖြင့် အလုံးစုံ ပြည့်ဝကာ အစအလယ်အဆုံး သုံးပါးလုံး ကြည်ညိုဖွယ်ကောင်းသောကြောင့် အနန္တနယသမန္တ ပါသာဒိက အမည်ရလေသည်။

ဤပဋ္ဌာန်းကျမ်း၌ မြတ်စွာဘုရားသည် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ၊ ပညတ်စသော တရားများက ဆိုင်ရာ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ၊ ပညတ်စသော တရားများအား ဟေတု၊ အာရမ္မဏစသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပုံကို အကြောင်း၊ အကျိုး ၂၄-မျိုးထိအောင် ဆက်စပ်ခွဲခြမ်းကာ ဟောပြတော်မူပါသည်။

သို့ဖြစ်၍ ယင်းပဋ္ဌာန်းကျမ်းသည် စိတ်၊ စေတသိကက် စသော ပရမတ္ထသစ္စာတရားများနှင့် ပုဂ္ဂိုလ်၊ ကျောင်း၊ အိပ်ရာ၊ နေရာ၊ ရာသီဥတု၊ စားဖွယ်ဘောဇဉ်စသော သမ္မုတိသစ္စာ ပညတ်တရားများကို ဟောပြသော ကျမ်းပင်ဖြစ်ပါသည်။

ထို့ကြောင့် ဤပဋ္ဌာန်းကျမ်းကိုလည်း သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာနှစ်ပါးလုံးကို ဟောတော်မူသည့် ကျမ်းဟုပင် ဆိုနိုင်ပါသည်။

လောက (၃) ပါး

ဖြစ်ပျက်နေသော သဘောတရားများကို လောကဟု ခေါ်သည်။
ထိုလောကသည် -

(၁) သြကာသလောက
(၂) သတ္တလောက
(၃) သခါရလောကဟု -
(၃) ပါး အပြားရှိသည်။

(၁) သြကာသလောက

သတ္တဝါတို့၏ တည်ရာနေရာ ဘုံဌာန်သည် သြကာသလောကမည်၏။
ထို သြကာသလောကသည် -

(၁) ကာမ - ၁၁-ဘုံ
(၂) ရူပ - ၁၆-ဘုံ
(၃) အရူပ - ၄-ဘုံအားဖြင့် - (၃၁)ဘုံ ရှိပါသည်။ ကာမ (၁၁)ဘုံ ဟူသည် အပါယ် (၄)ဘုံ၊ ကာမသုဂတိ (၇)ဘုံတို့ ဖြစ်ပါသည်။

အပါယ် (၄) ဘုံ

ချမ်းသာကင်းသော ဘုံများကို အပါယ်ဘုံဟု ခေါ်သည်။

(၁) ငရဲဘုံ - ချမ်းသာဟူ၍ မြူတစ်စေ့မျှ မရှိသောဘုံ။

ငရဲကြီး (၈) ထပ်

(က) သဉ္ဇီဝ - သဉ္ဇီဝြင်းငရဲ - အဖန်ဖန် အထပ်ထပ် ပြန်၍ ပြန်၍ အသက်ရှင်ပြီး ငရဲဆင်းရဲကို ခံစားရသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊
(ခ) ကာလသုတ္တ - ကာလသုတ်ငရဲ - မျဉ်းကြိုးအနက်ဖြင့် မျဉ်းသားကာ ပဲခွပ်၊ ပုဆိန်၊ ဓားမ၊ လွှတို့ဖြင့် အရွေ့ခံရသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

(ဂ) သယ်ာတ - သယ်ာတငရဲ - အလွှဲတပြောင်ပြောင် တောက်လောင်နေသော သံတောင် သံခဲ့တို့ဖြင့် အဖန်တလဲလဲ ထုကြိတ်ဝါးမြိုခံနေရသော ငရဲသား တို့၏ ဖြစ်ရာဘုံ၊

(ဃ) ရောရုဝ - ရောရုဝငရဲ - ပြင်းထန်ကျယ်လောင်သော အသံဖြင့် အမြဲတမ်း ငိုကြွေး မြည်တမ်းနေရသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

(င) မဟာရောရုဝ - မဟာရောရုဝငရဲ - ရောရုဝငရဲသားတို့ထက် ပိုလွန်ပြင်းထန်စွာ ငိုကြွေး မြည်တမ်းနေရသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

(စ) တာပန - တာပနငရဲ - ပူလောင်လွန်းလှသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

(ဆ) မဟာတာပန - မဟာတာပနငရဲ - တာပနငရဲသားတို့ထက် ပိုလွန်ပြင်းထန်စွာ ပူလောင်သော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

(ဇ) အဝီစိ - အဝီစိငရဲ - မီးလျှံကွက်လပ်မရှိ၊ ဆင်းရဲဝေဒနာကွက်လပ်မရှိ၊ ငရဲသားကွက်လပ်မရှိသော ငရဲသားတို့၏ ဖြစ်ရာဘုံ။ (ထိုအဝီစိငရဲကိုပင် မဟာအဝီစိငရဲဟု ခေါ်သည်။)

ဥဿဒ ငရဲငယ် (၅) မျိုး

ထိုငရဲကြီး ရှစ်ထပ်တွင် အထပ်တိုင်းအထပ်တိုင်း၌ အမျိုးမျိုးသော ဆင်းရဲဒုက္ခများပြားလှသည့် ငရဲငယ် ငါးခုတို့ဖြင့် ဝန်းရံလျက်ရှိသည်၊ ထိုငရဲငယ်များကို ဥဿဒငရဲဟု ခေါ်၏၊ ထိုဥဿဒခေါ် ငရဲငယ်ငါးခုတို့ကား -

(က) ဘင်ပုပ်ငရဲ (ဂူထ)

(ခ) ပြာပူငရဲ (ကုက္ကုဠ)

(ဂ) လက်ပံတောငရဲ (သိပ္ပလိဝန)

(ဃ) သန်လျက်တောငရဲ (အသိပတ္တ)

(င) ကြိမ်ပိုက်ချောင်းငရဲ (ဝေတ္တရဏီ) -

တို့ ဖြစ်ပါသည်။

(က) ဘင်ပုပ်ငရဲ - ယူဇနာတစ်ရာနက်သော မစင်တွင်းကြီးထဲ၌ ပိုးလောက်တို့၏ ဝါးမျိုးစားသောက်မှုကို ခံရသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

(ခ) ပြာပူငရဲ - ယူဇနာတစ်ရာနက်သော ပြာပူတွင်းကြီးထဲ၌ အဖန်ဖန် ပူပြင်းလောင်ကျွမ်းမှုကို ခံရသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

(ဂ) လက်ပံတောငရဲ - သံနှင့်တူသော လက်ပံဆူး, ဓား-သန်လျက်နှင့်တူသော လက်ပံရွက်ရှိသော ယူဇနာတစ်ရာအမြင့်ရှိသော လက်ပံတော၌ ခွေး၊ လင်းတ၊ ကျားတို့၏ ဝါးမျိုကိုက်သတ်မှု၊ လက်ပံဆူး၊ လက်ပံရွက်တို့၏ စူးရှဖြတ်တောက်မှုကို ခံရသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

(ဃ) သန်လျက်တောငရဲ - အမြင့်,အနံတစ်ယူဇနာစီရှိသော သန်လျက်ရွက်နှင့်တူသော သစ်တောကြီး၌ လက်ပံတောငရဲနည်းတူ ခံရသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

(င) ကြိမ်ပိုက်ချောင်းငရဲ - အလွန်စပ်ဆံသော ကြေးနီပူရေတို့ဖြင့် သံတံကျင်ပမာ စူးရှသော ကြိမ်တို့ ရောယှက်ကာ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံနေရသော ငရဲသားတို့၏ ဖြစ်ရာဘုံ၊

ဆောင် - သဏ္ဌိုင်း, ကာလ၊ သံယာတနှင့်၊ ရောရုဝနှစ်၊ တာပန်နှစ်၊ တွက်စစ် အဝီစိ။ အထပ်တိုင်းမှာ၊ ဘင်, ပြာ, လက်, သန်၊ ကြိမ်ပိုက်ရံ၊ ငါးတန် ဥဿဒရှိ။

(၂) တိရစ္ဆာန်ဘုံ - တိရစ္ဆာန်တို့၏ နေရာဘုံ၊

(၃) ပြိတ္တာဘုံ - ချမ်းသာမှကင်းဝေးသော ပြိတ္တာတို့၏ နေရာဘုံ၊

(၄) အသုရကာယ်ဘုံ - မြူးထူးပျော်ပါးမှု ကင်းသည့် ပြိတ္တာ အသုရကာယ်တို့၏ နေရာဘုံ။

ကာမသုဂတိ (၇) ဘုံ

ကောင်းမှုရှိသူတို့ လားရောက်၍ စည်းစိမ်ချမ်းသာများကို ခံစားရာ ကာမဘုံကို ကာမသုဂတိဘုံဟု ခေါ်သည်။

(၁) လူ့ဘုံ - လူတို့၏ နေရာဘုံ၊
(၂) စာတုမဟာရာဇ်ဘုံ - ဓတရဋ္ဌ၊ ဝိရူဠ္ဟက၊ ဝိရူပက္ခ၊ ကုဝေရဟု ဆိုအပ်သော နတ်မင်းကြီး လေးပါးတို့၏ နေရာဘုံ၊
(၃) တာဝတိံသာဘုံ - မာယလုလင်နှင့် ကုသိုလ်ပြုဖက် ၃၃-ဦးတို့၏ နေရာဘုံ၊
(၄) ယာမာဘုံ - ဆင်းရဲဒုက္ခမှ ကင်းသော နတ်တို့၏ ဖြစ်ရာဘုံ၊
(၅) တုသိတာဘုံ - မိမိ၏ စည်းစိမ်းကျက်သရေတို့ကို နှစ်သက်တတ်သော နတ်တို့၏ ဖြစ်ရာဘုံ၊
(၆) နိမ္မာနရတိဘုံ - ကိုယ်တိုင်ဖန်ဆင်းထားသော စည်းစိမ်ဖြင့် မွေ့လျော်တတ်သော နတ်တို့၏ ဖြစ်ရာဘုံ၊
(၇) ပရနိမ္မိတဝသဝတ္တိဘုံ - သူများဖန်ဆင်းပေးသော စည်းစိမ်းကို မိမိအလိုဆန္ဒအတိုင်း ဖြစ်စေနိုင်သော နတ်တို့၏ ဖြစ်ရာဘုံ။

ဤကာမသုဂတိ (၇) ဘုံတွင် နံပါတ် (၁) လူ့ဘုံမှတပါး ကျန် (၆)ဘုံကို နတ်တို့၏ နေရာဖြစ်၍ နတ်ပြည် (၆) ထပ်ဟု ခေါ်သည်။

ရူပ (၁၆) ဘုံ

ရူပကုသိုလ်စွာန်ရသူတို့ ရောက်ရာ ဖြစ်သောကြောင့် ရူပဘုံဟု ခေါ်၏။ ထို ရူပဘုံသည် (၁၆) ဘုံရှိသည်။

ပထမစွာန် (၃) ဘုံ

(၁) ဗြဟ္မပါရိသဇ္ဇာဘုံ - မဟာဗြဟ္မာတို့၏ အခြံအရံ ပရိသတ်ဖြစ်သော ဗြဟ္မာငယ်တို့၏ ဖြစ်ရာဘုံ၊
(၂) ဗြဟ္မပုရောဟိတာဘုံ - မဟာဗြဟ္မာတို့၏ မှူးကြီးမတ်ရာ ပုရောဟိတ် ဗြဟ္မာတို့၏ ဖြစ်ရာဘုံ၊
(၃) မဟာဗြဟ္မာဘုံ - ကြီးမြတ်ကုန်သော (မဟာ) ဗြဟ္မာတို့၏ ဖြစ်ရာဘုံအားဖြင့် ပထမစွာန် (၃) ဘုံ၊

ဒုတိယစွာန် (၃) ဘုံ

(၄) ပရိတ္တာဘာဘုံ - ကိုယ်ရောင်ကိုယ်ဝါနည်းသော ဗြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၅) အပွမာဏာဘာဘုံ = ကိုယ်ရောင်ကိုယ်ဝါများသော ငြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၆) အာဘဿရာဘုံ = ပြုံးပြုံးပြက်ပြက် တလက်လက် ထွက်သော ကိုယ်ရောင်ကိုယ်ဝါရှိသော ငြဟ္မာတို့၏ ဖြစ်ရာဘုံအားဖြင့် ဒုတိယစျာန် (၃) ဘုံ။

တတိယစျာန် (၃) ဘုံ

(၇) ပရိတ္တသုဘာဘုံ = နည်းပါးသော်လည်း တခဲနက် တောက်ပသော ကိုယ်ရောင်ကိုယ်ဝါရှိသည့် ငြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၈) အပွမာဏသုဘာဘုံ = များပြား၍ တခဲနက်တောက်ပသော ကိုယ်ရောင် ကိုယ်ဝါရှိသည့် ငြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၉) သုဘကိဏ္ဏာဘုံ = တခဲနက်သော ကိုယ်ရောင်ကိုယ်ဝါ တို့ဖြင့် ရောယှက်နေသည့် ငြဟ္မာတို့၏ ဖြစ်ရာဘုံအားဖြင့် တတိယစျာန် (၃) ဘုံ။

(၁၀) ဝေဟပ္ဖိုလ်ဘုံ = ကြီးကြယ်ပြန့်ပြောသည့် အကျိုးရှိသော ငြဟ္မာတို့၏ဖြစ်ရာဘုံ၊

(၁၁) အသညသတ်ဘုံ = သညာ-စသော နာမ်ခန္ဓာ မရှိ၊ ရုပ်ခန္ဓာ သက်သက်ရှိသော ငြဟ္မာတို့၏ဖြစ်ရာဘုံ၊

- သုဒ္ဓါဝါသဘုံ = အလွန်စင်ကြယ်သော အနာဂါမ်၊ ရဟန္တာ ငြဟ္မာတို့၏ဖြစ်ရာ သုဒ္ဓါဝါသဘုံ (၅)ဘုံ အားဖြင့် စတုတ္ထစျာန် (၇)ဘုံ၊ ပေါင်း ရှုပ ငြဟ္မာဘုံ (၁၆)ဘုံ ဖြစ်ပါသည်။

သုဒ္ဓါဝါသ (၅) ဘုံ

(၁၂) အဝိဟာဘုံ = အချိန်အနည်းငယ်မျှပင် မိမိဘုံဌာနကို မစွန့်ခွာသော ငြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၁၃) အတပ္ပါဘုံ = တစ်စုံတစ်ခုသော အကြောင်းကြောင့်မျှ စိတ်ပူပန်မှု မရှိသော ငြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၁၄) သုဒဿာဘုံ = အလွန်တင့်တယ်သော အရောင်အဆင်း ရှိသောကြောင့် ရှုကြည့်ချင်စရာ အလွန်ကောင်း

သော ဗြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၁၅) သုဒဿီဘုံ - အလွန်စင်ကြယ်သော မျက်စိနှင့်ပြည့်စုံသည် ဖြစ်၍ လွန်ကဲထူးခြားစွာ မြင်စွမ်းနိုင်သော ဗြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၁၆) အကနိဋ္ဌာဘုံ - ရူပဗြဟ္မာ အားလုံးတို့ထက် စည်းစိမ်အားဖြင့် အကြီးအကျယ် အမြင့်မြတ်ဆုံး ဖြစ်သော ဗြဟ္မာတို့၏ ဖြစ်ရာဘုံ၊

အရူပ (၄) ဘုံ

အရူပကုသိုလ် စွာန်ရသူတို့ ရောက်ရာဖြစ်သောကြောင့် အရူပဘုံဟု ခေါ်၏။ ထိုအရူပဘုံသည် -

(၁) အာကာသနဉ္စာယတနဘုံ - ရုပ်ခန္ဓာမရှိ၊ အာကာသနဉ္စာယတန ဝိပါက်စိတ် စေတသိက်ဟူသော နာမ်ခန္ဓာ လေးပါးသာရှိသော ဗြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၂) ဝိညာဏဉ္စာယတနဘုံ - ရုပ်ခန္ဓာ မရှိ၊ ဝိညာဏဉ္စာယတန ဝိပါက်စိတ် စေတသိက်ဟူသော နာမ်ခန္ဓာ လေးပါးသာရှိသော ဗြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၃) အာကိဉ္စညာယတနဘုံ - ရုပ်ခန္ဓာမရှိ၊ အာကိဉ္စညာယတန ဝိပါက်စိတ် စေတသိက်ဟူသော နာမ်ခန္ဓာမလေးပါးရှိသော ဗြဟ္မာတို့၏ ဖြစ်ရာဘုံ၊

(၄) နေဝသညာနာသညာယတနဘုံ - ရုပ်ခန္ဓာ မရှိ၊ နေဝသညာ နာသညာယတနဝိပါက်စိတ် စေတသိက် ဟူသော နာမ်ခန္ဓာ လေးပါးသာရှိသော ဗြဟ္မာတို့၏ ဖြစ်ရာဘုံအားဖြင့် (၄)ဘုံ ဖြစ်ပါသည်။

ဧကဝေါကာရ-စတုဝေါကာရ-ပဉ္စဝေါကာရဘုံများ

ဤသို့ဆိုခဲ့ပြီးသော ဘုံတို့တွင် -

(၁) အသညသတ်ဘုံသည် ရူပက္ခန္ဓာဟူသော ခန္ဓာတစ်ပါးသာ ရှိသောကြောင့် ဧကဝေါကာရဘုံ မည်၏။ (ဧက = တစ်ပါး + ဝေါကာရ = ခန္ဓာ)

(၂) အရူပ (၄)ဘုံသည် နာမ်ခန္ဓာလေးပါးသာ ရှိသောကြောင့် စတုဝေါကာရဘုံမည်၏။ (စတု = လေးပါး + ဝေါကာရ = ခန္ဓာ)

(၃) ကာမ (၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံအားဖြင့် (၂၆)ဘုံသည် ခန္ဓာငါးပါးလုံး ရှိသောကြောင့် ပဉ္စဝေါကာရဘုံမည်၏။။ (ပဉ္စ = ငါးပါး + ဝေါကာရ = ခန္ဓာ) ဤသို့အားဖြင့် -

(၁) ကာမ - ၁၁-ဘုံ
(၂) ရူပ - ၁၆-ဘုံ
(၃) အရူပ - ၄-ဘုံ

စုစုပေါင်း (၃၁) ဘုံကို ဩကကာသလောကဟု ခေါ်သည်။

(၂) သတ္တလောက

လူ နတ် ဗြဟ္မာ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်စသော ပုဂ္ဂိုလ် သတ္တဝါ အပေါင်းသည် သတ္တလောက မည်၏။

ထိုသတ္တဝါတို့သည် အမျိုးအစားဖြင့်ရှိသည်။

(က) ပုထုဇဉ် ပုဂ္ဂိုလ် - ၄-မျိုး၊
(ခ) အရိယာ ပုဂ္ဂိုလ် - ၈-မျိုးအားဖြင့်- (၁၂)မျိုး

ပုထုဇဉ်ပုဂ္ဂိုလ် (၄) မျိုး

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် = မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်ခဲ့သောကြောင့် ထိုအကုသိုလ်ကံတို့၏ အကျိုးဖြစ်သော အဟိတ် အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်များဖြစ်သည်။ ထိုပုဂ္ဂိုလ်များကား ငရဲ

တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်-ဟူသော အပါယ်ဘုံသား သတ္တဝါများတည်း။

(၂) သုဂတိအဟိတ်ပုဂ္ဂိုလ် - ကုသိုလ်ပြုစဉ်အခါက ဉာဏ်လည်းမပါ၊ ရွှေနောက် အကုသိုလ်ခြုံရုံ၍လည်း ပြုခဲ့သော အညံ့စား ကုသိုလ်တို့ကြောင့်ဖြစ်သော အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်များဖြစ်သည်။ ထိုပုဂ္ဂိုလ်များကား ဝေမာနိကနတ်ပြိတ္တာ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ ဝမ်းတွင်းကန်း၊ အ၊ ဆွံ့၊ အရူး၊ ဉာဘတောဗျည်း။ နပုန်းပက္ကျာက်စသော ပုဂ္ဂိုလ်တို့နှင့် ဇီဝိတနဝက ကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေသော အာသဉ္ဇသတ် ငြဟ္မာတို့တည်း။

(၃) ဒွိဟိတ်ပုဂ္ဂိုလ် - အမောဟဟူသော ဉာဏ်ပညာမပါဘဲ အလောဘ၊ အဒေါသဟူသော ဟိတ်နှစ်ပါးဖြင့်သာ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်။

တရားအားထုတ်သည့်အခါ စျာန်မဂ်ဖိုလ် ရနိုင်လောက်အောင် ဉာဏ်မထက်မြက်သော လူ နတ် ပုဂ္ဂိုလ်တို့တည်း။

(၄) တိဟိတ်ပုဂ္ဂိုလ် - အလောဘ၊ အဒေါသ၊ အမောဟဟူသော (ဉာဏ်ပညာပါသော) ဟိတ်သုံးပါးဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်။ တရားအားထုတ်သည့်အခါ စျာန်မဂ်ဖိုလ်ရနိုင်လောက်အောင် ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်တို့တည်း။

အရိယာပုဂ္ဂိုလ် (၈) ယောက်

(၁) သောတာပတ္တိမဂ္ဂဌာန်ပုဂ္ဂိုလ် = သောတာပတ္တိမဂ် ရဆဲပုဂ္ဂိုလ်
(၂) သကဒါဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ် = သကကဒါဂါမိမဂ် ရဆဲပုဂ္ဂိုလ်
(၃) အနာဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ် = အနာဂါမိမဂ် ရဆဲပုဂ္ဂိုလ်
(၄) အရဟတ္တမဂ္ဂဌာန်ပုဂ္ဂိုလ် = အရဟတ္တမဂ် ရဆဲပုဂ္ဂိုလ်

(၅) သောတာပတ္တိဖလဌာန်ပုဂ္ဂိုလ် - သောတာပတ္တိဖိုလ် ရပြီးသော (သောတာပန်) ပုဂ္ဂိုလ်

(၆) သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ် - သကဒါဂါမိဖိုလ်ရပြီးသော (သကဒါဂါမ်) ပုဂ္ဂိုလ်

(၇) အနာဂါမိဖလဌာန်ပုဂ္ဂိုလ် - အနာဂါမိဖိုလ် ရပြီးသော (အနာဂါမ်) ပုဂ္ဂိုလ်

(၈) အရဟတ္တဖလဌာန်ပုဂ္ဂိုလ် - အရဟတ္တဖိုလ် ရပြီးသော (ရဟန္တာ) ပုဂ္ဂိုလ်

ပုထုဇဉ်ပုဂ္ဂိုလ် (၄)ယောက်တွင် နောက်ဆုံးဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ် (၈)ယောက်အားဖြင့် (၉)ယောက်သော ပုဂ္ဂိုလ်တို့ကို အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ်သုံးပါးနှင့် ပဋိသန္ဓေနေကြသောကြောင့် တိဟိတ်ပုဂ္ဂိုလ်ဟုခေါ်သည်။

အရိယာပုဂ္ဂိုလ် (၈) ယောက်တွင်လည်း - သေက္ခပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ် ဟူ၍ ပုဂ္ဂိုလ်နှစ်မျိုး ရှိသည်။

(က) သေက္ခ - သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်သော အရဟတ္တဖလဌာန် ပုဂ္ဂိုလ်မှတပါး ကျန်အရိယာပုဂ္ဂိုလ် (၇)ယောက် ဖြစ်သည်။

(ခ) အသေက္ခ - သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ကျင့်ပြီး ဖြစ်သော အရဟတ္တဖလဌာန်ပုဂ္ဂိုလ် (၁) ယောက် ဖြစ်သည်၊ ဤပုဂ္ဂိုလ်ကို "အသေက္ခ" အပြင် "ရဟန္တာ" ဟုလည်း ခေါ်ဆို၏။

ဤသို့အားဖြင့် -

(က) ပုထုဇဉ် - ၄-ယောက်
(ခ) အရိယာ - ၈-ယောက်-

အားဖြင့် (၁၂) ယောက်သော ပုဂ္ဂိုလ်များကို သတ္တလောကဟု ခေါ်သည်။

(၃) သခ်ီရလောက

ဖြစ်တတ်, ပျက်တတ်သော သဘောရှိသည်ဖြစ်၍ ဘုံသုံးပါးဌ ဖြစ်သော (တဘူမက) ရုပ်နာမ်တရားတို့သည် သခ်ီရလောက မည်၏။

သခ်ီရလောက (၁) ပါး

သတ္တဝါအားလုံးတို့ တည်နေမှု အသက်ရှင်မှု၏ အကြောင်းဖြစ်သော အာဟာရ (အကြောင်း) တရားတစ်ပါး။

သခ်ီရုလောက (၂) ပါး

(၁) ဘုံသုံးပါးဌဖြစ်သော လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ဟူသော နာမ်တရား။

(၂) ဖောက်ပြန်တတ်သော သဘောရှိသည့် ရုပ် ၂၈-ပါးဟူသော ရုပ်တရား-အားဖြင့် နာမ်၊ ရုပ် နှစ်ပါး။

သခ်ီရလောက (၃) ပါး

(၁) နှစ်သက်ဖွယ်သော အာရုံကို ခံစားခြင်းသဘောရှိသော သောမနဿ ဝေဒနာ တစ်ပါး၊

(၂) မနှစ်သက်ဖွယ်သော အာရုံကို ခံစားခြင်းသဘောရှိသော ဒေါမနဿ ဝေဒနာ တစ်ပါး၊

(၃) အလယ်အလတ် (တည့်မတ်သမှုလျစ်လျူရှုသော) ခံစားခြင်း သဘော ရှိသော ဥပေက္ခာဝေဒနာ တစ်ပါး-

အားဖြင့် ဝေဒနာ (၃) ပါး။

သခ်ီရလောက (၄) ပါး

(၁) အလုတ်အလွေးပြု စားမျိုအပ်သော အစာအာဟာရတစ်ပါး၊

(၂) အာရုံကို တွေ့ထိတတ်သော ဖဿအာဟာရတစ်ပါး၊

(၃) စိတ်ကို စေ့ဆော် တိုက်တွန်းတတ်သော မနောသဠေတနာ အာဟာရ တစ်ပါး၊

(၄) အာရုံကို အထူးသိတတ်သော ဝိညာဏ်အာဟာရတစ်ပါး-

အားဖြင့် အာဟာရ (၄) ပါး။

သခ်ီရလောက (၅) ပါး

(၁) ဖောက်ပြန်တတ်သော ရုပ်အစု ရူပုပါဒါ နကွန္ဒာတစ်ပါး၊
(၂) ခံစားမှုအစု ဝေဒနုပါဒါနကွန္ဒာတစ်ပါး၊
(၃) လောကီမှတ်သားမှုအစု သညုပါဒါနကွန္ဒာတစ်ပါး၊
(၄) လောကီပြုပြင်မှု စီရင်မှုအစု သခ်ီရုပါဒါနကွန္ဒာတစ်ပါး၊
(၅) လောကီသိမှု (စိတ်) အစု ဝိညာဏုပါဒါနကွန္ဒာတစ်ပါး၊

အားဖြင့် ဥပါဒါနကွန္ဒာ ၅-ပါး။

သခ်ီရလောက (၆) ပါး

(၁) မြင်သိစိတ် (စက္ခုဝိညာဉ်) ဖြစ်ရာ မျက်စိအကြည် စက္ခာယတန တစ်ပါး၊
(၂) ကြားသိစိတ် (သောတဝိညာဉ်) ဖြစ်ရာ နားအကြည် သောတာယတန တစ်ပါး၊
(၃) နံသိစိတ် (ဃာနဝိညာဉ်) ဖြစ်ရာ နှာခေါင်း အကြည် ဃာနာယတန တစ်ပါး၊
(၄) လျက်သိစိတ် (ဇိဝှာဝိညာဉ်) ဖြစ်ရာ လျှာအကြည် ဇိဝှာယတနတစ်ပါး၊
(၅) ထိသိစိတ် (ကာယဝိညာဉ်) ဖြစ်ရာ ကိုယ်အကြည် ကာယာယတနတစ်ပါး၊
(၆) သိမှုစိတ်ဖြင်ရာ မနာယတန တစ်ပါး -

အားဖြင့် အဿတ္တိက (အတွင်း) အာယတန ၆-ပါး။

ဤဆိုအပ်ခဲ့ပြီးသော တရားများနှင့် ခန္ဓာ (၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ် (၁၈) ပါး၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး စသော တောဘူမက ရုပ်နာမ် တရားတို့ကို သခ်ီရလောကဟု ခေါ်သည်။

လောကသုံးပါး ဆက်သွယ်ပုံ

(က) ကုသိုလ်, အကုသိုလ် သခ်ါရတို့နှင့် ဖြစ်ရာဘုံ ပုဂ္ဂိုလ်များ

သတ္တဝါတို့ ပြုလုပ်သမျှသော ကံကို ဤနေရာ၌ သခ်ါရဟုခေါ်သည်။

ထိုသခ်ါရတို့သည် ကုသိုလ်သခ်ါရ၊ အကုသိုလ်သခ်ါရအားဖြင့် နှစ်မျိုး ရှိသည်။ ထိုနှစ်မျိုးတွင် ကုသိုလ်သခ်ါရသည်လည်း ကာမကုသိုလ် သခ်ါရ၊ ရူပကုသိုလ်သခ်ါရ၊ အရူပကုသိုလ်သခ်ါရအားဖြင့် သုံးမျိုးပြားပြန်သည်။ ထိုတွင် -

- ကာမကုသိုလ်သခ်ါရကြောင့် ကာမသုဂတိ (၇) ဘုံ၌ ဖြစ်ရသည်။
- ရူပကုသိုလ်သခ်ါရကြောင့် ရူပ (၁၆) ဘုံ၌ ဖြစ်ရသည်။
- အရူပကုသိုလ်သခ်ါရကြောင့် အရူပ (၄) ဘုံ၌ ဖြစ်ရသည်။
- အကုသိုလ် သခ်ါရကြောင့် အပါယ် (၄) ဘုံ၌ ဖြစ်ရသည်။

ဤကား ကုသိုလ်၊ အကုသိုလ်ကံဟူသော သခ်ါရလောကနှင့် (၃၁) ဘုံဟူသော သြကာသလောကတို့ ဆက်သွယ်ပုံဖြစ်ပါသည်။

အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်များသာ ဖြစ်ကြရသည်။

လူ့ဘုံနှင့် စာတုမဟာရာဇ်ဘုံတို့၌ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် (၃) ယောက်၊ အရိယာပုဂ္ဂိုလ် (၈)ယောက် အားဖြင့် (၁၁) ယောက် ဖြစ်ကြရသည်။

တာဝတိံသာ စသောနတ်ပြည် (၅) ဘုံ၌ ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ် (၂)ယောက်၊ အရိယာ (၈) ယောက်အားဖြင့် (၁၀) ယောက်ဖြစ်ကြရသည်။

ပြဟ္မပါရိသဇ္ဇာဘုံမှစ၍ ဝေဟပ္ဖိုလ်ဘုံတိုင်အောင် ပြဟ္မာ (၁၀) ဘုံ၌ တိဟိတ် ပုထုဇဉ်နှင့် အရိယာ (၈)ယောက်အားဖြင့် (၉)ယောက်သော တိဟိတ်ပုဂ္ဂိုလ်တို့ ဖြစ်ကြရသည်။

အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ်သာ ဖြစ်ရသည်။

သုဒ္ဓါဝါသ (၅) ဘုံ၌ အနာဂါမိဖိုလ် (အနာဂါမ်) ပုဂ္ဂိုလ်၊ အရဟတ္တမဂ် ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ် (ရဟန္တာ)ပုဂ္ဂိုလ် (၃)ယောက်တို့သာ ဖြစ်ကြရသည်။

အရှုပ(၄)ဘုံ၌ သောတာပတ္တိမဂ္ဂဉာန်ပုဂ္ဂိုလ်မှတပါး အရိယာ(၇)ယောက်၊ တိဟိတ်ပုထုဇဉ် (၁) ရောက်အားဖြင့် (၈)ယောက် ဖြစ်ကြရသည်။

ဤကား (၃၁)ဘုံဟူသော သြကာသလောကနှင့် ပုဂ္ဂိုလ် (၁၂)ယောက်ဟူသော သတ္တလောကတို့ ဆက်သွယ်ပုံ ဖြစ်ပါသည်။

(ခ) ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဘုံပုဂ္ဂိုလ်အလိုက် ဖြစ်ထိုက်သည့် ရုပ်နာမ် သဒ္ဒါရမ္မဏ်များ

အကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်

ပဋိသန္ဓေအခါ

ဥဒ္ဓစ္စစေတနာကြဉ်သော အကုသိုလ်စေတနာ (သဒ္ဒါရလောက) (၁၁) ပါး တို့သည် အပါယ်ဘုံ (၄)ဘုံ (သြကာသလောက)၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် (သတ္တလောက) တို့အား ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေပါသည်။

အပါယ်ပဋိသန္ဓေ ဟူသည်ကား အကုသလဝိပါက်ဥပေက္ခာသန္တီရဏ ဟူသော သဒ္ဒါရလောကတည်း။

ပဝတ္တိအခါ

အကုသိုလ် စေတနာ (၁၂)ပါး (သဒ္ဒါရလောက)လုံးသည် ကာမဘုံ(၁၁)ဘုံ (သြကာသ လောက)၌ ပုဂ္ဂိုလ် (၁၂)ယောက် (သတ္တလောက) တို့အား အကုသလ ဝိပါက်(၇)ပါး တည်းဟူသော ပဝတ္တိကျိုးကိုလည်းကောင်း၊ အသညသတ်ကြဉ်သော ရှုပ (၁၅)ဘုံ၌ ရှုပဖြဟ္မာတို့အား စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ သမ္မဋ္ဌိဗ္ဗိုင်း၊ သန္တီရဏ အကုသလဝိပါက် (၄)ခု ဟူသော ပဝတ္တိကျိုးကိုလည်းကောင်း ဖြစ်စေပါသည်။

မဟာကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်

ပဋိသန္ဓေအခါ

မဟာကုသိုလ်စေတနာ (၈) ပါး (သဒ္ဒါရ လောက) သည် ကာမသုဂတိ (၇)ဘုံ (သြကာသလောက)၌ ဒုဂ္ဂတိအဟိတ်ကြဉ်သော ပုဂ္ဂိုလ် (၁၁)ယောက် (သတ္တလောက) တို့အား ကာမသုဂတိပဋိသန္ဓေ (၉)ပါးကို ဖြစ်စေပါသည်။

ကာမသုဂတိ ပဋိသန္ဓေ (၉)ပါးကား မဟာဝိပါက် (၈) ပါးနှင့် ကုသလဝိပါက် ဉပေက္ခာသန္တီရဏ ဟူသော သဒ္ဒါရလောကတို့တည်း။

ပဝတ္တိအခါ

ယင်းမဟာကုသိုလ် စေတနာ (၈) ပါးသည် ကာမသုဂတိ (၇) ဘုံ၌ ယခင် ပဋိသန္ဓေလ (၁၁)ယောက်တို့အား မဟာဝိပါက် (၈) ပါးနှင့် အဟိတ်ကုသလဝိပါက် (၈)ပါး ဟူသော ပဝတ္တိကျိုးကို ဖြစ်စေပါသည်။ အပါယ် (၄) ဘုံ၌ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေလ တို့အား အဟိတ်ကုသလဝိပါက် (၈) ပါးဟူသော ပဝတ္တိကျိုးကို ဖြစ်စေပါသည်။

ရူပ (၁၅) ဘုံ၌ ရူပဗြဟ္မာတို့အား စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ အဟိတ်ကုသလဝိပါက် (၅) ခုဟူသော ပဝတ္တိကျိုးကို ဖြစ်စေပါသည်။

တိဟိတ်၊ ဒွိဟိတ်၊ ဉာဏ်ဋ္ဌ၊ ဩမက မဟာကုသိုလ်များ

ကုသိုလ်ကံများ ပြုလုပ်သောအခါ ကံ၏အကျိုးကို သိမြင်သော ဉာဏ်နှင့်ယှဉ်လျှင် အမောဟတိတ်ပါသောကြောင့် တိဟိတ်ကုသိုလ်ဖြစ်၏။

ကံ ကံ၏အကျိုးကို သိမြင်သောဉာဏ်နှင့် မယှဉ်လျှင် အမောဟတိတ် မပါသောကြောင့် ဒွိဟိတ်ကုသိုလ်ဖြစ်၏။

ကုသိုလ်မပြုမီ ရှေ့ပိုင်းကာလ၊ ကုသိုလ်ပြုပြီးနောက်ပိုင်းကာလတို့၌ ကုသိုလ် ခြံရုံလျှင်လည်းကောင်း၊ လောဘစသော ကိလေသာများနှင့် သူတပါးတို့ကို နှိမ့်ချထိခိုက်စေလိုမှု၊ မိမိကိုယ်ကို မြှင့်မြှောက်ဝါကြွားလိုမှုများ ကင်းရှင်းလျှင်လည်းကောင်း မြင့်မြတ်သော ဉာဏ်ဋ္ဌ ကုသိုလ်ဖြစ်၏။

ကုသိုလ်မပြုမီ ရှေ့ပိုင်းကာလ၊ ကုသိုလ်ပြုပြီးနောက်ပိုင်းကာလတို့၌ အကုသိုလ်များ ခြံရုံလျှင်လည်းကောင်း၊ လောဘစသော ကိလေသာများနှင့် သူတပါးတို့ကို နှိမ့်ချထိခိုက်စေလိုမှု၊မိမိကိုယ်ကို မြှင့်ကြွားဝါလိုမှု စသည့်အကုသိုလ်များ ရှုပ်ထွေးရောပြွမ်းနေလျှင်လည်းကောင်း၊ ယုတ်နိမ့် ညံ့ဖျင်းသော ဩမကကုသိုလ် မည်၏။

တိဟိတ်ဉာဏ်ဋ္ဌကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်

တိဟိတ်ဉာဏ်ဋ္ဌကုသိုလ်ကံ လေးပါးသည် ပဋိသန္ဓေအခါ ကာမသုဂတိခုနစ်ဘုံ၌ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်အဖြစ် တိဟိတ်မဟာဝိပါက် ၄-ပါး ဟူသော ပဋိသန္ဓေကျိုးကို ဖြစ်စေနိုင်သည်။

ပဝတ္တိအခါ မဟာဝိပါက် (၈) ပါး၊ အဟိတ်ကုသလဝိပါက် (၈) ပါးအားဖြင့် (၁၆) ပါးသော ပဝတ္တိကျိုးကို ဖြစ်စေနိုင်သည်။

တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်

တိဟိတ်ဩမကကံ (၄)ပါးနှင့် ဒွိဟိတ်ဥက္ကဋ္ဌကံ ၄-ပါးတို့သည် ကာမသုဂတိခုနစ်ဘုံ၌ ဒွိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်အဖြစ် ဒွိဟိတ်မဟာဝိပါက် ၄-ပါးဟူသော ပဋိသန္ဓေကျိုးကို ဖြစ်စေပါသည်။

ပဝတ္တိအခါ ဒွိဟိတ် မဟာဝိပါက် (၄) ပါး၊ အဟိတ်ကုသလဝိပါက် (၈)ပါးဟူသော (၁၂)ပါးသော ပဝတ္တိကျိုးကိုဖြစ်စေသည်။

ဒွိဟိတ်ဩမက ကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်

ဒွိဟိတ်ဩမကကုသိုလ်ကံသည် လူ့ဘုံ စာတုမဟာရာဇ်နတ်ဘုံတို့၌ သုဂတိအဟိတ် ပုထုဇဉ်အဖြစ် ပဋိသန္ဓေအခါ အဟိတ်ကုသလဝိပါက်ဟူသော ပဋိသန္ဓေကျိုးကို ဖြစ်စေသည်။

ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် (၈)ပါးဟူသော ပဝတ္တိကျိုးကို ဖြစ်စေသည်။

ဟိန, မ၍မ, မဏီတရူပါဝစရကုသိုလ်ကံနှင့် ဘုံ, ပုဂ္ဂိုလ်

ရူပါဝစရကုသိုလ်စေတနာသည်လည်း တစ်ပါးတစ်ပါး၌ ဟိနစ္ဆာန်၊ မ၍မစ္ဆာန်၊ မဏီတစ္ဆာန်အားဖြင့် (၃)ပါးစီ၊ (၃)ပါးစီ ပြား၏။ ထိုတွင်-

- ကြိုးစားအားထုတ်ဆဲအခိုက်၌ အားနည်းသောဆန္ဒ စသည်နှင့်ယှဉ်လျှင် ဟိန၊
- အလယ်အလတ်ဖြစ်သော ဆန္ဒစသည်နှင့်ယှဉ်လျှင်မ၍မ၊
- အားကောင်းသော ထက်သန်သောဆန္ဒ စသည်နှင့်ယှဉ်လျှင် ပဏီတမည်၏။

(၁) (က) ရူပပထမစ္ဆာန် ကုသိုလ်ကံ (သခ်ါရလောက)သည် ဟိနဖြစ်လျှင် ဗြဟ္မပါရိသဇ္ဇာဘုံ (သြကာသလော်က)၌ ယင်းပါရိသဇ္ဇာဗြဟ္မာ (သတ္တလောက) အားလည်းကောင်း

(ခ) မ၍မဖြစ်လျှင် ဗြဟ္မပုရောဟိတာဘုံ၌ ယင်းပုရောဟိတ ဗြဟ္မာတို့အားလည်းကောင်း

(ဂ) ပဏာမတဖြစ်လျှင် မဟာဗြဟ္မာဘုံ၌ ယင်းမဟာဗြဟ္မာတို့အားလည်းမကောင်း ပထမစျာန်ဝိပါက်ကို ဖြစ်စေသည်။

(၂) (က) ရူပဒုတိယ၊ တတိယ စျာန်ကုသိုလ်ကံ (သဒ္ဒါရုံလောက) သည် ဟီန ဖြစ်လျှင် ပရိတ္တာဘုံ (ဩကာသလောက)၌ ပရိတ္တာဘာဗြဟ္မာ (သတ္တလောက) အားလည်းကောင်း

(ခ) မဇ္ဈိမဖြစ်လျှင် အပ္ပမာဏာဘုံ၌ ယင်းဗြဟ္မာတို့အားလည်းကောင်း

(ဂ) ပဏီတဖြစ်လျှင် အာဘဿရာဘုံ၌ ယင်းဗြဟ္မာတို့အားလည်းကောင်း ဒုတိယ, တတိယ စျာန်ဝိပါက်ကိုဖြစ်စေပါသည်။

(၃) (က) ရူပစတုတ္ထစျာန် ကုသိုလ်ကံ (သဒ္ဒါရုံလောက)သည် ဟ်နဖြစ်လျှင် ပရိတ္တသုဘာဘုံ (ဩကာသလောက)၌ ယင်းဗြဟ္မာ (သတ္တလောက)တို့ အားလည်းကောင်း

(ခ) မဇ္ဈိမဖြစ်လျှင် အပ္ပမာဏသုဘာဘုံ၌ ယင်းဗြဟ္မာတို့အားလည်းကောင်း

(ဂ) ပဏီတဖြစ်လျှင် သုဘကိဏှာဘုံ၌ ယင်းဗြဟ္မာတို့အားလည်းကောင်း စတုတ္ထစျာန်ဝိပါက်ကို ဖြစ်စေပါသည်။

(၄) (က) အဘိညာဉ်ကိစ္စမတပ်သော ရူပပဉ္စမစျာန်ကုသိုလ်ကံ (သဒ္ဒါရုံလောက) သည် ဝေဟပ္ဖလာဘုံ (ဩကာသလောက)၌ ယင်းဗြဟ္မာ (သတ္တလောက)တို့အား ပဉ္စမစျာန်ဝိပါတ်ကို ဖြစ်စေပါသည်။

(ခ) ရူပ ပဉ္စမစျာန် ကုသိုလ်ကံ (သဒ္ဒါရုံလောက) သည်ပင် သညာကင်းအောင် တပ်မက်မှုကင်းအောင် ရှုမှတ်သောကြောင့် အသညသတ်ဘုံ (ဩကာသလောက)၌ သုဂတိအဟိတ် ပုဂ္ဂိုလ်ဟူသော အသညသတ်ဗြဟ္မာ (သတ္တလောက)တို့အား ဇီဝိတနဝက ကလာပ်ဟူသော ပဋိသန္ဓေကျိုးကိုလည်းကောင်း၊

ပဝတ္တိအခါ - အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ ဇီဝိတရုပ် (၁)ပါး၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ (၃)ပါး၊ လက္ခဏရုပ် (၄)ပါး၊ အာကာသဓါတ် (၁)ပါးအားဖြင့် (၁၇)ပါးသော ရုပ်ဟူသော ပဝတ္တိကျိုးကိုလည်းကောင်း ဖြစ်စေသည်။

(ဂ) ရူပ ပဉ္စမစျာန် ကုသိုလ်ကံ (သဒ္ဒါရုံလောက) သည်-

- သဒ္ဒါရုံလွန်ကဲသော အနာဂါမ် ပုဂ္ဂိုလ် (သတ္တလောက) တို့အား အဝိဟာဘုံ (ဩကာသလောက)၌
- ဝိရိယလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်အား အတပ္ပါဘုံ၌

- သတိဖြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်အား သုဒဿာဘုံ၌
- သမာဓိဖြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်အား သုဒဿီဘုံ၌
- ပညာဖြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်အား အကနိဋ္ဌဘုံ၌

ရှုပ ပဋ္ဌမစျာန်ဝိပါက်ဟူသော ပဋိသန္ဓေ၊ ပဝတ္တိကျိုးကို ဖြစ်စေပါသည်။

အရှုပါဝစရကုသိုလ်ကံနှင့် ဘုံ ပုဂ္ဂိုလ်

အရှုပကုသိုလ်ကံ စေတနာတို့တွင်-

- အာကာသာနဉ္စာယတန ကုသိုလ်ကံ (သဒ္ဓါရလောက)သည် အာကာသာနဉ္စာယတနဘုံ (ဩကာသလောက)၌ ယင်းဩဟွာ (သတ္တလောက)အား ယင်းအာကာသာနဉ္စာယတနဝိပါက်ကို ဖြစ်စေပါသည်။
- ဝိညာဏဉ္စာယတန ကုသိုလ်ကံ (သဒ္ဓါရလောက)သည် ဝိညာဏဉ္စာယတနဘုံ (ဩကာသလောက)၌ ဝိညာဏဉ္စာယတနဩဟွာ (သတ္တလောက)တို့အား ဝိညာဏဉ္စာယတနဝိပါက်ကို ဖြစ်စေပါသည်။
- အာကိဉ္စညာယတနကုသိုလ်ကံ (သဒ္ဓါရလောက)သည် အာကိဉ္စညာယတနဘုံ (ဩကာသလောက)၌ အာကိဉ္စညာယတနဩဟွာ (သတ္တလောက)တို့အား အာကိဉ္စညာယတနဝိပါက်ကို ဖြစ်စေပါသည်။
- နေဝသညာနာသညာယတန ကုသိုလ်ကံ (သဒ္ဓါရလောက)သည် နေဝ သညာနာသညာယတနဘုံ (ဩကာသလောက)၌ နေဝသညာနာသညာယတနဩဟွာ (သတ္တလောက)တို့အား နေဝသညာနာသညာယတန ဝိပါက်ကို ဖြစ်စေပါသည်။

ဤကား လောကီကုသိုလ်၊ အကုသိုလ်ဟူသော သဒ္ဓါရလောက၊ (၃၁)ဘုံဟူသော ဩကာသလောက၊ ပုဂ္ဂိုလ် (၁၂)ယောက်ဟူသော သတ္တလောက အားဖြင့် လောက (၃)ပါးတို့ ဆက်သွယ်ပုံဖြစ်ပေသည်။

သတ္တဝါတို့၏သန္တာန်၌ စိတ် စေတသိကဥပ္ပါဒ်တို့၏ ဖြစ်စဉ် (ဝီထိ) များ

စိတ်သက်နှင့် ရုပ်သက်

သတ္တဝါတို့၏သန္တာန်၌ ပဋိသန္ဓေတည်နေချိန်မှစ၍ မသေမီကာလ အတွင်းဝယ် စိတ်စေတသိက် ရုပ်တရားများအမြဲမပြတ် ဖြစ်ပျက်လျက်နေကြသည်။

ထိုသို့ဖြစ်ပျက်လျက်နေရာ စိတ်တစ်ခုစီ၌ ဥပါဒ် (ဖြစ်မှု)၊ ဌိ (တည်မှု)၊ ဘင် (ပျက်မှု)ဟူသော ခဏငယ်သုံးချက် (ကာလတို သုံးခု) ဖြင့် သတ်မှတ်ထားသည်။

ထိုဥပါဒ်၊ ဌိ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) ကာလတိုသုံးခုကို စိတ္တက္ခဏ (ခဏကြိုး) တစ်ချက်ဟုဆိုသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်၊ လက်ဖျစ်တစ်တွက်အတွင်း၌ ထို စိတ္တက္ခဏ (ခဏကြိုး)ပေါင်း ကုဋေတစ်သိန်းခန့် ဖြစ်နိုင်ပေသည်။ ထိုစိတ်များ ဖြစ်ပျက်မှုသဘောကို လူသာမန်တို့၏ အသိဉာဏ်ဖြင့်သိနိုင်ရန် အလွန်ပင်ခဲယဉ်းလှပေ၏။ သဗ္ဗညုဘုရားရှင်တို့သာ သိနိုင်ကြသည်။

ရုပ်တစ်ခု တစ်ခု ဖြစ်ပျက်ရာ၌လည်း ဥပါဒ်၊ ဌိ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) အားဖြင့် သုံးမျိုးပင် ရှိပါသည်။ ရုပ်တရားတို့၏ ဥပါဒ်ခဏ (ဖြစ်မှုကာလ) နှင့် ဘင်ခဏ (ပျက်မှုကာလ)တို့သည် စိတ်တရားတို့၏ ဥပါဒ်ခဏ (ဖြစ်မှုကာလ) နှင့် ဘင်ခဏ (ပျက်မှုကာလ)နှင့် တူပါသည်။ သို့သော်လည်း စိတ်၏ ဌိခဏသည် ခဏငယ် တစ်ချက်သာကြာ၏၊ ရုပ်၏ ဌိခဏကား ခဏငယ်ပေါင်း (၄၉) ချက်ကြာလေသည်။

ထို့ကြောင့် စိတ်သက်သည် ဥပါဒ်၊ ဌိ၊ ဘင် ဒအားဖြင့် ခဏငယ်သုံးချက်သာ ရှိသော်လည်း ရုပ်သက်ကား ဥပါဒ်ခဏ (၁)၊ ဌိခဏ (၄၉)၊ ဘင်ခဏ (၁) အားဖြင့် ခဏငယ်ပေါင်း (၅၁) ချက် ရှိလေသည်။

ဤသို့လျှင် စိတ်တစ်ခု ဖြစ်ပျက်ရာ၌- ဥပါဒ်, ဌိ, ဘင် အားဖြင့် ခဏငယ်သုံးချက် (ခဏကြိုးတစ်ချက်) သာ အသက်ရှည်၏။

ရုပ်တစ်ခု ဖြစ်ပျက်ရာ၌ကား- ဥပါဒ် (၁)၊ ဌိ (၄၉)၊ ဘင် (၁) အားဖြင့် ခဏငယ် (၅၁) ချက် (ခဏကြိုး ၁၇-ချက်) အသက်ရှည်၏။

ထို့ကြောင့် စိတ်၏အသက်သည် ကာလအားဖြင့် တို၍ ရုပ်၏အသက်ကား ရှည်ကြာလှပေသည်။

စိတ် စေတသိက်တို့၏ ဖြစ်ရာဌာန

လူတို့၏ ဝင်ရာထွက်ရာ အပေါက်ကို တံခါးပေါက်ဟု ခေါ်သကဲ့သို့ စိတ် ဇစေတသိက်တို့၏ ဝင်ရာထွက်ရာဖြစ်သောကြောင့် မျက်စိစသည်ကို တံခါးပေါက် (ဒွါရ)ဟုခေါ်သည်။

တံခါး (၆) ပေါက်

သတ္တဝါတစ်ဦးစီ၏ သန္တာန်၌

(၁) စက္ခုဒွါရ - မျက်စိတံခါးပေါက်၊
(၂) သောတဒွါရ - နားတံခါးပေါက်၊
(၃) ဃာနဒွါရ - နှာခေါင်းတံခါးပေါက်၊
(၄) ဇိဝှါဒွါရ - လျှာတံခါးပေါက်၊
(၅) ကာယဒွါရ - ကိုယ်တံခါးပေါက်၊
(၆) မနောဒွါရ - စိတ်တံခါးပေါက်-

အားဖြင့် တံခါး (၆) ပေါက် ရှိလေသည်။

တရားကိုယ်အားဖြင့် -

(၁) မျက်စိအကြည် (စက္ခုပသာဒ) ရုပ်သည် စက္ခုဒွါရမည်၏။
(၂) နားအကြည် (သောတပသာဒ) ရုပ်သည် သောတဒွါရမည်၏၊
(၃) နှာအကြည် (ဃာနပသာဒ) ရုပ်သည် ဃာနဒွါရမည်၏၊
(၄) လျှာအကြည် (ဇိဝှါပသာဒ) ရုပ်သည် ဇိဝှါဒွါရမည်၏၊
(၅) ကိုယ်အကြည် (ကာယပသာဒ) ရုပ်သည် ကာယဒွါရမည်၏၊
(၆) (ဥပေက္ခာသန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ဝိပပါက် ၉-ပါး ဟူသောဘဝင်စိတ် ၁၉-ပါးသည် မနောဒွါရမည်၏။

ဝီထိ (စိတ်ဖြစ်စဉ်) ခေါ်ပုံ

လူတို့၏သွားရာ လာရာလမ်းခရီးစဉ်ကို ဝီထိဟုခေါ်သကဲ့သို့ စိတ် ဇစေတသိက်တို့၏ ဖြစ်စဉ်ကို ဝီထိဟုခေါ်သည်။

ထိုဝိထိသည်-

(၁) စက္ခုဒ္ဒါရဝိထိ - စက္ခုဒ္ဒါရ၌ဖြစ်သော မြင်သိစိတ်ဦးဆောင်သော စိတ် စေတသိက်တို့၏ဖြစ်စဉ်၊

(၂) သောတဒ္ဒါရဝိထိ -သောတဒ္ဒါရ၌ဖြစ်သော ကြားသိစိတ် ဦးဆောင်သော စိတ်စေတသိက်တို့၏ဖြစ်စဉ်၊

(၃) ဃာနဒ္ဒါရ ဝိထိ - ဃာနဒ္ဒါရဖြစ်သော နံသိစိတ်ဦးဆောင်သော စိတ်စေတသိက်တို့၏ဖြစ်စဉ်၊

(၄) ဇိဝှါဒ္ဒါရဝိထိ - ဇိဝှါဒ္ဒါရ၌ဖြစ်သော အရသာသိစိတ် ဦးဆောင်သော စိတ်စေတသိက်တို့၏ဖြစ်စဉ်၊

(၅) ကာယဒ္ဒါရဝိထိ - ကာယဒ္ဒါရ၌ဖြစ်သော ထိသိစိတ်ဦးဆောင်သော စိတ်စေတသိက်တို့၏ဖြစ်စဉ်၊

(၆) မနောဒ္ဒါရဝိထိ - မနောဒ္ဒါရ၌ဖြစ်သော သိစိတ်ဦးဆောင်သော စိတ် စေတသိက်တို့၏ဖြစ်စဉ်အားဖြင့် (၆) မျိုး ရှိသည်။

အဆင်းအာရုံ (ရူပါရုံ)စသော အာရုံ (၆) မျိုးနှင့် မျက်စိ စသော ဒွါရ (၆) မျိုးတို့ ့ကွေ့ဆုံသောအခါ မြင်သိစိတ် စသော စိတ်၊ စေတသိက်တရားများ ဖြစ်ပေါ်လာကြသည်။

ထိုအခါ အာရုံ ရုပ်တရားကို့သည် စိတ္တက္ခဏ (၁၇)ချက် အသက်ရှည်သောကြောင့် ယင်းအာရုံရုပ်နှင့်စပ်၍ ဖြစ်ပေါ်လာရသော စိတ်ကရားတို့သည်လည်းဖြစ်၊ တည်၊ ပျက် (၁၇)ချက်ကြာအောင် ဖြစ်ရလေသည်။

ဤသို့ ရုပ်တရားတို့နှင့်အညီအမျှ စိတ်တရားတို့၏ စိတ္တက္ခဏ (၁၇)ချက် ကြာအောင်ဖြစ်မှုကိုပင် တစ်ဝိထိဟု ခေါ်ဝေါ်သတ်မှတ်သည်၊

စက္ခုဒ္ဒါရ ဝိထိ

အဆင်းရူပါရုံနှင့် စက္ခုပသာဒတို့ တွေ့ဆုံကြွသည်မှစ၍ စိတ္တက္ခဏတစ်ချက် (အတီတဘဝင်) အလွန်တွင် စက္ခုပသာဒ၌ အဆင်းရူပါရုံထင်လာ၏။ ထိုအခါ-

(၁) အတီတဘဝင် - လွန်သွားသောဘဝင်
(၂) ဘဝင်္ဂစလန - လှုပ်ရှားသောဘဝင်
(၃) ဘဝင်္ဂုပစ္ဆေဒ - ပြတ်သွားသောဘဝင်

(၄) ပဉ္စဒ္ဒါရာ ဝဋ္ဋနီး - ငါးဒွါရ၌ထင်လာသော အာရုံကို ဆင်ခြင်သောစိတ်
(၅) စက္ခုဂိဉာဉ် - မြင်သိစိတ်
(၆) သမ္ပဋိစ္ဆိုင်း - အာရုံကိုခံယူသောစိတ်
(၇) သန္တီရဏ - အာရုံကို စုံစမ်းသောစိတ်
(၈) ဝုဋ္ဌော - အာရုံကို ဆုံးဖြတ်မှတ်သားသောစိတ်
(၉) ဇော - အာရုံ၏ အရသာကို ခံစားသောစိတ်
(၁၀) ဇော - 〃
(၁၁) ဇော - 〃
(၁၂) ဇော - 〃
(၁၃) ဇော - 〃
(၁၄) ဇော - 〃
(၁၅) ဇော - အာရုံ၏အရသာကို ခံစားသောစိတ်
(၁၆) တဒါရုံ (ပထမအကြိမ်) - ဇောအာရုံကို လိုက်ယူသောစိတ်
(၁၇) တဒါရုံ (ဒုတိယအကြိမ်) - ဇောအာရုံကို လိုက်ယူသောစိတ်-


တို့ဖြစ်ပြီးနောက် (၁၇)ချက် ရုပ်သက်ဧ့ရကား ဒုတိယတဒါရုံနှင့်ပြိုင်၍ ချုပ်လေတော့၏။ ထို့နောက် ဘဝင်စိတ်များ ဆက်လက်ဖြစ်၏။

ဤကား ဝီထိ တစ်ဝီထိဖြစ်ပုံတည်း၊ ယင်းဝီထိကို ပုံစံအားဖြင့်ချလျှင် အောက်ပါအတိုင်းဖြစ်၏-

တီ နံ ဒ ပ (စ) သံ ဏာ ဝု



ဥပါဒ်ဌီဘင်



ဝီထိစိတ်တို့၏ဖြစ်စဉ်ကို ခန့်မှန်းနိုင်အောင် သရက်သီး ဥပမာဖြင့် ပြသေးသည်။

(၁) လူတစ်ယောက်သည် သရက်ပင်အောက်မှာ ခေါင်းမြီးခြုံပြီး အိပ်ပျော်နေ၏၊

(၂/၃) အနီးအပါး၌ သရက်သီးကြွေကျ၍ လန့်ပြီးနိုးလာသည်။
(၄) ဘာပါလိမ့်မလဲဟု ဆင်ခြင်ပြီးကြည့်သောအခါ
(၅) သရက်သီးကိုမြင်၍
(၆) လက်ဖြင့်ကောက်ယူပြီး
(၇) နှိပ်နယ်စုံစမ်းကြည့်၏၊
(၈) အနံ့ခံကြည့်ပြီး မှည့်မှန်းသိ၍
(၉/၁၅) စား၏၊
(၁၆/၁၇) သရက်သီးကို စားမျိုပြီးနောက် ထပ်၍ အိပ်ပျော်သွားပြန်သည်။

ဤဥပမာ၌-
(၁) ဘဝင်ကျနေခြင်းသည် အိပ်ပျော်နေသည်နှင့်တူ၏၊
(၂/၃) ဘဝဂ်စလန်၊ ဘဝဂ္ဂံပဒ္ဓေဒဖြစ်ခြင်းသည် သရက်သီးကြွေက၊ သံကြောင့် လန့်နိုးလာသည်နှင့်တူ၏။
(၄) ပဒ္ဓဒ္ဓါရာဝဇ္ဇန်းဖြစ်ခြင်းသည်နိုးလာပြီး ဘာပါလိမ့်မလဲဟု ဆင်ခြင်မှုနှင့်တူ၏။
(၅) စက္ခုဝိညာဉ်ဖြစ်ခြင်းသည် သရက်သီးကို မြင်မှုနှင့်တူ၏။
(၆) သမ္ပဋိစ္ဆိုင်းဖြစ်ခြင်းသည် လက်ဖြင့် ကောက်ယူခြင်းနှင့်တူ၏။
(၇) သန္တီရဏဖြစ်ခြင်းသည် မှည့် မမှည့်နှိပ်နယ်စုံစမ်းခြင်းနှင့်တူ၏။
(၈) ဝုဋ္ဌောဖြစ်ခြင်းသည် အနံ့ခံပြီး မှည့်မှန်းသိခြင်းနှင့်တူ၏။
(၉/၁၅) ဇောဖြစ်ခြင်းသည် သရက်သီးကို စားနေခြင်းနှင့်တူ၏။
(၁၆/၁၇) တဒါရုံဖြစ်ခြင်းသည် သရက်သီးကို မျိုချလိုက်သည်နှင့်တူ၏။
တဖန်ထပ်၍ ဘဝင်ကျသွားခြင်းသည် တဖန်ပြန်၍ အိပ်ပျော်သွားသည်နှင့် တူ၏။

ဆောင်။ ။ အိပ်- နိုး- ဆင်- ကြည့်၊ ယူ- နှိပ်ဘိ၊ နံ့သိ- စား- မျိုး၊ အိပ်ပြန်သလို။
ဂိထိတရား၊ ဖြစ်စဉ်များ၊ မှတ်သားစေလို၊ ဦ -ပြဆို။

ဝီထိစိတ် ဖြစ်ပေါ်လာပုံ

ဝီထိစိတ်များသည် အခွင့်သာလျှင် သင့်ရာ၌ဖြစ်ဖို့ရန် ခန္ဓာကိုယ်တွင်း၌ စုဝေးတည်ရှိနေကြသည်မဟုတ်၊ အပြင်ဘက်၌ တစ်စုံတစ်ခုသောနေရာတွင် စုပေါင်း

သိမ်းဆည်းထားနိုင်သူလည်းမရှိ၊ ဝတ္ထု၊ အာရုံ၊ မနသိကာရ စသော ဆိုင်ရာအကြောင်းတို့ ပေါင်းဆုံမိကြသည့်အခါမှသာ ရုတ်တရက်ဖြစ်ပေါ်လာကြပေသည်။

ဤသို့ ဝီထိစိတ်များဖြစ်ကြရာ၌ ဘဝင်၏အခြားမဲ့၌ အာဝဇ္ဇန်းဖြစ်ရမည်၊ အာဝဇ္ဇန်း၏ အခြားမဲ့၌ စက္ခုဝိညာဉ်စိတ်ဖြစ်ရမည် စသည်ဖြင့် ပြုပြင်စီမံနိုင်သူ နတ်၊ လူ၊ ငြဟ္မာ တစ်စုံတစ်ယောက်မျှမရှိချေ။ သို့မရှိပါဘဲလျက် ပြခဲ့သော ဥပမာအရ-အာရုံ၏ ပသာဒ၌ ထိခိုက်ခြင်းကိစ္စ၊ ဘဝင်အစဉ်ပြတ်ခြင်းကိစ္စ၊ မြင်ခြင်းကိစ္စ စသည်တို့ ကိုယ်စီကိုယ်ဂ ရှေ့နောက်မတူအောင် အသီးသီးဆောင်ရွက်လျက် ရှည်လျားစွာ တစီတတန်းကြီး အချက်ကျအောင်ဖြစ်နေပုံသည် မျက်မြင် မဟုတ် စေကာမူ သဘာဝဓမ္မအားဖြင့် လွန်စွာထင်ရှားလျက်ရှိသောကြောင့် ဆန်းကြယ်၍ အံ့ဖွယ်ကောင်းသော စိတ္တနိယာမပင်ဖြစ်ပေတော့သည်။

နိယာမတရာ (၅) ပါး

နိယာမအဓိပ္ပါယ်

လူ, နတ်, ငြဟ္မာ ဖန်ဆင်းရှင်ဟူသော တစ်စုံတစ်ယောက်၏ ပြုလုပ်ဖန်ဆင်းမှုကြောင့်မဟုတ်ဘဲ သဘာဝဓါတ်အလျောက်မဖောက်မပြန် အစဉ်အမြဲ သူ့အကြောင်းနှင့် သူ့အကျိုး၊ သူ့အမျိုးနှင့်သူ့အနွယ် အစဉ်မပျက် အဆက်ဆက် ဖြစ်ပွားနေမှုကို နိယာမတရားဟုခေါ်၏။

ထိုနိယာမတရားများမှာ-

(၁) ဗီဇ နိယာမ
(၂) ဥတု နိယာမ
(၃) ကမ္မ နိယာမ
(၄) ဓမ္မ နိယာမ
(၅) စိတ္တ နိယာမ-

ဟူ၍ ငါးပါးရှိ၏။

ဗီဇနိယာမ -မှာ တစ်စုံတစ်ယောက်၏ ပြုလုပ်ဆောင်ရွက်ပေးမှုမရှိပါဘဲလျက် ပြုလုပ်ဆောင်ရွက်ပေးသည့်အလား မြက်သစ်ပင်တို့၌ မျိုးစေ့၏ ဓါတ်သဘောဖြင့် ဖေါက်ပြန်ကွဲလွဲမှု လုံးဝမရှိဘဲ ထိုမြက်၊ ထိုသစ်ပင်မျိုးဖြစ်ခြင်း မြဲသောသဘောကို ဗီဇနိယာမဟုခေါ်၏။

ကုလားပဲအညွှန့်များမှာ မြောက်အရပ်သို့သာ အညွှန့်ဖျား လှည့်ခြင်း၊ ဒက္ခိဏာနွယ်ပင်မျိုးများမှာ အခြားသစ်ပင်များကို လက်ျာဘက်မှနွယ်ကာတက်ခြင်း၊ နေကြာပန်းများမှာ နေမင်းရှိရာသို့မျက်နှာမူခြင်း၊ မာလောနွယ်များမှာ သစ်ပင်ရှိရာသို့ ရှေ့ရှုခြင်း၊ အုန်းသီးများ၏ထိပ်၌ အပေါက်ရောက်ခြင်းသည် ဗီဇနိယာမ မည်၏။ ရှိရှိသမျှမျိုးစေ့တို့မှ ပေါက်ကြသည့် အပင်များ၏ အညွှန့်၊ အရွက်၊ အပွင့်၊ အသီးများသည် မူလ မျိုးစေ့နှင့်တူစွာ အညွှန့်အရွက်ထွက်၍ ဖူးကြ ပွင့်ကြ သီးကြကုန်၏။ သရက် မျိုးစေ့မှ သရက်ပင်ပေါက်၍ သရက်ညွှန့်၊ သရက်ရွက်ထွက်ကာ သရက်ဖူး၊ သရက်ပွင့် ပွင့်လျက် သရက်သီးသာသီး၏၊ ပိန္နဲ၊ မာလကာ စသည်ဖြစ်မလာပေ၊ ထိုကဲ့သို့ မူလမျိုးစေ့နှင့်တူစွာ ဖူးကြ၊ ပွင့်ကြ၊ သီးကြသည်မှာလည်း ဗီဇနိယာမ၏ ဓါတ်သဘောပင်ဖြစ်၏။

ဥတုနိယာမ - မှာလည်း ပြုလုပ်စီရင်ပေးသူမရှိဘဲ ဥတု၏အစွမ်းဖြင့် မြက်သစ်ပင်များ၌ အစဉ်အမြဲဖြစ်လေ့ရှိသောသဘောကို ဥတုနိယာမဟုခေါ်၏။

မြက်သစ်ပင်တို့သည် တန်ခူး၊ ကဆုန်၊ နယုန် စသော တစ်ဆယ့်နှစ်ရာသီတို့တွင် ထိုထိုလ ထိုထိုသမယတို့၌ သူ့အခါ၊ သူ့သမယ နှင့်သူ ဖူးကြ၊ ပွင့်ကြ၊ သီးကြမြဲဖြစ်ကုန်၏။ တန်ခူးလ၌ ဖူး, ပွင့်, သီးကြသော သစ်ပင်တို့သည် တန်ခူးလရောက်တိုင်း ဖူး, ပွင့်, သီးကြသကဲ့သို့ ကျန်လတို့၌ ဖူး, ပွင့်, သီးလေ့ရှိသည့် သစ်ပင်တို့သည်လည်း မိမိတို့ ဖူး, ပွင့်, သီး နေကျ လရောက်တိုင်း ဖူး, ပွင့်, သီးကြကုန်၏၊ သူ့အခါသမယသို့ရောက်လျှင် ပြုပြင်စီရင်သူမရှိဘဲ သူတို့ ဖူး, ပွင့်, သီးသည့် အချိန်ရောက်လျှင် သူတို့အလိုလို တောင်တိုင်းတောတိုင်း၌ပင် ဖူးကြပွင့်ကြ သီးကြပေ၏။ ဤကဲ့သို့ ဖြစ်ကြ သည်ကိုပင် ဥတုနိယာမဟုခေါ်၏။

ကမ္မနိယာမ - မှာ သတ္တဝါမှန်သမျှ မိမိတို့ ရှေးကပြုခဲ့သော ကံအမှုနှင့်တူစွာ အကျိုးပေးမှု မြဲခြင်းဖြစ်၏။

ခွဲ့ဦးအံ့ - မြတ်စွာဘုရားလက်ထက်တော်၌ သာဝတ္ထိမြို့တံခါးရွာကို မီးလောင်ရာမြက်ဖြင့်ပြုလုပ်ထားသည့် ကရွတ်ခွေတစ်ခုသည် မီးစွဲလျက် ကောင်းကင်သို့ လွင့်တက်စဉ် ပျံလာသောကျီး၏လည်၌ စွပ်မိ၏၊ ကျီးသည် မြေသို့ကျ၍သေလေ၏။

သင်္ဘောကြီးတစ်စင်းသည် သမုဒ္ဒရာ၌ ရွက်စုံလွှင့် စက်ကုန်ဖွင့်ကာ မောင်းနှင်ပါသော်လည်း လုံးဝရွေ့လျားမှုမရှိ၊ ရပ်တန့်လျက်နေ၏။ ထိုအခါ သင်္ဘောသားများသည် မိမိတို့သင်္ဘော၌ လူယုတ်မာပါပြီဟု စာရေးတံမဲချကြရာ သင်္ဘောသူကြီး၏ မယားလက်၌သာ သုံးကြိမ်တိုင်တိုင်ကျလေ၏။ ထိုအခါ သင်္ဘောသူကြီးက တစ်ယောက်အတွက်နှင့် အများသူတို့ ပျက်စီးရန်မသင့်ပေဟု

ဆုံးဖြတ်၍ သဲအိုးကို မိမိဇနီး၏လည်မှာဆွဲလျက် သမုဒ္ဒရာထဲသို့ ပစ်ချစေ၏၊ ထိုပစ်ချသောခဏ၌ပင် သဘော်ကြီးသည် လေးမှ လွတ်အပ်သည့်မြားအလား တဟုန်တည်းပြေးသွားလေ၏။

ရဟန်းတော်တစ်ပါးသည် လိုဏ်တစ်ခုအတွင်းသီတင်းသုံးနေစဉ် တောင်ထွတ်သည်ပြိုကျလေ၏။ ထိုပြိုကျသော တောင်ထွတ်သည် ရဟန်းတော် သီတင်းသုံးနေသည့် လိုဏ်ဂူပေါက်ဝကို ပိတ်လျက်တည်ရှိ၏၊ (ရ)ရက် ပြည့်သည့်နေ့တွင် သူ့အလိုလို လိမ့်၍ပွင့်၏။

ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား တရားဟာနေစဉ်အတွင်း ထို အကြောင်းအရာသုံးမျိုးစလုံး မြတ်စွာဘုရားထံ တပြိုင်နက် ဆိုက်ရောက်လာ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုသတ္တဝါသုံးဦး၏ရှေးအကြောင်းတရားကို အောက်ပါအတိုင်း ဟောကြားတော်မူ၏။

ထိုသုံးဦးအနက် ကိုးသည် ရှေးဘဝ၌လူဖြစ်စဉ်အခါ မိမိ၏ ကြမ်းတမ်းလှသော နွားရိုင်းကို ဆုံးမသွန်သင်၍မရနိုင်သဖြင့် ဒေါသဖြစ်ကာ နွား၏လည်၌ ကောက်ရိုးစည်းကိုဖွဲ့ချည်၍ မီးတိုက်လွတ်ခဲ့ဖူး၏၊ နွားသည် ထိုမီးကြောင့်သေခဲ့ရ၏၊ ထိုနွားရှင်သည် သေ၍ နောက်ဘဝတွင် ကိုးသတ္တဝါဖြစ်လေရာ ထိုမကောင်းမှုကံဟောင်းကြောင့် ကောင်းကင်၌ ပျံသွားစဉ် လည်မှာ မီးကွင်းစွပ်မိ၍ သေဆုံးရလေ၏။

လှေသူကြီးကတော်သည် ရှေးဘဝ၌ ခွေးတစ်ကောင်ကို အမျက်ထွက်သဖြင့် ခွေး၏ လယ်ပင်းတွင် သဲအိုးဖွဲ့၍ ရေ၌ပစ်ချသတ်ခဲ့ဘူး၏၊ ထို အကုသိုလ်ကံကြောင့် လှေသူကြီးကတော်ဘဝ၌ ပြုခဲ့သော အကုသိုလ်ကံနှင့် အလားတူစွာ သဲအိုးဆွဲပြီ့သမုဒ္ဒရာထဲ ပစ်ချခံရ၏။

လိုဏ်ဂူပတ်ခံရသော ရဟန်းသည် ရှေးဘဝ၌ နွားကျောင်းသားဖြစ်စဉ်က ဖွတ်တစ်ကောင် တွင်းထဲဝင်သည်ကိုမြင်လျှင် သစ်ရွက်များဖြင့် တွင်းကို ပိတ်ဆို့ခဲ့၏၊ ခုနစ်ရက်တိုင်မှ ထိုအရပ်သို့တဖန် ရောက်ပြန် လေသည့်အခါ တွင်းကိုဖွင့်လှစ်အစာရေစာငတ်မှုကြောင့် အားနည်းလှစွာ ထွက်၍လာသော ဖွတ်ကိုမြင်လျှင် သနားသည့် စိတ်ရှိပြန်သဖြင့် လွှတ်လိုက်၏။ ထိုကံဟောင်းကြောင့် ယခုဘဝတွင် ခုနစ်ရက်တိုင်တိုင် လိုဏ်ပိတ်ခြင်းဒုက္ခကို တွေ့ကြုံခံစားရ၏။

ဓမ္မနိယာမ - မှာ ပစ္စိမဘဝိက ဘုရားလောင်းတော်တို့၏ ပဋိန္ဓေတည်နေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါ၊ ဘုရားအဖြစ်ရောက်တော် မူသောအခါ၊ ဓမ္မစကြာတရား ဟောတော်မူသောအခါ အာယုသင်္ခါရ[illegible]က်တော်မူသောအခါ၊

ပရိနိဗ္ဗာန်ဝင်စံတော်မူသည့် အခါတို့၌ တစ်သောင်းသော လောကဓါတ်၏ တပြိုင်နက်အားဖြင့် လှုပ်ရှားမြဲသဘောကို ဓမ္မနိယာမဟုခေါ်၏။

စိတ္တနိယာမ - မှာ အဆင်း၊ အသံ အစရှိသော အာရုံတို့သည် မျက်စိ၊ နား အစရှိသော ပသာဒတို့၌ ထိခိုက်ကြကုန်သော် စိမံ့ဖန်ဆင်းသူ မရှိဘဲလျက် ပဋ္ဌဒါရာဝဇ္ဇန်း၊ ပဋ္ဌဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ အစရှိကုန်သော ဝီထိစိတ်တို့၏ အစဉ်အတိုင်း သူ့ကိစ္စနှင့်သူ ဖြစ်မြဲသဘောကို စိတ္တနိယာမ ဟုခေါ်သည်။

လောကသုံးပါးမှ လွတ်မြောက်ရေး
သစ္စာလေးပါးနည်းဖြင့် လောကမှထွက်မြောက်ပုံ

လောကတွင် သက်ဝင်လှုပ်ရှားနေကြသော လူသားအားလုံးတို့သည် ယခု ပစ္စုပ္ပန်ဘဝ၌ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူသော ခန္ဓာငါးပါးကို ရရှိထားကြ၏။ ထိုရရှိထားသော ခန္ဓာငါးပါးကို ငါပိုင်ဖြစ်၏၊ ငါဖြစ်၏ စသည်ဖြင့် ထင်မှတ်နေကြသည်။ ထို့ကြောင့်ပင် ဤခန္ဓာငါးပါးကို အစဉ်သဖြင့် တွယ်တာနေကြသည်၊ စွဲလမ်းနေကြသည်၊ တစိုက်မတ်မတ် မက်မောနေကြသည်။

ဤခန္ဓာကိုယ်ကို တွယ်တာစွဲလမ်းနေမှုကို တဏှာလောဘဟုခေါ်သည်။ “ဤတဏှာကား ခန္ဓာကိုယ်ကို ဘဝအဆက်ဆက်ဖြစ်ပေါ်နေအောင် တည်ဆောက်နေပါတကား”ဟု မသိနိုင်ကြချေ။ ခန္ဓာငါးပါးကိုလည်း ဒုက္ခခဲဟု မသိနိုင်ကြ၊ သိဖို့ရန်လည်း အလွန်ပင် ခဲယဉ်းလှပေသည်။

ဤလောကဓါတ်တခွင်ဝယ် တရားအားလုံးကို သိတော်မူသော သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်ပွင့်တော်မူလာ၍ သစ္စာလေးပါးမြတ်တရားကို ဟောကြားတော်မူသဖြင့် သတ္တဝါများ သစ္စာလေးပါးတရားတို့ သိခွင့်ရလာခဲ့ကြသည်။ ယင်းသစ္စာလေးပါးကား

(၁) ဒုက္ခသစ္စာ - ဆင်းရဲအမှန်
(၂) သမုဒယသစ္စာ - ဆင်းရဲကြောင်းအမှန်
(၃) နိရောဓသစ္စာ - ငြိမ်းအေးရာအမှန်
(၄) မဂ္ဂသစ္စာ - ငြိမ်းအေးရာသို့ရောက်ကြောင်း လမ်းကောင်း အမှန်တို့ဖြစ်သည်။

သစ္စာလေးပါးတွင် လောကီခန္ဓာငါးပါး ရုပ် နာမ်တရားသည် ဒုက္ခသစ္စာဖြစ်၏။ ထိုဒုက္ခသစ္စာကို သိရမည်။ လောကီခန္ဓာငါးပါး ရုပ် နာမ်တရားကို တွယ်တာသည့် တဏှာလောဘသည် သမုဒယသစ္စာဖြစ်၏။ ထိုသမုဒယသစ္စာကို ပယ်ခွာရမည်။ ယင်းတဏှာငြိမ်းအေးရာ နိဗ္ဗာန်သစ္စာကို မျက်မှောက်ပြုရမည်၊ ဆိုက်ရောက်ရမည်။ တဏှာငြိမ်းရာ နိဗ္ဗာန်သစ္စာသို့ ဆိုက်ရောက်ကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်သော မဂ္ဂသစ္စာကို ပွားများရမည် ဟုဟောပြထားပေသည်။

ဘရားတော်ကိုနာကြားရသည့် ဝေနေယျတို့၏ အသိဉာဏ်၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဒုက္ခတုံး၊ ဒုက္ခခဲကြီးပါတကား၊ ဖြစ်ပြီးလျှင် ပျက်ကြမှာပါတကားဟု သိမြင်လာကြသည်။ ဤကဲ့သို့ သစ္စာလေးပါးကို သိသော အသိဉာဏ်သည်ပင် မဂ်ဉာဏ်ဖြစ်သည်၊ ဒုက္ခမီး ငြိမ်းအေးကြောင်းဖြစ်သည်၊ ဤအသိဉာဏ်ရင့်ကျက်လာပါက လိုချင်မှု ရာဂမီး၊ စိတ်ဆိုးမှု ဒေါသမီး၊မသိမှု မောဟမီး၊ ပဋိသန္ဓေနေမှု ဇာတိမီး၊ အိုမှု ဇရာမီး၊ ပျက်စီးသေဆုံးမှု မရဏမီး၊ စိုးရိမ်မှု သောကမီး၊ ငိုကြွေးမှု ပရိဒေဝမီး၊ ကိုယ်ဆင်းရဲမှု ဒုက္ခမီး၊ စိတ်ဆင်းရဲမှု ဒေါမနဿမီး၊ ပြင်းထန်စွာပူလောင်မှု ဥပါယာသမီး ဟူသော မီး (၁၁)ပါးတို့သည် ငြိမ်းအေးကုန်ခမ်းသွားပေမည်။

ဤမီး (၁၁)မီး ငြိမ်းအေးကုန်ခမ်းသွားခဲ့သော် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟူသော လောက (၃)ပါးမှ လွတ်မြောက်သွားပေတော့သည်။

ဤသို့ သစ္စာလေးပါးနည်းဖြင့် လောကသုံးပါးမှ လွတ်မြောက်ရာ၌-

(၁) လောကီခန္ဓာငါးပါး ရုပ် နာမ်တရားတို့သည် ဒုက္ခတုံး၊ ဒုက္ခခဲပါတကားဟု သိမြင်ခြင်းသည် ဒုက္ခသစ္စာကို သိမြင်မှုပင်ဖြစ်၏။

(၂) ဤလောကီခန္ဓာငါးပါး ရုပ်နာမ်တရားပေါ်၌ တွယ်တာမှု တဏှာလောဘသည် သမုဒယသစ္စာမည်၏။ ယင်းတဏှာလောဘကို ပယ်ခွာခြင်းသည်ပင် သမုဒယသစ္စာကို ပယ်ခွာမှုဖြစ်သည်။

(၃) ဒုက္ခသစ္စာဟုသိသည်နှင့်တပြိုင်နက် လောကီခန္ဓာငါးပါးအပေါ်၌ တွယ်တာမှုတဏှာ ငြိမ်းအေးသွား၏။ ယင်းတွယ်တာမှုတဏှာ ငြိမ်းအေးမှုသည် နိဗ္ဗာန်သစ္စာမည်၏။ နိဗ္ဗာန်သစ္စာကို ဆိုက်ရောက် မျက်မှောက်ပြုသည်မည်၏။

(၄) ဒုက္ခသစ္စာဟုသိမြင်ခြင်းသည်ပင် (သမ္မာဒိဋ္ဌိမဂ္ဂင်-)မဂ္ဂသစ္စာမည်၏၊ ယင်းအသိများဖြစ်နေခြင်းသည်ပင် မဂ္ဂသစ္စာကို ပွားများသည်မည်၏။

ဤကား သစ္စာလေးပါးနည်းဖြင့် လောကသုံးပါးမှ ထွက်မြောက်ပုံဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် လောကသုံးပါးမှထွက်မြောက်ပုံ

ဤပဋိစ္စသမုပ္ပါဒ်နည်းဖြင့် လောကသုံးပါးမှ ထွက်မြောက်ရာ၌ ပဋိစ္စသမုပ္ပါဒ်နှင့် စပ်လျဉ်း၍ အဂီ ၁၂-ပါး၊ အဓွန့်ကာလ ၃-ပါး၊ ခြင်းရာ ၂၀၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊ ဝဋ် ၃-ပါး၊ ဝဋ်မြစ် ၂-ပါး တို့သည်လည်း သိသင့်သိထိုက်သော တရားများပင် ဖြစ်ပေသည်။ ထိုတရားများကား အောက်ပါအတိုင်းပင်တည်း-

ပဋိစ္စသမုပ္ပါဒ်အဂီ ၁၂-ပါး

၁။ အဝိဇ္ဇာ - သစ္စာလေးပါး စသည်ကို မသိမှု
၂။ သင်္ခါရ - ကုသိုလ် အကုသိုလ် ကံ စေတနာ
၃။ ဝိညာဉ် - လောကီဝိပါက် ဝိညာဉ်များ
၄။ နာမ်ရုပ် - စေတသိက်နာမ်နှင့် ရုပ်တရား
၅။ သဠာယတန - မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော အာယတနခြောက်ပါး
၆။ ဖဿ - မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ခြောက်ပါး တို့၌ဖြစ်သော အတွေ့. ခြောက်ပါး
၇။ ဝေဒနာ - မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အတွေ့. ခြောက်မျိုးတို့ကြောင့် ဖြစ်သော ခံစားမှုခြောက်ပါး
၈။ တဏှာ - လိုချင်တပ်မက်မှု
၉။ ဥပါဒါန် - စွဲလမ်းမှု
၁၀။ ဘဝ - ဖြစ်ပေါ်မှု
၁၁။ ဇာတိ - ပဋိသန္ဓေနေမှု
၁၂။ ဇရာမရဏ - အိုမင်းယိုယွင်းမှုနှင့် သေဆုံးပျက်စီးမှုအားဖြင့် ပဋိစ္စသမုပ္ပါဒ်အဂီ (၁၂) ပါး ရှိသည်။

ပဋိစ္စသမုပ္ပါဒ် အဓိပါယ်

အဝိဇ္ဇာစသော အကြောင်းတရားတို့ကြောင့် သင်္ခါရစသော အကျိုးတရားများ ဖြစ်ပေါ်လာခြင်းသည် ပဋိစ္စသမုပ္ပါဒ်မည်၏။

ထိုသို့ ပဋိစ္စသမုပ္ပါဒ် (အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်မှု) ၌-

၁။ အဝိဇ္ဇာ (မသိမှု) ကြောင့် သင်္ခါရ (ပြုပြင်စီရင်မှု) ဖြစ်၏။
၂။ သင်္ခါရ (ပြုပြင်စီရင်မှု) ကြောင့် ဝိညာဉ် (အကျိုးဝိပါက်စိတ်) ဖြစ်၏။

၃။ ဝိညာဉ် (သိမှုစိတ်) ကြောင့် နာမ်ရုပ် (စေတသိက်နာမ်နှင့်ရုပ်) ဖြစ်၏။
၄။ နာမ်ရုပ် (စေတသိက်နာမ်နှင့်ရုပ်) ကြောင့် သဠာယတန (အာယတန ခြောက်ပါး) ဖြစ်၏။
၅။ သဠာယတန (အာယတနခြောက်ပါး) ကြောင့် ဖဿ (တွေ့ထိမှု) ဖြစ်၏။
၆။ ဖဿ (တွေ့ထိမှု) ကြောင့် ဝေဒနာ (ခံစားမှု) ဖြစ်၏။
၇။ ဝေဒနာ (ခံစားမှု) ကြောင့် တဏှာ (လိုချင်တပ်မက်မှု) ဖြစ်၏။
၈။ တဏှာ (လိုချင်တပ်မက်မှု) ကြောင့် ဥပါဒါန် (စွဲလမ်းမှု)ဖြစ်၏။
၉။ ဥပါဒါန် (စွဲလမ်းမှု) ကြောင့် ဘဝ (ပြုလုပ်မှုနှင့် ဖြစ်တည်မှု) ဖြစ်၏။
၁၀။ ဘဝ (ပြုလုပ်မှု)ကြောင့် ဇာတိ (ပဋိသန္ဓေနေမှု)ဖြစ်၏။
၁၁။ ဇာတိ (ပဋိသန္ဓေနေမှု)ကြောင့် ဇရာမရဏ(အိုမှု သေမှု)နှင့်
၁၂။ သောက (စိုးရိမ်မှု)၊ ပရိဒေဝ (ငိုကြွေးမှု)၊ ဒုက္ခ (ကိုယ်ဆင်းရဲမှု)၊ ဒေါမနဿ (စိတ်ဆင်းရဲမှု)၊ ဥပါယာသ(ပြင်းစွာပူပန်မှု) တို့ဖြစ်ကြပါသည်။

ဤသို့ အကြောင်းတရားကြောင့် အကျိုးတရားများဖြစ်ခြင်း(ပဋိစ္စသမုပ္ပါဒ်) ကိုကြည့်လျှင် ချမ်းသာဟူ၍ မြူတစ်စေ့မျှမရှိကြောင်း၊ ဆင်းရဲတုံး၊ ဆင်းရဲစု၊ ဆင်းရဲခဲချည်းသာ ဖြစ်ကြောင်း တွေ့ရှိရပေသည်။

ဤအကြောင်းတရားများမဖြစ်က ဤအကျိုးတရားများမဖြစ်ပေါ်ပေ၊ ဒုက္ခမီးအားလုံး ငြိမ်းအေးသွားမည်ဟု အပြန်အားဖြင့် ဟောတော်မူသော ပဋိလောမဒေသနာကိုလည်း ပဋိစ္စသမုပ္ပါဒ်ဒေသနာဟုပင် ခေါ်ဆိုရပေသည်။

အဓွန့်.ကာလ (၃) ပါး

အဓွန့်.ကာလဟူသည်-
(၁) အတိတ်ကာလ၊
(၂) အနာဂတ်ကာလ၊
(၃) ပစ္စုပ္ပန်ကာလအားဖြင့် (၃)မျိုး ပြားသည်။

ထိုတွင်-
(၁) အဝိဇ္ဇာ, သင်္ခါရနှစ်ပါးတို့.သည် အတိတ်ဘဝ၌ အကျိုးဝင်သောကြောင့် အတိတ်ကာလ အတိတ်အဓွန့်.မည်၏။
(၂) ဇာတိ, ဇရာမရဏာနှစ်ပါးတို့.သည် အနာဂတ်ကာလ၌ အကျိုးဝင်သောကြောင့် အနာဂတ်ကာလ, အနာဂတ်အဓွန့်.မည်၏။

(၃) အလယ်၌ရှိသော ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ ဥပါဒါန်, ဘဝအားဖြင့် ရှစ်ပါးတို့သည် ပစ္စုပ္ပန်ကာလ၌ အကျုံးဝင်သောကြောင့် ပစ္စုပ္ပန်ကာလ, ပစ္စုပ္ပန်အင်္ဂန်.မည်၏။

အခြင်းအရာ- ၂၀

အခြင်းအရာတို့သည်-

(၁) အတိတ်အကြောင်း (၅) ပါး၊
(၂) ပစ္စုပ္ပန်အကျိုး (၅) ပါး၊
(၃) ပစ္စုပ္ပန်အကြောင်း (၅) ပါး၊
(၄) အနာဂတ်အကျိုး (၅) ပါးအားဖြင့် အခြင်းအရာ(၂၀) အင်္ဂါ (၂၀) ဖြစ်ပါသည်။

ထိုတွင်-

(၁) အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝအားဖြင့် (၅) ပါးတို့သည် အတိတ်အကြောင်းမည်၏။
(၂) ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာအားဖြင့် (၅)ပါးတို့.သည် ပစ္စုပ္ပန်အကျိုးမည်၏။
(၃) အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝအားဖြင့် (၅)ပါးတို့.သည် ပစ္စုပ္ပန်အကြောင်းမည်၏။
(၄) ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာအားဖြင့် (၅)ပါးတို့.သည် အနာဂတ်အကျိုးမည်၏။
ဤသို့.အားဖြင့် အခြင်းအရာ(၂၀) အင်္ဂါ(၂၀) ဖြစ်ပါသည်။

အခြင်းအရာ (၂၀)နှင့် စပ်လျဉ်း၍ အတိတ်အကြောင်းဟူဆိုအပ်သော အဝိဇ္ဇာ, သင်္ခါရနှစ်ပါးတွင် မကင်းကောင်းသော တဏှာ, ဥပါဒါန်, ဘဝတို့.ကို ထည့်သွင်းရေတွက်လျှင် အတိတ်အကြောင်း (၅)ပါးဖြစ်၏။

ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ (၅)ပါးသည် အတိတ်အကြောင်းကြောင့် ဖြစ်သော ပစ္စုပ္ပန်အကျိုး (၅)ပါးမည်၏။

တဏှာ, ဥပါဒါန်, ကမ္မဘဝတို့.တွင် မကင်းကောင်းသော အဝိဇ္ဇာ, သင်္ခါရတို့.ကို ထည့်သွင်းရေတွက်လျှင် အနာဂတ်အကျိုးကို ဖြစ်ပေါ်စေကြောင်းဖြစ်သော ပစ္စုပ္ပန်အကြောင်း (၅) ပါး မည်၏။

အနာဂတ်အကျိုးဖြစ်သော ဇာတိ, ဇရာမရဏာအင်္ဂါ၌ ဥပပတ္တိဘဝကို ထုတ်ဖော်၍သိအပ်၏။ ဇာတိ ဇရာမရဏာတို့သည်ကား ဥပပတ္တိဘဝ၏ အမှုတို့သာတည်း၊ ဇာတိဆိုလျှင် ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ်တို့လည်း ပါဝင်ကြ၏၊ ယင်းတရားတို့ကိုပင် ဥပပတ္တိဘဝဟုဆိုသည်။ ထို့ကြောင့် ဇာတိ, ဇရာမရဏာတို့၌ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကို ထုတ်ဖော်ယူအပ်၏။ကျွှဲသို့ယူသဖြင့် အနာဂတ်အကျိုးတရား ငါးပါးဖြစ်၏။

အစပ် (၃) ပါး

အစပ်တို့သည်-

(၁) သခ်ါရနှင့် ဝိညာဏ်အကြား တစပ်၊
(၂) ဝေဒနာနှင့် တဏှာအကြား တစပ်၊
(၃) (ကမ္မ) ဘဝနှင့် ဇာတိအကြား တစပ်- အားဖြင့် (၃)ပါး ရှိသည်။

ထို့တွင်-

(၁) အတိတ်အကြောင်းငါးပါး၏ အဆုံးဖြစ်သော သခ်ါရနှင့် ပစ္စုပ္ပန်အကျိုးငါးပါး အစဖြစ်သော ဝိညာဉ်အကြား၌ အကြောင်းအကျိုးစပ်သော ဟေတုဖလ အစပ်တခု၊
(၂) ပစ္စုပ္ပန်အကျိုးငါးပါး၏ အဆုံးဖြစ်သော ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း ငါးပါး၏အစဖြစ်သော တဏှာအကြား၌ အကျိုးအကြောင်းစပ်သော ဖလဟေတု အစပ်တခု၊
(၃) ပစ္စုပ္ပန်အကြောင်းငါးပါး၏ အဆုံးဖြစ်သော (ကမ္မ) ဘဝနှင့် အနာဂတ်အကျိုးငါးပါး၏အစဖြစ်သော ဇာတိအကြား၌ အကြောင်းအကျိုး စပ်သော ဟေတုဖလ အစပ်တခုအားဖြင့် (၃)မျိုး အပြားရှိသည်။

(ဆောင်) သခ်ါရနှင့်၊ ဝိညာဏသာ၊ ဝေ, တဏှာမှ, ဘဝ, ဇာတိ၊ တိသန္ဓိ၊ စပ်ဘိ မြဲသေချာ။

အလွှာ (၄)ပါး

အလွှာတို့သည်-

(၁) အဝိဇ္ဇာ, သခ်ါရ နှစ်ပါးသည် အတိတ်အကြောင်းတလွှာမည်၏။

(၂) ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ အားဖြင့် ငါးပါး သည် ပစ္စုပ္ပန်အကျိုးတလွှာမည်၏။

(၃) တဏှာ, ဥပါဒါန်, ဘဝအားဖြင့် သုံးပါးသည် ပစ္စုပ္ပန်အကြောင်း တလွှာမည်၏။

(၄) ဇာတိ, ဇရာမရဏ နှစ်ပါးသည် အနာဂတ်အကျိုးတလွှာမည်၏။

အခြင်းအရာ (၂၀) ရေတွက်နည်းဖြင့် အလွှာ(၄)ပါးကိုရေတွက်လျှင်-

(၁) အတိတ်အကြောင်းငါးပါးသည် တလွှာ၊

(၂) ပစ္စုပ္ပန်အကျိုးငါးပါးသည် တလွှာ၊

(၃) ပစ္စုပ္ပန်အကြောင်းငါးပါးသည် တလွှာ၊

(၄) အနာဂတ်အကျိုးငါးပါးသည် တလွှာ-

ဤသို့အားဖြင့် အလွှာ(၄)ပါး ဖြစ်ပါသည်။

ဝဋ် (၃)ပါး

ပါဠိလို ဝဋ်ကို မြန်မာလို ဝဋ်ဟုခေါ်သည်။ ဝဋ်သဒ္ဒါသည် လှည်းဘီး၊ မက်ဘီးများ ချာချာလည်သကဲ့သို့ လည်ပတ်ခြင်းဟု အနက်အဓိပ္ပါယ်ရသည်။ ထို့ကြောင့် အကြောင်းပြီးလျှင်အကျိုး၊ အကျိုးပြီးလျှင်အကြောင်းဟု အကြောင်း အကျိုးမပြတ်ဘဲ ဆက်စပ်လည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ်တရားများကို ပါဠိလို ဝဋ်၊ မြန်မာလို ဝဋ်ဟုခေါ်ပါသည်။ ထို ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ပါးကို ဝဋ်အားဖြင့် ခွဲခြားလျှင်-

(၁). ကိလေသဝဋ်

(၂) ကမ္မဝဋ်

(၃) ဝိပါကဝဋ်-

ဟူ၍ သုံးမျိုးရသည်။

ထိုသုံးပါးမှာ-

(၁) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူသော ကိလေသဝဋ်၊

(၂) သင်္ခါရ၊ ကမ္မဘဝ ဟူသော ကမ္မဝဋ်၊

(၃) ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ဟူ ဝိပါကဝဋ်တို့ဖြစ်သည်။

ဝဋ်သုံးပါးနည်းအားဖြင့် သံသရာလည်နေပုံ

အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်တရားတို့ကို သတ္တဝါတို့၏ စိတ်အစဉ်ကို ညစ်နွမ်းအောင်ပြုလုပ်တတ်သောကြောင့် ကိလေသာဟုခေါ်၏၊ အဝိဇ္ဇာသည် ထိုထိုအာရုံတို့၌ အမှန်အတိုင်းမသိအောင် ဖုံးလွှမ်းပေး၏၊ မှောင်ချပေး၏၊ ပညာ မျက်စိကန်းအောင်ပြုလုပ်၏၊ ထိုအခါ ထိုထိုအာရုံတို့ကို ခုံခုံမင်မင် လိုချင်တပ်မက်မှု တဏှာဖြစ်လာ၏၊ တဖန် ထိုထိုအာရုံတို့ကိုမရလျှင် မနေနိုင်လောက်အောင် အာရုံကိုပြင်းစွာစွဲလမ်းမှုဥပါဒါန်ပေါ်လာ၏၊ ထို့ကြောင့် ထိုထိုအာရုံကို ရရာရကြောင်းကောင်းမကောင်းသော ကုသိုလ်ကံ၊ အကုသိုလ်ကံများကို ပြုလုပ် ကြရသည်၊ ဤသည်မှာ ကိလေသာဝဋ် ကမ္မဝဋ်ကိုလည်အောင် လှည့်ပေးခြင်းဖြစ်၏။

ထိုသို့၏ရ၊ ကမ္မဘဝဟူသော ကမ္မဝဋ်ကြောင့် ထိုထိုဘုံဘဝတို့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့ အမျိုးမျိုးဖြစ်ပေါ်ကြရ၏။ ထိုဖြစ်ပေါ်လာသောဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်တို့ကား ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝ၊ ဇာတိ ဇရာ မရဏဟူသော ဝိပါကဝဋ်တည်း။ ဤသို့ ကမ္မဝဋ်သည် ဝိပါကဝဋ်လည်အောင်လှည့်ပေး၏။

ထို ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာစသော ဝိပါကဝဋ် တရားများဖြစ်လာသည့်အခါ ထိုဝဋ်တရားများတွင် အာရုံကိုတွေ့ထိမှု ဖဿ၊ ခံစားမှု ဝေဒနာ စသည်တို့ကြောင့် အာရုံကိုတပ်မက်မှုဟာဏှာ၊ စွဲလမ်းမှုဥပါဒါန်တရားတို့နှင့် အာရုံ၏အမှန်သဘောကိုမသိမှု အဝိဇ္ဇာဟူသော ကိလေသာတရားတို့ ဖြစ်ပွားလာရပြန်၏၊ ဤသို့ဝိပါကဝဋ်က တဏှာဥပါဒါန် အဝိဇ္ဇာဟူသော ကိလေသဝဋ်ကို တဖန်ပြန်၍ လည်စေပေသည်။ ဤသို့အားဖြင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်ဖြစ်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ် စသည်ဖြင့် ဝဋ်သုံးပါး မပြတ်မစဲ ထပ်တလဲလဲ လည်ပတ်ဖြစ်နေပေသည်။

ဝဋ်မြစ် (၂)ပါး

သံသရာဝဋ်ဆင်းရဲလည်ကြောင်းဖြစ်၍ သံသရာဝဋ်၏ အမြစ်အရင်းဖြစ်သော တရားနှစ်ပါးမှာ-

၁။ အဝိဇ္ဇာ

၂။ တဏှာ-

တို့ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် လောကသုံးပါးမှ လွတ်မြောက်ပုံ

ပဋိစ္စသမုပ္ပါဒ်စက်တွင် အဝိဇ္ဇာနှင့် တဏှာနှစ်ပါးသည် ဝဋ်သုံးပါးတရားတို့၏ လည်ရာလည်ကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်စက်၏ အကြောင်းရင်းအကြောင်းစ ဖြစ်သောကြောင့်လည်းကောင်း၊ သံသရာဝဋ်၏ ပင်မ အမြစ်ကြီးနှစ်သွယ်ဖြစ်ကြသည်။ တနည်းအားဖြင့်ဆိုသော် အဝိဇ္ဇာ၊ တဏှာဟူသော အနုသယကိလေသာကြီးနှစ်ပါးသည် ဝဋ်တရားတို့၏ ဦးခေါင်းကြီး နှစ်လုံးနှင့် တူပေသည်၊ သတ္တဝါတို့၌ ခေါင်းအင်္ဂါသည် အချုပ်အချာပဓာနဖြစ်သကဲ့သို့ အဝိဇ္ဇာ၊တဏှာ တရားနှစ်ပါးတို့သည်လည်း ပဋိစ္စသမုပ္ပါဒ်ဝဋ်ကြီး၏ အချုပ်အချာ ဦးခေါင်းများဖြစ်ကြ၏၊ မြွေသတ္တဝါ၏ဦးခေါင်းကို ဆုပ်ကိုင်သောအခါ ဆုပ်ကိုင်သူ၏လက်မောင်းသည် ရှည်လျားသောမြွေကိုယ်၏ ရစ်ပတ်ခြင်းကို ခံရသကဲ့သို့ ဝဋ်တရားတို့၏ ဦးခေါင်းကြီးများဖြစ်သည့် အဝိဇ္ဇာနှင့်တဏှာတို့ကို စွဲကိုင်ထားသောကြောင့် သတ္တဝါတို့သည် သံသရာဝဋ်တည်းဟူသော ရှည်လျားသော ကိုယ်ကြီးဖြင့် အထပ်ထပ်ရစ်ပတ်မှုကို ခံနေကြရခြင်းဖြစ်ပေသည်။

ထို့ပြင် ပဋိစ္စသမုပ္ပါဒ်စက်ကို ရှေ့ပိုင်းဘဝစက်၊ နောက်ပိုင်းဘဝစက် ဟူ၍ နှစ်ပိုင်းခဲ့လိုက်လျှင် အဝိဇ္ဇာနှင့်တဏှာတို့သည် ထိုဘဝစက်ကြီးနှစ်ခု၏ ခေါင်းကြီးများပင်ဖြစ်ကြသည်။ အဝိဇ္ဇာသည် အဝိဇ္ဇာမှ ဝေဒနာအထိ (အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ရှေ့ပိုင်းဘဝစက်၏ ခေါင်းကြီးဖြစ်၍ တဏှာသည် တဏှာမှ ဇာတိအထိ (တဏှာ၊ ဥပါဒါန်၊ဘဝ၊ ဇာတိ) နောက်ပိုင်းဘဝစက်၏ စက်ခေါင်းကြီးဖြစ်သည်။

ဥပမာအားဖြင့် ရှေ့ပိုင်းတွင် စက်ခေါင်းတစ်လုံး၊ နောက်ပိုင်းတွင် စက်ခေါင်းတစ်လုံး တပ်ဆင်ထားသည့် မီးရထားကြီးနှင့် တူသည်၊ ထိုစက်ခေါင်းကြီးနှစ်လုံး တပ်ဆင်ထားသော မီးရထားကြီးသည် တောကြွေတောင်ကြား တောင်နံပါး စသော လမ်းကောက်လမ်းကျဉ်းများ၌ ရှေ့ခေါင်း၊ နောက်ခေါင်းတို့ဖြင့် တက်တုံ ဆင်းတုံ၊ ကွေးကောက်တုံဖြင့် တသုန်သုန်သွားလာ၍ နေဘိသကဲ့သို့ အဝိဇ္ဇာ၊ တဏှာ တည်းဟူသော ရှေ့ခေါင်း နောက်ခေါင်းနှစ်လုံးတပ်ထားသော ဘဝစက်ယန္တရား သံသရာရထားကြီးသည်လည်း တက်တုံ ဆုတ်တုံ ကွေ့ကောက်တုံတို့ဖြင့် သုံးဆယ့်တစ်ဘုံဝယ် တသုန်သုန် လှည့်လည်သွားလာနေပေသည်။

သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး၌ ဘဝသံသရာလည်ပတ်ကြောင်း စက်ခေါင်းကြီးနှစ်လုံးဖြစ်သည့်အဝိဇ္ဇာ၊ တဏှာဟူသော ကိလေသဝဋ်ကို အမြစ်ပါ မကျန် တွန်းလှန်ပယ်သတ်နိုင်မှ သံသရာထွက်ပေါက်ရ၍ လောကသုံးပါးမှ လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် အဝိဇ္ဇာနှင့်တဏှာတို့ကို ချုပ်ငြိမ်းအောင် ဂိပဿနာတရား ရှုမှတ်ပွားများအားထုတ်ရမည်။ အဝိဇ္ဇာချုပ်သွားသောအခါ သခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန,ဖဿ ဝေဒနာဟူသော ရှေ့ပိုင်းဘဝစက်ကြီး ချုပ်ငြိမ်းသွား၏။ ဝေဒနာ ချုပ်သောအခါ အောက်ပိုင်းဘဝ စက်ခေါင်းဖြစ်သော တဏှာ ချုပ်ငြိမ်းသွား၏။ တဏှာချုပ်သောကြောင့် ဥပါဒါန်, ဘဝ, ဇာတိ- စသော နောက်ပိုင်းဘဝ စက်များ ချုပ်ငြိမ်းပြီး သံသရာမှ ရှင်းရှင်းကြီး ကျွတ်လွတ် ထွက်မြောက်သွားလေတော့ သည်။

ပဋိစ္စသမုပ္ပါဒ် လက်ာကြီး

အဝိဇ္ဇာ ပစ္စယာ သခါရာ။ ။ ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာ လေးရပ်၊ လေကျွန်းပတ်သည့်၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊ တြိဒွါရ၊ ရှိဉီးခလျက်၊ ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည့်၊ ရထားသံသရာ၊ ယာဉ်စကြာ၏၊ ခြင်းရာထုပွတ်၊ သမုပ္ပါဒ်ကို၊ အတတ်သိရန်၊ နိဒါန်းပြန်ပိမ့်။ အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျ၍၊ ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်ယား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ မမှည်စ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊ ပါယ်လမ်းဗီဇ၊ အပုညနှင့်၊ ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိလျက်၊ ဂတိနောင်ကို၊ ကောင်းစေလို၍၊

ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊အာနေဋ္ဌဟု၊ ဘဝနှီးရင်း၊ ပွားတုံလျင်းသည်။ ။ **ဝဋ်ခင်း ဝဋ်နွယ်ရှည်သတည်း။**

သခ်ီရပစ္စယာ ဝိညာဏ် ။ ။ ဝဋ်ခင်း ဝဋ်နွယ်၊ ရှည်ကြောင်းရွယ်သား၊ ဆယ်ဖြာ ပုည၊ အပုညနှင့် ၊ ဘဝနှီးရင်း၊ ပွားတုံလျင်းသော်၊ လေးသင်းပါယ်ရွာ၊ အဖြာဖြာလျှင်၊ ငြဟ်ဟာလူနတ်၊ ဘုံသုံးရပ်၌၊ ဓာတ်ပဓာန၊ ပြဓာန်းလှသား၊ ဒွါရသခင်၊ ခြောက်ဝိညာဉ်ပါ၊ အရှင်ဓာတ်မင်း၊ ပေါ်တုံလျင်း၍၊ ကိုယ်တွင်းကိုယ်ပြင်၊ ထွက်ဝင်တံခါး၊အင်ခြောက်ပါး၌၊ အများရုပ်နာမ်၊ အတန်တန်လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်၊ ထက်မြက်တေဇာ၊ သူ့ရှိန်ဝါ ကြောင့်၊ ငါငါသူသူ၊ လူပဲနတ်ပဲ၊ အထင်လွဲလျက်၊ ငရဲအပါယ်၊ အသွယ်သွယ်လျှင်၊ ဝဋ်နွယ်ရှည်လျား၊ တမားမားသည်။ ။ **ခြောက်ပါးဝိညာဉ်စွမ်းရည်တည်း။**

ဝိညာဏပစ္စယာ နာမရူပံ ။ ။ ခြောက်ပါး ဝိညာဉ်၊ စွမ်းရည်အင်ကြောင့်၊ မီးတွင်ရှိန်ဝါ၊ ထပ်ကြပ်ပါသို့၊ မကွာတူကွ၊ ဖြစ်ပေါ်ကြသား၊ ဖဿဝေဒနာ၊ စေတနာနှင့်၊ သညာဝိတက်၊ ရောင်စုံယှက်သည်၊ အမျက်ကြောင်တယ်၊ ကြိုးစုံချယ်သို့၊ အသွယ်အသွယ်၊ အနွယ်နွယ်လျှင်၊ ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်၊ ဘူတဟူပေ၊ မြေ ရေ လေ မီး၊ ဓာတ်ကြီးလေးတန်၊ အမာခံလျက်၊ အရံရုပ်သေး၊ နှစ်ဆယ့်လေးတည့်၊ ပေါင်းထွေးမျှညီ၊ အဌဝိသ၊ ရုပ်ကာယဟု၊ နာမ ရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးလည်း၊ ထင်ရှားစုံစွာ၊ ပေါ်တုံလာ၍၊ နာနာကာယ၊ အနန္တလျှင်၊ ရူပရုပ်ဟန်၊ သဏ္ဌာန်အမူ၊ ဇာတ်မတူသည်၊ လူအရပ်ရပ်၊ နတ်အထွေထွေ၊ ရေမျိုးကုန်းမျိုး၊ ကောင်းဆိုးယုတ်ညံ့၊ အကန့်ကန့်လျှင်၊ ခြားသန့်ပေါ်ယယ်၊ သောသောကြွယ်သည်။ **နှစ်သွယ်နာမ်ရူပ် စွမ်းရည်တည်း။**

နာမရူပပစ္စယာ သဠာယတနံ ။ ။ ထက်ရှားပြည့်စုံ၊ အပုံပုံလျှင်၊ တည်တုံနာမ်ရုပ်၊ ကိုယ်သမုတ်သား၊ အထုပ်အထယ်၊ ကြီးငယ်ကာလ၊ ပေါ်ပြန်ကလည်း၊ ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်၊ အရိုးစီစဉ်၊ အမြင်စက္ခု၊ ကြားမှုသောတ၊ ယာနအနံ့၊ လျက်ရန်ဇိဝှါ၊ ကာယတွေ့ထိ၊ အသိမနော၊ မရောမယှက်၊ တလက်လက်လျှင်၊အမျက်စိမ်ရည်၊ လဲ့လဲ့ကြည်သို့၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ အတုထင်၍၊ ဤရှင် ဤလူ၊ ဤမူ နေလ၊ ရူပသဏ္ဌာန်၊ အသံအမျိုး၊ အခိုးလှိုင်ပျံ့၊ ယနံ့ထိုထို၊ အချိုအချဉ်၊ ဤလျှင်အပူ၊ ဤမှုအဲ့အေး၊ အတွေးအသိ၊ ပြည့်စုံဘိ၍၊ ငါ၏ ဤကိုယ်၊ ငါမင်းပျိုဟု၊ အဆိုအထင်၊

အမြင်မှောက်မှား၊ စိတ်နေကြွားဘို့၊ တံခါးခြောက်သင်း၊ ကိုယ်လုံးလင်းသည်။ ။
ခြောက်သင်းဓာတ်မှန် စွမ်းရည်တည်း။

သဉ္ဇာယတနပစ္စယာ ဖဿော ။ ။ ဓာတ်မှန်အကြည်၊ ခြောက်မျိုးတည်က၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်၍၊ ဝိညာဉ်ခြောက်ဆင့်၊ ဖွားဖွားပွင့်က၊ နှိုင်းသင့်တူမျှ၊ ပမာပြမူ၊ သိကြားစက်ရှိန်၊ လက်လက်ထိန်သား၊ ဝရဇိန်သွား၊ ရွှပ်ရွှပ်ဝါးသို့၊ ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍၊ ရသခြောက်မည်၊ အာရုံရည်ကို၊ ကြိတ်နည်သောအား၊ တွေ့ထိငြားက၊ ဤကား ဣဋ္ဌ အနိဋ္ဌနှင့်၊ ဤမျှမကောင်း၊ ဤမျှကောင်းဟု၊ အကြောင်းသွေးဆော်၊ အရေးပေါ်လျက်၊ ခြောက်ဖေါ်အာရုံ၊ ရသဂုဏ်ကို၊ အကုန်ပေါ်ထွက်၊ ရွှန်းရွှန်းတက်၍၊ မက်ဟွယ် မုန်းဘွယ်၊ အနှုန်းချယ်သည်။ ။ **ခြောက်သွယ် ဖဿ စွမ်းရည်တည်း။**

ဖဿပစ္စယာ ဝေဒနာ ။ ။ ဖဿခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊ ကြိမ်နည်သောအား၊ စက်ရှိန်ဝါး၍၊ ခြောက်ပါးအာရုံ၊ မြေ့မြေ့တုန်လျက်၊ ခြောက်စုံရသ၊ အနိဋ္ဌနှင့်၊ ဣဋ္ဌ ဟူသည်၊ အရည်မီးမီး၊ ယိုထွက်စီးသော်၊ တက်သီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ်မြူး၍၊ ခြောက်ဦးရွှန်းစည်၊ အာရုံရည်ကို၊ မည်မည်ရရ၊ ခံစံကြမှ၊ သုဘသုဘာ၊ သာ မသာနှင့်၊ တွေလာမျှားတောင်း၊ ကောင်းမကောင်းလည်း၊ ထောင်းထောင်းငေါ်ငေါ်၊ သိထင်ပေါ်၍၊ ကောင်းသော်စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှင်၊ ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏၊ မုန်းဖွယ်တွေ့က၊ ခြောက်သွေ့နွမ်းညှိုး၊ နှလုံးဆိုး၍၊ အခိုးလူလူ၊ ပွက်ပွက်ဆူ၍၊ ပူပူပင်ပင်၊ မရွှင်မလန်း၊ စိတ်ကုန်ခမ်း၏၊ ချမ်းသာသုခ၊ တခုမျှ၌၊ လောကအထု၊ အကုန်စု၏၊ ပုပုရွရွ၊ မြင်သမျှလည်း၊ သုခဘို့ချည်း၊ လုံ့လသည်း၏၊ အရည်းသူမြတ်၊ ပရမတ်ကို၊ ချန်လှပ်ထား၍၊ အမျှား လောက၊ ရှိသမျှကား၊ ဒုက္ခပွားမှု၊ မျှားစွာပြုသည်။ ။ **သုခဝေဒနာ စွမ်းရည်တည်း။**

ဝေဒနာပစ္စယာ တဏှာ။ ။ သုခဝေဒနာ၊ စွမ်းရည်ဖြာ၍၊ ရသာမြိန်ရွှန်း၊ အစိမ့်မွှန်းက၊ သွန်းသွန်းဆူကြွ၊ ထိုသုခ၌၊ ပိယဟူသား၊ အချစ်ပွား၍၊ ခြောက်ပါး ဝေဒနာ၊ မြိန်ရှက်စွာကို၊ လွယ်ကာမနှေး၊ လိုတိုင်းပေးသည်၊ သေဋ္ဌေးရတနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊ လယ်မြေလုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ အဆန်းဆန်းတည့်၊ ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရမ္မဏာ၊ စသည်အပုံ၊ ပဉ္စာရုံနှင့်၊ ခြောက်စုံဖဿ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည်အလင်း၊ ကိုယ်တွင်းဓာတ်နု၊ အစုစုလျှင်၊ ဗဟုဘေဒါ၊ မျှားပြားစွာသည်၊ ဓမ္မာရမ္မဏာ၊ ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တမျှားမျှား၊ နေ့စဉ်ပွား၍ တရားအချက်၊

သဘောနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြဘဲ၊ ကာမထောင်တွင်း၊ ခန္ဓာကင်းသည်။ ခြောက်သင်းတရား စွမ်းရည်တည်း။

တရားပစ္စယာ ဥပါဒါနံ။ ။ တရားခြောက်မည်၊ အရင်းတည်၍၊ အရှည်များ လျား၊ အစဉ်ပွားက၊ လေးပါးအမှန်၊ ဥပါဒါန်လည်း၊ ခန္ဓာကာယ၊ အဇ္ဈတ္တနှင့်၊ ကာမအာရုံ၊ အလုံးစုံကို၊ အကုန်နှိုးရင်း၊ အစွဲပြင်း၏၊ အသင်းပွားများ၊ သားမယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်၊ တဖန်ထို့ပြင်၊ မိစ္ဆာဉာဉ်ဖြင့်၊ အမြင်ယွင်းဖေါက်၊ အယူမှောက်သည်၊ ခြောက်ဆယ့်နှစ်ပါး၊ ပြားသည်ဒိဋ္ဌ၊ တစိထိုမှ၊ ဂေါသီလကို၊ ဝဋ်မှထုတ်တတ်၊ စွဲထင်မှတ်သည်၊ သီလဗ္ဗတုပါဒါန်၊ ခန္ဓာငါးပါး၊ တရားအစု၊ ဓာတ်အနုကို၊ ကိုယ်ပါစွဲကပ်၊ အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်၊ အထန်အပြင်း၊ အယူတင်း၍၊ ဝဋ်ခင်းဝဋ်နွယ်၊ ဝဋ်ပင်လယ်မှ၊ လွတ်ဘွယ်မအား၊ တမားမားသည်။ ။ **လေးပါးဥပါဒါန် စွမ်းရည်တည်း။**

ဥပါဒါနပစ္စယာ ဘဝေါ ။ ။ စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာဓမ္မ၊ ကိုယ်ကာယ၌၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရင့်ရင့်၊ ကိုယ့်အတွက်ကြောင့်၊ သက်သတ်ခိုးမှု၊ စသည်ပြုလျက်၊ အကုသလ၊ ကမ္မဆယ်တန်၊ အပြစ်လျှံ၏၊ တဖန် နောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မျှော်လျက်၊ သူတော်ဓလေ့၊ ရသေ့ရဟန်း၊ လှူဒါန်းဝေငှ၊ ပဉ္စင်္နှင့်၊ အဌင်္အင်္ဂီ၊ ဒသဏီတည့်၊ လေးလီဗြဟ္မာ၊ ဝိဟာရစ္ဈာန်၊ ဆယ်တန်ကသိုဏ်း၊ အလှိုင်းမျှားစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာပုည၊ ကုသလကို၊ လုံ့လကြိုးစား၊ ကောင်းမှုပွား၏၊ နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ဖြစ်သမျှ၌၊ ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွား သည်။ ။ **နှစ်ပါးဘဝ စွမ်းရည်တည်း။**

ဘဝပစ္စယာ ဇာတိ။ ။ ဘဝစွမ်းရေ၊ ကံနှစ်ထွေကြောင့်၊ သဗ္ဗသတ္တာ၊ သတ္တဝါတို့၊ ဖြစ်ရာဘဝ၊ ဆုံးပြန်ကလည်း၊ ဧက, စတု၊ ငါးခုခန္ဓာ၊ ကံချရာ၌၊ မွေတာစစ်၊ သစ်တဖြစ်လဲ၊ အနဲနဲလျှင်၊ ဖြစ်မြဲဇာတိ၊ သန္ဓေငြို၍၊ တြိဘုံပြင်၊ နယ်တခွင်၌၊ အစဉ်ပြည့်ပွား၊ အစားစားလျှင်၊ မားမားမတ်မတ်၊ ဇာတ်အမျိုးမျိုး၊ တန်ခိုးတင်းတိမ်၊ ဂုဏ်သိရှိနိမ့်မြင့်၊ အကျင့်ဆိုးကောင်း၊ အပေါင်းများစွာ၊ သတ္တဝါဟု နာနာကာယ၊ ဖြစ်ပြန်ကြသည်။ ။ **လေးဝဇာတိ စွမ်းရည်တည်း။**

ဇာတိပစ္စယာ ဇရာ မရဏာ။ ။ သန္ဓေ ဇာတိ၊ တဖန်ငြိ၍၊ တြိဘုံသူ၊ တဆူဆူလျှင်၊ လူလူနတ်နတ်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ အလယ်, အဆုံး၊ အမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေချီက၊ နာရီစဉ်သင်၊ အဆင့်ဆင့်လျှင်၊ ရင့်မြရော်မြ၊ တသဲသဲတည့်၊ မစဲနေ့ညာ၊ တရွရွလျှင်။ ခဏာသန္တာတိ၊ အဂိုဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍၊ အကြီးအငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနှင်၏၊ လေးအင်သေမူ၊ တခုခုလည်း၊ မပါ အန္တရာယ်၊ အသွယ်သွယ်နှင့်၊ နှီးနွယ်ရုံးစည်း၊ တစ်လုံးတည်းလျှင်၊ ကြီးကြီးငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊ ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်။ ။ **ဇရာမရဏာ စွမ်းရည်တည်း။**

သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ။ ။သန္ဓေဇာတိ၊ ခန္ဓာရှိက၊ ဉာတိဘောဂ ၊ စသည်သင်းပင်း၊ ကွေကွင်းခြင်းနှင်၊ မကင်းစသာ၊ ကြုံကြိုက်လာသော်၊ ပူဆာသောက၊ ဒုက္ခငိုကြွေး၊ သက်မွေးဝန်ထမ်း၊ ပူချမ်းဒုက္ခ၊ အနိဋ္ဌကြောင့်၊ စိတ်ကမကြည်၊ မဆည်ငင်ရှိက်၊ အလိုက်အလဲ၊ ဆင်းရဲငါးပါး၊ အကျဉ်းအားတည့်၊ ကျယ်ပွားအနန္တ၊ တွေ့ကြုံရသည်။ ။ **မူလဇာတိ အနှုန်းတည်း။**

ဇာဝိပက္ခိယနည်းဖြင့် လောကမှထွက်မြောက်ပုံ

လောကကြီးအတွင်းဝယ် သက်ဝင်လှုပ်ရှားနေကြသော လူသားမှန်သမျှ သည် တစ်နေ့ကျလျှင် အိုကြရမည်၊ ရောဂါမျိုးစုံ အနှိပ်စက်ခံရလျက် နာကြရမည်။ **လောကာ၌ အပူရှိက အအေးရှိသည်၊ အအေးရှိက အပူရှိသည်။** ထိုနည်းတူ အိုခြင်းတရားရှိက မအိုခြင်းတရားရှိရမည်၊ နာခြင်းတရားရှိက မနာခြင်းတရား ရှိရမည်၊

သေခြင်းတရားရှိက မသေခြင်းတရားရှိရမည်ဟု မအိုရာ, မနာရာ, မသေရာ, တရားအစစ် တရားအမှန်ကို ပညာရှင်အချို့က ရှာဖွေနေကြသည်။ မည်သို့ပင် ရှာဖွေနေကြပါသော်လည်း မအိုရာ, မနာရာ, မသေရာ, တရားစစ် တရားအမှန်ကို မတွေ့ကြရဘဲ အိုမြဲ အိုနေကြရသည်၊ နာမြဲ နာနေကြရသည်၊ သေမြဲ သေနေကြရသည်။

လောကသုံးပါး၌ တရားအလုံးစုံကို သိမြင်တော်သော သဗ္ဗညုတဉာဏသခင်ဘုရားရှင် ပွင့်တော်မူလာသောအခါ (အဇရာ) မအိုရာ၊ (အဗျာဓိ) မနာရာ၊ (အမတ) မသေရာ ဖြစ်သောအေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်တရားကို ဟောပြတော်မူသည်။

မြတ်စွာဘုရားဟောကြားတော်မူသဖြင့် မအိုရာ, မနာရာ, မသေရာဖြစ်သော အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်မျက်မှောက်ပြုနိုင်ရန် ခန္ဓာကိုယ်ပေါ်၌ သတိကပ်ကာ ရှုမှတ်ပွားများရမည်ဟု သိလာကြသည်။

ထို့ကြောင့် သတိပဋ္ဌာန်တရားလေးပါးကို ပွားများလာကြသည်။ အားထုတ်လာကြသည်။ ရှုမှတ်လာကြသည်။ ယင်းသတိပဋ္ဌာန်တရားလေးပါးကား-

(၁) ကာယာနုပဿနာသတိပဋ္ဌာန် - ခန္ဓာကိုယ် (ရူပက္ခန္ဓာ) ကို အမြဲမပြတ် ရှုမှတ်သော သတိပဋ္ဌာန်

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် - ကောင်းဆိုးခံစားမှု (ဝေဒနာက္ခန္ဓာ) ကို ရှုမှတ်သော သတိပဋ္ဌာန်

(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန် - ဖြစ်ပေါ်လာသောစိတ်မှန်သမျှ (ဝိညာဏက္ခန္ဓာ)ကို ရှုမှတ်သော သတိပဋ္ဌာန်

(၄) ဓမ္မနုပဿနာ သတိပဋ္ဌာန် - ကြွင်းကျန်သော သဘောတရားများ (သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ) ကို ရှုမှတ်သောသတိပဋ္ဌာန် ဟူ၍(၄)ပါး အပြား ရှိသည်။

သတိပဋ္ဌာန်တရားလေးပါးကို အားထုတ်သောအခါ ခန္ဓာကိုယ် ရုပ်, နာမ်အပေါ်၌ သတိကပ် ရှုမှတ်နေရခြင်းကား လွယ်ကူလှသည့်အရာမဟုတ်၊ ကာမဂုဏ်အာရုံတော်၌ ကျက်စားကာ အပျော်ကြူးခဲ့သော စိတ်ဆင်ရိုင်းကို သတိချွန်းဖြင့် ထိန်းချုပ် ရှုမှတ်နေမှုကား အလွန်ပင်ခဲယဉ်းလှပေ၏။

သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဟူသော ဣန္ဒြေငါးပါးရှိသည်။ သတိပဋ္ဌာန်တရားပွားများအားထုတ်သောအခါ ထိုဣန္ဒြေငါးပါးတွင် သဒ္ဓါ(ယုံကြည်မှု)နှင့် ပညာ(သိနားလည်မှု) ညီမျှရန် လိုအပ်ပေသည်။ ထို့အတူပင် ဝီရိယ(အားထုတ်မှု)နှင့်

သမာဓိ(တည်ကြည်မှု)လည်း ညီမျှရန် လိုအပ်ပြန်သည်။

သဒ္ဓါ, ပညာနှစ်ပါးတွင် ပညာအားနည်း၍ သဒ္ဓါလွန်ကဲလျှင်း အကျိုးမဲ့အချည်းနှီးဖြစ်သောအရာ၌ ကြည်ညိုတတ်၏။ မကြည်ညိုသင့်သော(နတ်၊ ဗြဟ္မာ၊ တော၊ တောင် စသည့်) အရာဝတ္ထု၌ ကြည်ညိုတတ်၏။

သဒ္ဓါအားနည်း၍ ပညာလွန်ကဲနေလျှင် မာယာပရိယာယ်များပြားကာ ကောက်ကျစ်စဉ်းလဲသော သဘောသို့ ရောက်သွားတတ်၏။ ဆေးကုသရာ၌ ဆေးကြောင့်ဖြစ်သော ရောဂါသည် အလွန်အကုခက်ကာ လူနာ၏ရောဂါသက်သာမှု မမြန်ဆန် သကဲ့သို့ဖြစ်တတ်သည်။

သဒ္ဓါ, ပညာ, နှစ်ပါးစုံ ညီမျှမှသာ ဘုရား, တရား, သံဃာ ရတနာသုံးပါး၌ ကြည်ညိုမှု မှန်ကန်နိုင်ပေသည်။ အကျိုးရှိသော ယုံကြည်မှု ကြည်ညိုမှု ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ရှေးဆရာများက သဒ္ဓါလွန်လျှင်ကွန့်တတ်သည် ပညာလွန်လျှင် ဆွံ့တတ်သည်ဟုလည်းကောင်း၊ ထို့အပြင်- သဒ္ဓါလွန်လျှင် မိုက်မှား တတ်သည်၊ ပညာလွန်လျှင် ယူမှားတတ်သည်ဟုလည်းကောင်း၊ သဒ္ဓါပညာ နှစ်ဖြာညီစေဟုလည်းကောင်း ဆိုထားကြသည်။ ဝီရိယအားနည်း၍ သမာဓိလွန်ကဲနေလျှင် ဝီရိယ၏ဆန့်ကျင်ဘက်ရန်သူဖြစ်သော ပျင်းရိမှုဖြစ်လာမည်။ ယောဂီပုဂ္ဂိုလ်သည် ပျင်းရိလာသောကြောင့် တရားလုပ်ငန်း၌ ပေါ့လျော့အားနည်း လာမည်။ ယောဂီပုဂ္ဂိုလ်ကို ပျင်းရိမှုက အနိုင်ယူသွားပေမည်။ ထို့ကြောင့် သမာဓိလွန်လျှင် တွန့်တတ်သည် ဟုရှေးဆရာတို့ ဆိုထားကြခြင်းဖြစ်သည်။

သမာဓိအားနည်း၍ ဝီရိယလွန်ကဲနေပြန်လျှင်လည်း သမာဓိ၏ ဆန့်ကျင်ဘက်ရန်သူဖြစ်သော ဥဒ္ဓစ္စ (စိတ်ပျံ့လွင့်မှု) ဖြစ်လာမည်။ ယောဂီပုဂ္ဂိုလ်သည် စိတ်ပျံ့လွင့်နေသောကြောင့် စိတ်တည်ကြည်မှုမရနိုင်ပေ၊ စိတ်မတည်ကြည်လျှင် လိုရာအကျိုးပြီးစီးမှုနှောင့်နှေးမည်၊ ကြန့်ကြာမည်၊ ထို့ကြောင့်လည်း ဝီရိယလွန်လျှင်ပျံ့တတ်သည်ဟု ရှေးဆရာတို့ဆိုထားကြခြင်းဖြစ်ပေသည်။

သမာဓိ, ဝီရိယ၊ နှစ်ဝမျှစေ ဆိုသည့်အတိုင်းသမာဓိသည် ဝီရိယနှင့် ယှဉ်တွဲလျက် သမာဓိ ဝီရိယနှစ်ပါးအညီအမျှဖြစ်လာသောအခါ ပျင်းရိမှု ဖြစ်မလာနိုင်တော့ပေ။

ဝီရိယသည်လည်း သမာဓိနှင့်ယှဉ်တွဲလျက် ဝီရိယ, သမာဓိနှစ်ပါး အညီအမျှ ဖြစ်လာသောအခါ စိတ်တည်ကြည်လာပေမည်။

ယင်းသို့သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိ နှစ်ပါးစုံအညီအမျှဖြစ်ရန်အတွက် သတိပဋ္ဌာန်ဟူသော သတိဖြင့်ထိန်းချုပ်ပေးရသည်။ ရှုမှတ်ပေးရသည်။ ပွားများပေးရသည်။ ထို့ကြောင့်လည်း သတိဆို ပိုသည်မရှိဟု ဆိုထားကြခြင်းဖြစ်လေသည်။

သတိဖြင့်ထိန်းချုပ်ရှုမှတ်လာသောအခါ သဒ္ဓါစသော ကျန်ခြောင်းပါး ညီမျှလာသည် သတိအကူအညီကြောင့် ယုံကြည်မှု, အားထုတ်မှု, တည်ကြည်မှု, ထိုးထွင်းသိမှု လေးပါးအဆင့်အတန်းညီမျှလာမည်။

သတိနှင့်တကွ သဒ္ဓါ, ပညာ, ဝီရိယ, သမာဓိ, ဟူသော ကျန်ခြောင်းပါး ညီမျှလာမည်၊ ရရှိလာမည်၊ ထိုအခါ မအိုရာ, မနာရာ, မသေရာ တရားစစ်တရားမှန်ကို မြင်တွေ့လာမည်၊ မျက်မှောက်ပြုလာမည်၊ ဆိုက်ရောက်လာမည်။

ယင်းတို့မြင်တွေ့နိုင်သော ဉာဏ် မျက်မှောက်ပြုနိုင်သောဉာဏ်ကား ဗောဓိပက္ခိယ တရား(၃၇)ပါးတွင် ခေါင်းဆောင်ကြီးဖြစ်၏၊ အချုပ်အချာ ပမာန ဖြစ်၏။

ဤဗောဓိပက္ခိယတရား (၃၇)ပါး အဝင်အပါ ဉာဏ်ပညာဦးဆောင်သော သတိ, ဝီရိယ စသော တရားများသည်ကား အို, နာ, သေရေး ဒုက္ခဘေးအပေါင်းမှ လည်းကောင်း၊ အလွန်ပူလောင်လှသော ရာဂစသော (၁၁)ပါးသော မီးတို့မှ လည်းကောင်း၊ လွတ်မြောက်နိုင်သော တရားများဖြစ်သည်။

ယင်းတရားများသည်ပင် သတ္တ, ဩကာသ, သခ်ါရ ဟူသော လောက (၃)ပါးမှ ထွက်မြောက်နိုင်သော တရားများဖြစ်ပေသည်။

ဗောဓိပက္ခိယတရား (၃၇) ပါး

သတိပဋ္ဌာန်	၄ ပါး	
သမ္မပ္ပဓာန်	၄ ပါး	
ဣဒ္ဓိပါဒ်	၄ ပါး	
ဣန္ဒြေ	၅ ပါး	
ဗိုလ်	၅ ပါး	
ဗောဇ္ဈင်	၇ ပါး	
မဂ္ဂင်	၈ ပါး	
ဗောဓိပက္ခိယတရား	၃၇ ပါး	ဖြစ်ပါသည်။

အရိယာပုဂ္ဂိုလ်များ လောကသုံးပါးမှ လွတ်မြောက်ပုံ

သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟုခေါ်သော အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့နှင့်ဆိုင်ရာမင်္ဂများကို ရရှိပြီးသည်မှစ၍ မိမိဉာဏ်အားလျော်စွာ လောကသုံးပါးမှ လွတ်မြောက်သွားကြသည်။ ဆိုင်ရာကိလေသာတို့ကို ဆိုင်ရာမင်္ဂဖြင့် ပယ်နိုင်ခဲ့ကြသည်။ ထိုကိလေသာများ ကင်းကွာငြိမ်းအေးသွားမှုကိုပင် နိဗ္ဗာန်ဟု ဆိုသည်။

သောတာပန်ပုဂ္ဂိုလ်၏ လောကသုံးပါးမှ လွတ်မြောက်ပုံ

ထိုအရိယာပုဂ္ဂိုလ်တို့တွင် သောတာပတ္တိမဂ်စိတ်ဖြစ်ပြီးနောက် သောတာပတ္တိဖိုလ်စိတ်ကို ဆက်လက်ရရှိပြီးသော ပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဟုခေါ်သည်။ ထိုသောတာပန်ပုဂ္ဂိုလ်သည် အောက်ပါအတိုင်း(၃)မျိုးရှိသည်-

(၁) တစ်ဘဝသာ ပဋိသန္ဓေနေခွင့်ရှိသော ဧကဗီဇ သောတာပန်၊
(၂) နှစ်ဘဝမှ ခြောက်ဘဝအတွင်း သင့်သလို ပဋိသန္ဓေနေခွင့်ရှိသော ကောလံကောလ သောတာပန်၊
(၃) ခုနစ်ဘဝ ပဋိသန္ဓေနေခွင့်ရှိသော သတ္တက္ခတ္တုပရမ သောတာပန်။

ထိုသောတာပန်အရိယာပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကိလေသာ (၂) ပါးကို ပယ်လိုက်သောကြောင့် ထိုကိလေသာနှင့် အတူတကွဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁-ခု၊ ထိုစိတ်တို့နှင့်ယှဉ်သော စေတသိက်တို့ကိုလည်း ပယ်ပြီးဖြစ်သည်။

ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည်-

(က) ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁-ခု၊ ထိုစိတ်တို့နှင့် ယှဉ်သော စေတသိက်များဟုဆိုအပ်သော သဒ္ဓါရလောကမှ လွတ်မြောက်ပါသည်။
(ခ) သောတာပန်ဖြစ်သည်နှင့် တပြိုင်နက် ပုထုဇဉ်ဘဝကို ကျော်လွန်ပြီးဖြစ်သည်။ ထို့ကြောင့် ပုထုဇဉ်ဘဝဟုဆိုအပ်သော သတ္တလောကမှ လွတ်မြောက်ပါသည်။

(ဂ) သောတာပန်ဖြစ်လျှင် ဒိဋ္ဌိစိတ်ဆာနှင့် အပါယ်သို့ကျရောက်စေနိုင်သော အခြားကိလေသာများကို ပယ်ပြီးဖြစ်၍ အပါယ်ဘုံများသို့ မကျရောက်တော့ပေ။ ထို့ကြောင့် အပါယ် (၄) ဘုံဟုဆိုအပ်သော သြကာသလောကမှ လွတ်မြောက်ပါသည်။

သကဒါဂါမ်ပုဂ္ဂိုလ်၏ လောကသုံးပါးမှ လွတ်မြောက်ပုံ

သကဒါဂါမိမဂ်စိတ်ဖြစ်ပြီးနောက် သကဒါဂါမိဖိုလ်စိတ်ကို ဆက်လက်ရရှိပြီးသော အရိယာပုဂ္ဂိုလ်ကို သကဒါဂါမ်ဟုခေါ်သည်။

ထိုသကဒါဂါမ်ပုဂ္ဂိုလ်သည် အောက်ပါအတိုင်း (၆) မျိုးရှိသည်-

(၁) လူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ လူ့ပြည်၌ပင် ဘဝမခြားဘဲ (အနာဂါမ်ရဟန္တာ ဖြစ်ကာ) ပရိနိဗ္ဗာန်စံသူ၊
(၂) လူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ ဒုတိယဘဝတွင် နတ်ပြည်၌ပဋိသန္ဓေနေကာ ပရိနိဗ္ဗာန်စံသူ။
(၃) နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ နတ်ပြည်၌ပင် ပရိနိဗ္ဗာန်စံသူ။
(၄) နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ လူ့ပြည်၌ပင် ပရိနိဗ္ဗာန်စံသူ။
(၅) လူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ ဒုတိယဘဝတွင် နတ်ပြည်၌ပဋိသန္ဓေနေပြီး တတိယဘဝတွင် လူ့ပြည်၌ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်စံသူ။
(၆) နတ်ပြည်၌သကဒါဂါမ်ဖြစ်၍ လူ့ပြည်၌ပဋိသန္ဓေနေပြီး နောက်တဖန် နတ်ပြည်၌ ပရိနိဗ္ဗာန်စံသူ။

သကဒါဂါမ် အရိယာပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ဖြင့် အပါယ်သို့ရောက်စေနိုင်သော ရုန့်ရင်းကြမ်းတမ်းသော ရာဂ (တွယ်တာမှု)၊ ဒေါသ(စိတ်ဆိုးမှု)၊ မောဟ (မသိမှု) တို့ကို ပယ်သတ်နိုင်ခဲ့သည်။ ထို့ကြောင့်သကဒါဂါမ်ပုဂ္ဂိုလ်သည်-

(က) အပါယ်သို့ရောက်စေနိုင်သော ရုန့်ရင်းကြမ်းတမ်းသော ရာဂ ဒေါသ မောဟ ကိလေသာတို့နှင့်တကွ ယင်းတို့၏ယှဉ်ဖက် စေတသိက်ဟုဆိုအပ်သော ဃနီရလောကမှ လွတ်မြောက်ပါသည်။
(ခ) သကဒါဂါမ်ဖြစ်သည်နှင့်တပြိုင်နက် သောတာပန်ဘဝကို ကျော်လွန်ပြီးဖြစ်သည်။ ထို့ကြောင့် သောတာပန်ဘဝဟုဆိုအပ်သော သတ္တလောကမှ လွတ်မြောက်ပါသည်။

(ဂ) သကဒါဂါမ်ဖြစ်လျှင် အပါယ်သို့ကျရောက်စေတတ်သော(ရာဂ ဒေါသ မောဟ) စသော ကိလေသာများကို ပယ်ပြီးဖြစ်သည်။ ထို့ကြောင့် အပါယ်
(၄) ဘုံ ဟူဆိုအပ်သော သြကာသလောကမှ လွတ်မြောက်ပါသည်။

အနာဂါမ်ပုဂ္ဂိုလ်၏ လောကသုံးပါးမှ လွတ်မြောက်ပုံ

အနာဂါမိမဂ်စိတ်ဖြစ်ပြီးနောက် အနာဂါမိဖိုလ်စိတ် ဆက်လက်ရရှိပြီးသော အရိယာပုဂ္ဂိုလ်ကို အနာဂါမ်ဟုဆိုသည်။

အနာဂါမ်အရိယာပုဂ္ဂိုလ်ကား ဤကာမဘဝကျက်စားရာ ကာမ(၁၁)ဘုံသို့ ပဋိသန္ဓေနေသောအားဖြင့် ရောက်မလာတော့ပေ။ ကာမပဋိသန္ဓေမနေတော့ချေ။ ထို့ကြောင့် အနာဂါမ်ပုဂ္ဂိုလ်ဟုခေါ်သည်။

ထိုအနာဂါမ်ပုဂ္ဂိုလ်သည် အောက်ပါအတိုင်း (၅) မျိုးရှိသည်-

(၁) ပြဟ္မဉ်ဘုံ၌ ဖြစ်၍ ထိုပြဟ္မသက်တမ်းအလယ်၌ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်ပြုသူ။
(၂) ပြဟ္မာဘုံ၌ဖြစ်၍ ထိုပြဟ္မသက်တမ်းအလယ်ကိုကျော်လွန်မှ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်ပြုသူ။
(၃) လွယ်လွယ်ကူကူ မပင်မပန်းသော အကျင့်တို့ဖြင့် ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်ပြုသူ။
(၄) ပင်ပန်းခဲယဉ်းသော အကျင့်တို့ဖြင့် ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်ပြုသူ။
(၅) အထက်အထက်ဘုံစဉ်စံကာ အကနိဋ္ဌဘုံသို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသူ။

အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်ဖြင့် ကာမရာဂ (ကာမဂုဏ်ကို လိုချင်တပ်မက်သော လောဘဘဏ္ဍာ)နှင့် ဗျာပါဒ(ဖျက်ဆီးတတ်သော ဒေါသ)တို့ကို အကြွင်းမဲ့အကုန်အစင်ပယ်သတ်ပြီးဖြစ်လေသည်။ ယင်းသို့ ပယ်သတ်ပြီးဖြစ်သဖြင့် ကာမဘုံသို့ ရောက်မလာခြင်းဖြစ်သည်။ ပဋိသန္ဓေ မနေခြင်းဖြစ်သည်။ ထို့ကြောင့် အနာဂါမ်ပုဂ္ဂိုလ်သည်-

(က) ကာမရာဂ (လောဘ), ဗျာပါဒ(ဒေါသ)နှင့်တကွ ယင်းတို့၏ ယှဉ်ဖက်စေတသိက် ဟူဆိုအပ်သော သခ်ါရလောကမှ လွတ်မြောက်သည်။
(ခ) အနာဂါမ်ဖြစ်သည်နှင့်တပြိုင်နက် သကဒါဂါမ်ဘဝကို ကျော်လွန်ပြီးဖြစ်သည်။ ထို့ကြောင့် သကဒါဂါမ်ဘဝဟူဆိုအပ်သော သတ္တလောကမှ လွတ်မြောက်ပါသည်။

(ဂ) အနာဂါမ်ဖြစ်လျှင် ကာမရာဂ(လောဘ), ဗျာပါဒ(ဒေါသ)တို့ကို ပယ်ပြီးဖြစ်သည်။ ကာမဘုံကို တပ်မက်သော ကာမရာဂကို ပယ်ပြီးရကား ကာမ(၁၁)ဘုံ၌ တစ်ဖန်မဖြစ်တော့ပြီ။ ဖြစ်ရန်အကြောင်းလည်းမရှိတော့ချေ။ ထို့ကြောင့် ကာမ (၁၁) ဘုံဟူဆိုအပ်သော သြကာသလောကမှ လွတ်မြောက်ပါသည်။

ရဟန္တာပုဂ္ဂိုလ်၏ လောကသုံးပါးမှ လွတ်မြောက်ပုံ

အရဟတ္တမဂ်စိတ်ဖြစ်ပြီးနောက် အရဟတ္တဖိုလ်စိတ် ဆက်လက် ဖြစ်ပေါ်ပြီးသော အရိယာပုဂ္ဂိုလ်ကို ရဟန္တာဟုခေါ်သည်။

ရဟန္တာပုဂ္ဂိုလ်ကား ကိလေသာအားလုံးကို အကြွင်းမရှိသုတ်သင်ပယ်ပြီးဖြစ်၍ အကုသိုလ်ဟူသမျှ မြူတစ်စေ့စာမျှ မရှိတော့ချေ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်ဟုခေါ်သည်။

ထိုရဟန္တာပုဂ္ဂိုလ်သည် ကိလေသာ (၁၀) ပါး၊ ယင်းနှင့်တကွဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကို ပယ်ပြီးဖြစ်သည်။

ထောင်လွှားခြင်း၊ တက်ကြွခြင်း၊ မနာလိုဝန်တိုခြင်း၊ တွေဝေခြင်း၊ ပျံ့လွင့်ခြင်း၊ စသော သဘောများလည်း မရှိတော့ပေ၊ ထို့အတူပင် ရဟန္တာအရှင်မြတ်များ ပြုလုပ်သော အလှူပေးခြင်း၊ တရားဟောခြင်း၊ ဘာဝနာပွားခြင်း၊ သံဃဝေယျာဝစ္စပြုလုပ်ခြင်း စသော ကုသိုလ်များသည်လည်း ကုသိုလ်အမည်မရတော့ပေ၊ ရဟန္တာတို့အတွက် နောက်ကာလ၌ အကျိုးပေးရန် ဘာဝမရှိတော့သောကြောင့် ပြုကာမတ္တ(ကြိယာ) သဘောမျှသာဖြစ်သွားသည်။ ရဟန္တာပြုလုပ်သည့် ကောင်းမှုမှန်သမျှ ကုသိုလ်အမည်မရဘဲ ကြိယာ (ပြုကာမတ္တ) အမည်မျှကိုသာရရှိသွားသည်။ ကြိယာ (ပြုကာမတ္တ) သဘောမျှသာဖြစ်သွား၏ ဟုဆိုလိုသည်။

ထိုသို့ ရဟန္တာသန္တာန်၌ (ကုသိုလ်နှင့်တကွ) အကုသိုလ်ဟူသမျှ လုံးဝမရှိသောကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါများ၏ မြတ်သောအလှူကို ခံယူထိုက်သော အမြတ်ဆုံးပုဂ္ဂိုလ်ကား ရဟန္တာပင်ဖြစ်လေသည်။

ရဟန္တာပုဂ္ဂိုလ်သည် အောက်မဂ်သုံးပါးတို့ မပယ်နိုင်၍ ကြွင်းကျန်နေသော-

ရူပရာဂ (ရူပဘုံနှင့်စျာန်ကို တပ်နှစ်သက်မှု)
အရူပရာဂ (အရူပဘုံနှင့်စျာန်ကို တပ်နှစ်သက်မှု)
မာန (ဒေါင်လွှားခက်ထန်မှု)
ဥဒ္ဓစ္စ (စိတ်ပျံ့လွင့်မှု)
အဝိဇ္ဇာ (မသိမှု တွေဝေမှု) သံယောဇဉ်တို့ကို အရဟတ္တမဂ်ဖြင့် ပယ်သတ်ပြီးဖြစ်လေသည်။ ရဟန္တာဘဝ၌ ပယ်သတ်စရာကိလေသာဟူ၍ မရှိတော့ချေ။

ကိလေသာ အကုသိုလ်အားလုံးကုန်ဆုံးသွားခဲ့လေပြီ၊ ထို့ကြောင့် ရဟန္တာ ပုဂ္ဂိုလ်သည်-

(က) ရူပရာဂ (လောဘ) အရူပရာဂ (လောဘ), မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာတို့နှင့်တကွ ယှဉ်ဖက် အကုသိုလ် စိတ္တုပ္ပါဒ်ဟုဆိုအပ်သော သခ်ါရလောက၊ ကုသိုလ်စိတ္တုပ္ပါဒ်ဟုဆိုအပ်သော သခ်ါရလောကမှ လွတ်မြောက်သည်။

(ခ) ရဟန္တာဖြစ်သည်နှင့်တပြိုင်နက် အနာဂါမ်ဘဝကိုကျော်လွန်ပြီးဖြစ်သည်။ ထို့ကြောင့် အနာဂါမ်ဘဝဟုဆိုအပ်သော သတ္တလောကမှ လွတ်မြောက်သည်။

(ဂ) ရဟန္တာဖြစ်လျှင် သံသရာဝဋ်မြစ်ပြတ်ပြီး ဖြစ်လေပြီ၊ ထို့ကြောင့် နောက်ထပ်တဖန် ဖြစ်ရန်မရှိတော့ရကား ကာမ (၁၁) ဘုံ၊ ရူပ (၁၆)ဘုံ၊ အရူပ (၄)ဘုံ အားဖြင့် (၃၁)ဘုံဟုဆိုအပ်သော သြကာသလောကမှ အပြီးတိုင် လွတ်မြောက်ပါသည်။

ဤသို့အားဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဟုဆိုအပ်သော အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဆိုင်ရာမဂ်ဖြင့် ဆိုင်ရာကိလေသာတို့ကို ပယ်သတ်နိုင်ပါသည်။ ထို့ကြောင့် ပယ်သတ်ပြီးသော ကိလေသာ(အကုသိုလ်) သခ်ါရလောကမှ လည်းကောင်း၊ မိမိဆိုင်ရာမဂ်ဖြင့် ပယ်သတ်ခဲ့သော ကိလေသာအားလျော်စွာ ယင်း ကိလေသာတို့ကြောင့် ဖြစ်ရာဘုံဟုဆိုအပ်သော သြကာသလောကမှလည်းကောင်း၊ ပုထုဇဉ်ဘဝ အစရှိသော အောက်အောက်ပုဂ္ဂိုလ်၏ ဘဝဟုဆိုအပ်သော သတ္တလောကမှလည်းကောင်း လွတ်မြောက်ကြပါသည်။

ဤသို့အရိယာပုဂ္ဂိုလ်တို့၏ လောကသုံးပါးမှ ထွက်မြောက်မှုကိုပင် ကိလေသာငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ဟုခေါ်ရလေသည်။

နိဗ္ဗာန်

နိဗ္ဗာန်ဟူသည် ဗုဒ္ဓဘာသာတို့၏ အမြင့်ဆုံးရည်မှန်းချက်နှင့် နောက်ဆုံးပန်းတိုင်ဖြစ်သည်။ နိဗ္ဗာန်ဟူသော အမည်သည် နိဗ္ဗာန ပါဠိပုဒ်မှဆင်းသက်လာခြင်းဖြစ်သည်။ နိဗ္ဗာန၏ မူလပုဒ်ရင်းမှာ နိဝါန ဖြစ်သည်။ နိဝါနမှ နိဗ္ဗာန ဖြစ်လာခြင်းဖြစ်၏။

"ဝါန" ဟုဆိုအပ်သော တဏှာ၏စက်ကွင်းမှ ရှင်းရှင်းကြီး လွတ်ကင်းထွက်မြောက်သည့်တရားဟု အဓိပ္ပါယ်ရသည်။

အပ်ချုပ်သမားသည် အဝတ်အထည်တစ်စနှင့်တစ်စကို အပ်ချည်ဖြင့် ချုပ်စပ်

သက့ဲသို့ တဏှာတရားသည်လည်း ဘဝတစ်ပါးနှင့် ဘဝတစ်ပါးကို ချုပ်စပ်ဆက်သွယ်တတ်သည်။ ထို့ကြောင့် တဏှာကို ဝါနဟုခေါ်သည်။

အကြမ်းရှင်းပြရမည်ဆိုလျှင် တဏှာကား သံသရာ နယ်ချဲ့တရား တပါးဖြစ်၏။ တဏှာနယ်ပယ်ကား (၃၁) ဘုံဟူသော သြကာသလောကမာတ်ကြီးတစ်ခုလုံးဖြစ်သည်။ ထို (၃၁) ဘုံအတွင်းကောင်းသောဘဝ (သုဂတိဘဝ) နှင့် မကောင်းသောဘဝ (ဒုဂ္ဂတိဘဝ) တို့၌ တစ်ဘဝပြီးတစ်ဘဝ ဆုံလည်နွားပမာ ပြောင်းလဲဖြစ်ပေါ်နေသည့် သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာအစဉ်ကို သံသရာဟုခေါ်သည်။

ထိုသံသရာကို ချဲ့တတ်သည့် နယ်ချဲ့တရားတို့ကား ဒိဋ္ဌိ၊ မာန၊ တဏှာတို့ဖြစ်သည်။ ဒိဋ္ဌိသည် ခန္ဓာငါးပါး၌ အတ္တရှိ၏ဟု အမှားမြင်၏။ မာနကား ထိုအတ္တကိုပင် "ငါ ငါ" ဟု မှတ်ထင်၏။ ဒိဋ္ဌိမာနအရင်းခံမှုကြောင့် မိမိ၏ ရုပ်နာမ်တရားများကို တဏှာဖြင့် အားပါးတရ စွဲလမ်း၏။

တဏှာကား အစွမ်းသတ္တိ အလွန်ထက်သည့် တရားတစ်ပါးတည်း၊ ထိုတဏှာက ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ပြည့်နှက်နေသည့် ဤလောကြီး ပေါ်မွေ့စရာ၊ ချမ်းမြေ့စရာကောင်း၍ အလွန်သာယာစိုပြည်သည့် လောက နိဗ္ဗာန်ကြီးအဖြစ် ဖန်တီးပေးထား၏။ ရဟန္တာမှတပါးသော သတ္တဝါမှန်သမျှကို ထိုထိုအာရုံ၌ဖြစ်စေ, မိမိခန္ဓာကိုယ်၌ဖြစ်စေ တွယ်တာမက်မောစေ၍ သံသရာဝဋ်ဆင်းရဲ၌ မငြီးငွေ့အောင်၊ ပေါ်ရွှင်အောင် ပြုလုပ်ထားသည့်ကရားကား တဏှာပင်ဖြစ်သည်။

ထို့ကြောင့် တဏှာရှိသောသတ္တဝါတို့သည် မိမိတို့ လိုချင်တွယ်တာမှုအတိုင်းအတာအရ ဆင်းရဲအမျိုးမျိုးကိုခံယူကာ နေ့မအား၊ ညမအား ရုန်းကန်လှုပ်ရှားနေကြရသော်လည်း တဏှာကို ဒုက္ခပေးနေသည့် ရန်သူအဖြစ်မမြင်ကြ မိတ်ဆွေကောင်းကြီးအသွင်ဖြင့်သာ အဖော်ပြုကာ ပျော်ပျော်ပါးပါးပင် သံသရာခရီးနှင့်လျက်ရှိကြလေသည်။ အချို့ဆိုရမည်ဆိုပါက တဏှာ၏လက်ချက်ကြောင့် သတ္တဝါများသံသရာမှ ထွက်ပေါက်မရှာကြဘဲ ဘဝပေါင်းများစွာ ကြင်လည်နေကြရခြင်း ဖြစ်ပေသည်။

ထို့ပြင် တဏှာသည် ကမ္မဝဋ်ကို တွင်တွင်လည်အောင် လှည့်မပေးတတ်သောကိုလေသဝဋ်တရားတစ်ခုဖြစ်သည်။ လိုချင်မက်မောမှုတဏှာကြောင့် ကုသိုလ်, အကုသိုလ်များကို ပြုလုပ်နေကြ၏။ တဏှာအရင်းခံသည့် ယင်းပြုလုပ်မှု (ကမ္မဝဋ်) ကြောင့် လက်ရှိဘဝခန္ဓာပြတ်စဲသွားသောအခါ ဝိပါကဝဋ်ခေါ် ရုပ်သစ်, နာမ်သစ်များဖြစ်လာကာ ဘဝတစ်ခုပေါ်လာပြန်၏။ ထိုဘဝသစ်ဖြစ်၍ မကြာမီမှာပင် ဘဝ၌တွယ်တာနှစ်သက်တတ်သော(ဘဝနိကန္တိက) လောဘဇောခေါ် တဏှာရဂြိုးခါစအတ္တဘောကို မက်မောတွယ်တာပြီးလျှင် ယခင်အတိုက်ဘဝကနည်းတူ ဘဝသစ်တွင် စခန်းသွားရပြန်သည်။

ဤသို့ပုထုဇဉ်, သေက္ခ သတ္တဝါတို့သည် တဏှာတည်းဟူသော ကိလေသဝဋ်ကြောင့် ကမ္မဝဋ်, ဝိပါကဝဋ်တို့ ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာပြီးလျှင် သံသရာတကြောဝယ် နစ်မျောကျင်လည်၍နေကြရလေသည်။ ဤ သံသရာတကြော ဟူသော (၃၁) ဘုံကား တဏှာ၏နယ်, တဏှာ၏စက်ကွင်းတည်း။

နိဗ္ဗာန်ကား ထိုတဏှာ၏နယ်, တဏှာ၏စက်ကွင်းမှ လွတ်သော တရားမျိုး ဖြစ်ပေသည်။

သို့သော် နိဗ္ဗာန်ကား (၃၁) ဘုံကဲ့သို့ ကမ္ဘာလောကဓာတ်ကြီး တစ်ခုအဖြစ်ဖြင့် လည်းကောင်း ကမ္ဘာသူ ကမ္ဘာသားတစ်စုံတစ်ဦးအနေဖြင့်လည်းကောင်း တစ်စုံတစ်ခု သော အရာဝတ္ထု တည်ရှိနေသည့်အရာ မဟုတ်ချေ။

နိဗ္ဗာန်ဆိုသည်မှာ ရုပ်နာမ်နှစ်ပါး အကြွင်းမဲ့ချုပ်ဆုံးမှုဖြစ်ပါသည်။

နိဗ္ဗာန်နှင့် သန္တိသုခတို့

ကိလေသာခန္ဓာတို့၏ ချုပ်ငြိမ်းမှု၊ ရုပ်နာမ်တရားတို့၏ နောက်တဖန် ပြန်မဖြစ်သောအားဖြင့် ချုပ်ငြိမ်းမှုဟူသော အငြိမ်းဓာတ် အအေးဓာတ်သဘောကို နိဗ္ဗာန်ဟုခေါ်သည်။

ထိုအငြိမ်းဓာတ် အအေးဓာတ်ကား ချမ်းသာတစ်မျိုးဖြစ်၍ သန္တိသုခ နိဗ္ဗာန ဓာတ်ဟူ၍လည်းခေါ်သည်။ ထိုနိဗ္ဗာန်သည် သဘောအားဖြင့် ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းအေးမြခြင်း သဘောလက္ခဏာရှိသည်။ ငြိမ်းအေးခြင်းဟူသော ပင်ကိုယ် သဘောမှ မည်သည့်အခါမျှရွေ့လျားခြင်းမရှိသော ဂုဏ်နှင့်ပြည့်စုံ၏။ စိတ်ဧေတသိက် တို့ထက် ပို၍သိမ်မွေ့သော ဓာတ်ကြီးတစ်မျိုးဖြစ်၍ စိတ်ဧေတသိက်တို့ကဲ့သို့ပင် အထည်ပုံဟန်၊ သဏ္ဌာန်နိမိတ်၊ အရိပ်အသွင် မရှိသော ပရမတ္ထဓာတ်ကြီးဖြစ်သည်။

နိဗ္ဗာနဓာတ်နှင့် သဒ္ဒါရုံ

တနည်းအားဖြင့် နိဗ္ဗာန်ဟူသော ဝေါဟာရသည် နိဗ္ဗာနဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည်။ နိဗ္ဗာနဆိုသည်မှာ ကင်းငြိမ်းခြင်း ဟုအဓိပ္ပာယ်ရသည်။ ရုပ် နာမ်သဒ္ဒါရုံဟူသော ဝဋ်ဆင်းရဲတို့ လုံးဝ ဖြစ်ပေါ်မလာ ကြတော့ဘဲ ရုပ် နာမ်သဒ္ဒါရုံတို့ လုံးဝကင်းငြိမ်းသော သဘော, မရှိခြင်းသဘောဟု ဆိုလိုပေသည်။ မှန်၏၊ ရုပ်နာမ်တရားတို့ကို ပြုပြင်စီမံမှု သဘောကြောင့်သဒ္ဒါရုံဟု ခေါ်သည်။ ထို ရုပ်နာမ်သဒ္ဒါရုံတို့နှင့် နိဗ္ဗာနဓါတ်သည် ဆန့်ကျင်ဘက်ဖြစ်သည်၊ သဒ္ဒါရုံတရားတို့သည် ရှေးဦးစွာဖြစ်ပေါ်ခြင်း ဥပါဒ်သဘောရှိကြသည်။ ချမ်းသာ

ကောင်းစားရန် အမြဲမပြတ်ပြုပြင်အားထုတ်နေရသော သဓာလည်းရှိကြ၏။ ရွေးဉာဝ ရွေးအကြောင်းတရားတို့နှင့်စပ်၍ ဖြစ်ခြင်းလည်းရှိ၏။ ပုံသဏ္ဌာန် အထည်ကိုယ်ရှိသကဲ့သို့ ထင်ပေါ်လာတတ်ကြသည်။ နိဗ္ဗာန်မှာမူကား ဓရုးဦးစွာ ဖြစ်ပေါ်လာခြင်း ဥပါဒ်သဘောလည်းမရှိ၊ မပြတ်ဖြစ်သော ရုပ်နာမ်အစဉ်မှလည်း ကင်း၏။ ပြုပြင်အားထုတ် ရသော သဘောလည်းမရှိ၊ ရွေးဉာဝ ရွေ့အကြောင်းတို့နှင့် စပ်၍ ဖြစ်ခြင်းလည်းမရှိ၊ နိမိတ်ပုံသဏ္ဌာန် အထည်ဖြပ်ကင်းသည့် အနေအားဖြင့်သာ အရိယာတို့၏ ဉာဏ်မျက်စိ၌ ထင်ပေါ်လာသည့် သဘောရှိသည်။

ထို့ကြောင့် နိဗ္ဗာန်ကို သိပြီး မြင်ပြီးသော အရိယာပုဂ္ဂိုလ်များသော်မှလည်း ထိုနိဗ္ဗာန်ကို မည်သည့်အရာဝတ္ထုနှင့် တူသည်ဟူ၍လည်းကောင်း၊ မည်သို့သော အဆင်းအရောင် ပုံပန်းသဏ္ဌာန်ရှိသည်ဟူ၍လည်းကောင်း၊ မည်သည့်အရွယ်ပမာဏ ရှိသည်ဟူ၍လည်းကောင်း မပြောပြနိုင်ပါချေ။ မပြတ်ဖြစ်ပျက်လေ့ရှိသော ရုပ်နာမ် သခါရတို့၏ လုံးဝပေါ်မလာဘဲ ချုပ်ငြိမ်း ကင်းဆိတ်သည့် အနေအားဖြင့်သာလျှင် သိလည်းသိရ၏၊ ပြောလည်း ပြောပြနိုင်ကြလေသည်။

နိဗ္ဗာန်သရုပ်

နိဗ္ဗာန်သည် ရုပ်နာမ်သခါရ ဝဋ်ဆင်းရဲဟူသမျှတို့၏ လုံးဝချုပ်ငြိမ်းခြင်းဟူသော သန္တိလက္ခဏာသဘောအားဖြင့် တစ်ပါးတည်းသာ ဖြစ်သော်လည်း ခန္ဓာအကြွင်းရှိခြင်း၊ မရှိခြင်း ကွဲပြားခြားနားကြောင်း ပရိယာယ်အားဖြင့်ကား-

(၁) သဉပါဒိသေသ နိဗ္ဗာန်

(၂) အနုပါဒိသေသ နိဗ္ဗာန်-

ဟူ၍ (၂)မျိုးအပြားရှိသည်။ ထိုတွင်-

(၁) ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ပရိနိဗ္ဗာန်မပြုမီအတွင်း ကိလေသာတို့၏ လုံးဝမဖြစ်ပေါ်နိုင်သောအားဖြင့် ကုန်ဆုံးချုပ်ငြိမ်းခြင်းသည် သဉပါဒိသေသနိဗ္ဗာန် ဖြစ်သည်။

ထို သဉပါဒိသေသနိဗ္ဗာန်ကို ကိလေသာတို့၏ ချုပ်ငြိမ်းမှု ဖြစ်သောကြောင့် ကိလေသနိဗ္ဗာန်ဟု ဘုရားရှင်ဟောကြားတော်မူပါသည်။

(၂) ကိလေသာအားလုံးချုပ်ငြိမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်ကာလ၌ ရုပ်နာမ်သခါရတို့ လုံးဝဖြစ်ပေါ်မလာတော့ဘဲ အပြီးသတ် ချုပ်ငြိမ်းခြင်းသည် အနုပါဒိသေသနိဗ္ဗာန် မည်၏။

ထိုအနုပါဒိသေသနိဗ္ဗာန်ကို ခန္ဓာတို့၏ အပြီးသတ်ချုပ်ငြိမ်းမှု ဖြစ်သောကြောင့် ခန္ဓနိဗ္ဗာန်ဟု ဟောကြားတော်မူပါသည်။

အခန်း (၆)

သဗ္ဗ ဒိပသီနာဂျာတကနိဒ်း

အခန်း (၆)

သမထ ဝိပဿနာရှုပွားနည်း

ဤလောက၌ သတ္တဝါများစွာတို့သည် ဆင်းရဲဒုက္ခများနှင့် မကြုံတွေ့လိုကြ၊ ချမ်းသာသုခများကို ခံစားလျက် ငြိမ်းချမ်းပျော်ရွှင်စွာ နေလိုကြ၏၊ သို့သော် သတ္တဝါများစွာတို့သည် မတွေ့လို မကြုံလိုသော ဆင်းရဲဒုက္ခများကို ရှောင်ကွင်း၍မရဘဲ ခံစားနေကြရ၏။ ရောဂါဝေဒနာအမျိုးမျိုး ဖိစီးနှိပ်စက်ခြင်းခံနေကြရ၏။ နုပျိုစွာအသက် ရှည်လိုကြလျက် အိုမင်းရင့်ရော်နေကြရ၏။ မသေချင်ဘဲလျက် သေကြရ၏။ မိမိ ချစ်ခင်နှစ်သက်သူများနှင့် မခွဲမခွာချင်ဘဲလျက် သေကွဲ ရှင်ကွဲ နေကြရ၏။ မိမိ မချစ်မနှစ်သက်သူများနှင့် မပေါင်းဆုံချင်ဘဲလျက် ပေါင်းဆုံနေကြရ၏။ ထို့ပြင် အခြားသော လောကဓံတရားဆိုးများကိုလည်း တွေ့ကြုံခံစားနေကြရ၏။

သတ္တဝါများစွာတို့သည် ထိုဆင်းရဲဒုက္ခအဖုံဖုံကို တစ်မကာ တစ်ဘဝမျှသာ ကြုံတွေ့ခံစားနေကြရသည်မဟုတ်၊ ဆင်းရဲဒုက္ခအားလုံး၏ ကုန်ဆုံးရာ နိဗ္ဗာန်သို့ မရောက်သေးသမျှ ရှည်ကြာသော ဘဝသံသရာခရီးတလျှောက်လုံးမှာပင် တွေ့ကြုံခံစားနေကြရမည်ဖြစ်၏။ လောက၌ ချမ်းသာကြွယ်ဝ ပြည့်စုံလှသော စည်းစိမ်ရှင် တန်နိုးရှင် အာဏာရှင်ကြီးများလည်း အို-နာ-သေ ဘေးဒုက္ခများကို အံမတုနိုင်ကြချေ။ ထို အို-နာ-သေ ဘေးဒုက္ခကို ကား အမိက သားအတွက်၊ သားက အမိအတွက်၊ သတ္တဝါတစ်ဦးက အခြားသတ္တဝါတစ်ဦးအတွက် အစားထိုးဝင်ရောက်၍ လူချင်း လဲကာ ခံစားပေး၍ မရနိုင်သော ဘေးဒုက္ခကြီးများဖြစ်၏။

ထိုသို့ ဆင်းရဲဒုက္ခများကို ခံစားနေကြရခြင်း၏ အဓိကတရားခံကား ရရှိထားသည့်ဘဝကို အပြစ်မမြင်သော အဝိဇ္ဇာ(မောဟ)နှင့် ချစ်ခင်တွယ်တာတတ်သော တဏှာ(လောဘ)တို့ပင်တည်း၊ ထိုအဝိဇ္ဇာနှင့် တဏှာတို့၏ လက်ချက်ကြောင့် သတ္တဝါများစွာတို့သည် အသစ်အသစ်သော ဘဝများကို ထူထောင်နေကြခြင်းဖြစ်၏၊ ရရှိတိုင်းသော ဘဝများတွင်လည်း အို- နာ- သေ ဒုက္ခများကို ခံစားပြီးယင်း ခံစားနေ

ကြရပြန်၏။ အမှန်စင်စစ် ဘဝအသစ်ဖြစ်နေသမျှ ဆင်းရဲဒုက္ခနှင့် ကင်းလွတ်နိုင်ကြမည်မဟုတ်ချေ။ ထိုဆင်းရဲဒုက္ခများမှ ကင်းလွတ်လိုလျှင် ဘဝအသစ်မဖြစ်ရအောင် ကြိုးစားကြရမည်ဖြစ်သည်။ ထို့ကြောင့် ဘဝသစ်ကိုထူထောင်ပေးတတ်သော အဝိဇ္ဇာနှင့် တဏှာစက်ကွင်းမှ ရှင်းရှင်းကြီးလွတ်မြောက်စေရန် ရုပ်နာမ်တို့၏ အပြစ်နှင့် ဒုက္ခအားလုံးငြိမ်းရာနိဗ္ဗာန်ကို သိမြင်အောင် ကျင့်ဆောင်အားထုတ်ရပေမည်။ အားထုတ်ကျင့်ကြံရမည့်နည်းလမ်းကား အခြားမဟုတ်၊ သမထ ဝိပဿနာပွားများခြင်းပင် ဖြစ်သည်။

ဤသမထဝိပဿနာ ကျင့်ကြံအားထုတ်ခြင်းသည် နာမ်ပိုင်းဆိုင်ရာ အသိဉာဏ်များဖွံ့ဖြိုးတိုးတက်သည့်အပြင် ရုပ်ပိုင်းဆိုင်ရာတွင်လည်း ကျန်းမာရေးကောင်းခြင်း စသော အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူစဉ်ကဖြစ်သည်၊ ဂိရိမာနန္ဒအမည်ရှိသော ရဟန်းတစ်ပါးသည် ပြင်းထန်စွာ မမာမကျန်းဖြစ်နေကြောင်း အရှင်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားရာ ထိုရဟန်းထံသို့ သွားရောက်၍ ဝိပဿနာတရား ဟောကြားရန် အရှင်အာနန္ဒာကိုပင် စေလွှတ်ခဲ့၏။ အရှင်ဂိရိမာနန္ဒသည် အရှင်အာနန္ဒာဟောကြားသော ဝိပဿနာတရားကို နာယူရွတ်ပွားရသဖြင့် ရောဂါဝေဒနာများ ပျောက်ကင်းခဲ့သည်။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း ပရိနိဗ္ဗာန်ပြုခါနီး ဝေသာလီပြည်၊ ဝေဠုဝဂ္ဂာ၌ ဝါကပ်သီတင်းသုံးနေစဉ် အလွန်ပြင်းထန်သော ရောဂါဝေဒနာ စွဲကပ်တော်မူ၏၊ မဟာဝိပဿနာ ဖလသမာပတ်တရားဆေးဖြင့် ချက်ချင်းငြိမ်းပျောက်တော်မူစေခဲ့ကြောင့် ဒီဃနိကာယ် မဟာဂုပါဠိတော်၌ လေ့လာတွေ့ရှိရ၏။

ခြုံ၍ဆိုရလျှင် စိတ်ဓာတ်ကြံ့ခိုင်ရေး၊ ကြီးပွားတိုးတက်ရေး၊ ပစ္စုပ္ပန်ဘဝငြိမ်းချမ်းသာယာရေး၊ သံသရာဘဝငြိမ်းချမ်းသာယာရေး၊ လောကီရေး၊ လောကုတ္တရာရေး စသော ကောင်းကျိုးများကို ရရှိစေနိုင်သော သမထ ဝိပဿနာ ဘာဝနာတရားများကို လက်တွေ့ကျင့်ကြံ ရွတ်ပွားနိုင်ကြစေရန် ဤအခန်းတွင် ဖော်ပြလိုက်ပါသည်။

ပဓာနိယင်္ဂတရား ငါးပါး

(ကမ္မဋ္ဌာန်းအားထုတ်သူ၌ ရှိရမည့်အင်္ဂါ ငါးပါး)

လောက၌ အတတ်ပညာတစ်ရပ်ရပ်ကို ထူးချွန်ပြောင်မြောက်စွာ တတ်မြောက်လိုသူသည် ထိုအတတ်ပညာနှင့်ဆရာတို့အပေါ် ယုံကြည်မှုရှိရမည်၊ မိမိကိုယ်တိုင်

ကျန်းမာရေးကောင်းမွန်ရမည်၊ ထို့ပြင် ဟန်ဆောင်ပလ္လား ဝါကြွားခြင်းမရှိ ပကတိ ရိုးသားဖြောင့်မတ်ရမည်၊ စွမ်းစွမ်းတမံ ကြိုးစားအားထုတ်မှုနှင့် အသိဉာဏ်လည်း ရှိရမည်၊ သို့မှသာ မျှော်မှန်းထားသည့် အတတ်ပညာကို ပေါက်ပေါက်ရောက်ရောက် သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည်၊ ထိုသို့မဟုတ်ဘဲ ယုံကြည်မှုလည်းမရှိ၊ ကျန်းမာ ရေးလည်းညံ့၊ ရိုးသားဖြောင့်မတ်မှုလည်းမရှိ၊ ကြိုးစားအားထုတ်မှုနှင့် အသိဉာဏ် လည်းမရှိပါက ရည်ရွယ်မျှော်မှန်းထားသည့် အတတ်ပညာကို ထိရောက်စွာ သင်ယူ တတ်မြောက်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကမ္မဋ္ဌာန်းတရား ပွားများအားထုတ် မည့်သူသည်-

(၁) ရတနာသုံးပါးကို မမှိတ်မသုံ ယုံကြည်ခြင်း၊
(၂) ကမ္မဋ္ဌာန်းတရားပွားများအားထုတ်နိုင်ရန် ကျန်းမာရေးကောင်းမွန်ခြင်း၊
(၃) ဆရာသမား၊ အတူနေတရားကျင့်ဖော်ကျင့်ဖက်တို့အပေါ်၌ မိမိမှာ မရှိသော ဂုဏ်ကို ရှိဟန်ဆောင်၍ ကောက်ကျစ်စွာပြောဆိုမှု(သာဒ္ဒေယျ)၊ မိမိ၌ရှိသောအပြစ်ကို သူများမသိဖအောင်လှည့်စားဖုံးကွယ်မှု (မာယာ)တို့ မရှိဘဲ ဟုတ်တိုင်းမှန်စွာပြောဆိုပြုမူခြင်း၊
(၄) အကုသိုလ်တရားတို့ကို ပယ်ရှား၍ ကုသိုလ်တရားတိုးပွားစေရန် ထက် သန်သော လုံ့လဝီရိယရှိခြင်း၊
(၅) ရုပ်နာမ်အဖြစ် အပျက်ကို သိမြင်နိုင်သည့် ဉာဏ်ပညာနှင့် ပြည့်စုံခြင်း-

ဟူသော အင်္ဂါရပ်များနှင့်ပြည့်စုံမှသာ မဂ်ဖိုလ်တရားထူးကို ရရှိနိုင်မည်ဖြစ်ကြောင်း ကျမ်းဂန်များ၌ မိန့်ဆိုထား၏၊ ဤ အင်္ဂါရပ်များနှင့်မပြည့်စုံပါက မျှော်လင့် ထားသည့်တရားထူးများကို ရရှိနိုင်မည်မဟုတ်ချေ။

အထက်ဖော်ပြခဲ့ပြီး အင်္ဂါငါးပါးနှင့် ပြည့်စုံသူသည် မြတ်စွာဘုရား တည်းဟူ သော ဆရာကောင်းထံနည်းယူ သြဝါဒခံ၍ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်လျှင် နေ့ချင်း၊ ညချင်းဖြစ်စေ၊ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက် ၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက် အတွင်း၌ဖြစ်စေ မဂ်ဖိုလ်တရားထူးကို ရရှိမည်ဖြစ်သည်။ ထိုအတွင်းမှ မရရှိနိုင်သေးလျှင် ၁၅-ရက်၊ တစ်လ၊ နှစ်လ၊ သုံးလ၊ လေးလ၊ ငါးလ၊ ခြောက်လ၊ ခုနစ်လ အတွင်း၌ဖြစ်စေ (၁)နှစ်၊ (၂)နှစ်၊ (၃)နှစ်၊ (၄)နှစ်၊ (၅)နှစ်၊ (၆)နှစ်၊ (၇)နှစ် အတွင်း၌ဖြစ်စေ မဂ်ဖိုလ်တရားထူးကို ရရှိမည်ဖြစ်သည်။

ကမ္မဋ္ဌာန်းအားမထုတ်မီ ကြိုတင်ပြုဖွယ်ကိစ္စများ

ကမ္မဋ္ဌာန်းတရားအားထုတ်မည့်သူသည် အားမထုတ်မီတွင် ကြိုတင်ပြုလုပ်ရမည့်ကိစ္စများကို လေ့လာသိရှိထားသင့်၏၊ ထိုကိစ္စများကား အကျဉ်းချုပ်အားဖြင့်-

- သီလစင်ကြယ်အောင် စောင့်ထိန်းခြင်း။
- ကမ္မဋ္ဌာန်း တရားကို အနှောင့်အယှက်ပြုမည့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရမည့် ကိစ္စကြီးငယ်များကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်း။
- ကမ္မဋ္ဌာန်းဆရာထံ ချဉ်းကပ်ခြင်း။
- မိမိစရိုက်နှင့်ကိုက်ညီမည့် ကမ္မဋ္ဌာန်းကိုသင်ယူခြင်း၊
- ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်သော နေရာကို ရွေးချယ်ခြင်း-

တို့ဖြစ်သည်။

သီလစင်ကြယ်အောင် စောင့်ထိန်းခြင်း

ကမ္မဋ္ဌာန်းတရားအားထုတ်မည့်သူသည် ရဟန်းဖြစ်ပါက မိမိ၌သင့်ရောက်နေသော အာပတ်ကို ဝိနည်းဒေသနာနှင့်အညီ ငြိမ်းပျောက်အောင် ကုစားရမည်၊ အာပတ်သင့်နေလျက်နှင့် တရားအားထုတ်လျှင် မိမိရည်မှန်းထားသည့် တရားထူးများကို ရရှိနိုင်မည် မဟုတ်၊ လူဝတ်ကြောင်ဖြစ်ပါက မိမိတို့ဆိုင်ရာ အကျင့်သီလများကို စင်ကြယ်အောင် စောင့်ထိန်းရမည်၊ သီလစင်ကြယ်မှသာ တည်ကြည်မှု(သမာဓိ)နှင့် အသိအမြင်ဉာဏ်(ပညာ) တိုးတက်ပြီး မျှော်မှန်းထားသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည် ဖြစ်သည်။

တရားအားထုတ်မှု၌ အနှောင့်အယှက်ပြုမည့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရမည့် ကိစ္စများကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်း (ပလိဗောဓ)

တရားအားထုတ်မည်ဆိုလျှင် နောက်ဆံတင်းစရာ ကိစ္စများကို ကြိုတင်ပြီးပြတ်အောင် ဆောင်ရွက်ထားသင့်၏၊ ဆောင်ရွက်စရာကိစ္စများ မပြီး မပြတ်ဖြစ်နေပါက တရားအားထုတ်မှု၌ အနှောင့်အယှက်ပြုတတ်သည်၊ ထိုကိစ္စအတွက် နောက်ဆံတင်ငင်ဖြစ်နေတတ်သည်၊ ထိုနောက်ဆံတင်းဖွယ်ကိစ္စများကို ပလိဗောဓ(ကြောင့်ကြမှု)ဟုခေါ်ဆိုသည်။ ယင်းပလိဗောဓကိစ္စတို့ကား နေထိုင်ရန် အဆောက်အအုံပြင်ဆင် စီမံခြင်းကိစ္စ၊ ရင်းနှီးသော ဆွေမျိုးမိဘ အပေါင်းအသင်း ဒကာ ဒကာမ

တို့ကိစ္စ၊ ပရိဘောဂအသုံးအဆောင်ပစ္စည်းများနှင့်စပ်သောကိစ္စ၊ ဂိုဏ်းဂဏ အသင်းအဖွဲ့နှင့်စပ်သောကိစ္စ၊ လတ်တလော မဖြစ်မနေဆောင်ရွက်ဖွယ်ကိစ္စ၊ ခရီးသွားရန်ကိစ္စ၊ မိသားစုနှင့်ဆွေမျိုး ဆရာသမား ဒကာ ဒကာမတို့၏ ကျန်းမာရေးကိစ္စ၊ မိမိ၏ ကျန်းမာရေးကိစ္စ၊ မိမိ၏ပညာရေးကိစ္စ၊ ရရှိထားသည့် လောကီတန်ခိုးအစွမ်း မပျောက် မပျက်ရေးကိစ္စ စသည်ဖြင့် များပြားစွာရှိလေသည်။

ထို့ပြင် မိမိတစ်ကိုယ်တစ်ကာယ သန့်ရှင်ရေးအတွက် ဆံ၊ မုတ်ဆိတ်၊ လက်သည်း၊ ခြေသည်းတို့ကို ရိတ်ဖြတ်ခြင်း၊ အဝတ်အထည်များကို ချုပ်လုပ်ခြင်း၊ ဖွတ်လျှော်ခြင်း၊ အိုးခွက်ပန်းကန်များကို ဆေးကြောခြင်း၊ အိပ်ရာ ခုတင်များကို ပြုပြင်ခြင်း အစရှိသည်ဖြင့် အသေးအဖွဲ (ပလိဟောဓငယ်) ကိစ္စများလည်း ရှိနေပေသည်။ ထိုကိစ္စ ကြီးငယ်အသွယ်သွယ်ကို တရားအားထုတ်မီကပင် ကြိုတင်၍ ပြီးပြတ်အောင် ဆောင်ရွက်ထားရမည်။ အချုပ်အားဖြင့် ကိုယ်ရေးကိုယ်တာကိစ္စနှင့် ဆွေမျိုးသားချင်း အသင်းအဖွဲ့အစရှိသော အရေးကိစ္စတို့ကို ပြီးပြတ်အောင် ဆောင်ရွက်ထားရပါမည်။

ကမ္မဋ္ဌာန်းဆရာထံ ချဉ်းကပ်ခြင်း

ကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ ဆရာကောင်း အမှီကောင်းရဖို့ အရေးကြီးလှ၏။ ဆရာကောင်းဆိုသည်မှာ ကိုယ်တိုင် တရားပေါက်မြောက်ပြီးသူ ဖြစ်ခြင်း၊ ပရိယတ္တိပဋိပတ္တိ စာတွေ့ရော လက်တွေ့ပါ ပြည့်စုံခြင်းဟူသော အရည်အချင်းများနှင့် ပြည့်စုံသော ဆရာမျိုးဖြစ်သည်။ ထိုဆရာမျိုးမရခဲ့သော် ကိုယ်ကျင့် တရားကောင်းမွန်၍ စာတွေ့လက်တွေ့အတော်အသင့်ရှိသော ဆရာထံမှာ အားထုတ်သင့်သည်။

မိမိစရိုက်နှင့်ကိုက်ညီမည့် ကမ္မဋ္ဌာန်းကို သင်ယူခြင်း

တရားအားထုတ်ရာ၌ မိမိစရိုက်နှင့်လိုက်ဖက်သည့် ကမ္မဋ္ဌာန်းကို ရွေးချယ်တတ်ရန် လွန်စွာ အရေးကြီး၏၊ စရိုက်နှင့်ကမ္မဋ္ဌာန်းမကိုက်ညီပါက အနာဟခြား ဆေးတခြား ဆိုသကဲ့သို့ ဖြစ်နေပေသည်။

စရိုက်ဟူသောစကားသံသည် စရိတဟူသော ပါဠိမှဆင်းသက်လာသော ဝေါဟာရဖြစ်သည်။ ဖြစ်နေကျထက် ပိုမိုလွန်ကဲစွာဖြစ်ခြင်းဟု ဆိုလိုသည်။ ထို စရိုက်သည် ခြောက်ပါးရှိ၏၊ ၎င်းတို့မှာ-

၁။ ရာဂစရိုက် = ရာဂအဖြစ်များခြင်း
၂။ ဒေါသစရိုက် = ဒေါသအဖြစ်များခြင်း
၃။ မောဟစရိုက် = မောဟအဖြစ်များခြင်း
၄။ သဒ္ဓါစရိုက် = သဒ္ဓါအဖြစ်များခြင်း
၅။ ဝုဒ္ဓိစရိုက် = အသိဉာဏ်ပညာအဖြစ်များခြင်း
၆။ ဝိတက်စရိုက် = အကြံအစည်အဖြစ်များခြင်းတို့ဖြစ်သည်။

ဤစရိုက်များသည် သတ္တဝါတစ်ဦးတွင် တစ်မျိုးစီသာရှိသည်မဟုတ် သတ္တဝါတစ်ဦးတည်းမှာပင် စရိုက်နှစ်မျိုး၊ သုံးမျိုးစသည်ဖြင့် ရှိနေတတ်သည်။ ထိုသို့ ပုဂ္ဂိုလ်တစ်ဦးတည်း၌ စရိုက်တစ်မျိုးထက်ပို၍ နှစ်မျိုး၊ သုံးမျိုးရောနှော နေတတ်သော်လည်း မူရင်းစရိုက်တစ်မျိုးသာ ထင်ရှား၏။ ထို့ကြောင့် စရိုက်နှင့်လိုက်ဖက်သည့် ကမ္မဋ္ဌာန်းရွေးချယ်ရာတွင် မူရင်းစရိုက်ကိုသာ အဓိကထား၍ စိစစ်ရမည်။

ရာဂစရိုက်ရှိသူသည် အသုဘကမ္မဋ္ဌာန်း (၁၀) ပါး၊ ကာယဂတာသတိ (၁)ပါး ဟူသော ကမ္မဋ္ဌာန်း (၁၁)ပါးအနက် နှစ်သက်ရာ ကမ္မဋ္ဌာန်းကို အားထုတ်သင့်၏။ ဒေါသ စရိုက်ရှိသူသည် မြဟပ္ပစိုရိတရားလေးပါး၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ ဟူသော ကသိုဏ်းလေးပါးတို့တွင် နှစ်သက်ရာကမ္မဋ္ဌာန်းကို အားထုတ်သင့်၏။ မောဟစရိုက် ရှိသူနှင့် ဝိတက်စရိုက်ရှိသူတို့သည် အနာပါနဿတိ၊ ကမ္မဋ္ဌာန်းကို အားထုတ်သင့်၏။ သဒ္ဓါစရိုက်ရှိသူသည် ဗုဒ္ဓါနုဿတိ၊ ဓမ္မနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ ဟူသော (၆)ပါးတွင် နှစ်သက်ရာ ကမ္မဋ္ဌာန်းကို အားထုတ်သင့်၏။ ဝုဒ္ဓိစရိုက်ရှိသူကား မရဏာဿတိ၊ ဥပသမာနုဿတိ၊ စတုမာတုဝဝတ္ထာန်၊ အာဟာရေ ပဋိကူလသညာ ကမ္မဋ္ဌာန်းများအနက် နှစ်သက်ရာကို အားထုတ်သင့်၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ ကသိုဏ်း (၆)ပါး၊ အာရုပ္ပကမ္မဋ္ဌာန်း (၄) ပါးတို့ကား မည်သည့်စရိုက်ရှိသူမဆို အားထုတ်နိုင်သော ကမ္မဋ္ဌာန်းများဖြစ်သည်။

မှတ်ချက်။ ။ ကမ္မဋ္ဌာန်း (၄၀) အကျယ်ကို ဝုဒ္ဓဘာသာတရားတော် (အထက်တန်း အဆင့်)စာအုပ်၊ စာမျက်နှာ ၃၃၇-၃၄၃ တို့၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။

ခန္ဓာကိုယ်ကို အပ်နှံ လှူဒါန်းခြင်း

ကမ္မဋ္ဌာန်းအားထုတ်မည့်သူသည် ဖော်ပြခဲ့ပါအချက်များကို လေ့လာပြီးနောက် "ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား တပည့်တော်သည် မြတ်စွာ

ဘုရားအား တပည့်တော်၏ခန္ဓာကိုယ်ကို အပ်နှံလှူဒါန်းပါ၏ဘုရား”ဟု မြွတ်စွာဘုရားအားဖြစ်စေ၊ “အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားအား တပည့်တော်၏ ခန္ဓာကိုယ်ကို အပ်နှံ လှူဒါန်းပါ၏”ဟု ကမ္မဋ္ဌာန်းဆရာအားဖြစ်စေ တရားအားထုတ် သည့်အခိုက် မိမိ၏ ခန္ဓာကိုယ်ကို စွန့်လွှတ်လှူဒါန်းထားရမည်။

ကြောက်မက်ဖွယ် ဘေးအန္တရာယ်များကိုကာကွယ်ရန် မြွတ်စွာဘုရားအား ခန္ဓာကိုယ်ကို လှူဒါန်းခြင်းဖြစ်ပြီး၊ ဆရာသမား၏ ဆုံးမသြဝါဒကို လိုက်နာကျင့်သုံးနိုင်ရန် ဆရာသမားအား မိမိ၏ ခန္ဓာကိုယ်ကို အပ်နှံလှူဒါန်းရခြင်းဖြစ်သည်။

ထို့နောက် ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်မလျော်သောနေရာ၌ထိုင်၍ သတ္တဝါများကို မေတ္တာပွားပြီး မိမိစရိုက်နှင့် လိုက်ဖက်သောကမ္မဋ္ဌာန်းကို အားထုတ်နိုင်ပေပြီ။ (ဝိသုဒ္ဓိမဂ်၊ ပထမအုပ် စာမျက်နှာ ၈၆ မှ ၁၁၄ ထိ။)

သမထဘာဝနာ

စျာန်ဖြင့်ကမ္မဋ္ဌာန်းများ ဝေဖန်ခြင်း
(ကမ္မဋ္ဌာန်းအားထုတ်ခြင်း၏ အကျိုးရလဒ်များ)

သမထကမ္မဋ္ဌာန်း (၄၀) ရှိသည့်အနက် အချို့ကမ္မဋ္ဌာန်းများက စျာန်ကို ရရှိစေနိုင်၍ အချို့ကမ္မဋ္ဌာန်းများက စျာန်ကို မရရှိစေနိုင်ဘဲ စျာန်ရခါနီးတွင် ဖြစ်ပေါ်လေ့ရှိသော ဥပစာရသမာဓိကိုသာ ရရှိစေနိုင်၏။

ကသိုဏ်း (၁၀) ပါးနှင့် အာနာပါနဿတိကမ္မဋ္ဌာန်းတို့တွင် တစ်ပါးပါးကို အားထုတ်လျှင် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်နှင့် ပဉ္စမစျာန်၊ ဤရူပစျာန် (၅) ပါးကို ရနိုင်သည်။

အသုဘ (၁၀) ပါးနှင့် ကာယဂတာသတိ ကမ္မဋ္ဌာန်းတို့တွင် တစ်ပါးပါးကို အားထုတ်လျှင် ပထမစျာန်ကိုသာ ရနိုင်၏။ ဒုတိယစျာန် စသော အထက်စျာန်များကို မရရှိနိုင်။ ထို အသုဘနှင့်ကာယဂတာသတိကမ္မဋ္ဌာန်း (အာရုံ)တို့သည် အလွန် စက်ဆုတ်ဖွယ်ကောင်းသော အာရုံကြမ်းများဖြစ်ကြသည်။ ဝိတက်စေတသိက်ကတွန်းအားပေးမှသာ ကမ္မဋ္ဌာန်းရှုပွားစိတ်(ဘာဝနာစိတ်)သည် ထိုအာရုံကြမ်းများကို စွဲမြဲစွာ ထင်မြင်နိုင်၏၊ ထိုကမ္မဋ္ဌာန်းများကို အားထုတ်လျှင် ဝိတက်သည် လွန်စွာအရေးပါသော တွန်းအားတစ်ခုဖြစ်သဖြင့် ဝိတက်ပါသော ပထမစျာန်ကိုသာ ရနိုင်ပြီး၊ ဝိတက်မပါသော ဒုတိယစျာန် စသည့် အထက်စျာန်များကို မရရှိနိုင်ခြင်းဖြစ်သည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာဟူသော ဗြဟ္မဝိဟာရ တရား (၃) ပါးတို့တွင် တစ်ပါးပါးကို အားထုတ်လျှင် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်နှင့် စတုတ္ထစျာန်အထိ ရူပစျာန် (၄)ပါးကို ရနိုင်၏၊ ပဥ္စမစျာန်ကို မူကားမရနိုင်။ မေတ္တာသည် ပျက်စီးစေလိုမှု (ဗျာပါဒ) ၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ကရုဏာသည် ညှင်းဆဲမှု (ဝိဟိံသ)၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ မုဒိတာသည် သူတပါး၏ စည်းစိမ်ကို မရှုစိမ့်မှု (အနဘိရတိ)၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ဆိုလိုသည်မှာ မေတ္တာစသည်တို့သည် အဆိုပါပျက်စီးစေလိုမှု၊ ညှင်းဆဲမှု၊ မရှုစိမ့်မှု တို့မှ ကင်းလွတ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်မှု(သောမနဿ)နှင့် အမြဲပင် တွဲယှဉ်နေကြသည်။ ထို့ကြောင့် သောမနဿပါသော အောက်ရူပစျာန် (၄) ပါးကိုသာ ရရှိနိုင်ပြီး၊ သောမနဿ မပါသော ပဥ္စမစျာန်ကို မရနိုင်။

ဥပေက္ခာဗြဟ္မစိုရ်တရားကို အားထုတ်လျှင် ရူပပဥ္စမစျာန်ကို ရရှိနိုင်၏၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ကမ္မဋ္ဌာန်းများကို အားထုတ်သဖြင့် အောက်ရူပစျာန် (၄) ပါးကို ရရှိထားသူသည် ဤဥပေက္ခာဗြဟ္မစိုရ်ကို ဆက်လက်အားထုတ်ပါက ပဥ္စမစျာန်ကို လွယ်ကူစွာ ရနိုင်၏။ ရူပ ပဥ္စမစျာန်ကို ရရှိပြီးသောသူသည် ရုပ်ဟူသော အမှတ်သည် (ရူပသညာ)ကို ခွာ၍ အာရုပ္ပကမ္မဋ္ဌာန်း (၄)ပါးကို အစဉ်အတိုင်း အားထုတ်လျှင် အဆင့်ဆင့်သော အရူပစျာန် (၄) ပါးကို ရရှိနိုင်သည်။

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် ဟူသော ကမ္မဋ္ဌာန်း (၁၀) ပါးတို့တွင် တစ်ပါးပါးကို အားထုတ်လျှင် ဥပစာရဘာဝနာခေါ် စျာန်ရခါနီး၌ဖြစ်သော ဥပစာရသမာဓိကိုသာ ရရှိနိုင်၏၊ စျာန်တရားများကိုမူ မရနိုင်ပေ။

ဘုရားဂုဏ်တော်စသောအာရုံများသည် အလွန်နက်နဲခြင်း၊ ရေတွက် မပြနိုင်လောက်အောင်ပင် များပြားခြင်းတို့ကြောင့် ထိုဂုဏ်တော် အာရုံများကို ဆင်ခြင်သည့်အခါ ဂုဏ်တော်တစ်မျိုးတည်းဖြင့် အားရမှုမရှိနိုင်ဘဲ ဂုဏ်တော် တစ်မျိုးပြီး တစ်မျိုး ဆက်ကာဆက်ကာ ဆင်ခြင်နေရသောကြောင့် စိတ်သည် အာရုံတစ်မျိုးတည်း၌ စူးစူးစိုက်စိုက် မသက်ဝင်နိုင်၊ ထို့ကြောင့် စျာန်တရားများကို မရရှိနိုင်ခြင်းဖြစ်သည်။

ထိုစျာန်တရားများကို ပစ္စုပ္ပန်ဘဝ၌ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ နေရခြင်း၊ စိတ်စွမ်းအင်(အဘိညာဉ်)ကို ရရှိနိုင်ခြင်း၊ တည်ငြိမ်ရင့်ကျက်ခြင်းစသော လက်ငင်းအကျိုးများနှင့် တမလွန်ဘဝတွင်လည်း ဗြဟ္မာဘုံ၌ ဖြစ်ရခြင်းစသော အကျိုးများကို ရရှိနိုင်ပေသည်။

ဘာဝနာ (၃) ပါး

ကမ္မဋ္ဌာန်းတရားအားထုတ်မှုနှင့်ပတ်သက်၍ ဘာဝနာသုံးပါးကိုလည်း လေ့လာသိရှိထားသင့်သည်။ ဘာဝနာသုံးပါးကား- ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ တို့ဖြစ်သည်။ ထိုတွင် ကမ္မဋ္ဌာန်းတစ်ခုခုကို အာရုံယူကာ နှုတ်ဖြင့် အထပ်ထပ် ရွတ်ဆို၍ဖြစ်စေ၊ စိတ်ဖြင့် မှန်း၍ဖြစ်စေ ရှေးဦးစွာ စီးဖြန်းပွားများမှုကို ပရိကမ္မဘာဝနာဟုခေါ်သည်။ ဤပရိကမ္မဘာဝနာဖြင့် အစပျိုးပြီးမှ အဆင့်ဆင့် တက်၍ ပွားများအားထုတ်ရသည်။ မည်သည့်ကမ္မဋ္ဌာန်းကို အားထုတ်သည်ဖြစ်စေ ဤပရိကမ္မဘာဝနာကို အခြေပြုရသည်။

စျာန်စိတ်၏အနီးဌဖြစ်သော သမာဓိကို ဥပစာရဘာဝနာဟုခေါ်သည်၊ ဤသမာဓိအဆင့်သို့ရောက်လျှင် စိတ်သည် အလွန်တည်ငြိမ်ရင့်ကျက်နေပြီ ဖြစ်သည်။ ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိတိုင်အောင် အနုဿတိ (၈)ပါး၊ အာဟာရေ ပဋိကူသလသညာ၊ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းများအနက် တစ်ပါးပါးကိုအားထုတ်လျှင် ဤဥပစာရသမာဓိအဆင့်ထိ ရောက်ရှိနိုင်ကြောင်း ဖေါ်ပြခဲ့ပြီးဖြစ်ပေသည်။

ဥပစာရဘာဝနာထက် ပိုမိုခိုင်မြဲစွာ အာရုံဌတည်နေသောစျာန်စိတ်များကို အပ္ပနာဘာဝနာ ဟုခေါ်သည်။ ဤအပ္ပနာဘာဝနာ အဆင့်သို့ရောက်လျှင် စျာန်ရရှိပြီဖြစ်သည်။ ဤ အပ္ပနာဘာဝနာအဆင့်သို့ရောက်ရှိရန် ဥပစာရဘာဝနာကို ရရှိစေနိုင်သော ဖေါ်ပြပါကမ္မဋ္ဌာန်း (၁၀) ပါးတို့မှတပါး အခြားကမ္မဋ္ဌာန်း (၃၀)တို့တွင် တစ်ပါးပါးကို အားထုတ်ရပါမည်။

နိမိတ်သုံးပါး

နိမိတ်ဟူသောစကားသည် နိမိတ္တဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက် ဝေါဟာရဖြစ်သည်။ ပွားများအားထုတ်အပ်သော ပထဝီကသိုဏ်းဝန်း အစရှိသော အာရုံများကို နိမိတ် (အာရုံ) ဟုခေါ်ဆိုသည်။ ထိုနိမိတ်သည် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ဟု သုံးမျိုးရှိ၏၊ ထိုတွင် ကမ္မဋ္ဌာန်းစတင်အားထုတ်သည့် အခါ အာရုံပြုအပ်သော ပထဝီကသိုဏ်း အစရှိသော အာရုံများကို ပရိကမ္မနိမိတ်ဟုခေါ်သည်။ ထို ပထဝီကသိုဏ်း စသော အာရုံများကို မျက်စိဖြင့် ကြည့်ရှုရန်မလိုဘဲ စိတ်ထဲ၌ အမြဲတန်းပေါ်နေလျှင် ထိုအာရုံကိုပင် ဥဂ္ဂဟနိမိတ်ဟုခေါ်၏။ ဥဂ္ဂဟနိမိတ်ထင်လာလျှင် ပဋိဘာဂနိမိတ်ထင်လာစေရန် ထိုဥဂ္ဂဟနိမိတ်ကိုပင် အထပ်ထပ် ဆင်ခြင်ရမည်။ အကယ်၍ အကြောင်းတခုခုကြောင့် ဥဂ္ဂဟနိမိတ်ပျောက်သွားလျှင်

အားထုတ်စ ကာလကအတိုင်း ကသိဏ်ဝန်းအနီးဌ်ထိုင်ကာ မျက်စိကိုမှိတ်ချီ ဖွင့်ချီဖြင့် ရှုမှတ်ရမည်၊ ဤနည်းဖြင့် ဥဂ္ဂဟနိမိတ် ပြန်ပေါ်လာသည်အထိ အားထုတ်ရမည်။

ထိုသို့ အဖန်ဖန်အထပ်ထပ်စီးဖြန်းအားထုတ်သောအခါ သဒ္ဓိန္ဒြေစသော ဣန္ဒြေများ လွန်စွာ ကြည်လင်သန့်ရှင်းပြီး ကုသိုလ်စိတ်ကို နှောင့်ယှက်တားမြစ်တတ် သည့် ကာမစ္ဆန္ဒစသော နီဝရဏတရားများနှင့် ကိလေသာများ ကင်းရှင်းသွား တော့သည်။ စျာန်ရဖို့ရန် လွန်စွာ နီးကပ်နေပြီဖြစ်သည်။ ဤသည်ကိုပင် ပဋိဘာဂ နိမိတ်ထင်သည်ဟုခေါ်ဆိုသည်။ ဤ ပဋိဘာဂနိမိတ်(အာရုံ) သည် ဥဂ္ဂဟနိမိတ် (အာရုံ)ထက် လွန်စွာ သန့်ရှင်းသည်။ ပြောင်လက်နေအောင်ပွတ်တိုက်ထားသော ခရုသင်း၊ ကြည်လင်သော မှန်သားပြင်၊ တိမ်များကြားမှ ထွက်ပြုလာသော လမင်း၊ တိမ်မဲညိုတွင် ပျံသန်းသော ဆွတ်ဆွတ်ဖြူသည့် ဗျိုင်းကဲ့သို့ ဥဂ္ဂဟနိမိတ်ကို ဖောက်ခွဲ ထွက်ပေါ်သည့်ပမာ ထိုဥဂ္ဂဟနိမိတ်ထက် အဆများစွာ သာလွန်တင့်တယ် လှပေ သည်။

အာနာပါန ရှုမှတ်ပွားများနည်း

အာနာပါနဟူသောပုဒ်သည် အာနနှင့် အ,ပါနနှစ်ပုဒ်ကို ပေါင်းစပ်ထားသော ပါဠိဝေါဟာရဖြစ်သည်။ အာနသဒ္ဒါက ထွက်သက်ဟူသောအနက်ကိုဟော၍ အပါန သဒ္ဒါက ဝင်သက်ဟူသော အနက်ကိုဟော၏၊ အာနာပါန ထွက်သက် ဝင်သက် ဟု အဓိပ္ပာယ်ရ၏၊ ထို့ကြောင့် အာနာပါနရှုမှတ်ပွားများနည်းဆိုသည်မှာ ထွက်သက် ဝင်သက် (ထွက်လေ၊ ဝင်လေ) ကို သတိကပ်၍ ရှုမှတ်ပွားများရသောနည်းဖြစ်သည်။

အခြေခံရှုမှတ်ခြင်း

အာနာပါနရှုမှတ်သူသည် ထွက်လေ ဝင်လေတိုးထိရာ နှာသီးဖျားကို သတိ စိုက်၍ ထွက်လျှင် ထွက်လေ၊ ဝင်လျှင် ဝင်လေဟု အဖန်ဖန် နှလုံးသွင်း ရှုမှတ်ရမည်။ ဤအခြေခံ ရှုမှတ်သည့်အဆင့်တွင် အသက်ကို ရှူသွင်း ရှူထုတ်တိုင်း ရှူသွင်း ရှူထုတ်မှန်းသိအောင် သတိထားရမည်၊ ထို့ပြင် ထွက်လေ ဝင်လေကို နှာသီးဖျားတွင် သတိကပ်ရှုမှတ်ရမည်။ ထွက်လေ ဝင်လေနောက်သို့ စိတ်ကလိုက်ပါပြီး မရှုမှတ်ရ၊ နှာသီးဖျား၌ သတိကပ်ထားပြီး ဝင်တိုင်း ထွက်တိုင်း သိသိနေရပါမည်၊ ထွက်လေ ဝင်လေ နှာသီးဖျား၌ တိုးနေ ထိနေသည်ကို သိရမည်၊ သတိကောင်းလေ ပို၍ ထင်ရှားလာလေ ဖြစ်လိမ့်မည်။ ဤနှာသီးဖျား၌ စိတ်စိုက်ထားပြီး ထွက်လေ ဝင်လေကို

ထွက်လျှင် ထွက်မှန်းသိ၊ ဝင်လျှင် ဝင်မှန်းသိနေအောင် ရှုမှတ်ရမည်။ အချုပ်အားဖြင့် ဤအခြေခံရှုမှတ်ခြင်းသည် သတိကို ဦးစားပေးထူထောင်ခြင်းပင်ဖြစ်သည်။ ဤသို့သတိခိုင်မြဲရန် ဦးစွာလေ့ကျင့်ပြီး ဆက်လက်ဖေါ်ပြမည့် ရှုမှတ်နည်းများကို အားထုတ်ရန်ဖြစ်ပါသည်။

ဤအာနာပါနရှုမှတ်နည်းနှင့် ပတ်သက်၍ နည်းပေါင်း (၁၆) နည်း ရှိသော်လည်း အဓိကကျသော ပထမစတုက္ကပထမလေးချက်နည်းကိုသာ ဖေါ်ပြမည်၊ ပထမစတုက္ကနည်းသည် အာနာပါနကို စတင်အားထုတ်သူနှင့် သင့်လျော်ပြီး သမထဝိပဿနာ နည်းနှစ်ဖြာဖြင့် အားထုတ်နိုင်သော နည်းဖြစ်သည်၊ ဤနည်းလေးချက်ကို ပိုင်နိုင်စွာ ရှုမှတ်နိုင်လျှင် စွာန်ရလိုသူသည် ဒုတိယ၊ တတိယ လေးချက်နည်းများကို ဆက်လက်ရှုမှတ်နိုင်သည်။ စွာန်စခမ်းသို့မတက်လှမ်းတော့ဘဲ မဂ်ဖိုလ်စခန်းသို့ တက်လှမ်းလိုသူသည် စတုတ္ထလေးချက်နည်းကို တိုက်ရိုက်အားထုတ်နိုင်မည်ဖြစ်သည်၊ သို့ဖြစ်၍ အဓိကကျသည့် ပထမလေးချက်နည်းကိုသာ ဖေါ်ပြသွားမည်။

ပထမစတုက္က ပထမလေးချက်နည်းတွင် နည်း (၄) မျိုးပါဝင်သည်၊ ထိုနည်း (၄) မျိုးမှာ-

(၁) ထွက်သက် ဝင်သက်လေကို ရှုရှိုက်သောအခါ ထွက်သက် ဝင်သက်လေ ရှည်လျှင် ရှည်သည်ဟုသိအောင် ရှုမှတ်ခြင်း (ရှည်လျှင် ရှည်မှန်းသိ)၊
(၂) ထွက်သက် ဝင်သက်လေ တိုလျှင် တိုသည်ဟုသိအောင် ရှုမှတ်ခြင်း (တိုလျှင် တိုမှန်းသိ)။
(၃) ထွက်သက် ဝင်သက်လေ၏ အစ- အလယ်- အဆုံး သုံးချက်လုံး ထင်ရှားအောင် လေ့ကျင့် ရှုမှတ်ခြင်း (စ- လယ်- ဆုံးကို သိအောင်ကျင့်)။
(၄) ထွက်သက် ဝင်သက်လေကို တဖြည်းဖြည်း သိမ်မွေ့ငြိမ်သက် သွားအောင် လေ့ကျင့် ရှုမှတ်ခြင်း (ငြိမ်သက်အောင် လေ့ကျင့်)၊ တို့ဖြစ်သည်။

(၁) (၂) ရှည်လျှင် ရှည်မှန်းသိ၊ တိုလျှင် တိမှန်းသိအောင် ရှုမှတ်ခြင်း

အခြေခံရှုမှတ်သည့်အဆင့်တွင် သတိထင်နေ၊ ခိုင်မြဲနေစေရန် ရှုမှတ်သူက တမင်ပြုလုပ်ရ၏၊ ထိုသတိသည် တဖြည်းဖြည်း ရင့်ကျက်လာသောအခါ သတိထင်စေရန် ရှုမှတ်သူက ကြောင့်ကြစိုက်နေဖွယ်မလိုတော့ချေ။ သမ္မဇညခေါ်အသိနှင့် ယှဉ်တွဲသည့် အဆင့်သို့ ရောက်ရှိလာသည်၊ ယင်းသို့ သတိသည်အသိနှင့် ယှဉ်တွဲလာသောအခါ ပထမစတုက္ကနည်းများမှ နည်း (၁)၊ နည်း (၂)တို့ဖြင့် အားထုတ်ရန်လိုအပ်လာသည်၊ ဤနည်းများသည် ထွက်လေဝင်လေကို ရှည်လျှင် ရှည်မှန်းသိ၊

တိုလျှင် တိုမှန်းသိသော နည်းများဖြစ်သည်။

ထွက်သက် ဝင်သက်လေသည် တစ်ထိုင်တည်းမှာပင် ရှည်လိုက် တိုလိုက် ဖြစ်တတ်သည်၊ "ရှည်လျှင် ရှည်သည်၊ တိုလျှင် တိုသည်"ဟုသိနေရမည် ဤ၌ ထွက်သက် ဝင်သက်လေတို့ အထွက် အဝင်နှေးခြင်းကို ရှည်သည်၊ မြန်ဆန်ခြင်းကို တိုသည် ဟုဆိုပါသည်။ ထို့ကြောင့် ထွက်သက် ဝင်သတ်လေတို့ နှေးလျှင် နှေးသည်၊ မြန်လျှင် မြန်သည်ဟု အနှေးအမြန်၊ အရှည်အတို ကစ်ခုမျှမလွတ်စေဘဲ သိနေအောင် ရှုမှတ်ရမည်။ ဤနည်းဖြင့် အားထုတ်လျှင် ရှုမှတ်သူ၏နှာသီးဖျား၌ ဂက်သက်ရှည်၊ ထွက်သက်တို၊ ဝင်သက်ရှည်၊ ဝင်သက်တိုဟူသောအခြင်းအရာလေးမျိုး ထင်လာသည်။

ဤနည်းအရ သတိထင်အောင် အားထုတ်ရာတွင် သတိနှင့်တကွ သမ္မဇညခေါ် အသိပါ ပူးတွဲပါလာသည်၊ ဤနည်းအရ ထင်လာသော သတိသည် ရှုမှတ်သူ ပုဂ္ဂိုလ်က လုပ်ယူရခြင်းမဟုတ်ဘဲ သူ့အလိုလို ထင်လာခြင်းဖြစ်သည်၊ ထိုသို့သတိသည် အသိနှင့် တွဲလာသောအခါတည်ကြည်ငြိမ်သက်မှုရှိလာပြီဖြစ်သည်။

(၃) စ- လယ်-ဆုံး ကို သိအောင်လေ့ကျင့်ခြင်း

နည်း(၁) နှင့် နည်း(၂) တို့အရ အားထုတ်သောအခါ ထွက်လေ ဝင်လေကို ရှည်မှန်း တိုမှန်းသိလာမည်ဖြစ်သည်၊ ထိုသို့ ထွက်လေ ဝင်လေ အရှည် အတိုကို ပိုင်နိုင်စွာ ရှုမှတ်သိပြီးလျှင် ဤနည်း(၃) ကို ဆက်လက်အားထုတ်ရမည် ဤနည်းကား ထွက်သက် ဝင်သက်လေ၏ အစ-အလယ်-အဆုံး သုံးချက်ကို ယိုအောင် လေ့ကျင့် အားထုတ်သော နည်းဖြစ်သည်။

ဤ၌ ထွက်သက်၏အစကား ချက်၊ အလယ်ကား နှလုံး (ရင်ဝ)၊ အဆုံးကား နှာသီးဖျားဖြစ်သည်၊ ဝင်သက်၏ အစကား နှာသီးဖျား၊ အလယ်ကားနှလုံး (ရင်ဝ)၊ အဆုံးကား ချက် ဖြစ်သည်။ သို့ဖြစ်၍ ချက်တိုင်မှစ၍ လေထွက်ခြင်း၊ နှလုံးသားကို လေခတ်သွားခြင်း၊ နှာသီးဖျားကို လေတိုးသွားခြင်းတို့ကို သတိစိုက်၍ သုံးချက်လုံး ထင်အောင် ရှုမှတ်ရမည်။

အာနာပါန အားထုတ်ရာ၌ အခြေခံအဆင့်ဖြင့် သတိထူထောင်၍ နည်း(၁)၊ နည်း(၂) တို့အရ သတိထင်လာရာတွင် အသိပါလာသည်၊ နည်း(၃)အရ ထွက်လေ ဝင်လေ၏ အစ-အလယ်-အဆုံး သုံးချက်လုံးကို သိအောင်လေ့ကျင့်ရသည်။ အခြေခံအဆင့်အရ ရှေးဦးစွာ ထွက်လေ ဝင်လေကို ထွက်မှန်း၊ ဝင်မှန်းသိအောင် သတိထူထောင်၍ နည်း(၁) နည်း(၂)တို့အရ ယင်းထွက်လေ ဝင်လေကို ရှည်မှန်း၊ တိုမှန်းသိလာသည်၊ နည်း(၃)အရ ရှည်မှန်း၊ တိုမှန်းသိရုံသာမက အစ- အလယ်- အဆုံး သုံးချက်လုံးကိုပင်သိအောင် လေ့ကျင့်ခြင်းဖြစ်သည်။

နည်း(၁)၊ နည်း(၂) တို့အရ ရှည်မှန်း တိုမှန်းကိုကား သိ၏၊ အစ- အလယ်-အဆုံး သုံးချက်လုံးကိုမူ မသိသေးပေ၊ အချို့က အဆုံးကိုသာသိ၏၊ အစနှင့် အလယ်၊ အစနှင့် အဆုံး၊ အလယ်နှင့်အဆုံး နှစ်မျိုးကိုသာ သိသူလည်းရှိ၏၊ ထိုပုဂ္ဂိုလ်များအတွက် ဤနည်း(၃)ကို အားထုတ်ရန် မြတ်စွာဘုရားက ညွှန်ကြားတော်မူခြင်းဖြစ်၏၊ အခြေခံအဆင့်ဖြင့် သတိကောင်းမွန်ခိုင်မြဲလာ၍ နည်း(၁)၊ နည်း (၂) တို့အရ သတိထင်ရာတွင် အသိပါလာသည်၊ နည်း (၃)အရ ထိုသတိနှင့်အသိကို အကွက်စေ့စေ့ လေ့ကျင့်ပေးသည်။

(၄) ငြိမ်သက်အောင်လေ့ကျင့်ခြင်း

နည်း(၃)အရ အားထုတ်ပြီးသောအခါ သတိ သမာဓိများ လွန်စွာကောင်းလာသည်။ သို့သော် ထွက်လေ ဝင်လေကို ရှုမှတ်သူ၏ အလိုဆန္ဒအတိုင်း မဖြစ်စေနိုင်သေးပေ၊ သို့ဖြစ်၍ ရှုမှတ်သူ၏ အလိုဆန္ဒအတိုင်း ဖြစ်လာနိုင်ဖို့အတွက် နည်း(၄)အရ ဆက်လက်အားထုတ်ရန်ဖြစ်သည်။ ဤနည်းကား ထွက်သက် ဝင်သက်လေကို တဖြည်းဖြည်း သိမ်မွေ့၍ ငြိမ်သက်သွားအောင် လေ့ကျင့်သည့် နည်းဖြစ်သည်။

ထွက်သက် ဝင်သက်သည် ခန္ဓာကိုယ်ကို အမှီပြုပြီး ခန္ဓာကိုယ်နှင့်ဆက်စပ်နေ၏၊ ယင်း ထွက်သက် ဝင်သက်ကို ကာယသခ်ါရဟုခေါ်၏။ ထွက်သက် ဝင်သက် ကြမ်းလျှင် ခန္ဓာကိုယ်ကြမ်း၍ ထွက်သက် ဝင်သက်သိမ်မွေ့လျှင် ခန္ဓာကိုယ် သိမ်မွေ့၏၊ ကိုယ်စိတ်၏ ပူပန်ခြင်း၊ ပင်ပန်းခြင်းများ ကင်းစေရန် ထွက်သက် ဝင်သက်ခေါ် အာနာပါနကို ရှုမှတ်ရသည်။ ထွက်သက်ဝင်သက်ကို စိတ်တိုင်းကျ နှိုင်နှိုင်နင်းနင်း ရှုမှတ်နိုင်သောအခါ ကိုယ်စိတ်ပူပန်ခြင်းများ ပျောက်ကင်းငြိမ်းအေးလာသည်။

အာနာပါန အားမထုတ်မီကာလ၌ ကိုယ်စိတ်သည် ငြိမ်းအေးမှုမရှိဘဲ ကြမ်းတမ်းပူပန်နေတတ်၏၊ ထိုအခါ ထွက်သက် ဝင်သက်လေသည်လည်း ငြိမ်သက်ခြင်း၊ သိမ်မွေ့ခြင်းမရှိဘဲ ကြမ်းတမ်းနေသည်။ တခါတရံတွင် နှာခေါင်းဖြင့် ရှူရှိုက်၍ အားမရသည့်အတွက် ပါးစပ်ဖြင့်ရှူရှိုက်ရသည်အထိပင် ကြမ်းတမ်းနေတတ်သည်၊ အာနာပါန ကမ္မဋ္ဌာန်းကို ရှုမှတ်ပွားများဖန်များလာသောအခါ ကိုယ်စိတ်တို့ငြိမ်သက်အေးချမ်းလာပြီး ထွက်သက် ဝင်သက်လေတို့သည်လည်း အံ့ဆင့်ဆင့် တဖြည်းဖြည်း သိမ်မွေ့လာကြသည်။ နောက်ဆုံးတွင် "ငါ့မှာ ထွက်သက် ဝင်သက်ရှိမှရှိသေးရဲ့လား" ဟု စူးစမ်းဆင်ခြင်ရသည်အထိ ဖြစ်သွားတတ်လေသည်။ ဤသည်မှာ ပါဠိတော်လာ အာနာပါန အားထုတ်နည်းများဖြစ်သည်။

ဤပါဠိတော်နည်းဖြင့် အားထုတ်၍ သမာဓိမရခဲ့သော် အဌကထာလာ အောက်ပါနည်းများဖြင့်ပေး အားထုတ်နိုင်သည်-

(က) ရေတွက်၍ ရှုမှတ်နည်း (ဂဏနာ)၊

(ခ) မရေတွက်ဘဲ ထွက်သက် ဝင်သက်လေသို့ အစဉ်လိုက်၍ ရှုမှတ်နည်း (အနုဗန္ဓနာ)၊

(ဂ) ထိသိနည်း (ဖုသနာ)-

တို့ဖြစ်သည်။

(က) ရေတွက်၍ ရှုမှတ်နည်း (ဂဏနာ)

ဤနည်းကား ထွက်သက် ဝင်သက်လေကို ထင်ရှားရာကစ၍ တစ်၊ နှစ်၊ သုံး စသည်ဖြင့် ရေတွက်ခြင်းဖြစ်သည်၊ အာနာပါနကို စတင်အားထုတ်သူသည် သမာဓိမရနိုင်ဘဲ စိတ်ပျံ့လွင့်နေသောအခါ ဤနည်းဖြင့်အားထုတ်သင့်သည်။ ဤနည်းဖြင့်အားထုတ်ရာ၌ ထွက်သက် ဝင်သက်အကြိမ်ကို ရေတွက်သောအခါ ငါးကြိမ်ထက်လျော့၍ဖြစ်စေ၊ ဆယ်ကြိမ်ထက်ပို၍ဖြစ်စေ မရေတွက်ရ၊ ငါးကြိမ်နှင့် ဆယ်ကြိမ်အကြား သတ်မှတ်၍ ရေတွက်ရမည်။ ရေတွက်နည်းမှာ-

ထွက်လေ ဝင်လေထိရာ အရပ်ကို သတိကပ်၍ ထွက်သက် ရှူထုတ်သည့်အခါ ထွက်သက်(၁)၊ ဝင်သက်ရှိုက်သွင်းသည့်အခါ ဝင်သက်(၁)၊ ထိုနည်းအတိုင်း ထွက်သက် (၂)၊ ဝင်သက်(၂)၊ ထွက်သက်(၃)၊ ဝင်သက်(၃)၊ ထွက်သက်(၄)၊ ဝင်သက် (၄)၊ ထွက်သက်(၅)၊ ဝင်သက်(၅) ဟု ရေတွက်ရမည်။ ထိုသို့ ရေတွက်ရာ၌ ထွက်သက် ဝင်သက် နှစ်ပါးတွင် ထင်ရှားရာကစ၍ ရေတွက်ရမည်။

ထွက်သက် ဝင်သက်အကြိမ်ကို အောက်ပါအတိုင်းမှတ်နိုင်သည်-

(က) ၁ မှ ၅- ထိ တစ်ကြိမ်
(ခ) ၁ မှ ၆- ထိ တစ်ကြိမ်
(ဂ) ၁ မှ ၇- ထိ တစ်ကြိမ်
(ဃ) ၁ မှ ၈- ထိ တစ်ကြိမ်
(င) ၁ မှ ၉- ထိ တစ်ကြိမ်
(စ) ၁ မှ ၁၀-ထိ တစ်ကြိမ်

ထိုသို့ (က)မှ (စ) ထိ- ၆-ကြိမ် ရေတွက်၍ပြီးသွားလျှင် (က) (ခ) စသော အမှတ်စဉ်အတိုင်း ပြန်၍အသစ်ရေတွက်ရမည်၊ ရှုမှတ်အားထုတ်ကာစတွင်

ဖြည်းဖြည်း နှေးနှေးရေတွက်၍ အသားကျလာသောအခါ မြန်မြန် စိပ်စိပ် ရေတွက်နိုင်ပေမည်။

(ခ) မရေတွက်ဘဲ ထွက်သက် ဝင်သက်လေသို့အစဉ်လိုက်၍ ရှုမှတ်နည်း (အနုပဿနာ)

စိတ်ပျံ့လွင့်မှုမရှိတော့ဘဲ သမာဓိရရှိလာသောအခါ ရေတွက်၍မှတ်နည်းကို ရပ်တန့်ပြီး ဤနည်းကိုအသုံးပြုရန်ဖြစ်သည်၊ ဤနည်းဖြင့် ရှုမှတ်ရာတွင် ထွက်သက် ဝင်သက်လေကို သတိဖြင့်စောင့်၍ နှာသီးဖျားမှ ထွက်တိုင်း ဝင်တိုင်း သိနေအောင် ရှုမှတ်ရမည်။ ထွက်သက် ဝင်သက်လေမှန်သမျှကို တစ်ခုမျှမလွတ်စေဘဲ ထိရာအရပ်ကို သတိကပ်ထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သတိမလစ်အောင် ဂရုစိုက်ရပေမည်။

(ဂ) ထိသိနည်း (ဖုသနာ)

ဤနည်းသည်ထွက်လေ ဝင်လေနှင့် နှာသီးဝတို့ထိသည်ကို သတိကပ်၍ မှတ်သည့်နည်းဖြစ်သည်။ ဂဏနာနည်း၊ အနုဗန္ဓနာနည်းတို့သည် ဤဖုသနာနည်းနှင့် မကင်းနိုင်ကြချေ။ ဂဏနာနည်း၊ အနုဗန္ဓနာနည်းတို့ဖြင့် အားထုတ်လျှင် ဤနည်းမှာ ပါဝင်သွားပြီးဖြစ်တော့သည်။ သီးခြားနည်းတစ်ခုအနေဖြင့် မှတ်ရန်မလိုချေ။ ထို့ကြောင့် အဆိုပါ ဂဏနာနည်း၊ အနုဗန္ဓနာနည်းတို့ဖြင့် ရှုမှတ်သည့်အခါ ထွက်လေ ဝင်လေတို့၏ ထိရာအရပ် (နှာသီးဖျား)၌ အမြဲသတိကပ်ထားရမည်ဖြစ်သည်။

နိမိတ်ထင်ခြင်း

အာနာပါနကို အားထုတ်သောအခါ နိမိတ်များထင်လာတတ်သည်၊ ထင်လာသည့်နိမိတ်များမှာ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ဖြစ်သည်။ ယင်တို့အနက် ဤအာနာပါနကမ္မဋ္ဌာန်း အရာ၌ မူလရှုမှတ် အားထုတ်သည့်ထွက်လေ ဝင်လေကို ပရိကမ္မနိမိတ်ဟုခေါ်သည်။ မူလအခြေခံ အစဦးဆုံး အာရုံဟုဆိုလိုသည်။ ဥဂ္ဂဟနိမိတ်ဆိုသည်မှာ စိတ်ဖြင့်မှန်း၍ ယူအပ်သော အာရုံဖြစ်သည်၊ ဥဂ္ဂဟနိမိတ်များမှာ အမျိုးမျိုး အဖုံဖုံရှိသည်။ လဲစု၊ ဝါဂွမ်းစု၊ လေအယဉ် (လေအစဉ်အတန်း)၊ ကြယ်ရောင်၊ ပတ္တမြားလုံး၊ ပုလဲလုံး၊ တိမ်တိုက်၊ ကြာပွင့်၊ လဝန်း၊ နေဝန်း တို့ကဲ့သို့ လှုပ်ရှားသည့်အခြင်းအရာဖြင့် အမျိုးမျိုး ထင်တတ်သည်၊ မရေတွက်နိုင်အောင်ပင် ရှိသည်။

ပဋိဘာဂနိမိတ်ဆိုသည်မှာ ဥဂ္ဂဟနိမိတ်ထက် အဆင့်မြင့်လာသော အာရုံဖြစ်သည်၊ ဥဂ္ဂဟနိမိတ်အဆင့်တွင် မထင်ရှား မှုန်၊ မတည်ငြိမ် လှုပ်ရှား ပေါ်လိုက်ပျောက်လိုက်ဖြစ်နေသည်။ ဤ ပဋိဘာဂနိမိတ်အဆင့်တွင် ထင်ရှားပီပြင်၊ တည်ငြိမ်မလှုပ်ရှား၊ မပျောက်မပျက် ခိုင်မြဲစွာ ဖြစ်ပေါ်နေသည်၊ ဤအဆင့်တွင် ရရှိထားသော သမာဓိကို ဥပစာရသမာဓိ(ဥပစာရစျာန်) ဟုခေါ်သည်၊ ဤ ပဋိဘာဂနိမိတ်ကား ကြယ်ရောင်၊ ပတ္တမြားရောင်၊ နေရောင်၊ လရောင်တို့ကဲ့သို့ ငြိမ်သက်စွာ ထင်သည်။

ထိုသို့ ပဋိဘာဂနိမိတ်ထင်လာလျှင် ထိုနိမိတ်များမပျောက်ပျက်အောင် စိတ်တည်ငြိမ်စွာဖြင့် စောင့်ရှောက်၍ ထိုပဋိဘာဂနိမိတ်၌ပင် စိတ်စိုက်ထားလျက် ဆက်လက်ကြိုးစားအားထုတ်လျှင် ပါရမီအားလျော်စွာ စျာန်တရားများကို ရရှိနိုင်ပါသည်။

အာနာပါနဿတိခြင်း၏ အကျိုးများ

အာနာပါနကို ရှုမှတ်ပွားများသူသည်-

(၁) စိတ်ငြိမ်သက် အေးချမ်းခြင်း၊

(၂) မှုန်ကန်စွာ တွေးခေါ်ကြံစည်နိုင်ခြင်း

(၃) ကိုယ်စိတ်ချမ်းသာစွာ နေရခြင်း၊

(၄) စတုက္ကနည်းအရ ရူပါဝစရစျာန် ၄- ပါးကို ရနိုင်ခြင်း၊

(၅) သတိပဋ္ဌာန်(၄)ပါး၊ ဗောဇ္ဈင် (၇)ပါးတို့နှင့်ပြည့်စုံခြင်း၊

(၆) ဘဝ၏နောက်ဆုံး ထွက်သက် ဝင်သက်ကို သိခြင်း၊

(၇) မိမိ၏ အသက်အပိုင်းအခြားကို သိခြင်း၊

(၈) မဂ်ဖိုလ်၏အခြေခံကိုရရှိခြင်း-

အစရှိသော အကျိုးတရားများကို မျက်မှောက်ဘဝ၌ပင် ခံစားရရှိမည်ဖြစ်သည်။

စျာန်ဘိညာဉ် ရသည်အထိ ပထဝီကသိုဏ်း အားထုတ်နည်း

ကသိုဏ်းဝန်းပြုလုပ်နည်း

ပထဝီကသိုဏ်းကို စတင်ပွားများအားထုတ်လိုသူသည် ရှေးဦးစွာ ပထဝီကသိုဏ်းဝန်းပုံကို စနစ်တကျ ပြုလုပ်ရမည်၊ ပြုလုပ်ရာတွင် ဖြူ နီ ညို ရွှေ လေးထွေသော ကသိုဏ်းအပြစ်များ ကင်းစင်စေရန် မဝင်းလွန်း မဝါလွန်းသော အရုဏ်ရောင် အဆင်းရှိ နုံးမြေစေးကို ညက်စွာကြိတ်ရမည်။ ထိုမြေမှုန့်ကို ရေဖြင့်ဖော်၍ တစ်ထွာနှင့်

ပဋိဘာဂနိမိတ်ဆိုသည်မှာ ဥဂ္ဂဟနိမိတ်ထက် အဆင့်မြင့်လာသော အာရုံဖြစ်သည်၊ ဥဂ္ဂဟနိမိတ်အဆင့်တွင် မထင်ရှား မှိန်၊ မတည်ငြိမ် လှုပ်ရှား ပေါ်လိုက်ပျောက်လိုက်ဖြစ်နေသည်။ ဤ ပဋိဘာဂနိမိတ်အဆင့်တွင် ထင်ရှားပီပြင်၊ တည်ငြိမ်မလှုပ်ရှား၊ မပျောက်မပျက် ခိုင်မြဲစွာ ဖြစ်ပေါ်နေသည်၊ ဤအဆင့်တွင် ရရှိထားသော သမာဓိကို ဥပစာရသမာဓိ(ဥပစာရစျာန်) ဟုခေါ်သည်။ ဤ ပဋိဘာဂနိမိတ်ကား ကြယ်ရောင်၊ ပတ္တမြားရောင်၊ နေရောင်၊ လရောင်တို့ကဲ့သို့ ငြိမ်သက်စွာ ထင်သည်။

ထိုသို့ ပဋိဘာဂနိမိတ်ထင်လာလျှင် ထိုနိမိတ်များမပျောက်ပျက်အောင် စိတ်တည်ငြိမ်စွာဖြင့် စောင့်ရှောက်၍ ထိုပဋိဘာဂနိမိတ်၌ပင် စိတ်စိုက်ထားလျက် ဆက်လက်ကြိုးစားအားထုတ်လျှင် ပါရမီအားလျော်စွာ စျာန်တရားများကို ရရှိနိုင်ပါသည်။

အာနာပါနုဿတိကြောင်း၏ အကျိုးများ

အာနာပါနကို ရှုမှတ်ပွားများသူသည်-

(၁) စိတ်ငြိမ်သက် အေးချမ်းခြင်း၊

(၂) မှန်ကန်စွာ တွေးခေါ်ကြံစည်နိုင်ခြင်

(၃) ကိုယ်စိတ်ချမ်းသာစွာ နေရခြင်း၊

(၄) စတုက္ကနည်းအရ ရူပါဝစရစျာန် ၄- ပါးကို ရနိုင်ခြင်း၊

(၅) သတိပဋ္ဌာန်(၄)ပါး၊ ဗောဇ္ဈင် (၇)ပါးတို့နှင့်ပြည့်စုံခြင်း၊

(၆) ဘဝ၏နောက်ဆုံး ထွက်သက် ဝင်သက်ကို သိခြင်း၊

(၇) မိမိ၏ အသက်အပိုင်းအခြားကို သိခြင်း၊

(၈) မင်္ဂိုလ်၏အခြေခံကိုရရှိခြင်း-

အစရှိသော အကျိုးတရားများကို မျက်မှောက်ဘဝ၌ပင် ခံစားရရှိမည်ဖြစ်သည်။

စျာန်ဘိညာဉ် ရသည်အထိ ပထဝီကသိုဏ်း အားထုတ်နည်း

ကသိုဏ်းဝန်းပြုလုပ်နည်း

ပထဝီကသိုဏ်းကို စတင်ပွားများအားထုတ်လိုသူသည် ရှေးဦးစွာ ပထဝီကသိုဏ်းဝန်းပုံကို စနစ်တကျ ပြုလုပ်ရမည်၊ ပြုလုပ်ရာတွင် ဖြူ နီ ညို ရွှေ လေးထွေဖော ကသိုဏ်းအပြစ်များ ကင်းစင်စေရန် မဝင်းလွန်း မဝါလွန်းသော အရောင်ရောင် အဆင်းရှိ နုံးမြေစေးကို ညက်စွာကြိတ်ရမည်။ ထိုမြေမှုန့်ကို ရေဖြင့်ဖော်၍ တစ်ထွာနှင့်

လွန်းလျှင် အောက်သို့ငုံ့ကြည့်နေရမည်ဖြစ်ပြီး၊ နိမ့်လွန်းလျှင် ဒူးဆစ်များ နာကျင်ဖွယ် ရှိသည်။ ထို့ကြောင့် ထိုင်စရာခုံသည် တစ်ထွာနှင့်လက်လေးသစ်လောက် မြင့်လျှင် ငုံ့ကြည့်စရာလည်းမလို၊ မော့ကြည့်စရာလည်း မလိုသဖြင့် သင့်လျော်ပေသည်။

ကသိုဏ်းမရှုပွားမီ ဆင်ခြင်နှလုံးသွင်းခြင်း

ကသိုဏ်းဝန်းအနီးထွင်ထိုင်ပြီး "ကာမဂုဏ်တို့သည် သာယာဖွယ်မရှိကုန်၊ ဆင်းရဲ ဒုက္ခများကုန်၏၊ လွန်စွာ ပင်ပန်းခြင်းရှိကုန်၏၊ အသားမရှိ ညှိစော်နံသည့် အရိုးစုနှင့် တူပေ၏။ ကျီးငှက်များ ဝိုင်းအုံလုယက်နေသည့် သားတစ်နှင့် တူကုန်၏" စသည်ဖြင့် ကာမဂုဏ်၏ အပြစ်တို့ကို ဆင်ခြင်ရမည်။ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ရမည်။ ယခု ငါကျင့်မည့်အကျင့်သည် ဘုရား ပစ္စေကဗုဒ္ဓါနှင့် အရိယာသာဝကတို့ ကျင့်ကြသည့် အကျင့်ဖြစ်သည်ဟု ဒုကျင့်တရားအပေါ် အလေး ဂရုပြုရမည်။ ဤအကျင့်ဖြင့် စိတ်၏ ငြိမ်းအေးမှု ချမ်းသာမှု သုခကို ဧကန် ရရှိစေမည် ဟု တက်ကြွသော လုံ့လဝီရိယဖြင့် ကသိုဏ်းဝန်းပုံကို ကြည့်ရှုရမည်။

ပထဝီကသိုဏ်း စီးဖြန်းခြင်း

ပထဝီကသိုဏ်း စီးဖြန်းသည့်အခါ မမှိတ်လွန်း၊ မဖွင့်လွန်းဘဲ မှန်သားပြင်၌ မိမိမျက်နှာပုံရိပ်ကို ကြည့်သကဲ့သို့ ကသိုဏ်းဝန်းပုံကို အလိုက်သင့် ကြည့်ရှုရမည်။ ဤတွင် ကသိုဏ်းဝန်းပုံ၏ မဝင်းလွန်း မဝါလွန်း အရုဏ်ရောင်အဆင်းကိုလည်း မဆင်ခြင် မစဉ်းစားသင့်၊ ပထဝီဓာတ်၏ ခက်မာခြင်း သဘောကိုလည်း နှလုံးမသွင်းသင့်၊ အဆင်းနှင့် မြေသားဒြပ်ကို တစပ်တည်းထင်စေလျက် မြေသား ကသိုဏ်းဒြပ်၌ စိတ်စိုက်ထား၍ ပထဝီ-ပထဝီ-မြေ-မြေ ဟု ပွားများရမည်။ ထိုသို့ပွားများရာတွင် ရံခါ မျက်စိကိုမှိတ်၊ ရံခါ မျက်စိကိုဖွင့်၍ နိမိတ်ထင်အောင် ပွားများရမည်။ ဤနည်းဖြင့် ဥဂ္ဂဟနိမိတ် မထင်မချင်း ပွားများရပါမည်။ ဥဂ္ဂဟ နိမိတ်ဆိုသည်မှာ အခြားမဟုတ်၊ မူလစီးဖြန်းစဉ်က မျက်စိဖြင့် ရှုကြည့်သောအခါ ကသိုဏ်းဝန်းပုံသည် မျက်စိထဲတွင် ရှင်းလင်းပီပြင်စွာ မြင်နေသကဲ့သို့ မျက်စိကို မှိတ်၍ ဆင်ခြင်သောအခါတွင်လည်း စိတ်ထဲတွင် ကသိုဏ်းဝန်းပုံ ပီပြင်စွာ ထင်မြင်နေခြင်းပင်ဖြစ်သည်။ ယင်းသို့ စိတ်ထဲမှာ ပီပြင်စွာ ပေါ်နေ ထင်မြင်နေခြင်းကိုပင် ဥဂ္ဂဟနိမိတ်ထင်သည်ဟုဆိုသည်။

ထိုသို့ ဥဂ္ဂဟနိမိတ်ထင်လာသောအခါ ပွားများဆဲ ကသိုဏ်းဝန်းပုံရှိသည့်

နေရာတွင် ဆက်လက်ထိုင်နေရန် မလိုတော့ပေ။ မိမိနေထိုင်ရာ နေရာ (အခန်း)သို့ ပြန်လာပြီး ပထဝီ-ပထဝီ-မြေ-မြေ ဟု ပွားမြဲအတိုင်း ပွားရမည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် သမာဓိ နုံသေး၍ ရကာ စဉ်ဂဟနိမိတ် ပျောက်ကွယ်သွားခဲ့သော် ကသိုဏ်းဝန်းပုံရှိရာသို့ သွားရောက်၍ ဥဂ္ဂဟနိမိတ် အာရုံပြန်ပေါ်အောင် ပွားများအားထုတ်ရမည်။ ထို့နောက် မိမိနေထိုင်ရာနေရာသို့ ပြန်လာပြီး ရှေးနည်းအတိုင်း အဖန်ဖန် ပွားများရမည်။

ဤသို့ ကြိမ်ဖန်များစွာ ပွားများသောအခါ ကိလေသာအဖြစ်နည်း၍ နိဝရဏ်များ ငြိမ်းစဲသွားသဖြင့် စိတ်တည်ကြည်ရင့်ကျက်လာသောအခါ ကြည်လင်သော မှန်သားပြင်၊ ပြောင်လက်နေအောင် ပွတ်တိုက်ထားသော ခရုသင်း၊ တိမ်ကြားမှ ထွက်ပြူလာသော လပြည့်ဝန်း၊ တိမ်မဲညိုရှုံ့၌ ပျံသန်းနေသော ဆွတ်ဆွတ်ဖြူသည့် ဗျိုင်းတို့ကဲ့သို့ လွန်စွာ ကြည်လင်သန့်ရှင်းသော အာရုံနိမိတ် ဖြစ်ပေါ်လာသည်။ ဤသည်ကိုပင် ပဋိဘာဂနိမိတ် ထင်သည်ဟု ဆိုသည်။ ဤတွင် ဥဂ္ဂဟနိမိတ်ထင်ချိန်၌ လက်ချောင်း၊ လက်ဖနောင့်ရာ စသော ကသိုဏ်း၏ အပြစ်များထင်နေသေး၏။ ပဋိဘာဂနိမိတ်၌ကား ထိုကသိုဏ်းအပြစ်များ ကင်းစင်၍ ဥဂ္ဂဟနိမိတ်ထက် များစွာ စင်ကြယ်ထင်ရှားလေသည်။

နိမိတ်မပျောက်မပျက်အောင် စောင့်ရှောက်ခြင်း

ဖေါ်ပြခဲ့ပါ ပဋိဘာဂနိမိတ်ထင်သည့် အဆင့်သို့ ရောက်ဖို့ရန်မှာ လွယ်ကူလှသည်မဟုတ်၊ သက်စွန့်ကြိုးပမ်း အားထုတ်မှ ထိုဆင့်သို့ ရောက်ရှိနိုင်ပေသည်။ ထိုပဋိဘာဂနိမိတ်ကို ရလျှင်ရချင်း ထိုနေရာ၌ပင် တစ်တိုင်တည်းဖြင့် စွာန်ရရှိအောင် အားထ-တ်သင့်သည်။ စွာန်ရရှိအောင် မစွမ်းနိုင်သေးလျှင် စကြဝတေးမင်းလောင်းကိုယ်ဝန်ကို တယုတယ စောင့်ရှောက် ထိန်းသိမ်းသော မိခင်ကဲ့သို့ ရရှိပြီး ပဋိဘာဂနိမိတ်ကို မပျောက်မပျက်အောင် သတိဝိရိယဖြင့် အထူးဂရုစိုက်၍ စောင့်ရှောက်ရမည်။

စောင့်ရှောက်ရမည့်နည်းကား ရှောင်သင့်သည့် အချက်များကို ရှောင်၍ ဆောင်သင့်သည့် အချက်များကို ဆောင်ရန်ပင်ဖြစ်သည်။

အကျယ်ဖေါ်ပြရလျှင် သတိ-သမာတိ-ပညာ တိုးပွားမှုမရှိသော ကျောင်း၊ အာဝါသ အဆောက်အဦ တို့ကို ရှောင်၍ သတိ-သမာဓိ-ပညာ တိုးပွားစေသော ကျောင်း အာဝါသတို့၌ နေထိုင်ရမည်။ အလွန်နီးလွန်း၊ အလွန်ဝေးလွန်းပြီး ဆွမ်းကွမ်းခက်ခဲသော ဆွမ်းခံရွာကို ရှောင်၍ မနီးလွန်း မဝေးလွန်း၊ သွားရာပြန်ရာတွင်

မျက်နှာကို နေရောင်မထိုးသော တောင်မြောက်စူးစူးတွင်ရှိ ဆွမ်းရလွယ်သည့် ရွာကို အမှီပြုရမည်။ မဂ်ဖိုလ် နိဗ္ဗာန်နှင့် ဖိလာဆန့်ကျင်သော စကားပြောဆိုခြင်းကို ရှောင်၍ အလို နည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ဆိတ်ငြိမ်ခြင်းနှင့် စပ်သော စကား၊ ကာမဂုဏ်နှင့် မစပ်သော စကား၊ သီလ-သမာဓိ-ပညာနှင့် စပ်သော စကားတို့ကို ပြောဆိုရမည်။ ပေါင်းသင်းဆက်ဆံရေးတွင်လည်း မဂ်ဖိုလ် နိဗ္ဗာန်နှင့် ဖိလာဆန့်ကျင်သည့် စကားကို ပြောတတ်သော ဒုဿီလပုဂ္ဂိုလ်မျိုးကို ရှောင်၍ သမာဓိဖြစ်ပေါ် တိုးပွားလာအောင် ပြောဆိုတတ်၍ မဂ် ဖိုလ် နိဗ္ဗာန်နှင့် ဖိလာဆန့်ကျင်သော စကားကို မပြောတတ်သော သီလ-သမာဓိ- ပညာနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ကိုသာ မှီဝဲဆည်းကပ်ရမည်။ သမာဓိ မဖြစ်ပေါ် မတိုးပွားစေသည့် အစားအစာ၊ ရာသီဥတု၊ သွား ရပ် ထိုင် လျောင်းခြင်းကို ရှောင်၍ သမာဓိဖြစ်ပေါ် တိုးပွားစေသည့် အစားအစာ ရာသီဥတု သွား ရပ် ထိုင် လျောင်းခြင်းကို မှီဝဲရမည်။ ဤသို့ ရှောင်ရန် အချက်များကို ရှောင်ကာ ဆောင်ရန် အချက်များကို ဆောင်ပြီး ပထဝီကသိုဏ်းကို ဆက်လက်၍ အဖန်ဖန် ပွားများပါက စျာန်ရရှိမည်ဖြစ်ပါသည်။

ဖော်ပြခဲ့ပါအတိုင်း ပွားများအားထုတ်ပါလျက် စျာန်မရရှိနိုင်သေးပါလျှင် -

(၁) ခန္ဓာကိုယ်တွင်းပ စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ရမည်။
(၂) သဒ္ဓါ၊ ပညာ၊ သမာ၊ ဝီရိ၊ စောင်းနှယ်ညှိလေ ဆိုသည့်အတိုင်း သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယတို့ ညီညီမျှမျှ ဖြစ်စေရမည်။
(၃) နိမိတ်စောင့်ရှောက်မှုဌ ကျွမ်းကျင်လိမ္မာရမည်။
(၄) စိတ်ဆုတ်နစ်နေလျှင် စိတ်တက်ကြွအောင် အားထုတ်ရမည်။
(၅) စိတ်ပျံ့လွင့်နေလျှင် ငြိမ်သက်အောင် အားထုတ်ရမည်။
(၆) ဇာတိ ဇရာ ဗျာဓိ မရဏ စသည်တို့ကို ဆင်ခြင်၍ ဖြစ်စေ၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အောက်မေ့၍ ဖြစ်စေ၊ စိတ်ကြည်လင်ရွှင်လန်းအောင် ပြုလုပ်ရမည်။
(၇) မြောက်ခြင်း၊ နှိပ်ခြင်း၊ ရွှင်လန်းခြင်းတို့ဌ ကြောင့်ကြစိုက်မှုကင်းအောင် စိတ်ကို လျစ်လျူရှုရမည်။
(၈) စျာန်ရကြောင်း အကျင့်ကို မကျင့်ဖူးသော အလုပ်ကိစ္စ များပြားလျက် စိတ်မတည်ကြည်သည့် ပုဂ္ဂိုလ်ကို ရှောင်ရှားရမည်။
(၉) စျာန်ရကြောင်း အကျင့်ကို ကျင့်ဖူးသော သမာဓိ ခိုင်မြဲသည့် ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ရမည်။
(၁၀) စျာန် (အပ္ပနာသမာဓိ) ရရှိစေရန် အမြဲမပြတ် စိတ်ညွှတ်နေရမည်။

ဤသို့ အထက်ပါအချက်များ ပြည့်စုံစေ၍ သက်စွန့်ကြိုးပမ်း ပွားများအားထုတ်ပါလျက် စျာန်မရရှိ နိုင်သေးသော်လည်း ဇွဲ လုံ့လ ဝီရိယကို မလျော့သင့်။ မြင်းမိုရ်တောင်ကို တူးဖြိုအံ့၊ မြေဆီလွှာကို တူးယူအံ့၊ မဟာသမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းကို ကူးအံ့၊ စကြာမင်းစည်းစိမ်းကို ရယူအံ့ဟု ကြံဆောင် ကြိုးစားသူ၏ အာသာဆန္ဒ လုံ့လ ဝီရိယမျိုးဖြင့် ကြိုးကြိုးစားစား ဆက်လက် ပွားများအားထုတ်ရမည်။

စျာန်ဖြစ်ပေါ် ရရှိခြင်း

ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ပဋိဘာဂနိမိတ်ထင်ပြီးနောက် ဆက်လက် ကြိုးပမ်းအားထုတ်သောအခါ ကာမဂုဏ်ခံစားလိုမှု (ကာမစ္ဆန္ဒ)၊ အမျက်ထွက်မှု (ဗျာပါဒနီဝရဏ)၊ ငိုက်မျဉ်းထိုင်းမှိုင်းပျင်းရိမှု (ထိနမိဒ္ဓနီဝရဏ)၊ ပျံ့လွင့်မှု နောင်တပူပန်မှု (ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ)၊ ကမ္မဋ္ဌာန်း တရားအပေါ် ၌ ယုံမှား သံသယဖြစ်မှု (ဝိစိကိစ္ဆာ နီဝရဏ) များ ကင်းကွာသွားကြပြီး၊ စိတ်ကို အာရုံသို့ ရောက်အောင် တင်ပို့ပေးမှု (ဝိတက်)၊ အာရုံကို သုံးသပ်မှု (ဝိစာရ)၊ နှစ်သက်မှု (ပီတိ)၊ ချမ်းသာမှု (သုခ)၊ စိတ်တည်ကြည် ငြိမ်သက်မှု (ဧကဂ္ဂတာ) ဟူသော စျာန် အင်္ဂါများ ဖြစ်ပေါ်လာလေတော့သည်။ ဤသည်ပင် အင်္ဂါငါးချက်နှင့် ပြည့်စုံသော ပထမစျာန်ကို ရရှိခြင်းဖြစ်ပေသည်။ ရှေ့သို့ ဆက်၍ အားထုတ်သွားပါက ဒုတိယ စျာန်၊ တတိယ စျာန်၊ စတုတ္ထစျာန်နှင့် ပဉ္စမစျာန်များကို ရရှိမည်ဖြစ်ပါသည်။ ထို့ပြင် ပဉ္စမစျာန်ကို အခြေပြု၍ ဆက်လက်အားထုတ်လျှင် အဘိညာဉ်များကိုပင် ရရှိနိုင်ပါသည်။

စျာန်ရလျှင်ရချင်း မှတ်တမ်းပြုလုပ်ခြင်း

ပထဝီကသိုဏ်းကို ပွားများအားထုတ်သဖြင့် စျာန်ရရှိလာသူသည် ထိုစျာန်ရရှိသည့် အချိန်မှာပင် "ငါသည် ဤမည်သော အစားအစာ၊ ဤမည်သော ပုဂ္ဂိုလ်၊ ဤမည်သော ကျောင်းနေရာကို မှီဝဲ၍ ဤမည်သော ဣရိယာပုထ်ဖြင့် ဤအချိန်၌ ဤစျာန်ကို ရရှိခဲ့သည်"ဟု ထိုနေ့က စားသုံးခဲ့သော အစားအစာ၊ မှီဝဲခဲ့သော ပုဂ္ဂိုလ်၊ နေရာ၊ ကျောင်း၊ ဣရိယာပုထ်၊ ရာသီဥတု စသည်တို့ကို ပြန်လည် အောက်မေ့၍ မှတ်တမ်းတင်ထားရမည်။ ဤသို့ မှတ်တမ်းတင်ထားခြင်းဖြင့် စျာန်လျောကျသွားသော်ထိုမှတ်တမ်းကို အသုံးပြု၍ စျာန်ရအောင် ပြန်လည်အား ထုတ်နိုင်မည်ဖြစ်သည်။

ရရှိပြီးသော စျာန်ကို အရှည်တည်တံ့အောင် ပြုလုပ်ခြင်း

မိမိရရှိပြီးသော စျာန်ကို မပျောက်မပျက် ဆက်လက် ကြာရှည်တည်တံ့နေစေရန်မှာ သမာဓိ၏ ဆန့်ကျင်ဘက် ရန်သူများဖြစ်ကြသော ကာမဂုဏ်ခံစားလိုမှု (ကာမဆန္ဒ) စသည့် နီဝရဏာများကို ပယ်ရှား သုတ်သင်ရမည်၊ ကာမဂုဏ်တို့၏ အပြစ်များကို ဆင်ခြင်ခြင်းဖြင့် ကာမဆန္ဒ နီဝရဏာ၊ ကိုယ်၏ ပူပန်မှုကို ငြိမ်းပျောက်စေခြင်းဖြင့် ဗျာပါဒနီဝရဏာ၊ အားထုတ်မှု ဝီရိယများကို နှလုံးသွင်းခြင်းဖြင့် ထိနမိဒ္ဓနီဝရဏာ၊ သမထအာရုံကို နှလုံးသွင်းခြင်းဖြင့် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏာတို့ကို သုတ်သင်ပယ်ခွါ၍ သမာဓိ၏ ဘေးရန်ဖြစ်သော မာန်မာန ထောင်လွှားမှုများကို ပယ်ရှားရမည်၊ ဤသို့ သမာဓိ၏ ရန်သူများကို ဖယ်ရှားသုတ်သင်ထားမှသာ အချိန်တိုင်း အချိန်တိုင်း၌ စျာန်သမာပတ်ဖြင့် ပျော်မွေ့နိုင်မည်ဖြစ်သည်။

အဘိညာဉ်ရရှိရန် အားထုတ်ခြင်း

ပဋ္ဌမစျာန်ကို ရရှိပြီးသူသည် ထိုစျာန်သမာပတ် မြဲမြံခိုင်ခဲ့ခြင်း၊ အာနိသင်ကို ရရှိခြင်း၊ ဆက်လက်ပွားများအား ထုတ်မည့် ဝိပဿနာ လွယ်ကူစွာ ပြီးပြည့်စုံခြင်း အကျိုးကို· မျှော်ကိုးလျက် တန်ခိုးဖန်ဆင်းမှု (ကွန္ဒိဝိဓ) အစရှိသော လောကီအဘိညာဉ်များကို ရရှိအောင် အားထုတ်သင့်ပေသည်။ ဤ၌ အဘိညာဉ်ဆိုသည်မှာ အဘိညာဉ်ကိစ္စတပ်သော ရူပပဋ္ဌမစျာန်၌ ပါရှိသော အသိဉာဏ်ထူးပင်ဖြစ်သည်။

လောကီ အဘိညာဉ်များအနက် တန်ခိုး ဖန်ဆင်းမှု (ကွန္ဒိဝိဓ) အဘိညာဉ်ကို ရလိုသူသည် ပထဝီကသိုဏ်းမှစ၍ သြဒါတကသိုဏ်း အဆုံးရှိသော ကသိုဏ်းရှစ်ပါးနှင့် သမာပတ် ရှစ်ပါးတို့ကို ဖြစ်စေ၍ ပထဝီကသိုဏ်းမှ သြဒါတကသိုဏ်းအထိ ကသိုဏ်းအနုလုံ စီးဖြန်းခြင်း၊ သြဒါတ ကသိုဏ်းမှ ပထဝီကသိုဏ်းအထိ ကသိုဏ်းပဋိလုံ စီးဖြန်းခြင်း၊ ပထမစျာန်မှ ပဋ္ဌမစျာန်အထိ စျာန်အနုလုံးဝင်စားခြင်း၊ ပဋ္ဌမစျန်မှ ပထမစျာန်အထိ စျာန်ပဋိလုံ ဝင်စားခြင်း အစရှိသော နည်းများဖြင့် အကြိမ်များစွာ ပွားများ ဝင်စားပြီး စိတ်ကို ဆုံးမ ပဲ့ပြင်ရမည်။

စိတ်ကိုဆုံးမရန် နည်းလမ်းများကား -

- ပထဝီ ကသိုဏ်းမှ သြဝါဒတသိုဏ်းအထိ ကသိုဏ်းရှစ်ပါးတို့ကို အစဉ်အတိုင်း (အနုလုံ) ပွားများခြင်း၊
- သြဒါတ ကသိုဏ်းမှပြန်၍ ပထဝီကသိုဏ်းအထိ အပြန် (ပဋိလုံ) ပွားများခြင်း၊
- အသွားအပြန် (အနုလုံ ပဋိလုံ) အားဖြင့် ပွားများခြင်း၊

- သမာပတ် ရှစ်ပါးတို့တွင် ပထမစျာန်မှ နေဝသညာနာသညာယတန စျာန်တိုင်အောင် အစဉ်အတိုင်း (အနုလုံ) ဝင်စားခြင်း၊
- နေဝသညာ နာသညာယတနစျာန်မှ ပထမစျာန်ထိ အပြန် (ပဋိလုံ) ဝင်စားခြင်း၊
- ထို စျာန် သမာပတ် ရှစ်ပါးကို အသွားအပြန် (အနုလုံ ပဋိလုံ) အစုံအားဖြင့် ဝင်စားခြင်း၊
- ပထမစျာန်ကို ဝင်စားပြီးနောက် ဒုတိယစျာန်ကို ခုန်ကျော်ကာ တတိယစျာန်ကို ဝင်စားခြင်း စသည်ဖြင့် စျာန်ကို ခုန်ကျော်၍ ဝင်စားခြင်း၊
- ထို့အတူ ပထမစျာန်ကို ဝင်စားလျက် ပထဝီကသိုဏ်းကို ပွားများပြီးနောက် အာပေါကသိုဏ်းကို ခုန်ကျော်ကာ တေဇောကသိုဏ်းကို ပွားများခြင်း စသည်ဖြင့် ကသိုဏ်းကို ခုန်ကျော်၍ ပွားများခြင်း၊
- စျာန်နှင့် ကသိုဏ်း အရောအနှောထား၍ ခုန်ကျော်ဝင်စားခြင်း-

စသည်တို့ဖြစ်သည်။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း ရွေးက. အားထုတ်ဖူးခြင်း မရှိ၊ ယခုမှ စတင် အားထုတ်သူသည် စိတ်ကို နူးညံ့အောင် ကြိုးတင်မဆုံးမဘဲ တန်ခိုးဖန်ဆင်းမှုကိစ္စကို ဆောင်ရွက်နိုင်မည် မဟုတ်ချေ၊ မှန်ပေသည်၊ အားထုတ်ကာစ ပုဂ္ဂိုလ်သည် ကသိုဏ်း ပရိကံပြုမှု၊ ပဋိဘာဂနိမိတ်ကို ထင်စေမှု၊ အပွနာစျာန်ကို ရရှိစေမှု၊ စိတ်ကို နူးညံ့သိမ်မွေ့အောင် ဆုံးမနိုင်မှု၊ စိတ်ကို ကြိုးတင်ဆုံးမထားသော်လည်း တန်ခိုးဖန်ဆင်းမှု၊ လျှင်မြန်စွာ ရှုနိုင် ဝင်စားနိုင် ဖန်ဆင်းနိုင်မှု တို့အတွက် ဝန်လေးတတ်ပေသည်။ တစ်ရာမှာတစ်ယောက် တစ်ထောင်မှာတစ်ယောက်လောက်သာ စွမ်းနိုင်သည်။

ရွေးဘဝများစွာက စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ခဲ့ကြဖူးသည့် မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက အစရှိသော ပုဂ္ဂိုလ်မြတ်တို့မှာမူ ရှေ့တွင် ပြဆိုခဲ့သော ဘာဝနာအစဉ်မရှိသော်လည်း အရဟတ္တဖိုလ်ကို ရရှိသည်နှင့် ဤတန်ခိုးဖန်ဆင်းမှု အစရှိသည်တို့မှာ ပြီးပြည့်စုံကြလေသည်။

ရွှေဟန်းထိမ်ဆရာသည် လက်ဝတ်ရတနာ တန်ဆာအမျိုးမျိုးကို ပြုလုပ်ရန် ရွှေကို နူးညံ့အောင်ပြုလုပ်ပြီးမှ အလိုရှိတိုင်း လုပ်ဆောင်သကဲ့သို့လည်းကောင်း၊ အိုးလုပ်သမားသည် အိုးခွက်စသည် ပြုလုပ်ရန် မြေညက်ကို ကောင်းစွာနယ်လျက် နူးညံ့အောင် ပြုပြီးမှသာ အိုး၊ ခွက် စသည်တို့ကို ပြုလုပ်သကဲ့သို့လည်းကောင်း ထို့အတူ အဘိညာဉ်ရရှိအောင် စတင်အားထုတ်သူသည် ရှေ့တွင် ဖေါ်ပြခဲ့ပြီးသော

နည်းတို့ဖြင့် ဖိတ်ကို နှုးညံ့အောင် ကြိုတင် ဆုံးမရမည်။

တို့နောက် ဆန္ဒရှိက မည်သည့်ကိစ္စမဆို ထမြောက်အောင်မြင်ရမည် သာတည်း စသည်ဖြင့် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ (ပညာ) ဟူသော အဓိပတိလေးပါ. အနက် တစ်ပါးပါး ဦးဆောင်၍လည်းကောင်း၊ ဝသီဘော် ငါးပါးတို့ဖြင့် လွှဲလှန်လည်းကောင်း စိတ်ကို နှုးညံ့သိမ်မွေ့စေပြီး ဟန်ခိုးဖန်ဆင်းမှု အတွက် အားထုတ်ရမည်။

ဤ၌ ဝသီဘော်ငါးပါးဟူသည် -

(၁) အာဝဇ္ဇန ဝသီဘော် - စွာန်အင်္ဂါတို့ကို လျင်မြန်စွာ ဆင်ခြင်နိုင်စွမ်းရှိခြင်း၊

(၂) သမာပဇ္ဇန ဝသီဘော် - စွာန်ဝင်စားလိုသည့်အခါ အလိုရှိသမျှ စွာန်စိတ်များကို ဖြစ်စေနိုင်ခြင်း၊

(၃) အဓိဋ္ဌာန ဝသီဘော် - ဝင်စားလိုသည့်အချိန် အတိုင်းအတာ သတ်မှတ်ချက်အတိုင်း အပိုအလိုမရှိ တိကျစွာ စွာန်စိတ်ကို ထားနိုင် ဖြစ်စေ နိုင်ခြင်း၊

(၄) ဝုဋ္ဌာန ဝသီဘော် - မှန်းဆတွက်ချက်ထားသည့် အချိန်၌ စွာန်မှ ထနိုင်ခြင်း၊

(၅) ပစ္စဝေက္ခဏာ ဝသီဘော် - စွာန်အင်္ဂါတို့ကို ဆင်ခြင်နိုင်ခြင်း-

တို့ဖြစ်သည်။

(အာဝဇ္ဇနဝသီဘော် မြောက်လျှင် ပစ္စဝေက္ခဏာ ဝသီဘော်လည်း ပြီးစီးသွားပေသည်။ သို့သော်လည်း မနောဒွါရာဝဇ္ဇန်း၏ သတ္တိကို အာဝဇ္ဇန ဝသီဘော်၊ ပစ္စဝေက္ခဏာဇော၏သတ္တိကို ပစ္စဝေက္ခဏာဝသီဘော်ဟု သတ္တိအလိုက် နှစ်မျိုးခွဲခြားထားခြင်းဖြစ်သည်။)

ဤသို့ ပါရမီ မရှိသူသည် စွာန်သမာပတ်များနှင့် ကသိုဏ်းအာရုံတို့ကို အကြိမ်များစွာ ပွားများဝင်စားပြီးမှ အဘိညာဉ်ကို ရရှိနိုင်လေသည်၊ ပါရမီထူးရှိသူကား ထိုကဲ့သို့ အကြိမ်များစွာ မဝင်စား မလေ့လာသော်လည်း ပဌမစွာန်ကို ရရှိကာမျှဖြင့်လည်းကောင်း၊ ခဏ်ကို ရရှိကာမျှဖြစ်လည်းကောင်း အဘိညာဉ်ကို ရရှိနိုင်ပေသည်။

အဘိညာဉ်စိတ် ဖြစ်ပုံ

"ပါဒကစ္စာန်၊ ပရိကံနှင့်၊ တဖန် ပါဒက၊ ဖြစ်ပြီးမှ ကျတုံ အဘိညာ"ဟူသော အဆိုနှင့်အညီ ရှေ့တွင် ဖေါ်ပြခဲ့သည့်အတိုင်း စိတ်ကို နူးညံ့သိမ်မွေ့အောင် ဆုံးမ၍ လောကီအဘိညာဉ်တစ်ခုခုကို ဖြစ်စေလိုလျှင် -

(၁) ရူပ ပဋ္ဌမစ္စာန်ကို အဘိညာဉ်၏ အခြေခံ (ပါဒက) အဖြစ် ဝင်စားရမည်၊

(၂) ထိုပါဒကစ္စာန်မှထ၍ အဓိဋ္ဌာန်မည့် အာရုံတစ်ခုခုကို မှန်းပြီး သတ် ဟောမိ - နိမ္မိတရုပ် တစ်ရာ ဖြစ်စေသတည်း၊ သဟသံ ဟောမီ - နိမ္မိတရုပ်တစ်ထောင်ဖြစ်စေသတည်း စသည်ဖြင့် ပရိကံဖြူရမည်။ ဤစိတ်အစဉ်ကို အဓိဋ္ဌာန်စိတ်ဟု ခေါ်၏။

(၃) တစ်ဖန် အဘိညာဉ်၏ အခြေခံဖြစ်သည့် ရူပ ပဋ္ဌမစ္စာန်ကို ဝင်စားရမည်။

ဤသို့ အစီအစဉ်အတိုင်း ဝင်စားပြီးနောက် ရူပ ပဋ္ဌမစ္စာန် အဘိညာဉ်ဝီထိ ခေါ် အဘိညာဉ်တန်ခိုး အစွမ်းပါသော ရူပ ပဋ္ဌမစ္စာန် စိတ်အစဉ် ဖြစ်ပေါ်လေသည်။ ဤ ရူပပဋ္ဌမစ္စာန် စိတ်အစဉ်သည်ပင် အဘိညာဉ်ဟူသော အမည်တွင်သည်။ ဤအဘိညာဉ် ဝီထိစိတ် ဖြစ်သည်နှင့် တပြိုင်နက် ဖန်ဆင်းအပ်သော ရုပ် (နိမ္မိတရုပ်) အစရှိသော အကျိုးများ ဖြစ်ပေါ်လာသည်။

ဤသည်မှာ အနည်းကို အများဖြစ်အောင် ဖန်ဆင်းခြင်းဖြစ်သည်။ ဤအတူပင် အများကို အနည်းဖြစ်အောင် ဖန်ဆင်းလိုပါက ဧကော ဟောမိ - တစ်ယောက်တည်းဖြစ်စေသတည်းဟု ပရိကံပြု၍ ဖေါ်ပြခဲ့သည့်အတိုင်း အဘိညာဉ်ကို ဆက်လက်ဝင်စားရမည်။

ပထဝီကသိုဏ်း၏ အစွမ်းသတ္တိ

ပထဝီကသိုဏ်း၏ အစွမ်းသတ္တိများမှာ-

(၁) တစ်ယောက်ကို အများဖြစ်ရန်၊ အများကို တစ်ယောက်ဖြစ်ရန် စွမ်းနိုင်ခြင်း၊

(၂) ကောင်းကင်၊ ရေမြှင့်တို့ကို မြေပြင်အသွင် ဖန်ဆင်း၍ သွား၊ ရပ်၊ ထိုင်၊ လဲလျောင်းနိုင်ခြင်း၊

(၃) စွာန်ကို ရရှိစေနိုင်ခြင်း -

တို့ဖြစ်သည်။

ဝိပဿနာဘာဝနာ

ဤအခန်းဌ ဝိပဿနာဘာဝနာနှင့် စပ်လျဉ်း၍ အနုပဿနာ (၃) ပါး၊ ဝိသုဒ္ဓိ (၇) ပါး၊ ဝိပဿနာဉာဏ် (၁၀) ပါး တို့ကို လေ့လာသိရှိထားသင့်သည်၊ သို့ဖြစ်၍ အနုပဿနာ (၃) ပါး စသည်တို့ကို ဖော်ပြသွားမည်ဖြစ်သည်။

အနုပဿနာ (၃) ပါး

အနုပဿနာဟူသည် အကြိမ်ကြိမ် အထပ်ထပ် ရှုမှတ် သုံးသပ်တတ်သော အသိဉာဏ်ပင်ဖြစ်သည်။ ရုပ် နာမ်တရားတို့၏ မမြဲခြင်း (အနိစ္စ)သဘော၊ ဆင်းရဲခြင်း (ဒုက္ခ) သဘော၊ အစိုးမရ အလိုသို့မလိုက်ခြင်း၊ အတ္တမရှိခြင်း (အနတ္တ) သဘော တို့ကို ထင်ရှားပေါ်လွင်အောင် အထပ်ထပ်ရှုခြင်းဟု ဆိုလိုသည်။

ထိုအနုပဿနာသည် -

(၁) အနိစ္စာနုပဿနာ၊
(၂) ဒုက္ခာနုပဿနာ၊
(၃) အနတ္တာနုပဿနာ-

ဟူ၍ သုံးမျိုးရှိပါသည်။

ထိုဟွင် အနိစ္စာနုပဿနာဟူသည် မမြဲသော (သုံးဆယ့်တစ်ဘုံအတွင်းရှိ) ရုပ်နာမ် တရားတို့ကို မမြဲမှု (အနိစ္စ) သဘောပေါ်အောင် အကြိမ်ကြိမ် အထပ်ထပ် ရှုမှတ်ခြင်းဖြစ်သည်။ ဆင်းရဲအစုဖြစ်သော ရုပ်နာမ်တရားတို့ကို ဆင်းရဲမှု (ဒုက္ခ) သဘောပေါ်အောင် အကြိမ်ကြိမ် အထပ်ထပ် ရှုမှတ်ခြင်းသည် ဒုက္ခာနုပဿနာဖြစ်သည်၊ အစိုးမရ အလိုသို့ မလိုက်သော ရုပ်နာမ်တရားတို့ကို အစိုးမရမှု၊ အလိုသို့မလိုက်မှု၊ အတ္တမရှိမှု (အနတ္တ) သဘောပေါ်အောင် အဖန်ဖန် အထပ်ထပ် ရှုမှတ်ခြင်းသည် အနတ္တာနုပဿနာဖြစ်သည်။

အနုပဿနာ (၃) ပါး ရှုပွားပုံနှင့် စပ်လျဉ်း၍ နည်း (၄၀) ရှိသည့်အနက် ဤဌ မကျဉ်းမကျယ် သိလွယ်ရုံမျှ ဖော်ပြပါဦးမည်။

အနိစ္စာနုပဿနာရှုပုံ

ဤရုပ်တရား (ရူပက္ခန္ဓာ) သည် ပျက်ခြင်းလျှင် အဆုံးရှိ၏။ ဖြစ်လျှင် ပျက်မြဲ

သဘောရှိသောကြောင့် အမြဲမရှိ။ အို, နာ, သေမှုတို့ဖြင့် ပရမ်းပတာ ပျက်စီးတတ်ချေ၏။ လောကခံရှစ်ဖြာ အို နာ သေမှုတို့နှင့် တွေ့ကြုံခံစားရသောအခါ တုန်လှုပ်တတ်၏။ သူတပါး လုံ့လ (ပယောဂ) ဖြင့် ဖြစ်စေ၊ အလိုအလျောက်ဖြစ်စေ ပျက်စီးလွယ်၏။ အချိန်အခါမရွေး ပျက်စီးတတ်သောကြောင့် မတည်မြဲ၊ အိုရခြင်း၊ သေရခြင်းတို့ဖြင့် ဖေါက်ပြန်တတ်ချေ၏။ အားနည်းချိန်၌ အကာကွဲသို့ ပျက်စီးလွယ်သဖြင့် အနှစ်သာရမရှိချေ။ တဏှာဒိဋ္ဌိလျှင် ဖြစ်ကြောင်းရှိချေ၏။ ပြုပြင်ပေးရသော သဘောရှိ၏။ သေခြင်းသဘောရှိ၏။ ဤသို့ ရုပ်တရား (ရူပက္ခန္ဓာ)ကို ဖော်ပြပါ အခြင်းအရာတို့ဖြင့် ရှုပွားသကဲ့သို့ ဝေဒနာက္ခန္ဓာစသည့် နာမ်ခန္ဓာလေးပါးတို့ကိုလည်း ရှုပွားနိုင်သည်။

ဒုက္ခာနုပဿနာရှုပုံ

ဤရုပ်တရား(ရူပက္ခန္ဓာ) သည် ဖြစ်ခြင်း ပျက်ခြင်းသဘောရှိ၍ ဆင်းရဲ၏၊ ပြင်းထန်သော ရောဂါစွဲကပ်နေသကဲ့သို့ဖြစ်၏၊ မကောင်းမှုတို့၏ စုဝေးရာကြီးဖြစ်၏၊ ငြောင့်စူးဝင်သကဲ့သို့ဖြစ်၏၊ အိုင်းအမာပေါက်သည်နှင့်တူ၏၊ ဖျားနာနေသကဲ့သို့ ဖြစ်၏။ ဤသို့ ရူပက္ခန္ဓာကို ရှုပွားသကဲ့သို့ ဝေဒနာက္ခန္ဓာစသည်တို့ကိုလည်း ရှုပွားရမည်။

အနတ္တာနုပဿနာရှုပုံ

ဤရုပ်တရား(ရူပက္ခန္ဓာ)သည် အလိုသို့မပါ စီမံရာမဖြစ်သောကြောင့် ပြင်ပသူစီမံနှင့်တူချေ၏၊ ပညာမဲ့တို့ ကြံဆအပ်သော မြဲခြင်း(ဓုဝ)၊ တင့်တယ်ခြင်း(သုဘ)၊ ချမ်းသာခြင်း(သုခ)၊ အလိုသို့လိုက်ခြင်း အစိုးရခြင်း(အတ္တ) တို့မှကင်း၏၊ အနှစ်ကင်းပြီး အချည်းအနှီးသာဖြစ်၏၊ ခန္ဓာအိမ်၏ပိုင်ရှင်၊ ခန္ဓာအိမ်ထဲ၌ အမြဲတည်နေသူ၊ ပြုလုပ်တတ်သူ၊ ခံစားတတ်သူ၊ စီမံခန့်ခွဲတတ်သူဟု ထင်မှတ်ရသော အတ္တမှ ကင်းဆိတ်ချေ၏၊ မိမိကိုယ်တိုင်လည်း ခန္ဓာအိမ်၏ပိုင်ရှင်အဖြစ်စသည် မရှိသောကြောင့် အတ္တကောင် မဟုတ်ပေ။ ဤသို့ ဝေဒနာက္ခန္ဓာ အစရှိသည်တို့ကိုလည်း ရှုပွားရမည်။

ဖေါ်ပြခဲ့သည့်အတိုင်း အနိစ္စာနုပဿနာကို ရှုပွားလျှင် မြဲသည်ဟု ထင်မှတ်မှု(နိစ္စသညာ)ကို ပယ်ခွာနိုင်၏၊ ဒုက္ခာနုပဿနာကို ရှုပွားလျှင် ချမ်းသာသည်ဟု ထင်မှတ်မှု(သုခသညာ)ကို ပယ်ခွာနိုင်၏၊ အနတ္တာနုပဿနာကို ရှုပွားလျှင် အစိုးရသည်ဟု ထင်မှတ်မှု(အတ္တသညာ) ကို ပယ်ခွာနိုင်သည်။

သတိပဋ္ဌာန် ရှုမှတ် ပွားများနည်း

သတိပဋ္ဌာန်

သတိပဋ္ဌာန်ဆိုသည်မှာ ဆိုင်ရာအာရုံထဲ၌ သတိအမြဲဖြစ်နေခြင်း၊ စဲ့စဲ့မြဲမြဲ အမှတ်ရနေခြင်းပင်ဖြစ်သည်။ ရုပ်အစု(ကာယ)၊ ခံစားမှု(ဝေဒနာ)၊ သိမှု(စိတ္တ)၊ သဘောတရား(ဓမ္မ) တို့အပေါ်၌ အမြဲ အမှတ်ရနေခြင်း၊ ဖြစ်ပေါ်လာတိုင်းသော ရုပ်နာမ်သဘာဝများကို ဇာစ်ခုမျှမလွတ်စေဘဲ သတိကပ်၍ အမြဲ ရှုမှတ်နေခြင်းဟု ဆိုလိုသည်။

သတိပဋ္ဌာန် (၄) ပါး

ထို သတိပဋ္ဌာန်ကား-

(၁) ကာယာနုပဿနာသတိပဋ္ဌာန် - ရုပ်အပေါင်းတို့ကို သတိကပ်၍ အဖန်ဖန်ရှုမှတ်ခြင်း၊

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် - ခံစားမှုများကို သတိကပ်၍ အဖန်ဖန် ရှုမှတ်ခြင်း၊

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန် - စိတ်ကို သတိကပ်၍ အဖန်ဖန် ရှုမှတ်ခြင်း၊

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် - နိဝရဏ စသော သဘာဝဓမ္မတို့ကို သတိကပ်၍ အဖန်ဖန် ရှုမှတ်ခြင်း၊

ဟူ၍ လေးမျိုးရှိသည်။

ထိုတွင် လောဘ၊ ဒေါသ အစရှိသော ကိလေသာများ ဖြစ်ခွင့်မရအောင် ထင်ရှားပေါ်လာသော ရုပ်တရားမှန်သမျှကို အမြဲမပြတ် သတိကပ်လျက် ရှုမှတ်နေခြင်းကို ကာယာနုပဿနာ သတိပဋ္ဌာန်ဟုခေါ်သည်။

ဖြစ်ပေါ်လာသော ခံစားမှု(ဝေဒနာ) မှန်သမျှကို အမြဲမပြတ် သတိကပ်လျက် ရှုမှတ်နေခြင်းကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ ဖြစ်ပေါ်လာသော(စိတ်) မှန်သမျှကို အမြဲမပြတ် သတိကပ်လျက် ရှုမှတ်နေခြင်းကို စိတ္တာနုပဿနာသတိ ပဋ္ဌာန်၊ နိဝရဏ စသော သဘာဝဓမ္မမှန်သမျှကို အမြဲမပြတ် သတိကပ်လျက် ရှုမှတ်နေခြင်းကို ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်သည်။

ကာယာနုပဿနာ သတိပဋ္ဌာန် ရှုမှတ်ပွားများပုံ

ကြွရိယာပုထ်ကိုမှတ်ခြင်း

ဤ သတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများသူသည် မိမိ၏ လျောင်း-ထိုင်-ရပ်-သွား လေးပါးသော ကြွရိယာပုထ်များကို အမြဲသတိစိုက်လျက်-

- သွားလျှင် သွားသည် ဟု သိရမည်၊
- ရပ်လျှင် ရပ်သည် ဟု သိရမည်၊
- ထိုင်လျှင် ထိုင်သည် ဟု သိရမည်၊
- လဲလျောင်းလျှင် လဲလျောင်းသည် ဟု သိရမည်။

အချုပ်အားဖြင့် မိမိ၏ရုပ်ခန္ဓာကိုယ်ကြီးသည် မည်သို့တည်ရှိသည်ဖြစ်စေ၊ ထိုတည်ရှိနေသည့်အတိုင်း လှုပ်ရှားမှုမှန်သမျှကို သိနေအောင် ရှုမှတ်ရမည်။

ဤ၌ သွားလျှင် သွားသည် ဟုသိရမည်ဆိုရာ၌ သွားမည်ကြံသောစိတ်နှင့် ထိုစိတ်ကြောင့် ခန္ဓာကိုယ်အနှံ့အပြားတွင် တောင့်တင်းမှု လှုပ်ရှားမှုများ ဖြစ်ပေါ်လာသည်ကိုလည်း သိအောင်ရှု မှတ်ရမည်၊ ထို့ပြင် ထိုတောင့်တင်းမှု လှုပ်ရှားမှုများ ဖြစ်ပေါ်လာပြီး ရှေ့သို့ တစ်ကိုယ်လုံး ရွှေ့ရွှေ့သွားခြင်းကို သတိပြုလျက် "ဤသို့ ရွှေ့ရွှေ့ သွားခြင်းကိုပင် ငါသွားသည် သူသွားသည်ဟု ပြောဆိုနေကြခြင်းဖြစ်၏၊ စင်စစ်သွားတတ်သော ငါကောင် သူကောင် ဟူ၍ မရှိချေ" ဟုလည်း သိသွားသည်၊ ဤနည်းအတူ ရပ်ခိုက်၊ ထိုင်ခိုက်၊ လဲအိပ်ခိုက်များ၌လည်း ရုပ်နာမ်တရားများ အဆင့်ဆင့် ဖြစ်ပျက် နေခြင်းကို ရှင်းလင်းစွာ သိနေရမည် ဖြစ်သည်။

အသိညာဏ်သမ္ပဇဉ်ဖြင့် မှတ်ခြင်း

အသိညာဏ်သမ္ပဇဉ်ဖြင့် မှတ်ခြင်းဟူသည်-

- ရှေ့သို့သွားလျှင်လည်း သွားသည် ဟု အသိညာဏ်ကပ်၍ သိနေရမည်၊
- နောက်သို့ဆုတ်လျှင်လည်း ဆုတ်သည် ဟု အသိညာဏ်ကပ်၍ သိနေရမည်၊
- ထိုင်ရင်း ရပ်ရင်း ရှေ့ဘက် နောက်ဘက်သို့ ယိမ်းယိုင်သွားလျှင်လည်း ယိမ်းသည်၊ ယိုင်သည် ဟု စေ့စေ့စပ်စပ် ရှုမှတ်၍ မပြတ်သိနေရမည်။

ထို့ပြင် တူရူ(တည့်တည့်)၊ စောင်းငဲ့၍ကြည့်ရာတွင်လည်း ကြည့်ချင်သည်၊ ကြည့်သည်၊ မြင်သည် ဟု လည်းကောင်း၊ လက်ခြေတို့ကို ကွေးတိုင်း ဆန့်တိုင်းလည်း ကွေးချင်သည်၊ ကွေးသည်၊ ဆန့်ချင်သည်၊ ဆန့်သည် ဟုလည်းကောင်း၊ သပိတ်၊

သက်န်း၊ အဝတ်၊ အိုးခွက်၊ ပန်းကန် အစရှိသော အသုံးအဆောင်ပစ္စည်းများကို ကိုင်တိုင်း၊ ယူတိုင်းလည်း ကိုင်ချင်သည်၊ ကိုင်သည်၊ ယူချင်သည်၊ ယူသည် ဟုလည်းကောင်း၊ စားသောက်တိုင်းလည်း စားချင်သည်၊ စားသည်၊ သောက်ချင်သည်၊ သောက်သည် ဟုလည်းကောင်း၊ ကျင်ကြီးကျင်ငယ်စွန့်သည်၌အခါ၌လည်း စွန့်ချင်သည်၊ စွန့်သည်၊ ဆေးကြောသုတ်သင်သည် ဟုလည်းကောင်း၊ ရပ်၊ ထိုင်၊ လှဲအိပ်၊ နိုးထ၊ ပြောဆို၊ ဆိတ်ဆိတ်နေသည့် အခါများတွင်လည်း "ရပ်သည်၊ ထိုင်သည်၊ အိပ်သည်၊ နိုးသည်၊ ပြောဆိုသည်၊ ဆိတ်ဆိတ်နေသည်"ဟုလည်းကောင်း လှုပ်ရှားမှုမှန်သမျှ တစ်ခုမျှ အလွတ်မပေးဘဲ သတိကပ်လျက် **စေ့စေ့စပ်စပ်** ရှုမှတ်ရမည်။ **အချုပ်အား**ဖြင့် လှုပ်ရှားမှုမှန်သမျှကို သတိစိုက်၍ ရှုမှတ်နေရမည် ဖြစ်သည်။

ထိုသို့ လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုထ်များ၌ ရုပ်နာမ် သဘာဝတို့၏ အဆင့်ဆင့် ပေါ်လိုက် ပျောက်လိုက်ဖြင့် ဖြစ်ပျက်နေခြင်းများကို ရှင်းလင်းစွာသိနေခြင်းသည် ရုပ်အပေါင်း(ကာယ) ၌ ဖြစ်မှု ပျက်မှုများကို အဖန်ဖန် အထပ်ထပ် ရှုမှတ်၍နေခြင်းပင် ဖြစ်ပေသည်။

ဝေဒနာနုပဿနာသတိပဋ္ဌာန် ရှုမှတ်ပွားများပုံ

သုခဝေဒနာကို ရှုမှတ်ခြင်း

ရှုမှတ်ပွားများနေစဉ် လင်ယောကျ်ား၊ ဇနီးမယား၊ သမီး၊ သား၊ အဝတ်တန်ဆာ၊ စားသောက်ဖွယ်ရာ၊ အိမ်ရာ၊ ခြံမြေ၊ ရွှေ၊ ငွေ၊ ရတနာ အစရှိသော ဝတ္ထုအာရုံကာမဂုဏ်တို့နှင့် ပြည့်စုံခြင်းကို အောက်မေ့နှလုံးသွင်းမိကာ ဝမ်းသာမှုဖြစ်လာလျှင်လည်း ဝမ်းသာသည်၊ ဝမ်းသာသည် ဟု ရှုမှတ်ပွားများရမည်။ သမထဝိပဿနာနှင့် စပ်လျဉ်း၍ဖြစ်ပေါ်သော ချမ်းသာမှု၊ ဝမ်းမြောက်မှု ပေါ်လာတတ်သည်၊ ထိုအခါတွင်လည်း ဝမ်းသာသည်၊ ဝမ်းသာသည် ဟု ရှုမှတ်ပွားများရမည်။

ဒုက္ခဝေဒနာကို ရှုမှတ်ခြင်း

ရှေ့၌ ဖေါ်ပြခဲ့သည့်အတိုင်း ဖြစ်ပေါ်ဆဲကိုယ်အမူအရာမှန်သမျှကို ဖြစ်ပေါ်ခိုက်၊ လှုပ်ရှားခိုက်တိုင်း၌ သတိအစဉ်လိုက်၍ စူးစူးစိုက်စိုက် ရှုမှတ်နေစဉ် ညောင်းမှု၊ နာကျင်မှု၊ ကိုက်ခဲမှု အစရှိသော ဒုက္ခဝေဒနာတစ်မျိုးမျိုး ပေါ်လာလျှင် ဝေဒနာကို သတိစိုက်လျက် "ညောင်းသည်၊ ပူသည်၊ နာကျင်သည်၊ ကိုက်ခဲသည်" ဟု ရှုမှတ်ပွားများရမည်။ ထို့ပြင် အားထုတ်နေစဉ်အတွင်း စိတ်မချမ်းသာမှု၊

စိတ်ညစ်မှု၊ ပူပန်မှု၊ ကြောင့်ကြမှု၊ ဝမ်းနည်းပူဆွေးမှု၊ ကြောက်ရွံ့စိုးရိမ်မှု အစရှိသော ခံစားမှု(ဝေဒနာ) များ ပေါ်လာလျှင်လည်း "စိတ်မချမ်းသာဘူး၊ စိတ်ညစ်သည်၊ ပူပန်သည်၊ ကြောင့်ကြသည်၊ ဝမ်းနည်းသည်၊ ပူဆွေးသည်၊ ကြောက်ရွံ့စိုးရိမ်သည်" ဟု ရှုမှတ်ပွားများ ရမည်။

မိမိအလိုရှိသော ဝတ္ထုအာရုံ ကာမဂုဏ်တို့နှင့် မပြည့်စုံမှု၊ လတ်တလောတွင် ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့နေရမှု၊ ယခင်က ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့ခဲ့ရမှု အစရှိသည်တို့ကို စဉ်းစားမိကာ ဝမ်းနည်းခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်ညစ်ခြင်းများ ဖြစ်ပေါ်လာလျှင်လည်း "ဝမ်းနည်းသည်၊ နှလုံးမသာယာဘူး၊ စိတ်ညစ်သည်" ဟု ရှုမှတ်နေရမည်။ ထို့အတူ "မင်္ဂိုလ်တရားထူးကို မည်သည့်အခါတွင် ရပါလိမ့်မည်နည်း၊ ဤဘဝ၌ ရနိုင်မည်မထင်ပါဘူး၊ ရမှာမဟုတ်တော့ပါဘူး" စသည်ဖြင့် မိမိ၏ အားထုတ် မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပွားလျှင်လည်း "စိုးရိမ်သည်၊ ပူပန်သည်"ဟု ရှုမှတ်ရမည်။

ရှုမှတ်ပွားများမှုအတွက် သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့သာ ရှုမှတ်ရန် ထင်ရှားသိသာ၏။ ဥပေက္ခာ ဝေဒနာကား လက်တွေ့ အားထုတ်ကာစပုဂ္ဂိုလ်အတွက် သုခ၊ ဒုက္ခတို့ကဲ့သို့ မထင်ရှား မသိသာ၊ အသိခက်လှ၏။ သို့ဖြစ်၍ ဤ၌ ဥပေက္ခာ ဝေဒနာ ရှုမှတ်ပုံကို မပြတော့ပါ။

ဤသို့ ခံစားမှု (ဝေဒနာ)များကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း ထို ဝေဒနာတို့၏ ဖျပ်ကနဲ ပေါ်၍ ရိပ်ကနဲ ကုန်ဆုံး ပျောက်ပျက်သွားခြင်းကို ရှင်းလင်းစွာ သိနေခြင်း သည်။ ခံစားမှု (ဝေဒနာ)၏ ဖြစ်မှု ပျက်မှုတို့ကို ရှုမှတ်၍ နေခြင်းပင် ဖြစ်သည်။

စိတ္တာနုပဿနာသတိပဋ္ဌာန် ရှုမှတ်ပွားများပုံ

ကိုယ်အမူအရာ လှုပ်ရှားမှုတို့ကို နေစဉ်မှာပင် ဟိုဟိုသည်သည် စိတ်ကူးမှုများ ဖြစ်ပေါ်လာလျှင်လည်း "စိတ်ကူးသည်၊ ကြံသည်၊ သိသည်" အစရှိသည်ဖြင့် ရှုမှတ်ရမည်။ အချုပ်အားဖြင့် မည်သည့်စိတ်ဖြစ်ပေါ်သည်ဖြစ်စေ၊ ထိုဖြစ်ပေါ်လာသည့် စိတ်မှန်သမျှကို ဖြစ်ခိုက် ဖြစ်ခိုက်၌ သတိစိုက်၍ ရှုမှတ်နေရမည်ဖြစ်သည်။

တစ်စုံတစ်ခုကို လိုချင်စိတ်၊ သာယာစိတ်၊ နှစ်သက်စိတ် (သရာဂစိတ်) ဖြစ်ပေါ်လာလျှင်လည်း"လိုချင်သည်၊ သာယာသည်၊ နှစ်သက်သည်"ဟု ရှုမှတ်ရမည်။ ထိုစိတ် (သရာဂစိတ်)များ ပျောက်ကင်းငြိမ်းအေးသွားပြီး ကြည်လင်သန့်ရှင်းသော

စိတ် (ဝိတရာဂစိတ်) များး တဖွားဖွား ဖြစ်ပေါ်လာလျှင်လည်း ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း "ကြည်လင်သည်၊ သန့်ရှင်းသည်" ဟု ရှုမှတ်ရမည်။

တစ်ဖန် စိတ်ပျက်၊ စိတ်ဆိုး၊ မုန်းငြိုးစိတ်၊ ညှင်းဆဲလို သေစေလိုသော (သဒေါသ)စိတ်များး ဖြစ်ပေါ်လာလျှင်လည်း "စိတ်ပျက်သည်၊ စိတ်ဆိုးသည်၊ မုန်းသည်၊ ငြိုးသည်၊ ညှင်းဆဲလိုသည်၊ သေစေလိုသည်" ဟုလည်းကောင်း၊ ထို မကောင်းစိတ်များး ငြိမ်းအေးပြီး ကြည်လင်သော (ဝိတဒေါသ)စိတ် ဖြစ်ပေါ်လာပါကလည်း "စိတ်ကြည်သည်" ဟုလည်းကောင်း ရှုမှတ်ရမည်။

ထို့ပြင် ယုံမှားစိတ်၊ တွေဝေ (သမောဟ) စိတ်များး ဖြစ်ပေါ်လာလျှင်လည်း "ယုံမှားသည်၊ တွေဝေသည်"ဟုလည်းကောင်း၊ ထိုယုံမှားတွေဝေစိတ်များး ငြိမ်းအေးသွားပြီး ကြည်လင်သော (ဝိတမောဟ) စိတ်များး ဖြစ်ပွားသောအခါတွင်လည်း "ကြည်လင်သည်" ဟုလည်းကောင်း ရှုမှတ်ရမည်။

သည်သာမကသေး ပျင်းရိတွန့်ဆုတ်သော (သံဒိတ္ထ) စိတ်၊ ပျံ့လွင့်သော (ဝိက္ခိတ္ထ) စိတ်၊ တည်ကြည်သော (သမာဟိတ) စိတ်၊ မတည်ကြည်သော (အသမာဟိတ) စိတ်၊ ရှုမှတ်စဉ် ကိလေသာမှ တဒင်္ဂလွတ်မြောက်မှု (ဝိမုတ္တ) စိတ်၊ **မရှုမှတ်ဘဲ ထိုထိုဤဤ ကြုံစည်စဉ်းစားသော (အဝိမုတ္တ) စိတ်များး ဖြစ်ပွားလျှင်လည်း ထိုစိတ်များးဖြစ်ခိုက်၌ ဖြစ်ပေါ်လာသည့်အတိုင်း** ရှုမှတ်ရမည်။

ဤသို့ ရှုမှတ်ပွားများးနေစဉ် ဖြစ်ပေါ်နေသောစိတ်တို့သည် ဖျပ်ကနဲပေါ်လာ၍ ရိပ်ကနဲကုန်ပျောက်ပျက်စီးသွားခြင်းကို ရှင်းလင်းစွာ သိနေခြင်းသည် သိမှုစိတ်၏ ဖြစ်မှု ပျက်မှုတို့ကို ရှုမှတ်၍နေခြင်းပင်ဖြစ်သည်။

ဓမ္မာနုပဿနာသတိပဋ္ဌာန် ရှုမှတ်ပွားများးပုံ

နီဝရဏာကို မှတ်သိခြင်း

ဝတ္ထုအာရုံ ကာမဂုဏ်ကို လိုချင်တောင့်တမှု၊ သာယာနှစ်သက်မှု၊ တပ်မက်ချစ်ခင်မှု(ကာမစ္ဆန္ဒနီဝရဏာ) ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်ခိုက်၌ "လိုချင်တောင့်တသည်၊ သာယာနှစ်သက်သည်၊ တပ်မက်ချစ်ခင်သည်"ဟု ရှုမှတ်၍သိရမည်။ ထို့ပြင် စိတ်ဆိုးမှု၊ စိတ်ပျက်မှု၊ မုန်းမှု၊ ညှင်းဆဲလိုမှု၊ သေကျေပျက်စီးစေလိုမှု(ဗျာပါဒနီဝရဏာ)၊ ထိုင်းမိုင်းမှု၊ ပျင်းရိမှု၊ အားလျော့မှု(ထိနမိဒ္ဓနီဝရဏာ)၊ စိတ်ပျံ့လွင့်မှု၊ နောင်တပူပန်မှု(ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏာ)၊ တရားအားလုံးကို သိမြင်သည့် မြတ်စွာဘုရား၊ မဂ်ဖိုလ် နိဗ္ဗာန်တရားနှင့် ထိုမဂ် ဖိုလ် နိဗ္ဗာန်ကိုရသည့် သံဃာဆိုသည်မှာ ရှိမှ ရှိ၏လော၊

အကြောင်းတရားကြောင့် အကျိုးတရားဖြစ်မှုမျှသာရှိ၏၊ ပုဂ္ဂိုလ် သတ္တဝါ ငါကောင် သူကောင်မရှိဆိုသည်မှာ ဟုတ်မှ ဟုတ်ပါ၏လော၊ အစရှိသည်ဖြင့် ယုံမှားတွေးတောမှု (ဝိစိကိစ္ဆာနီဝရဏ) များ ဖြစ်ပေါ်လာတိုင်းလည်း ဖြစ်ပေါ်ခိုက်၌ "ထိုတရားဆိုးများ ဖြစ်နေသည်"ဟု ရှုမှတ်၍ သိနေရမည်၊ ထိုကာမစ္ဆန္ဒ အစရှိသော တရားဆိုးများ ငြိမ်းအေးသွားသည့်အခါတွင်လည်း "ကာမစ္ဆန္ဒ စသည်တို့. မရှိကြတော့ပြီ" ဟု သိနေရမည်။

ခန္ဓာငါးပါးကို မှတ်သိခြင်း

မြင်ဆဲခဏ၌ မြင်သည်ဟုရှုမှတ်သူသည် မျက်စိကြည်လင်မှုနှင့် မြင်ရသည့် အဆင်း ရူပါရုံတို့.ကို ပဓာနပြု၍ သိသောအခါ ရူပက္ခန္ဓာကိုသိ၏၊ မြင်၍ ကောင်း မကောင်းတို့.ကို ပဓာနပြု၍ သိသောအခါ ဝေဒနာက္ခန္ဓာကိုသိ၏၊ မြင်ရသည့် အဆင်း ရူပါရုံ၌ မှတ်သားခြင်းသဘောကို သိသောအခါ သညာက္ခန္ဓာကိုသိ၏၊ စိတ်၌အဆင်း ရူပါရုံ၌ မှတ်သားခြင်းသဘောကို သိသောအခါ သညာက္ခန္ဓာကိုသိ၏၊ စိတ်၌ အဆင်း ရူပါရုံနှင့်တွေ့.ထိမှု(ဖဿ)၊ မြင်အောင် စေ့ဆော်တိုက်တွန်းမှု (စေတနာ)၊ သာယာ နှစ်သက်မှု (လောဘ)၊ ကြည်ညိုမှု(သဒ္ဓါ)၊ အစရှိသော သဘောတို့.ကို သိသောအခါ သခ်ါရက္ခန္ဓာကို သိမြင်၏၊ မြင်စိတ်ကို ပဓာနပြု၍ သိသောအခါ ဝိညာဏက္ခန္ဓာကို သိ၏၊ ဤသို့. ရုပ်သဘောမျှ၊ ဝေဒနာသဘောမျှ၊ စသည်ကို သိမှတ်နေရမည်။ ထို့.အတူ ကြားဆဲ၊ နာဆဲ၊ စားဆဲ၊ တွေ့.ထိဆဲခဏ အစရှိသည်တို့.၌လည်း ရှုမှတ်ပွားများ ရမည်။

ဤသို့. မြင်ဆဲခဏ စသည်တို့.၌ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မျက်စိအမြင် ကြည်လင်မှု၊ မြင်ရသည့်အဆင်း ရူပါရုံနှင့် ရွေ့.ရှားမှု အစရှိသော ရုပ်တရားတို့.ကား ရိပ်ကနဲပေါ်လာ၍ ဖျပ်ကနဲကွယ်ပျောက် ကုန်ဆုံးသွားကြသည်ဟု သိနေခြင်း၊ ချမ်းသာမှု၊ ဆင်းရဲမှု အစရှိသည်တို့.ကို ချမ်းသာသည်၊ ဆင်းရဲသည် ဟုမှတ်တိုင်း ထိုခံစားမှု (ဝေဒနာ) များသည် ဖြစ်ပေါ်လာပြီးနောက် ကုန်ဆုံးမှု (ဝယ) ကို သိပုံ မှာလည်း ပျောက်ပျက်သွားကြသည် ဟုသိနေခြင်း [သညာသခ်ါရတို့.၏ ဖြစ်မှု (ဥဒယ)၊ ကုန်ဆုံးမှု (ဝယ)ကို သိပုံမှာလည်း အတူတူပင်ဖြစ်၏။] မြင်ဆဲခဏ အစရှိသည်တို့.၌ "မြင်သည်၊ ကြားသည်၊ တွေးသည်" အစရှိသည်ဖြင့် ရှုမှတ်တိုင်း "မြင်စိတ် အစရှိသည် တို့.သည် ဖြစ်ပေါ်လာပြီးနောက် ကုန်ပျောက်ပျက်စီးသွားကြသည်"ဟု သိနေခြင်းတို့.သည် သဘောတရား(ဓမ္မ) ၏ ဖြစ်မှု၊ ပျက်မှုတို့.ကို ရှုမှတ်နေခြင်းပင် ဖြစ်သည်။

သတိပဋ္ဌာန်ရှုမှတ်ပွားများရခြင်း၏ အကျိုးကျေးဇူးများ

ဤသတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများသူသည်-

(၁) ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာ အညစ်အကြေးများ စင်ကြယ်ခြင်း၊

(၂) စိုးရိမ်ပူဆွေးမှု(သောက)၊ ငိုကြွေးမှု(ပရိဒေဝ)တို့.ကို လွန်မြောက်ခြင်း၊

(၃) ကိုယ်စိတ်နှစ်ပါးဆင်းရဲမှု မရှိခြင်း၊

(၄) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရှိခြင်း၊

(၅) နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း-

ဟူသော အကျိုးကျေးဇူးတို့.ကို ခံစားရမည်ဖြစ်သည်။

ဝိပဿနာဉာဏ် (၁၀) ပါးနှင့် ဝိသုဒ္ဓိ (၇) ပါး

ဝိပဿနာတရား ပွားများအားထုတ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကို ရရှိ၍ သံသရာလောကမှ လွတ်မြောက်ရေးပင် ဖြစ်သည်၊ ထိုရည်ရွယ်ချက်သို့. ရောက်ရှိရန် နည်းမှန်၊ လမ်းမှန်၊ အကျင့်မှန်ဖြင့် အားထုတ်ရမည် ဖြစ်သည်၊ နည်းလမ်းမမှန်ကန်ပါက လိုရာပန်းတိုင်သို့. ရောက်ရှိမည် မဟုတ်ချေ၊ ထိုသို့. နည်းမှန် လမ်းမှန်ဖြင့် စနစ်တကျ ကြိုးစားအားထုတ်ပါက ဝိပဿနာဉာဏ် (၁၀) ပါးနှင့် ဝိသုဒ္ဓိ (၇) ပါးတို့. အဆင့်ဆင့်ဖြစ်ပေါ်လာလိမ့်မည်၊ သို့ဖြစ်၍ ဝိပဿနာတရားပွားများအားထုတ်ရာ၌ လွန်စွာအရေးပါလှသည့် ဝိပဿနာဉာဏ်စဉ် (၁၀)ပါးနှင့် ဝိသုဒ္ဓိ (၇) ပါးတို့.ကို ဆက်လက်ဖော်ပြသွားမည် ဖြစ်သည်။

ဝိပဿနာဉာဏ် (၁၀) ပါး

ဝိပဿနာဉာဏ်ကား (၁၀)ပါးရှိသည်၊ ယင်းတို့.မှာ-

(၁) သမ္မသနဉာဏ်၊

(၂) ဥဒယဗ္ဗယဉာဏ်၊

(၃) ဘင်္ဂဉာဏ်၊

(၄) ဘယဉာဏ်၊

(၅) အာဒီနဝဉာဏ်၊

(၆) နိဗ္ဗိဒါဉာဏ်၊
(၇) မုစ္ဆိတုကမျတာဉာဏ်၊
(၈) ပဋိသင်္ခါဉာဏ်၊
(၉) သင်္ခါရုပေက္ခာဉာဏ်၊
(၁၀) အနုလောမဉာဏ်-

တို့ဖြစ်သည်။

သမ္မသနဉာဏ်

ထိုတွင် ရုပ်နာမ်တရားတို့ကို အနိစ္စ(မမြဲ)၊ ဒုက္ခ(ဆင်းရဲ)၊ အနတ္တ (အတ္တ မဟုတ်)ဟု ဆင်ခြင်သုံးသပ်တတ်သော ဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်သည်၊ ဤဉာဏ်ဖြစ်ပေါ်မှ ရုပ်နာမ်တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တလက္ခဏာသို့ (လက္ခဏာယာဉ် သုံးပါးသို့) တင်၍ ဆင်ခြင်သုံးသပ်နိုင်သည်။

ဤသမ္မသနဉာဏ်ဖြင့် သုံးသပ်နည်းသည် (၄) မျိုးရှိ၏၊ ယင်းတို့မှာ-

(၁) ကလာပသမ္မသနနည်း၊
(၂) အဒ္ဓါသမ္မသနနည်း၊
(၃) သန္တတိသမ္မသနနည်း၊
(၄) ခဏသမ္မသနနည်း-

တို့ဖြစ်သည်။

(၁) ကလာပသမ္မသနနည်း

ရုပ်နာမ်ခမ္မတို့ကို အတိတ်ဘဝကရုပ်နာမ်၊ အနာဂတ်ဘဝ၌ ဖြစ်မည့် ရုပ်နာမ်၊ ပစ္စုပ္ပန်ရုပ်နာမ် အစရှိသည်ဖြင့် မခွဲခြားဘဲ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို အပေါင်းအစုအားဖြင့် သုံးသပ်သော နည်းဖြစ်သည်။ သုံးသပ်ပုံမှာ- "ရုပ်ဟူသမျှ ကုန်ခန်းပျက်စီးခြင်းသဘောရှိသောကြောင့် မမြဲပါတကား၊ မမြဲသောကြောင့် ဆင်းရဲလှပါတကား၊ ဆင်းရဲသောကြောင့် မိမိအလိုသို့မလိုက် အစိုးမရ အနှစ်သာရလည်း မရှိပါတကား" ဟုဖြစ်လေသည်။ ဤနည်းတူ ကျန်ခန္ဓာလေးပါးကိုလည်း သုံးသပ်ရမည်။

(၂) အဒ္ဓါသမ္မသနနည်း

အတိတ်ဘဝက ရုပ်နာမ်ခန္ဓာ၊ အနာဂတ်ဘဝ ရုပ်နာမ်ခန္ဓာ စသည်ဖြင့် ဘဝကာလခွဲခြားရှု သုံးသပ်သော နည်းဖြစ်သည်။ သုံးသပ်ပုံမှာ- "အတိတ်ဘဝက ရုပ်ခန္ဓာသည် အတိတ်ဘဝ၌ပင် ချုပ်ပျောက်ခဲ့၏၊ ဤပစ္စုပ္ပန်ဘဝသို့ ရောက်မလာ၊ ထိုသို့ ကုန်ခန်းပျက်စီးခြင်းသဘောရှိသောကြောင့် မမြဲပါတကား၊ မမြဲသောကြောင့် ဆင်းရဲ၍ပါတကား၊ ဆင်းရဲသောကြောင့် မိမိအလိုသို့မလိုက် အစိုးမရ အနှစ်သာရ လည်းမရှိပါတကား" စသည်ဖြင့် ရုပ်နာမ်အစဉ်အမျိုးမျိုးခွဲခြားရှု၍ သုံးသပ်ရမည်။

(၃) သန္ဋတိသမ္မသနနည်း

ဘဝတစ်ခုတည်း၌ပင် အအေးရုပ်စဉ် အပူရုပ်စဉ် စသည်ဖြင့် ရုပ်စဉ် အမျိုးမျိုးခွဲခြားရှု သုံးသပ်သော နည်းဖြစ်သည်၊ သုံးသပ်ပုံမှာ- "အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့မရောက်ဘဲ ချုပ်ပျောက်၏၊ ထိုသို့ ကုန်ခန်းပျက်စီးခြင်း သဘောရှိသောကြောင့် မမြဲပါတကား၊ မမြဲသောကြောင့် ဆင်းရဲလှပါတကား၊ ဆင်းရဲ သောကြောင့် မိမိအလိုသို့မလိုက် အစိုးမရ အနှစ်သာရလည်း မရှိပါတကား" စသည်ဖြင့် ရုပ်နာမ်အစဉ် အမျိုးမျိုးခွဲခြားရှု၍ သုံးသပ်ရမည်။

(၄) ခဏသမ္မသနနည်း

အပူအအေးရုပ်အစဉ်တစ်ခုတည်းမှာပင် ဥပါဒ်၊ ဌိ၊ ဘင်ဟူသော ခဏငယ် သုံးချက်ဖြင့် ခွဲခြား၍သုံးသပ်သော နည်းဖြစ်သည်၊ ဥပါဒ်၊ ဌိ၊ ဘင် သုံးချက်ကို ခဏကြိုးတစ်ချက်ယူ၍ "အတိတ်ခဏ၌ဖြစ်သော ရုပ်နာမ်သည် ပစ္စုပ္ပန်ခဏသို့ မရောက်ဘဲ ချုပ်ပျောက်သွား၏၊ ထိုသို့ ချုပ်ပျောက် ပျက်စီးခြင်းသဘောရှိသော ကြောင့် မမြဲပါတကား၊ မမြဲသောကြောင့် ဆင်းရဲလှပါတကား၊ ဆင်းရဲသောကြောင့် မိမိအလိုသို့မလိုက် အစိုးမရ အနှစ်သာရလည်းမရှိပါတကား" စသည်ဖြင့် သုံးသပ်ရမည်။

ဖော်ပြခဲ့ပါ နည်းလေးမျိုးအနက် ကလာပသမ္မသနနည်းကား အလွယ်ဆုံး နည်းဖြစ်သည်၊ ကျန်သုံးနည်းကား အဆင့်ဆင့်သိမ်မွေ့နက်နဲ၏၊ ခဏသမ္မသနနည်း မှာ မြတ်စွာဘုရားရှင်မှတပါး အခြားပုဂ္ဂိုလ်တို့၏ဉာဏ်တွင် ထင်မြင်နိုင်ခဲ၏၊ သို့ဖြစ်၍ အလွယ်ဆုံးနည်းဖြင့် သုံးသပ်ဖန်များလာသောအခါမှသာ ကျန်နည်းများဖြင့် ဆင့်ဆင့်တက်၍ သုံးသပ်အပ်ပေသည်။

ဥဒယဗွယဉာဏ်

ရုပ်နာမ်သဒ္ဓါရတို့၏ ဖြစ်မှု ပျက်မှုကို သိမြင်သော ဉာဏ်ကို ဥဒယဗွယဉာဏ်ဟု ခေါ်သည်၊ သမ္မသနဉာဏ်ရင့်သန်၍ ဆက်လက်အားထုတ်သည့်အခါ ဤဉာဏ်ဖြစ်ပေါ်လာသည်။

ဖြစ်မှု ပျက်မှုကို ဆင်ခြင်ခြင်း

ရုပ်နာမ်သဒ္ဓါရတို့သည် မဖြစ်မီကပင် ကြိုတင်၍ စုဆောင်းထားရှိပြီးသည်မဟုတ်၊ ချုပ်ပြီးနောက် အခြားအရပ်တပါးသို့သွားရောက်လျက် စုပုံနေသည်မဟုတ်၊ ရုပ်နာမ်သဒ္ဓါရတို့သည် အကြောင်းတရားကြောင့် ရုတ်ကနဲဖြစ်ပေါ်လာပြီး ဖျတ်ကနဲချုပ်ပျောက်သွားကြ၏၊ ထို့ကြောင့် ဖြစ်လေသမျှရုပ်နာမ်သဒ္ဓါရဌ္ဌ အဟောင်းမရှိ၊ အသစ်ချည်းသာဖြစ်ကြလေ၏ဟု ဆင်ခြင်ပြီးနောက် "အဝိဇ္ဇာရှိခြင်းကြောင့် ရုပ်နာမ်သဒ္ဓါရဖြစ်ရသည်၊ အဝိဇ္ဇာအကြွင်းမဲ့ချုပ်လျှင် ရုပ်နာမ်သဒ္ဓါရတို့ ဖြစ်ကြတော့မည်မဟုတ်" စသည်ဖြင့် ရှုမှတ်ဆင်ခြင်သည့်အခါ ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုသဘောလက္ခဏာသည် လွန်စွာ ထင်မြင်လာမည် ဖြစ်သည်။

ထို့နောက် ရေကို တုတ်ဖြင့်ရေးခြစ်သောအခါ ရေ့ကခြစ်၊ နောက်ကပျက်သကဲ့သို့လည်းကောင်း၊ မိုးရွာသွန်းသောအခါ ရေအိုင်ထဲတွင် ပူပေါင်း (ရေပွက်) ကလေးများဖြစ်ပြီး ချက်ချင်း ပျောက်ပျက်သွားသကဲ့သို့ လည်းကောင်း ရုပ်နာမ်တရားတို့သည် ခုဖြစ် ခုပျက်ပါတကားဟု ရှုမြင်သောအခါ ဥဒယဗွယဉာဏ် ဖြစ်ပေါ်လာလေသည်။

ဘင်္ဂဉာဏ်

ရုပ်နာမ်တရားတို့၏ ဖြစ်မှုကို မမြင်တော့ဘဲ ပျက်မှုကိုသာ ရှုမြင်သော ဉာဏ်ကို ဘင်္ဂဉာဏ်ဟုခေါ်သည်၊ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်နှစ်မျိုးလုံးကို ဥဒယဗွယဉာဏ်ဖြင့် ရှုမှတ်ဖန်များလာသောအခါ ဖြစ်မှု ပျက်မှုတို့သည် လျင်မြန်လွန်းလှသဖြင့် ဖြစ်မှုကို မရှုမိတော့ဘဲ ပျက်မှုကိုသာ ရှုမြင်နေလေတော့သည်၊ ဥပမာမိုးရွာသွန်းနေစဉ် ရေအိုင်ထဲ၌ ပူပေါင်း (ရေပွက်) ကလေးများကို ကြည့်ရှုသည့်အခါ ဖြစ်သည်နှင့်မရွေးမနှောင်းမှာပင် ပျောက်ပျက်သွားသဖြင့် အဖြစ်ကို မမြင်ရတော့ဘဲ အပျက်ကိုချည်း မြင်ရသကဲ့သို့ ဖြစ်သည်။

ဘယညာဏ်

ရုပ်နာမ်သဒ္ဒါရတို့ကို ကြောက်မက်ဖွယ်ရာ ဘေးအဖြစ် ရှုမြင်တတ်သော ဉာဏ်ကို ဘယညာဏ်ဟုခေါ်သည်၊ ကြောက်ရွံ့ထိတ်လန့်တတ်သူသည် ခြင်္သေ့ သစ်ကျား သားရဲတိရစ္ဆာန်ပေါများသော တောတောင်အရပ်ဒေသကို မြင်တွေ့ရသောအခါ ဤအရပ်ကား ကြောက်စရာအရပ်ဒေသတည်းဟု မှတ်ယူ၏။ ထို့အတူ ရုပ်နာမ်တရားတို့၏ ပျက်ပြီးရင်း ပျက်နေသည်ကို ဘင်္ဂဉာဏ်ဖြင့် ရှုမြင်ပြီးသည့် အတွက် ဤရုပ်နာမ်တရားတို့သည် ရွေးရွေးဘဝများစွာ၌လည်း ပျက်ခဲ့ပေါင်းများလှပြီ၊ ယခုဘဝ၌လည်း ပျက်ပြီးရင်းပျက်၊ နောင်အနာဂတ်ဘဝတို့၌လည်း ဧကန်မုချ ပျက်ရလိမ့်ဦးမည်၊ ထို့ကြောင့် ဤရုပ်နာမ် တို့သည် ကြောက်စရာတို့ပါတကား ဟု ဉာဏ်၌ ထင်မြင်လာသည်၊ ဤသည်ကိုပင် ဘယညာဏ်ဖြစ်ပေါ်သည်ဟု ဆိုသည်။

အာဒီနဝညာဏ်၊ နိဗ္ဗိဒါညာဏ်၊ မုစ္စိတုကမျတာညာဏ်

ဘယညာဏ်ဖြင့် ရုပ်နာမ်တို့ကို ကြောက်မက်ဖွယ်ဘေးကြီးပါတကားဟု ရှုမြင်ပြီးနောက် ထိုရုပ်နာမ်သဒ္ဒါရတို့အပေါ် သာယာနှစ်သက်ဖွယ်အဖြစ် မမြင်တော့ဘဲ အပြစ်မြင်သော ဉာဏ်ကို အာဒီနဝညာဏ်ဟုခေါ်သည်။ ထို့နောက် အပြစ်မြင်ထားပြီးသော ရုပ်နာမ်သဒ္ဒါရတို့အပေါ်၌ ငြီးငွေ့ဖွယ်အဖြစ် ရှုမြင်သောဉာဏ်ပေါ်လာ၏၊ ထိုဉာဏ်ကို နိဗ္ဗိဒါဉာဏ်ဟုခေါ်၏၊ ယင်းသို့ ငြီးငွေ့လာပြီးနောက် ရုပ်နာမ်သဒ္ဒါရတို့မှ လွတ်လိုသောဉာဏ်ဖြစ်လာ၏၊ ထိုဉာဏ်ကို မုစ္စိတုကမျတာဉာဏ်ဟုခေါ်သည်။

ဘယညာဏ်ဖြစ်ပေါ်ပြီးနောက် ရုပ်နာမ်သဒ္ဒါရတို့အပေါ်၌ အပြစ်မြင်မှု (အာဒီနဝဉာဏ်)၊ အပြစ်မြင်လာလျှင် ထိုရုပ်နာမ်တို့အပေါ်၌ ငြီးငွေ့မှု (နိဗ္ဗိဒါဉာဏ်)၊ ထိုသို့ ငြီးငွေ့လာလျှင် ပိုက်ကွန်တွင်မိနေသော ငါးသည် ပိုက်ကွန်မှ လွတ်မြောက်လိုသကဲ့သို့ ရုပ်နာမ်သဒ္ဒါရတို့မှ လွတ်မြောက်လိုမှု (မုစ္စိတုကမျတာဉာဏ်)တို့ အဆင့်ဆင့် ဖြစ်ပေါ်လာမည်ဖြစ်သည်။

ပဋိသင်္ခါဉာဏ်

ရုပ်နာမ်သဒ္ဒါရတို့အပေါ်၌ အနိစ္စ ဒုက္ခ အနတ္တ ဟု ထင်မှတ်၍ ရှုမြင် သုံးသပ်သော ဉာဏ်ကို ပဋိသင်္ခါဉာဏ်ဟု ခေါ်သည်၊ ရှေ့မုစ္စိတုကမျတာဉာဏ် ဖြစ်ရုံမျှဖြင့်

ရုပ်နာမ်သဒ္ဒါရတို့မှ လွတ်မြောက်သေးသည် မဟုတ်၊ လွတ်မြောက်လိုရုံမျှသာ ရှိသေး၏၊ ဤပဋိသန္ဓိဉာဏ်ဖြင့် ရုပ်နာမ်သဒ္ဒါရတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု တစ်ဖန်ထပ်၍ ရှုရသေးသည်။

သဒ္ဒါရုပေက္ခာဉာဏ်

ပဋိသန္ဓိဉာဏ်ဖြင့် ရုပ်နာမ်သဒ္ဒါရတရား‌တို့ကို ထပ်မံရှုပြီးနောက် ထိုရုပ်နာမ်သဒ္ဒါရတို့၌ လျစ်လျူရှုနိုင်သော ဉာဏ်ကို သဒ္ဒါရုပေက္ခာဉာဏ်ဟုခေါ်သည်၊ ဤ၌ လျစ်လျူရှုခြင်းဆိုသည်မှာ ရုပ်နာမ်သဒ္ဒါရတို့ကို အာရုံမပြုဘဲနေခြင်းမျိုးမဟုတ်၊ ထိုရုပ်နာမ်သဒ္ဒါရတို့အပေါ်၌ သာယာနှစ်သက်ဖွယ်၊ ကြောက်ရွံ့ဖွယ်ဟု မမြင်တော့ဘဲ အနိစ္စ ဒုက္ခ အနတ္တ ဟုသာ ရှုမြင်ဆင်ခြင်နေခြင်း ဖြစ်သည်။

အနုလောမဉာဏ်

ရှေ့တွင် ပြဆိုခဲ့ပြီးသော ဥဒယဗ္ဗယဉာဏ်မှ သဒ္ဒါရုပေက္ခာဉာဏ်တိုင်အောင် ဉာဏ် (၈) ပါးနှင့် ရလတ္တံ့ဖြစ်သော ဗောဓိပက္ခိယတရား‌တို့အား လျော်သော ဉာဏ်ကို အနုလောမဉာဏ်ဟုခေါ်သည်၊ ဤဉာဏ်မှတစ်ဆင့်တက်လျှင် ဇကန်မုချ မဂ် ဖိုလ်ကို ရတော့မည် ဖြစ်သည်၊ အနုလောမဉာဏ်၏ တရားကိုယ်မှာ မဂ်စိတ်အစဉ်(မဂ္ဂဝီထိ)ဖြစ်ရာတွင် ပါဝင်သော ပရိကံ ဥပစာ အနုလုံကိစ္စကပ်သော ဉာဏ်ပင် ဖြစ်သည်။

အနုလောမဉာဏ် စသည် ဖြစ်ပေါ်ပုံ

သဒ္ဒါရုပေက္ခာဉာဏ်ဖြင့် ရုပ်နာမ်သဒ္ဒါရတို့အပေါ်၌ လျစ်လျူရှု၍ အနိစ္စ ဒုက္ခ အနတ္တဟု ရှုဆင်ခြင်ဖန်များလာသောအခါ ရုပ်နာမ်သဒ္ဒါရတို့မှ လွတ်ကင်းရာ နိဗ္ဗာန်ကိုသာ စိတ်ညွှတ်လျက် ရှာဖွေနေတော့၏၊ ထိုသို့ နိဗ္ဗာန်ကို ရှာဖွေရင်း ရုပ်နာမ်သဒ္ဒါရတို့ကို အာရုံပြုနေရသေးသည်၊ နိဗ္ဗာန်ကို မမြင်သေးသမျှ သဒ္ဒါရတို့ကိုပင် ဆက်လက် အာရုံပြုနေရသည်၊ နိဗ္ဗာန်ကို မြင်ကာနီးအချိန်တွင်မူ ပရိကံ ဥပစာ အနုလုံဟု အနုလောမဉာဏ်ပေါ်လာသည်၊ ထို့နောက် နိဗ္ဗာန်ကိုအာရုံပြုလျက် ဂေါတြဘုစိတ်ဖြစ်ပေါ်ကာ မဂ်ဖိုလ်အထိ ဆိုက်ရောက်လေတော့သည်။

ဝိသုဒ္ဓိ (၇) ပါး

ဝိသုဒ္ဓိ (စင်ကြယ်မှု) ကား (၇) မျိုးရှိသည်၊ ယင်းတို့မှာ-
(၁) သီလဝိသုဒ္ဓိ
(၂) စိတ္တဝိသုဒ္ဓိ
(၃) ကင်္ခါဝိတရဏဝိသုဒ္ဓိ
(၄) ဒိဋ္ဌိဝိသုဒ္ဓိ
(၅) မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ
(၆) ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ
(၇) ညာဏဒဿနဝိသုဒ္ဓိ
တို့ဖြစ်သည်။

(၁) သီလဝိသုဒ္ဓိ

သီလဝိသုဒ္ဓိနှင့်စပ်လျဉ်း၍ ရဟန်းတော်တို့၏သီလဝိသုဒ္ဓိနှင့် လူတို့၏ သီလဝိသုဒ္ဓိဟု နှစ်မျိုး နှစ်စား ခွဲခြားမှတ်သားအပ်ပါသည်။ ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိဆိုသည်မှာ အချုပ်အားဖြင့် ဝိနည်းသိက္ခာပုဒ်များကို လုံခြုံအောင် စောင့်ထိန်းခြင်း (ပါတိမောက္ခသံဝရသီလ)၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဣန္ဒြေ (၆) ပါးကို လုံခြုံအောင်ထိန်းသိမ်းခြင်း(ဣန္ဒြေယသံဝရသီလ)၊ ဆွမ်း သင်္ကန်း ကျောင်းဆေး ပစ္စည်း လေးပါးကို တရားသဖြင့် ရှာမှီးခြင်း (အာဇီဝပါရိသုဒ္ဓိသီလ)နှင့် ထိုပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဉာဏ်ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်း (ပစ္စယသန္နိဿိတသီလ)တို့ ဖြစ်သည်။ ဤ၌ ဝိနည်းဆိုင်ရာ သိက္ခာပုဒ်များ စင်ကြယ်ရန် သဒ္ဓါ (ယုံကြည်မှု) သည် အဓိကဖြစ်သည်။ ဣန္ဒြေ (၆) ပါး လုံခြုံရန် အတွက်မှာ သတိဖြင့် စောင့်ထိန်းရမည် ဖြစ်သည်။ အသက်မွေးမှု စင်ကြယ်ရန် အတွက် လုံ့လဝီရိယထုတ်၍ တရားသဖြင့် ရှာမှီးရမည်ဖြစ်သည်။ ပစ္စည်းလေးပါး သုံးဆောင်ရာတွင် ဉာဏ်ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်မှ သီလစင်ကြယ်မည် ဖြစ်သည်။ ဤသို့ သီလ လေးပါး စင်ကြယ်ခြင်းကို ရဟန်းတို့၏ သီလဝိသုဒ္ဓိဟု ခေါ်သည်။

လူတို့အတွက် သီလဝိသုဒ္ဓိ (သီလစင်ကြယ်ရေး)မှာ ငါးပါးသီလကိုဖြစ်စေ၊ အာဇီဝဋ္ဌမကသီလကို ဖြစ်စေ လုံခြုံအောင် စောင့်ထိန်းရမည်ဖြစ်သည်။ အဆိုပါ သီလများကို လုံခြုံစေခြင်းဖြင့် ကာယဒုစရိုက် (ပါဏာတိပါတ၊ အဒိန္နာဒါန၊

ကာမေသုမိစ္ဆာစာရ) ဝစီဒုစရိုက် (မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊သမ္ဖပ္ပလာပ) တို့မှ ရှောင်ကြဉ်ပြီး ဖြစ်လေသည်။ သုရာပါနကား ကာမဂုဏ်၌ မှားယွင်းမှု အဖြစ်တူသောကြောင့် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်၌ အကျုံးဝင်သည်။ ထိုသို့ အစဉ်သဖြင့် ကာယဒုစရိုက်တို့မှ ရှောင်ကြဉ်လျှင် မိစ္ဆာဇီဝ (ယုတ်မာသော အသက်မွေးမှု) မှလည်း ရှောင်ကြဉ်ပြီး ဖြစ်တော့သည်။

(၂) စိတ္တဝိသုဒ္ဓိ

စိတ္တဝိသုဒ္ဓိ ဟူသည်မှာ စိတ်ဝင်ကြွယ်မှုပင်ဖြစ်သည်။ ဤ၌ စိတ်ကို အဓိကထား၍ စိတ္တဝိသုဒ္ဓိဟု ဆိုခြင်းဖြစ်သည်။ စင်စစ် သမထဝိပဿနာ အားထုတ်ရာ၌ စူးစိုက်တည်ကြည်သော သမာဓိကိုသာ မုချအားဖြင့် စိတ္တဝိသုဒ္ဓိဟု ခေါ်ရပေသည်။ စိတ္တဝိသုဒ္ဓိ အမည်ရသော သမာဓိသည်-

(၁) ဥပစာရသမာဓိ
(၂) အပ္ပနာသမာဓိ
(၃) ခဏိကသမာဓိ -

ဟူ၍ သုံးမျိုးရှိလေသည်။

ထိုသုံးမျိုးအနက် သမထ ဝိပဿနာ အားထုတ် သူတို့အား ရှုမှတ်အားထုတ်နေစဉ်အတွင်း နီဝရဏတို့မှ ကင်းစေသောအခါ ပဋိဘာဂ နိမိတ်ကိုဖြစ်စေ၊ ဘုရားဂုဏ်တော် စသည်ကိုဖြစ်စေ အာရုံပြုလျက် ဖြစ်ပေါ်လာသော ကာမာဝစရ သမာဓိသည် ဥပစာရသမာဓိ (စျာန်၏ အနီးဌ်ဖြစ်သော သမာဓိ) ဖြစ်ပေသည်။ စျာန်သမာပတ် (၈)ပါး၊ (၉)ပါးနှင့်ယှဉ်သော သမာဓိသည် အပ္ပနာ သမာဓိ (စျာန်သမာဓိ) ဖြစ်သည်။ ဝိပဿနာဘာဝနာ ရှုမှတ်သည့် အခိုက်အတန့်၌ စူးစိုက်တည်ကြည်စွာ ဖြစ်သော သမာဓိသည် ခဏိကသမာဓိဖြစ်သည်။

အချုပ်အားဖြင့် သမထဘာဝနာကို အားထုတ်၍ ဥပစာရအဆင့်သို့ ရောက်ရှိလျှင်ဖြစ်စေ၊ အပ္ပနာ (စျာန်)ကို ရရှိလျှင်ဖြစ်စေ နီဝရဏ တရားတို့မှ စင်ကြယ်ပြီးဖြစ်သောကြောင့် စိတ္တဝိသုဒ္ဓိ (စိတ်၏စင်ကြယ်မှု) ရရှိနေပြီ ဖြစ်သည်။ ဝိပဿနာဘာဝနာအားထုတ်သူအဖို့မူ အားထုတ်နေသည့်အခိုက်၌ စိတ္တဝိသုဒ္ဓိ (စိတ်စင်ကြယ်မှု) ရရှိနေပေသည်။

(၃) ဒိဋ္ဌိဝိသုဒ္ဓိ

ဒိဋ္ဌိဝိသုဒ္ဓိ(ဉာဏ်အမြင်စင်ကြယ်ခြင်း၊ အယူစင်ကြယ်ခြင်း)ဟူသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူ၍ အမြင်မှား အသိမှားမှုတို့ကို ပယ်ရှားလျက် လောကီရုပ်နာမ်ဓမ္မတို့ကို ဟုတ်တိုင်းမှန်စာ သိမြင်တတ်သော ဉာဏ်ပညာပင်တည်း။

ရုပ်တရားနာမ်တရားတို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တင်၍ ဆင်ခြင်လိုက်သည့်အခါ သိမှုကား စိတ်၊ ခံစားမှုကား ဝေဒနာ၊ မှတ်သားမှုကား သညာ၊ ပြုလုပ် အားထုတ်မှုကား သင်္ခါရ၊ ဖောက်ပြန်တတ်သော ခန္ဓာကိုယ်ကြီးကား ရုပ်တည်း၊ ဤ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့.မှတပါး အတ္တဟူသည်မရှိဟု သိမြင်လာ၏၊ ဤသို့ သိမြင်ခြင်းကိုပင် အတ္တ စွဲလမ်းမှု (အညစ်အကြေး)မှ ကင်းဝေး စင်ကြယ်သည့်အတွက် ဒိဋ္ဌိဝိသုဒ္ဓိ ဟုခေါ်ရပေသည်။

(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ

ကင်္ခါဝိတရဏဝိသုဒ္ဓိ ဟူသည် ဒိဋ္ဌိဝိသုဒ္ဓိဖြင့် စင်ကြယ်စွာ သိမြင်ပြီးသော ရုပ်နာမ်ဓမ္မတို့၏ အကြောင်းတရားများကို သိမ်းဆည်းစဉ်းစားလျက် ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလသုံးပါးတို့၌ ယုံမှားသံသယမရှိသော ဉာဏ်ပင်ဖြစ်သည်။

နာမ်ရုပ်တို့၏ အကြောင်းတရားများကို သိမ်းဆည်းရာ၌ အောက်ပါအတိုင်း ပဋိစ္စသမုပ္ပါဒ်ပဋိလုံနည်း၊ ပဋိစ္စသမုပ္ပါဒ်အနုလုံနည်းတို့ဖြင့် သိမ်းဆည်းနိုင်သည်။ ထိုနည်းများကား ရုပ်နာမ်တရားတို့၏ အကြောင်းကို သိမ်းဆည်းရာ၌ လွယ်ကူသော နည်းများဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ် ပဋိလုံနည်းဖြင့် သိမ်းဆည်းပုံ

နာမ်ရုပ် (သင်္ခါရ) တို့၏ အိုမင်းရင့်ရော်ခြင်း၊ သေပျောက်ပျက်စီးခြင်းတို့ကို ရှုမြင်ကာ ဤနာမ်ရုပ် (သင်္ခါရ) တို့၏ အိုမင်းရင့်ရော်ခြင်း၊ သေပျောက်ပျက်စီးခြင်း သဘောကား ပဋိသန္ဓေနေမှု(ဇာတိ)ကြောင့်ဖြစ်၏ (ဘဝအသစ်ရရှိခြင်းကြောင့်ဖြစ်၏)။ ထိုဘဝအသစ်ရရှိခြင်းမှာလည်း ကံ၏စီမံမှု(ကမ္မဘဝ)ကြောင့်ဖြစ်၏၊

ထိုကမ္မဘဝကား စွဲလမ်းမှု(ဥပါဒါန်)ကြောင့်ဖြစ်၏၊ ထိုဥပါဒါန်ကား တဏှာကြောင့်ဖြစ်၏ အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ပဋိလုံနည်းအတိုင်း သိမ်းဆည်းရမည်။

ပဋိစ္စသမုပ္ပါဒ် အနုလုံနည်းဖြင့် သိမ်းဆည်းခြင်း

၁၈၇

အဆိုပါနာမ်ရုပ်တို့၏အကြောင်းကို အောက်ပါအတိုင်း ပဋိစ္စသမုပ္ပါဒ် အနုလုံနည်းဖြင့်လည်း သိမ်းဆည်းနိုင်ပေသည်။ သိမ်းဆည်းပုံမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ သင်္ခါရကြောင့် ပဋိသန္ဓေ (ဝိညာဉ်) ဖြစ်၏ အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဆုံးသည်အထိ အနုလုံအားဖြင့် သိမ်းဆည်းရမည်။

ဖော်ပြခဲ့ပါအတိုင်း နာမ်ရုပ်တို့၏အကြောင်းများကို ပိုင်နိုင်စွာ သိမ်းဆည်းရှုမြင်သူသည် ငါသည် အတိတ်ကာလ၌ဖြစ်ခဲ့ဖူးလေသလား၊ မဖြစ်ခဲ့ဖူးလော၊ ဘယ်ပုံဘယ်နည်းဖြစ်ခဲ့လေသနည်း အစရှိသော ယုံမှားသံသယတို့ကို ပယ်ခွာနိုင်မည်ဖြစ်သည်။

ဤသို့ နည်းအမျိုးမျိုးတို့ဖြင့် နာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်းလျက် ပစ္စုပ္ပန် အတိတ် အနာဂတ်ကာလတို့၌ ယုံမှားမှုမှန်သမျှကို လွန်မြောက်၍ တည်ရှိသော ဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိ ဟုခေါ်သည်။ ထို့အပြင် ဤဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ် - နာမ်ရုပ်တို့၏ တည်ရာအကြောင်းကို သိသောဉာဏ်၊ ယထာဘူတဉာဏ် - ဟုတ်တိုင်းမှန်စွာသိသောဉာဏ်၊ သမ္မာဒဿန - မှန်သော ဉာဏ်အမြင် ဟုလည်းခေါ်သည်။

ဤကင်္ခါဝိတရဏဝိသုဒ္ဓိအဆင့်သို့ရောက်သူသည် ပစ္စုပ္ပန်၌ မဂ်ဖိုလ် တရားထူးများကိုရရှိရန် မျှော်လင့်ချက်ထားနိုင်ပြီး တမလွန်အတွက် သုဂတိဘဝသို့ရောက်ရန် သေချာနေပြီ ဖြစ်သည်။ သောတာပန်အစစ် လောကီ ဒိဋ္ဌိဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့မပယ်နိုင်သေးသော်လည်း ထိုတရားများ အဖြစ်နည်းနေပြီဖြစ်သည်။ ထို့ကြောင့် ဤကင်္ခါဝိတရဏဝိသုဒ္ဓိ အဆင့်သို့ ရောက်သူကို စူဠသောတာပန် (သောတာပန်အငယ်စား)ဟု ကျမ်းဂန်၌ မိန့်ဆိုထားသည်။ သို့ဖြစ်၍ ဝိပဿနာအားထုတ်သူများသည် အနည်းဆုံး ဤကင်္ခါဝိတရဏဝိသုဒ္ဓိ (စူဠသောတာပန်) အဆင့်သို့ရောက်အောင် အားထုတ်သင့်လှပေသည်။

(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ဝိပဿနာဘာဝနာကို အားထုတ်နေသူသည် ရုပ်နာမ်တို့၏ဖြစ်မှု ပျက်မှု (ဥဒယဗ္ဗယ) ကို ဉာဏ်စက္ခုဖြင့် သိမြင်လာသည့်အခါ တရားအားထုတ်နေစဉ်မှာပင် ခန္ဓာကိုယ်မှ ဝင်းဝင်းဝါဝါအရောင်အလင်း(သြဘာသ) စသည်တို့ ဖြစ်ပေါ်လေ့ရှိသည်။ ထိုအရောင်အလင်းအစရှိသည်တို့ကား ဝိပဿနာညစ်ညူးကြောင်း ဘေးရန်များဖြစ်၏၊ မဂ်ဖိုလ်ရကြောင်းလမ်းမှန်မဟုတ်၊ အားထုတ်မြဲ ဝိပဿနာလမ်းစဉ်သည်သာ မဂ်ဖိုလ်ရကြောင်း နည်းကောင်း လမ်းမှန်ဖြစ်၏ဟု လမ်းမှန်ဟုတ်-မဟုတ်ကို ပိုင်းခြားသိမြင်လျက် တည်ရှိသောဉာဏ် ဖြစ်သည်။

ရှေးဦးပြဆိုခဲ့သော ဝိသုဒ္ဓိလေးပါးအခိုက်၌ အနိစ္စ- ဒုက္ခ- အနတ္တ ဟူသကဲ့သာယာဉ်တင်၍ ရှုမှတ်သည့်အဆင့်သို့ မရောက်ရှိသေးပေ။ သီလစင်ကြယ်မှု၊ စိတ်စင်ကြယ်မှု၊ ရုပ်နာမ်တို့ကို ပိုင်းခြား၍ သိမှု၊ ရုပ်နာမ်တို့၏အကြောင်းရင်းကို ရှာဖွေမှုတို့ကိုသာ ပြုခဲ့၏။ ဤမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ချိန်၌မူ ထိုရုပ်နာမ်ဓမ္မတို့ကို လက္ခဏာယာဉ်တင်၍ ရှုမြင်သုံးသပ်နေပြီ ဖြစ်သည်။

(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

မဂ္ဂါဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဆင့်သို့ ရောက်ပြီးသူသည် သြဘာသ အစရှိသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်တို့မှ ရှင်းရှင်းကြီး လွတ်မြောက်ပြီးသောအခါ လက္ခဏာသုံးပါး ထင်ရှားစေရန် ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှု (ဥဒယဗ္ဗယ) ကို ရှုမှတ်၍ ဥဒယဗ္ဗယဉာဏ် ရင့်သန်အောင် အားထုတ်ရသည်။ ထိုဥဒယဗ္ဗယဉာဏ်မှစ၍ နောက်၌ ဆက်လက်ဖြစ်ပေါ်လာသော ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်အထိ ဉာဏ်စဉ် (၉) ပါးသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်သည်။ မဂ်ဖိုလ်ရကြောင်း အကျင့်ဖြစ်သော စင်ကြယ်သော အသိအမြင် (ဉာဏ်)ဟု ဆိုလိုသည်။

(၇) ဉာဏဒဿနဝိသုဒ္ဓိ

ရှေ့တွင်ဖော်ပြခဲ့သော ဝိသုဒ္ဓိ (၆) ပါးတို့ဖြင့် အဆင့်ဆင့်တက်၍ ရရှိဖြစ်ပေါ်လာသော မဂ်ဉာဏ်လေးပါကိုပင် သစ္စာလေးပါးကိုသိခြင်း၊ မျက်စိဖြင့် မြင်ရသကဲ့သို့ တိုက်ရိုက်မြင်ခြင်း၊ ကိလေသာတို့မှ ကင်းဝေးစင်ကြယ်ခြင်းတို့ကြောင့် ဉာဏဒဿန

ဝိသုဒ္ဓိဟု ခေါ်သည်။ ဤ ဉာဏဒဿနဝိသုဒ္ဓိအဆင့်သို့ ရောက်လျှင် အရိယာအစစ် ဖြစ်နေပြီဟု ဆိုလိုသည်။

ဤဝိသုဒ္ဓိ (၇) ပါးအနက် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ (၂) ပါးသည် ဝိပဿနာ အားဆုတ်မှုအတွက် အခြေခံဖြစ်၍ လွန်စွာ အရေးကြီးပေသည်။ ထို ဝိသုဒ္ဓိ (၂)ပါး မစင်ကြယ်ပါက အထက်ဝိသုဒ္ဓိများ စင်ကြယ်နိုင်မည်မဟုတ်၊ ထို့ကြောင့် အခြေခံ ဖြစ်သည့် သီလနှင့် စိတ် (သမာဓိ) စင်ကြယ်စေရန် ကြိုးစားအားထုတ်ဖို့ လိုအပ်ပေသည်။

ဝိပဿနာဉာဏ် (၁၀) ပါးနှင့် ဝိသုဒ္ဓိ (၇) ပါး ဆက်စပ်ပုံ

ဝိသုဒ္ဓိ (၇) ပါးအနက် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ လေးပါး အခိုက်၌ ရုပ်နာမ်သင်္ခါရတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာယာဉ်တင်၍ မသုံးသပ်ရသေးပေ။ ထို့ကြောင့် ထိုဝိသုဒ္ဓိလေးပါးအခိုက်၌ ဝိပဿနာဉာဏ် မဖြစ်ပေါ်သေးချေ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဆင့်တွင် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် တစ်စိတ်တစ်ဒေသ ဖြစ်ပေါ်လာသည်။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိစခန်းတွင်ကား ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဉာဏ်စဉ် (၉) ပါး ဖြစ်ပေါ်လာပေသည်။

ဉာဏဒဿနဝိသုဒ္ဓိအဆင့်ကား ဝိပဿနာအဆင့်ကိုလွန်၍ မဂ်ဉာဏ် အဆင့်သို့ ရောက်ရှိကာ အရိယာပုဂ္ဂိုလ်ဖြစ်နေပြီး ဖြစ်ပါသည်။

အရိယာအဆင့်ဆင့် ဖြစ်ပေါ်ပုံ

အရိယာဖြစ်ခါနီး စိတ်အစဉ် ဖြစ်ပေါ်ပုံ

ဝိပဿနာဘာဝနာကို ဝီရိယဓာတ်ခိုင်မာစွာဖြင့် မနေမနား ကြိုးစားအားထုတ်သူသည် ပွားများအားထုတ်ဖန်များလာသောအခါ ဝိပဿနာဉာဏ်များ အဆင့်ဆင့် တိုးတက်၍ ထက်မြက်ရင့်သန်လာလေသည်။ ယင်းသို့ ဝိပဿနာဉာဏ် ရင့်သန်မှုကို အကြောင်းပြု၍ မဂ်ဉာဏ် (အရိယာ) ဖြစ်ခါနီးတွင် ဖြစ်လေ့ရှိသောစိတ်များ (မဂ်ဉာဏ်၏ရှေ့ပြေးစိတ်များ) ဖြစ်ပေါ်လာသည်။ ထိုဖြစ်ပေါ်လာသော စိတ်များကား

(ဘဝင်္စလန၊ ဘဝဂ္ဂုပဏ္ဍိတ)၊ မနောဒွါရာဝဇ္ဇန်းစိတ်၊ ပရိုကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူသော ဥပစာရသမာဓိဇောစိတ် (ဝိပဿနာဉာဏ်)တို့ ဖြစ်သည်။ ထိုစိတ်များသည် မဂ်ဉာဏ်၏ ရှေ့ပြေးစိတ်များဖြစ်ကြသည်။ ထိုစိတ်များဖြစ်၍ ချုပ်ပြီးသည့် နောက် မဂ်စိတ်ဟစ်ကြိမ်နှင့် ထိုမဂ်စိတ်၏အကျိုးဖြစ်သော ဖိုလ်စိတ်နှစ်ကြိမ်၊ သို့မဟုတ် သုံးကြိမ် ဆက်တိုက် ဖြစ်ပေါ်လာသည်။

မဂ်ဉာဏ်၏ရှေ့ပြေးစိတ်များအနက် ပရိုကံ၊ ဥပစာ၊ အနုလုံ ဟူသော ဥပစာရသမာဓိဇောစိတ် (ဝိပဿနာဉာဏ်) များသည် နိဗ္ဗာန်ကို အာရုံမပြုနိုင်သေး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးအနက် တစ်ပါးပါးကိုအာရုံပြုသည်။ ဂေါတြဘူစိတ်ကား နိဗ္ဗာန်ကိုအာရုံပြုသည်။ ထိုဂေါတြဘူစိတ်ဖြစ်ပြီးနောက် မဂ်စိတ်ဖြစ်သည်နှင့်တပြိုင်နက် ပုထုဇဉ်အဆင့်ကိုလွန်၍ အရိယာအဆင့်သို့ ရောက်ရှိလေတော့သည်။

သောတာပန်ပုဂ္ဂိုလ်

ရှေ့၌ဖေါ်ပြခဲ့သည့်အတိုင်း ဝိပဿနာဉာဏ်များဖြစ်ပေါ်ပြီးနောက် မဂ်စိတ် ဖိုလ်စိတ်များ ဖြစ်ရာတွင် ရှေ့ဦးစွာ သောတာပတ္တိမဂ်စိတ်နှင့် သောတာပတ္တိဖိုလ်စိတ်များ ဖြစ်ပေါ်လာသည်။ အဆိုပါသောတာပတ္တိမဂ်စိတ်နှင့် အတူအကွ ဖြစ်သော ဉာဏ်ပညာကို သောတာပတ္တိမဂ်ဉာဏ်ဟုခေါ်သည်။ ထိုသောတာပတ္တိမဂ်ဉာဏ်သည် ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိခြင်း (ပရိညာ)ကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်း (ပဟာန) ကိစ္စ၊ နိရောဓသစ္စာ (နိဗ္ဗာန်)ကို မျက်မှောက်ပြုခြင်း (သစ္ဆိကိရိယာ) ကိစ္စ၊ မဂ္ဂသစ္စာကို မိမိသန္တာန်၌ဖြစ်ပေါ်လာစေခြင်း (ဘာဝနာ) ကိစ္စ၊ ထိုမဂ်ကိစ္စ လေးချက်ကို တပြိုင်နက် ပြီးစေနိုင်သည်။

ဥပမာ- ဆီမီးသည် မီးစာကိုလောင်ခြင်း၊ အမှောင်ကိုပယ်ခွင်းခြင်း၊ အလင်းရောင်ကို ရရှိစေခြင်း၊ ဆီကိုကုန်ခန်းစေခြင်း ဟူသော ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေနိုင်သကဲ့သို့ဖြစ်ပေသည်။ သောတာပတ္တိမဂ်ဉာဏ်သည် အပါယ်သို့ ကျရောက်စေတတ်သော လောဘ ဒေါသ အစရှိသော အကုသိုလ်များကို ဖောက်ခွဲဖျက်ဆီး လိုက်ပြီး အပါယ်သံသရာဆင်းရဲဒုက္ခပင်လယ်ပြင်ကြီးကို ခန်းခြောက်သွားစေ၏။ အပါယ်တံခါးပိတ်၍ သဒ္ဓါ သီလ စသည့် အရိယာဥစ္စာ(၇) ဖြာနှင့်လည်း ပြည့်စုံသွား၏။ မိစ္ဆာဒိဋ္ဌိဟူသောလမ်းမှားကိုလည်း စွန့်ပယ်၏။ အပါယ်ဘေးရန်အားလုံးကိုလည်း ငြိမ်းအေးစေ၏။မြတ်စွာဘုရား၏ သြရသအစစ် သားတော်အဖြစ်သို့ ရောက်

စေ၏။ ထိုသောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ပြည့်စုံသူကို သောတာပန်ဟု ခေါ်ဆိုသည်။ မဂ္ဂင်ရှစ်ပါးဟူသော တရားရေယာဉ်သို့ ရောက်ရှိသူ ဟုဆိုလိုသည်။

သောတာပန်ဖြစ်ပြီးသူသည် သံယောဇဉ် (၁၀) ပါးအနက် သက္ကာယ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသတို့ကို အကြွင်းမဲ့ ပယ်သတ်၍ အပါယ်သို့ ကျစေနိုင်သည့် ကာမရာဂ၊ ပဋိဃသံယောဇဉ်ကို ပယ်သတ်ထားသူဖြစ်သည်။ ထို့ကြောင့် ရုပ်နာမ်ခန္ဓာတို့အပေါ်၌ အတ္တဟု စွဲလမ်းထင်မြင်မှု၊ ရတနာသုံးပါးစသည်တို့၌ ယုံမှားသံသယဖြစ်မှု၊ နွား ခွေး စသည်တို့၏ အလေ့အထများအတိုင်း ကျင့်ကြံအားထုတ်လျှင် ကိလေသာစင်ကြယ်သည်ဟု မှားယွင်းစွာ တွေးခေါ်ယုံကြည်မှုများ မရှိတော့ချေ။ ထို့ပြင် အပါယ်သို့ကျရောက်စေနိုင်သည့် ကာမရာဂ၊ ပဋိဃ (ဒေါသ) သံယောဇဉ်တို့ကို ပတ်သတ်ပြီး ဖြစ်သည့်အတွက် အပါယ်ဘုံသို့လည်း မကျရောက်တော့ချေ၊ သံသရာတွင် အများဆုံးကာမသုဂတိဘုံ၌ (၇) ဘဝမျှသာ ကျင်လည်ရတော့မည် ဖြစ်သည်။ အခြား အကုသိုလ်အကြမ်းစားများကိုလည်း ပယ်ထားသဖြင့် ဣဿာ (ကိုယ့်ထက်သာ မနာလိုခြင်း)၊ မစ္ဆရိယ (မပေးရက်လို နှမြောတွန့်တိုခြင်း) တရားဆိုးများလည်း မဖြစ်တော့ချေ။

ထို့ပြင် သောတာပန်ပုဂ္ဂိုလ်သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းသည်၊ ပဉ္စာနန္တရိယကံကို မည်သည့်အခါမျှ မကျူးလွန်၊ ရဟန်းဘဝဖြင့် နေထိုင်သူဖြစ်လျှင် သာသနာတော်၌ သက်ဝင်ယုံကြည်မှု (သဒ္ဓါ) ခိုင်မြဲသည့်အတွက် လူမထွက်တော့ချေ။ စင်စစ် သောတာပန်သည် အပါယ်တံခါးပိတ်၍ သုဂတိ ဘုံဘဝသို့သာ ဧကန် ရောက်ရှိမည်ဖြစ်ပြီး အထက်မဂ်ဖိုလ်ရဖို့ရန် သေချာနေပြီ ဖြစ်ပေသည်။

သကဒါဂါမ်ပုဂ္ဂိုလ်

သောတာပန်ဖြစ်ပြီး သူသည် မိမိရရှိထားပြီးသော မဂ်ဖိုလ်နှင့် နိဗ္ဗာန် တို့ကို ဆင်ခြင်ပွားများပြီးနောက် ကာမရာဂ (လောဘ) နှင့်ဗျာပါဒ (ဒေါသ)တို့ကို ကျဲပါး စေနိုင်စွမ်းရှိသည့် အထက်မဂ်ကိုရရှိရန် ဝိပဿနာတရားကိုပင် ဆက်လက် အားထုတ်၏။ ရုပ်နာမ်သဘာဝတို့သည် မမြဲ၊ ဆင်းရဲ၏၊ အတ္တမဟုတ်ဟု ဉာဏ်ဖြင့် အဖန်ဖန် နင်းနယ်ကြိတ်ခြေ၏။ ဝိပဿနာဉာဏ်အဆင့်ဆင့်ကို ဖြစ်စေလျက် ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏၊ ထိုသို့ အာထုတ်ရင်း သဒ္ဓါရုပေက္ခာဉာဏ်၏

အဆုံး၌ အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့ဖြစ်၍ ဂေါတြဘူဉာဏ်ချုပ်သည်နှင့် မရှေးမနှောင်းတွင် သကဒါဂါမိမဂ်စိတ်၊ ဖိုလ်စိတ်များ ဖြစ်ပေါ်လာလေသည်။

ထိုသကဒါဂါမ် မဂ်စိတ်ဖြစ်ခိုက်၌ သကဒါဂါမိမဂ္ဂင်္ဂာန်ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်စိတ်ဖြစ်ပေါ်လာချိန်မှစ၍ သကဒါဂါမ်ပုဂ္ဂိုလ်ဟု ဆိုသည်။ လူ့ဘုံ လူ့ဘဝသို့ လာ၍ ပဋိသန္ဓေတစ်ကြိမ်သာနေသူ၊ ဘဝသစ် ထူထောင်သည့်အနေဖြင့် လူ့ဘုံ လူ့ဘဝသို့ တစ်ကြိမ်သာပြန်လာသူဟု ဆိုလိုသည်။ သို့ရာတွင် လူ့ဘုံဘဝ၌ပင် သကဒါဂါမိ ဖြစ်ပြီးနောက် ဆက်လက်၍ အနာဂါမ်၊ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံသွားသူများလည်း ရှိနိုင်ပါသေးသည်။

သကဒါဂါမ်ပုဂ္ဂိုလ်သည် ကြမ်းတမ်းသော ကာမရာဂသံယောဇဉ်နှင့် ပဋိဃသံယောဇဉ်တို့.ကို ပယ်သတ်နိုင်၏။ သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃသံယောဇဉ်တို့.ကိုမူ မပယ်သတ်နိုင်သေးချေ။ သို့.သော် ထိုကာမရာဂနှင့် ပဋိဃတို့.ကား အပါယ်ဘုံသို့.ကျရောက်စေနိုင်သည့် အစွမ်းသတ္တိမရှိတော့ပေ၊ အပါယ်ဘုံသို့. ကျရောက်စေနိုင်သည့် အကုသိုလ်အစွမ်းသတ္တိများကို သောတာပတ္တိ မဂ်ဉာဏ် ရစဉ်ကပင် ပယ်သတ်ခဲ့ပြီး ဖြစ်ပေသည်။ သကဒါဂါမ်ပုဂ္ဂိုလ်၌ ကာမရာဂ (ကာမဂုဏ်၌ တပ်မက်မှု) နှင့် ပဋိဃ (ပြစ်မှားမှု)တို့. ကျန်ရှိနေသေးသော်လည်း ပုထုဇဉ်များကဲ့သို့. အကြိမ်ကြိမ်အဖန်ဖန်မဖြစ်၊ ဖြစ်ပြန်လျှင်လည်း ပြင်းပြင်းပြပြမဖြစ်၊ ရံဖန်ရံခါ၌သာ ဖြစ်တော့သည်။ ဖြစ်သည့်အခါတွင်လည်း ပုထုဇဉ်များကဲ့သို့. နွားသိုးကြိုးပြတ် နွားငတ်ရေကျ ကြမ်းကြမ်းတမ်းတမ်းမဖြစ်တော့ချေ။ သကဒါဂါမ်ပုဂ္ဂိုလ်၌ရှိနေသေးသော ကိလေသာများသည် ပါးလွှာသော ယင်၏တောင်ပံနှင့် ကဲ့ပါးသော တိမ်လွှာတို့.ကဲ့သို့. အင်အားနည်းပါးသော ကိလေသာများသာ ဖြစ်သည်။

အနာဂါမ်ပုဂ္ဂိုလ်

သကဒါဂါမ်ဖြစ်ပြီးသူသည် မိမိရရှိထားပြီးသော မဂ်ဖိုလ်နှင့်နိဗ္ဗာန်တို့.ကို ဆင်ခြင်ပွားများပြီးနောက် ရှေ့.သကဒါဂါမိမဂ်ဖြင့် ကဲ့ပါးအောင် ပြုလုပ်ခဲ့ပြီးသော ကာမရာဂနှင့် ပဋိဃသံယောဇဉ်တို့.ကိုပင် အကြွင်းမဲ့ ပယ်သတ်နိုင်ရန် အထက် အနာဂါမိ မဂ်ဉာဏ်ရဖို့.အတွက် ဝိပဿနာကိုပင် ဆက်လက်၍ အားထုတ်ရသည်။ ရုပ်နာမ်သဘာဝတို့.ကို မမြဲ၊ ဆင်းရဲ၏၊ အတ္တမဟုတ်ဟု ဉာဏ်ဖြင့် အဖန်ဖန် နင်းနယ်ကြိတ်ခြေ၏။ ဝိပဿနာဉာဏ်အဆင့်ဆင့်ကို ဖြစ်စေလျက် ဂိဟိသနာ လမ်းမှန်သို့.

သက်ဝင်၏။ ထိုသို့ အားထုတ်သောအခါ သခ်ါရုပေကွာဉာဏ်၏အဆုံးဌ် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်တို့ဖြစ်၍ ဂေါတြဘူဉာဏ် ချုပ်သည်နှင့် မရှေးမနှောင်းတွင် အနာဂါမိ မဂ် ဖိုလ် စိတ်များဖြစ်ပေါ်လာလေသည်။ ထိုအနာဂါမိဖိုလ်စိတ်နှင့်ပြည့်စုံသူကို အနာဂါမ်ပုဂ္ဂိုလ်ဟု ခေါ်သည်။ ကာမဘုံ၌ ပြန်၍ မဖြစ်တော့သော ပုဂ္ဂိုလ်ဟုဆိုလို သည်။ သို့သော် ရူပဘုံ၊ အရူပဘုံတို့၌ကား ဖြစ်နိုင်သေးသည်။

အနာဂါမ်ဖြစ်ပြီးသူသည် ကာမဂုဏ်တို့၌တပ်မက်မှု (ကာမရာဂ) နှင့် ပျက်စီးစေလိုမှု၊ စိတ်ဆိုးအမျက်ထွက်မှု (ဗျာပါဒ၊ ဒေါသ) တို့ကို အကြွင်းမဲ့ပယ်သတ်နိုင်သည့် အတွက် ကာမ(၁၁)ဘုံ၌ ဘဝအသစ်မဖြစ်တော့ချေ။ အနာဂါမ်တို့မည်သည် ကာမစ္ဆန္ဒ (ကာမဂုဏ်၌တောင့်တမှု)၊ ဗျာပါဒ (ပျက်စီးစေလိုမှု) ဒေါသ (စိတ်ဆိုးအမျက်ထွက်မှု)၊ ကုက္ကုစ္စ (နောင်တပူပန်မှု)၊ မိစ္ဆာသင်္ကပ္ပ(မှားယွင်းစွာကြံစည်မှု)၊ ပိသုဏာဝါစာ (ချောပစ်ကုန်းတိုက်မှု)၊ ဖရုသဝါစာ (ကြမ်းကြမ်းတမ်းတမ်း ပြောဆိုမှု) တို့ မရှိတော့ချေ။ ထို့ပြင် လက်ဝတ်လက်စားတန်ဆာများ ဆင်ယင်ခြင်း၊ အတွေ့အထိ (ဖောဋ္ဌဗ္ဗာရုံ)ကို သာယာခြင်းလည်း မရှိတော့ပေ။

ရဟန္တာပုဂ္ဂိုလ်

အနာဂါမ်ဖြစ်ပြီးသူသည် မိမိရရှိထားသော မဂ် ဖိုလ် နိဗ္ဗာန်တို့ကို ဆင်ခြင်မှားများပြီးနောက် ရူပရာဂ (ရူပဘဝကို တပ်မက်တွယ်တာမှု) အရူပရာဂ (အရူပဘဝကို တပ်မက်တွယ်တာမှု)၊ မာန (ထောင်လွှားမှု)၊ ဥဒ္ဓစ္စ (ပျံ့လွင့်မှု)၊ အဝိဇ္ဇာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်သည့် အရဟတ္တမဂ်ကို ရရှိရန်အတွက် ဆက်လက်၍ ဝိပဿနာ တရားကိုပင် အားထုတ်သည်၊ ရုပ်နာမ်သခ်ါရတို့ကို မမြဲ၊ ဆင်းရဲ၏၊ အတ္တမဟုတ်ဟု ဉာဏ်ဖြင့် အဖန်ဖန်နင်းနယ်ကြိတ်ခြေ၏။ ဝိပဿနာ ဉာဏ်အဆင့်ဆင့်ကို ဖြစ်စေလျက် ဝိပဿနာလမ်းမှန်သို့သက်ဝင်နိုင်၏။ ထိုသို့ အားထုတ်သောခါ ရှေးနည်းတူ သခ်ါရုပေကွာဉာဏ်၏အဆုံးဌ် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်တို့ ဖြစ်၍ ဂေါတြဘူဉာဏ်ချုပ်သည်နှင့် မရှေးမနှောင်းတွင် အရဟတ္တမဂ်စိတ် ဖိုလ်စိတ်များ ဖြစ်ပေါ် လာလေသည်။ ဤအရဟတ္တဖိုလ်စိတ်ဖြစ်သည်မှစ၍ ရဟန္တာပုဂ္ဂိုလ်ဟုခေါ်ဆိုသည်။ ကိလေသာအာသဝေါတရားများ ကုန်ခန်းပြီးသူ၊ သံသရာဘဝဇာတ်အဆုံးသို့ ရောက်သူ၊ လောကတွင်ပူဇော်အထူးကို ခံယူထိုက်သူဟု ဆိုလိုသည်။

ရဟန္တာပုဂ္ဂိုလ်သည် အောက်မဂ်သုံးပါးဖြင့် မပယ်သတ်ရသေးသည့် အကုသိုလ်အကြွင်းအကျန်မှန်သမျှကို အရဟတ္တမဂ်ဉာဏ်အခိုက်၌ပင် ပယ်သတ်သည်။ သံသရာဘဝဇာတ်သိမ်း၍ ခန္ဓာဝန်ငြိမ်းကာ (၃၁) ဘုံမှ လွတ်မြောက်သူဖြစ်သည်၊ မည်သည့် အာရုံနှင့်တွေ့ကြုံရစေကာမူ တုန်လှုပ်ချောက်ချားခြင်းမရှိ၊ ဝမ်းသာဝမ်းနည်းခြင်းမရှိ၊ ပကတိငြိမ်သက်သည့် ဥပေက္ခာသဘောသာ ဖြစ်တော့သည်။ ပစ္စည်းလာဘ်လာဘာ၊ အခြွေအရံ အသင်းအပင်းကျော်စောသတင်း၊ ချီးကျူးခြင်း စသည်တို့ကို သာယာမှုမဖြစ်တော့ပေ။ မည်သည့် လောကဓံနှင့် တွေ့ကြုံရသည်ဖြစ်စေ၊ ဝမ်းနည်းဝမ်းသာခြင်းမရှိ၊ တုန်လှုပ်ခြင်းမရှိ၊ ပကတိ ငြိမ်သက်လျက်ရှိပေသည်။ ထူးခြားချက်မှာ မိမိရရှိသည့်တရားထူးကို အခြားသတ္တဝါတို့အား လည်းရရှိစေချင်သည့် စိတ်ထားရှိခြင်း၊ မိမိရဟန္တာဖြစ်ကြောင်း အခြားသူတို့အား မပြောကြားလိုခြင်းတို့ ဖြစ်သည်။

စွာန် မဂ် ဖိုလ် မရနိုင်သူ (၅) ဦး

ဤအခန်းတွင်ပြဆိုထားသော သမထဝိပဿနာရှုပွားနည်းအတိုင်း ကြိုးစားအားထုတ်ပါက အားထုတ်မှုနှင့်လျော်ညီစွာ သက်ဆိုင်ရာတရားထူးများကို ရရှိခံစားရမည်ဖြစ်သည်။ သို့ရာတွင် လက်ရှိဘဝ၌ မည်မျှပင် ကြိုးစားအားထုတ်စေကာမူ စွာန်မဂ်ဖိုလ်ရရေးအတွက် လုံးဝမျှော်လင့်ချက်မရှိသော ပုဂ္ဂိုလ်များလည်း ရှိနေသေးသည်၊ ထိုပုဂ္ဂိုလ်များမှာ-

(၁) ကံကြီးထိုက်သူ (ကမ္မန္တရာယ်)၊
(၂) နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူ (ကိလေသန္တရာယ်)၊
(၃) အဟိတ်ပဋိသန္ဓေနေသူနှင့် ဒွိဟိတ်ပဋိသန္ဓေနေသူ (ဝိပါကန္တရာယ်)၊
(၄) အရိယာကို ကဲ့ရဲ့စွပ်စွဲသူ (အရိယူပဝါဒန္တရာယ်)၊
(၅) မြတ်စွာဘုရားပညတ်ထားသော သိက္ခာပုဒ်များကို ကျူးလွန်သူ (အာဏာဝိတိက္ကမန္တရာယ်)

တို့ဖြစ်သည်။

(၁) ဤ၌ မာတုယာတကစသော ကံကြီး (၅) ပါးနှင့် ဘိက္ခုနီမကို ကာမကျူးလွန်ဖျက်ဆီးမှု ကံများသည် အလွန်ကြီးလေးသော အကုသိုလ်ကံများဖြစ်ကြ၏။ ထိုအကုသိုလ်ကံများသည် ကျူးလွန်သူများကို စွာန်၊ မဂ်၊ ဖိုလ်တရားထူးများ

မရရှိအောင် အနှောင့်အယှက် (အန္တရာယ်) ပြုတတ်သည်။ ထိုကံများအနက် တမျိုးမျိုးကို ကျူးလွန်သူသည် ကမ္မဋ္ဌာန်းတရားကို အားထုတ်သော်လည်း စျာန် မဂ် ဖိုလ်တရားထူးများကို မရရှိနိုင်ချေ။ အထူးအားဖြင့် အာနန္တရိယ ကံကြီးထိုက်သူသည် စျာန် မဂ်ဖိုလ်တရားထူး မရရှိရုံသာမက နောက်ဘဝ၌ အဆင့်မြင့် (သုဂတိ) ဘုံဘဝ သို့လည်း ရောက်ခွင့်မရှိ၊ အပါယ်ငရဲသို့သာ ဧကန်ကျရောက် ရှုမည်ဖြစ်၏၊ ဘိက္ခုနီမကို ကာမကျူးလွန်သူကား စျာန် မဂ် ဖိုလ်တရားထူးများကို မရနိုင်သော်လည်း ယခုဘဝ၌ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ပါက သုဂတိဘုံ ဘဝများသို့ ရောက်ရှိနိုင်ပေသည်။ [ယခုအခါ မြတ်စွာဘုရား သက်တော်ထင်ရှား မရှိတော့သဖြင့်လည်းကောင်း၊ ဘိက္ခုနီမများလည်း မရှိတော့သဖြင့်လည်းကောင်း မြတ်စွာဘုရားကို သွေးစိမ်းဟည်အောင်ပြုသော (လောဟိတုပ္ပါဒက) ကံနှင့် ဘိက္ခုနီမကို ကာမကျူးလွန်သော (ဘိက္ခုနီ ဒူသက) ကံများ သင့်ရောက်ဖွယ် မရှိတော့ချေ။]

မှတ်ချက်။ ။ ဤပဋ္ဌာနန္တရိယကံများနှင့် စပ်လျဉ်း၍ အကျယ်ရှင်းပြချက်များကို ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်) စာအုပ်၊ စာမျက်နှာ - ၂၁၈၊ ၂၁၉ တို့၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

(၂) နိယတမိစ္ဆာဒိဋ္ဌိဟူသည် ကိလေသာ ဆယ်ပါးတွင် ပါဝင်သော ဒိဋ္ဌိပင်ဖြစ်၏၊ အဇိတ, မက္ခလိဂေါသာလ, ပူရဏကဿပ ဆရာကြီးများ၏ အယူဝါဒများသည် မြတ်စွာဘုရားရှင်တို့ ချေခွတ်၍ မရလောက်အောင် ခိုင်မြဲသောကြောင့် နိယတ မိစ္ဆာဒိဋ္ဌိများပင်ဖြစ်၏။

ထိုဆရာကြီးသုံးယောက်အနက် အဇိတမည်သော ဆရာကြီးက နောက်ဘဝ မရှိ၊ သေလျှင် ဘဝပြတ်၏ (ဥစ္ဆေဒအယူ)၊ ကောင်းမှု မကောင်းမှု ပြုလုပ်ခြင်းအတွက် ကောင်းကျိုး ဆိုးပြစ်မရှိ (နတ္ထိကအယူ) စသည်ဖြင့် အယူရှိ၏။ မက္ခလိဂေါသာလသည် အကြောင်းအကျိုးနှစ်ပါးလုံးကို ပယ်သော (အဟေတုက) အယူရှိသူဖြစ်၏။ ပူရဏကဿပသည်ကား ကောင်းကံ မကောင်းကံများကို ပြုလုပ်သော်လည်း ပြုလုပ်ရာမရောက် စသည်ဖြင့် အကြောင်းကံကို ပယ်သော (အကိရိယ) အယူရှိသူဖြစ်၏။ အချုပ်အားဖြင့် ထိုပုဂ္ဂိုလ်ကြီးတို့၏ အယူဝါဒသုံးမျိုးလုံးသည် ကံနှင့် ကံ၏အကျိုးကို ပယ်သော ဝါဒများပင်ဖြစ်ကြသည်။

ထိုဆရာကြီးတို့၏ အယူဝါဒများကို တော်ရုံသင့်ရုံ ယူဆနေရုံမျှဖြင့်

နိယတမိစ္ဆာဒိဋ္ဌိ မဖြစ်နိုင်သော်လည်း လေးလေးနက်နက် လက်ခံယုံကြည်ခြင်း၊ ကြံစည်တွေးခေါ်ခြင်း၊ အထပ်ထပ် လေ့လာအားထုတ်ခြင်း ပြုသဖြင့် နောက်ဆုံးဌ အခိုင်အမာ စွဲမြဲစွာ အတည်ပြုဆုံးဖြတ်ချက်ချလိုက်မိသည်နှင့် တပြိုင်နက် နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်လေတော့၏။ တနည်းဆိုရလျှင် ထိုအယူဝါဒကို လက်ခံကျင့်သုံးသူသည် သေလွန်သည့်အခါ အပါယ်ငရဲဌ မလွဲမှု့ ကျရောက်ရလေ၏။ ထိုသို့ငရဲဌ အကျိုးပေးမြဲသောကြောင့်လည်း ဖေါ်ပြပါ အယူကို နိယတမိစ္ဆာဒိဋ္ဌိဟု ခေါ်လေသည်။ ထို နိယတမိစ္ဆာဒိဋ္ဌိအယူသည် စျာန် မဂ် ဖိုလ် နိဗ္ဗာန် မရအောင် တားဆီးပိတ်ပင်တတ်၏။ သို့ဖြစ်၍ ယင်းအယူဝါဒသည် ကိလေသန္တရာယ် ဖြစ်သည်။

ထို နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူသည် စျာန် မဂ် ဖိုလ် တရားထူးများကို မရနိုင်သည့်အပြင် သေလွန်သည့်အခါ အဝီစိငရဲသို့ ကျရောက်ပြီး ထိုအဝီစိငရဲသက်တမ်းနှင့်အမျှ ဆင်းရဲဒုက္ခများကို ခံစားရလေသည်။ ဤကဲ့သည် အာနန္တရိယကံကြီးငါးပါးတွင် အပြစ်အကြီးလေးဆုံးဖြစ်သော သံဃဘေဒက ကံကြီးထက်ပင် ပိုမိုအပြစ်ကြီးလေး၏။ အကယ်၍ ကမ္ဘာပျက်ခဲ့လျှင် ကမ္ဘာပေါ်ရှိ သတ္တဝါမှန်သမျှသည် ငြဟ္မာ့ဘုံသို့ ရောက်ရှိနေထိုင်ကြရ၏။ ထို နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူမှာမူ ကမ္ဘာနှင့်တကွ ယင်းကျရောက်နေသည့် မဟာအဝီစိငရဲကြီးပါ ပျက်စီးသွားသော်လည်း ကျွတ်လွတ်ခွင့်မရဘဲ ပျက်စီးသော ကမ္ဘာကြီး၏ အပြင်ဘက်ရှိ ကမ္ဘာပျက်ဘေးလွတ်ရာ စကြဝဠာတစ်နေရာသို့ ပြောင်းရွှေ့လျက် ဆင်းရဲဒုက္ခကို ဆက်လက်ခံစားရလေသည်။

(၃) အဟိတ်ပဋိသန္ဓေ ဝိပါက်စိတ်နှင့် ဒွိဟိတ် ပဋိသန္ဓေဝိပါက်စိတ်များသည်လည်း စျာန် မဂ် ဖိုလ် တရားထူးများကို မရရှိအောင် အန္တရာယ်ပြုတတ်၏။ ထို့ကြောင့် ယင်းစိတ်များကို ဝိပါကန္တရာယ်ဟုခေါ်ဆိုခြင်း ဖြစ်သည်။ လောကဌ် "မျိုးစေ့မမှန် ပင်မသန်၊ ဖူးတံ ငုံကင်း အသီးဖျင်း၏" ဟု ဆိုရိုးစကားရှိသည့်အတိုင်း ထိုစိတ်များနှင့် ပဋိသန္ဓေတည်နေခဲ့သူများသည်လည်း ပင်ကိုယ်ပဋိသန္ဓေ မျိုးစေ့ကညံ့သည့်အတွက် လက်ရှိဘဝဌ စျာန် မဂ် ဖိုလ် တရားထူးရရှိရေးအတွက် လုံးဝမျော်လင့်ချက်မရှိကြပေ။ သို့သော် ဤဘဝဌ သမထဝိပဿနာ တရားများကို ကျင့်ကြံပါမူကား နောက်ဘဝဌ အဆင့်မြင့်ဘုံဘဝများသို့ ရောက်ရှိပြီး ထိုဘုံဘဝဌ တရားထူးများကို ကျင့်ကြံရရှိနိုင်ကြပေသည်။

(၄) ယုတ်မာပြစ်မှားလိုသော စိတ်မျိုးဖြင့် အရိယာမှန်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အရိယာပုဂ္ဂိုလ်အား မဟုတ်မတရား စွပ်စွဲ ကဲ့ရဲ့လျှင်လည်း ထိုသို့ စွပ်စွဲကဲ့ရဲ့သည့်အပြစ်က စွာန် မဂ် ဖိုလ်တရားထူးများ မရရှိအောင် အန္တရာယ်ပြုတတ်သည်။ ထိုအပြစ်ကို အရိယူပဝါဒန္တရာယ်ဟုခေါ်၏။ ဤ ကဲ့ကား စွာန် မဂ် ဖိုလ် ကိုသာမက သုဂတိဘုံဘဝကို မရရှိအောင်လည်း အန္တရာယ်ပြုတတ်သည်။ အရိယာမဟုတ်သော်လည်း ကောင်းမွန်စွာ ကျင့်ကြံနေထိုင်သော သီလဝန္တပုဂ္ဂိုလ်များကို ပြစ်မှားမိလျှင်လည်း အရိယာကို ပြစ်မှားသော ကံ နီးပါး အပြစ်ကြီးလေးလှသည်။ သို့ဖြစ်၍ အရိယာပုဂ္ဂိုလ်နှင့် သီလဝန္တပုဂ္ဂိုလ်များအား မပြစ်မှားမိစေရန် အထူးသတိရှိအပ်ပေသည်။ ဤသို့ အရိယာပုဂ္ဂိုလ်၊ သီလဝန္တပုဂ္ဂိုလ်များကို ပြစ်မှားမိသူသည် မိမိ ပြစ်မှားမိခဲ့သည့် ပုဂ္ဂိုလ်ထံ တိုက်ရိုက်ဖြစ်စေ၊ ထိုပြစ်မှားမိသည့် ပုဂ္ဂိုလ်. သေဆုံးသွားလျှင် ထိုသူအား ရည်မှတ်၍ဖြစ်စေ သွားရောက် ဝန်ချတောင်းပန်ပါက အပြစ်ကင်းလွတ်ပြီး စွာန် မဂ် ဖိုလ်တရားထူးများကိုလည်း ရခွင့်ရှိပေသည်။

(၅) မြတ်စွာဘုရားရှင်သည် ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမများလိုက်နာကျင့်သုံးရန်အတွက် သိက္ခာပုဒ် (ဝိနည်းဥပဒေ) များကို သတ်မှတ်ပြဋ္ဌာန်းထား၏။ ထိုသိက္ခာပုဒ်များကို တမင်လွန်ကျူးလိုစိတ်ဖြင့် လွန်ကျူးခြင်းသည် မြတ်စွာဘုရား၏ အာဏာ (အာဏာပါတိမောက်) တော်ကို ပစ်ပယ်ရာရောက်၏။ ထိုသို့ လွန်ကျူးခြင်းကြောင့် ဝိနည်းအပြစ် (အာပတ်) သင့်သည်။ ထိုအာပတ်များကို အလေးအပေါ့ (ဂရုကလဟုက) အာပတ်အလိုက် ငြိမ်းအောင် မကုစားသမျှ ကာလပတ်လုံး သမထ ဝိပဿနာ တရားများကို ကြိုးစားအားထုတ်သော်လည်း စွာန် မဂ် ဖိုလ် တရားထူးများကို မရနိုင်သည့်အပြင် သေဆုံးသောအခါ၌လည်း သုဂတိဘုံဘဝများကို ရရှိနိုင်မည်မဟုတ်၊ အာပတ်တန်းလန်းနှင့် သေဆုံးသွားပါက အပါယ်သို့ မုချကျရောက်ရမည်ဖြစ်၏။

ဖော်ပြပါ အန္တရာယ် (၅) မျိုးသည် ပစ္စုပ္ပန်ဘဝ၌ စွာန် မဂ် ဖိုလ် တရားထူးများနှင့် တမလွန်ဘဝ၌ သုဂတိဘုံဘဝများကို မရနိုင်အောင် တာဆီးနှောင့်ယှက်တတ်သဖြင့် လောကီ လောကုတ္တရာ ချမ်းသာသုခများ ဆုံးရှုံးနစ်နာရ၏။ သို့ဖြစ်၍ ထိုအန္တရာယ် (၅) မျိုးမှ ကင်းလွတ်အောင် အထူးပင် ကြိုးစားရှောင်ရှား သင့်ကြသည်။ ထိုအန္တရာယ်များမှ ရှောင်ရှားနိုင်ရေးမှာလည်း ဗုဒ္ဓဘာသာဝင်တို့၏ ကြည်လင်သော အသိအမြင်မျိုးရှိမှသာ ဖြစ်နိုင်မည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းသည် အလွန်တန်ဖိုးရှိသော ဘဝရတနာကို ပိုင်ဆိုင်ရရှိခြင်းပင် ဖြစ်ပေသည်။

အခန်း (၇)

ပရိတ်တရားတော်များ

အခန်း (၇)

ပရိတ်တရားတော်များ

ပရိတ်နိဒါန်း

မြတ်ဗုဒ္ဓသည် ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရားတော်မှစ၍ နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီး **ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ** ဟူသော သတိပေးစကားအထိ ၄၅-ဝါ ကာလပတ်လုံး ဟောကြားခဲ့သော တရားတော်တို့မှာ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ထိ ရှိပါသည်။

ဘုရားရှင်သည် ထိုတရားတော်တို့ကို လောကသုံးပါးရှိ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ကိလေသာ ဝဲသြဃသံသရာမှ လွတ်မြောက်စေပြီး မဂ်ဖိုလ် နိဗ္ဗာန် ရစေရေးအတွက် အဓိက ဦးတည်ချက်ထားပြီး ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့ နိဗ္ဗာန်သို့ ရောက်အောင် ကြိုးစားအားထုတ်ကြသော လူရှင်ရဟန်းတို့ ပစ္စုပ္ပန်လောကတွင် ဘေးဘယာကင်းကွာစေရေးအတွက် ဘုရားရှင်သည် အရံအတားပရိတ်တို့ကိုလည်း ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တို့၌ အခါအားလျော်စွာ ထည့်သွင်းဟောကြားခဲ့ပါသည်။

ရဟန်းတို့- အာဇာနာဒိုယမည်သော အရံအတားကို သင်ယူကြကုန်လော့၊ အဖန်ဖန် လေ့လာကြကုန်လော့၊ ဆောင်ကြကုန်လော့ အာဇာနာဒိုယမည်သော အရံအတား ပရိတ်တော်သည် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့၏ ချမ်းသာစွာ နေရခြင်းငှာ အကာအကွယ် အစောင့်အရှောက်ဖြစ်၏။

ဤသို့ ဘုရားရှင်ကိုယ်တော်တိုင် ရဟန်းတို့အား အာဇာနာဒိုယ ပရိတ် အရံအတားကို သင်ယူဆောင်ထားကြရန် မိန့်ကြားခဲ့ပါသည်။

ရဟန်းတို့ - မိမိကိုယ်ကို လုံခြုံစေခြင်းငှါလည်းကောင်း၊ မိမိကိုယ်ကို စောင့်ရှောက် ခြင်းငှါလည်းကောင်း၊ မိမိ၏ အရံအတား (ပရိတ်) ကို ပြုခြင်းငှါ ဤမြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ခြင်းငှါ ခွင့်ပြုတော်မူ၏။

ဤသို့ ဝိနည်းစူဠဝါပါဠိတော်၊ အင်္ဂုတ္တိရ်ပါဠိတော်တို့၌လည်း ဘုရားရှင်က ရဟန်းတို့အား မြွေမင်းလေးမျိုးကို မေတ္တာပို့ရန် ခွင့်ပြုတော်မူသည်။

ဘေးရန်မှ လုံခြုံရေးအတွက် ပရိတ်ကို သင်ယူပို့ချသော ရဟန်းမိန်းမအား အာပတ်မသင့်၊ (အနာပတ္တိ ဂုတ္တတ္ထာယ ပရိတ္တံ ပရိယာပုဏာတိ၊ အနာပတ္တိ ဂုတ္တပရိတ္တံ ဝါစေတိ)။

ဤသို့ ဝိနည်းပိဋကတ်ပါဠိတော် ဘိက္ခုနီ ဝိဘင်း တိရစ္ဆာနကထာ သိက္ခာပုဒ် (၂)ခု၏ အနာပတ္တိဝါရ၌ ဘုရားရှင်၏ သိက္ခာပုဒ်ခွင့်ပြုချက်ကို တွေ့ရပါသည်။

ဤသိက္ခာပုဒ်၌ ခွင့်ပြုအပ်သော ပရိတ်ဟူသည်မှာ တစ္ဆေ သရဲနှိုင် မန္တန်၊ မြွေနဂါးနှိုင်မန္တန် စသည့်တို့ဖြစ်သည် (ပရိတ္တန္တိ ယက္ခပရိတ္တာနာဂမန္တာလာဒိဘေဒံ သဇ္ဇမို့ ဝဋ္ဋတိ)။ ဟူ၍ ပါစိတ္တာဒိအဋ္ဌကထာ၌ ဖွင့်ဆိုပြထားသည်ကိုလည်း တွေ့ရပါသည်။

ဘုရားဟော မဟုတ်သော ဤမန္တန်မျိုးကိုပင် သင်ယူခွင့်၊ ပို့ချခွင့်ပြုတော်မူသည်ဆိုလျှင် ဘုရားဟောဖြစ်သော ပရိတ်တို့ကိုမူကား အထူးခွင့်ပြုပြီး ဖြစ်ပါတော့သည်။ ရဟန်းမိန်းမတို့အား ခွင့်ပြုသည်ဆိုသဖြင့် ရဟန်းယောကျ်ားနှင့်လူဒါယကာ ဒါယိကာမတို့အားလည်း ခွင့်ပြုပြီး ဖြစ်ပါသည်။

တဖန် မွေးဖွားပြီး (၇) ရက်မျှသာ အသက်ရှည်မည့် အာယုဝမ္မန သတို့သားကို မြတ်စွာဘုရား၏ ညွှန်ကြားချက်အရ (၇)နေ့၊ (၇)ည ပတ်လုံး ရဟန်းတို့ကမပြတ် ပရိတ်ရွတ်ပေးခြင်း၊ ဘုရားရှင်ကိုယ်တော်တိုင်လည်း တစ်ညည့်ပတ်လုံး ပရိတ်တိုင် အရံအတား ပြုပေးခြင်းကြောင့် သတို့သား သေဘေးမှ လွတ်မြောက်ပြီး အသက် (၁၂၀) နေသွားရကြောင်း ဓမ္မပဒအဋ္ဌကထာ၌ ဖွင့်ပြထားသည်။

ဤ အထောက်အထားမှတပါး၊ အခြားသော အဋ္ဌကထာအဖွင့်များ၌လည်း ပရိတ်အကြောင်းကို တွေ့ရပါသည်။

ပရိတ်ရွတ်ဖတ်မှုကို ဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုတော်မူသည်ကိုလည်းကောင်း၊ ဘုရားရှင်လက်ထက်ကပင် ပရိတ်ရွတ်မှု အလေ့အထ ထင်ရှားခဲ့ပုံကိုလည်းကောင်း၊ ထောက်ဆ၍ ပရိတ်အကျိုးနှင့် တန်ခိုးသည် လွန်စွာကြီးမားမှုရှိကြောင်း သိရပါသည်။

ခေတ်အဆက်ဆက်ပရိတ်ရွတ်မှု

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ် (၅၁၁) ၌ ပေါ်ထွန်းခဲ့သော မိလိန္ဒမင်းကြီးသည် ပရိတ်နှင့်ပတ်သက်သော ပြဿနာကို အရှင်နာဂသိန်အား မေးခဲ့သည်။ မိလိန္ဒပဉ္ဉာကျမ်း၊ မေဇ္ဈကပဉ္ဉာ အခန်း၌ မစ္ဆပါသမုတ္တိပဉ္ဉာဟူ၍ ပါရှိသည်။ ထိုမင်း၏ အမေးကို ရှင်နာဂသိန်က ပရိတ်နှင့် စပ်လျဉ်း၍ မင်းကြီး ကျေနပ်မှု ရသည်အထိ ဖြေဆိုပေးခဲ့သည်။

သာသနာနှစ် (၉၀၀) တွင် အဋ္ဌကထာဆရာ ရှင်မဟာဝုဒ္ဓဃောသ ပေါ်ထွန်းခဲ့သည်။ အရှင်မဟာဝုဒ္ဓဃောသသည် ပါရာဇိကဏ်အဋ္ဌကထာ၌-

- လူတို့အကွက် ပရိတ်ရွတ်ပေးမှုနှင့် ပတ်သက်၍ ရဟန်းတော်တို့ လိုက်နာရမည် အချက်၊
- ပရိတ်ရေ ပရိတ်ချည်အကြောင်းများ ဖွင့်ဆိုရေးပြထားသည်ကို တွေ့ရပါသည်။

မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ (၃၀၅)၌ လူဒါယကာတို့သည် ရတနာသုတ် မင်္ဂလသုတ်မျှကိုသော်လည်း အလွတ်မကျက်ဘဲ ပေ၌ရေးသားထားသည်၊ ရဟန်းတို့သာ ယင်းတို့ကို အမြဲရွတ်အံ့ သရဇ္ဈာယ်ကြသည်ဟူ၍ ဖွင့်ဆိုရေးပြထားသည်ကိုလည်း တွေ့ရပါသည်။

စူဠဝံသ - ၃၇-ပရိစ္ဆေဒ၊ ၁၁၉၊ ၁၉၈-ဂါထာများအဖွင့်အရ သာသနာနှစ် ၉၁၂-ခုနှစ်၊ သီရိလင်္ကာကျွန်း၌ နန်းတက်သော ဒုတိယ ဥပတိဿ မင်းလက်ထက်၌ ဘုရားရှင်လက်ထက်က ဝေသာလီပြည်၌ ဖြစ်သကဲ့သို့ ဒုဇ္ဈိက္ခန္တရဘေးဖြစ်ပေါ်လာခဲ့ရာ ရဟန်းတော်တို့ ညဉ့်သုံးယာမ်ပတ်လုံး ရတနာသုတ်ပရိတ်တော်ကို ရွတ်သဖြင့် ထိုဘေးမှ လွတ်ခဲ့သည်ဟု ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် သရေခေတ္တရာခေတ်၊ ပုဂံခေတ်ကပင် ပရိတ်ရွတ်ဖတ်မှု ရှိကြောင်း သိရသည်။ ကျန်စစ်သားမင်းကြီး နန်းတည်ကျောက်စာ၌လည်း ရဟန်းသံဃာတော်များကို ပင့်ဖိတ်ပြီး ပရိတ်ရွတ်ကြောင်း တွေ့ရပါသည်။

တကောင်းခေတ် ပဉ္စလရာဇ်တကောင်းပြည် တည်ထောင်သောအခါ ရဟန္တာမထေရ်မြတ်နှစ်ပါး ပရိတ်ရွတ်ပွားသည်ဟု မှန်နန်းရာဇဝင်၌ မှတ်တမ်းတင်ခဲ့သည်။ သရေခေတ္တရာ မြို့ဟောင်း တူးဖော်ရာတွင် ရွှေပေချပ် ၂၀-ထွက်ပေါ်လာရာ မောရပရိတ်တော် ရေးသားထားသည်ကို တွေ့ရသည်။ ဤသို့ဖြင့် ပရိတ်ရွတ်မှုသည် မြန်မာနိုင်ငံသို့ သာသနာခေတ်ဦးကပင် ရောက်ရှိနေကြောင်း တွေ့ရပါသည်။

ရှေးခေတ် ဘုရင်မင်းမြတ်များသည် မင်္ဂလာအခမ်းအနားတို့၌ လည်းကောင်း၊ မြို့တည် နန်းတည်အခမ်းအနားတို့၌လည်းကောင်း၊ ပရိတ်ရွတ်လေ့ရှိကြောင်း

သာသနာလက်ဝရစာတမ်း၊ လောကဗျူဟာအင်ရုံစာတမ်း၊ ရွှေဘုံနိဒါန်းတို့၌ အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရပါသည်။ မင်းများသည် နန်းတော်၌ ပရိတ်တော်နာဆောင်ကို သီးသန့် ဆောက်လုပ်ထားပြီး တရားနာယူကြောင်း ကိုလည်း မှတ်တမ်းများ၌ တွေ့ရပါသည်။

အဋ္ဌကထာအဖွင့်များအရ လူတို့သည် မိမိတို့အရေးကိစ္စ ပေါ်ပေါက်လာသောအခါ ရဟန်းတော်တို့ကို ပင့်ဖိတ်၍ ပရိတ်နာယူလေ့ရှိပုံကို သိရပါသည်။

ပရိတ်နာမှု၊ ပရိတ်ရွတ်မှုသည် ဘုရင်မင်းမြတ်များကိုယ်တိုင်က အလေးပြုဆောင်ရွက်ခဲ့သော ကိစ္စဖြစ်၍ တိုင်းသူပြည်သားတို့ကလည်း လေးလေးနက်နက် ယုံယုံကြည်ကြည် ခံယူပြီး ဆောင်ရွက်ခဲ့ကြသည်မှာ ယနေ့ခေတ်တိုင်ပင်ဖြစ်ပါသည်။

ပရိတ်စီစဉ်မှု

ဘုရားရှင်ကိုယ်တော်တိုင် နှုတ်တော်မြွက်၍ ဟောကြားတော်မူခဲ့သော ပရိတ်တော်တို့မှာ ပိဋကတ်သုံးပုံ ပါဠိတော်တို့ဝယ် ကြိုးကြား ကြိုးကြား တကွဲတပြားစီ ပါရှိခဲ့ပါသည်။

အရှည်ကိုမြော်မြင်တော်မူ၍ သာသနာတော်ကို အမြတ်တနိုး စောင့်ရှောက်တော်မူခဲ့ကြသော ရှေးခေတ်ဆရာတော်ကြီးများသည် ထိုပရိတ်တော်တို့ကို အများပြည်သူများအတွက် တပေါင်းတည်း စုပေါင်း၍ သီးခြားကျမ်းတစ်စောင်တစ်ဖွဲ့အဖြစ် စီစဉ်ထားပေးတော်မူခဲ့ပါသည်။

ထိုသို့ ဆရာတော်ကြီးများ စီစဉ်ရာတွင် မိလိန္ဒပဉ္ဉာပါဠိတော်၌လည်းကောင်း၊ အရှင်မဟာဗုဒ္ဓယောသမထေရ်၏ အဋ္ဌကထာတို့၌လည်းကောင်း တွေ့ရှိရသော ဟောကြားမိန့်ဆိုချက်တို့ကို မှီငြမ်းပြုလျက် စီစဉ်ခဲ့ကြခြင်းဖြစ်ပါသည်။

မိလိန္ဒပဉ္ဉာပါဠိတော်။ ၁၅၂၊ မစ္ဆရိယသုတ္တိပဉ္ဉာ၌ -

- ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓပရိတ်၊ မောရပရိတ်၊ ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ်၊ အင်္ဂုလိမာလပရိတ်တို့ကို ဖော်ပြထားပါသည်။

ပါရာဇိကဏ်အဋ္ဌကထာ (ပ၊ ၁၂၉)၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဒု-၄၄) ကို၌-

- ရတနသုတ်၊ ခန္ဓ၊ ဓဇဂ္ဂ၊ အာဋာနာဋိယ၊ မောရပရိတ်တို့ကို ဖော်ပြထားပါသည်။

ဒီဃနိကာယ် ပါထိကဝဂ္ဂအဋ္ဌကထာ (၈၁)၊ ဥပရိပဏ္ဏာသအဋ္ဌကထာ- (၄၇၉) အင်္ဂုတ္တရအဋ္ဌကထာ (၁-၃၅၈)၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၄၁၁) တို့၌

- အာဋာနာဋိယ၊ မောရ၊ ဓဇဂ္ဂ၊ ရတနပရိတ်တို့ကို အာဒိသဒ္ဒါဖြင့် ထည့်သွင်း၍ မိန့်ဆိုထားပါသည်။

အင်္ဂုတ္တရအဋ္ဌကထာ (၂-၂၁၀) မဟာနိဒ္ဒေသအဋ္ဌကထာ (၃၃၆) တို့၌

- အာဠာနာဠိယပရိတ်၊ ကသိဏိလိ၊ ဓဇဂ္ဂ၊ ဗောဇ္ဈင်၊ ခန္ဓ၊ မောရ မေတ္တာနှင့် ရတန ပရိတ် တို့ကို ထုတ်ပြထားပါသည်။

ပရိတ်ကြီးကို စီစဉ်ကြသော ရှေးဆရာတော်ကြီးတို့သည် အထက်ပါသုတ်တို့တွင် ကသိဏိလိသုတ်မှတပါး အခြားသုတ်အားလုံးကို ယူပြီး မင်္ဂလသုတ်နှင့် ပုဇ္ဇာသုတ်တို့ကို ထည့်သွင်းလျက် စီစဉ်ထားကြပါသည်။

ထိုသို့ စီစဉ်သောအခါ ရွတ်ဆိုသော ပုဂ္ဂိုလ်မှန်သမျှ ရှေးဦးကိစ္စအဖြစ် သမန္တာစက္ကဝါဠဋ္ဌေသု- စသော နတ်ပင့်နှင့် အစောင့်အရှောက်ကို လည်းကောင်း၊ သုတ်များ၏ အစတွင် ဆိုင်ရာအကျိုးပြ အမွှမ်းဂါထာတို့ကိုလည်းကောင်း ထည့်သွင်း စီစဉ်ပေးထားတော်မူခဲ့ပါသည်။

ထို့ပြင် မူရင်းအာဠာနာဠိယသုတ်သည် အာဏာတန်းခိုးပြင်းထန်သောသုတ်ဖြစ်သည်၊ ဘီလူးစသည် ဖမ်းစားပူးကပ်သောအခါမှသာ ရွတ်သင့်သောသုတ်ဖြစ်သောကြောင့် နေ့စဉ်ရွတ်ဖတ်မှုနှင့်သင့်လျော်အောင် ယင်းသုတ်မှ ဂါထာအချို့ကိုသာယူပြီး ဘုရားဂုဏ်တော်များကို ထည့်သွင်း စီစဉ်ထားခဲ့ပါသည်။

ဗောဇ္ဈင်သုတ်ကိုမူ သုတ်တော်လာအကြောင်းအရာတို့ကို သစ္စာပြု ဂါထာများသီကုံးကာ စီစဉ်ထားခဲ့ပါသည်။

ပုဇ္ဇာသုတ်ကိုမူ အင်္ဂုတ္တရနိကာယ်မှ ဘုရားဟော ဂါထာများကို ပါဝင်စေပြီးသင့်လျော်သလို ဖြည့်စွက်၍ စီစဉ်ထားခဲ့ပါသည်။

ပရိတ်ရွတ်သူနှင့် ပရိတ်နာသူတို့၏ အဂိါများ

ပရိတ်သည် ဘေးအန္တရာယ်အမျိုးမျိုးကို ကာကွယ်နိုင်သည်၊ စီးပွား ဥစ္စာလာဘ်လာဘ တိုးတတ်စေနိုင်သည် ဆိုသော်လည်း ပရိတ်ရွတ်သူနှင့် နာသူ နည်းလမ်းစည်းကမ်းမကျပါက အကျိုးအပြည့်အဝ ရမည် မဟုတ်ပါ။

ဆေးဝါး ဟူသမျှသည် ရောဂါအမျိုးမျိုးကို ပျောက်ကင်းချမ်းသာစေရန် စီမံထားသည်မှန်သော်လည်း ဆိုင်ရာ ရောဂါနှင့်သင့်လျော်အောင် ပေးခြင်း၊ အညွှန်းအတိုင်း လိုက်နာသုံးစွဲခြင်း မရှိပါက ဆေးအကျိုးခံစားရမည် မဟုတ်ပါ။

ထို့အတူပင် ပရိတ်တော်တို့မှာ ရွတ်ဖတ်သူ ပရိတ်နာသူတို့ လိုက်နာကျင့်သုံးရမည့် အောက်ပါစည်းကမ်းများနှင့် ညီညွတ်မှုသာ လိုအပ်သော အကျိုးကို ပေးစွမ်းနိုင်မည် ဖြစ်ပါသည်။

ပရိတ်ရွတ်သူ အင်္ဂါ(၃) ပါး

(၁) ပရိတ်၏ အနက် သဒ္ဒါကို ကောင်စွာ သင်ကြားပြီး တတ်သိထားခြင်း၊
(၂) ပုဒ် ဗျည်းတို့ကို မယုတ်စေရ၊ ပြည့်စုံအောင် လေ့ကျက်မှတ်သားထားခြင်း၊
(၃) လာဘ်လာဘကို မငဲ့ဘဲ မေတ္တာရှေ့ထား၍ ရွတ်ဆိုခြင်း၊

ပရိတ်နာသူ အင်္ဂါ (၃) ပါး

(၁) ပဉ္စာနန္တရိယကံ ကျူးလွန်ထားမှု မရှိခြင်း၊
(၂) ကံ၊ ကံ၏ အကျိုးမရှိဟု ခိုင်မြဲစွာ စွဲယူထားသော နိယတမိစ္ဆာဒိဋ္ဌိအယူ မရှိခြင်း၊
(၃) ပရိတ်တရားတော်အပေါ် ၌ ယုံကြည်လေးစားမှု ရှိခြင်း၊

ဤသို့လျှင် ရွတ်ဖတ်သူ၊ နာသူတို့၌ လိုအပ်သော အင်္ဂါတို့နှင့် ပြည့်စုံမှသာ ပရိတ်အကျိုးကို ခံစားကြရမည် ဖြစ်ပါသည်။

ပရိတ်နှင့် အချိန်အခါအညွှန်း

(၁) မင်္ဂလသုတ် - အလှူမင်္ဂလာ အိမ်တက်မင်္ဂလာ စသည့် မင်္ဂလာနှင့် စပ်သောအခါ၌ မင်္ဂလာသုတ်ကို ရွတ်ရမည်။
(၂) ရတနသုတ် - မြို့ရွာ၌ ရောဂနှင့်ရက်ပ် သတ္ထုနှင့်ရက်ပ် ဒုဿကွန်တရက်ပ်တို့ ဆိုက်ရောက်သည့် အခါ၌လည်းကောင်း၊ အိမ်၌ စီးပွားဥစ္စာရတနာတိုးတက်စေရန် အတွက်လည်းကောင်း ရတနသုတ်ကို ရွတ်ဖတ်ရသည်။
(၃) မေတ္တသုတ် - အရပ်သူ/သား၊ မြို့သူ/သား အချင်းချင်း မညီမညွတ်ဖြစ်သည့် အခါ နတ်တို့ခြောက်လှန့်သည့် အခါ၊ သူတပါးရန်ငြိုးထားသည့် အခါ မေတ္တသုတ်ကို ရွတ်ဖတ်ရသည်။
(၄) ခန္ဓသုတ် - မြွေ၊ ကင်း၊ သန်း စသော ဘေးအန္တရာယ်များရှိသည့် အခါမှာ ခန္ဓသုတ်ကို ရွတ်ဖတ်ရသည်။
(၅) မောရသုတ် - အနှောင်အဖွဲ့ခံရသောအခါ၊ အဖမ်းအဆီးခံရသော အခါ မောရသုတ်ကို ရွတ်ဖတ်ရပါသည်။

(၆) ဝဋ္ဌသုတ် - မီးဘေးအန္တရာယ်ရှိသောအခါ ဝဋ္ဌသုတ်ကို ရွတ်ဖတ်ရပါသည်။

(၇) ဓဇဂ္ဂသုတ် - စစ်ဖြစ်သည့်အခါ၊ ကြောက်လန့်ဖွယ်ရာ အန္တရာယ်များ ဖြစ်ပေါ်သောအခါ ဓဇဂ္ဂသုတ်ကို ရွတ်ဖတ်ရပါသည်။

(၈) အာဋာနာဋိယသုတ်- ဘီလူး၊ သရဲ၊ သဘက်တို့ ပူးကပ် ဝင်ရောက်နှောင့်ယှက်သည့်အခါ၌ အာဋာနာဋိယသုတ်ကို ရွတ်ဖတ်ရသည်။

(၉) အင်္ဂုလိမာလသုတ်- အမျိုးသမီးများ မီးမဖွားနိုင်သောအခါ အင်္ဂုလိမာလသုတ်ကို ရွတ်ဖတ်ရသည်။

(၁၀) ဇောဈင်သုတ် -နာမကျန်းဖြစ်သည့်အခါ ဇောဈင်သုတ်ကို ရွတ်ရပါသည်။

(၁၁) ပုဗ္ဗဏှသုတ် - ငြိုဟ်စီး ၊ ငြိုဟ်နင်းမကောင်းသည့်အခါ၊ ကံဇာတာညံ့သည့်အခါ၊ နိမိတ်မကောင်းသည့်အခါ၌ ပုဗ္ဗဏှသုတ်ကိုရွတ်ဖတ်ရသည်။

မင်္ဂလသုတ်ပရိတ်တော်၏ အကျိုး

ဗုဒ္ဓဘာသာဇာရားတော်တွင် ကောလာဟလခေါ် ကြိုတ်ငင်ကြွေးကော်သံတို့ ပေါ်ပေါက်တတ်ကြသည်။ မောနေယျအကျင့် ကျင့်သူ မပေါ်ပေါက်မီ ၇-နှစ်က ကြိုတင်၍ မောနေယျကောလာဟလသတင်းပေါ်ပေါက်နေသည်၊ ထို့အတူပင် မင်္ဂလကောလာဟလခေါ် မင်္ဂလာတရားပေါ်ထွက်လာမည့် သတင်းသည် ၁၂-နှစ် ကြိုတင်၍လည်းကောင်း၊ စကြဝတေးမင်း ပေါ်ပေါက်လာမည့် စက္ကဝတ္တိကောလာဟလသည် အနှစ်တစ်ရာကြိုတင်၍လည်းကောင်း၊ ဘုရားပွင့်ပေါ်တော်မူမည့် ဗုဒ္ဓကောလာဟလသည် အနှစ်တစ်ထောင်ကြိုတင်၍လည်းကောင်း၊ ကမ္ဘာပျက်မည့် ကပ္ပကောလာဟလသည် အနှစ်တစ်သိန်း ကြိုတင်၍လည်းကောင်း ပေါ်ပေါက်ခဲ့ကြသည်။

မင်္ဂလကောလာဟလအရ မင်္ဂလာဟူသော စကားသည် လူနတ်တို့အကြားဝယ် ၁၂-နှစ်တိုင်တိုင် ပြန့်နှံ့နေသည်။ မင်္ဂလာဟူသော စကားနှင့်ပတ်သက်၍ ဤအရာများကိုမြင်ရလျှင် မင်္ဂလာဖြစ်သည်ဟု ဒိဋ္ဌမင်္ဂလာသမားများက ဆိုကြသည်၊

ဤအသံများကိုကြားရလျှင် မင်္ဂလာဖြစ်သည်ဟု သုတမင်္ဂလာ သမားများက ဆိုကြပြန်သည်၊ ဤအနံ့အရသာ ဤထိတွေ့မှုတို့ကိုခံစားရလျှင် မင်္ဂလာဖြစ်သည်ဟု မုတမင်္ဂလာသမားများက ဆိုကြပြန်သည်။

ဤသို့လျှင် မင်္ဂလာဟူသောစကားကို မိမိတို့နှစ်သက်သလို အဓိပ္ပာယ်ဖွင့်ဆိုနေကြသဖြင့် တညီတညွတ်တည်း အားလုံးလက်ခံနိုင်သော ဖွင့်ဆိုချက်ကို မရရှိခဲ့ကြပေ၊ မင်္ဂလာကို ငြင်းကြ ခုံကြ အငြင်းပွားကြပြီး လူသုံးစု ကွဲပြားနေသည်။ လူတို့အယူအဆကွဲသကဲ့သို့ပင် နတ်တို့လည်း အယူကွဲကြပြန်သဖြင့် နတ်လူတို့လောကဝယ် မင်္ဂလာနှင့်ပတ်သက်၍ အခက်တွေ့အဖြေရှာမရဖြစ်နေကြသည်။ ထိုအခါ တာဝတိံသာနတ်တို့သည် အညီအညွတ်စုဝေးကြပြီး သိကြားမင်းအား မင်္ဂလာစကား၏ အဓိပ္ပာယ်ကိုမေးမြန်းကြသည်။

ထိုအခါ သိကြားမင်းက အို-နတ်အပေါင်းတို့ ထွန်းလင်းတောက်ပသော မီးပုံကြီး၏အလင်းရောင်ထင်ရှားရှိပါလျက် ပိုးစုံးကြူးအရောင်ကို အားကိုးနေသကဲ့သို့ မင်္ဂလာတရားအားလုံးကို အကြွင်းအကျန်မရှိ အကုန်အစင်သိမြင် ဟောကြားတော်မူနိုင်သော မြတ်စွာဘုရားရှင်ထင်ရှားရှိနေပါလျက် အသင်တို့သည် ငါ့ကို ဘာကြောင့် လာမေးနေကြသလဲ။

အချင်းနတ်သားတို့ . . . လာ သွားကြကုန်စို့ မြတ်စွာဘုရားအား မေးလျှောက်ကြကုန်အံ့ဟုံ သိကြားမင်းက နတ်အများတို့ အား မိန့်ကြားလေသည်။ ထို့နောက် သိကြားမင်းသည် စကားအရာလိမ္မာကျွမ်းကျင်သော နတ်သားတစ်ဦးအား မင်္ဂလာစကားမေးလျှောက်ရန် စေလွှတ်လေသည်။

ထိုအချိန်၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏၊ သိကြားမင်း စေလွှတ်လိုက်သော နတ်သားသည် သန်းခေါင်ယံအချိန်၌ ဇေတဝန်ကျောင်းတိုက်ကြီး တစ်ခုလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေပြီး မြတ်စွာဘုရားကိုရှိခိုးကာ မတ်တပ်ရပ်လျက် မင်္ဂလာတရားဟောကြားတော်မူပါရန် လျှောက်ထားမေးမြန်းလေသည်။

ဘုန်းတော်ကြီးလှပါသော မြတ်စွာဘုရား. . . နတ်လူများစွာ သတ္တဝါတို့သည် ခုရောနောင်ပါ သံသရာတစ်လျှောက်လုံး ကြီးပွားချမ်းသာရေးကို လိုလား တောင့်တကြပါကုန်သည်ဖြစ်၍ မင်္ဂလာတရားတော်ကို စဉ်းစားကြံစည်ကြပါကုန်၏ အရှင်ဘုရား။ ၁၂-နှစ်ကြာ ကြံစည်ကြပါကုန်သော်လည်း အဖြေမှန် ရှာမရကြပါသဖြင့် တစ်လောကလုံး၏ အစီးအပွားကို ပေးဆောင်နိုင်သော ကောင်းမွန်မှန်ကန်မြင့်မြတ်လှသည့် မင်္ဂလာတရားတော်ကို ဟောပြတော်မူပါ အရှင်ဘုရားဟု မင်္ဂလာတရား

ဟောပြတော်မူရန် တောင်းပန်လျှောက်ထားသဖြင့် ၃၈-ဖြာ မင်္ဂလာတရားတို့ကို ဟောကြားတော်မူလေသည်။ ထိုမင်္ဂလာတရားပွဲတော်သို့ စကြဝဠာတိုက်တသောင်းမှ နတ်ပြဟ္မာများစွာတို့ လာရောက် တရားနာယူကြလေသည်။ တရားပွဲပြီးဆုံးသောအခါ နတ်ပြဟ္မာပေါင်း ကုဋေတစ်သိန်းရဟန္တာ ဖြစ်ကြလေသည်။ သောတာပန် သကဒါဂါမ် အနာဂါမ်များအဖြစ် မရေမတွက်နိုင်အောင် ဖြစ်ကြကုန်၏။

၃၈-ဖြာမင်္ဂလာတရားများကို လိုက်နာကျင့်ကြံကုန်သော သူတို့သည် ဤလောကတွင် စည်းစိမ်ဥစ္စာ ကျက်သရေမင်္ဂလာတို့ နေ့စဉ်နေ့တိုင်း တိုးတက်ပြီးကောင်းကျိုးမင်္ဂလာ စည်ပင်ပွားများ ဝေဖြာကြမည်၊ ဘေးရန်များကင်းဝေးပြီး ချစ်သူခင်သူပေါများကြမည်၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြမည်၊ မိမိပြောဆို ကြံစည်လုပ်သမျှ အောင်မြင်ကြရမည်၊ မင်္ဂလာတရားတော်ကို ကျင့်ကြံသူတို့သည် လောကီလောကုတ္တရာ အဖြာဖြာတိုးတက်ကြမည်၊ အရှုံးနှင့်မတွေ့ကြုံရဘဲ အမြဲထာဝရ အောင်ပန်းများကိုသာ ပန်ဆင်ကြရမည်၊ ထို့ကြောင့် အကဲ့ဒိုးပွား များပြားမြင့်မြတ်လှသည့် မင်္ဂလာတရားတော်တို့ကို ကျက်မှတ်ရွတ်ပွား ကျင့်ကြံအားထုတ်ရမည်ဖြစ်ပေသည်။

ရတနသုတ်ပရိတ်တော်၏ အကျိုး

ဝေသာလီပြည်သည် ဘုရားရှင် ပွင့်တော်မူစဉ်အခါက ဝပြောသာယာ သောပြည်ကြီးတစ်ပြည် ဖြစ်လေသည်။ တချိန်တွင် ဝေသာလီပြည်၌ မိုးလေဝသမမှန် ကောက်ပဲသီးနှံ အပျက်အစီး များပြား၍ ငတ်မွတ်ခေါင်းပါးမှုဖြစ်ပွားသည်၊ ငတ်မွတ်ရာမှ ဆင်းရဲသားတို့ သေကြေပျက်စီးရလေသည်၊ သေသူတွေ များလွန်း၍ သေသူအလောင်းများကို မစွန့်ပစ်နိုင်တော့ချေ။ လူသေတို့၏ အပုပ်နံ့ကြောင့် ပြင်းထန်သော မြွေဆိပ်ကဲ့သို့ လျင်မြန်စွာ ကူးစက်သည့် ရောဂါများဖြစ်ပေါ်လာသည်။ မြေဘုတ်ဘီလူး၊ တစ္ဆေ၊ သရဲတို့ကလည်း မြို့တွင်းသို့ဝင်ကာ လူသေတို့ကို စားကြလေသည်။

ဤသို့ ဝေသာလီပြည်၌ ရောဂါဘေး၊ ဘီလူး သရဲဘေး ငတ်မွတ်ခေါင်းပါးဘေးဟူသော ဘေးသုံးမျိုး ကျရောက်နေသောအခါ ဝေသာလီပြည်သူပြည်သားများသည် လိစ္ဆဝီမင်းတို့နှင့် ညှိနှိုင်းကြပြီးလျှင် ဘုရားရှင်ကို ပင့်ဖိတ်ရန် ဆုံးဖြတ်ကြသည်။ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရထံသို့ လက်ဆောင်ပဏ္ဏာနှင့်တကွ တမန်စေလွှတ်ပြီး ဘုရားရှင်ကို ပင့်ဖိတ်လျှောက်ထားကြသည်။

ဘုရင် ဗိမ္ဗိသာရသည် ရာဇဂြိုဟ်မှ ဝေသာလီသို့သွားရာ လမ်းခရီးကို

ပြုပြင်ပေးသည်။ ဘုရားရှင်သည် ရဟန်းငါးရာခြံရံပြီး ဝေသာလီသို့ကြွသည်။ ဘုရင်ဗိမ္ဗိသာရက ရာဇဂြိုဟ်မှ ဂင်္ဂါမြစ် ရောက်သည်အထိ ငါးရက်ခရီးတွင် ဘုရားရှင်နှင့် သံဃာ တော်တို့အား ဆွမ်း ပန်း ရေချမ်းတို့ဖြင့် လိုက်၍ ပြုစုလုပ်ကျွေးသည်။

ဂင်္ဂါမြစ်တစ်ဘက်ကမ်းသို့ ရောက်တော်မူသောအခါ လိစ္ဆဝီမင်းနှင့် ပြည်သူ ပြည်သားများသည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့အား ဗိမ္ဗိသာရမင်း ပူဇော်သည်ထက် မယုတ်လျော့ရအောင် ပူဇော်ကြလျက် ပင့်ဆောင်ကြသည်။ လိစ္ဆဝီမင်းတို့သည် လည်မျိုးအထိ ရေထဲသို့ ဆင်းကာ ဘုရားရှင်ကို ကြိုဆိုကြသည်။

ထိုခဏာမှာပင် ကောင်းကင်ပြင်၌ မိုးတိမ်များအုံ့မှိုင်းလာပြီး လျှပ်စီးများလက်၍ မိုးထစ်ချုန်းကာ မိုးကြီးရွာမည့်ပုံဖြစ်လာသည်။ ဘုရားရှင် ဂင်္ဂါမြစ်တစ်ဘက်ကမ်းသို့ ပထမခြေချလိုက်သည်နှင့် တပြိုင်နက် ပေါက္ခရဝဿ မိုးကြီးရွာချလေသည်။

ဝေသာလီပြည်၌ ပုဆစ်ဒူးလောက်၊ ပေါင်လောက်၊ ခါးလောက်ပမာဏ ရှိသော ရေတို့သည် ဖြစ်ပေါ်လာလျက် မြို့တွင်းရှိလူသေကောင် အပုပ်နံ့ဟူသမျှတို့ကို ဆေးကြောပြီး ဂင်္ဂါမြစ်ထဲသို့ မျောပါစေသည်။

မြတ်စွာဘုရားရှင်သည် ဂင်္ဂါမြစ်ကမ်းမှ ဝေသာလီပြည်သို့ သုံးရက်ခရီး ကြွသွားတော်မူသည်။ မြို့တံခါးသို့ ဘုရားရှင် ခြေချသောအခိုန်မှစ၍ ဘီလူး၊ သရဲတစ္ဆေ အများအပြား ထွက်ပြေးကြကုန်သည်။

ဘုရားရှင်သည် ရှင်အာနန္ဒာကို ခေါ်တော်မူပြီးလျှင်--

> ချစ်သား အာနန္ဒာ ရတနသုတ်ကို ငါဘုရားထံမှသင်ယူ၍ လိစ္ဆဝီမင်းသားတို့နှင့်အတူ မြို့ရိုးတံတိုင်း(၃)ထပ်တို့အကြား၌ လှည့်လည်၍ ရွတ်လေဟု မိန့်ကြား သည်။

ရှင်အာနန္ဒာသည် ဘုရားရှင်ထံမှ ရတနသုတ်ပရိတ်ကိုသင်ယူပြီး ဝေသာလီပြည် တံတိုင်းကြီးသုံးထပ်အကြား၌ စင်္ကြန်သွားကာ ပရိတ်ရွတ်တော် မူသည်၊ တစ်မြို့လုံးကို ပရိတ်ရေဖြင့်ဖြန်းလျက် လှည့်လည်တော်မူသည်။

ရှင်အာနန္ဒာမထေရ်မြတ်သည် ရတနသုတ်ပရိတ်တော်ကို ရွတ်ဆို၍ ပရိတ်ရေများပက်ဖြန်းစဉ် ထိုရေတို့သည် ပန်းပွင့် ပန်းပေါက်ကဲ့သို့ ကောင်းကင်ခရီးဖြင့် သွားပြီး အနာရောဂါကျရောက်နေသူများထံသို့ ထူးဆန်းစွာ ကျရောက်လေသည်။ ပရိတ်ရေစင် ရေပေါက်ကျရောက်သူတို့သည် ချက်ချင်းပင် ရောဂါပျောက်ကင်းကုန်ကြသည်။ ရောဂါပျောက်၍ ကျန်းမာမှုရှိလာကြသော သူတို့သည် ရှင်အာနန္ဒာထံသို့ ဝိုင်းလာကြပြီး ပူဇော်ကြသည်။

ဘုရားရှင်သည် လိစ္ဆဝီမင်းတို့ဆောက်လုပ်အပ်သော မဏ္ဍပ်ကျောင်း၌ ပရိသတ်အပေါင်း ခြံရံလျက် သီတင်းသုံးနေလေသည်။ သိကြားမင်းစသော နတ်အပေါင်းတို့သည်လည်း ဘုရားရှင်ထံသို့ လာရောက်ရှိခိုး ပူဇော်ကြသည်။

ရှင်အာနန္ဒာသည် ပရိတ်ရွတ်ဆိုပြီးသည့်အဆုံး၌ ရောဂါပျောက်သူ ပရိတ်သတ်အပေါင်း ခြံရံလျက် ဘုရားရှင်ထံသို့ ပြန်ကြွလာသည်၊ မြတ်စွာဘုရားရှင်သည် ထိုပရိတ်သတ်အပေါင်းတို့အား တရားဟောကြားတော်မူသည်။ ဝေသာလီပြည်ကြီးသည် ထိုအချိန်မှစ၍ ကျရောက်နေသော ဘေးကြီးသုံးမျိုးလုံး ပျောက်ကင်းသွားပြီး သာယာဝပြောလာလေသည်။

ရတနသုတ် ပရိတ်တော်သည်ကား ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့၏ဂုဏ်ကို သီကုံးဖွဲ့ဆိုထားသော သုတ်တော်ဖြစ်သည်။ အရှင်အာနန္ဒာမထေရ် ပရိတ်ရွတ်ပွားသကဲ့သို့ ကရဏီယစိတ်ပွားများ၍ ဂုဏ်တော်တို့ကို အာရုံပြုကာ ရွတ်ပွားပါလျှင် အစားအစာရှားပါးမှုကင်းဝေးပြီး အစားအသောက်များ ပေါများနိုင်သည်၊ အနာရောဂါများ မကပ်မရောက်နိုင်ဘဲ ကြောက်မက်ဖွယ်ရာ ကပ်ရောဂါတို့မှ ကင်းဝေးနိုင်သည်၊ မိမိအိမ် မိမိ မိသားစု၊ မိမိ ရပ်ရွာမြို့နယ်တို့တွင် ဤပရိတ်တော်ကို ရွတ်ပွားပါက အန္တရာယ်အမျိုးမျိုးမှ အကာအကွယ် ပေးစွမ်းနိုင်သည်၊ ဖြစ်ပွားနေသော ရောဂါတို့လည်း အလျင်အမြန် ကင်းကွာ ပျောက်ကွယ်နိုင်သည်။

လူတို့ကို နှိပ်စက်တတ် ဒုက္ခပေးတတ်သော အစိမ်းသရဲ ဟစ္ဆေ မြေဘုတ်စုံး နတ် ကဝေ၊ နတ်မိစ္ဆာတို့သည် အနီးအပါးသို့ မကပ်မရောက်နိုင်ဘဲ အရပ်တပါးသို့ ထွက်ပြေးကြရသည်။ မိမိကို ဒုက္ခမပေးနိုင်၊ မနှိပ်စက်နိုင်ကြပေ၊ ဤပရိတ်တော် တန်ခိုးအာနိသင်မှာ စကြဝဠာပေါင်း ကုဋေတစ်သိန်းထိ လွှမ်းမိုးနိုင်အာဏာပေးနိုင်သော တန်ခိုးသတ္တိ ထူးရှိသဖြင့် နေ့စဉ်မှန်မှန် ရွတ်ဆိုနာကြား သင်္ဂါယာကြရပေမည်။

မေတ္တာ သုတ်ပရိတ်တော်၏ အကျိုး

အခါတစ်ပါး၌ ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီးလျှင် ဟိမဝန္တာနှင့် တစ်စပ်တည်းနေသော တောအုပ်တစ်ခုသို့ဝင်ရောက်ကာ သစ်ပင်ရင်းများ၌ တရားအားထုတ်နေကြသည်။ ရဟန်းတို့၏ သီလတန်ခိုးကြောင့် သစ်ပင်ထက်ရှိ နတ်များမှာ သစ်ပင်ထက်တွင် မနေဝံ့ကြတော့ဘဲ ကလေးများကိုလက်ဆွဲကာ လှည့်လည်နေကြရကုန်သည်။

တနေ့ပြန်နိုးနိုးနှင့် စောင့်နေခဲ့ရာ ရဟန်းများပြန်တော့မည် မဟုတ်သည်ကို သိရ၍ မနေဝံ့အောင် ညဉ့်အခါ၌ ကြောက်မက်ဖွယ် အဆင်းအသံများပြကာ ခြောက်လှန့်. ကြလေသည်။ ရဟန်းများသည် ထိတ်လန့်ကြ၍ ရောဂါအမျိုးမျိုးရကာ သမာဓိမရ ဖြစ်ကြရသည်။ ရဟန်းတို့သည် ငါတို့တတွေ ဤအရပ်မှာ မနေသင့်ဟု ဆုံးဖြတ်ပြီးလျှင် ဘုရားရှင်ထံသို့ ပြန်ကြွသွားကြကာ ဤအကြောင်းကို လျှောက်ထားကြသည်။

ဘုရားရှင်သည် ဤရဟန်းများအတွက် ဤအရပ်မှလွဲ၍ အခြားသင့်လျော်သော အရပ်မရှိဟု မြင်တော်မူ၍ ထိုအရပ်၌ပင် ပြန်လည်နေကြရန် မိန့်တော်မူကာ မေတ္တာသုတ်ကို ကမ္မဋ္ဌာန်းအလို့ငှာလည်းကောင်း၊ အကာအကွယ် အရံအတား အလို့ငှာလည်းကောင်း သင်ကြားပေးတော်မူလိုက်သည်။

ရဟန်းတော်များသည် ထိုနေရာသို့ပြန်လာကြပြီးလျှင် ဘုရားရှင်သင်ပေးညွှန်ကြားအပ်သည့်အတိုင်း မေတ္တာသုတ်ကို ရွတ်ဆိုလျက် မေတ္တာဘာဝနာ ပွားများကြရာ နတ်များက ချစ်ခင်မြတ်နိုးလာကြလျက် ဝတ်ကြီး ဝတ်ငယ်များကိုပင် ပြုလုပ်ပေးကြသည်၊ စောင့်ရှောက်ကြသည်။ ရဟန်းတော်များသည် မေတ္တာဘာဝနာပွား၍ ထိုမေတ္တာကို အခြေခံကာ ဝိပဿနာအားထုတ်ကြရာ ထိုဝါတွင်းမှာပင် အားလုံးရဟန္တာ ဖြစ်သွားကြလေသည်။

ထို့ကြောင့် ဤမေတ္တာသုတ်ပရိတ်တော်၏ တန်ခိုးအာနုဘော်ကြောင့် မကောင်းဆိုးဝါး နတ် မိစ္ဆာ တစ္ဆေ သရဲတို့သည် မခြောက်လှန့်နိုင်ကြပေ။ ဤမေတ္တာသုတ်တော်ကို နေ့စဉ် မှန်မှန်ရွတ်ပွား၍ မေတ္တာဘာဝနာပွားများအားထုတ်နေကြလျှင် ချမ်းသာစွာ အိပ်ရခြင်း၊ ချမ်းသာစွာ နိုးရခြင်း၊ အိပ်မက်ကောင်းများမက်ရခြင်း၊ လူတို့ နတ်တို့ချစ်ခင်ကြခြင်း၊ မေတ္တာဘာဝနာကြောင့် စွာန်ရသူဖြစ်ပါက ကွယ်လွန်သောအခါ ပြဟ္မာပြည်သို့လားရောက်ရခြင်းစသော မေတ္တာအကျိုး (၁၁)မျိုးကို ရရှိနိုင်ပေသည်။ သို့ဖြစ်၍ အကျိုးများပြားလှသော မေတ္တာသုတ်ကို ရွတ်ပွားကျင့်ကြံရပေသည်။

ဓနသုတ်ပရိတ်တော်၏ အကျိုး

မြွေဆိုးအတွက် ပရိတ်မေတ္တာ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ၌ ရဟန်းတစ်ပါးသည် အဆိပ်ပြင်းထန်သော မြွေအကိုက်ခံရ၍

ပျံလွန်တော်မူလေသည်။

ထိုအကြောင်းကို ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က ထိုရဟန်းမှာ- ဝိရူပက္ခစသော နဂါးမျိုးတို့၌ မေတ္တာပို့လျှင် အကိုက်ခံရမည် မဟုတ်ကြောင်း မိန့်တော်မူ၍ မိမိ၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ရန် အတွက် ဝိရူပက္ခေဟိ မေ မေတ္တံ- စသော ခန္ဓသုတ်ပရိတ်တော်ကို ဟောတော်မူပြီး ပရိတ်အရံအတားကို ခွင့်ပြုတော်မူခဲ့ပါသည်။

ဘုရားဖြစ်တော်မူသည့်အခါမှသာ ဤခန္ဓပရိတ်တော်ကို ဟောကြားခွင့်ပြုတော်မူသည်မဟုတ်၊ ဘုရားလောင်း ရသေ့ဖြစ်စဉ်ကလည်း ရသေ့အပေါင်းအား ဤခန္ဓပရိတ်ကို သင်ကြားပေးခဲ့ဖူးပေသည်။

ဘုရားလောင်းသည် ရသေ့ရဟန်းပြုကာ ဟိမဝန္တာ၌ ရသေ့များစွာနှင့် နေစဉ် ရသေ့တစ်ပါး မြွေကိုက်ခံရ၍ သေရခြင်းမှာ မြွေမျိုးတို့၌ မေတ္တာမပို့ခြင်းကြောင့်ဟု အမိန့်ရှိပြီး မေတ္တာပို့ပုံကို နည်းပေးသောအားဖြင့် ဤခန္ဓသုတ်ပရိတ်တို့ကိုပင် သင်ပေးခဲ့သည်။ ဤသုတ်ကား မေတ္တာပွားခြင်း၊ ဘုရားဂုဏ်တော်ပွားများခြင်းတို့ဖြင့် ပြုစီရင်ထား သော ဗုဒ္ဓမန္တန်တော်ကြီးဖြစ်၏။ သတ္တဝါများ အပေါ်၌ မေတ္တာအထူး ရောက်စေလျက် ဘုရားကို လွန်စွာကြည်ညိုအားထားသူများအဖို့ ဤသုတ်၏အစွမ်းအာနုဘော်ကို ကိုယ်တွေ့ ခံစားကြရမည်ဖြစ်၏။ ထိုသူများအဖို့ မြွေစသော သတ္တဝါများ ရန်မမူဘဲ ရှောင်ရှားကြသည့်အပြင် မြွေကိုက်ခံရသူအား ဤသုတ်ကို ရွတ်ဖတ်ကုသပေးခြင်းဖြင့် အဆိပ်ကို ပယ်ဖျောက်စေနိုင်ပါသည်။

ဤသုတ်တော်ကို ရွတ်ဖတ်ခြင်းဖြင့် အဆိပ်ပြင်းထန်သော မြွေ ကင်း စသော သတ္တဝါတို့၏ အဆိပ်ဘေးဒဏ်ကို ကာကွယ်နိုင်သည်၊ နတ်မန္တန်ဆေးကဲ့သို့ အဆိပ်ကို ပျယ်စေနိုင်၏။ အခြား ဘေးရန် အန္တရာယ်များကိုလည်း တားဆီးကာကွယ်နိုင်၏။ လောကဓာတ်ပေါင်း ကုဋေတစ်သိန်း အာဏာခေတ်အတွင်း၌ နေထိုင်ကြကုန်သော သတ္တဝါအားလုံးတို့အတွက် အမြဲထာဝရ အန္တရာယ်ကို ကာကွယ်ပေးနိုင်သော တန်ခိုးသတ္တိအာနုဘော်ရှိသဖြင့် ဤသုတ်တော်ကို အမြဲမပြတ် ရွတ်ဖတ်သင့်ပေသည်။

မောရသုတ်ပရိတ်တော်၏ အကျိုး

ဘုရားလောင်းသည် ဥဒေါင်းမင်းဖြစ်စဉ်အခါက ဟိမဝန္တာဒေသ ဒက္ခကဟိရည တောင်၌နေသည်၊ အဆင်းကား ရွှေရောင်အဆင်းရှိသည်။

ရွှေဥဒေါင်းမင်းသည် နေထွက်ချိန်တွင် နေကိုကြည့်ကာ ဥဒေတယံ- စသော ဂါထာတော်ကို ရွတ်ဆို၍ နေမင်းနှင့်တကွ ဘုရားရှင်တို့ကို ရှိခိုးပြီးမှ အိပ်တန်း

ဆင်းကာ အစာရှာထွက်လေ့ရှိသည်။ ညနေတွင်လည်း တောင်ထိပ်မှနေ၍ ဝင်သော နေကိုကြည့်ကာ အပေတယ်- စသော ဂါထာကိုရွတ်ဆို၍ နေမင်းနှင့်တကွ ဘုရားရှင်တို့ကို ရှိခိုးပြီးမှ အိပ်တန်းဝင်တတ်၏။

ဤပရိတ်တန်းခိုးကြောင့် ရွှေဥဒေါင်းမင်းမှာ ကြောက်လန့်ခြင်း ကြက်သီးထခြင်းများ မရှိခဲ့ပေ။ အန္တရာယ်အားလုံးကင်းဝေးပြီး ကျန်းမာချမ်းသာစွာ နေထိုင်ရသည်။

တစ်နေ့တွင် ဗာရဏာသီပြည်မှ မုဆိုးတစ်ယောက်သည် ဟိမဝန္တာ၌ တောလှည့်လည်စဉ် ရွှေဥဒေါင်းမင်းကိုတွေ့မြင်ခဲ့၍ မိမိ၏သားကို နေရာဌာနအတိုက်အနှင့် သွားရမည့်ခရီးစဉ်ကိုပါ ပြောပြထားခဲ့သည်။

ဗာရာဏသီမင်း၏ မိဖုရား ခေမာဒေဝီသည် ရွှေဥဒေါင်းမင်း တရားဟောသည်ကို နာရသည်ဟု အိပ်မက် မြင်မက်ပြီး ထိုတရားနာလိုသော စိတ်ဖြင့် မအိပ်နိုင်၊ မစားနိုင် ဖြစ်နေလေသည်။ ဘုရင်ကမေး၍ မိဖုရားက ရွှေဥဒေါင်းမင်း၏တရားကို နာလိုကြောင်း လျှောက်ထားသည်။

ဘုရင်သည် မုဆိုးကျော်တို့ကို ခေါ်ယူပြီး စုံစမ်းရာ ဖခင်ထံမှကြားခဲ့ မှတ်သားခဲ့ရသောမုဆိုးက ဒဏ္ဍကဟိရညတောင်ဝယ် ရွှေဥဒေါင်းမင်းရှိကြောင်း သူ့ဖခင်မသေမီက ပြောပြသွားသည့်အကြောင်းကို လျှောက်ထားသည်။ ဘုရင်က ထိုမုဆိုးကိုပင် ထိုတောင်သို့သွားပြီး ရွှေဥဒေါင်းမင်းကို ဖမ်းယူခဲ့ရန် စေလွှတ်ခဲ့သည်။

မုဆိုးသည် ဟိမန္တာသို့သွား၍ ရွှေဥဒေါင်းမင်း အစာရှာရာမြေပြင်တဝိုက်၌ ကျော့ကွင်းထောင်၍ဖမ်းသည်၊ ခုနစ်နှစ်ကြာခဲ့သည်။ ဖမ်းမရချေ၊ မုဆိုးသည် ထိုတော၌ပင် သေဆုံးခဲ့သည်။

ခေမာဒေဝီမိဖုရားသည် ရွှေဥဒေါင်းမင်း၏ တရားမနာရသော သောကဖြင့် နှတ်ရွာစံခဲ့ရလေသည်။ ဘုရင်သည် မိဘုရားသေဆုံးရသဖြင့် ရွှေဥဒေါင်းမင်းကို စိတ်နာကာ -ဟိမဝန္တာတော ဒဏ္ဍကဟိရည တောင်ထိပ်မှ ရွှေဥဒေါင်းမင်း၏ အသားကို စားရသူသည် မအိုနိုင်၊ မသေနိုင်- ဟူ၍ ရွှေပြားပေါ်တွင် အက္ခရာကမ္မည်းရေးထိုးခဲ့ပြီး မကြာမီပင် နှတ်ရွာစံလေသည်။ ထိုစာကိုမြင်ရသော နောက်မင်းများသည် မုဆိုးများကိုလွှတ်ကာ ဖမ်းစေခဲ့သော်လည်း ဖမ်းမရနိုင်ခဲ့ပေ၊ မင်းဆက်ခြောက်ဆက်တိုင် လွန်ခဲ့သည်။

ခုနစ်ဆက်မြောက်မင်းလက်ထက်တွင် လွှတ်သော မုဆိုးသည် အကြံတစ်ခုရသည်။ ဒေါင်းပျံမကိုမွေးပြီး ကတတ် တွန်တက်အောင် သင်ပေးထားသည်။ ထိုဥဒေါင်းပျံမကို ယူပြီး မုဆိုးသည် ရွှေဥဒေါင်းမင်းထံသို့ သွားသည်၊ ဥဒေါင်းပျံမကို "မ" သံ ပေးစေသည်။ ဘုရားလောင်း ဥဒေါင်းမင်းသည် "မ" သံကိုကြားသောအခါ ပရိတ်ရွတ်မှုကို သတိမရတော့ဘဲ သွားခဲ့ရာ ကျော့ကွင်း၌ မိခဲ့ရသည်။ မုဆိုးသည်

ရွှေညဒေါင်းမင်းကိုဖမ်းပြီး ဘုရင်ထံဆက်သသည်။ ရွှေညဒေါင်းမင်းက မိမိကိုဖမ်းခြင်း အကြောင်းမေးသည်။ ဘုရင်က ရွှေညဒေါင်းမင်း၏ အသားကိုစားရက မအို မသေနိုင်ဆို၍ ဖမ်းရကြောင်း ကိုပြောပြသည်။

"အရှင်မင်းကြီး ကျွန်ုပ်ကား မသေရပြီလော၊ သေရမည်ဖြစ်သည်။ ကျွန်ုပ် သေရလျှင် ကျွန်ုပ်၏အသားကို စားသောသူလည်း အဘယ်ကြောင့် မသေဘဲ ရှိပါအံ့နည်း"

"ဥဒေါင်းမင်းက ရွှေအဆင်းရှိသောကြောင့်ဖြစ်ပါသည်"

"မင်းကြီး မင်ကြီးထင်သလိုမဟုတ်ပါ"

"မင်းကြီး ကျွန်ုပ်ရွှေအဆင်းရှိခြင်းမှာ အကြောင်းရှိပါသည်၊ ရှေးအခါက စကြာမင်းဖြစ်စဉ် မိမိသည် ငါးပါးသီလကျင့်သုံးပြီး လူအားလုံးကိုလည်း ကျင့်သုံးစေသော ကောင်းမှုကံကြောင့်ဖြစ်ပါသည်"

ရွှေညဒေါင်းမင်းက ဤသို့ပြောပြီး စကြာမင်းဖြစ်စဉ်က စီးခဲ့သောရထားမှာ ဤမင်္ဂလာကန်တော်ထဲ၌ရှိကြောင်းပြောပြသည်။ ကန်မှဆယ်ယူသောအခါ မင်္ဂလာရထားကိုရ၍ မင်းကြီးသည် ဥဒေါင်းမင်း၏ပြောသောစကားကို ယုံကြည်သွားသည်။

ဘုရားအလောင်း ရွှေညဒေါင်းမင်းက "မြတ်သောမင်းကြီး သေခြင်းကင်းရာ နိဗ္ဗာန်မှတပါး ကျန်သော သခီါရတရားအားလုံးတို့သည် မမြဲကြကုန်၊ ပျောက်ကွယ်ခြင်း၊ ပျက်စီးခြင်းသဘောရှိကြကုန်၏" စသည်ဖြင့်မမြဲသော သဘောကို ဟောပြပြီး မင်းကြီးအား ငါးပါးသီလလုံခြုံစေ၏။ ဘုရင်သည် ဘုရားလောင်း ရွှေညဒေါင်းမင်းအား ကြည်ညိုလှသဖြင့် ထီးနန်းကို လှူဒါန်းသည်။ ရွှေညဒေါင်းမင်းလည်း ဘုရင်အား ထီးနန်းကို ပြန်လည်ပေးအပ်ကာ ကုသိုလ်ကောင်းမှုများကို မမေ့မလျော့ပြုလုပ်ရန် ဆုံးမသြဝါဒပေးပြီး ဟိမဝန္တာသို့ပြန်သွားလေသည်။ ဘုရင်မင်းကြီးသည် ဘုရားအလောင်း ရွှေညဒေါင်းမင်း၏ သြဝါဒအတိုင်း ဒါန သီလ တရားများကို ပြုလုပ်လေသည်။

ဤမောရသုတ်ပရိတ်တော်သည်ကား ဘုရားအလောင်း ရွှေညဒေါင်းမင်း အိပ်တန်းတက်၊ အိပ်တန်းဆင်း ရွတ်ဖွားခဲ့သော ပရိတ်တော်ဖြစ်သည်။ မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူသောအခါ ဤမောရသုတ်ပရိတ်တော်ကို ထပ်မံဟောကြားတော်မူခဲ့သည်။ ဤပရိတ်တော်၏တန်ခိုးကြောင့် ရန်သူတို့အန္တရာယ်မှ လွတ်ကင်းနိုင်သည်။ မလိုသူတို့ နည်းမျိုးစုံဖြင့် ကြိုးပမ်းနှိပ်စက်သော်လည်း အန္တရာယ်မဖြစ်နိုင်ပေ။

ပြဟ္မမန္တန်ခေါ် အမြင့်မြတ်ဆုံးသော ပရိတ်တော်ဖြစ်သဖြင့် အိပ်ယာဝင် အိပ်ယာထ ရွတ်ဖတ်သင့်ပေသည်။

ဝဋ္ဋသုတ်ပရိတ်တော်၏ အကျိုး

ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိရန်အတွက် ပါရမီအဆောက်အဦများကို ကြိုးစားဖြည့်တင်းနေတော်မူစဉ် ဘဝတစ်ခုတွင် မဂဓတိုင်း တစ်ခုသောတောအုပ်ဝယ် ငုံးမျိုးဌဖြစ်သည်။ ဥမ္မ ပေါက်ကာစအခါဌပင် အိမ်ကြက်ပမာဏအရွယ်ရှိသည်။ ငုံးငယ်၏ မိဘတို့သည် ငုံးငယ်ကို အသိုက်ဌ ထားကာ အစားအစာကိုကောင်းစွာ ရှာဖွေကျွေးကြကုန်၏။

တစ်နေ့တွင် ထိုနေရာဌ တောမီး အကြီးအကျယ်လောင်လေသည်။ ဌက် အပေါင်းတို့သည် သေဘေးမှ ကြောက်သည်ဖြစ်၍ အဝေးသို့ ပျံပြေးကြသည်။

ငုံးငယ်၏ မိဘတို့သည်လည်း သေဘေးမှကြောက်၍ ငုံးငယ်ကို ပစ်ကာ ပျံပြေးကြသည်။ ငုံးငယ်သည် အသိုက်ဌဝပ်လျက် လည်ကိုမော့ကာ တဖြည်းဖြည်း လောင်လာသော တောမီးကို ကြည့်၍ စဉ်းစားမိသည်။

ငါတွင် အတောင်ရှိလျက် ကောင်းကင်သို့ ပျံနိုင်သော အစွမ်းမရှိချေ၊ ခြေထောက်များရှိလျက် သွားနိုင်သော အစွမ်းလည်း မရှိပေ၊ အကယ်၍ရှိမူ ငါသည် ဤမီးဘေးမှ ဝေးရာသို့ ပျံနိုင်ပေမည်။ ယခု ငါ၏မိဘတို့သည် သေဘေးမှ ကြောက်၍ ပြေးကြပြီ၊ ငါတွင် အားကိုးစရာမရှိ၊ မှီခိုးစရာလည်းမရှိ ဤလောကဌ သီလ ကျေးဇူးသည် ရှိ၏၊ လွန်လေပြီးသောအခါဌ ပါရမီတို့ကို ဖြည့်ဆည်းပြီး သစ္စာလေးပါးကို သိတော်မူကုန်သော သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ အရတတ္တဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံကုန်သော မှန်ကန်ခြင်း၊ ချစ်ခြင်း၊ သနားခြင်း၊ သည်းခံခြင်းနှင့် ပြည့်စုံကုန်သော သဗ္ဗညုဘုရားရှင်တို့ မည်သည် ဤလောကဌ ရှိကြကုန်၏။ ထိုဘုရားရှင်တို့ သိအပ်ကုန်သော တရားတို့သည်လည်း ရှိကုန်၏။ ငါသည် ဤပရိန်ဗာန်စံဝင်ပြီးသော ဘုရားရှင်တို့၏ ကျေးဇူးနှင့် ငါတွင်ဖြစ်နေသော အဖြစ်မှန်သစ္စာသဘောတရားတို့ကို သစ္စာဆိုရပါမူ ဤတောမီးဘေးမှ လွတ်ပေရာ၏။

ငုံးငယ်သည် ဤသို့စဉ်းစားမိပြီး ပွင့်တော်မူပြီးသော ဘုရားရှင်တို့ကို အာရုံပြု၍ တရားတော်ဂုဏ်၏ စွမ်းအားကို အောက်မေ့ဆင်ခြင်ကာ သစ္စာစကားကို အောက်ပါ အတိုင်း ဆိုလေသည်-

ငါ့မှာ အတောင်များရှိပါသည်၊ သို့သော် မပျံနိုင်သေးပါ။ ခြေထောက်များလည်းရှိပါသည်။ သို့သော် မသွားနိုင်သေးပါ၊ အမိအဘတို့လည်း သေမည့်ဘေးကြောင့် ငါ့ကိုထားခဲ့၍ ထွက်ပြေးသွားကြပါပြီ၊ အို . . . တောမီးကြီး ဤမှုန်သော သစ္စာစကားကြောင့် သင်တောမီးကြီးသည် ဤအရပ်မှ ဖယ်ခွာသွားပါလော့။

ဦးမင်းသည် အသိုက်၌နေလျက် ဤသို့သစ္စာဆိုသည်ရှိသော် တဟုန်းဟုန်းတောက်လောင်းနေသော တောမီးကြီးသည် ရေသို့ရောက်သော မီးအလားတစ်ဆယ့်ခြောက်ပယ်သော အရပ်ကို ရှောင်ကွင်းကာ ငြိမ်းသွားလေသည်။ သစ္စာတရားနှင့်တူသော အားမည်သည်မရှိ၊ သစ္စာအားသည် အားအကောင်းဆုံးဖြစ်လေသည်၊ ဤဝသုတ်တော်လာ သစ္စာစကားသည်ကား ပါရမီရှင် ဘုရားအလောင်း၏ စကားများ၊ သစ္စာများဖြစ်၍အာနိသင် အစွမ်းထက်ရလေသည်။

ဤသုတ်တော်ကို မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာနှင့် ရဟန်းတော်တို့အား ပြန်လည်ဟောကြားတော်မူသည်။ ဦးမင်း၏သစ္စာစကားကြောင့် မီးကွင်းခဲ့သော ထိုနေရာသည် ကမ္ဘာတည်သမျှ မီးကွင်းနေရသည်။ ဤမျှလောက် တန်ခိုးအာနိသင်ကြီးမားလှသည်။ ဤသုတ်တော်ကို နေ့စဉ်မှန်မှန် သဒ္ဓါပညာ စေတနာအပြည့်အဝဖြင့် ရွတ်ဆိုပါက မီးကွင်းနိုင်သည်၊ မီးဘေးအန္တရာယ်ကို တားဆီးနိုင်သည်။ ဤသုတ်တော်ကို ရွတ်ဆိုမည့်အခါ ဘုရား တရား သံဃာတော်၏ဂုဏ်ကိုအာရုံပြု၍ သစ္စာတရား၏စွမ်းအားကို အပြည့်အဝ ယုံကြည်ကာ ရွတ်ဆိုကြရပေမည်။

ဓဇဂ္ဂသုတ်ပရိတ်တော်၏ အကျိုး

ဓဇဂ္ဂသုတ်ပရိတ်တော်ကို အောက်မေ့ရုံမျှဖြင့်သော်လည်း သတ္တဝါတို့သည် ကောင်းကင်၌သော်ပင် မြေပြင်ပေါ်၌ကဲ့သို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဆောက်တည် ရပ်တည်ရာကို ရကြကုန်၏၊ ဘီးလူး၊ ခိုးသူ စသည်တို့ကြောင့်ဖြစ်ပေါ်လာသော ဘေးရန်ခပင်း ပိုက်ကွန်ကျင်းမှ လွတ်မြောက်ကြကုန်သော သူတို့သည်ကား ရေတွက်၍မကုန် များပြားလှပေကုန်၏။

ဤအခါးစကားသည် သဂါထာဝဂ္ဂသက္ကသံယုတ်အဋ္ဌကထာ၊ ဓဇဂ္ဂသုတ် အဖွင့်၌ ဆိုထားသော ဝတ္ထုအရဖြစ်ပါသည်။

သီဟိုဠ်ကျွန်း၊ ဒီယဝါပီစေတီထက်၌ အင်္ဂတေအချောကိုင်နေသော ရဟန်းတစ်ပါးသည် စေတီအထက်ဆင့်လက်ရမ်းမှ လိမ့်ကျ၍ စေတီဝမ်းပြင်ဖြင့် လျှောကျလာသည်။ အောက်၌နေကြသော ရဟန်းများက “ငါ့ရှင်ဓဇဂ္ဂသုတ်ကို ဆင်ခြင်ပါ” ဟု

လှမ်းအော်ပြောကြသည်။

လိမ့်ကျလာသောရဟန်းသည် သေရမည့်ဘေးမှ ကြောက်လန့်သဖြင့် "ဓဇဂ္ဂသုတ်သည် ငါကိုစောင့်ရှောက်ပါစေသတည်း" ဟုဆိုလိုက်ပါသည်။ ထိုခဏာမှာပင် စေတီထဲမှ အုတ်နှစ်ချပ် ရုတ်တရက်ပေါ်ထွက်လာပြီး လှေကားထစ် ဖြစ်လျက် ခံပေးလေသည်။

အပေါ်ရှိရဟန်းများက နွယ်လှေကားချပေးရာ ထိုလှေကားပေါ်သို့ရဟန်းရောက်လျှင် အုတ်နှစ်ချပ်မှာ တည်မြဲတိုင်းသော မူလနေရာသို့ပြန်ဝင်၍ တည်သွားသည်။

ဤဓဇဂ္ဂသုတ်ပရိတ်တော်တွင် ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးတို့၏ ဂုဏ်ကိုရွတ်ပွားရခြင်းဖြင့် ဘေးရန်အန္တရာယ်မှကင်းဝေးနိုင်ကြောင်း မြတ်စွာဘုရားကိုယ်တိုင် အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည်-

> ရဟန်းတို့ . . . ရှေးအခါတုန်းက တာဝတိံသာနတ်တို့နှင့် အသုရာနတ်တို့သည် နတ်စစ်ပွဲကြီး တစ်ပွဲ ဆင်နွှဲရန်အတွက် စုဝေးခဲ့ကြဘူးသည်။ နတ်စစ်သည်အပေါင်းတို့သည် စစ်ရေးပြပွဲကြီးတစ်ခု တာဝတိံသာနတ်ပြည်၌ ကျင်းပခဲ့ဘူးသည်။ ထိုစစ်ရေးပြပွဲကြီး၌ သိကြားနတ်မင်းက တာဝတိံသာနတ်စစ်သည်အပေါင်းတို့အား ဤသို့ မိန်းခွန်းမြွက်ကြားခဲ့သည်။

အို နတ်စစ်သည်အပေါင်းတို့. သင်တို့သည် စစ်မြေပြင်သို့ရောက်၍ ကြောက်ရွံ့ထိတ်လန့်စိတ် ဝင်ရောက်လာခဲ့သည်ရှိသော် ထိုအချိန်တွင် ငါ သိကြားမင်း၏ အောင်လံတော်ကို မော်ကြည့်ကုန်လော့၊ ငါသိကြားမင်း၏ အောင်လံတော်ကို မော်ကြည့်လိုက်လျှင် ကြောက်ရွံ့ထိတ်လန့်စိတ်တို့. ပြေပျောက်ကာ ရဲရင့်စိတ်တို့. ဖြစ်ပေါ်လာလိမ့်မည်။

အကယ်၍ ငါ၏ အောင်လံတော်ကို မော်မကြည့်နိုင်လျှင် ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဣသာနနတ်မင်းကြီးတို့၏ အောင်လံတော်များကို မော်ကြည့်ကုန်လော့၊ ထိုအခါ သင်တို့၏ ကြောက်ရွံ့ထိတ်လန့်စိတ်တို့. ပြေပျောက်ကာ ရဲရင့်စိတ်တို့. ဖြစ်ပေါ်လာကြလိမ့်မည်။

ရဟန်းတို့. သိကြားနတ်မင်း၊ ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း ဣသာနနတ်မင်းတို့၏ အောင်လံတော်ကို မော်ကြည့်ကြသည်ရှိသော် ကြောက်ရွံ့ထိတ်လန့်စိတ်တို့သည် ပျောက်ချင်လည်း ပျောက်မည်။ မပျောက်ချင်လည်း မပျောက်ဘဲ ရှိနိုင်သည်။ အဘယ်ကြောင့်နည်းဟုဆိုလျှင် ရဟန်းတို့. သိကြားမင်းသည် ရာဂ ဒေါသ မောဟ မကုန်ခန်းသေးပေ၊ ရာဂ ဒေါသ မောဟ တို့ကို မပယ်သတ်နိုင်သေးပေ၊

ထို့ကြောင့် သိကြားမင်းကိုယ်တိုင်ပင် ကြောက်ရွံ့တတ်သေး၏၊ ကိုယ်တုန်လှုပ်တက်သေး၏၊ စိတ်ခြောက်ခြားတက်သေး၏၊ ကြောက်ရွံ့ စိတ်ကြောင်းလည်း ထွက်ပြေးတတ်သေး၏။

ရဟန်းတို့ . . . ငါဘုရားကလည်း သင်ရဟန်းတို့ကို ဤသို့ မိန့်ကြားတော်မူမည်။ သင်ရဟန်းတို့ တောထဲ၌ သီတင်းသုံးနေကြသည့်အခါ၊ သစ်ပင်အောက်၌ သီတင်းသုံးနေကြသည့်အခါ၊ ဆိပ်ငြိမ်ရာ အရပ်ဒေသသို့ ကပ်ရောက်နေကြသည့်အခါ၊ ဘေးအန္တရာယ်များ၊ ကိုယ်တုန်လှုပ်မှုများ၊ ကြက်သီးမွေးညင်းထခြင်းများ အကယ်၍ ဖြစ်ပေါ်လာငြားအံ့၊ ထိုအချိန်အခါတွင် အရဟံ အစရှိသော ငါဘုရား ဂုဏ်တော်များကို အာရုံပြုကြကုန်လော့၊ အောက်မေ့ကြကုန်လော့။ ငါဘုရား၏ ဂုဏ်တော်တို့ကို အောက်မေ့ အာရုံပြုလိုက်ကြလျှင် ထို ဘေးဒဏ် အန္တရာယ်မျိုးစုံတို့ ပျောက်ကွယ်သွားကြလိမ့်မည်။ ငါဘုရား၏ ဂုဏ်တော်တို့ကို မအောက်မေ့ မပွားများနိုင်လျှင် သွာက္ခာတ အစရှိသော တရားဂုဏ်တော်တို့ကို အောက်မေ့ ကြကုန်လော့၊ ထိုသို့ တရားဂုဏ်တော်တို့ကို အောက်မေ့ အာရုံပြုလိုက်ကြလျှင် ထိုဘေးဒဏ်အန္တရာယ်မျိုးစုံတို့ ပျောက်ကွယ် သွားကြလိမ့်မည်၊ တရားတော်၏ ဂုဏ်တို့ကို မအောက်မေ့ မပွားများနိုင်လျှင် သုပွဋိပန္နအစရှိသော သံဃာ့ဂုဏ်တော်တို့ကို အောက်မေ့ပွားများကြကုန်လော့၊ ထိုသို့ သံဃာ့ဂုဏ်တော်တို့ကို အောက်မေ့အာရုံပြုလိုက်ကြလျှင် ထိုဘေးဒဏ် အန္တရာယ်မျိုးစုံတို့ ပျောက်ကွယ်သွားကြလိမ့်မည်။

ရဟန်းတို့. . . ထိုသို့ အန္တရာယ်မျိုးစုံ ဘေးမျိုးစုံတို့ ပျောက်ကွယ်သွားရသည်မှာ အဘယ်ကြောင့်နည်း -

ရဟန်းတို့ . . . မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံယူတော်မူထိုက်၏၊ တရားဥဿုံအလုံးစုံကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူ၏။ ရာဂ၊ ဒေါသ၊ မောဟ၊ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးတော်မူ၏။ ကြောက်ရွံ့ခြင်းကင်းတော်မူ၏၊ ကိုယ်တုန်လှုပ်ခြောက်ခြားခြင်း ကင်းတော်မူ၏၊ စိတ်မာတ်တုန်လှုပ်မှုကင်းဝေးတော်မူ၏၊ ကြောက်ရွံ့စိတ်ဖြင့် ထွက်ပြေးလေ့မရှိတော့သောကြောင့်ပင် ဖြစ်ပေ၏။

အထက်ပါ ဘုရားဟော စကားတော်အရ ဤသုတ်တော်ကို ရွတ်ဖွားလျှင် အန္တရာယ်မျိုးစုံဘေးမျိုးစုံကင်းဝေးနိုင်သည်။ ကြောက်ရွံ့ထိတ်လန့်မှု ကင်း၍ ရဲရင့်သောစိတ်ဖြစ်ပေါ်နိုင်သည်။ သားရဲ တိရစ္ဆာန်ဘေး ဘီလူးဘေး၊ သရဲဘေး၊ စသော နာနာဘာဝတို့၏ ခြောက်လှန့်နှိပ်စက်မှုအန္တရာယ်တို့ကို ကာကွယ်နိုင်သဖြင့် နေ့စဉ်မှန်မှန် ရွတ်အံသင့်ကြပေသည်။

အာဇာနာဇိုယပရိတ်တော်၏ အကျိုး

နတ်မင်းကြီးများ ဘုရားထံ ခွင့်ပန်

အခါတစ်ပါး၌ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် နတ်စစ်သည်များနှင့်အတူ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးတော်မူသော ဘုရားရှင်ထံ သန်းကောင်ယံအချိန်မှာ ရောက်လာကြသည်။ ဝေဿဝဏ်နတ်မင်းကြီးသည် ဘုရားရှင်အား ဤသို့ လျှောက်ထားသည်။

"မြတ်စွာဘုရား လောက၌ ဘုရားအားကြည်ညိုသော နတ်ဘီလူးများ၊ မကြည်ညိုသော နတ်ဘီလူးများ အမျိုးမျိုးရှိကြပါသည်။ မကြည်ညိုသော နတ်ဘီလူးများက များပါသည်။ အကြောင်းမှာ ဘုရားရှင်က ပါဏာတိပါတစသော မကောင်းမှုမှ ရှောင်ရန် ဟောတော်မူပါ၏။ သူတို့က ထိုမကောင်းမှုများကို မရှောင်ကြပါ၊ မကောင်းမှုမှ ရှောင်ရန်စကားကို သူတို့မကြိုက်မလိုလား ကြသောကြောင့် ဖြစ်ပါသည်။ တောအုံ ချုံကြား အစွန်အဖျားကသော ကျောင်းများ၌ ရဟန်းများနေကြရာထိုအရပ်မှာ သာသနာကို မကြည်ညိုကြသော နတ်ဘီလူးများ ရှိနေကြ၍ ထိုဘီလူးတို့ ကြည်ညို၍ ပရိသတ်လေးပါးကို မညှဉ်းဆဲကြ၊ စောင့်ရှောက် ကြရန် အာဇာနာဇိုယမည်သော အကွယ်အကာ အစောင့်အရှောက်ကို ခံတော်မူပါ" ဟု လျှောက်ထားသည်။ ဘုရားရှင်ကလက်ခံတော်မူ၍ ဝေဿဝဏ်နတ်မင်းကြီးက ဝိပဿီသ စ နမတ္ထု စသည်ဖြင့် လျှောက်ထားသည်။

မြတ်စွာဘုရားသည် ဤအကြောင်းအရာနှင့်ပတ်သက်၍ ရဟန်းတို့ကို စည်းဝေးစေပြီး ဘုရားရှင်က မကြည်ညိုသေးသော နတ်ဘီလူးတို့ ဘုရားသာသနာ၌ ကြည်ညိုစေရန်နှင့် ပရိသတ်လေးပါးတို့ကို မညှဉ်းဆဲဘဲ ကာကွယ်စောင့်ရှောက်စေရန် ဤပရိတ်တော်ကို ခွင့်ပြုတော်မူသည်။

ယခု ရွတ်ဖတ်နေကြသော အာဇာနာဇိုယသုတ်မှာ ဘုရားရှင်ဟောတော်မူခဲ့သော အာဇာနာဇိုယသုတ်တော်ကြီးမှ ၆- ဂါထာကိုသာယူ၍ အခြား ဘုရားဂုဏ်တော်ပြ ဂါထာများ တည့်သွင်းကာ ရွေးဆရာတော်ကြီးများ စီစဉ်ထားသည့် သုတ်ဖြစ်ပါသည်။ ဝိပဿီ အစရှိသော (၇) ဆူကုန်သော ဘုရားရှင်တို့ကို ရှိခိုးပူဇော်ထားသည့် ဂါထာများဖြစ်ပါသည်။

ဤပရိတ်တော်ကို ရွက်ဖတ်ရေခြင်းဖြင့် နတ်ဘီလူး၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲတို့ မနှောက်ယှက်နိုင်ပါ။ ထိုသူတို့၏ အန္တရာယ်မှ ကင်းဝေးနိုင်ပါသည်။ အရပ်လေးမျက်နှာရှိ နတ်မင်းကြီးလေးပါးတို့ကို မေတ္တာပို့၍ အန္တရာယ်မှ စောင့်ရှောက်ရန် ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်တို့ဖြင့် တိုင်တည်သော ဂါထာများဖြစ်၍ နတ်

အားလုံးတို့၏ ချစ်ခင်မှုကို ခံရပါသည်။ စောင့်ရှောက်ကာကွယ်မှုကို ရရှိနိုင်ပါသည်။

အဂိုလိမာလသုတ်ပရိတ်တော်၏ အကျိုး

အဂိုလိမာလသည် ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားသား ဖြစ်သည်။ မွေးဖွားစဉ်က တစ်မြို့လုံး၌ လက်နက်များ တပြောင်ပြောင် အရောင်ထွက်ကြသည်၊ မင်း၏ သံလျက်တော်လည်း အရောင်ထွက်သည်။

ထို့ကြောင့် နက္ခတ်ကိုတွက်ကြည့်ရာ စောရနက္ခတ်နှင့်ယှဉ်သောသား မွေးသည်ဟု ပုရောဟိတ်ကသိပြီး မင်းထံဝင်ကာ မင်းကို မစိုးရိမ်ရန် လျှောက်ထားသည်။ သားကိုလည်း အဟိံသက (သူတစ်ပါးကို မညှဉ်းဆဲသူ) ဟု အမည်ပေး ထားခဲ့သည်။

အဟိံသက အရွယ်ရောက်သော် ဖခင် ပုရောဟိတ်က တက္ကသိုလ်သို့ ပညာသင် စေလွှတ်သည်။ အဟိံသကသည် ဉာဏ်ကောင်း၍ ဆရာက ချစ်ခင် နှစ်သက်သည်။ ဆရာကတော်ကလည်း ချစ်ခင်သည်၊ ထိုသည်ကို မနာလိုသော ကျောင်းသားအချို့က အဟိံသကနှင့် ဆရာကတော်တို့ ဖောက်ပြန်သည်ဟု ဆရာ့ကို ကုန်းတိုက်ကြသည်။

ဆရာက ပထမတော့ မယုံ၊ နောက် ပြောပါများတော့ ယုံပြီး အထင်လွဲကာ အဟိံသကကို သူတပါးသတ်၍သေစေရန် ရည်ရွယ်ချက်ဖြင့် လက်ညှိုးတစ်ထောင် ဖြတ်ပေးပြီး ကန်တော့မှသာ ပညာအကျိုး ခံစားရမည်ဟု မိန့်ကြားသည်။

အဟိံသကသည် တောသို့ဝင်ကာ လာသမျှလူကို သတ်သည်၊ လက်ညှိုး များကိုဖြတ်ကာ ပန်းကုံးသဖွယ် လည်တွင်ဆွဲထားသည်။ သို့အတွက် သူ့ကို အဟိံသက အမည်မှ “အင်္ဂုလိမာလ” ဟု လူတို့က အမည်ပြောင်း၍ ခေါ်တွင်ခဲ့ကြသည်။ အင်္ဂုလိမာလဆိုသည် လက်ညှိုးများကို ပန်းကုံးလုပ်၍ ဆွဲထားသူဟု အဓိပ္ပာယ် ရသည်။

လက်ညှိုးတစ်ထောင်ပြည့်ရန် တစ်ချောင်းသာလိုသောနေ့တွင် ကောသလ မင်းသည် တပ်နှင့်ထွက်၍ အင်္ဂုလိမာလကို ဖမ်းရန် စီစဉ်သည်။ မိခင် ပုဏ္ဏားမကြီး မန္တာနီသည် သားအတွက် စိုးရိမ်သောကဖြစ်ပြီး သားရှိရာ တောအုပ်သို့ လာခဲ့သည်။ အင်္ဂုလိမာလသည် ယနေ့အဖို့ လာသောမည်သူ့ကိုမဆို သတ်ရန် စိမ်ထားသည်။ မိခင်ကို မြင်သောအခါ အင်္ဂုလိမာလသည် မိခင်ကိုသတ်ရန် လိုက်လေသည်။

ဘုရားရှင်သည် အင်္ဂုလိမာလ၏ အရဟတ္တမဂ်ဉာဏ် ရင့်ကျက်လာသည်ကို သိတော်မူ၍လည်းကောင်း၊ အင်္ဂုလိမာလအပေါ် မဟာကရုဏာတော်ကြီးမားစွာ ထားတော်မူ၍လည်းကောင်း၊ အင်္ဂုလိမာလနှင့် မိခင်ကြားသို့ ဝင်ခဲ့သည်။ အင်္ဂုလိမာလသည် မိခင် နောက်သို့လိုက်မှုကို ရပ်ပြီး ဘုရားရှင်နောက်သို့ လိုက်သည်။ ဘုရားရှင်ကို မမီ ဖြစ်နေသည်။ "ရဟန်းကြီး မပြေးနဲ့ ရပ်လော့ ရပ်လော့" ဟုအော်ဟစ်ပြီးလိုက်သည်။ "ငါကား မပြေး၊ ရပ်နေသည်၊ သင်သာ ပြေးနေသည်၊ သင်သည် သူ့အသက် သတ်မှုကျူးလွန်နေသဖြင့် သံသရာဝယ် ကျင်လည် ပြေးသွားရဦးမည်၊ ငါဘုရားမှာမူ သံသရာဝယ် မလည်ရတော့" ဟု မိန့်တော်မူ၏။

ဘုရားရှင်၏ ထိုစကားကို ကြားရသောအခါ အင်္ဂုလိမာလသည် ချက်ခြင်း သတိရပြီး ဘုရားရှင်ကို ဝန်ချတောင်းပန်သည်။ ချက်ခြင်း ရဟန်းပြုသည်။ ဘုရားရှင်သည် အင်္ဂုလိမာလကို ဇေတဝန်ကျောင်းသို့ ခေါ်လာခဲ့သည်။

ကောသလမင်းသည် အင်္ဂုလိမာလကို ဖမ်းရန် တပ်နှင့် ထွက်လာစဉ် ဘုရားကို ဝင်ဖူးမည်ဆိုပြီး ဇေတဝန်ကျောင်းသို့ ဝင်သည်၊ ဘုရားရှင်နှင့် စကားပြောရင်း ဘုရားရှင်က အင်္ဂုလိမာလ ရဟန်း ဖြစ်နေပြီ ဖြစ်ကြောင်း ပြောပြသည်။

အင်္ဂုလိမာလ မထေရ်သည် နောင်အခါ ကမ္မဋ္ဌာန်းအားထုတ်၍ ရဟန္တာ ဖြစ်သည်။ အင်္ဂုလိမာလထေရ် ဆွမ်းခံကြွသောအခါ လူတို့သည် မူလက အရှိန် ကြောင့် ကြောက်လန့်ပြီး ထွက်ပြေးကြသည်။ အချို့က အိမ်တံခါးပိတ်ကြသည်။ အချို့က ထွက်ပြေး ပုန်းရှောင်ကြသည်။ အချို့ မပြေးနိုင်၍ မြေမှာ ဝပ်ကြပြီး အင်္ဂုလိမာလ မမြင်နိုင်အောင် မျက်နှာကို ကွယ်ဝှက်ထားကြသည်။ အချို့က ဒုတ် ခဲတို့ဖြင့် ပစ်ခတ်ကြသည်။ အရှင်အင်္ဂုလိမာလ မထေရ်သည် သည်းခံတော်မူသည်။

တစ်နေ့တွင် အင်္ဂုလိမာလမထေရ် ဆွမ်းခံကြွစဉ် မီးမဖွားနိုင်၍ ဆင်းရဲ ဒုက္ခပြင်းစွဲခံစားနေရသော အမျိုးသမီးငယ်တစ်ဦးကို တွေ့ရသည်။ အင်္ဂုလိမာလ မထေရ်သည် ထိုအမျိုးသမီးငယ်ကို အလွန်သနားလှသဖြင့် ကျောင်းသို့ ပြန်ကာ ဘုရားရှင်ကို လျှောက်ထားသည်။

ဘုရားရှင်က အင်္ဂုလိမာလကို ဤသို့သစ္စာပြုလော့ဟု အမိန့်ရှိကာ သစ္စာ စကားဆိုခိုင်းသည်။

"အို နှမ . . . ငါသည် အရိယာ ဖြစ်သည်မှစ၍ သူတစ်ပါး၏ အသက်ကို မသတ်ဖူးပါ၊ ဤ မှန်သော သစ္စာစကားကြောင့် သင့်အား ချမ်းသာပါစေ၊ သင်၏ ကိုယ်ဝန်သည်လည်း ချမ်းသာစွာ မွေးဖွားပါစေ"

အင်္ဂလိမာလ ထေရ်သည် ထိုသစ္စာစကားကို နှုတ်ငုံဆောင်ပြီး ထိုအမျိုးသမီးယေ အိမ်သို့သွားကာ သစ္စာဆိုသည်။ သစ္စာစကား အဆုံးဝယ် ရေစစ်မှ ရေလျှောကျ သကဲ့သို့ အမိဝမ်းတွင်းမှ ကလေးသည် ချမ်းသာစွာ မွေးဖွားလေသည်။

ထိုအချိန်မှစ၍ အင်္ဂလိမာလထေရ်တွင် အနှစ်ရာယ်ကင်းပြီး လာဘ်လာဘ၊ ဆွမ်းတို့သည် ပေါများလာခဲ့သည်။ ဤသို့ အင်္ဂလိမာလပရိတ်သည် လွယ်ကူစွာ မီးဖွားနိုင်ခြင်းစသော အကျိုးတို့ကို ရရှိနိုင်လေသည်။

ဗောဇ္ဈင်သုတ်ပရိတ်တော်၏ အကျိုး

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ရာဇဂြိုဟ်ပြည်အနီး၊ ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူသော အရှင်မဟာ ကဿပမထေရ်သည် မကျန်းမမာ ဖြစ်တော်မူသည်၊ မြတ်စွာဘုရား ရှင်သည် အရှင်မဟာကဿပထံ ကြွသွားတော်မူပြီး ဗောဇ္ဈင်ခုနစ်ပါးတရားကို ဟောတော်မူသည်။

ထိုတရားကို နာရသော အရှင် မြတ်သည် ဤသို့ နှလုံးသွင်း၏-

> "ငါကား ရဟန်းပြု၍ ခုနှစ်ရက်မြောက်၌ သစ္စာတရားတို့ကို ရသော အခါ ဤဗောဇ္ဈင်တရားများ ထင်ရှားဖြစ်လာခဲ့ဖူး၏။ ဘုရားရှင်၏ သာသနာကား ဝဋ်ဒုက္ခလွတ်မြောက်ရေး အစစ် အမှန် ဖြစ်ပါပေသည်။"

ဤသို့ နှလုံးသွင်းပြီးနောက် မထေရ်မြတ်၏ ခန္ဓာကိုယ်မှ သွေးများ ကြည်လင်ကာ ဥပါဒါရုပ်များ စင်ကြယ်လာမှုကြောင့် ကြာဖက်၌ကျသော ရေပေါက်ပမာ ရောဂါများသည် ကိုယ်ခန္ဓာမှ ပျောက်ကင်းသွားကြသည်။

ထို့အတူ ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးနေတော်မူသော အရှင်မောဂ္ဂလာန် မထေရ်မြတ် မကျန်းမာစဉ်အခါမှာလည်း ဗောဇ္ဈင်သုတ်ကိုပင် ဘုရားရှင် ဟောတော်မူရာ အရှင် မောဂ္ဂလာန်မထေရ်၏ ရောဂါများ ချက်ခြင်းယူပစ်သလို ပျောက်ကင်းခဲ့သည်။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရောဂါဝေဒနာနှိပ်စက်ခံရသော အခါ၌ စုန္ဒမထေရ်သည် ထိုဗောဇ္ဈင်ခုနစ်ပါး တရားကိုပင် ရိုသေစွာ ရွတ်ဆိုလေရာ ဘုရားရှင်သည် ဝမ်းမြောက်တော်မူသောကြောင့် တစ်ခဏချင်းပင် ထိုရောဂါမှ ပျောက်ကင်းချမ်းသာခဲ့လေသည်။

ပရိတ်ကြီး (၁၁) သုတ်တွင် ပါဝင်သော ဗောဇ္ဈင်သုတ်ကား ဘုရားဟောကြား တော်မူသည့် မူရင်းဗောဇ္ဈင်သုတ် မဟုတ်ပါ။ ဘုရားဟော ဗောဇ္ဈင်သုတ်တော်ကို နာကြားရသဖြင့် အရှင် မဟာကဿပ၊ အရှင် မောဂ္ဂလာန်နှင့် မြတ်စွာဘုရား ကိုယ်တိုင်၌ ဖြစ်ပေါ်နေသော အနာရောဂါအသီးသီး ကင်းပျောက်၍ ကျန်းမာ ချမ်းသာခဲ့ကြပုံကို ဖော်ပြ၍ သစ္စာပြုထားသည့် ဂါထာများ ပါဝင်သည့် သုတ် ဖြစ်သည်။

ရှေးကျမ်းဂန်တတ် ဆရာတော်ကြီးများ ပြုစုစီရင်ထားသည့် သစ္စာပြု ဂါထာများဖြစ်၍ ဘုရားဟော ပရိတ်တော်ကဲ့သို့ပင် အစွမ်းထက်ပါသည်။ ထိုဗောဇ္ဈင်သုတ် ပရိတ်တော်သည် ဘုရားဟောထားသည့် မူလဗောဇ္ဈင်သုတ်ကဲ့သို့ပင် ရောဂါ ဝေဒနာများကို ပျောက်ကင်းနိုင်သောကြောင့် အနာရောဂါ ဖြစ်လာသည့်အခါ ဗောဇ္ဈင်သုတ်ကို ဗုဒ္ဓဘာသာဝင်တို့ ယုံယုံကြည်ကြည်ဖြင့် နာယူလေ့ရှိကြသည်။ နာယူသည့်အတိုင်းလည်း ကိုယ်တွေ့ အနာရောဂါများ ပျောက်ကင်းချမ်းသာဖူးသည့် သူများ အများအပြားရှိကြသည်။

ဤပရိတ်တော်၏အစတွင် သံသရာဝယ် ကျင်လည်နေကြကုန်သော သူတို့ အတွက် ရောဂါဝေဒနာမျိုးစုံ ကင်းပျောက်စေရန်အတွက် မာရ်နတ်ရန်ကို အောင်မြင်နိုင်၊ နှိပ်နင်း ပျောက်ကင်းစေနိုင်သော ဗောဇ္ဈင် (၇) ပါး တရားတို့ကို ပွားများရမည်။ ဤ ဗောဇ္ဈင် (၇) ပါး တရားတို့သည်ကား ဘဝဝဋ်ဒုက္ခများမှ လွတ်ကင်းစေနိုင်သည်၊ မြင့်မြတ်ကောင်းမွန်လှသည်၊ မအို မနာ မသေ ရောဂါ ခပ်သိမ်း ဒုက္ခခပ်သိမ်းကင်းငြိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်စေနိုင်သည့် ဂုဏ်တော် များစွာ ပေါင်းစု ပြည့်စုံရာ ဖြစ်သည်။ ဆင်းရဲဝေဒနာရောက်၍ နေကြကုန်သော သတ္တဝါ အားလုံးတို့အတွက် ဆေးမြတ် ဆေးကောင်းဖြစ်သော ဤသုတ်ကို ယုံယုံ ကြည်ကြည် ရွတ်ပွားကြရပေမည်။

ပုဗ္ဗကသုတ်ပရိတ်တော်၏ အကျိုး

ဘုရားဂုဏ်ကို အာရုံပြုရသော ကုသိုလ်စေတနာ အာနုဘော်ဖြင့် မကောင်း သော အတိတ် နိမိတ်နှင့် ဂြိုဟ်ဆိုးတို့မှ ကင်းလွတ်စေသော သုတ်တော်ဖြစ်၏။ သုတ်တော်အမည်အားလျော်စွာ နံနက်အချိန်၌သာ ရွတ်ဆိုကြရန် သတ်မှတ် ထားသော်လည်း မည်သည့်အချိန်တွင်မဆို ရွတ်ဆိုလျှင် အကျိုးများသည်သာဖြစ်၏။

ဤသုတ်တော်၏ ဆိုလိုရင်းမှာ သုစရိုက်တရားကျင့်သူ မြတ်သောအကျင့်ကို ကျင့်သူတို့အား နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း

အားလုံးကောင်းချည်းဖြစ်၍ မကောင်းသော နက္ခတ် မင်္ဂလာ အခါ မရှိ၊ 'နက္ခတ်၊ မင်္ဂလာအခါကောင်းကြုံရန် ဓာတ်ရိုက် ယတြာ ပြုလုပ်ရန်မလို၊ သူတော်ကောင်း တရားများ ကျင့်ရန်သာ လိုအပ်သည်ဟု ဆိုလို၏။

ဤ ပုဗ္ဗဏှသုတ်၌ နောက်ဆုံး သုနက္ခတ္တံ စသော သုံးဂါထာသည် အင်္ဂုတ္တိရ် ပထမအုပ် ပုဗ္ဗဏှသုတ်၌ လာသော ဘုရားဟော ဂါထာများ ဖြစ်သည်။ ယံ ကိဉ္စိဝိတ္တံ စသော သုံးဂါထာသည် သုတ္တနိပါတ်ရတနသုတ်၌လာသော ဘုရားဟောဂါထာများ ဖြစ်ကြသည်။ ကျန်ဂါထာများကား ရှေးဆရာတော်တို့ စီစဉ်ထားခြင်းဖြစ်သည်။ ပုဗ္ဗဏှသုတ်လာ ဂါထာများကို အစွဲပြု၍ ပုဗ္ဗဏှသုတ်ဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်သည်။

ထင်းမီးကြောင့် ထမင်းကျက်ရသည်ဆိုသကဲ့သို့ ဗုဒ္ဓါနုဘာဝေန - ဘုရား၏ ဂုဏ်တော်ကို အာရုံပြု၍ဖြစ်သော ကုသိုလ် စေတနာ အစွမ်းကြောင့်ဟု ဆိုထားသောကြောင့် ဘုရားရှင်ကို အာရုံပြုသော စေတနာ အစွမ်းသည်ပင် ဘုရား၏ အာနုဘော် ဖြစ်ရကား ရွတ်ဆိုနေသော အချိန်အခါတိုင်း အကျိုးထူးများ ရရှိမည်သာ ဖြစ်ပါသည်။

မြတ်စွာဘုရား၏ တရားတော်များကို ကျင့်ကြံနေသူအတွက် အချိန်အခါမရွေး နေရာဒေသမရွေး ကောင်းကျိုးမင်္ဂလာ ပြည့်စုံလာမည်သာ ဖြစ်သဖြင့် လောကီရေးရာ အယူအဆများနောက်သို့လိုက်၍ ဗေဒင် ယတြာ ဓာတ်ရိုက်၊ ဓာတ်ဆင် နက်ဒေဝါ ဝိဇ္ဇာတပသီ လောကီကိုးကွယ်ပသ ပူဇော်မှုများ ပြုလုပ်ရန် မလိုတော့ပေ၊ တရားတော် အတိုင်း လိုက်နာကျင့်ကြံသူအတွက် အချိန်တိုင်း အခါတိုင်း နက္ခတ်ကောင်း မင်္ဂလာကောင်း အခါကောင်းတို့သာ ဖြစ်ပွားပေါ်ပေါက်နေမည် ဖြစ်သည်။

ဤ သုတ်တော်ကို ရွတ်ဆိုရခြင်းဖြင့် အတိတ်ဆိုး နိမိတ်ဆိုး ဂြိုဟ်ဆိုး ကြမ္မာဆိုး ဇာတာဆိုးတို့ မကျရောက်နိုင်ဘဲ အတိတ်ကောင်း နိမိတ်ကောင်း၊ ဂြိုဟ်ကောင်း၊ ဇာတာကောင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးအစ သာယာသော ဘဝများကို တည်ဆောက်နိုင်ကြမည်၊ ဘေးဒုက္ခ အန္တရာယ်တို့မှ ကင်းဝေးပြီး ငြိမ်းချမ်းသာယာသော လူ့လောကကြီး ဖြစ်ပေါ်လာမည်၊ သို့ဖြစ်၍ လူသားတိုင်း ငြိမ်းချမ်းအောင်မြင် သာယာစေရန်အတွက် ဤသုတ်တော်ကို ရွတ်ပွားသင့်ကြပေသည်။

အခန်း (၈)

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံ

အခန်း (၈)

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံ

မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံးတို့သည် လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာအချိန်ကာလကတည်းကပင် အတူတကွ လက်တွဲ၍ ဥမကွဲ သိုက်မပျက် စည်းလုံး ညီညွတ်စွာ နေထိုင်ခဲ့ကြသော လူမျိုးများ ဖြစ်ကြသည်။ ရေ၊ မြေ၊ တော၊ တောင် သဘာဝပထဝီဝင်အခြေအနေ ဒေသန္တရအခြေအနေအရ ကွဲပြားမှု အနည်းငယ်ရှိကြသော်လည်း များသောအားဖြင့် ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ တူညီကြသည်။

မဇ္ဈိမဒေသတွင် မြို့တိုစွာဘုရားပွင့်တော်မူ၍ တရားတော်များကို ဒေသစာရီကြွချီဟောပြတော်မူသောအခါ မြန်မာပြည်ဖွား တိုင်းရင်းသားတို့သည်လည်း မြို့တိုစွာဘုရား၏ တရားတော်များကို မှတ်သားနာယူကြရသည်။ သမိုင်းစာပေ မှတ်တမ်းများအရ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ဝေသာလီခေတ်၊ သုဝဏ္ဏာဘူမိခေတ်၊ ဟန်လင်းခေတ်၊ ပျူခေတ် တို့တွင် မြန်မာတိုင်းရင်းသားတို့ ရဟန်းခံ ရှင်ပြု မင်္ဂလာများကို ခံယူကြကာ ဗုဒ္ဓဘာသာ၏အမြင့်ဆုံးသော ယဉ်ကျေးမှု ဓလေ့များကို လိုက်နာသည်အထိ မြန်မာ့ယဉ်ကျေးမှုများ မြင့်တက်နေကြပြီ ဖြစ်ကြောင်း တွေ့ရသည်။

မြန်မာ့အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်မှ သမိုင်းပညာရှင်တို့၏ မှတ်တမ်းအရ ယောက်ျားကလေးရော မိန်းကလေးများပါ အသက် (၇) နှစ်ရှိလျှင် ဘုန်းကြီးကျောင်းသွား၍ အသက် (၂၀) ပတ်ဝန်းကျင်အထိ ဗုဒ္ဓစာပေများကို သင်ယူကာ ရှင်သာမဏေ၊ သီလရှင် ဝတ်သည့် ဓလေ့ကောင်းများ ခိုင်မြဲနေပြီ ဖြစ်ကြောင်း သိရှိရသည်။ မြန်မာတိုင်းရင်းသားတို့သည် ဗုဒ္ဓ အဆုံးအမများကို ဓာရာစီရင်ရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်ထိ ကျယ်ကျယ်ပြန့်ပြန့် လက်ခံလိုက်နာ ကျင့်သုံးနေကြပြီဖြစ်ကြောင်း သမိုင်း သုတေသီများ၏ အဆိုအရ လေ့လာသိရှိရပါသည်။

ပုဂံခေတ်သစ်သို့ ရောက်သောအခါ၌မူ အနော်ရထာမင်းလက်ထက် ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်လာပြီး ဗုဒ္ဓယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို အမျိုးသား ယဉ်ကျေးမှု ထုံးစံအဖြစ် တည်တည်ငြိမ်တိုင်းလက်ခံလိုက်နာ ကျင့်သုံးလာကြသည်။ ပုဂံခေတ်မှ စတင်ခဲ့သော အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တို့သည် ဆုတ်ယုတ်သည်မရှိ တိုးတက်သည်ထက် တိုးတက်၊ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာကြသည်မှာ မျက်မှောက်ခေတ်အထိပင် ဖြစ်လေသည်။ ယခုအခါ၌မူ မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓယဉ်ကျေးမှုတို့သည် ခွဲခြားရ၍ မရအောင် ရောနှောပေါင်းစပ်ကာ အမျိုးသား ယဉ်ကျေးမှုအဖြစ် ပေါ်ထွန်းနေပြီ ဖြစ်သည်။ တချို့သော လောကီမင်္ဂလာအယူအဆ ဓလေ့ထုံးစံတို့မှတပါး ပင်မယဉ်ကျေးမှု အသွင်အပြင် လက္ခဏာများမှာ ဗုဒ္ဓဒေသနာ အဆုံးအမတရားတော်များမှ ရရှိခဲ့ကြခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံသားတို့သည် လူမျိုးအားဖြင့် အနည်းငယ် ကွဲပြားကြသော်လည်း ထို လူမျိုးအများစုတို့ တည်တည်ငြိမ်တိုင်း ကိုးကွယ်သော ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်သဖြင့် အမြင်ချင်းတူညီကြသည်။ အမြင်ချင်း တူညီကြသဖြင့် ပြုမူဆောင်ရွက်လေးစားလိုက်နာ ကျင့်ကြံ အားထုတ်မှု အသွင်ချင်းလည်း တူညီကြသည်။ အမြင်တူ အသွင်တူဖြင့် နိုင်ငံတော်ကို တူညီစွာ တည်ဆောက်နိုင်ခဲ့ကြသဖြင့် နိုင်ငံတော်သည် အဓွန့်ရှည်ကြာ တည်ငြိမ် အေးဆေးစွာ တည်ရှိနိုင်ခဲ့သည်။ ဗုဒ္ဓဘာသာတရားတော်၏ အဆုံးအမကြောင့် မြန်မာတို့သည် စည်းလုံးညီညွတ်ပျော်ရွှင်ချမ်းမြေ့စွာ လောကီလောကုတ္တရာ နှစ်ဖြာသော လုပ်ငန်းများကို တည်ငြိမ်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

ဗုဒ္ဓဒေသနာတော်လာ ဇာတ်နိပါတ်တော်များနှင့် တရားတော်များကို စာပေ၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ဇံသုကာ၊ အနုပညာ ယဉ်ကျေးမှုလက်ရာမျိုးစုံတို့ဖြင့် ဆန်းကြယ်စွာ တီထွင်ရေးသားထုလုပ် ဆောင်ရွက်နိုင်ခဲ့ကြသဖြင့်လည်း မြန်မာ့အနုပညာ ယဉ်ကျေးမှုလက်ရာတို့သည် အာရှတိုက်တွင် -စံ- ထားဖွယ်ရာ လေးစားစရာ ဖြစ်လာကြသည်။ ဗုဒ္ဓဒေသနာတော်မှ ရရှိသော စုစည်းညီညွတ်မှု အားမာန်ကြောင့် မြန်မာတို့သည် စည်းလုံးညီညွတ်ပျော်ရွှင်ချမ်းမြေ့စွာ လောကီလောကုတ္တရာ နှစ်ဖြာသော လုပ်ငန်းများကို တည်ငြိမ်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

ဗုဒ္ဓဒေသနာတော်လာ ဇာတ်နိပါတ်တော်များနှင့် တရားတော်များကို စာပေ၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ဇံသုကာ၊ အနုပညာ ယဉ်ကျေးမှုလက်ရာမျိုးစုံတို့ဖြင့် ဆန်းကြယ်စွာ တီထွင်ရေးသားထုလုပ် ဆောင်ရွက်နိုင်ခဲ့ကြသဖြင့်လည်း မြန်မာ့အနုပညာ ယဉ်ကျေးမှုလက်ရာတို့သည် အာရှတိုက်တွင် -စံ- ထားဖွယ်ရာ လေးစားစရာ ဖြစ်လာကြသည်။ ဗုဒ္ဓဒေသနာတော်မှ ရရှိသော စုစည်းညီညွတ်မှု အားမာန်ကြောင့် အိမ်နီးချင်းနိုင်ငံတို့အလယ် ထည်ထည်ဝါဝါ ထင်ရှားစွာ ရပ်တည်နိုင်ခဲ့သည်။ ပုဂံခေတ် အနုပညာ လက်ရာများကား မြန်မာ့ကျက်သရေနှင့် ဗုဒ္ဓဘာသာ ဂုဏ်အရောင်ကို ထာဝရဆောင်နေကြပေသည်။

မြန်မာတို့ကို ကျေးဇူးအပြုဆုံးအရာမှာ မြတ်ဗုဒ္ဓ၏တရားတော်ဖြစ်၍ မြန်မာတို့အတွက် အနန္တကျေးဇူးရှင် ဖြစ်ပေသည်။ ထို့ကြောင့်ပင် မြန်မာပြည်ဘွားတိုင်းရင်းသားတို့သည် ဗုဒ္ဓတရားတော်များကို သဒ္ဓါ၊ ပညာ၊ စေတနာဖြင့် လေ့လာကျက်မှတ် ပွားများကျင့်ကြံ လိုက်နာရပေမည်။ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို မပျောက်မပျက်ရအောင် ထိန်းသိမ်းလျက် အမျိုး၊ ဘာသာ၊ သာသနာ

စိတ်ဓာတ် ရှင်သန် နိုးကြား တိုးပွားနေအောင် ထာဝစဉ် ကြိုးစားကြရပေမည်။

ရှင်ပြုရဟန်းခံပွဲ

ရှင်ပြုမင်္ဂလာပွဲတွင် ဗုဒ္ဓဘာသာမြန်မာယောကျ်ားလေးတိုင်း ဧကန် ပြုလုပ်သည့် မင်္ဂလာပွဲတော်တစ်ခုဖြစ်သည်၊ ရှင်ပြုခြင်းသည် ဗုဒ္ဓမြတ်စွာ၏ သာသနာ့ဝန်ကို ထမ်းဆောင်စေရန်အတွက် ရှင်သာမဏေပြုလုပ်ပေးခြင်းပင် ဖြစ်သည်။

ရှေးခေတ်ဗုဒ္ဓဘာသာဝင်တို့သည် လူငယ်များကို ဘဝတလျှောက်လုံး လူတော်လူကောင်းဖြစ်သွားစေရန် ရှင်ပြုပေးကြသည်။ ရှင်သာမဏေဘဝတွင် ရှင်ကျင့်ဝတ်များကို လိုက်နာရန်ကျင့်ကြံရပြီး အစားအစာ စားသောက်ပုံ၊ အဝတ် ဝတ်ပုံ၊ နေထိုင်သွားလာပုံ၊ ပြောဆိုဆက်ဆက်ပုံ စသည့်တို့ကို ဘုရားရှင် အဆုံးအမ တော်အတိုင်း လိုက်နာကျင့်ကြံခဲ့ကြရသည်။ ရှင်သာမဏေတို့သည် သာသနာ့ဝန်ကို မထမ်းဆောင်နိုင်တော့၍ လူ့ဘဝရောက်လာကြသောအခါ၌လည်း သာသနာတော်၏ အဆုံးအမအတိုင်း ဆက်လက်လိုက်နာကြသဖြင့် လူယဉ်ကျေးလေးများ ဖြစ်လာကြသည်။ ရှေးအခါက မြန်မာလူငယ်များတွင် ဆိုးသွမ်းလူငယ် ပြဿနာမပေါ်ပေါက်ခဲ့ကြပေ။

ရှင်သာမဏေပြုလုပ်ပေးခြင်းသည် လူမှုရေးရာပြဿနာတို့ကို အဖြေရှာရာတွင် အကောင်းဆုံးသော ဆောင်ရွက်ချက်တစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သာကီဝင်မင်းသား မြတ်စွာဘုရားသည် အမွေတောင်းခံလာသော မိမိ၏သားတော် ရာဟုလာမင်းသားလေးအား လောကီအမွေတို့တွင် အမြတ်ဆုံး အကောင်းဆုံး ဖြစ်သော ဘုရင်ဖြစ်ရမည့်ထီးနန်းအမွေကို မပေးမူဘဲ ဘဝလွတ်မြောက်ရေးဖြစ်သည့် လောကုတ္တရာအမွေကိုပေးကာ ရှင်သာမဏေပြုပေးခဲ့သည်။ သာကီဝင်မင်းသား ရာဟုလာ၊ အသောကမင်းကြီး၏သားတော် မဟိန္ဒစသော လူလောကတွင် အထက်တန်းရောက်နေသော သူများ၏သားသမီးများကိုယ်တိုင်ပင် ရှင်သာမဏော ဘောင်သို့ ဝင်ရောက်ခဲ့သော အစဉ်အလာကောင်းများကြောင့် ရှင်သာမဏော ဘဝသည် အမြင့်မြတ်ဆုံးသော လူတို့ဘဝထက်ပင် သာလွန်မြင့်မြတ်ပေသည် ဟူသော ခံယူချက်တို့ လူငယ်တို့နှလုံးသားဝယ် စွဲသွားပါသည်။ ထိုအစဉ်အလာအစွဲကို မြန်မာတို့သည် ဦးထိပ်ပန်ဆင်၍ ဘုရင်မင်းတရားမှအစ တောအနှံ့ တောင်အနှံ့ ပျံ့နှံ့နေထိုင်သူအားလုံးပင် ရှင်သာမဏေဘဝကို မရလျှင်မဖြစ်၊ မရမနေ အရယူခဲ့ကြပေသည်။

မြန်မာတို့သည် ရှင်သာမဏေဘဝကို အလေးအနက် တန်ဖိုးထားကြသည်။

ရှင်မပြုရသေးလျှင် အိမ်ထောင်မပြုရဘူးဟူသော စွဲလန်းမှုအထိ အရိုးစွဲ ယုံကြည်ခဲ့ကြသည်။ သားယောကျ်ားလေး မွေးဖွားလာသည်နှင့်တပြိုင်နက် အရွယ်ရောက်လာလျှင် ရှင်ပြုပေးနိုင်ရန် မိဘနှစ်ပါးတို့သည်အလုပ်ကို ပို၍ကြိုးစားကြသည်၊ ငွေကြေးစုဆောင်းကြသည်။

ဤစိတ်ဓာတ် ဤအယူအစွဲကြောင့် စီးပွားရေးတိုးတက်လာကြသည်။ ငွေစုဆောင်းသည့် အလေ့အထကောင်းများရလာကြသည်။ ရှင်ပြုမင်္ဂလာပွဲတွင် ရှင်ဒကာ ရှင်ဒကာမအဖြစ် စုံညီတွဲ၍ အလှူရေစက်ချပွဲ ဆင်နွှဲနိုင်ရန်အတွက် မေတ္တာ၊ သစ္စာ၊ စေတနာ၊ သဒ္ဓါ တို့ပါ ပူးတွဲချည်နှောင်လာကြသဖြင့် အိမ်ထောင်ရေးပြဿနာများ၊ လင်းမယား ကွာရှင်းပြတ်စဲမှုများ လျော့နည်းခဲ့ကြသည်။ သားလေးအား အနာဂတ်တွင် ရှင်ပြုနိုင်ရေးဟူသော သံယောဇဉ်နှောင်ကြိုးကြောင့် မိဘတို့အိမ်ထောင်ရေး စိုပြည်ခိုင်မြဲခဲ့ကြသည်။ မျှော်မှန်းချက်၊ မျှော်လင့်ချက်များ ဦးထိပ်ထားကြိုးပမ်းကြသဖြင့် လုပ်ငန်းအဝဝ အဆင်ပြေလာကြသည်။

ဆယ်ကျော်သက်အရွယ် ရောက်ရှိလာသောအခါ ပညာသင်ကြားရန် ဘုန်းတော်ကြီးကျောင်းများသို့ အပ်နှံကြသည်။ ထိုနောက် ရှင်သာမဏေပြုလုပ်ပေးရန် မောင်ရှင်လောင်းများကို ဆရာဘုန်းတော်ကြီး ထံအပ်နှံကြသည်။ ရှင်မဖြစ်မီ သိမှတ်ဖွယ်ရာများကို သင်ယူနိုင်ရန် အချိန်ယူ၍ ကြိုတင်အပ်နှံကြသည်။ ဘုန်းတော်ကြီး များကလည်း သက်န်းတောင်းနည်း၊ သရဏဂုံယူနည်း၊ သက်န်းပေးနည်း၊ ပစ္စဝေက္ခဏာဆင်ခြင်နည်း၊ သီလသိက္ခာပုဒ်ဆောက်တည်နည်း၊ ဥပဇ္ဈာယ်ယူနည်း များကို ဌာန်ကရိုဏ်းကျက် သင်ပေးကြသည်။ သေခိယခေါ် ရှင်ကျင့်ဝတ်များကိုလည်း သင်ပေးကြသည်။ ဤသို့ဖြင့် ရှင်သာမဏေဘဝ ရောက်လာသောအခါ ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးသိမ်မွေ့သော ကိုရင်လေးများ ဖြစ်လာကြသည်။

မိဘတို့မှာလည်း ရှင်သာမဏေလေးများအား ဝမ်းသာကြည်နူးမှု အပြည့်ပါသော မျက်လုံးများဖြင့် ကြည့်မဝ၊ ရှုမဝ၊ ဖူးမျှော်မဝ အားရကျေနပ် နေကြသည်။ ရှင်ကျင့်ဝတ်အတိုင်း နေထိုင် သွားလာ၊ စားသောက် ဝတ်ရုံသည်ကို တွေ့ရသဖြင့် မိမိသားဟူသော အသိစိတ်ပျောက်ကာ လွန်စွာသပ္ပါယ်လှသည့် ဘုရားသားတော်လေးများအဖြစ် အားပါးတရ ရှိခိုးကြသည်။

ဆွမ်းကပ်၊ ဖျော်ရည်ကပ်၊ ပြုလုပ်ကြပြီး ဘုရားသွား ကျောင်းတက် သွက်လက်လာခဲ့ကြသည်။ မြတ်စွာဘုရား၏မိထွေးတော် မဟာပဇာပတိ ဂေါတမီ ထေရီမကြီး ပရိနိဗ္ဗာန်ဝင်စံခါနီးတွင် ဘုရားမယ်တော်ဘဝဟူသည် အမျိုးသမီးများ အတောင့်တဆုံး၊ အမြတ်နိုးဆုံးသော ဆုပင်ဖြစ်ပါကြောင်း လျှောက်ထားခဲ့သည်။ မိထွေးတော်၏ထုံးကို နှလုံးမူ၍ ရှင်သာမဏေများ ရဟန်းတော်များ၏ ရှင့်မယ်တော် ရှင့်ခမည်းတော်

ရဟန်းမယ်တော် ရဟန်းခမည်းတော် ဘဝဟူသည် လူ့လောကတွင် တန်းဖိုးအရှိဆုံးသော ဘဝဖြစ်သည်ဟူသော ဘဝအထိ ကိန်းဝပ်လာသည်။ နိုင်ငံအုပ်ချုပ်သော ရှင်ဘုရင်မင်းများနှင့်တန်းတူ မယ်တော်၊ ခမည်းတော်ဟူသော တော်ဝင် အခေါ်အဝေါ်ကို ခံကြရသည်။ ခမည်းတော်၊ မယ်တော်ဘဝနှင့် ကွယ်လွန်ပါမူ ရွှေထီးမိုး၍ အသုဘချရသည်အထိ ဂုဏ်ပြုကြသည်။

ကိုရင်လေးများသည် ဘုရားရှိခိုး၊ ပုတီးစိပ်၊ ကမ္မဋ္ဌာန်းထိုင် သင်္ဂြိုဟ် သဒ္ဒါစာဝါလေးများကို သင်ယူကြရသည်။ ဇိနတ္ထပကာသနီ၊ ဓမ္မပဒ၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်များ၊ ဇာတ်ကြီးဆယ်ဘွဲ့စသော ပုဒ္ဓဘာသာစာပေများကို ဖတ်ကြရသည်။ အနည်းဆုံး တစ်ဝါလောက်ဆိုကြရသဖြင့် ဘာသာရေး အသိအလိမ္မာ အတော်လုံလောက်စွာ နားလည်သွားကြသည်။ ဘုရား၊ တရား၊ သံဃာ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို နားလည်သွားကြသည်။ လောကသံသရာ နှစ်ဖြာအကျိုးရှိစေမည့် မင်္ဂလသုတ်၊ သိဂၤါလောဝါဒသုတ် စသည်တို့ကို သင်ယူ ကြရသဖြင့် လူငယ်ဘဝကပင် ဘာသာရေး၊ လူမှုရေးများ သဘောပေါက်ခဲ့ကြသည်။ ကိုးခန်းပျို့၊ သံဝရပျို့ စသော ပျို့၊ ကဗျာ၊ လင်္ကာ များကိုလည်း အတော်အတန် တီးမိ ခေါက်မိ ရှိနေကြသည်။

ရှင်သာမဏေလေးများသည် ရှင်ဘဝနှင့် ပျော်ရွှင်စွာ သာသနာ့ဝန်ထမ်းဆောင် နေပါမူ မိဘဆွေမျိုးအားလုံးတို့ အာစိဏ္ဏကံ ကုသိုလ် တိုးပွားကြရသည်။ ရဟန်းခံရန် အချိန်တန်သောအခါ ရဟန်းခံမင်္ဂလာပွဲ ဆင်နွှဲရန်အတွက် အထူးစီမံချက်ဆွဲ၍ အားခဲကြိုးစားလုပ်ကိုင်ကြ ငွေကြေးစုဆောင်းကြပြန်သည်။

ရှင်သာမဏေလေးများသည် သာသနာ့ဘောင်၌ မပျော်ပိုက်၍ ရှင်လူထွက်လာသောအခါ၌လည်း ကွမ်းတောင်ကိုင် ပျိုချောတို့ လောကဝယ် မျက်နှာပွင့်လန်းစန်းပွင့်သူများ ဖြစ်လာကြသည်။ စားပုံ သွားပုံအစ ယဉ်ကျေးသိမ်မွေ့လာကြသည်။ သာသနာတော်၏ အဆုံးအမကြောင့် ဘဝတည်ငြိမ် ကျန်းမာရေး ရင့်ကျက်လာသည့်အပြင် လူပျိုအောင်ဝင်စအရွယ်ကောင်းသို့ ရောက်လာသဖြင့် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်လာသည်။

ရပ်ရေး၊ ရွာရေး၊ ဘာသာရေး၊ လူမှုရေး၊ ဒုမင်္ဂလာ၊ သုမင်္ဂလာ ကိစ္စအဝဝတို့စွင့် ပုဒ္ဓဘာသာဓလေ့ထုံးစံများကို စနစ်တကျ နေထာမှန် လူမှန် ပုဂ္ဂိုလ်မှန် စီမံခန့်ခွဲတတ်လာသည်။ ရွာလူငယ်တို့၏ ခေါင်းဆောင်ဖြစ်လာသည်။ ရပ်ရေး၊ ရွာရေးစွင့်ကျယ်လာသဖြင့် အုပ်ချုပ်ရေးတာဝန်များကိုပင် ဆောင်ရွက်လာသည်အထိ တိုးတက်လာသည်။

ထိုမှ နောက်ဝယ် လူလောကအလယ် ဂုဏ်တင့်တယ်စွာ နေထိုင်နိုင်သူ လုပ်ကိုင်ဆောင်ရွက်နိုင်သူ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် တွင်ကျယ်သူ

ဘဝမှ နိုင်ငံသားကောင်းများဘဝအထိ တိုးတက်လာခဲ့ကြသည်။ ဤသည်မှာ ဗုဒ္ဓဘာသာအမွေအနှစ်ကောင်းတို့ကြောင့် မြန်မာလူငယ်တို့ဘဝ သာယာအေးမြတည်ငြိမ်စွာ တိုးတက်လာမှုပင်ဖြစ်သည်။ မြန်မာလူငယ်တို့တွင် ရှေးယခင်က ဆိုးသွမ်းလူငယ်ပြဿနာမရှိခဲ့သည်မှာ ဤရှင်ပြုမင်္ဂလာ၏ အနှစ်သာရရှိရှိ ကျေးဇူးပြုမှုပင် ဖြစ်လေသည်။

ကလေးအရွယ် လိမ္မာနှင့်ပါမှ ကြီးရင့်က လိမ္မာမည်၊
အလိမ္မာ ပြည်ထောင်စုလျှင် ကောင်းမှုထွတည်-

ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရားများ၏ အဆုံးအမသြဝါဒတော် အတိုင်း လူငယ်ကောင်းမှ လူကြီးကောင်းများပေါ်ထွက်နိုင်မည်။ လူငယ်တော်မှ လူကြီးကျော်များ ထွက်ပေါ်လာနိုင်မည်၊ စိတ်အာရုံအား ကြီးထွားတက်ကြွနေသည့် အရွယ်လူငယ်လူရွယ်တို့ကို လူကောင်းသူကောင်း လူတော်လူမော်ဖြစ်အောင် ပို့ဆောင်နိုင်သည့် အခြေခံအကျဆုံး လုပ်ငန်းမှာ ရှင်ပြုမင်္ဂလာပင် ဖြစ်ပေသည်။

ရှင်သာမဏေအစ ရာဟုလာက

ရှင်သာမဏေပြုခြင်း ကိုရင်ဝတ်ခြင်းသည် ဘုရားရှင်လက်ထက်တော်ကပင် ရှိခဲ့သော အစဉ်အလာတစ်ခုဖြစ်သည်။ မြတ်စွာဘုရားသာသနာတော် ပထမဆုံး သာမဏေဖြစ်လာသူမှာ ဘုရားသားတော် ရာဟုလာမင်းသားကလေးဖြစ်သည်။ မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် ပထမဆုံးအကြိမ် နေပြည်တော်ကပိလဝတ္ထုသို့ ကြွရောက်တော်မူစဉ် သားတော်ရာဟုလာသည် ထီးမွေ၊ နန်းမွေဆက်ခံရန် အမွေတောင်းခံလာသည်။ မြတ်စွာဘုရားရှင်က လောကုတ္တရာအမွေအဖြစ် သားတော်ကို သာမဏေဝတ်ပေးလိုက်သည်။

ရှင်သာမဏေပြုပေးရန်အတွက် အရှင်သာရိပုတ္တရာထေရ်အား တာဝန်ပေးခဲ့သည်။ သရဏဂုံသုံးပါးဖြင့် ရှင်သာမဏေအဖြစ်ကို ငါဘုရား ခွင့်ပြုတော်မူကြောင်း မိန့်ကြားတော်မူသည်။ မြတ်စွာဘုရား၏ ခွင့်ပြုတော်မူချက်အရ သားတော်ရာဟုလာကို သာမဏေပြုပေးရာမှစ၍ ဤသာသနာတော်တွင် ရှင်သာမဏေ စတင်ပေါ်ပေါက်လာသည်။

မြတ်စွာဘုရား လက်ထက်တော်က ဗုဒ္ဓဘာသာဝင် ယောကျ်ားလေးတိုင်းကို ရှင်ပြုပေးရမည် ဟု စည်းကမ်းသတ်မှတ်ချက်လည်းမရှိ။ ဓလေ့ထုံးစံလည်း မရှိခဲ့ချေ၊ မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားလာသောအခါ ဗုဒ္ဓဘာသာယဉ်ကျေးမှုများသည် မြန်မာ့ယဉ်ကျေးမှုအသွင်သို့ ပြောင်းလဲလာရာမှ ရှင်ပြုခြင်း

အလေ့အထသည် ကျယ်ပြန့်လာသည်။ မြန်မာဗုဒ္ဓဘာသာ ယောက်ျားလေးတိုင်း ရှင်မပြုလျှင်မဖြစ်သည့် အခြေအနေသို့ ရောက်ရှိအောင် စီစဉ်နိုင်ခဲ့ကြသည်။

မြန်မာဘုရင် အဆက်ဆက်ပင် ထီးတော်ရိပ်ဖွား သားတော်များကို ဆရာတော်များထံအပ်နှံ၍ စာတော်ပြန်ပွဲတွင် အောင်မြင်ကြကုန်သော သားတော်တို့အား ဝါဆိုလဆန်း (၁၄) ရက်၊ (၁၅) ရက်နေ့ များတွင် အခမ်းအနားဖြင့် ရှင်ပြုပဉ္စင်းခံပွဲများ ကျင်းပကြသည်။ ထို့အတူပင် တိုင်းသူပြည်သားများကလည်း မိမိတို့သားများကို ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းကာ ရှင်ပြုမင်္ဂလာပွဲ ကျင်းပကြသည်။

သာသနာ့အမွေ ရှင်သာမဏေ

ရှင်ပြုခြင်းသည် ဘာသာရေး၊ သာသနာရေး ကိစ္စဖြစ်သည်။ သာသနာ့ဩဇာဝင်ပင်ကြီး တည်တံ့ပြန့်စည်နေခြင်းမှာ ရေသောက်မြစ် ကောင်းသောကြောင့် ဖြစ်သည်။ ရေသောက်မြစ်ကို အားဖြည့်ပေးမှ အရှည်တည်တံ့ပေမည်။ သာသနာတော်ကြီး၏ ရေသောက်မြစ်ဟူသည် ဓမ္မအားဖြင့် ရှင်ကျင့်ဝတ် စသော ဝိနည်းတော်ဖြစ်၍ ပုဂ္ဂလအားဖြင့် ရှင်သာမဏေများ ရဟန်းအဆက်မပြတ် ပေါ်ထွန်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် သာသနာတော် ရေသောက်မြစ်များ အားကောင်းအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ သာသနာတော်ထွန်းကားကာစအခါသမယ၌ ဒေဝါနံပိယတိဿမင်းကြီးက အရှင်မဟိန္ဒမထေရ်မြတ်အား သာသနာတော်သည် ဤနိုင်ငံ၌ တည်ပါပြီလား အရှင်ဘုရားဟု မေးလျှောက်ရာ သာသနာတော်တည်ပါပြီ၊ သို့ရာတွင် သာသနာ့အမြစ်အရင်းကား မသက်ဆင်းတတ်သေးဟု မိန့်တော်မူ၏။ အဘယ်အခါကျမှ သာသနာ့အမြစ်အရင်း သက်ဆင်းသည် မည်ပါသလဲ ဘုရားဟု လျှောက်ထားပြန်ရာ သီဟိုဠ်ကျွန်းသား မိဘနှစ်ပါးမှ သီဟိုဠ်ကျွန်းမြေပေါ်မှာပင် မွေးဖွားသော သူငယ်သည် ဤကျွန်းမှာပင် ရှင်သာမဏေဝတ် ရဟန်းဝတ်ပြီးနောက် ဤကျွန်းမှာပင် ရှင်ကျင့်ဝတ် ရဟန်းကျင့်ဝတ်ကို သင်ယူလေ့ကျက်၍ ဤကျွန်းမှာပင် ဘဝတူသီဟိုဠ်ကျွန်းသားတို့ကို တစ်ဆင့်ပို့ချ သင်ကြားပေး၏။ ထိုအခါ သာသနာ အဖြစ်အရင်း သက်ဆင်းသည် မည်ပေတော့သည်ဟု မိန့်တော်မူသည်။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်အား အသောကမင်းတရားကြီးက သာသနာတော်အတွက် ဤရွှေ့ဤမျှ လှူဒါန်းသဖြင့် သာသနာ့အမွေခံပုဂ္ဂိုလ် ဖြစ်ပါပြီလားဟုမေးမြန်းရာ မိမိ၏သားသမီးများကို သာသနာတော်သို့ သွတ်သွင်းပေးမှ

သာသနဒါယဇ္ဇ သာသနာ့အမွေခံဖြစ်မည်ဟု မိန့်တော်မူသည်။ ထိုမိန့်ဆိုချက်အရ ဗုဒ္ဓဘာသာဝင်အားလုံးတို့သည် သာသနာ့အမွေခံများဖြစ်စေရန်အတွက် မိမိတို့၏ သားသမီး ံမြေးမြစ်များနှင့် အခြားသူတို့၏ သားသမီးများကို မဖြစ်မနေ သာသနာ့ဘောင်သို့ သွတ်သွင်း၍ ရှင်ရဟန်း ပြုလေ့ရှိခဲ့ကြသည်။

ရှင်လောင်းလှည့်ခြင်းအစ ဗုဒ္ဓလက်ထက်က

ရှင်ပြုမင်္ဂလာပွဲများ ဆင်နွဲကြရာတွင် ရှင်လောင်းလှည့်ပွဲ ပြုလုပ်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သည်။ ထိုပွဲသည် ရှင်လောင်းလျာများကို ဘုရင့်သားတော် အဆောင်အယောင်ဖြင့် လောကီနည်းအရ ခမ်းမြောက်ပူဇော်သည့်ပွဲမျိုးဖြစ်၍ ခဲ့.နိုင်သလောက် ကျယ်ဝန်းသည်။ ရှင်လောင်းများကို ဘုရင့်သားတော်များသဖွယ် ဆင်ယင်ပေးကြပြီး ဆင်၊ မြင်း ထမ်းစင် စသည်ဖြင့် လှည့်လည်ပွဲပြုလုပ်ကြပုံမှာ အလှူရှင်၏ငွေကြေးအင်အားအလိုက် မြို့.ရွာဒေသအလိုက် အကြိုက်ကို လိုက်၍ ကွဲပြားခြားနားကြသည်။

ဘုရားရှင်လက်ထက်တော်က ပဏ္ဏိတသာမဏေလောင်းလျာကို ကျောင်းတော်သို့ မပို့မီ လူ့ဘဝ၌ ပြုသင့်ပြုထိုက်သော ပူဇော်သက္ကာရ လုပ်ငန်းများကို မိဘဆွေမျိုးများကိုယ်တိုင် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ပေးပြီး ကျောင်းတော်သို့ ခေါ်ဆောင်ခဲ့သည်ဟု ဓမ္မပဒ၌ ဖွင့်ဆိုထားသည်။ ဝနဝါသီတိဿသာမဏော လောင်းလျာကို ကျောင်းသို့ပို့ဆောင်ရာ၌လည်း ထို့အတူပင် ခမ်းနားစွာ ပို့ဆောင်ကြောင်း ဖော်ပြထားသည်။

သီရိမမွာသောကမင်းကြီးလက်ထက်တွင် ညီတော်တိဿ ရဟန်းပြုရာတွင် အသောကာရုံကျောင်းသို့အရောက် လမ်းတလျှောက် တန်ဆာဆင်စေပြီး စစ်သည်အပေါင်းခြံရံကာ ခမ်းနားစွာပို့ဆောင်စေသည်။ ဓမ္မဒိန္နာထေရီမ သာသနာ ဘောင်သို့ ဝင်ရောက်ရာ၌လည်း ထေရီမလောင်းလျာကို အဆင်တန်ဆာ လှပစွာ ဆင်ယင်စေပြီး ဆွေးမျိုးအပေါင်းခြံရံစေကာ တစ်မြို့.လုံးကို တန်ဆာဆင်၍ ခမ်းနားစွာ ပို့ဆောင်ပေးခဲ့သည်။

ဤသည်တို့ကို ထောက်ဆပါက ရှင်လောင်းလှည့်ခြင်းသည် ဗုဒ္ဓ လက်ထက်တော်ကပင် စတင်ခဲ့သော မင်္ဂလာပွဲဖြစ်ကြောင်း တွေ့.ရသည်။ ရှင်ရဟန်းပြုလုပ်ခြင်းသည် အောက်တန်းကျသော အညံ့စားအလုပ်မဟုတ်၊ သာကီဝင်မင်းမျိုးဖြစ်သော ဘုရားရှင် ကိုယ်တော်တိုင်စတင်ခဲ့သော မြင့်မြတ်သောလုပ်ငန်းဖြစ်သည်၊ သာသနာတော်အတွက် ဂုဏ်တတ်စေသော လုပ်ငန်းမျိုးဖြစ်၍ အားပေးသင့်ကြပေသည်။

ရှင်သာမဏေပြုသင့်သော အရွယ်

အသက်တစ်ဆယ့်ငါးနှစ်မပြည့်သူကို ရှင်ပြုမပေးရဟု မြတ်စွာဘုရား ပထမဦးစွာ ပညတ်တော်မူခဲ့သည်။ ထို့နောက် မိမိ ဆွမ်းခွက်၌ ကျီးကန္ဒက်သည့်အခါ ထိုကျီးကို ခြောက်လှန့်နိုင်လောက်လျှင် ရှင်ပြုနိုင်ပြီဟု ထပ်မံ ခွင့်ပြုတော်မူသည်။ ဤခွင့်ပြုချက်မှာ ထူးခြားသော အခြေအနေအရသာ ခွင့်ပြုတော် မူရခြင်းဖြစ်သည်။ မူလက ပညတ်ချက်သည်သာ ယေဘုယျအားဖြင့် သာမဏေလောင်းများအတွက် သင့်လျော်သော အသက်အရွယ်ဖြစ်ပေသည်။

ရှင်သာမဏေအဖြစ် ခံယူမှုအတွက် အဓိကရည်ရွယ်ချက်မှာ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ- သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရန်ဖြစ်ပေသည်။ သို့ဖြစ်၍ အသက်အရွယ် လွန်စွာငယ်သော သူတို့အတွက် အသိဉာဏ် မရင့်သန်နိုင်သေးသဖြင့် ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာဆိုသတဲ့သို့ အကျိုးထက်အပြစ်ကပိုများနိုင်သည်။ ဆေးအတွက်လေးနိုင်သည်။ **"အမြင်ကပ် သက်နှံးနှင့်သတ်"** ဟူသော စကားကဲ့သို့ ကျောင်းပိတ်ချိန် ကစားလွန်း၍ ရှင်ပြုပြီး ကျောင်းမို့ ထားခြင်းသည် လုပ်ကောင်းသော အလုပ်မျိုးမဟုတ်ပေ၊ ရှင်သာမဏေအဖြစ်သည် ဆရာနှင့် သာမဏေလောင်း နှစ်ဦးစလုံး သရဏဂုံ ပီပီသသ ဌာန်ကရိဏ်းကျကျ အသံ အပြင်း အပျော့၊ အဖွင့် အပိတ် မှန်ကန်မှသာ ရှင်သာမဏေအစစ် ဖြစ်နိုင်သည်။ အစစ် ဖြစ်မှသာ နတ်လူဦးခိုက် ရှိခိုးထိုက်ပေသည်။

ရှင်လောင်းတို့ပြုကျင့်ရမည့်အရာများကို ကြိုတင်ပြင်ဆင်မှုမရှိဘဲ ကျောင်းခေါ်လာပြီး နေ့ချင်းပြီး ဝတ်ပေးခြင်း၊ သက်နှံးမနိုင် အလွန်ငယ်ရွယ်သူများကို ဝတ်ပေးခြင်း၊ သရဏဂုံကို ပီသအောင် မရွတ်ဆိုနိုင်သူများကို ဝတ်ပေးခြင်း၊ "ပဏ္ဏာ၊ ထေ၊ ပက်၊ ဆန်၊ ပဉ္စာနန်၊ ဒူသံ၊ ဥဘောပါ၊ ရှစ်မပြု၊ ဆယ့်တစ်မျှ၊ မှတ်ကြအဘတွာ" ဆောင်ပုဒ်လက်ာအရ ရှင်ပြုခွင့်မပေးခဲ့သူများကို ဝက်ပေးခြင်း၊ မြင့်မြတ်သော သာသနာတော်၏ဂုဏ်ဒြပ်နှင့် မကိုက်ညီသည့် လက်ပြတ်၊ ခြေပြတ် စသော ရှင်ရဟန်းမပြုထိုက်သူ ၃၂-ဦး ကို ဝတ်ပေးခြင်း စသည့်တို့ကို ရှောင်ကြဉ်သင့်ပေသည်။

ရှင်ပြုမင်္ဂလာ မှတ်ဖွယ်ရာ

မိဘခွင့်မပြုသော သားကို ရှင်ပြုမပေးရပါ၊ မိဘများကို ပန်ကြား ပြီးမှသာ ရှင်ပြုပေးရသည်။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူစဉ် ဟိ ဘိက္ခု ခေါ်တော်မူ၍ ရဟန်းအဖြစ်ကို ချီးမြှင့်တော်မူခဲ့သည်။ ထို့နောက် ရှင်အဖြစ်

ရဟန်းအဖြစ်ကို ပြုဖို့ မခွဲခြားဘဲ သရဏာဂုံဖြင့်ပင် ပြုလုပ်ပေးရန် ခွင့်ပြုတော်မူခဲ့သည်။ နောင်အခါတွင် သရဏာဂုံဖြင့်မဟုတ်တော့ဘဲ ဥ တို့စတုတ္ထကမ္မဝါစာဖြင့် ရဟန်ခံပေးရမည်ဟု ပညတ်တော်မူခဲ့သည်။ ရှင်သာမဏေအဖြစ်ကိုမူ သရဏာဂုံဖြင့်ပင် ခွင့်ပြုတော်မူခဲ့သည်။ သရဏာဂုံ ပီသရေးသည် ရှင်သာမဏေဘဝရရှိရေးအတွက် အရေး အပါဆုံးဖြစ်သည်။

ရှင်သာမဏေတစ်ဦးအတွက် အပြစ်ကြီးငယ်တို့ကို ဆုံးမ၍ သင်ပေးရသော ဥပဇ္ဈာယ်ဆရာ၊ ခေါင်းရိပ် သင်္ကန်းဝတ် သရဏာဂုံပေးရသော ပဗ္ဗဇ္ဇာစရိယဆရာ၊ ဩဝါဒပေးရသော ဩဝါဒါစရိယဆရာ ဟူ၍ ဆရာသုံးမျိုးရှိသည်။

ရှင်သာမဏေဘဝဟူသည် လူဝတ်ကြောင်ဘဝမှ ရဟန်းသာမဏေဘဝသို့ ကူးပြောင်းကာ ဘဝသစ်ဖြစ်ရခြင်းနှင့်တူသည်။ ရှိခိုးခြင်းခံရ၊ ဆွမ်းသင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးအသုံးအဆောင်မျာ အလှူဒါနမျာကို ခံယူရသည့် ဘဝသစ်ဖြစ်လာသည်။ သားသမီးတို့သည် ရိုးရာထုံးစံအတိုင်း အတူလိုက်တတ်ကြသကဲ့သို့ပင် ရှင်သာဏေတို့သည်လည်း မိမိတို့ရှင်ပြုဆရာသမားမျာ၏ စားပုံ ဝတ်ပုံ နေပုံ ပြောဆိုပုံ စသည်တို့ကို အတူလိုက်တတ်ကြသဖြင့် ဆရာကောင်းမျာထံ အပ်နှံရန် အရေးကြီးသည်။

ဆရာကောင်းတပည့်ဖြစ်ပါမှ သာသနာတော်အတွက် ကျက်သရေရှိသူ ဖြစ်ပေမည်၊ ခမည်းတော် မယ်တော် ဒါယကာတို့လည်း သာသနာပြုရကျိုးနပ်ကြပေမည်။ ရှင်သာမဏေ စနစ်တကျဖြစ်မြောက်ရေး၊ လောက သာသနာ နှစ်ဖြာအကျိုးရရှိရေးအတွက် လောကီရေးကို အလေးပေးလွန်းသော ရှင်ပြုပွဲကြီးမျာကို ဆင်ခြင်သင့်ပေသည်။ ပကာသနမျာကို ဦးစားပေးလွန်းသဖြင့် ငွေကုန်ကြေးကျမျာကာ အကြွေးတင်ကြသည်။ လူတွေလည်း ပင်ပန်းကြသည်။ ငွေကုန်လူပန်း အလှူဆန်းတမျိုးမဖြစ်ရလေအောင် ရှောင်သင့်ကြပေသည်။ အပိုဖြစ်သော ပကာသနအကာပိုင်းကိုလျော့ကြ၍ သာသနာရေး အနှစ်ပိုင်းကို ဝိုင်းဝန်း ကြိုးပမ်းသင့်ပေသည်။

မိမိတို့ရပ်ရွာ ဓလေ့အလိုက်နှင့် အလှူရှင်မျာ၏ ငွေကြေးအင်အားအလိုက် မောင်ရှင်လောင်းမျာကို လှုပစွာ ဆင်ပြင်ပေးကြသည်။ ရှင်လောင်း လှည့်မည့် အချိန်တွင် မိမိတို့ ရိုးရာနတ်မျာကို ပြကြသည်။ မောင်ရှင်မျာကို မြင်းပေါ်တင်ကာ ရွှေထီးမိုး၍ ရှိုးလိုက်ရတုများရွတ်ဆိုပြီး ကာလသားတသိုက်တို့ ပျော်ပါးနှစ်ခြိုက်စွာ လိုက်ပါကြသည်။ အုံးပွဲ ငှက်ပျောပွဲရွက်သူ သပိတ် သင်္ကန်း ပရိက္ခရာ ငွေပဒေသာပင်မျာကို ကိုင်သူ၊ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် အပျိုချော တစုကလည်း အစွမ်းကုန် ဝတ်စားပြင်ဆင်၍ ပျော်ရွှင်စွာ ပါဝင်ကြသည်။ အိုးစည် ဗုံမောင်း၊ အတီး၊ အမှုတ် အကအခုန် မျိုးစုံပြင်ဆင်၍ ဗျာသံ စည်သံ တညံညံဖြင့် ရှင်လောင်းလှည့်ပွဲ

ဆင်နွဲလှည့်လည်ကြသည်။ တစ်ပါး၊ နှစ်ပါး၊ ရှင်လောင်းလှည့်ပွဲမှအစ ရှင်လောင်းများစွာ စုပေါင်းလှည့်လည်ပွဲများသည်ကား တောရွာအလိုက် နှစ်မြို့ကျော်ပေါ်မြူးစရာအကောင်းဆုံး လှည့်လည်ပွဲပင် ဖြစ်လေသည်။ ဘာသာ သာသနာကို အလေးထားကိုးစားကြသည့် လူမျိုးများဖြစ်၍ ရှင်လောင်းလှည့်ပွဲကို တအားခဲကာ ဆင်နွဲပါဝင်ကြသည်။

ကျောင်းတော်သို့ ရောက်ရှိသောအခါ ရှင်လောင်းဝတ်တန်ဆာ မကိုင်စလွယ် ရတနာတို့ကို ချွတ်၍ ခေါင်းတုံးရိပ်ကြသည်။ ခေါင်းရိပ်နေစဉ် "အတ္ထိ ကမ္မဿကာယေ ကေသာ လောမာ နခါ ဒန္တာ တစော" ဟု တစပဉ္စက ကမ္မဋ္ဌာန်း ရွတ်ဆိုပွားများ၍ ခေါင်းရိပ်ခံကြ ဆဲချကြသည်။ မြင့်မြတ်သော အရဟတ္တဓဇသက်န်းကို မဆင်မြန်းမီ လူနံ့.ကင်းပျောက်စေရန်အတွက် မောင်ရှင်လောင်း၏ ကတုံးရိပ်ပြီးစ ဦးခေါင်းကို နနွင်းအနည်းငယ် ပွတ်လိမ်းပေးလေ့ရှိကြသည်။ ထို့နောက် ဆရာတော်ဘုရားထံမှောက်သို့ လာရောက်ကြကာ ဆောင့်ကြောင့်ထိုင်လက်အုပ်ချီ၍ ရှင်သာမဏေဝတ်ပွဲ စတင်တော့သည်။

မောင်ရှင်လောင်းတို့သည် ပထမဦးဆုံး မိမိတို့၏ သက်န်းများကို လက်နှစ်ဖက်ဖြင့် ကိုင်ထားကြသည်။ သက်န်းကပ် ပါဠိအနက်များကို ရွတ်ဆိုကြပြီး မိမိတို့လက်ရှိ သက်န်းကို ယူတော်မူ၍ ရှင်သာမဏေပြုပေးပါရန် တောင်းပန်လျှောက်ထားပြီး ဆရာတော်ကို သက်န်းကပ်ကြသည်။ ထို့နောက် သက်န်းတောင်း ပါဠိအနက်များကို ရွတ်ဆို၍ ဆရာတော်ဆံမှ သက်န်းကိုပြန်တောင်း၍ သက်န်းဝတ်ပေးကြသည်။ သက်န်းဝတ်ပေးပြီးသောအခါ သာမဏေရ ပဗ္ဗဇ္ဇာသီလဖြစ်သော ဆယ်ပါးသီလကို ခံယူဆောက်တည်ကြရသည်။ သရဏဂုံဆောက်တည်သောအခါ ဆရာတော် သင်ကြားပေးသည့်အတိုင်း ဌာန်ကရိုက်း ပီသစွာ ရွတ်ဆို ဆောက်တည်ကြ သည်။ သရဏဂုံသည် ရှင်သာမဏေအတွက် အသက်ပမာ အရေးပါလှသဖြင့် ဆရာ တပည့် နှစ်ဦးလုံး သေချာစွာ ဂရုတစိုက် ရွတ်ဆိုကြသည်။

ဆယ်ပါးသီလခံယူပြီးသောအခါ ရှင်သာမဏေဝတ်ခြင်းကိစ္စပြီးသွားပေပြီ။ မိမိတို့၏ မွေးနံ့အလိုက် (နေ့.နံ့အလိုက်) ဆရာတော်က ဘွဲ့အမည်ကိုမှည့်ပေးသည်။ ဆရာတော်ထံ ဥပဇ္ဈာယ်ယူကြသည်။ ပစ္စဝေက္ခဏာဆင်ခြင်နည်းများနှင့် လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ ရှင့်ကျင့်ဝတ်များကို သင်ကြားပေးတော်မူသည်။ ထို့နောက် ရှင်ဖြစ်ဆွမ်းကျွေးပွဲသို့ ကြွရောက်တော်မူလာကြကုန်သော သံဃာတော် အရှင်မြတ်တို့နှင့်အတူ သာသနာဘောင်သို့ဝင်ကာစ မောင်ရင်သစ်များကို ဆွမ်းဆက်ကပ်ကြသည်။ အလှူပွဲသို့ ကြွရောက်အားပေးကြကုန်သော ပရိသတ်တို့အား ထမင်း

ကျွေးမွေးကြသည်။ ထို့နောက် ရှင်ဖြစ်တရားတော်နာယူကြပြီး ရေစက်ချအမျှဝေကာ ရှင်ပြုမင်္ဂလာပွဲကို အောင်မြင်စွာ ဆင်နွဲကြလေသည်။

ပဉ္စင်းခံပွဲ

ရဟန်းခံပွဲ၊ ပဉ္စင်းခံပွဲမှာမူ ရဟန်းသံဃာတော်တို့၏ အရေးအကြီးဆုံး ပွဲပင်ဖြစ်သည်။ ရဟန်းလောင်းကို ပထမဦးဆုံး ရှင်သာမဏေဝတ်ပေးရသည်။ ထို့နောက် သိမ်ဝင်ကြသည်။ သိမ်ထဲတွင် သံဃာတော်အနည်းဆုံး ငါးပါးရှိမှ ရဟန်းခံပွဲ ပြုလုပ်အောင်မြင်နိုင်သည်။ ရဟန်းခံရာတွင် ရဟန်းလောင်း သုံးပါးထိသာ စကြိမ်တည်း ရဟန်းခံယူနိုင်သည်။ စွမ်းဆောင်နိုင်သော သံဃာတော်တစ်ပါးပါးက သံဃာ့ထံပါးမှ နှစ်တောင့်ထွာ၏အပြင်ဘက်အရပ်တွင် ရပ်နေသော ရဟန်းလောင်းကို သွားရောက်ဆုံးမသည်။ ထို့နောက် သံဃာထံသို့ ပြန်လာစေရန် ခေါ်ယူပြီး သံဃာတော်များကို ရှိခိုးခိုင်းသည်။ ဆောင့်ကြောင့်ထိုင်လက်အုပ်ချီ၍ နေစေသည်။ သံဃာတော်တို့က ဥတ္တိစတုတ္ထကမ္မဝါစာကို ပီသစွာ ရွတ်ဖတ်တော်မူကြသည်။ သံဃာတော်တို့ သုံးကြိမ် ကမ္မဝါစာရွတ်ဖတ်ပြီးသောအခါ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိသွားပြီဖြစ်သည်။

ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ၊ ကာရကသံဃာအရေအတွက်၊ သိမ်၊ မြို့ရွာ နယ်ပယ်နှင့် ရဟန်းဖြစ်သော နှစ်၊ လ၊ ရက်၊ နာရီ တိတိကျကျ မှတ်တမ်းတင်၍ သာသနာဝင်အဖြစ် ရေးမှတ်ကြသည်။ သိမ်ဆင်းသောအခါ အလှူရှင်တို့က လှူဖွယ်ဝတ္ထုတို့ကို လောင်းလှူကြသည်။ ဤသည်တို့မှာ မြန်မာ့ယဉ်ကျေးမှု စဉ်လာရှင်ပြုရဟန်းခံမင်္ဂလာပွဲပင် ဖြစ်သည်။

ထိမ်းမြားမင်္ဂလာ

"ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်လာ သတ္တဝါအပေါင်း ချမ်းသာကြောင်" ဆိုသည့် ဗုဒ္ဓဒေသနာတော်နှင့်အညီ မြတ်စွာဘုရားပွင့်တော်မူလာခြင်းသည် သတ္တဝါတို့ လောကသံသရာမှ လွတ်မြောက်ရေးအတွက် အဓိကဖြစ်ပေသည်။ သို့သော် မြတ်စွာဘုရားသည် လူ့ဘောင်လောကတွင် နေထိုင်ကြပြီး ရတနာသုံးပါးကို အားထားယုံကြည်ကြကုန်သော အိမ်ယာတည်ထောင် လူ့ဘောင်လောက လူသားများ၏ လောကီစီးပွားတိုးတက်ချမ်းသာရေး၊ လူမှုရေး၊ အိမ်ထောင်ရေး စသည်တို့အတွက်လည်း တရားနည်းလမ်းကျကျ ညွှန်ပြတော်မူပါသည်။ သီဂါလော

ဝါဒသုတ်၊ မင်္ဂလသုတ်၊ ဝသလသုတ် စသော သုတ်ဒေသနာတော်တို့သည်ကား မြတ်စွာဘုရား၏ လူမှုရေး လမ်းညွှန်ဂရားများပင် ဖြစ်လေသည်။

အိမ်ထောင်ရေးသည် လောကီလူမှုရေးရာ

လောကသဘာဝအရ ထိမ်းမြားမင်္ဂလာပြုလုပ်ခြင်းသည် ဘာသာရေးလုပ်ငန်းမဟုတ်ပေ၊ လောကီရေး လူမှုရေးလုပ်ငန်းသာ ဖြစ်သည်။ ဗုဒ္ဓဘာသာက လူမှုရေးလုပ်ငန်းအဖြစ် သဘာဝကျကျ မှန်ကန်စွာ သဘောထားသော်လည်း အခြားဘာသာတို့အဖို့မူ လွန်စွာ အရေးကြီးသည့် ဘာသာရေးစည်းရုံးမှုဖြစ်နေသည်။ ဗုဒ္ဓဘာသာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အိမ်ထောင်ရေးသည် နှစ်ဦးသဘောတူကတိပဋိညာဉ်ထား၍ ဆက်ဆံကြသော လောကီလူမှုရေး တစ်ရပ်သာ ဖြစ်သည်ဟု လက်ခံထားသဖြင့် ထိမ်းမြားမင်္ဂလာပွဲများကို ဘာသာရေးအစီအစဉ်များ အခမ်းအနားများဖြင့် တရားဝင်အကြင်လင်မယားဖြစ်လာစေရန်အတွက် ဆောင်ရွက်ဖို့ မလိုပေ။ ကျွေးမွေးဧည့်ခံခြင်းသည် လူမှုရေးအရ လောကဝတ် ပြုခြင်းမျှသာ ဖြစ်လေသည်။ မင်္ဂလာဆွမ်းကျွေးခြင်း၊ လှူဖွယ်ဝတ္ထုများ လှူဒါန်း ဆက်ကပ်ခြင်းများသည်လည်း အိမ်ထောင်ဦးမင်္ဂလာဒါနပြုခြင်းမျှသာ ဖြစ်လေသည်။ တရားဝင်စေရန် ဆောင်ရွက်ပေးရခြင်း မဟုတ်ပေ။

မြတ်စွာဘုရားလက်ထက်တော်အခါက လက်ထပ်ထိမ်းမြားရေး၊ သားရေး၊ သမီးရေး၊ လူမှုရေးများနှင့် ပတ်သက်၍ မြတ်စွာဘုရား၏ လမ်းညွှန်ဩဝါဒတော်များ၊ ဗုဒ္ဓဘာသာ ဥပါသကာ မိဘများ၏ လမ်းညွှန်သွန်သင်ချက်များသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ ထိမ်းမြားမင်္ဂလာပွဲ ဆင်နွဲကြသူတို့အတွက် အတုယူစရာ စံနမူနာများပင် ဖြစ်ပေသည်။

မိဘတို့ စတ္တာရား

မိဘများလိုက်နာရမည့် ကျင့်ဝတ်ငါးပါးကို ဟောကြားတော်မူရာ၌ “မကောင်းမြစ်တာ ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝန်းရင်း ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ” ဟူ၍ ထိမ်းမြားမင်္ဂလာ ပြုလုပ်ပေးရမည်ဟု ညွှန်ပြတော်မူခဲ့သည်။

ထိမ်းမြားပေးလျှင် မိဘတာဝန် ကျေပွန်ပြီဆိုပြီး တော်စွလျော်စွ မယူဆစေလိုသောကြောင့် ဗုဒ္ဓဘာသာက အိမ်ထောင်ရေးတာဝန်ကို အလေးအနက်

ထားကာ ပတိရူပေန ဒါရေန သံယောဇေန္တိ- မိမိတို့၏ မျိုးရိုးစဉ်လာ ကိုးကွယ်သည့် ဘာသာ၊ ရုပ်ဆင်းအဂိ၊ ကိုယ်ကျင့်သီလ စသည်တို့ဖြင့် သင့်လျော် လျောက်ပတ်သည့် အမျိုးသား အမျိုးသမီးများနှင့် ထိမ်းမြားပေးရမည်ဟု ထပ်ဆင့် ညွှန်ပြတော်မူသည်။

လူငယ်တို့တာဝန်

တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ကြရာ၌ သမသီလ အကျင့်စရိုက်သီလချင်းတူညီရမည်။ သမစာဂါ - အလှူအတန်း ရက်ရောမှု၊ စေတနာချင်း၊ ဝါသနာချင်း တူညီရမည်။ သမသဒ္ဓါ - ကံကံ၏ အကျိုးကို ယုံကြည်မှု ရတနာသုံးပါးတို့အပေါ် ယုံကြည်မှုချင်း တူညီရမည်၊ သမပညာ - အသိဉာဏ် (ကိုးကွယ်ယုံကြည်မှု ဘာသာဝါဒ) ချင်းလည်း တူညီရမည်၊ ထိုသို့သော အိမ်ထောင်ဘက်တို့ လက်ချင်းဆက်ကြပါမူ ယခုဘဝ၌လည်း သာယာချမ်းမြေ့ကြမည်။ နောင်ဘဝအဆက်ဆက်၌လည်း မကွဲမကွာ လက်တွဲမဖြုတ်ကြဘဲ ပါရမီရှင် အိမ်ထောင်ရှင်များ ဖြစ်ကြပေမည်ဟု ညွှန်ပြဓာကြားတော် မူခဲ့သည်။

အသွင်တူမှ အိမ်သူဖြစ်

-အသွင်တူမှ အိမ်သူဖြစ်နိုင်သည်- ဟူသော စကားအတိုင်းပင် အိမ်ထောင်ဖက်ချင်း အသွင်တူစေရန် အရေးကြီးလှသဖြင့် အသွင်တူသည့် အိမ်ထောင်ဖက်လေးမျိုးကိုလည်း ညွှန်ပြတော်မူသည်။

၁။ အကျင့်သီလကင်းမဲ့၍ လွဲမှားသော မိစ္ဆာဒိဋ္ဌိအယူရှိသည့် အမျိုးသားနှင့် အမျိုးသမီးတို့ ထိမ်းမြားမှု။

၂။ အကျင့်သီလနှင့် ပြည့်စုံ၍ မှန်ကန်သော ဘာသာအယူဝါဒတူ သမ္မာဒိဋ္ဌိ အယူမှန်ရှိသော အမျိုးသားနှင့် အမျိုးသမီးတို့ ထိမ်းမြားမှု။

၃။ အကျင့်သီလ ကင်းမဲ့၍ လွဲမှားသော မိစ္ဆာဒိဋ္ဌိ ရှိသည့် အမျိုးသားနှင့် အကျင့်သီလနှင့် ပြည့်စုံ၍ မှန်ကန်သော သမ္မာဒိဋ္ဌိအယူရှိသူ အမျိုးသမီးတို့ ထိမ်းမြားမှု။

၄။ အကျင့်သီလနှင့် ပြည့်စုံ၍ မှန်ကန်သော သမ္မာဒိဋ္ဌိအယူရှိသူ အမျိုးသားနှင့် အကျင့်သီလကင်းမဲ့၍ လွဲမှားသော မိစ္ဆာဒိဋ္ဌိအယူရှိသည့် အမျိုးသမီး တို့၏ ထိမ်းမြားမှုဟု ထိမ်းမြားမှုလေးမျိုး ရှိသည်။

ထိုလေးမျိုးသော အိမ်ထောင်ဘက်တို့တွင် အသွင်တူချင်း ပေါင်းသင်းရခြင်းသည် ကောင်းခြင်းမင်္ဂလာပြည့်စုံလှပါသဖြင့် အသွင်မတူပါက အိမ်သူအဖြစ် မရွေးချယ်သင့်ပေ။

-အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည် စုတ်ထိုး
ဤသုံးခုချက် မပိုင်လျှင် နောင်ပြင်နိုင်ခက်သည့် အမျိုး-

ဟူသော ဆိုရိုးစကားအရ နောင်သောအခါဝယ် ပြုပြင်ပြောင်းလဲရန် ခဲယဉ်းလှပြီး သံသရာတလျှောက်လုံး နစ်မွန်းနိုင်သော လုပ်ငန်းမျိုး ဖြစ်သဖြင့် ကိုးကွယ်ယုံကြည်မှု ကွဲပြားသူတို့နှင့် ထိမ်းမြားလက်ထပ်မှု မပြုလုပ်ကြရန် ထပ်မံ ခွဲခြား၍ ဟောကြားတော်မူခဲ့ပါသည်။ လင်ရော၊ မယားပါ နှစ်ဦးစလုံး သဒ္ဓါတူ ပညာတူ၊ သီလတူ အသက်မွေးစင်ကြယ်မှုတူညီကြပါမူ ဤဘဝတွင်လည်း သာယာမှု ပြည့်ဝ၊ ပျော်ရွှင်မှု ထာဝရရနိုင်သော အိမ်ထောင်ရှင်များ ဖြစ်ကြပေမည်။ နောက်ဘဝသံသရာ၌လည်း နတ်ပြည်လောကသို့ ဧကန်ပင် ရောက်ကြပေလိမ့်မည် ဟု အကြောင်းအကျိုးပြ၍ ဆုံးမတော်မူခဲ့ပါသည်။

ချဖူးသော ရေစက် ပန္နက်ဖူးသော သစ္စာ

တစ်ဦးနှင့်တစ်ဦး တွေ့ကြ ဆုံကြ ကြိုက်ကြ ချစ်ခင်ပေါင်းသင်းကြရေးနှင့် ပတ်သက်၍ ဘဝပေါင်းများစွာ အတိတ်အချိန်အခါက အလှူဒါနအတူတကွ ပြုလုပ်ခဲ့ကြပြီး ရေစက်ချခဲ့ဖူးကြလျှင် တစ်ဦးနှင့်တစ်ဦး သစ္စာဆို ဆုပန်ခဲ့ကြဖူးလျှင် ယခုဘဝ၌ အတူတကွ လက်တွဲ ကြရသည်။ ပေါင်းသင်း ဆက်ဆံတတ်ကြရသည်။ ရှေးဘဝများစွာက ချဖူးသော ရေစက် ပန္နက်ဖူးသောသစ္စာ အတူတကွ နေထိုင်ပေါင်းသင်းခဲ့ရခြင်း ယခုဘဝ၌လည်း သူ့အကျိုးစီးပွားကို ဆောင်ရွက်လုပ်ကိုင်ပေးခြင်းကြောင့် ချစ်သူတို့ဘဝရောက်ကြရသည်ဟု ဟောတော်မူထားပါသည်။ ဤဒေသနာတော်အရ ယခု ဘဝလက်တွဲကြရသည်မှာ သံသရာ ဆုတောင်းကြောင့် ဖြစ်သလို ယခုဘဝ၌လည်း အလှူရေစက် လက်နှင့်မကွာ ဘုရားသွားကျောင်းတက် လိုက်ဖက်ညီသော စိတ်တူ သဘောတူ ယုံကြည်မှုတူ အမျိုးဘာသာ သာသနာတူသူတို့ချင်း ထိမ်းမြားခြင်းသည် မြတ်စွာဘုရား၏ အဆုံးအမတော်နှင့် ညီညွတ်၍ မင်္ဂလာ ဖြစ်ပေမည်။

အိမ်ထောင်ရေးသည် အမျိုးသားရေး

ထိမ်းမြားမင်္ဂလာမှု ပြုလုပ်ခြင်းသည် အိမ်ထောင်ရေးလုပ်ငန်းပင်ဖြစ်သည်။ အိမ်ယာတည်ထောင် လူ့ဘောင်လောကကြီးတစ်ရပ်ကို တည်ဆောက်ခြင်းသည် လေးနက်စွာ ကျင့်သုံးလိုက်နာရမည့် လောကီရေးရာကိစ္စကြီးတစ်ရပ်ဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်သည် မိဘတို့ဝတ်ငါးပါးတွင် သင့်တော်သူနှင့်လက်ထပ်ထိမ်းမြား

ပေးရမည်ဟု ဟောကြားတော်မူသကဲ့သို့ပင် သားသမီးတို့လိုက်နာရမည့် ဝတ်ငါးပါး တွင်လည်း "စောင့်လေမျိုးနွယ်"ဟု ဝတ်တရားတစ်ခု ထည့်သွင်း တော်မူခဲ့သည်။ မိမိတို့၏ အမျိုးအနွယ် ဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်စေ ရမည်။ အမျိုးဘာသာသာသနာ စိတ်ဓာတ်နှင့် ဆုံးဖြတ်၍ အိမ်ထောင်ပြုပါဟု မူချမှတ် ဟောပြတော်မူသည်။

မြတ်စွာဘုရား၏* ဆုံးမတော်မူချက်သည် မှန်ကန်လှပါသည်။ မိမိတစ်ဦးတည်း ဘဝတိုးတက်မှု ဘဝလုံခြုံမှုကိုသာကြည့်ပြီး အမျိုး ဘာသာ သာသနာကို သစ္စာ စောင့်သိမှုမရှိသော အိမ်ထောင်ရေးသည် ရင်လေးဖွယ်ရာကောင်းလှသည်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှု အရသာကို အပြည့်အဝခံစားရမည် မဟုတ်ပေ။ ထို့ကြောင့်ပင် အိမ်ထောင်ရေးစည်းကမ်းများကို ဟောပြောရာ၌ မိဘအပိုင်း သားသမီးအပိုင်းဟု နှစ်မျိုးခွဲ၍ ဟောကြားထားရာ ထိုအိမ်ထောင်ရေး စည်းကမ်း များကို အမျိုးသားရေး ကျင့်စဉ်အဖြစ် လိုက်နာဆောင်ရွက်ခြင်းသည် မြတ်စွာဘုရား လိုလားတော်မူသော လောကီရေးရာ ထိမ်းမြားမှု မင်္ဂလာဖြစ်ပေသည်။

ဘာသာခြားနှင့် လက်ထပ်ရာဝယ်

ထိမ်းမြားမှုနှင့်ပတ်သက်၍ တစ်ခါတစ်ရံ ဘာသာတပါး ယုံကြည်သူများနှင့် လက်ဆက်ရသည်လည်း ရှိတတ်သည်။ ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါကပင် ဤပြဿနာမျိုး မကြာခဏ တွေ့ကြုံခဲ့ရသည်။ ဝိသာခါ၊ စူဠသုဘဒ္ဒါ စသော အရိယာအမျိုးသမီးများသည်ပင် ဘာသာခြားများနှင့် လက်ထပ်ခဲ့ကြဖူးကြောင်း တွေ့ရသည်။ ထိုသို့ ဘာသာခြားများနှင့် လက်ထပ်ရာဝယ် မိဘများက သားသမီး များအား မိမိအယူဘာသာဝါဒ မပျောက်ကွယ်ရအောင် ကြိုတင်စီစဉ် မှာကြားလိုက်ပုံ များနှင့် သားသမီးများကလည်း မိမိဘာသာကို ကာကွယ်ပြီး မိမိဘာသာဘက်သို့ ရောက်လာအောင် ဆောင်ရွက်ပုံတို့မှာ အတုယူစရာ ကောင်းလှသည်။

အိမ်ထောင်ရေး တာဝန်များ

ဝိသာခါသည် ဓနဥယသူဌေး၏သမီး၊ မေဏ္ဍကာက သူဌေးကြီး၏ မြေးတည်း၊ ၇- နှစ်အရွယ်ကပင် သောတာပန် အရိယာဖြစ်ခဲ့သည်။ မိဂါရသူဌေး၏သား ပုဏ္ဏဝဍ္ဎန သတို့သားက လက်ထပ်ရန် တောင်းဆို စေ့စပ်လာသည်။ မိဂါရ သူဌေးမှာ ဗုဒ္ဓကို မကိုးကွယ်ဘဲ ဘာသာတပါးကို ကိုးကွယ်သူ ဖြစ်သည်။ ဗုဒ္ဓဘာသာ ဥပါသကာ

ကြီးဖြစ်သူ ဓနဥယသူဌေးကြီးကား ချစ်သမီး၏ စွမ်းအားကို သိသူဖြစ်သည်။ ထိမ်းမြားမင်္ဂလာပွဲကို ခမ်းနားစွာ ကျင်းပပြီး အသပြာ ကိုးကုဋေတန် မဟာလတာ ရတနာတန်ဆာကို လက်ဖွဲ့၍ အောက်ပါအတိုင်း မှာကြားဆုံးမ လိုက်သည်။ ချစ်သမီး-

(၁) ယောကျ်မ ခင်ပွန်းတို့၏ မကောင်းစကားမျိုးကို ပြင်ပမှာ မပြောနှင့်၊
(၂) အိမ်နီးချင်းတို့ပြောသည့် ကဲ့ရဲ့စကားမျိုးကိုလည်း ယောကျ်မ ခင်ပွန်းတို့ကို ပြန်မပြောနှင့်၊
(၃) ကြွေးမြီပေးဆပ်သူကို ထပ်မံပေးပါ၊
(၄) ကြွေးမြီ မဆပ်သူကို ထပ်မပေးနှင့်၊
(၅) ဆင်းရဲနွမ်းပါးနေသော ဆွေမျိုးမိတ်သင်္ဂဟများကိုမူ ပေးဆပ်နိုင်သည် ဖြစ်စေ၊ မပေးဆပ်နိုင်သည်ဖြစ်စေ၊ ပေးကမ်း စောင်မပါ၊
(၆) ယောကျ်မ လင်သားတို့ထက်မြင့်သော နေရာမျိုးမှာ မနေပါနှင့်၊
(၇) ယောကျ်မ လင်သားတို့ကို ဦးစွာ ကျွေးမွေးပြီး မိမိက နောက်မှ စားသောက်ပါ၊
(၈) ယောကျ်မ လင်ယောကျ်ားတို့ အိပ်ယာဝင်သောအခါ ဝတ်ကြီး ဝတ်ငယ် ပြုပြီး နောက်ဆုံးမှ အိပ်ယာဝင်ပါ၊
(၉) မိမိခင်ပွန်းနှင့် ယောကျ်မများကို မီးပုံကြီးအလား ရိုရိုသေသေ ပြုစု လုပ်ကျွေးပါ၊
(၁၀) အိမ်ဦးနတ်ဖြစ်သော မိမိလင်ယောကျ်ားကို ရိုသေစွာချစ်ခင် မြတ်နိုး ရှိခိုးပါ။

ဘာသာရေးလွတ်လပ်ခွင့်

ဤကဲ့သို့ အိမ်ထောင်ရေးတာဝန် ကျေပွန်စွာဆောင်ရွက်ပြီး မိမိ ကိုးကွယ်သော ဘာသာ သာသနာ၏ တာဝန်ကိုလည်း မိမိတတ်နိုင်သလောက် ကြိုးစားရန် စီစဉ်ပေးလိုက်သည်။ အကယ်၍ အိမ်ထောင်ရေးတာဝန် ကျေပွန်ပါလျက် မတရားသက်သက် ပြုမူဆောင်ရွက်ခံရလျှင် မနစ်နာစေရန်အတွက် ပညာရှိ ရှစ်ဦးကိုပါ အပ်နှံလိုက်သည်။ ဝိသာခါနှင့် ပတ်သက်သော ပြဿနာတစ်စုံတရာ ပေါ်ပေါက်လာပါလျှင် နှစ်ဘက်စကား လေ့လာနားထောင်ပြီး မှန်ကန်စွာ ဆုံးဖြတ်ကြရန် အပ်နှံလိုက်ခြင်းဖြစ်သည်။

ဝိသာခါသည် ယောကွမအိမ်သို့ရောက်သောအခါ မိဘများမှာကြား ဆုံးမလိုက်သည့်အတိုင်း အိမ်ထောင်ရေး တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည်။ ဘာသာရေး လုပ်ငန်းမှာမူ အိမ်ထောင်ရေးနှင့် မသက်ဆိုင်၊ မိမိကိုယ်ပိုင် လွတ်လပ်စွာ ကိုးကွယ် ယုံကြည်နိုင်ခွင့်ရှိသဖြင့် မိမိပြုနေကျဝတ်အတိုင်း ရတနာသုံးပါး ကိုးကွယ်မှုကို မပြတ်ပြုလုပ်သည်။ တစ်နေ့တွင် ယောကွမကြီး ထမင်းစားနေချိန် ရဟန်းတော် တစ်ပါးဆွမ်းရပ်လာသည်။ သူဌေးကြီးမှာ ဘာသာခြားဖြစ်သဖြင့် ဆွမ်းမလှူဘဲ စားမြဲ စားနေသည်။ ရဟန်းတော်လည်း ရပ်မြဲ ရပ်နေသည်။ ဝိသာခါ မြင်သောအခါ-အရှင်ဘုရား ဤအိမ်ရှင်တို့သည် အဟောင်းစားများဖြစ်ပါသည် ဘုရား၊ ကန်တော့ ဆွမ်းပါဘုရား ဟု ခပ်ကျယ်ကျယ် ပြောလိုက်သည်။ ယောကွမကြီး အလွန်စိတ်ဆိုး သွားသည်။ ဝိသာခါကိုလည်း အိမ်ပေါ်မှနှင်ချသည်။ သို့သော် အသိအလိမ္မာ ပညာရှင် ဝိသာခါက အိမ်ပေါ်မှ မဆင်းဘဲ ဤ ကိစ္စအတွက် ပညာရှိ ရှစ်ဦး၏ အဆုံးအဖြတ် ခံရန် စီစဉ်သည်။ ပညာရှိ ရှစ်ဦးနှင့် ဆုံးဖြတ်ပွဲ ကျင်းပသောအခါ နှစ်ဘက်ပြောကြားချက်များကို လေ့လာသည်။

သူဌေးကြီးက ဝိသာခါသည် မိမိကို မစင်စားသူဟု မိုက်ရိုင်းစွာ ပြောဆိုပါသည် ဟု စွပ်စွဲချက်တင်ပြလာသည်။ ထိုအခါဝိသာခါက ပညာရှိကြီးတို့ သမီးပြောလိုက် သည့် စကားမှာ အဟောင်းစားများ ဖြစ်ပါသည်ဟုသာ ဆိုပါသည်။ အဓိပ္ပာယ်မှာ အတိတ်ဘဝသံသရာက ပြုလုပ်ခဲ့ဖူးသော ကုသိုလ်ကောင်းမှုဟောင်း ဒါနမျိုးစေ့ တို့ကြောင့် ယခုဘဝ ချမ်းသာကြွယ်ဝပြီး စည်းစိမ်ရှင် ဖြစ်နေကြပါသည်။ ထိုဘဝ ဟောင်း ကုသိုလ်ကောင်းမှုအဟောင်း၏ အကျိုးကို ခံစားနေသူများဖြစ်၍ အဟောင်း စားများဖြစ်ပါသည်ဟု ပြောဆိုခဲ့ပါသည်။ မစင်စားသူဟူ၍ မပြောခဲ့ပါ။ ဒါနအသစ် ထပ်မံ မပြုလုပ်သူများဖြစ်၍ ဆွမ်းလောင်းလှူမည့်သူ မဟုတ်ပါဘုရား-ဟု လျှောက်ထားလိုက်ခြင်း ဖြစ်ပါသည်ဟု ရှင်းပြသည်။

ထိုအခါ ပညာရှိရှစ်ဦးတို့က ဝိသာခါပြောစကားမှန်ပေသည်ဟု ဆုံးဖြတ် လိုက်သည်။ သူဌေးကြီးလည်း ရတနာသုံးပါးနှင့်ပတ်သက်၍ စိတ်ထားပြောင်း လာသည်။ ဗုဒ္ဓဘာသာကို လေ့လာသည်။ နောင်အခါတွင် ဝိသာခါအား ဘုရားအမှူး ရှိသော သံဃာတော်တို့အား ဆွမ်းစားပင့်ဖိတ်ခိုင်းပြီး ဆွမ်းကျွေးစေသည်။ ဘုရားရှင်၏ တရားတော်ကို နာယူရလေသောအခါ သောတာပန်တည်၍ မိသားစု တစ်စုလုံး ဗုဒ္ဓဘာသာ ဖြစ်လာကြသည်။

မိမိပတ်ဝန်းကျင်ကို အမြင်မှန်ရအောင် ကြိုးပမ်းပါ

ဝိသာခါကဲ့သို့ပင် အနာထပိဏ် သူဌေးကြီး၏ သမီး စူဠသုဘဒ္ဒါသည်လည်း မိစ္ဆာဒိဋ္ဌိကိုးကွယ်သူ ဥဂ္ဂသူဌေးသား နှင့် လက်ထပ်ခဲ့ရသည်။ ဝိသာခါလိုပင် မိဘများက ဆုံးမသြဝါဒပေးကာ ပညာရှိရှစ်ဦးထံ အပ်နှံလိုက်သည်။ စူဠသုဘဒ္ဒါသည် မိဘတို့၏ သြဝါဒအတိုင်း အိမ်ထောင်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင် ခဲ့ပြီး ဘာသာရေး လုပ်ငန်းမှာမူ ကိုယ်ပိုင်အခွင့်အရေးဖြစ်၍ ဝတ္တရားမပျက် ရတနာသုံးပါးကိုးကွယ်မှုကို အပျက်မခံခဲ့ပေ။ မိစ္ဆာဒိဋ္ဌိ အစေလကတက္ကတွန်းကြီး များကို ရှိခိုးခိုင်းရာ ရှိမခိုးနိုင်ကြောင်း ငြင်းဆန်ရာမှ အိမ်ကနှင်ချခံရသည်။ ပညာရှိ ရှစ်ဦးတို့က ထိုအရေးကို ညှိနှိုင်းကြပြီး ဘာသာရေး လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည် ဟု ဆုံးဖြတ်ချက်ပေးကြသည်။

ဘုရားချင်းပြိုင်သည့်အနေဖြင့် မနက်ဖြန်အရောက်ကြွရန် ဘုရားပင့်ခိုင်းသည်။ မိမိနေထိုင်သည့် သာကေတမြို့မှ ဘုရားရှင်ရှိရာ သာဝတ္ထိမြို့သို့ မြတ်လေးပန်းများကို အဓိဋ္ဌာန်၍ ဘုရားပင့်လွှတ်လိုက်သည်။ ထိုပန်းများသည် မြတ်စွာဘုရား ထံမှောက်ရောက်သောအခါ ပန်းဆိုင်းဆွဲသကဲ့သို့ တည်နေကြသည်။ မြတ်စွာဘုရား သည် ထိုအချင်းအရာကို စိတ်တော်ဖြင့်သိ၍ နောက်တစ်နေ့ နံနက်တွင် သံဃာတော်ငါးရာနှင့်အတူ ဆွမ်းအလှူခံ ကြွတော်မူလာပြီး ဆွမ်းအနုမောဒနာတရားဟောပြရာ အရိယာ ဖြစ်သွားကြသည်။ မိသားတစ်စုလုံး တစ်မြို့လုံးလိုလို ဗုဒ္ဓဘာသာဝင် ဖြစ်လာကြသည်။

အမျိုးဘာသာ ဂုဏ်ရှိပါစေ

အထက်ပါ နမူနာများကို အတုယူသင့်ကြသည်။ ဗုဒ္ဓဘာသာဝင်အမျိုးသား အမျိုးသမီးများ အထူးသဖြင့်အမျိုးသမီးများသည် "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဘွယ်သားတို့တာ" တွင် ပါဝင်သော "စောင့်လေမျိုးနွယ်" ဟူသော စကားတော်အရ အိမ်ထောင်ပြုရန် စီစဉ်ကြလျှင် မိမိတို့၏ အမျိုးဘာသာ သာသနာကို အဓိကထား၍ စဉ်းစားရပေမည်။ မိမိတို့နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာ မိမိတို့ကိုးကွယ်သည့် ဗုဒ္ဓဘာသာ အထိ အလေး အနက်ထား၍ စဉ်းစားရမည်။ အမျိုးဘာသာ သာသနာ ဂုဏ်သိက္ခာ ထိပါးစေမည့် ဆုတ်ယုတ်ပျက်ပြားစေမည့် အိမ်ထောင်ရေးမျိုး မဖြစ်ရလေအောင် စောင့်ထိန်း ရပေမည်။

ဗုဒ္ဓဘာသာတရားတော်အရ မိစ္ဆာဒိဋ္ဌိသည် အပြစ်အကြီးဆုံးဖြစ်သည်။

မိစ္ဆာဒိဋ္ဌိတို့နှင့် အတူတကွ ယှဉ်တွဲလုပ်ဆောင်ချက်များသည် သံသရာရေးတွင် ဆိုးကျိုးများကို ပေးတတ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် အယူဝါဒ မတူမျှသူတို့နှင့် လက်ထပ်ထိမ်းမြားမှုများကို အထူးသဖြင့် ရှောင်ရှားသင့်ကြပေသည်။ အကြောင်းအမျိုးမျိုးကြောင့် ရှောင်လွှဲမရ လက်ထပ်ကြရလျှင်လည်း အိမ်ထောင်ရေးနှင့် ဘာသာရေးကို စနစ်တကျ စည်းခြားပြီး လောကီရေးလည်းမဆုတ်ယုတ်ရအောင် ဘဝသံသရာလွတ်မြောက်ရေး လောကုတ္တရာရေးလည်း မပျောက်မပျက်ရအောင် ဘာသာရေးအသိ အမျိုးသားရေးအသိဖြင့် အမျိုးဂုဏ်ကို ဆောင်နိုင်သူများဖြစ်အောင် ကြိုးပမ်းကြရပေမည်။

သို့ဖြစ်၍ လောက,ဓမ္မနှစ်ဌာနလုံး အကျိုးရှိသော ဓလေ့ထုံးစံ ဖြစ်သော မိမိတို့ သားသမီးများ အချိန်တန်အရွယ်ရောက်သည့်အခါတွင် ဤထိမ်းမြားမင်္ဂလာပြုခြင်းဟူသော ယဉ်ကျေးမှု ဓလေ့ထုံးစံကို မြတ်ဗုဒ္ဓ၏ လမ်းညွှန်မှုအတိုင်း အမျိုးသား အမျိုးသမီးများ စဉ်လာမပျက် ထိန်းသိမ်းသွားသင့်ကြပေသည်။

ထိမ်းမြားနှင့် မင်္ဂလာနှစ်ပုဒ်ကိုတွဲ၍ "ထိမ်းမြားမင်္ဂလာ" ဟု မြန်မာတို့ သုံးစွဲခဲ့ကြသည်။ မင်္ဂလာမှာ တိုးတက်ကြီးပွားကြောင်းတရားဟု အဓိပ္ပါယ်ရသည်။ ထိမ်းမြားလက်ထပ်မှုကြောင့် လောက, သံသရာ နှစ်ဖြာလုံး၌ တိုးတက်ကြီးပွားရေးဖြစ်ပါစေ၊ မင်္ဂလာ ဖြစ်ပါစေ၊ ချစ်ခင်ကြင်နာ သစ္စာ မေတ္တာ ခိုင်မြဲစွာဖြင့် နှစ်ယောက်သား လက်တွဲ၍ လောကဓံ ခရီးကြမ်းကို ရင်ဆိုင်နိုင်ကာ အမျိုး ဘာသာ သာသနာရေး ဆောင်ရွက်နိုင်ပြီး သံသရာဆုံးတိုင် နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် တိုးတက်ကြီးပွားပါစေဟူသော အဓိပ္ပါယ်ဖြင့် ထိမ်းမြားမင်္ဂလာဆောင်နှင်းပေးခဲ့ကြခြင်း ဖြစ်သဖြင့် လူကြီးမိဘတို့၏ ဆန္ဒနှင့် ကိုက်ညီအောင် အမျိုး ဘာသာ သာသနာတရား လက်ကိုင်ထားပြီး အမျိုးဂုဏ်ကို ထိန်းသိမ်း၍ ဘာသာ သာသနာကို လေးစားလိုက်နာရှိသေကာ ဘာသာအယူဝါဒတူမျှသူချင်းသာ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝသော အိမ်ထောင်ရေးကို တည်ဆောက်သင့်ကြပေသည်။

အိမ်တက်မင်္ဂလာ

မြန်မာလူမျိုးတို့သည် မျှားသောအားဖြင့် အိမ်စသော အဆောက်အအုံသစ်များကို ဆောက်လုပ်ပြီးသည့်အခါ ရဟန်းသံဃာတော်များကိုပင့်ဖိတ်ပြီး ဆွမ်းစသော ခဲဖွယ်ဘောဇဉ်ချိုချဉ်ရသာအဖြာဖြာတို့ကို ဆက်ကပ်ကျွေးမွေးခြင်း၊ လှူဖွယ်ဝတ္ထုများကို လှူဒါန်းဆက်ကပ်ခြင်း၊ ဘုန်းတော်ကြီးထံမှ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များကိုနာယူခြင်း၊

သတ္တဝါများအား အမျှပေးဝေခြင်း၊ သာဓုအနုမောဒနာပြုခြင်း စသည်ဖြင့် ဒါန သီလ ဘာဝနာ ကောင်းမှုမင်္ဂလာအဖြာဖြာတို့ကို ယုံယုံကြည်ကြည်ဖြင့် အမြတ်တနိုး ပြုလုပ်လေ့ရှိကြသည်။

ဤကဲ့သို့ မင်္ဂလာယူသည့်အခါမျိုးဌ သံယာတော်အရှင်မြတ်များက အိမ်သူ အိမ်သားများ ချမ်းချမ်းသာသာ မင်္ဂလာရှိရှိ နေထိုင်နိုင်ကြရန် မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ပုဇ္ဇကာသုတ် စသည့်အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ချီးမြှင့် ပေးလေ့ရှိကြပါသည်။ အချို့မိသားစုတို့မှာမူ ညနေချမ်းကာလတွင် သံယာတော်များကို ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်နာခြင်းစသည်ဖြင့် အိမ်တက် မင်္ဂလာပွဲကို ဆင်နွှဲလေ့ရှိကုန်၏၊ ဤအစဉ်အလာကား ဗုဒ္ဓဘာသာမြန်မာတို့၏ ကောင်းမြတ်သော အစဉ်အလာတစ်ခုပင်ဖြစ်ပေသည်။

ဘုရားရှင်လက်ထက် အိမ်တက်မင်္ဂလာ

ကပ္ပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် သာကီဝင်မင်းတို့သည် လွတ်တော်အဆောက်အအုံကြီးတစ်ခု ဆောက်လုပ်ပြီးစီးချိန်ဖြစ်၏။ ရှင်တော်ဗုဒ္ဓသည် ငါတို့ ဆွေတော်မျိုးတော်များထဲတွင် အမြင့်မြတ်ဆုံးဖြစ်သည်၊ မြတ်သောအလှူကို ခံတော်မူထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးလည်းဖြစ်၏။ ဗုဒ္ဓမြတ်စွာအား သီတင်းသုံးစေတော်မူရလျှင် ငါတို့အတွက် စီးပွားချမ်းသာ ကျက်သရေအဖြာဖြာ မင်္ဂလာအမျိုးမျိုးတို့ တိုးတက်ပွားများပေလိမ့်မည်ဟုကြံစည်ကြ၏။ သာကီဝင်မင်းတို့သည် တညီတညွတ်တည်း ဆုံးဖြတ်ကြပြီး ဘုရားအမျှးရှိသော သံယာတော်တို့အား ပင့်လျှောက်၏၊ မြတ်စွာဘုရားအမျှးရှိသော သံယာတော်တို့သည် အဆောက်အဦ၌ သီတင်းသုံးကြပြီး ဘုရားရှင်က တရားဟောတော်မူ၏။ ရတနာသုံးပါးလုံး သီတင်းသုံးခြင်းဖြစ်၍ အကျိုးတရားများပြားလှကြောင်း ဘုရားဟောတော်မူ၏။

ထို့ပြင် မြတ်စွာဘုရားသည် နာလန္ဒမြို့မှ ပါဋလိရွာသို့ကြွတော်မူ၍ သီတင်းသုံးတော်မူစဉ် မဂဓတိုင်းကို အစိုးရသော အဇာတသတ်မင်း၏ အမတ်ကြီးများဖြစ်ကြသော သုနီဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် ပါဋလိရွာငယ်လေးကို မြို့ကွက်ရိုက်၍ မြို့သစ်တည်ဆောက်နေကြ၏။ မြတ်စွာဘုရားကြွရောက်ရာ အရပ်ဌာနတို့၌ ကြမ်းတမ်းသော သတ္တဝါတို့ဖယ်ရှားသွားတတ်ကြသည်။ ဤမြို့သစ်၌ မင်္ဂလာဖြစ်စေရန်အတွက် ဘုရားရှင်ကိုပင့်ဖိတ်ကြမည်ဟု တိုင်ပင်၍ ပင့်ဆောင်ကြသည်။ ဘုရားအမှူးရှိသော သံယာတော်တို့သည် ပုဏ္ဏားကြီး နေထိုင်ရာ အိမ်သစ်သို့

ကြွရောက်တော်မူပြီး ဆွမ်းဘုဉ်းပေးကာ တရားဟောတော်မူကြသည်။

ဒါယကာတို့ . . . . ပညာရှိသည် အိမ်သစ်ဆောက်လုပ်ပြီးသောအခါ သီလရှိသော ပုဂ္ဂိုလ်တို့ကို ဆွမ်းဆက်ကပ်လှူဒါန်း၍ နတ်အပေါင်းတို့အား ကုသိုလ်အဖို့ကို အမျှပေးဝေရမည်။ ရံဖန်ရံခါ ဗလိနတ်စာကျွေးမွေးရမည်၊ ထိုအခါ နတ်တို့သည် လူတို့အပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်ရန်အသွယ်သွယ်တို့ကို ဖယ်ရှားပေးသောအားဖြင့် စောင့်ရှောက်တတ်ပေ၏၊ နတ်တို့ စောင့်ရှောက်မှုကို ခံရသော သူသည် ကောင်းကျိုးချမ်းသာ ကျွတ်မက်လာအဖြာဖြာတို့ကို အမြဲတစေ တွေ့ကြုံခံစားရပေမည် ဟုဟောတော်မူ၏။

သို့ဖြစ်၍ အိမ်တက်မင်္ဂလာပွဲ ကျင်းပလှူဒါန်းခြင်းသည် သက်တော်ထင်ရှားမြတ်စွာဘုရားလက်ထက်တော်ကပင် စတင်ကျင်းပ၍ ယနေ့ထက်တိုင် လက်ခံကျင့်သုံးနေသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုပွဲတစ်ပွဲဖြစ်သည်။

ဘုရားအနေကဇာတင်ပွဲ

အနေကဇာတင် ရှင်လင်းချက်

ဗုဒ္ဓဘာသာဝင်များသည် မိမိတို့၏နေအိမ်၌ဖြစ်စေ ဇရပ်၊ တန်ဆောင်း၊ ဓမ္မာရုံများ၌ ဖြစ်စေ၊ ရုပ်ပွားဆင်းတုတော်များကို ကိုးကွယ် ပူဇော်ထားလေ့ရှိကြ၏။ ထိုသို့ ကိုးကွယ်ကြရာ၌လည်း သာမန်သဘောမျှသာမဟုတ်ဘဲ သက်တော်ထင်ရှားဘုရားရှင်၏ဉာဏ်တော်များကို အာရုံယူပြီး တကယ့်ဘုရားရှင်ကို ပူဇော် နေကြရသည့်ပမာ စိတ်၌ ယူစွဲလျက် ပူဇော်လေ့ရှိကြ၏။

ထိုသို့ ရုပ်ပွားဆင်းတုတော်ကို ပူဇော်ကိုးကွယ်ကြရာ၌ သက်တော်ထင်ရှားမြတ်ဘုရား၏ ကိုယ်တော်စားအဖြစ် ကိုးကွယ်နိုင်စေရန်အတွက် ရုပ်ပွားဆင်းတုတော်ကို ရှေးဦးစွာ အနေကဇာတင်လေ့ရှိကြ၏။

"အနေကဇာတိသံသာရံ" ဟူသော ပါဠိ၌ အနေကဇာတိဟူသော ပါဠိဝေါဟာရကို မြန်မာဝေါဟာရအဖြစ် "အနေကဇာ"ဟု ခေါ်ဝေါ်ထားကြခြင်းဖြစ်သည်။ မြန်မာလို တပါးမက မျှားလှစွာသော ဘဝ၊ ဘဝပေါင်းများစွာ ဟု အဓိပ္ပာယ်ရ၏။ တင်ဆိုသည် မင်းလောင်းအား ရာဇာဘိသိက် သွန်းလောင်း၍ ဘုရင်အဖြစ်တင်မြှောက်သကဲ့သို့ မိမိတို့ ကိုးကွယ်မည့် ရုပ်ပွားဆင်းတုတော်အား သက်တော်ထင်ရှားဘုရားရှင်အလား တူမျှသော သဒ္ဓါတရားဖြစ်ပွားစေရန်နှင့် ဘုရားရှင်၏ ကိုယ်တော်စားအဖြစ် ယုံကြည်သိမှတ်ရန် ဗုဒ္ဓါဘိသိက်သွန်းလောင်း၍ ဘုရားအဖြစ် သိဒ္ဓိတင်ခြင်းဟု အဓိပ္ပာယ်ရသည်။

အနေကဇာတင်ပွဲ ဖြစ်ပေါ်လာပုံ

ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ မိုးသောက်ယံအချိန်တွင် သုံးလောကထွတ်ထား သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ထိုသို့ ဘုရားရှင်အဖြစ်သို့ ရောက်တော် မူပြီးနောက် ဘုရားရှင်၏ သန္တာန်တော်၌ "သံသရာဝဋ်ဒုက္ခလွတ်မြောက်ရခြင်း သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်အဖြစ်ကို ရရှိလာခြင်း" တို့ကို ပြန်လည် စဉ်းစားဆင်ခြင်တော် မူရာ လွန်စွာ နှစ်သက်အားရ ဝမ်းမြောက်လှသော ပီတိတရား ဖြစ်ပေါ်လာပြီးနောက် "အနေကဇာတိသံသာရံ"-အစချီသော ဥဒါန်းနှစ်ဂါထာကို စိတ်တော်ဖြင့်သာ ကျူးရင့်တော် မူသည်။ ဤသို့ ကျူးရင့်ခြင်းသည် ဘုရားရှင်တိုင်း၊ ဘုရားဖြစ်တော် မူကြသည်နှင့် တပြိုင်နက် ကျူးရင့်တော် မူကြမြဲပင် ဖြစ်သည်။

ထိုဥဒါန်းဂါထာတော်တို့သည် မြတ်စွာဘုရား၏ ပထမဆုံးသော စကားတော် (ပထမဗုဒ္ဓဝစန) ပင်ဖြစ်သောကြောင့် ပထမဆုံးသော စကားတော်ကို ရွတ်ဆိုပူဇော်၍ ဥဒ္ဒိဿကစေတီမျှသာဖြစ်သော ရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေကမင်္ဂလာ ဆင်ယင်ကျင်းပခြင်းကို တီထွင်စီစဉ်ပေးခဲ့ကြလေသည်။ ရုပ်ပွားတော်များကို အနေကဇာတင်ပြီးမှသာ ကိုးကွယ်ရသည်မဟုတ်ချေ၊ အနေကဇာ မတင်သော်လည်း ဥဒ္ဒိဿကစေတီဖြစ်၍ကိုးကွယ်ထိုက်ပါ၏။ သို့သော် ဗုဒ္ဓဘာသာဝင်တို့သည် ပုံတူမျှသာဖြစ်သော ရုပ်ပွားဆင်းတုတော်အပေါ်၌ ယုံကြည်လေးနက်မှုရှိကြစေရန်နှင့် ဘုရားနှင့်စပ်၍ ကုသိုလ်တရား တိုးပွားလာကြစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဘုရားအနေကဇာတင်ပွဲကို စီစဉ်ပြုလုပ်ခဲ့ကြပေသည်။

ထိုသို့ အနေကဇာတင်ပွဲ ပြုလုပ်ခြင်းဖြင့် သာမန်ဖြစ်သည့် ရုပ်ပွားဆင်းတုတော်ကို အနေကဇာတင်းပြီးသည့်အခါ သက်တော်ထင်ရှား သဗ္ဗညုဘုရားကဲ့သို့ အလွန်တန်ခိုးအာနုတော်ကြီးမားလာသည်ဟု စိတ်တွင်ထင်မှတ် ယုံကြည်လာကြသည်။ ဤသို့ ရုပ်ပွားဆင်းတုတော်အပေါ်၌ သက်တော်ထင်ရှား ဘုရားနှင့် မခြား စိတ် စေတနာထားရှိနိုင်ခြင်းဖြင့် ဘုရားရှင်အစစ်ကို ကိုးကွယ် ပူဇော်သဖြင့် ရရှိသော လောကီလောကုတ္တရာအကျိုးထူးမျာနှင့်တူမျှသော အကျိုးကို ရရှိစေနိုင်၍ ဤအနေကဇာတင်ပွဲပြုလုပ်၍ကိုးကွယ်ခြင်းသည် ကောင်းမြတ်လှ ပေသည်။

အနေကဇာတင် ဆင်ယင်ကျင်းပပုံ

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ဘုရားအနေကဇာတင်ပွဲကို နံနက်စောစောအရုဏ်တက်ချိန်၌ဖြစ်စေ၊ နံနက် ၁၀-နာရီ၊ ၁၁-နာရီ အချိန်၌ဖြစ်စေ သံယာတော်များအားပင့်ဖိတ်၍ ဆွမ်းခဲဖွယ်ဘောဇဉ်များဆက်ကပ်ပြီး ကျင်းပပြုလုပ်လေ့ရှိကြသည်။ ဘုရားအနေကဇာမတင်မီ အနေကဇာတင်မည့် ဥဒ္ဒိဿကစေတီတော်မြတ်အား ဆွမ်း ခဲဖွယ် ဘောဇဉ် ရေချမ်း ပန်း နံ့သာ ဆီးမီး ထီး တံခွန်ကုက္ကား မုလေးပွား စသည့်တို့ကို လှူဒါန်း ပူဇော်ထားကြသည်။ အနေကဇာတင်ရန် ကြွရောက်လာကြသည့် သံယာတော်များသည် ပန်း နံ့သာ ထီး တံခွန်ကုက္ကား မုလေးပွားစသည်တို့ကို အသီးသီးကိုင်ဆောင်ကြလျက် အနေကဇာတင်မည့် ဥဒ္ဒိဿကစေတီတော်ကို ရှိခိုးကာ ရှေးဦးစွာ-

၁။ အနေကဇာတိသံသာရံ- အစချီသောဥဒါန်းနှစ်ဂါထာကို (၃) ကြိမ် ရွတ်ဆိုကြသည်။

၂။ ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ရွတ်ဆိုပြီးအဆုံးတွင် ယဒါဟဝေ ပါတုဘဝန္တို့ ဓမ္မာ- စသော ပထမ ဥဒါန်းဂါထာတော်ကို ဆက်လက်ရွတ်ဆိုပူဇော်ကြသည်။

၃။ ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို ပဋိလုံအားဖြင့် ရွတ်ဆိုပြီး ယဒါ ဟဝေ ပါတု ဘဝန္တို့ ဓမ္မာ- စသော ဒုတိယဥဒါန်းဂါထာတော်ကို ဆက်လက် ရွတ်ဆိုကြသည်။

၄။ ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ အစုံအဆန် ရွတ်ဆို ပူဇော်၍ ယဒါ ဟဝေ ပါတု ဘဝန္တို့ ဓမ္မာ- စသော တတိယဥဒါန်းဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။

၅။ ထို့နောက် ဇယန္တော ဗောဓိယာ မူလေ- စသော အဘိသေက ဂါထာတော်များနှင့် ဘုရားဂုဏ်တော်များ (မာရ်နတ်မင်းကို အောင်ပွဲခံချိန်တွင် နဂါး ဂဠုန် နတ် ပြဟ္မာတို့ ရွတ်ဆို သီကျူး ကြွေးကြော်ခဲ့သော) "ဇယောဟိ ဗုဒ္ဓဿ သိရီမတော အယံ" စသော ဥဋ္ဌေါသနဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။

၆။ ထို့နောက် -သုနက္ခတ္တံ သုမင်္ဂလံစသော အာသီသ ပတ္ထနာ ဂါထာများကို ရွတ်ဆိုပူဇော်ကာ အနေကဇာတင်တော်မူကြသည်။

သံယာတော်များက ရွတ်ဆိုပူဇော်၍ ပြီးဆုံးသောအခါ ဒကာ ဒကာမများက သာဓုသုံးကြိမ်ခေါ်ကြရသည်၊ သာဓုခေါ်ပြီးတိုင်း သံယာတော် တစ်ပါးက

အသင့်လှူထားသည့် ပန်း၊ ပေါက်ပေါက်တို့ကို ကြဲ၍ ဘုရားကို ပူဇော်ရသည်၊ အနေကဇာတင်ပြီးသောအခါ အမွှေးနံ့သာရေမျှား ထည့်ထားသည့် ဖလားထဲသို့ သပြေခက်ကိုနှစ်ကာ -ဇယန္တော ဗောဓိယာ မူလေ- အာဘိသိက် ဂါထာ ရွတ်ဆို၍ အမွှေးနံ့သာရေတို့ဖြင့် ပက်ဖျန်းသွန်းလောင်း ပူဇော်ပြီးဗုဒ္ဓါဘိသေက မင်္ဂလာကို ပြုလုပ်လေ့ရှိကြသည်။

ဘုရားအနေကဇာတင်ရခြင်းအကျိုး

ဘုရားအနေကဇာတင်ပွဲမှရရှိသော ဒါန သီလ ဘာဝနာကုသိုလ်များသည် သံသရာတွင် လူ့ဘုံ နတ်ဘုံ ဟူသော သုဂတိဘုံများသို့ ပို့ဆောင်ပေးနိုင်သည့်အပြင် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းများလည်းဖြစ်သည်။ လက်ရှိဘဝ၌ပင် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်း၊ အသက်ရှည်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ အားခွန်ဗလနှင့် ပြည့်စုံခြင်း၊ ကိုယ်အရည်အသွေးစိုပြည်လှပခြင်း ဟူသည့် အကျိုးတရားများကိုလည်း ရရှိနိုင်သည်။

ထိုသို့ အကျိုးရှိသောကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဘုရားအနေကဇာတင်ပွဲကို စဉ်လာမပျက်ယုံကြည်စွာ လိုက်နာဆောင်ရွက်သင့်လှပေသည်။

ညောင်ရေသွန်းပွဲ

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သတ္တဝါ ဝေနေယျတို့အား ခွီးမြှောက်ရန်အတွက် ဒေသစာရီကြွခြီတော်မူလေ၏။ ထိုအခါ သာဝတ္ထိမြို့သူ မြို့သားတို့သည် ဘုရားရှင်အား ပူဇော်ကန်တော့ကြရန် ပန်းနံ့သာ လှူစရာများကိုယူဆောင်လျက် ဇေတဝန် ကျောင်းတော်သို့ သွားကြကုန်၏။ ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ဘုရားရှင် မရှိသည့်အတွက် ပူဇော်ခွင့်မရကြလေကုန်။ ထိုအခါ မိမိတို့ ယူဆောင် ခဲ့သော ပန်းနံ့သာများကို ဂန္ဓကုဋီကျောင်းတိုက်၏ တံခါးပေါက်၌ ချထားကြကုန်လျက် ပြန်လာခဲ့ကြကုန်၏။

ထိုအကြောင်းကို အနာထပိဏ်သူဌေးကြီးသိရသည့်အခါ အရှင် အာနန္ဒာ မထေရ်သို့ကပ်၍ -

အရှင်ဘုရား ဤဇေတဝန်ကျောင်းတော်ကြီးသည် မြတ်စွာဘုရား ဒေသစာရီကြွခြီသောအခါ၌ ကိုးကွယ်ရာမဲ့ နေပါသည်။ ပူဇော်ခွင့်လည်း မရရှိပါ။ အရှင်ဘုရားသည် ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားပြီး ဘုရားရှင်

မရှိခိုက် ဘုရားရှင်ကိုယ်စား ကိုးကွယ်ပူဇော်ရာကို လျှောက်ထား ပေးပါဘုရား-ဟု လျှောက်ထားလေသည်။ မဟာဗောဓိပင်မှ မျိုးစေ့ကိုယူ၍ ဇေတဝန်ကျောင်းတော်၏တံခါးဝ၌ စိုက်ပျိုးခွင့်ပြုရန် အာရှင်အာနန္ဒာက မြတ်စွာဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်သည် စိုက်ပျိုးခွင့်ကို ပေးလျက်-

ဤသို့ ဗောဓိပင်ကို စိုက်ပျိုးထားခြင်းသည် ဇေတဝန်ကျောင်းတော်၌ ငါဘုရား အမြဲသီတင်းသုံးနေတော်မူသည်နှင့်အတူတူပင်ဖြစ်လတ္တံ့ဟု မိန့်ကြားတော်မူခဲ့သည်။

သာဝတ္ထိ မြို့သူမြို့သားတို့သည် ထိုဗောဓိပင်ကို အမွှေးနံ့သာ ပန်း ဆီးမီးတို့ဖြင့် ဆက်ကပ်ညှိထွန်းခြင်းဖြင့် ဘုရားရှင်အားပူဇော်သည့်အနေဖြင့် အမြဲပူဇော်ကြကုန်၏။

ဤ ကဆုန်လသည်ကား လွန်ခဲ့သောနှစ်က ရွာသွန်းခဲ့သော ‘မိုးနှင့်လည်း အလွန်ဝေးကွာလာခဲ့သည် နောက်လာမည့် မိုးကလည်း မရွာသေးချေ၊ သို့ဖြစ်ရကား ဤကဆုန်လသည် ရေမျှားခန်းခြောက်နည်းပါးကာ မြေမာတ်၌ ရေအပြတ်ဆုံးလ ဖြစ်လေသည်။ လူတို့သည် ဘုရားအလောင်းတော် ဘုရားအဖြစ် ရောက်တော်မူရာ မဟာဗောဓိပင်မှ ကူးယူစိုက်ပျိုးခဲ့သော ဤမဟာဗောဓိပင်ကို ဘုရားရှင်၏ကိုယ်စား ကိုးကွယ်ရာ ရှားပါးအဖိုးတန်အရာဝတ္ထုအဖြစ် လေးစားကိုးကွယ်ခဲ့ကြသည်။ ထိုရှားပါးအဖိုးတန်လှသော မဟာဗေဓိပင် သေမသွားစေရန်ရည်ရွယ်၍ ရေအပြတ်ဆုံးလဖြစ်သော ဤကဆုန်လတွင် မဟာဗေဓိပင်ကို ညောင်ရေသွန်းလောင်း၍ ပူဇော်ကြခြင်းဖြစ်သည်။ ဤမဟာဗောဓိပင်သည် စေတီ (၄) မျိုး တို့တွင် ပရိဘောဂ စေတီတော်ဖြစ်သည်။

ဤကဆုန်လဟူသော စကားရပ်၌ ကဆုန်ဟူသော အခေါ်အဝေါ်သည် “ကဆိန်” ဟူသောပါဠိကို “ကဆုန်” ဟု မြန်မာမှုပြုထားသော ပါဠိသက်ဝေါဟာရအမည်ဖြစ်သည်။ ဤ ကဆိန်-၌ (က - ရေ၊ ဆိန် - ပြတ်သည်) ကဆိန် - မြေမာတ်မှာ ရေပြတ်သောလဟု အဓိပ္ပာယ်ရသည်။ ကံ - ဥဒက် ဆိန်ဒတိ ဇတ္ထာတိ ကံဆိန်။ ဇတ္ထ- ဤအခါကာလ၌။ ကံ - ဥဒက်၊ ရေသည်။ ဆိန်ဒတိ - ပြတ်၏။ ဣတိ - ထို့ကြောင့်၊ ကံဆိန် - ကံဆိန်မည်၏ဟုလည်း ဆိုကြသေး၏။ ဤသို့ ရေအပြတ်ဆုံးလဖြစ်သော ဤကဆုန်လ၌ မဟာဗောဓိပင်သေမသွားစေရန်နှင့် ဘုရားရှင်ကိုယ်စား ကိုးကွယ်သောအားဖြင့် ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြခြင်းဖြစ်သည်။

ထိုဗောဓိပင်ကို ပူဇော်သောအစဉ်အလာသည် မြန်မာနိုင်ငံတွင် ပုဂံခေတ်၊ ပင်းယခေတ်တို့ကပင် ရှိနေသည် ဟု ‘(သက္ကရာဇ် ၅၆၃၊ သင်ကြီးညောင်အုပ်ကျောက်စာတို့အရ) သိရလေသည်။

ယနေ့အချိန်အထိ ဗုဒ္ဓဘာသာ မြန်မာတို့သည် ညောင်ရေသွန်းပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုတစ်ရပ်အဖြစ် သတ်မှတ်လျက် ကဆုန်လပြည့်နေ့တွင် ဗောဓိပင်အား ညောင်ရေသွန်းခြင်း ပန်းနံ့သာကပ်လှူခြင်းများကို နှစ်စဉ်နှစ်တိုင်း ပြုလုပ်လျက်ရှိသည်။

ဤကဆုန်လပြည့်နေ့သည် ဘုရားလောင်းတော်ဗျာဒိတ်တော်ခံယူရာနေ့၊ ဘုရားဖြစ်မည့်ဘဝတွင် ဖွားတော်မူရာနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့အားဖြင့် နေ့ထူးနေ့မြတ်ကြီးဖြစ်သောကြောင့် ဤ ကဆုန်လပြည့်နေ့တွင် ဘုရား၏ကိုယ်စား ကိုးကွယ်သောအားဖြင့် ဗောဓိပင်ကို ရေသွန်းလောင်းပူဇော်ခြင်းသည် ကောင်းမြတ်သော ဗုဒ္ဓယဉ်ကျေးမှုလာ မြန်မာ့ဓလေ့ထုံးစံတစ်ရပ်အဖြစ် ပြုလုပ်သင့်သော ကောင်းမှုကုသိုလ်ထူး မင်္ဂလာကြီးပင် ဖြစ်ပေသည်။

ဝါဆိုပွဲ

ဝါဆိုခြင်းဟူသည် ဝါတွင်းသုံးလပတ်လုံး ဝါဆိုရာ ဝါကပ်ရာကျောင်း၊ ကျောင်းတိုက်၌ အမြဲနေခြင်းပင်ဖြစ်သည်။ ရဟန်းတော်များသည် ဝါဆိုလပြည့်ကျော် - ၁ - ရက်နေ့၌ ဖြစ်စေ ဝါခေါင်လပြည့်ကျော် - ၁- ရက်နေ့၌ဖြစ်စေ သံဃာတော်များ စုဝေးပြီး သံဃာတော်တစ်ပါးချင်း အလှည့်ကျ "ဤကျောင်း၌ ဤဝါတွင်းသုံးလပတ်လုံး ဝါကပ်ပါမည် နေပါမည်"ဟု ရွတ်ဆိုလျှောက်ထားကြရသည်။ ဤသို့ ရွတ်ဆိုလျှောက်ထားကြသည်ကိုပင် ဝါဆိုသည် ဝါကပ်သည်ဟု ခေါ်သည်။

ဤ ဝါဆိုခြင်းဝါကပ်ခြင်းသည် ဘုရားရှင်လက်ထက်တော်ကပင် ဘုရားရှင်ကိုယ်တော်တိုင် ပညတ်ချက်ထုတ်ပြန်ခဲ့ခြင်းကြောင့်ဖြစ်ပေါ်လာရသည်။ ဘုရားရှင် ဤပညတ်ချက်ကို မထုတ်ပြန်မီက ရဟန်းတော်များသည် တစ်နေရာတည်း တစ်ကျောင်းတည်း၌ အမြဲသီတင်းသုံးတော်မမူကြဘဲ ၁၂- လရာသီပတ်လုံး နေပူမိုးရွာမရွောင် ခရီးလှည့်လည်ကြွသွားတော်မူနေကြသည်။

ထိုအဖြစ်အပျက်တို့ကို တွေ့မြင်ရသော လူတို့သည် "သာသနာပ တိတ္ထိတို့သည်ပင် မိုးဥတုအခါ၌ ခရီးများမသွားကြဘဲ ကြောင့်ကြမဲ့နေထိုင်ကြကုန်၏။ ယုတ်စွအဆုံး ကျေးငှက်တိရစ္ဆာန်တို့သည်ပင် မိုးတွင်းအခါ၌ အသိုက်အမြုံတို့တွင် ခိုအောင်းကာ နေထိုင်ကြကုန်သေး၏။ ဘုရားသားတော် ရဟန်းများသည် အဘယ်ကြောင့် တစ်နှစ်ပတ်လုံး ခရီးသွားလာနေကြဘိသနည်း၊ ထိုရဟန်းတော်တို့ ခရီးသွားလာနေကြသဖြင့် သီးနှံပင် မြက်သစ်ပင်များနှင့် သတ္တဝါငယ်ကလေးများ သေကြေပျက်စီးကြရ၏"ဟု ကဲ့ရဲ့ပြစ်တင်စကားဆိုကြကုန်၏။

ထိုအချိန်မှစ၍ ဘုရားရှင်သည် ရဟန်းတော်များတွင် ပုရိမဝါကပ်ကြမည့် ရဟန်းတော်များသည် ဝါဆိုလပြည့်ကျော် -၁- ရက်နေ့မှ သီတင်းကျွတ် လပြည့်နေ့ အထိလည်းကောင်း၊ ပစ္ဆိမဝါကပ်ကြမည့် ရဟန်းတော်များသည် ဝါခေါင်လပြည့်ကျော် ၁- ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ လည်းကောင်း၊ ဝါကပ်ရာကျောင်း၊ ကျောင်းတိုက်၌ အမြဲနေထိုင်ကြရမည်ဟု ပညတ်တော်မူခဲ့သည်။

ထိုအခါ ရဟန်းတော်များသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားများ နာယူကာ မိမိတို့ ဝါဆို ဝါကပ်လိုရာတစ်ကျောင်းကျောင်း၌ ဝါတွင်းသုံးလပတ်လုံး နေထိုင်ကြလျက် တရားရှုမှတ်ပွားများကာ နေထိုင်ကြကုန်၏။ ထိုသို့ ရဟန်းတော်တို့ ဝါတွင်းသုံးလပတ်လုံး တရားပွားများကြသဖြင့် ထိုရဟန်းတော်တို့ အမှီပြုနေထိုင်ရာ မြို့ရွာနေလူအပေါင်းတို့လည်း ဝါတွင်းကာလ၌ အလှူဒါနပြုလုပ်ရခြင်း၊ သီလ ဆောက်တည်ရခြင်း၊ တရားဘာဝနာကြားနာရှုမှတ်ရခြင်းအကျိုးများ ရရှိကြကုန်၏။

ထို့ကြောင့် ထိုလူတို့သည် မိမိတို့မြို့ရွာ ကျေးများ၌ ဝါကပ်ကြမည့် ရဟန်းသံဃာတော်တို့ ဝါတွင်းသုံးလပတ်လုံး ချမ်းသာစွာဖြင့်တရား ရှုမှတ် ပွားများနိုင်ကြစေရန် ဆွမ်း သက်န်း ကျောင်း ဆေး ပန်း နံ့သာ စသည့်များဖြင့် ပူဇော်ကြကုန်၏။

ထိုသို့ သံဃာတော်များ ဝါဆိုလတွင် ဝါဆိုဝါကပ်ကြသည့်အချိန်၌ လူများစွာတို့ ပစ္စည်းများဖြင့် ပူဇော်ကြသည်ကို အကြောင်းပြု၍ ဝါဆိုပွဲတော်ဟု မြန်မာ့ယဉ်ကျေးမှုထုံးစံတစ်ရပ်အဖြစ် ယနေ့တိုင် ထင်ရှားလျက် ပြုလုပ်နေဆဲပင် ဖြစ်ပေသည်။

စာရေးတံမဲပွဲ

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာသနာရောက်ရှိထွန်းကားချိန်မှစ၍ သာသနာကို ကြည်ညိုလေးစားကြသော ရှေးမြန်မာမင်းများနှင့် ပြည်သူတို့သည် ဤ စာရေးတံမဲဆွမ်းအလှူပွဲကို မြန်မာတို့၏ယဉ်ကျေးမှုဓလေ့ ရာသီပွဲတော်အဖြစ် ဝါခေါင်လ၌ တခမ်းတနား ကျင်းပခဲ့ကြသည်။

ထိုစာရေးတံမဲဆွမ်းအလှူပွဲသည် မြတ်စွာဘုရားရှင်လက်ထက်တော်ကပင် စတင်ပေါ်ပေါက်ခဲ့သော ပွဲတော်ဖြစ်သည်။ အခါတပါး၌ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအချိန်တွင် ရာဇဂြိုဟ်ပြည်၌ ငတ်မွတ်ခေါင်းပါးသောဘေးကြီး ကျရောက်လေရာ ဒါယကာများသည် ယခင်ကလို ဝေဠုဝန်တစ်ကျောင်းလုံးရှိ သံဃာတော်များကို တစ်ဦးတည်း ဆွမ်းလှူဒါန်းရန် မတတ်နိုင်ကြတော့ချေ။

ထို့ကြောင့် ဒါယကာများသည် တစ်ပါး နှစ်ပါးစသည် ရွေးချယ် ပင့်ဖိတ် လှူလိုခြင်း၊ စာရေးတံမဲချ၍လှူလိုခြင်း၊ ဥပုသ်နေ့များ၌ သီလဆောက်တည်ပြီး မိမိတို့တွင်ပါသော ဆွမ်းကို သံယာအချို့အား လှူလိုခြင်း၊ ဆွမ်းရှားပါးသော ဥပုသ်အထွက် ၁-ရက် နေ့၌ ဆွမ်းလှူလိုခြင်း စသည်ဖြင့်အမျိုးမျိုး အယူအဆ ကွဲပြားကြကုန်၏။

ထို့အကြောင်းကို ဒါယကာများက ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်သည် သံယာအားလုံးကို လှူသော သံယာ့ဘတ်၊ တစ်ပါးနှစ်ပါး စသည် ရည်ညွှန်း၍လှူဒါန်းသော ဥဒ္ဒေသဘတ်၊ ကြိုတင်ပင့်ဖိတ်လှူဒါန်းသော နိမန္တနဘတ်၊ စာရေးတံမဲချ၍လှူသော သလာကဘတ်၊ လဆန်းပက္ခ၌လှူသော ပက္ခိကဘတ်၊ ဥပုသ်နေ့၌လှူသော ဥပေါသထိကဘတ်၊ ဥပုသ်အထွက်နေ့၌လှူသော ပါဋိပဒိကဘတ် တို့ကို လှူဒါန်းနိုင်ကြောင်း ခွင့်ပြုတော်မူလေသည်။ ထိုအချိန်မှစ၍ စာရေးတံမဲချ၍ လှူဒါန်းသော သလာကဘတ်ခေါ် စာရေးတံမဲပွဲတော်သည်လည်း စတင်ပေါ်ပေါက် လာခဲ့သည်။

ဘုရားရှင်လက်ထက် စာရေးတံမဲပွဲကျင်းပပုံမှာ သစ်သားဖြင့်ပြုလုပ်သော တုတ်တံကလေးများပေါ်၌ဖြစ်စေ၊ ဝါးခြမ်းပြား၊ နှီးပြားပေါ်၌ဖြစ်စေ ထန်းရွက် ပေရွက်ပေါ်၌ဖြစ်စေ ဒါယကာ၏အမည်ကို ဆွမ်းညွှန်ရဟန်းကရေးသား၍ တောင်း၌ သော်လည်းကောင်း သင်္ကန်းလိပ်၌သော်လည်းကောင်း ထည့်မွေပြီး မထေရ်ကြီးမှစ၍ ဝါတော်စဉ်အလိုက် မဲနှိုက်ကြရသည်။

သံယာတော်များသည် မိမိတို့ မဲကျရာဒါယကာတို့၏ အိမ်သို့ ဆွမ်းဘုဉ်းပေး ကြွရသည်။ ယခုခေတ် စာရေးတံမဲပွဲကျင်းပပုံမှာ ဦးဆောင်ဒါယကာများသည် မိမိတို့ မြို့ရွာ ရပ်ကွက်အတွင်းရှိ သံယာတော်များ၏ ဘွဲ့အမည်များနှင့် ကျောင်းတိုက် အမည်များကို စာရင်းကောက်ယူရသည်။ ထို့နောက် စက္ကူပေါ်တွင် သံယာတော် များ၏ ဘွဲ့အသီးသီးကိုရေးပြီး မဲလိပ်လိပ်၍ ငွေဖလားထဲတွင် ထည့်ထားကြသည်။

ဒါယကာ ဒါယိကာမ ပရိသတ်စုံသည့်အခါ ဒါယကာ၏အမည်ကို စာရင်း အစဉ်လိုက်ခေါ်၍ စာရေးတံမဲနှိုက်ယူစေသည်။ ဒါယကာများသည် မိမိတို့ မဲတွင်ပါသော သံယာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းကပ်လှူဒါန်းကြလေသည်။ မည်သည့်ပုဂ္ဂိုလ် ရဟန်းသံယာ သာမဏေဟူ၍ ပုဂ္ဂိုလ်စွဲမထားဘဲ မဲကျရာ သံယာဟူသော သံယာကိုရည်ရွယ်၍ လှူဒါန်းကြရသော သံယိကဒါနမြောက်သော ဤစာရေးတံမဲပွဲတော်သည် ဗုဒ္ဓဘာသာ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုပွဲတော် တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်မှာ အားရကြည်နူးဖွယ်ကောင်းလှပါသည်။ ရွှေးမြန်မာ ဗုဒ္ဓဘာသာဝင်တို့သည် ဤစာရေးတံမဲပွဲကို ဝါခေါင်လ၌ ကျင်းပ ပြုလုပ်လေ့ ရှိကြပါသည်။

သီတင်းကျွတ် သင်္ကြန်ဝါကြိုး ပူဇော်ကန်တော့ပွဲ

ဗုဒ္ဓဘာသာဝင်တို့သည် မိမိထက် တစ်နေ့၊ တစ်ရက်၊ တစ်နှံနှက်မျှ အသက်ကြီးသူများ၊ အကျင့်သိက္ခာမြင့်မြတ်သူများ၊ လောကီဂုဏ်၊ လောကုတ္တရာ သီလ သမာဓိ ပညာဂုဏ်ကြီးမားသူများကို ရိုသေကိုင်းညွတ်လေ့ရှိ၊ ပူဇော်ကန်တော့လေ့ရှိကြသည်။ အထူးသဖြင့် သီတင်းဝါလကျွတ်သည့်အခါ အသက်သိက္ခာ ဂုဏ်ဝါကြီးသူများ၊ မိဘဘိုးဘွားဆွေမျိုးများ၊ ဆရာသမားများကို အဝတ်အစား စားဖွယ်သောက်ဖွယ်များဖြင့် သွားရောက်ပူဇော်ကန်တော့လေ့ရှိကြသည်။ ဤသို့ ပူဇော်ကန်တော့ကြခြင်းမှာ ပူဇာစ ပူဇနေယျာနံ- ပူဇော်ထိုက်သူ ပုဂ္ဂိုလ်မှန်တို့ကို ပူဇော်ရခြင်းသည်လည်း မင်္ဂလာမည်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။ မင်္ဂလာတရားတော်နှင့် အညီ ပြုလုပ်ကြသော ဗုဒ္ဓယဉ်ကျေးမှုပွဲတစ်ပွဲပင် ဖြစ်ပေသည်။

သီတင်းကျွတ် သင်္ကြန်ဝါကြိုး ပူဇော်ကန်တော့ပွဲသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် သာသနာတော်တွင်း၌ ပြုလုပ်လေ့ရှိသည့် ပွဲတစ်ပွဲ ဖြစ်သောကြောင့် မြန်မာနိုင်ငံသို့ သာသနာတော် စတင်ရောက်ရှိချိန်ကပင် စတင်ခဲ့သည်ဟု ယူဆရပေမည်။

ပဝါရဏာပွဲမှ စတင်လာခဲ့

မြတ်စွာဘုရားရှင်သည် သံဃာတော်အရှင်မြတ်တို့အား ပဝါရဏာကို ခွင့်ပြုတော်မူခဲ့သည်။ ပဝါရဏာ၏အဓိပ္ပါယ်မှာ ဖိတ်ကြားခြင်းဖြစ်သည်။ သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ- အရှင်ဘုရားတို့ တပည့်တော်သည် သံဃာတော်ကို ဖိတ်မန္တကပြုပုံသည်။ တပည့်တော်၏အပြစ်ကို မြင်လျှင်ဖြစ်စေ၊ ကြားလျှင်ဖြစ်စေ ယုံမှားသံသယ ရှိလျှင်ဖြစ်စေ၊ တပည့်တော်ကို သနားစောင့်ရှောက် ခြီးမြှောက်သောအားဖြင့် ဆုံးမပြောဆိုကြပါဘုရား၊ အရှင်ဘုရားတို့ ဆုံးမသည့်အတိုင်း တပည့်တော်မှာ အပြစ်ရှိနေသည်ဟု တွေ့မြင်ရလျှင် တပည့်တော် ပြုပြင်လိုက်နာပါမည် ဘုရားဟု သံဃာတော်တို့ထံ ဖိတ်မန္တကပြုကြရသည်။ ဤအစဉ်အလာသည် လွန်စွာအဆင့်မြင့်၍ ကောင်းမြတ်လှသော အစဉ်အလာကောင်း တစ်ခုပင် ဖြစ်ပေသည်။ ပဝါရဏာဖိတ်ပွဲကို သံဃာတော်တို့သည် သီတင်းကျွတ်လပြည့်နေ့၌ မဖြစ်မနေ ပြုလုပ်ကြရသည်။ သံဃာအချင်းချင်း တစ်ပါးနှင့်တစ်ပါး မထေရ်ကြီးက မထေရ်ငယ်ကို ဖိတ်ရသည်၊ မထေရ်ငယ်က မထေရ်ကြီးကို ဖိတ်ရသည်။ သီတင်းသုံး ဖော်ချင်း

တစ်ပါးနှင့်တစ်ပါး အကျိုးရှိရှိပြောဆိုဆုံးမနိုင်ရန် ရည်သန်၍ ကျင်းပ ကြသည်။ စေတနာမှန်ဖြင့် ဆိုဆုံးမခြင်း ထောက်ပြခြင်းသည် အမှန်တရားကို လက်ခံသူတို့ အတွက် လွန်စွာတန်ဖိုးရှိလှသည်။

ဤ ပဝါရဏာဖိတ်ပွဲကိုအတုယူ၍ ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းကျွတ် သက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲကိုထည့်သွင်းခဲ့ကြသည်။ မိမိတို့၏ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့်ပြစ်မှားမှုတို့ကို ခွင့်လွှတ်ကြပါရန် လျှောက်ထားတောင်းပန်ကြသည်။ လှူဖွယ်ဝတ္ထုများဖြင့်ပူဇော်ကြသည်။

မြတ်စွာဘုရားလက်ထက်တော်က ရဟန်းတော်တို့သည် ဝါမဆိုမီ မြတ်စွာဘုရားရှင်အား လာရောက်ဖူးမြော်ပြီး ကမ္မဋ္ဌာန်းတရားများကို တောင်းယူကြကာ ဝါဆိုမည့်အရပ်များသို့ကြွရောက်ကြသည်။ ဝါတွင်းသုံးလပတ်လုံး ကမ္မဋ္ဌာန်း တရားကို ကြိုးစားအားထုတ်ကြပြီး သီတင်းကျွတ်လပြည့်နေ့တွင် အချင်းချင်း ပဝါရဏာပွဲကျင်းပကြကာ ဘုရားရှင်အားဖူးမြော်ရန် ရောက်လာကြသည်။ မိမိတို့ ရရှိခဲ့သောတရားထူးများကို လျှောက်ထားကြပြီး ဓမ္မပူဇာဖြင့် ပူဇော်ကန်တော့ကြသည်။

ဤအစဉ်အလာကိုအတုယူ၍ ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းကျွတ်သည့် အခါ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ကြရသည့် ဓလေ့ထုံးစံ အကောင်းတစ်ခုကို တီထွင်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားပေါင်းစုံတို့သည် ထိုဓလေ့ထုံးစံကောင်းကို ယနေ့ထိ လိုက်နာကြလျက် သီတင်းကျွတ်သည့်အခါ ရွာဦးကျောင်းဘုန်းတော်ကြီးများ၊ နှစ်ဘက်မိဘဘိုးဘွားများ၊ ဆရာသမားများ၊ သက်ကြီး ဝါကြီးများ၊ မြို့, ရွာ, ရပ်ကွက်ရှိ သက်ကြီး ရွယ်အိုများအား မြန်မာမုန့်, နိုင်ငံခြားမုန့်စသော မွန်မြတ်သည့် အစားအသောက်များ၊ ပုဆိုး၊ အင်္ကျီ၊ ပုဝါစသော အဝတ်အထည်များ ဆေးဝါးပစ္စည်း များဖြင့် မိမိတို့အင်အားအလိုက် ထိုက်သလို ပူဇော်ကန်တော့လေ့ရှိကြသည်။

ဤကောင်းမြတ်သော အစဉ်အလာကြောင့် ယခုခေတ်တွင် ရပ်ကွက်, မြို့, ရွာအလိုက် သက်ကြီးပူဇော်ပွဲများ၊ ကျောင်းသားကျောင်းသူများက အာစရိယ ပူဇော်ပွဲများ ၊ စာပေပညာရှင်ပူဇော်ပွဲ စသည်တို့ကို အခမ်းအနားဖြင့် စနစ်တကျ စည်ကားသိုက်မြိုက်စွာ ကန်တော့ပူဇော်သော အလေ့အထတစ်ရပ် ထွန်းကားလာသည်။

ဘုရားဒေသနာတော်လာ ပူဇော်နည်းနှစ်မျိုးဖြစ်သော အာမိသပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြသဖြင့် တရားနှင့်လည်းညီညွတ်ပြီး ရရှိသူတို့အတွက်လည်း အကျိုးရှိကာ ပူဇော်သူတို့အတွက်လည်း ကုသိုလ်မင်္ဂလာတိုးပွားကြပေသည်။ ပူဇော်သည်ဟု အဓိပ္ပာယ်ရသော ပူဇာဟူသော ပါဠိပုဒ်ကို သက္ကရောတိ၊ ဂရုံကရောတိ မာနေတိ၊ ပူဇေတိ၊ အပစိယတိ- ဟုဖွင့်ပြတော်မူခဲ့သည်။ ကောင်းစွာပြုခြင်း၊

အလေးအမြတ်ပြုခြင်း မြတ်နိုးခြင်း၊ ရှိခိုးပူဇော်ခြင်းဟု အကျယ်ဖွင့်ပြခဲ့သည်။

အကောင်းဆုံးပူဇော်ခြင်း

ဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်ခြင်းသည် အာမိသပူဇာဖြစ်သည်။ မြတ်စွာဘုရား လမ်းညွှန်ချက်တရားတော်အတိုင်း လိုက်နာကျင့်ကြံသောအားဖြင့် ပူဇော်ခြင်းသည် ဓမ္မပူဇာ ဖြစ်သည်။ မြတ်စွာဘုရား ချီးမွမ်းတော်မူသော ပူဇော်ခြင်းမှာ ဓမ္မပူဇာ ဖြစ်သည်။ ဘုရားရှင်၏ အဆုံးအမကို လိုက်နာကျင့်ကြံခြင်း၊ မိဘ၊ ဆရာသမားတို့၏ သြဝါဒကိုလိုက်နာကျင့်ကြံခြင်း စသည်တို့သည် အကောင်းဆုံး ပူဇော်ခြင်းမည်ပေ၏။

အကျိုးရှိသော ပူဇော်ကန်တော့နည်း

မိဘဘိုးဘွားဆရာသမားများကို ပူဇော်ကန်တော့ကြသည့်အခါ အကျိုးတရား အပြည့်အဝရရှိစေရန်အတွက် အောက်ပါအတိုင်းဆောင်ရွက်ရပေမည်-

(၁) သဟတ္ထာ ဒေတိ - အပူဇော်ခံ ပုဂ္ဂိုလ်လက်သို့အရောက် ကိုယ်တိုင်လက် နှစ်ဘက်ဖြင့် ကိုင်၍ ပေးလှူပါ။

(၂) သက္ကစ္စံ ဒါနံ ဒေတိ- ရိုသေလေးစားစွာ လှူပါ။

(၃) မလှူဒါန်းမီ ငါးပါးသီလ စသည်ကို ကြိုတင်ဆောက်တည်ပြီးမှ လှူဒါန်းပါ။

(၄) ဓမ္မပူဇာအနေဖြင့် ရှေးဦးစွာ ဘုရားရှင်အား ဂုဏ်တော်ကို ရည်မှန်းရှိခိုးဦးချပြီးမှလှူပါ။

(၅) မိမိကနိမ့်ရာတွင်နေပြီး အပူဇော်ခံပုဂ္ဂိုလ်များ၏ သီလ၊ သမာဓိ၊ ပညာဂုဏ် ဂုဏဝုဏ်ဝယဝုဏ် - ကိုအာရုံပြု၍ ရှိခိုးဦးချပါ။ ဩကာသဖြင့် ကန်တော့၍ ရှိခိုး ပူဇော်ပါ။

ပူဇော်ခြင်း အကျိုး

ပူဇော်ကန်တော့ရသောအကျိုးများမှာ များပြားလှပါသည်။ လောကရေးမှ ကြည့်လျှင် တန်ဖိုးရှိသော ဆုံးမသြဝါဒများကို နာကြားရခြင်း၊ ပညာရှိတို့ ချီးမွမ်းခံရခြင်း၊ လူချစ် လူခင်ပေါများခြင်း စသည့်အကျိုးတို့ကို ရရှိပါသည်။ ဓမ္မရေးရာမှ ကြည့်လျှင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊

ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးမားခြင်းစသော အကျိုးတရားများကို ရရှိနိုင်ပါသည်။ ဒါန မဂ်လာ၊ ဂါရဝနိဝါတမဂ်လာ၊ ကတညုတမဂ်လာ၊ သောဝစဿတာမဂ်လာ စသော မဂ်လာတရားတော်တို့နှင့် ပြည့်စုံသဖြင့် ဧတာဒိသာနိ ကတွာန သဗ္ဗတ္ထ မပရာဇိတာ- စသော မဂ်လာအကျိုးပြ ဒေသနာတော်အရ ပြောဆို ကြံစည် ဆောင်ရွက်သမျှအောင်မြင်ရခြင်း၊ ဘေးရန် ခပ်သိမ်း ကင်းငြိမ်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း စသော အကျိုးတရားများကို ရရှိခံစားနိုင်ပေသည်။

အသက်ရှည်ဆေးကြီး

အာယုဝမုနသတို့သား ဝတ္ထု၌ သက်ကြီးရွယ်အိုများအား ရှိခိုး ပူဇော်ခြင်း၊ ရိုသေလေးစားခြင်း၊ ပြုစုလုပ်ကျွေးခြင်းတို့ကို အမြဲတစေ ပြုလုပ်သောသူသည် အသက်ရှည်ခြင်း စသော အကျိုးတရားလေးပါးကို ရရှိနိုင်သည်ဟု ဟောတော်မူခဲ့သည်။

ကန်တော့ပူဇော်ရသောကောင်းမှုကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် သေစေနိုင်သည့် အကုသိုလ်ကံကိုပင် ပယ်ဖျောက်၍ အသက် ၁၂၀- ထိပင် ရှည်စေခဲ့သည်။

သက်ကြီးဝါကြီးများအား ရိုသေလေးစားသူများ၊ ပူဇော်ကန်တော့ သူများသည် ဥပစ္ဆေဒကံဖြင့် မသေနိုင်၊ ထို့ကြောင့် အသက်ရှည်လိုသူတိုင်း အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့် သက်ကြီးဝါကြီး ပူဇော်ကန်တော့မှုတို့ကို ထာဝစဉ် ပြုလုပ်သင့်သည်။

သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်းသည် အပြစ်ကို ပပျောက်စေနိုင်သည်။ သတ္တဝါမှန်သမျှ သံသရာခရီးသည်များချည်းသာ ဖြစ်ကြသဖြင့် အတိတ်ဘဝများ၌ဖြစ်စေ၊ ယခုဘဝ၌ဖြစ်စေ၊ ကိုယ်နှုတ် နှစ်လုံး သုံးပါးတို့တွင် တစ်ပါးပါးဖြင့် ပြစ်မှားခဲ့မှုများ ရှိနိုင်ကြသည်။ ထိုအပြစ်တို့ကိုကန်တော့သောနည်းဖြင့် ပပျောက်အောင် ဆောင်ရွက်နိုင်သည်။ အကယ်၍ ကန်တော့တောင်းပန်မှု မပြုခဲ့သော် သံသရာ ရန်ညိုးကြီးအဖြစ် ပါသွားတတ်သည်။ သံသရာတလျှောက် လက်စားချေမဆုံး၊ အမုန်းသံသရာလည်နေတတ်သည်။ ကြီးလေးသော အဆိုးဆုံးသော အပြစ်များကို ကန်တော့ခြင်းဖြင့် ပပျောက်နိုင်သည်။ သောရေယျ သူဌေးသားဝတ္ထု၌ အရှင်မဟာကစ္စည်းကို ပြစ်မှားမိ၍ ယောက်ျားဘဝမှ မိန်းမဖြစ်ခဲ့ရသည်။ သို့သော် အရှင်မြတ်ကို ဝန်ချ တောင်းပန်ကန်တော့လိုက်သဖြင့် ယောက်ျားဘဝ ပြန်ရောက်ကာ ရဟန္တာ ဖြစ်ခဲ့သည်။

ထို့ကြောင့် လောကအကျိုး တမလွန်အကျိုးများ ရရှိနိုင်သည့် အပြင်

အပြစ်ကြီးငယ်တို့ကို ပပျောက်သွားစေနိုင်သည့် ဓလေ့ကောင်း၊ အကျိုးရှိသော အစဉ်အလာကောင်းတစ်ခုဖြစ်သည့် သီတင်းကျွတ် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲများကို မြန်မာ့ယဉ်ကျေးမှုအနေဖြင့် မြတ်နိုးစွာ အစဉ်ထာဝရ ထိန်းသိမ်းထားရပေမည်။

ဆွမ်းသွတ်တရားနာယူပွဲ

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ဆွမ်္မိုးမိဘ သားသမီးများ ကွယ်လွန်အနိစ္စမရောက်သွားသည့်အခါ အသုဘရုပ်အလောင်း အိမ်၌ရှိနေစဉ် အခါ၌ဖြစ်စေ ကွယ်လွန်ပြီး ခုနစ်ရက်မြောက်သည့်နေ့၌ဖြစ်စေ ဆွမ်းသွတ်တရားနာယူပွဲများကို ကျင်းပပြုလုပ်လေ့ရှိသည်။

တစ်ဦးတစ်ယောက်ကွယ်လွန်လျှင် သံယာတော်ကိုပင့်၍ ဆွမ်းဘောဇဉ်များကို ကွယ်လွန်သူအတွက် ရည်မှန်းလှူဒါန်းပြီး ရေစက်ချအမျှဝေလေ့ရှိသည်။ အသက်ပျောက်ဆွမ်း၊ သက်ပျောက်ဆွမ်းသွတ်ဟု ခေါ်လေ့ရှိကြသည်။ တတ်နိုင်သူများဖြစ်ပါက နေ့စဉ်ဆွမ်းသွတ်တရားနာ လေ့ရှိကြသည်။ ဆွမ်းပွဲစဉ်ဟု ခေါ်သည်။

ကွယ်လွန်သူကို သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်သောအခါ ဆွမ်္မိုး၊ မိဘ၊ ရပ်နီးရပ်ဝေး၊ မိတ်ဆွေတို့သည် အသုဘဘာဝနာပွားများ၍ အမျှဝေကာ သင်္ချိုင်းသို့ လိုက်ပါပို့ဆောင်ကြသည်။ တတ်နိုင်သလောက် သံယာတော်တို့ကို ပင့်ဖိတ်၍ သရဏာဂုံတင်ရေစက်ချ အမျှပေးဝေပြီး မြွေပ်နှံသင်္ဂြိုဟ်လိုက်ကြသည်။ ထိုနေ့ မနက်ဘက် သပိတ်သွတ်ခြင်းကို မြေချဆွမ်းသွတ်ပွဲ ဟုခေါ်ပြီး ပရိတ်သတ်များကိုလည်း ကျွေးမွေးလေ့ရှိသည်။ ခုနစ်ရက်မြောက်နေ့၌မူ တတ်နိုင်သလောက် သံယာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းဆက်ကပ် သပိတ်သွတ်ကြွပြန်သည်။ ရက်လည်ဆွမ်း၊ ရံက်လံညည်သပိတ်သွတ်ဟု ခေါ်သည်။ သပိတ်ထဲသို့ ဆွမ်းများ ထည့်ပြီး ဆွမ်းဟင်းများကို ချိုင့်များဖြင့် ထည့်ကာ လှူဒါန်းကြသဖြင့် သပိတ်သွတ်ဆွမ်းအလှူဟု ခေါ်ခဲ့ကြသည်။ ကွယ်လွန်သူကို ရည်စူး၍ အမည်ကို ထုတ်ဖော်ကာ ရေစက်ချ အမျှဝေရသည်။

တစ်လမြောက် ဆွမ်းသွတ်အလှူကို လလည်ဆွမ်းသွတ်၊ တနှစ်ပြည့်၍ လှူဒါန်းသောအလှူကို တစ်နှစ်ပြည့်ဆွမ်းသွတ် နှစ်ပတ်လည်ဆွမ်းသွတ်စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ သားသမီးတို့ဝတ်တရားတွင် "လှူမျှဝေ၍" ဟုပါရှိသဖြင့် ကွယ်လွန်သူမိဘဘိုးဘွားစသော ဆွေဟောင်းမျိုးဟောင်းတို့အား ရည်မှန်းလှူဒါန်းအမျှဝေရခြင်းသည် ကံကျန်ရစ်သူ သား သမီးတို့အတွက် မလွဲမသွေ ဆောင်ရွက်ရမြဲဝတ်တစ်ခုအဖြစ် လက်ခံထားကြသဖြင့် မိမိတို့အင်အားအလိုက် လှူဒါန်းအမျှဝေကြလေသည်။

-သီလရှိသော ရဟန်းသံဃာတော်တို့အား သေသူကို ရည်မှန်း၍ လှူဒါန်းခြင်း၊ အမျှပေးဝေခြင်းသည် သေဆုံးသူတို့ ပြိတ္တာဘဝသို့ ရောက်နေပါက ကောင်းကျိုးသုခခံစားရစေသည်။ ထို ဒါနအကျိုးကို ပြိတ္တာတို့ သုံးဆောင်ခံစားရ၏။ ပေးလှူသူတို့အတွက်လည်း ကောင်းမှုအကျိုးကို ခံစားရ၏။ ဆွေမျိုး ပြိတ္တာတို့ကို ရည်ညွှန်း၍ ကုသိုလ်ပြု အမျှပေးဝေခြင်းကြောင့် ဆွေမျိုး ပြိတ္တာတို့သည် ပြိတ္တာ ဘဝမှလွတ်၍ နတ်ပြည်လောကသို့ ရောက်ကြရလေ၏-ဟု မြတ်စွာဘုရား ဟောကြားတော်မူထားသဖြင့် သေသူရည်မှန်း လှူဒါန်းအမျှဝေမှုသည် ကောင်းမြတ်သော အစဉ်အလာ တစ်ခုပင် ဖြစ်၏။

ရည်မှန်းလှူလျှင် သေသူရနိုင်

မြတ်စွာဘုရားသည် ပါဝါပြည် ရွှေပန်းထိမ်သည်သားစုန္ဒ၏ ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် ဇာဏုသောဏီ ပုဏ္ဏားကြီးရောက်လာပြီး ဘုရားရှင်အား အောက်ပါအတိုင်း လျှောက်ထား၏။

အရှင်ဂေါတမ . . . တပည့်တော်တို့ ပုဏ္ဏားများသည် သေဆုံးသူတို့ကို ရည်မှန်းပြီး အလှူဒါန ပြုကြပါသည်။ ထိုအလှူဒါနသည် ဘပည့်တော်တို့ ရည်မှန်းသည့်အတိုင်း သေသူဆွေမျိုးများထံ ရောက်ပါသလား၊ သေသူဆွေမျိုးတို့သည် ထိုအလှူဒါနကို သုံးဆောင် ကြရပါသလား

ပုဏ္ဏားကြီး . . . သေဆုံးသွားသူ၊ ဆွေမျိုးများသည် ငရဲသား၊ တိရစ္ဆာန်၊ လူ၊ နတ်ဖြစ်သွားသော် သေဆုံးသူကို ရည်မှန်း၍ လှူဒါန်းသည့် အလှူ၏အကျိုးကို မခံစားရပေ၊ ထိုအလှူသည် သေဆုံးသူဆွေမျိုးများထံသို့ မရောက်ရှိပေ၊ သေဆုံးသူဆွေမျိုးများသည် ပြိတ္တာဖြစ်မှသာ ထို ပြိတ္တာထံသို့ ထိုအလှူဒါန ရောက်ရှိနိုင်သည်။ ထိုအလှူဒါန၏အကျိုးကို ရရှိခံစားနိုင်သည်။ သေဆုံးသူ ပြိတ္တာ မဖြစ်လျှင် သံသရာဘဝများမှာ ရှည်လျားလှသည်ဖြစ်သောကြောင့် ထိုအလှူ၏ အကျိုးကို ဘဝဟောင်း ဘဝပေါင်းများစွာက ဆွေဟောင်းမျိုးဟောင်း ပြိတ္တာတို့ ခံစားရပေသည်။ အကယ်၍ ဆွေဟောင်းမျိုးဟောင်းပြိတ္တာတို့ အကျိုးမခံစားရ့စေကာမူ ထိုကုသိုလ်ဒါနသည် အလှူရှင်အား ရောက်ရာဘဝတွင် မွန်မြတ်သည့် အစားအသောက် အသုံးအဆောင် စသည်တို့ကို ရရှိခံစားနိုင် ပေသည်ဟု မြတ်စွာဘုရားက ဖြေကြားတော်မူလေသည်။ ပြိတ္တာ လေးမျိုးတို့အနက် ပရဒတ္တူပဇီဝိတ ပြိတ္တာမျိုး (ပြိတ္တာ တစ္ဆေ သရဲ)တွင် ဖြစ်မှသာ အကျိုးခံစားခွင့်ရှိသည်။ အလှူခံ ပုဂ္ဂိုလ်တို့

သီလစင်ကြယ်မှသာ ရည်ညွှန်းလျှဒါန်း အမျှပေးဝေမှုသည် အကျိုးတရား ကြီးမားသည်။

အလှူခံသီလရှိမှ အကျိုးခံစားရ

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်သည် ခမည်းတော်ကို လုပ်ကြံပြီးနောက် စိတ်မချင်ပြ အိပ်မရ ဖြစ်နေစဉ် ကောင်းကင်၌ ပြိတ္တာတစ်ဦးသွားသည်ကို တွေ့ရ၍ ဘုရင်က လှမ်း၍မေးရာ ဗာရာဏသီရှိ သမီးထံသွား၍ ရည်ညွှန်း လှူဒါန်းသော ကုသိုလ်အဖို့ကို သွားယူမည့်အကြောင်း ပြန်ပြောသည်။ အပြန်တွင် သူ့ထံဝင်ရန် ဘုရင်က မှာလိုက်သည်။ အပြန်တွင် ဘုရင့်ထံဝင်၍ ပြိတ္တာကြီးက ပြောသည်မှာ "သီလမရှိသော ဒုဿီလ ပုဏ္ဏားတို့ကို လှူဒါန်းပြီး အမျှဝေသော ကြောင့် ထိုအလှူ၏ အကျိုးကို မခံစားခဲ့ရပါ။ ဘုရားအမျှူးရှိသော သံဃာတော်တို့အား သူ့ကို ရည်မှန်း၍ လှူဒါန်းပေးပြီး အမျှဝေပါ"ဟု တောင်းပန်သည်။ အဇာတသတ်မင်းသည် ဘုရားအမျှူးရှိသော သံဃာတော်တို့အား လှူဒါန်းအမျှဝေရာ ထိုပြိတ္တာကြီး ကျွတ်လွတ်၍ နတ်ဘဝသို့ ရောက်သွားခဲ့သည်။

ထို့အတူပင် ဝမှမာန အရပ်၌နေသော မုဆိုးတစ်ဦးသည် ကွယ်လွန်သူ ဆွေမျိုး ပြိတ္တာတို့အားရည်စူး၍ အလှူဒါနပြုရာ သုံးကြိမ်တိုင်တိုင် သီလမရှိသည့် ဒုဿီလ ပုဂ္ဂိုလ်အား လှူဒါန်းမိလေသည်။ ထိုအခါ "ဒုဿီလ ပုဂ္ဂိုလ်ကြီးက ငါ့ဟာတွေ လုယူထားတယ်" ဟု ပြိတ္တာကြီးက ဟစ်အော်လေသည်။ တို အော်သံကြားမှ မုဆိုးကြီးသည် သတိရပြီး အကျင့်သီလနှင့်ပြည့်စုံသော သီလဝန္တရဟန်းတော်အား ပင့်၍ လှူဒါန်းအမျှဝေသည်နှင့်တပြိုင်နက် ပြိတ္တာသည် အကျိုးခံစားခွင့် ရရှိသွားလေသည်။ ဖုဿဘုရားရှင်လက်ထက် ညီတော်မင်းသားသုံးဦးတို့သည် ဘုရားရှင်အား ဝါတွင်းသုံးလပတ်လုံး ဆွမ်းကပ် လှူဒါန်းကြသည်။ မိမိတို့ ကိုယ်တိုင် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လျက် ဘဏ္ဍာစိုးတစ်ယောက်ကို တာဝန်ယူ ချက်ပြုတ်စေ၏။ ဘဏ္ဍာစိုး၏ ဆွေမျိုးများသည် ချက်ပြုတ်ရေးတာဝန်ကို ယူကြ၏။ ဆွေမျိုး အချို့တို့သည် ဘုရား သံဃာအားကပ်မည့် ဆွမ်းဟင်းများကို တိတ်တဆိတ် ယူထားကြကုန်၏။ ထိုဘဝမှ စုတေသည်ရှိသော် ငရဲ၌ဖြစ်ကုန်၏။ ကဿပဘုရား လက်ထက်တွင် ငရဲမှ လွတ်၍ ပြိတ္တာဖြစ်လာကြကုန်၏။ လွန်စွာ ဆင်းရဲ ငတ်မွတ်ကုန်၏။ ကဿပ ဘုရားရှင်အား လျှောက်ထားရာ ဂေါတမ ဗုဒ္ဓလက်ထက် ဗိမ္မိသာရမင်းကြီး အလှူပြုအမျှဝေမှ ဝလင်စွာ စားသောက်ရမည်ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဗိမ္မိသာရမင်းကြီးသည်၊ ဝေဠုဝန်ကျောင်းတော်ကြီးကို လှူဒါန်းကာ ရေစက်ချ၏။ ပြိတ္တာတို့လည်း မိမိတို့ကို အမျှဝေလိမ့်မည်ဟု တွေးကြံကြပြီး မြို့တံတိုင်းအနားသို့ စုဝေးရောက်လာကုန်၏။ မင်းကြီးမှာ အမျှမပေးဝေသဖြင့် ပြိတ္တာတို့သည် စိတ်ပျက်အားလျော့ကာ ညအချိန်တွင် နန်းတော်သို့ဝင်ပြီး ခြောက်လှန့်ကုန်၏။ မြတ်စွာဘုရားကို လျှောက်ထားရာ အဖြစ်မှန်ကို သိရ၍ ထပ်မံ ဆွမ်းကျွေးပြီး အမျှဝေလေသည်။ ထိုအခါမှ ပြိတ္တာတို့သာဓုခေါ်၍ နတ်အစားအစာများကို စားသုံးရသည်။ သို့ရာတွင် မင်းကြီးလှူဒါန်းရာ၌ အဝတ်သက်နန်းမပါသဖြင့် ဆွေမျိုးပြိတ္တာတို့ အဝတ်အစား မဝတ်ရသေးကြောင်း မင်းကြီးအား ပြန်ပြောကြသောအခါ မင်းကြီးသည် နောက်တစ်နေ့၌ သံဃာတော် တို့အား ပင့်ဖိတ်ဆွမ်းကျွေးပြီး သင်္ကန်းများပေးလှူကာ အမျှဝေ၍ သာဓုခေါ်သော အခါမှ နတ်ဝတ်တန်ဆာတို့ကို ရရှိသွားလေသည်။ သို့ဖြစ်၍ သီလရှိသူ ရဟန်းတော် တို့အား သေသူကို ရည်မှန်း၍ လှူဒါန်းအမျှဝေ ဆွမ်းသွတ်တရားနာယူမှုကို ပြုလုပ်သင့်ပေသည်။

သေသူရည်မှန်း၍ လှူဒါန်းသော ဆွမ်းသွတ်အလှူ၌ ရဟန်း သံဃာတော်များအား ပုဂ္ဂိုလ်ကိုမရည်မှန်းဘဲ သံဃာအများကိုရည်မှန်း၍ လှူဒါန်းဆက်ကပ် ရမည်။ ထိုသူကြားသိအောင် အမည်ကိုခေါ်၍ "သင့်အတွက် စားဖွယ်သောက်ဖွယ်၊ အဝတ်အထည်များကို သံဃာတော်များအား လှူဒါန်းပြီးဖြစ်သည်။ ထိုကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ" ဟု ၃ ကြိမ်အမျှ ဝေရမည်။

ဤသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ဆွမ်းသွတ်တရားနာယူမှုပင် ဖြစ်လေသည်။

• • • • • • • • • • • • • • • • • • • •

အခန်း (၉)

ပင်မထေရဝါဒနှင့် မဟာယာနသာသနာ ကမ္ဘာအရပ်ရပ်သို့ ပြန့်ပွားသွားခြင်း

အခန်း (၉)

ပင်မထေရဝါဒနှင့် မဟာယာနသာသနာ ကမ္ဘာအရပ်ရပ်သို့ ပြန့်ပွားသွားခြင်း

ထေရဝါဒနှင့် မဟာယာန

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် နှစ်ပေါင်းတစ်ရာသို့အရောက်တွင် ဝေသာလီပြည်မှ ဝဇ္ဇီပုတ္တက ရဟန်းတို့၏ ဓမ္မဝိနယနှင့်ဆန့်ကျင်သော အဓမ္မဝတ္ထု ဆယ်ပါးကို ကျင့်သုံးခဲ့ကြခြင်းကြောင့် ရှင်မဟာယသ အမှူးရှိသော ရဟန္တာခုနစ်ရာတို့ ဒုတိယသံဂါယနာတင်ခဲ့ကြရသည်။ သို့သော် ဝဇ္ဇီပုတ္တက ရဟန်းတို့သည် သံဂါယနာတင် မထေရ်တို့၏အဆုံးအဖြတ်ကို မနာခံဘဲ "မဟာသံယိက" ဟူသော အမည်ဖြင့် ဂိုဏ်းခွဲ၍ထွက်ခဲ့ကြသည်။ ထိုမှ နောက်တွင် ဝါဒစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစသော အကြောင်းများဖြင့် ဂိုဏ်းကွဲများ တစ်ခုပြီး တစ်ခု ပေါ်လာခဲ့ကြရာ သံဃာ့ဂိုဏ်းပေါင်း (၁၈) ဂိုဏ်းအထိ ရှိလာလေသည်။

ရိုးရာဝါဒစွဲ ဆရာစွဲ ဒေသစွဲ အတွေစွဲနှင့် လောကီအာရုံကာမဂုဏ်အစွဲကြီးသူများ မြင့်မြတ်သော မြတ်စွာဘုရားသာသနာဘောင်သို့ ဝင်ရောက်လာကြသောအခါ အကျင့်သိက္ခာပိုင်းတွင် ကျဉ်းကြပ်လာကြ၏။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် အမျိုးမျိုးစောဒကတက်ခဲ့ကြသည်။ မြင်္ဂိုစွာဘုရားမရှိသည့်နောက်တွင် ဘုရားအမည်ကိုပင် အသုံးပြုကာ သုတ္တန်လက်သစ် တရားသစ် များတီထွင်လာကြ၏။

သို့ရာတွင် အဆိုပါနောက်ပေါ် သံဃာ့ဂိုဏ်းများသည် အချိန်ကာလကြာမြင့်စွာ မတည်ခဲ့ကြချေ။ အချို့ဂိုဏ်းများသည် မကြာမီကွယ်ပျောက်သွားကြပြီး အချို့ကား တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ပေါင်းစည်းသွားခဲ့ကြသည်။ ထို့ပြင် ဗြာဟ္မဏ ဝါဒခေါ် ဟိန္ဒူဝါဒ၏ ဝါးမျိုခြင်းကိုလည်း များစွာ ခံကြရလေသည်။

မျက်မှောက်ခေတ်တွင် ဗုဒ္ဓဘာသာ၌ ထေရဝါဒနှင့် မဟာယာနအားဖြင့် အဓိကဂိုဏ်းကြီးနှစ်ဂိုဏ်းရှိသည်ဟူ၍ ယေဘုယျအားဖြင့် အသိအမှတ်ပြုထားကြသည်။ ထိုတွင် ထေရဝါဒဟူသည် ရှင်မဟာကဿပ၊ ရှင်မဟာယသ အစရှိသော သံဂါယနာတင် မထေရ်မြတ်တို့ သတ်မှတ်ပြဋ္ဌာန်း မှတ်တမ်းတင်တော်မူခဲ့ကြသည့် အစိအစဉ်အရ မြတ်စွာဘုရား၏ မူရင်းဟောကြားဆုံးမချက်များအတိုင်း လိုက်နာနေသော ဂိုဏ်းဖြစ်၏။ မဟာယာနကား တိုသမား‌ရိုးကျထေရဝါဒအပေါ် ၌ ဆန်းသစ်သော အတွေးအမြင်များဖြင့် လိုချင်သလိုပုံသွင်း၍ ပြုပြင်ပြောင်းလဲထားသော ဝါဒသစ်ဖြစ်လေသည်။ အထူးအားဖြင့် မဟာယာနဗုဒ္ဓဘာသာ၌ ဟိန္ဒူဝါဒ၏သြဇာ များစွာ လွှမ်းမိုးနေလေသည်။ တစ်နည်းအားဖြင့် ပြောမည်ဆိုလျှင် မဟာယာနသည် ဗုဒ္ဓဘာသာစစ်စစ်မဟုတ်၊ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာနှစ်မျိုးပေါင်းစပ်ထားသည့်ပြင် သက်ဆိုင်ရာဒေသ နိုင်ငံလူမျိုးတို့၏ ဓလေ့ထုံးစံများနှင့်ပါရောမွှေထားသော ဘာသာဟူ၍သာ ဆိုရသည်။

မဟာယာနဗုဒ္ဓဘာသာသည် သာသနာတော် နှစ်ရှစ်ရာမှ တစ်ထောင်အတွင်း၌ စတင်ထင်ရှားလာခဲ့ပါသည်။ အမှန်အားဖြင့် မဟာယာန၏ အခြေခံမျိုးစေ့မှာ ဒုတိယသံဂါယနာအပြီးတွင် ပေါ်ပေါက်ခဲ့သည့် မဟာသံဃိက စသော ဂိုဏ်းကွဲများပင် ဖြစ်သည်။ ထို ဂိုဏ်းကြီး (၁၈) ဂိုဏ်းတို့၏ အယူဝါဒများမှ ကောင်းနိုးသည်ဟု ထင်မြင်သော အချက်တို့ကို ပေါင်းစပ်ပြုပြင် ခွဲ့ထွင်ထုတ်ယူပြီး မဟာယာနဂိုဏ်းဟူ၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

"မဟာယာန" ဟူသော ဝေါဟာရ၏ အနက်ရင်းမှာ ကြီးကျယ်မြင့်မြတ်သော ယာဉ်ရထားဟုဆိုလိုသည်။ သတ္တဝါတို့အား ဒုက္ခဓပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်သော ယာဉ်သုံးမျိုးရှိသည်။ ၎င်းတို့မှာသမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိနှင့် သာဝကဗောဓိတို့ဖြစ်သည်။ ယင်းတို့တွင် သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိနိုင်သော ဗောဓိသတ္တဓေါ်ဘုရားလောင်းတို့သည်သာလျှင် သတ္တဝါအများကို နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်ပေးနိုင်ကြသည်။ ပစ္စေကဗောဓိဉာဏ်ရရှိသော ပစ္စေကဗုဒ္ဓါနှင့် သာဝကဗောဓိဉာဏ်ရရှိသော သာဝကရဟန္တာတို့သည်ကား သတ္တဝါတို့ကို မကယ်တင်နိုင်၊ မိမိတို့ဘာသာ လွတ်မြောက်အောင်သာ စွမ်းဆောင်နိုင်ကြသည်။ ထို့ကြောင့် သမ္မာသမ္ဗောဓိသည် မဟာယာန - မြင့်မြတ်သောယာဉ်ဖြစ်၏။ ပစ္စေကဗောဓိနှင့် သာဝကဗောဓိ တို့ကား ဟီနယာန - ယုတ်ညံ့သောယာဉ်များဖြစ်၏၊ ဤသို့ မဟာယာနဂိုဏ်းသားတို့က ယူဆကြလေသည်။ စင်စစ် ဟီနယာန ဟူသော အမည်သည် ပင်မထေရဝါဒ၏ အမည်မဟုတ်၊ မဟာယာနဂိုဏ်းများထဲမှ ဂိုဏ်းငယ်တစ်ခု၏ အမည်သာလျှင် ဖြစ်သည်။

အထက်ပါအယူအဆနှင့်အညီ မဟာယာနဝါဒ၌ ဗောဓိသတ္တဘား အလွန်အကဲ အမွှမ်းတင်ထားသော ပိဋကတ်စာပေတို့ကို တီထွင်ရေးသားခဲ့ကြသည်၊ ဗောဓိသတ္တဘာမျိုးမျိုး ကိုလည်း ဖန်တီးခဲ့ကြသည်။

လူသားတို့၏သဘာဝကား အဟောင်းထက် အသစ်ကိုပို၍ စိတ်ဝင်စားလေ့ရှိကြသည်နှင့် အညီ ကာလဒေသနှင့် လူသားတို့၏ အကြိုက်သို့လိုက်၍ အသစ်ပြုပြင်တီထွင်ဖန်တီးထားသော မဟာယာနဗုဒ္ဓဘာသာသည် နိုင်ငံအတော်များများသို့ ပြန့်ပွားခဲ့သည်။ ယခုအခါ တိဗက်၊ ဆီကင်၊ ဘူတန်၊ နီပေါ၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ တရုတ်၊ ကိုရီးယား၊ ဂျပန် နိုင်ငံတို့၌ မဟာယာနဗုဒ္ဓဘာသာ စည်ပင်ထွန်ကားလျက်ရှိပြီး အခို့သော အာရှ၊ ဥရောပနှင့် အမေရိကတိုက် နိုင်ငံများသို့လည်း တစ်စတစ်စ ပြန့်နှံ့နေကြောင်း သိရှိရပေသည်။

ဗုဒ္ဓဘာသာနာတော်၌ ဂိုဏ်းကွဲများ စတင်ပေါ်ပေါက်လာခြင်း

မြတ်စွာဘုရား မဂဓတိုင်း ဥရုဝေလတော နေရာဠရာမြစ်ကမ်းနားရှိ ဗောဓိပင်ရင်း၌ သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူသည့်အချိန်မှစ၍ ၄၅-နှစ်ပတ်လုံး လောကသုံးပါး၌ လှည့်လည်လျက် ဝေနေယျသတ္တဝါအပေါင်းတို့အား လောကသံသရာ နှစ်ဖြာသောကောင်းကျိုး ချမ်းသာကို ဆောင်ကြဉ်းပေးနိုင်သည့် တရားဒေသနာများကို ဟောကြားတော်မူပြီး သက်တော် ရှစ်ဆယ်ပြည့်မြောက်သည့် မဟာသကၠရာဇ် ၁၄၈-ခု (ဘီစီ-၅၄၄) ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင်း၌ မဟာပရိနိဗ္ဗာန်ပြုတော်မူခဲ့လေသည်။

ထိုအခါ ဗုဒ္ဓသာသနာတော် ကာလကြာမြင့်စွာ တည်တံ့ခိုင်မြဲရေးကို မျှော်တွေးဆင်ခြင်တော်မူမိသော ရှင်မဟာကဿပမထေရ်ကြီးသည် ကုသိနာရုံပြည်၌ စုဝေးရောက်ရှိလာကြသည့် ခုနှစ်သိန်းသော ရဟန်းတို့၏ ဆန္ဒကိုရယူပြီး ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များကို ဆောလျှင်စွာ သံဂါယနာတင်ရန် စီစဉ်ဆောင်ရွက်တော် မူခဲ့သည်။ ထို့နောက် ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူပြီး သုံးလကျော်မျှသာရှိသေးသည့် ဝါခေါင်လပြည့်ကျော် ၅- ရက်နေ့တွင် ရှင်မဟာကဿပအမှူးရှိသော ရဟန္တာအရှင်မြတ်ငါးရာတို့သည် မဂဓတိုင်းရှင် ဘုရင်အဇာတသတ်၏ ကူညီထောက်ပံ့မှုကိုခံယူလျက် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ယံရှိ သတ္တပဏ္ဏိလိုဏ်ဂူ၌ ပထမသံဂါယနာပွဲကို စတင်ကျင်းပတော်မူခဲ့ကြလေသည်။

သံဂါယနာတင်ခြင်းဟူသည် ကာလဒေသအသီးသီး၌ အကြောင်း အတွေ့ပွတို့ အားလျော်စွာ ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မဝိနယခေါ် တရားတော်များကို ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ သဘောတူရာတူရာ ပေါင်းစပ်ဖွဲ့စည်း၍ တညီတညွတ်တည်း ရွတ်ဆိုသတ်မှတ် အတည်ပြုကြခြင်း ဖြစ်သည်။

ဤသို့လျှင် ပထမသံဂါယနာတင်မထေရ်မြတ်တို့ သတ်မှတ် ပြဋ္ဌာန်းတော်မူခဲ့ကြသည့်အတိုင်း ဓမ္မဝိနယကို တညီတညွတ်တည်း လိုက်နာဆောင်ရွက်ခဲ့ကြရာ သာသနာတော် နှစ်ပေါင်းတစ်ရာသို့ အရောက်တွင် ကြီးမားသောဘေးအန္တရာယ်တစ်ခု ပေါ်ပေါက်လာလေသည်။ ထိုဘေးအန္တရာယ်ကိုဖြစ်ပေါ်စေသော ပုဂ္ဂိုလ်များကား ဝေသာလီပြည်မှ ဝဇ္ဇီပုတ္တကခေါ် ဝဇ္ဇီတိုင်းသား ရဟန်းများဖြစ်၏။ ထိုဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဘုရားရှင်ပညတ်တော်မူခဲ့သည့် ဝိနည်းဥပဒေနှင့် ဆန့်ကျင်သော အဓမ္မဝတ္ထုဆယ်ပါးကို ပြောင်ပြောင်တင်းတင်း ကျင့်သုံး ဖြန့်ချိနေကြလေသည်။ အဓမ္မဝတ္ထုဆယ်ပါးတို့တွင် ရဟန်းများသည် မွန်းတည့်ပြီး နေရိပ်လက်နှစ်သစ်လွန်သည့်အချိန်အထိ ဆွမ်းခံဖွယ်ကို စားကောင်း၏၊ သေရည်အဖြစ်သို့ မရောက်သေးသော သေရည်နုနုကို သောက်ကောင်း၏၊ ရွှေငွေကို အလှူခံယူကောင်း၏ စသော အချက်များ ပါဝင်၏။

ထိုအခါ ကာကဏ္ဍကပုဏ္ဏား၏သားဖြစ်သော အရှင်ယသမထေရ် သည် ဝေသာလီပြည်သို့ ရောက်လာပြီး မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက်၌ သီတင်းသုံးနေ၏၊ ဝဇ္ဇီပုတ္တက ရဟန်းတို့သည် အရှင်ယသကိုလည်း မိမိတို့၏ အယူဝါဒအတိုင်း လိုက်နာကျင့်သုံးရန် ဆွဲဆောင် ကြသည်။ သို့သော် အရှင်ယသက ထိုရဟန်းတို့၏ အယူဝါဒကို မနှစ်သက်သောကြောင့် အရှင်ရေဝတ၊ အရှင်သမ္ဘူတ၊ အရှင်သဗ္ဗကာမီ စသော မထေရ်ကြီးများအား စည်းရုံးလှုံ့ဆော်၍ အဓမ္မဝတ္ထုဆယ်ပါးကို ဓမ္မဝိနယနှင့်မညီကြောင်း ဖြေရှင်းဆုံးဖြတ်ပြီး ဒုတိယသံဂါယနာတင်တော်မူခဲ့သည်။ ထို ဒုတိယသံဂါယနာတင်ပွဲကို ဝေသာလီပြည်သို့ စုဝေး ရောက်ရှိလာခဲ့ကြသော ရဟန်းသံဃာပေါင်း (၁၂)သိန်းတို့ထဲမှ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ အရှင်မြတ် (၇၀၀) တို့ ရွှစ်လကြာမျှ ကျင်းပခဲ့ ကြလေသည်။

အဓမ္မဝတ္ထုဆယ်ပါးသည် ဓမ္မဝိနယနှင့်မညီကြောင်း ဒုယိယသံဂါယနာတင် မထေရ်တို့ကဆုံးဖြတ်လိုက်ကြသော်လည်း ဝဇ္ဇီပုတ္တကရဟန်းတို့ကမူ မိမိတို့၏ အယူဝါဒကို မစွန့်ကြချေ။ ထို့ကြောင့်သံဂါယနာတင် မထေရ်တို့သည် ဝေသာလီပြည်ရှင် ကာလာသောကမင်းကြီး၏အကူအညီဖြင့် ဝဇ္ဇီပုတ္တကရဟန်းတို့ကို

ဝေသာလီပြည်မှ နှင်ထုတ်လိုက်ကြသည်။ ထိုအခါ ဝဇ္ဇီပုတ္တကရဟန်းတို့သည် ဝေသာလီပြည်မှ ထွက်ခွာခဲ့ကြပြီး အမြို့မြို့အနယ်နယ်သို့ လှည့်လည်ကြကုန်လျက် မိမိတို့အားထောက်ခံသူ ရဟန်းရှင်လူတို့ကိုစည်းရုံးကြသည်၊ မကြာမီ ရဟန်း ပရိသတ်တစ်သောင်းခန့်ရရှိသဖြင့် ကောသမ္ဗီပြည်၌စုဝေး၍ စင်ပြိုင်သံဂါယနာ တင်ပွဲကို ပြုလုပ်ကြသည်။ ဝေသာလီပြည်၌ ပြုလုပ်သော သံဂါယနာထက် ပိုမိုကြီးကျယ်သည်ဟူသောအဓိပ္ပာယ်ဖြင့် မိမိတို့သံဂါယနာကို မဟာသံဂီတိဟု အမည်တပ်ကြသည်။ မိမိတို့ဂိုဏ်းကိုလည်း သံယာအရေအတွက် ပိုမိုများပြားသော ဂိုဏ်းအဖြစ်ဖြင့် "မဟာသံဃိကဂိုဏ်း" ဟူ၍ အမည်တပ်ကြလေသည်။

အထက်ပါအတိုင်း ဝေသာလီပြည်မှ နှင်ထုတ်လိုက်သော ဝဇ္ဇီပုတ္တက ရဟန်းတို့က မဟာသံဃိကဟူသောအမည်ဖြင့် သီးခြားဂိုဏ်းတစ်ခုကို တည်ထောင် လိုက်ခြင်းကား ဗုဒ္ဓသာသနာတော်၌ ပထမဦးစွာ ဂိုဏ်းဂဏကွဲပြားမှု ပေါ်လာခြင်းပင် ဖြစ်၏။ ထို့နောက်တွင်မူ ဂိုဏ်းကွဲမှုများ ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာခဲ့ရာ ဒုတိယသံဂါယနာတင်ပြီးနောက် နှစ်ပေါင်းတစ်ရာမျှအချိန်ကာလအတွင်း၌ သံယာ့ ဂိုဏ်းပေါင်း (၁၈) ဂိုဏ်းအထိ ရှိလာခဲ့လေသည်။

သံယာ့ဂိုဏ်း (၁၈) ဂိုဏ်းဖြစ်လာပုံကား - ရှေးဦးစွာ မဟာသံဃိက ဂိုဏ်းမှ ဂေါကူလိကဂိုဏ်းနှင့် ဧကဗျောဟာရိကဂိုဏ်းဟူ၍ ဂိုဏ်းကွဲနှစ်ခုပေါ်လာသည်၊ ထို့နောက် ဂေါကူလိကဂိုဏ်းမှ ပဏ္ဏတ္တိဝါဒ (ပညတ္တိဝါဒ) ဂိုဏ်း နှင့် ဗာဟုလိယ ဂိုဏ်းဟူ၍ ဂိုဏ်းကွဲနှစ်ခုဖြစ်ပေါ်လာပြန်သည်။ ထိုတွင် ဗာဟုလိယဂိုဏ်းကို ဗဟုဿုတိကဂိုဏ်းဟုလည်းခေါ်သည်။ အဆိုပါ ဗဟုဿုတိကဂိုဏ်းမှ စေတိယဝါဒ ခေါ် ဂိုဏ်းသစ်တစ်ခု နောက်ထပ်ပေါ်လာပြန်သည်။ ဤသို့လျှင် မဟာသံဃိက ဂိုဏ်း၌ မူရင်းပင်မဂိုဏ်းနှင့် နောက်ပေါ်ဂိုဏ်းတွဲ ၅ ခုအားဖြင့် သံယာ့ဂိုဏ်း ၆ - ဂိုဏ်းဖြစ်လာခဲ့သည်။

ဒုတိယသံဂါယနာတင်ပွဲအပြီးတွင် အဓမ္မဝါဒီဖြစ်သော ဝဇ္ဇီပုတ္တက ရဟန်းတို့၏ ဦးဆောင်မှုဖြင့် မဟာသံဃိကဂိုဏ်းနှင့် ယင်း၏ဂိုဏ်းကွဲများပေါ်လာသကဲ့သို့ သံဂါယနာတင်မထေရ်တို့၏ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာခဲ့ကြသော မူလထေရဝါဒ သံယာများမှလည်း အယူအဆကွဲပြား၍ ဂိုဏ်းခွဲထွက်သော ရဟန်းသံယာများ ပေါ်လာခဲ့ကြသည်။ ထေရဝါဒမှ ပထမဦးစွာ ခွဲထွက်သွားသော ဂိုဏ်းကွဲ (၂) ခုမှာ မဟိသာသကဂိုဏ်းနှင့် ဝဇ္ဇီပုတ္တကဂိုဏ်းတို့ဖြစ်၏။ ထို့နောက် ဝဇ္ဇီပုတ္တကဂိုဏ်းမှ

ဓမ္မုတ္တရိယ၊ ဘဒြယာနိက၊ ဆန္နာဂါရိက၊ သမိတိယဟူ၍ ဂိုဏ်းကွဲ (၄) ခု ပေါ်လာသည်။ မဟိသာသကဂိုဏ်းမှလည်း သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် ဓမ္မဝုတ္တိကဂိုဏ်းတို့ ကွဲထွက်လာကြသည်။ တစ်ဖန် သဗ္ဗတ္ထိဝါဒဂိုဏ်းမှ ကဿပိကဂိုဏ်း ကွဲထွက်လာသည်။ ထိုကဿပိက ဂိုဏ်းမှ သင်္ကန္တိကဂိုဏ်း ကွဲထွက်လာသည်။ ထိုသင်္ကန္တိကဂိုဏ်းမှလည်း သုတ္တဝါဒဂိုဏ်း ကွဲထွက်လာပြန်သည်။

ဤသို့လျှင် မူရင်း ပင်မထေရဝါဒမှ ဒုတိယအကြိမ် သံဃာ့ဂိုဏ်း (၁၁) ဂိုဏ်း ကွဲထွက်လာခဲ့လေသည်။

ဤသို့အားဖြင့် ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် နှစ်ပေါင်း (၁၀၀)မှ (၂၀၀) အတွင်း တစ်နည်းအားဖြင့်ဆိုသော် ဒုတိယသံဂါယနာနှင့် တတိယသံဂါယနာအတွင်း၊ မဇ္ဈိမဒေသ ဗုဒ္ဓသာသနာတော်၌ မူရင်းပင်မ ထေရဝါဒဂိုဏ်း (၁) ဂိုဏ်း၊ ထိုဂိုဏ်းမှ ပထမအကြိမ်ခွဲထွက်သွားသည့် မဟာသံဃိကစသောဂိုဏ်း (၆) ဂိုဏ်း၊ ဒုတိယအကြိမ်ခွဲထွက်သွားသည့် မဟိသာသကစသော ဂိုဏ်း (၁၁) ဂိုဏ်းအားဖြင့် ဂိုဏ်းပေါင်း (၁၈) ဂိုဏ်း ဖြစ်လာခဲ့လေသည်။

ဗုဒ္ဓသာသနာတော်၌ အထက်ပါအတိုင်း ဂိုဏ်းကွဲများ ပေါ်လာခဲ့ကြခြင်းသည် ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ပိဋကသုံးပုံလုံးနှင့်စပ်၍ အယူအဆမတူညီကြခြင်းကြောင့် ကွဲပြားခဲ့ကြခြင်းမဟုတ်ချေ။ ဝိနည်းနှင့်ပတ်သတ်၍သော်လည်းကောင်း၊ သုတ္တ၊ အဘိဓမ္မတို့နှင့် ပတ်သတ်၍သော်လည်းကောင်း အချို့သောအစိတ်အပိုင်းတို့၌ အနက်အဓိပ္ပာယ် အယူအဆ မတူညီကြခြင်းကြောင့် ဂိုဏ်းကွဲခဲ့ကြခြင်းဖြစ်လေသည်။ သို့ရာတွင် အချို့သော ဂိုဏ်းများမှာမူ ဒေသစွဲ ပုဂ္ဂိုလ်စွဲအားဖြင့် ခွဲထွက်ခဲ့ကြခြင်းဖြစ်ဖွယ် ရှိသည်။

အထူးအားဖြင့် မဟာသံဃိကအစရှိသည့် နောက်ပေါ်ဂိုဏ်းတို့သည် ပထမသံဂါယနာ၌ ရှင်မဟာကဿပ အစရှိသော မဇ္ဈိမဂါမြတ်တို့ သတ်မှတ်ပြဋ္ဌာန်း ခဲ့ကြသည့် ပိဋကဆုံးပုံ အစီအစဉ်အချို့ကို ပြုပြင်ပြောင်းလဲပစ်ကြသည်။ နိကာယ်တစ်ခု၌ ပါရှိသော သုတ်ကို အခြားနိကာယ်တစ်ခုသို့ ပြောင်းရွှေ့ထည့်သွင်းကြသည်။ ဝိနယပိဋကနှင့် နိကာယ်ငါးရပ်တို့၌ပါရှိသည့် အချို့သောပါဠိအနက်တို့ကို ဖျက်ဆီးပစ်ကြသည်။ သွယ်ဝိုက်၍ အဓိပ္ပာယ်မှတ်ယူရမည့် ဟောကြားချက်၌ တိုက်ရိုက်အဓိပ္ပာယ်ကောက်ယူကြသည်။ တိုက်ရိုက်အဓိပ္ပာယ်မှတ်ယူရမည့် ဟောကြားချက်၌လည်း သွယ်ဝိုက်သောအနက်အဓိပ္ပါယ်ကို ကောက်ယူရကြသည်။ မူလ ဆိုလို

ချက်နှင့်မလျော်ညီသော အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုကြသည်။ သဒ္ဒါ အရိပ်အယောင်မျှဖြင့် မိမိတို့လိုရာအဓိပ္ပာယ်ကိုဆွဲယူကျင့်သုံးကြသည်။ လေးနက်သော အနက်အဓိပ္ပာယ် ရှိသည့် ဝိနည်းပညတ်ချက် အချို့နှင့် သုတ်အချို့ကို စွန့်ပယ်ပြီး အတုအယောင်ဖြစ်သော သုတ်၊ ဝိနည်း အချို့ကို ဖန်တီးပြုလုပ်ကြသည်။

အထူအားဖြင့် ဝိနယပိဋကမှ ပရိဝါရပါဠိ၊ အဘိဓမ္မပိဋက ဓမ္မသင်္ဂဏီကျမ်းမှ အဋ္ဌကထာကထာတို့ကို ထုတ်ပယ်ခဲ့ကြသည်။ အချို့ကိုကား‌တို့ကမူ အဘိဓမ္မပိဋကတစ်ခုလုံးကိုလည်းကောင်း၊ ခုဒ္ဒကနိကာယ်မှ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ မဟာနိဒ္ဒေသနှင့် စူဠနိဒ္ဒေသ ပါဠိတို့ကိုလည်းဓကာင်း၊ ဇာတကခေါ် ငါးရာ့ ငါးဆယ်ဇာတ်တော်များမှ အချို့သော ဇာတ်တော်တို့ကိုလည်းကောင်း ပယ်ခဲ့ကြ လေသည်။ ထို့ပြင် ရဟန်းတို့၏ အသွင်အပြင် အမူအရာများနှင့် သပိတ်သင်္ကန်း စသော ပရိက္ခာရများကိုလည်း အမျိုးမျိုးအဖုံအဖုံ ပြောင်းလဲပစ်ခဲ့ကြလေသည်။

သီရိလင်္ကာနိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ၂၃၅-နှစ်၌ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အသောကမင်းကြီးတို့ဦးဆောင်၍ ပါဋလိပုတ်ပြည်၌ တတိယသံဂါယနာတင်ခဲ့ကြသည်။ တတိယသံဂါယနာတင်စဉ်မှာပင် အသောကမင်းကြီး၏ သားတော် ရှင်မဟိန္ဒ မထေရ် ဦးဆောင်သော သံဃာ (၅) ပါးကို ယခု သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းသို့ သာသနာပြုစေလွှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ သီဟိုဠ်ကျွန်း၌ ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားခဲ့လေသည်။

ထို့နောက် မကြာမီပင် သီဟိုဠ်သူ အမျိုးသမီးများကို ဘိက္ခုနီပြုလုပ်ပေးရန် အတွက် သမီးတော်သံဃမိတ္တာထေရီကိုလည်း သီရိလင်္ကာသို့စေလွှတ်ခဲ့သည်။ သံဃမိတ္တာသည် ဗုဒ္ဓဂါယာ မဟာဗောဓိပင်မှ ပွားယူအပ်သော ဗောဓိပင်တောင်ကိုင်းကိုလည်း သီရိလင်္ကာသို့ပင့်ဆောင်သွားခဲ့ရာ ထိုဗောဓိပင်မှာ အနုရာဓမြို့၌ ယခုတိုင် ရှင်သန်လျက် ရှိပေသည်။

ရှင်မဟိန္ဒတို့ ရောက်သွားသောအချိန်တွင် သီရိလင်္ကာ၌ ဒေဝါနံပိယတိဿမင်းကြီးအုပ်ချုပ်နေသည်။ ထိုမင်းသည် သာသနာတော်၌ လွန်စွာ သက်ဝင်ကြည်ညိုး၍ ရှင်မဟိန္ဒအမှူးရှိသောသံဃာများ သီတင်းသုံးရန် မဟာဝိဟာရ

ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ နောင်နှစ်ပေါင်း (၁၀၀) ခန့် အကြာတွင် ဒုဋ္ဌဂါမဏိမင်းကြီးက အနုရာဓမြို့၌ မဟာစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။

ထို့နောက် ခရစ်မပေါ်မီ တစ်ရာစုတွင် ဝဋ္ဋဂါမဏိမင်းကြီးက အဘယဂိရိကျောင်းတိုက်ကြီးနှင့် အဘယစေတီတော်ကို တည်ထားသည်။ ခရစ်နှစ် လေးရာစုတွင် မဟာသေနမင်းက ဇေတဝနကျောင်းတိုက်ကြီးနှင့် ဇေတဝနစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့လေသည်။

အဘယဂိရိသံဃာများသည် မူလက မဟာဝိဟာရသံဃာများနှင့် အယူအဆတူမျှကြ၍ တစ်လုံးတစ်စည်းရှိခဲ့ကြသော်လည်း မကြာမီပင် အယူအဆကွဲပြားကိုးကွယ်သီးခြားခွဲထွက်ပြီး မဟာယာနပုဒ္ဓဘာသာဟရားစာပေများကို အလေးထားကာသင်ကြားကြလေသည်။ ဝဋ္ဋဂါမဏိမင်းကလည်း မိမိကိုးကွယ်သော အဘယဂိရိကိုးသားများကိုသာ ဦးစားပေး၍ ကိုးကွယ်ဆည်းကပ်ခဲ့လေသည်။

ထိုအချိန်ကား ဗြာဟ္မဏတိဿ သူပုန်ဘေး၊ ဝတ်မွတ်ခေါင်းပါးခြင်း ဒုဋ္ဌဂါမဏိဘေးများဖြစ်ပေါ်လာ၍ ပြည်ထဲရေးမငြိမ်မသက် ဖြစ်နေသောအခါလည်းဖြစ်၏။ ထို့ကြောင့်သာသနာတော်၏ ရှေ့ရေးကို မျှော်တွေးဆင်ခြင်မိကြသော မဟာဝိဟာရကိုးသား သံဃာများသည် မြို့တော်နှင့်ဝေးရာ အာလောကဝိဟာရ၌ ဘုရားဟောတရားတော်များကို ပေရွက်ပေါ်တွင်အက္ခရာတင်၍ စတုတ္ထသံဂါယနာ တင်ခဲ့ကြသည်။ ထိုစတုတ္ထသံဂါယနာ မတင်မီကမူ တရားတော်များကို ဆရာစဉ်ဆက် အားဖြင့် နှုတ်တက် အာဂုံ ဆောင်၍ သာလျှင် သင်ယူလေ့ကျက်ခဲ့ကြလေသည်။

ယခုအချိန်တွင်မူ သီရိလင်္ကာ၌ မဟာဝိဟာရ၊ အဘယဂိရိ၊ ဇေတဝနဟူသော သံဃဂိုဏ်ကြီးများ ကွယ်ပျောက်ခဲ့သည်မှာ ကြာမြင့်လေပြီ။ သီရိလင်္ကာ၌ ယနေ့ရှိနေသော ဂိုဏ်းများမှာ ရာမညဂိုဏ်း၊ အမရပူရဂိုဏ်းနှင့် သျှာမ်းဂိုဏ်းတို့ဖြစ်၏။

သီရိလင်္ကာ၌ တိုင်းတပါးသားများ ဝင်ရောက်အုပ်ချုပ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်းကြောင့် လည်းကောင်း၊ သာသနာတော်မှေးမှိန် အားနည်းသောအချိန်ကာလများလည်း ရှိခဲ့သည်။ ထိုကဲ့သို့သော အချိန်ကာလများ၌ မြန်မာနှင့်ထိုင်း ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတို့၏

အကူအညီကိုရယူ၍ သာသနာတော်ကို အားဖြည့်ခဲ့ရသည်။ သို့အားဖြင့် ရာမည စသော ဂိုဏ်းများ ပေါ်ပေါက်လာခဲ့လေသည်။

သီရိလင်္ကာ သံဃာတော်များသည် အောက်မြန်မာပြည် ဟံသာဝတီခေတ်တွင် ရာမညသံဃာတော်တို့၏ အကူအညီဖြင့် သာသနာတော်ကို အားဖြည့်ခဲ့ကြရသည်။ သို့အားဖြင့် ရာမညဂိုဏ်းပေါ်ပေါက်လာခဲ့သည်။

ထို့အတူ အထက်မြန်မာနိုင်ငံ အမရပူရခေတ်တွင်လည်း အမရပူရသံဃာတော်များ၏ အကူအညီဖြင့် သီရိလင်္ကာသာသနာကို အားဖြည့်ပေးခဲ့ရဖူး၏။ ထို့ကြောင့် အမရပူရဂိုဏ်း ပေါ်ပေါက်လာခဲ့သည်။

ထိုမှတပါး သီရိလင်္ကာသံဃာတော်များသည် တစ်ခါက ထိုင်းနိုင်ငံမှ သံဃာတို့၏ အကူအညီကိုလည်း ရယူခဲ့ရဖူး၏၊ ထို့ကြောင့် သျှာမ်းဂိုဏ်းဟူ၍ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်၏၊ ရှေးအခါက ထိုင်းနိုင်ငံကို သျှာမ်း (SIAM) ဟုခေါ်တွင်ခဲ့သည်။ ထို့ကြောင့် ထိုင်းနိုင်ငံမှလာသောဂိုဏ်းကို သျှာမ်းဂိုဏ်းဟုခေါ်တွင်ခြင်းဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက ရွှေကျင်ဂိုဏ်း၏ဗဟိုဌာနဖြစ်သော မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့လာရောက်၍ ပညာသင်ယူသော သီဟိုဠ်သား ရဟန်းတော်အချို့ရှိခဲ့သည်။ ထိုရဟန်းတော်များထဲမှ သီရိဓမ္မအမည်ရှိသော ရဟန်းတော်သည် ကိုလမ္ဘိမြို့၌ မဟာဝိသုဒ္ဓါရာမဓမ္မာကျောင်းတိုက်ကို တည်ထောင်၍ သာသနာပြုခဲ့ရာ တပည့်သံဃာအတော်များများ ထွန်းကားခဲ့သည်။ သို့သော် သီရိဓမ္မမထေရ်ပျံလွန်သွားသောအခါ ဆက်ခံသော တပည့်ရဟန်းများ၏အားနည်းမှုကြောင့် ယခုအခါ သီရိလင်္ကာ၌ ရွှေကျင်ဂိုဏ်းမှာ ထင်ရှားခြင်းမရှိလှတော့ချေ။

ရှေးခေတ်က သီဟိုဠ်ကျွန်းသည် ပရိယတ်ရော ပဋိပတ်ပါ လွန်စွာထွန်းကားခဲ့သည်ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရာ ဗဟိုဌာနကြီးဖြစ်ခဲ့၏။ မြန်မာ၊ ထိုင်းလင်း၊ ကမ္ဘောဒီးယားနှင့် လောနိုင်ငံတို့သည် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ စာပေကျမ်းဂန်တို့ကို သီဟိုဠ်ကျွန်းမှရရှိခဲ့ကြခြင်းဖြစ်၏။ အရှင်မဟာဗုဒ္ဓယောသ၊ အရှင်ဓာနန္ဒာ၊ အရှင်ဗုဒ္ဓဒတ်တို့၊ အရှင်ဓမ္မပါလ၊ အရှင်သာရိပုတ္တရာ စသော ကျမ်းတတ်အကျော် ဆရာတော်များသည် အဋ္ဌကထာ၊ ဋီကာ ကျမ်းပေါင်းများစွာတို့ကို ပါဠိဘာသာဖြင့် ရေးသားပြုစုခဲ့ကြရာ ထိုကျမ်းဂန်တို့ကို ထေရဝါဒနိုင်ငံများ၌

ယနေ့တိုင်အောင် လေးလေးစားစား သင်ကြားလေ့လာလျက်ရှိကြပေသည်။

ထိုင်းနိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

ထိုင်းနိုင်ငံ၌ ရှေးဦးစွာနေထိုင်ခဲ့ကြသော လူမျိုးများသည် ထိုင်းလူမျိုးများ မဟုတ်ကြ။ မွန်လူမျိုးများဖြစ်ကြသည်။ ထိုင်းလူမျိုးမှာ တရုတ်ပြည် အနောက်တောင်ပိုင်းမှ ယခုထိုင်းနိုင်ငံဟုခေါ်သောဒေသသို့ ခရစ်နှစ် ၁၁-ရာစုနှင့် ၁၂-ရာစုနှစ် အတွင်း၌ တဖြည်းဖြည်းရွှေ့ပြောင်းဝင်ရောက်လာကြသော လူမျိုးတစ်စုသာ ဖြစ်လေသည်။

ထိုင်းနိုင်ငံ၏ ရှေးဦးလူမျိုးများဖြစ်သော မွန်တို့သည် ယခုခေတ် ဗန်ကောက် မြို့တော်၏ အနောက်ဘက် မိုင် (၃၀) ခန့်ဝေးသော နခုန်ပထုမ်ဒေသ၌ စတင် နေထိုင်ကြပြီး အရှေ့ဘက်နှင့်မြောက်ဘက်အရပ်ဒေသများသို့ တဖြည်းဖြည်း ပျံနှံ့ နေထိုင်ခဲ့ကြသည်။ နခုန်ပထုမ်ဆိုသည်မှာ နဂရ ပထမပင်ဖြစ်၍ ပထမဦးဆုံး တည်ထောင်သောမြို့ဟု ဆိုလိုသည်။ နခုန်ပထုမ်ဒေသည် အသောကမင်းကြီး သာသနာပြုစေလွှတ်ခဲ့သော သုဝဏ္ဏဘူမိအရပ်တွင် ပါဝင်သည်ဟုယူဆကြသည်။ ယင်းအယူအဆအရဆိုသော် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၅၀-ခန့်ကပင် ယင်းဒေသ၌ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိနေပြီဟုဆိုရပေမည်။ သို့သော်လည်း ခိုင်မာသော အထောက်အထားကိုမူ မတွေ့ရသေးချေ။

ထိုဒေသ၌ ရှေးဟောင်းပစ္စည်းများဖြစ်သည့် အိန္ဒိယပြည် ဂုတ္တခေတ် ဘုရားရုပ်ထုများ၊ စဉ့်ထွင်းများ၊ ဓမ္မစကြာပုံတော်များကို တူးဖော်တွေ့ရှိခဲ့ကြရသည်။ ယင်းအထောက်အထားများအရ ခရစ်နှစ် ၁ - ရာစု၊ ၂ - ရာစု လောက်မှာပင် ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိနေပြီဟူ၍ ယူဆရသည်။ ထိုဗုဒ္ဓဘာသာဝင် မွန်လူမျိုးတို့သည် ယခု ထိုင်းနိုင်ငံဟုခေါ်သော ဒွါရာဝတီပြည်၌ ခရစ်နှစ် ၁၁ - ရာစုအထိ ယဉ်ကျေးမှုအဆင့်မြင့်မားသော ဒေသခံလူမျိုးများအဖြစ်ဖြင့် နေထိုင်ခဲ့ကြလေသည်။

ခရစ်နှစ် ၈- ရာစု၌မူ အရှေ့ဘက် ဖူနန်(ကမ္ဘောဇ) နိုင်ငံမှ ခမာလူမျိုးတို့သည် အနောက်ဘက်မွန်တို့နိုင်ငံသို့ တဖြည်းဖြည်းတိုးဝင်ကာ မွန်တို့နှင့် ရောနှော နေထိုင်ခဲ့ကြသည်။ ထိုစဉ်က ခမာတို့သည် မဟာယာန ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏ ဘာသာ (ဟိန္ဒူဘာသာ) ကို ကိုးကွယ်ခဲ့ကြသည်။

ခရစ်နှစ် ၉-ရာစုမှစ၍ ခမာလူမျိုးနှင့် ဓမ္မာယည်ကျေးမှု ပိုမိုအားကောင်းလာကာ မွန်တို့အပေါ် လွှမ်းမိုးကြီးစိုးလာခဲ့သဖြင့် ခရစ်နှစ် ၁၁-ရာစု နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၌ မွန်ယည်ကျေးမှု တဖြည်းဖြည်းတိမ်ကောလာပြီး မွန်တို့သည်လည်း အနောက်ဘက်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြလေသည်။

ခမာ (ကမ္ဘောဇ) လူမျိုးတို့သည် ခရစ်နှစ် ၁၁-ရာစုမှ ၁၃-ရာစုနှစ် ရှေ့ပိုင်းအထိ ပိုမို၍ အင်းအားကြီးမား တန်ခိုးထွားလာခဲ့ရာ ယခုထိုင်းနိုင်ငံ၏ မြောက်ပိုင်းနှင့် အလယ်ပိုင်းအထိ အုပ်စိုးခဲ့ကြသည်။ တရုတ်ပြည်အနောဏ်တောင်းပိုင်းမှ တောင်ဘက်သို့ တဖြည်းဖြည်းဆင်းလာကြသော ထိုင်းလူမျိုးတို့သည် ခရစ်နှစ် ၁၁-ရာစုတွင် ကမ္ဘောဇနိုင်ငံသို့ ရောက်လာကြပြီး ခမာတို့၏ အုပ်စိုးမှုအောက်၌ နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ထိုင်းတို့သည် အနုပ်စိုးသူခမာတို့ကိုးကွယ်သော မဟာယာနဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာတို့ကိုပင် ကိုးကွယ်ခဲ့ကြသည်။ ခမာတို့တန်ခိုးထွားနေသောခေတ်ဖြစ်၍ ခမာတို့၏ မဟာယာနဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့သည် ထိုင်းလူမျိုးတို့၏ ဘာသာစကား၊ စာပေယည်ကျေးမှုပေါ်သို့ အင်အားကြီးမားစွာ လွှမ်းမိုးခဲ့သဖြင့် ယခုတိုင် ထိုင်းတို့၏ဓလေ့ထုံးစံနှင့် ပွဲလမ်းသဘင်အခမ်းအနားတို့၌ မဟာယာနနှင့် ဟိန္ဒူဘာသာအရိပ်အငွေ့များကို တွေ့ရှိနေရသည်။

ခရစ်နှစ် ၁၃-ရာစုအလယ်ပိုင်းတွင် ထိုင်းတို့သည် တဖြည်းဖြည်းအင်အားစုဆောင်း၍ ခမာတို့ကို တိုက်ထုတ်လိုက်ကြပြီး မြောက်ပိုင်း၌ လန်နာ (Lanna) နိုင်ငံကိုလည်းကောင်း၊ အလယ်ပိုင်း၌ ဆူခေါထိုင်း (sukhothai) နိုင်ငံကိုလည်းကောင်း တည်ထောင်လိုက်ကြသည်။ ဤလန်နာနှင့် ဆူခေါထိုင်း နှစ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ အစဖြစ်၏။ ထိုအချိန်မှစ၍ ထိုင်းနိုင်ငံဟု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေသည်။

ထိုင်းလူမျိုးတို့သည် ခမာတို့၏လက်အောက်ခံဘဝ၌မူ ခရစ်နှစ် ၁၂-ရာစု၌ ပုဂံပြည်မှ ထေရဝါဒ ဗုဒ္ဓဘာသာကို တစ်စ တစ်စ လက်ခံကျင့်သုံးခဲ့ကြသည့်လန်နာနှင့် ဆူခေါထိုင်းနှစ်နိုင်ငံကို တည်ထောင်ပြီးသည့်အချိန်တွင်မူ သဒ္ဓါတရားပြည့်ဝ၍ ဘုန်းတန်ခိုးရှိသော ထိုင်းဘုရင်တို့သည် သီရိလင်္ကာသို့ ရဟန်းတော်များကို စေလွှတ်၍ ပညာသင်ယူစေခြင်း၊ သီရိလင်္ကာမှ ပညာတတ် ဆရာတော်များကို ထိုင်းနိုင်ငံသို့ ပင့်ဆောင်ခြင်း စသည်ဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြရာ ခမာတို့လက်အောက်ခံဘဝ၌ ကိုးကွယ်ခဲ့သော မဟာယာနနှင့်

ဗြာဟ္မဏဘာသာတို့ တဖြည်းဖြည်း အားသေးမှေးမှိန်ကာ ကွယ်ပျောက်သွားခဲ့ကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာသည်သာလျှင် ယခုအချိန်အထိ စည်ပင်ပြန့်ပွားထွန်းကားခဲ့ရာ နိုင်ငံတော်ဘာသာအဖြစ်သို့ပင် ရောက်ရှိနေပေသည်။

ခရစ်နှစ် ၁၉-ရာစု အလယ်ပိုင်း၌ ထိုင်းနိုင်ငံကိုအုပ်စိုးသော ပဉ္စမရာမမင်းဆက်ဖြစ်သည့် မောင်းကွတ် (Mongkut) ဘုရင်သည် ဘုန်းတန်ခိုးကြီးမား၍ ဘာသာတရားကိုလည်း အလွန်ကြည်ညိုကိုင်းရှိုင်းသည်။ ကိုယ်တော်တိုင် (၂၇) နှစ်တိုင်တိုင် မွန်ဆရာတော်ကြီးထံ ရဟန်းဝတ်ဖြင့်နေပြီးမှ မင်းပြုခဲ့သည်။ သာသနာတော်သန့်ရှင်းစေရန်နှင့် ဝိနည်းစည်းမျဉ်း တင်းတင်းကြပ်ကြပ် လိုက်နာကျင့်ကြံစေရန် ရည်သန်၍ ထမယုတ်ဟု ခေါ်သော ဓမ္မယုတ္တိကိုဏ်းကို စတင်တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ ထိုင်းနိုင်ငံ ဗုဒ္ဓသာသနာတော်၌ မဟာနိကိုင် (မဟာနိကာယကိုဏ်း)၊ ထမယုတ်ကိုဏ်းဟူ၍ သံဃာကိုဏ်း (၂) ကိုဏ်းဖြစ်ပေါ်လာလေသည်။

ကမ္ဗောဒီးယားနိုင်ငံ၌ ဗုဒ္ဓသာသနာစတင်ပြန့်ပွားပုံ

အင်ဒိုချိုင်းနားကျွန်းဆွယ်သည် ခရစ်နှစ်အစပိုင်းလောက် ကတည်းကပင် အိန္ဒိယကုန်သည်များ ကူးသန်းသွားလာရာဒေသဖြစ်ခဲ့သည်။ အိန္ဒိယကုန်သည်တို့သည် ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုပါ ယူဆောင် လာခဲ့ကြရာ ရှေးက "ဖူနန်"ဟုခေါ်ခဲ့သော ကမ္ဗောဒီးယား(ကမ်ပူးချား)နိုင်ငံသည် စောစီးစွာပင် ဟိန္ဒူဘာသာ၊ ဟိန္ဒူယဉ်ကျေးမှုပြန့်နှံ့ရာ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့လေသည်။

ခရစ်နှစ် ၄-ရာစုတွင် ကမ္ဗောဒီးယား၌ အုပ်စိုးသော ခမာဘုရင်တို့သည် ဟိန္ဒူဘာသာဝင်များဖြစ်လာကြသည်။ သဗ္ဗတ္ထိဝါဒကိုဏ်း ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူ အနည်းအပါးရှိခဲ့ကြကြောင်းလည်း သိရှိရသည်။ တရုတ်သမိုင်းနှင့် သက္ကတဘာသာ ကျောက်စာများ အဆိုအရ ၅-ရာစုနှစ်၌ ဟိန္ဒူဘာသာနှင့်အတူ မဟာယာန ဗုဒ္ဓဘာသာလည်း ပြန့်နှံ့ခဲ့ကြောင်း သိရှိရလေသည်။

သီဝနတ်ဘုရားကို ကိုးကွယ်သော ဟိန္ဒူဗြာဟ္မဏ ယဉ်ကျေးမှုသည် ခရစ်၆-ရာစုမှ ၁၀-ရာစုအထိ ကမ္ဗောဒီးယား၌ အင်အားကြီးမားစွာ စည်ပင်ပြန့်ပွားထွန်းကားခဲ့သည်။ ၉-ရာစု ဟိန္ဒူဝါဒီ ခမာတုရင်များသည် ကြီးမားခန့်ညားသော ဟိန္ဒူဘုရားကျောင်းများကို တည်ဆောက်ခဲ့ကြသည်။ ကမ္ဘာကျော် အန်ကောဝပ်

ကျောင်းကြီးမှာ ထိုခေတ်၌တည်ဆောက်ခဲ့သည့် သီဝနတ်ဘုရားကျောင်းကြီး ဖြစ်လေသည်။ ၁၃-ရာစုနှစ်တွင် ခမာတို့ ဟိန္ဒူဘာသာကိုစွန့်၍ ထေရဝါဒဗုဒ္ဓဘာသာကို ပြောင်းလဲကိုးကွယ်သောအခါကျမှသာလျှင် ဗုဒ္ဓဆင်းတုတော်များကိန်းဝပ်ရာ ဗုဒ္ဓဘာသာဘုရားကျောင်းတော်ကြီးဖြစ်လာခဲ့လေသည်။

ထိုခေတ်၌ ခမာတို့သည် ဟိန္ဒူဘာသာကို ပဓာနထား၍ ကိုးကွယ်ကြသော်လည်း မဟာယာန ဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်ထောက်ပံ့ခဲ့ကြသည်၊ မဟာယာန ဗုဒ္ဓဘာသာသည် ဘုရင်တို့၏ ပူဇော်ထောက်ပံ့မှုကို အထိုက်အလျောက် ရရှိလေသည်။

ခရစ်နှစ် ၁၁-ရာစု၌ အချို့သောဘုရင်များသည် ဗုဒ္ဓဘာသာကို ပို၍ ကြည်ညို လာကြပြီး ဗုဒ္ဓဘာသာတိုးတက်ရေးကို အလေးပေးဆောင်ရွက်လာကြသည်။ သို့သော် ထိုအချိန်၌ရှိသော ဗုဒ္ဓဘာသာမှာ မဟာယာနဗုဒ္ဓဘာသာ သာလျှင်ဖြစ်၏။ အချို့သော ဘုရင်များမှာမူ ဘာသာနှစ်ခုလုံးကို ရောနှောကိုးကွယ်နေခဲ့ကြသည်။ ခရစ်နှစ် ၁၂-ရာစု၌မူ မြန်မာပြည်မှ ရဟန်းတော်တစ်ပါးသည် ကမ္ဘောဒီးယားသို့ကြွရောက်၍ ထေရဝါဒဗုဒ္ဓဘာသာတရားတော်ကို ဟောပြောဖြန့်ဖြူးခဲ့သည်။ ခမာဘုရင်တို့ များစွာနှစ်ခြိုက်ကြည်ညိုကြ၍ ထေရဝါဒဗုဒ္ဓဘာသာကို အားပေးကူညီ ထောက်ပံ့ လာကြသည်။ ထိုအချိန်မှစ၍ တဖြည်းဖြည်း ထေရဝါဒ ဗုဒ္ဓဘာသာ ယုံကြည် ကိုးကွယ်သူများပြားလာကာ ၁၃-ရာစုနှစ်အကုန်လောက်တွင် ဟိန္ဒူ ဘာသာနှင့် မဟာယာန ဗုဒ္ဓဘာသာတို့ ကွယ်ပျောက်သွားကြလေသည်။ ထိုအချိန် မှစ၍ ယနေ့အထိ ထေရဝါဒဗုဒ္ဓဘာသာသည်သာလျှင် ကမ္ဘောဒီးယား၌ စည်ပင် ပြန့်ပွားထွန်းကားလျက်ရှိလေသည်။

ခရစ်နှစ် ၁၄-ရာစုမှစ၍ သီရိလင်္ကာဗုဒ္ဓဘာသာနှင့် ကမ္ဘောဒီးယားတို့ ဆက်သွယ်မိကြသောအခါ ကမ္ဘောဒီးယား၌ ထေရဝါဒဘာသာ ရောင်ရှိန်ထွန်းပြောင် လာသည်။ ထိုင်း ဗုဒ္ဓဘာသာ၏ ဩဇာအရှိန်အဝါလည်း ကမ္ဘောဒီးယား၌ အမြဲတစေ ပြန့်နှံ့လျက်ရှိနေခဲ့လေသည်။

လောနိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

လောနိုင်ငံသည် ခရစ်နှစ် ၁၄-ရာစုကျမှ သီးခြားနိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ လောနိုင်ငံဖြစ်ပေါ်လာရေးအတွက် ခမာတို့က

ကူညီခဲ့ကြသည်။ ထေရဝါဒဗုဒ္ဓဘာသာကိုလည်း ခမာတို့ကပင် လောနှိုင်ငံ အာတွင်းသို့ သွင်းယူ ဖြန့်ဖြူးခဲ့ကြသည်။ လောနိုင်ငံအဖြစ် မပေါ်ပေါက်မီကမူ ထိုဒေသ၌ မဟာယာနဗုဒ္ဓဘာသာလည်း တည်ရှိခဲ့ဖူးလေသည်။

နောက်ပိုင်း ဘုရင်များသည် ထေရဝါဒ ဗုဒ္ဓဘာသာကို ကာကွယ်စောင့်ရှောက် ထောက်ပံ့ခဲ့ကြသည်။ ၁၄-ရာစုနှစ်မှာပင် ထေရဝါဒဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ကြေငြာခဲ့ကြသည်။ ထို့အချိန်မှစ၍ ကွန်မြူနစ်များစတင် အုပ်စိုးသည့်အချိန်အထိ လောနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာစည်ပင်ပြန့်ပွား ထွန်းကားလာခဲ့သည်။ ခမာနှင့်ထိုင်း ဗုဒ္ဓဘာသာအရှိန်အဝါသည်လည်း လောနိုင်ငံ ဗုဒ္ဓဘာသာပေါ်သို့ အမြဲတစေ အရိပ်ထိုးနေခဲ့သည်။ လော၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့သည် ထေရဝါဒဗုဒ္ဓဘာသာတိုးတက်ရေးအတွက် ကူညီသော လမ်းကြောင်းပေါ်၌ လျှောက်လှမ်းခဲ့သော နိုင်ငံများဖြစ်လေသည်။

အာရှအလယ်ပိုင်း၌ ဗုဒ္ဓသာသနာ စတင် ပြန့်ပွားပုံ

အာရှအလယ်ပိုင်း၌ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိရာနိုင်ငံမှာ ခိုတန် နိုင်ငံဖြစ်သည်။ ရှေးခေတ်က ခိုတန်နိုင်ငံဆိုသည်မှာ တရုတ်ပြည်အနောက်မြောက်စွန်း ယခုခေတ် တာကစ္စတန်အနီး၌ တည်ရှိခဲ့၏။ ခိုတန်နိုင်ငံမှတစ်ဆင့် အနီးဖြစ်သော ကူချ (Kucha)၊ ဘရုက၊ အဂ္ဂနိဗေသ၊ တာဖန် (Turfan)နှင့် တရုတ်ပြည်သို့ ဗုဒ္ဓသာသနာတော် စတင်ပြန့်နှံ့ခဲ့သည်။ ထိုမှတစ်ဆင့် ကိုရီးယားနှင့် ဂျပန်နိုင်ငံ သို့လည်း ဗုဒ္ဓသာသနာ ပြန့်နှံ့ခဲ့လေရာ ခိုတန်သည် ကမ္ဘာ့အရှေ့ဖျားသို့ ဗုဒ္ဓသာသနာ ပြန့်နှံ့မှုနှင့်ပတ်သက်၍ အရေးပါသော နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း (၂၅၀) ခန့်တွင် အိန္ဒိယနိုင်ငံမှ ဝိဇယသမ္ဘဝမင်းသည် အာရှအလယ်ပိုင်း ခိုတန်နိုင်ငံသို့ ဗုဒ္ဓသာသနာတော်ကို ယူဆောင်ခဲ့ကြောင်း ခိုတန်တို့၏ ရှေးဟောင်းအမှတ်သားများရှိခဲ့သည်။ ထို့အချိန် လောက်မှာပင် အိန္ဒိယမှ ကျမ်းဂန်တတ်ကျွမ်းသော အာစရိယဝေဇောစန အမည် ရှိသော ဘုန်းတော်ကြီးသည် ခိုတန်နိုင်ငံသို့ ကြွရောက်သာသနာပြုလေရာ ဘုရင်၏ ကြည်ညိုမှုကိုရရှိ၍ သာသနာတော် စည်ပင်ပြန့်ပွားခဲ့သည်။ ထို့ကြောင့် ခရစ်တော် မပေါ်မီ ၂၁၁-နှစ်ကပင် ခိုတန်၌ ပထမဆုံး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း စတင်ပေါ်ပေါက်ခဲ့လေသည်။

ထိုအခါနန်းမှစ၍ ခရစ်နှစ် ၈-ရာစုအထိ ဒိုတန်နိုင်ငံ၌ ဆာသနာတော်အဆက်မပြတ် စည်ပင်ပြန့်ပွားထွန်းကားခဲ့ကြောင်းကို တရုတ်ခရီးသည် ရဟန်းတော် ရှင်ဖါဟီယန်နှင့် ရှင်ကျန်တို့က သူတို့မှတ်တမ်းများ၌ ဖေါ်ပြခဲ့ကြသည်။

ဒိုတန်နိုင်ငံ၌ ဘုရား တန်ဆောင်း ကျောင်းကန်စသော သာသနာ့ အဆောက်အအုံလေးထောင်ကျော်တွေ့ရှိခဲ့ကြောင်း ရှင်ကျန်၏မှတ်တမ်း၌ ဖေါ်ပြထားလေသည်။

တရုတ်ပြည်၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

ဗုဒ္ဓသာသနာတော်မရောက်မီက တရုတ်ပြည်၌ တာအိုနှင့် ကွန်ဖြူးရှပ် အယူဝါဒများကို ယုံကြည်သက်ဝင်ခဲ့ကြသည်။ သို့သော် ထိုအယူဝါဒနှစ်ခုလုံးမှာ လူတို့၏နေနည်း ထိုင်နည်း လူ့ကျင့်ဝတ်များသာဖြစ်၍ ဘာသာတရားတစ်ခု၏ သဘောလက္ခဏာများ မရှိကြချေ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း (၄၀၀) ခန့် (ခရစ်မပေါ်မီ နှစ်တစ်ရာခန့်) တွင်မှ အာရှအလယ်ပိုင်း ဒိုတန်၊ ကူချစသောဒေသများမှ ပိုးလမ်းမကြီး (Silkroute) အတိုင်း လာရောက်ကြသော ကုန်သည်များနှင့် ရဟန်းတော်များ ယူဆောင်လာကြသဖြင့် တရုတ်ပြည်သို့ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိ လာသည်။

သာသနာတော် နှစ် (၆၀၀) ခန့်၌မူ ဟန်မင်းဆက်ဘုရင်များသည် အိန္ဒိယနိုင်ငံမှ ရဟန်းတော်များကို တရုတ်ပြည်သို့ပင့်ဆောင်၍ သာသနာပြုစေကြသည်။ ထိုရဟန်းတော်များသည် မဟာယာနဗုဒ္ဓဘာသာကျမ်း အမြောက်အမြားကို ယူဆောင်လာပြီး တရုတ်ဘာသာသို့ပြန်ဆိုကြသည်။ ထိုရဟန်းတော်များထဲမှ ကဿပမာတင်် မထေရ်နှင့် ကုမာရဇီဝ မထေရ်တို့မှာ အထင်ရှားဆုံးဥာဏ်ရှင်များ ဖြစ်ကြလေသည်။

သာသနာတော် နှစ် (၆၀၀) ခန့်၌ ဟန်ဘုရင်များသည် အိန္ဒိယနိုင်ငံမှ ရဟန်းတော်များကို တရုတ်ပြည်သို့ပင့်ဆောင်၍ သာသနာပြုစေကြသည်။ ထိုရဟန်းတော်များထဲမှ ကဿပမာတင်် မထေရ်နှင့် ကုမာရဇီဝ မထေရ်တို့မှာ အထင်ရှားဆုံးဥာဏ်ရှင်များ ဖြစ်ကြလေသည်။

သာသနာတော် နှစ် ၉-ရာစုမှ ၁၂-ရာစုအတွင်း၌ တရုတ်ရဟန်းတော်များလည်း အိန္ဒိယနိုင်ငံသို့သွားရောက်၍ စာပေကျမ်းဂန်များ သင်ကြား လေ့လာပြီး မဟာယာနကျမ်းစာအမြောက်အမြားကို ယူဆောင်လာကာ ဘာသာပြန်ခဲ့ကြသည်။ ထိုရဟန်းတော်များထဲမှ ရဟန်းတော် ဖါဟီယန်၊ ရှွင်ကျန်နှင့်၊ အိကျင်တို့သည် ခရီးသွားမှတ်တမ်းများကိုလည်း စေ့စေ့စပ်စပ်ရေးသားခဲ့ကြသဖြင့် နောင်းခေတ် ဗုဒ္ဓဘာသာလေ့လာသူများအတွက် လွန်စွာအကျိုးကျေးဇူး များပြားခဲ့ပါသည်။

သာသနာတော်နှစ် ၁၁-ရာစုတွင် အိန္ဒိယရဟန်းတော် ဗောဓိဓမ္မ တရုတ်ပြည်သို့ ကြွရောက်ပြီး စျင်ဂိုဏ်းကိုတည်ထောင်ခဲ့သည်၊ ယခုအခါ ထိုစျင်ဂိုဏ်းသည် တရုတ်ပြည်၌ ကွယ်ပျောက်၍ ဂျပန်နှင့် ကိုရီးယားနိုင်ငံများ၌ ထွန်းကားလျက်ရှိသည်။ ဥရောပနှင့် အမေရိကတိုက်နိုင်ငံများ၌လည်း ပြန့်နှံ့လျက်ရှိလေသည်။

စျင်ဂိုဏ်းနှင့် အလားတူ တရုတ်ပြည်ဖြစ် အခြားဂိုဏ်းတစ်ဂိုဏ်းလည်း ရှိသေး၏။ ထိုဂိုဏ်းမှာ သာသနာတော် နှစ် ၁၂၀၀-ခန့်က ပေါ်ထွန်းလာသော သုခဝတီဗျူဟာဂိုဏ်းဖြစ်၏။

ဗုဒ္ဓဘာသာသည် တရုတ်ပြည်၌ အကြပ်အတည်း အခက်အခဲများကြားမှ ပြန့်ပွားခဲ့ရခြင်းဖြစ်၏။ ကွန်ဖြူးရှပ်အယူဝါဒသည် မင်းဆွေမင်းမျိုးတို့ ကိုးကွယ်သော အယူဝါဒဖြစ်ခဲ့လေရာ ဗုဒ္ဓဘာသာတဖြည်းဖြည်း တိုးတက်ကြီးပွားလာသည်ကို မနှစ်မြို့နိုင်သော ဘုရင်နှင့်မှူးကြီး မတ်ကြီးတို့က အကြောင်းအမျိုးမျိုးရှာ၍ ဗုဒ္ဓဘာသာကို နှိပ်ကွပ်ဖျက်ဆီးခဲ့သော အခိုန်အခါများလည်း ရှိခဲ့သည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်များဘက်က ပဓိယတ် ပဋိပတ်အလုပ် အားမထုတ်ဘဲ အကျင့်သိက္ခာ ချွတ်ယွင်းပျက်ပြားကြသဖြင့် နှိပ်နင်းခြင်းခံကြရသည့် အခိုန်အခါများလည်း ရှိခဲ့လေသည်။

သို့သော်လည်း အခိုန်ကာလကြာမြင့်လာသည်နှင့်အမျှ ဗုဒ္ဓဘာသာ အားကောင်းလာသဖြင့် ယခုအခိုန်တွင် တာအိုနှင့် ကွန်ဖြူးရှပ်ဝါဒတို့ထက် ပို၍ စည်ပင်ထွန်းကားလျက်ရှိပေသည်။

ကွယ်လွန်သူ ဘိုးဘွား စဉ်ဆက်တို့ကို ပူဇော်ကန်တော့သော (Ancester Worshiip) အယူဝါဒမှာလည်း ယနေ့တိုင်ထွန်းကားလျက်ရှိလေသည်။

ကိုရီးယား၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

ခရစ်နှစ် ၄-ရာစု၌ ကိုရီးယားနိုင်ငံသို့ တရုတ်ပြည်အရှေ့ ချင်မင်းဆက်မှ တစ်ဆင့် မဟာယာန ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာသည်။ ဗုဒ္ဓဘာသာမရောက်မီကမူ အများအားဖြင့် နတ်ကို ကိုးကွယ်ခဲ့ကြသည်။ ကွန်ဖြူးရှပ်နှင့် တာအို ကိုးကွယ်မှုလည်း အနည်းငယ်ရှိခဲ့ကြသည်။

ကိုရီးယားကျွန်းဆွယ်၌ ဗုဒ္ဓဘာသာမရောက်မီက ကိုဂုရယို၊ ပက်ချို၊ ဆီလွှေဟုခေါ်သော နိုင်ငံကလေး သုံးနိုင်ငံရှိခဲ့သည်။ ထိုသုံး နိုင်ငံအနက် ကိုဂုရယိုသို့

ခရစ်နှစ် ၃၇၂-ခုနှစ်တွင် ဗုဒ္ဓဘာသာစတင်ရောက်ရှိခဲ့သည်။ တရုတ်ပြည် ချင်မင်းဆက်မှ ဖူချီအင်ဘုရင် စေလွှတ်လိုက်သော သာသနာပြုအဖွဲ့ ခေါင်းဆောင် မဟာယာနဘုန်းတော်ကြီး ဆွန်ဒိုက ယူဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

ထိုနောက် ၁၂-နှစ် အကြာတွင် ပက်ချီသို့လည်းကောင်း၊ နှစ် ၃၀-အကြာတွင် ဆိလွှသို့လည်းကောင်း ဗုဒ္ဓဘာသာ စတင်ရောက်ရှိခဲ့ကြသည်။

ထိုရိုးယားလူမျိုးများသည် ဗုဒ္ဓဘာသာကို လွယ်လွယ်ကူကူဖြင့်ပင် လက်ခံခဲ့ကြသည်။ အထူးအားဖြင့် မင်းဆွေမင်းမျိုးများနှင့် ပညာတတ် အသိုင်းအဝိုင်းများက ဝိုင်၍နှစ်ခြိုက်စွာ ကိုးကွယ်ခဲ့ကြသည်။ ထိုအချိန်တွင် ကိုရိုးယားလူမျိုးများ မူလက ကိုးကွယ်ခဲ့သော ဘာသာတရားမှာ ဘာမျှအခြေအမြစ်မရှိသော်ကြောင့်လည်းကောင်း အချင်းချင်း အမြဲလိုလို တိုက်ခိုက်နေရသဖြင့် ကိုးကွယ်မှုလမ်းစဉ်ပျောက်သလောက်ဖြစ်နေသောကြောင့်လည်းကောင်း၊ ကိုရိုးယားတို့ အထင်းကြီးထားသည့် တရုတ်ပြည်ကြီးမှလာသော ဗုဒ္ဓဘာသာမှာ အခြေခံခိုင်မာ၍ အဆင့်မြင့်သော တရုတ်ယဉ်ကျေးမှုသဘောလက္ခဏာများ ပါဝင်နေသောကြောင့်လည်းကောင်း၊ ဗုဒ္ဓဘာသာကို ကိုရိုးယားတို့က လွယ်ကူစွာ ယုံကြည်ကိုးကွယ်ခဲ့ကြခြင်းဖြစ်ပေသည်။

ထို့ကြောင့်ပင် ကိုရိုးယားနိုင်ငံသို့ ဗုဒ္ဓဘာသာရောက်ရှိလာပြီး နှစ်ပေါင်း (၁၅၀) အကြာ ဆိလွှနိုင်ငံ၌ ဗုဒ္ဓဘာသာကို လက်ခံယုံကြည်၍ နှစ်ပေါင်း (၁၀၀) ခရစ်နှစ် (၅၂၇) ခုနှစ်တွင် ဗုဒ္ဓဘာသာကို ဆိလွှနိုင်ငံ၏ နိုင်ငံတော်ဘာသာအဖြစ် ဘုရင် ပို့ဟွန်က ကြေငြာခဲ့သည်။ အချို့သော မှူးမတ်များနှင့် နန်းတွင်းသူနန်းတွင်းသားများက ဘုရင်သည် သူ၏သြဇာအာဏာကျယ်ပြန့်ရေးနှင့် ဗဟိုကထိန်းချုပ်သော အုပ်ချုပ်ရေး ပိုမိုခိုင်မာလာစေရန်အတွက် နိုင်ငံတော်ဘာသာအဖြစ် ကြေငြာခြင်းဖြစ်သည်ဟု ယူဆကာ မကျေမနပ်ဖြစ်ခဲ့ကြသည်။

ခရစ်နှစ် ၆၆၀-ခုနှစ်၌ တရုတ်ပြည်နှင့် ဆိလွှနိုင်ငံတို့ မဟာမိတ်စာချုပ် ချုပ်ဆိုကြသည်။ မကြာမီပင် ဆိလွှဘုရင်သည် တရုတ်တို့၏ အကူအညီဖြင့် ကိုဂုရယိုနှင့် ပက်ချီနိုင်ငံတို့ကို တိုက်ခိုက်သိမ်းယူပြီး ခရစ်နှစ် (၆၆၈)ခုနှစ်၌ ကိုရိုးယားသုံးနိုင်ငံပေါင်းစည်းရေးကို အကောင်အထည်ဖော်ခဲ့သည်။ ထိုသို့ သုံးနိုင်ငံကို တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းနိုင်ခြင်းမှာ ဗုဒ္ဓဘာသာ၏ စွမ်းအားကြောင့် ဖြစ်ကြောင်း ဆိလွှနိုင်ငံသားတို့က ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် သုံးနိုင်ငံပေါင်းစည်းရေး အထိမ်းအမှတ်အဖြစ်ဖြင့် ခရစ်နှစ် (၇၇၆) ခုနှစ်တွင် နယ်ချဲ့တောင်ပေါ်ရှိ

ပို့ကျွန်းကျောင်းတိုက်အတွင်း၌ ဉာဏ်တော် (၃၃) မီတာရှိသော အရိမေတ္တေယျ မတ်ရပ်ဘုရားလောင်း ရုပ်ထုကြီးကို ထုလုပ် ကိုးကွယ်ခဲ့ကြလေသည်။

ခရစ်နှစ် ၆၆၈- မှ ၉၃၅-ခုနှစ်အထိ ကိုးရိယားနိုင်ငံ၌ ဆိလွှမင်းဆက်များ အုပ်စိုးခဲ့ကြပြီး ဗုဒ္ဓသာသနာ အထွန်းကားဆုံးဖြစ်ခဲ့သည်။ သို့ဖြစ်၍ ဤအချိန်ကာလကို ကိုရိုးယား ဗုဒ္ဓဘာသာအရွှေခေတ် ဟု ခေါ်ဆိုကြလေသည်။

ဤခေတ်၌ ကိုရိုးယားနိုင်ငံတွင် ကြီးကျယ်ခမ်းနားသော ကျောင်းကန်ဘုရားများကို ဆောက်လုပ်တည်ထားခဲ့ကြသည်။ ကြည်ညိုဖွယ်ရာ သပ္ပာယ်တင့်တယ်သော အရိမေတ္တေယျ ဘုရားလောင်း၊ အဝလောကိတေသွာရ ဘုရားလောင်း ရုပ်ထုကြီးများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ကိုရိုးယားဘုန်းတော်ကြီးများသည်လည်း တရုတ်ပြည်၊ အိန္ဒိယပြည်သို့ သွားရောက်၍ ပညာသင်ယူကြပြီး အပြန်တွင် မဟာယာန ကျမ်းစာများကို ယူဆောင်ခဲ့ကြသည်။ ထို့ပြင် တရုတ်ပြည်မှ ဝိနယကိုက်း၊ နိဒ္ဒာနကိုက်း၊ ဓမ္မသင်္ဂဟဝဝကိုက်း၊ အဝတံသကကိုက်း၊ ယောဂါစာရကိုက်းစသော သုတ္တန်ကိုက်းများကိုလည်း ကိုရိုးယားနိုင်ငံသို့ ယူဆောင်လာခဲ့ကြသည်။ ထို သုတ္တန်ကိုက်းများကို ကျို (Kyo) ဂိုက်းများ ဟု ခေါ်ကြလေသည်။

ခရစ်နှစ် ၈၂၅-ခုနှစ်တွင် တရုတ်ပြည်မှ ပညာသင်၍ ပြန်လာသော ကိုရိုးယားဘုန်းကြီး တိုအိက ကိုရိုးယား၌ စျင်ဂိုက်းကို စတင်တည်ထောင်ခဲ့သည်။ စျင်ဂိုက်း၏ အယူဝါဒမှာ ဘာမျှမလုပ်ဘဲ သူ့အလိုလို ရုတ်တရက် ဉာဏ်အလင်းရခြင်း ဖြစ်လေရာ တရားကျမ်းဂန်များကို အလေးထားသော ကျို့ဂိုက်းနှင့် ထိပ်တိုက်တိုးလေသည်။ သို့သော် ထိုစျင်ဂိုက်းမှာလည်း တဖြည်းဖြည်း ပြန့်ပွားလာပြီး တောင်ကိုးလုံးပေါ်၌ ရှိသော စျင်ကျောင်းကိုးကျောင်းကို အစွဲပြု၍ တောင်ကိုးလုံး စျင်ဂိုက်း ဟူသော ဝေါဟာရ ပေါ်ပေါက်လာလေသည်။

စျင်ဂိုက်းကို ကိုရိုးယား ဘာသာအားဖြင့် ဆုန် (SON) ဂိုက်းဟု ခေါ်ဝေါ်ကြရာ ထိုအချိန်မှစ၍ ဆုန်ဂိုက်းနှင့် ကျို့ဂိုက်းတို့ အကြီးအကျယ် ပဋိပက္ခဖြစ်ခဲ့ကြလေသည်။

ခရစ်နှစ် ၁၄-ရာစု နောက်ပိုင်းမှစ၍ ကိုရိုးယားနိုင်ငံကို အုပ်ချုပ်သော ဘုရင်တို့သည် ဗုဒ္ဓဘာသာကို အားမပေးဘဲ နှိပ်ကွပ်ခဲ့ကြသည်။ သို့သော် ၁၆-ရာစု အလယ်ပိုင်းသို့ရောက်သောအခါ မွန်ဂျုန်ဘုရင်မကြီးက အားပေးချီးမြှောက်သဖြင့် ဗုဒ္ဓသာသနာတော် ပြန်လည် ရှင်သန်လာပြန်လေသည်။

၁၆ - ရာစု နောက်ပိုင်းမှ စ၍ ကျဝန်နိုင်ငံက ကိုရီးယားအား အကြိမ်များစွာ တိုက်ခိုက် သိမ်းပိုက်မှု ပြုခဲ့သည်။ ထိုအချိန်မှစ၍ ကိုရီးယား၌ ဂျပန် ဗုဒ္ဓဘာသာ တဖြည်းဖြည်း လွှမ်းမိုးလာခဲ့သည်။ ထိုအခါ ကိုရီးယား ဗုဒ္ဓဘာသာဝင်များက မိမိတို့ ဘာသာ၏ သဘောလက္ခဏာများကို ထိန်းသိမ်းထားနိုင်ရန်အတွက် ပို၍ စည်းရုံးမှု ပြုလာကြသည်။

သို့အားဖြင့် ယခင်က ပဋိပက္ခဖြစ်နေခဲ့ကြသည့် ဆုန် (စွင်) ဂိုဏ်းနှင့် ကျို (သုတ္တန်) ဂိုဏ်းတို့သည် ၁၉၃၅-ခုနှစ်တွင် ချိုင်ဝါ ဟူသော အမည်ဖြင့် တစ်ဂိုဏ်းတည်း အဖြစ်သို့ ပေါင်းစည်းမိခဲ့ကြလေသည်။

ကိုရီးယားနိုင်ငံ ဂျပန်လက်အောက်သို့ ကျရောက်နေစဉ် အချိန်က ဂျပန် အာဏာပိုင်တို့သည် ကိုရီးယားဘုန်းကြီးများကို ဂျပန်ဘုန်းကြီးများနည်းတူ အိမ်ထောင်ပြုစေခဲ့ကြသည်။ ဂျပန်လက်အောက်မှ လွတ်မြောက်သည့် ၁၉၄၅-ခုနှစ်၌ ကိုရီးယား ဘုန်းကြီးများကို စာရင်းကောက်သောအခါ ဘုန်းကြီး (၇၀၀၀) ခန့် ရှိသည့်အနက် (၆၀၀) ခန့်သာ အိမ်ထောင်မပြုဘဲ ကိုရီးယားဗုဒ္ဓဘာသာ အစဉ်အလာကို ထိန်းသိမ်းခဲ့ကြကြောင်း တွေ့ရှိရလေသည်။

ဂျပန် လက်အောက်မှ လွတ်မြောက်၍ ကိုရီးယားသမ္မတနိုင်ငံသစ် ထူထောင်မိသောအခါ ပထမဆုံးသမ္မတ ဆစ်ဂမန်ရီးသည် အိမ်ထောင်ပြုသော ဘုန်းကြီးများကို သက်ဆိုင်ရာ ကျောင်းများမှ နှင်ထုတ်ပစ်စေခဲ့သည်။ အိမ်ထောင်ပြုခြင်းကို ဆန့်ကျင်သော ချိုင်ဝါဂိုဏ်းကလည်း မိမိတို့၏ စည်းမျဉ်းဥပဒေများကို ဒဏ်နှင့်အညီ ပြုပြင်ခဲ့ကြသည်။ သို့ဖြစ်၍ ယခုအချိန်တွင် အိမ်ထောင်ပြုသော ဘုန်းကြီးများ တဖြည်းဖြည်း နည်းပါးလာပြီး ကိုရီးယားဗုဒ္ဓဘာသာ၏ သဘောလက္ခဏာများ တစ်စ တစ်စ ပေါ်လွင်လာနေပြီ ဖြစ်သည်။

ဂျပန်နိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားလာခြင်း

ဂျပန်လူမျိုးများသည် ဂျပန်ပြည်သို့ ဗုဒ္ဓဘာသာမရောက်မီက ရှင်တို ဘာသာကို ကိုးကွယ်ခဲ့ကြသည်။ ရှင်တို ဘာသာဆိုသည်မှာ နတ်ကိုးကွယ်မှု တစ်မျိုးပင် ဖြစ်ပြီး ကွယ်လွန်သွားသော ဘိုးဘွားစဉ်ဆက်ကို ကိုးကွယ်သော အယူဝါဒ (Ancestor Worship) ကိုလည်း ကျင့်သုံးခဲ့ကြသည်။

ခရစ်နှစ် ၅၅၂-ခုနှစ်တွင် ကိုရီးယားကျွန်းဆွယ်ရှိ ပက်ချိ (Packche) နိုင်ငံမှ

သံတမန်တစ်ဦးသည် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ ကျမ်းစာများကို ဂျပန်ပြည်သို့ ယူဆောင်လာရာမှ မဟာယာန ဗုဒ္ဓဘာသာ စတင် ပြန့်ပွားခဲ့သည်။

ဗုဒ္ဓဘာသာကို ရှေးဦးစွာ ကိုးကွယ်သောဘုရင်မှာ ယိုမေ (Yomei) ဘုရင် ဖြစ်ပြီး ထိုစဉ်က မင်းဆွေမင်းမျိုးတို့သည် သပ္ပာယ်လှသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကို ဘေးရန် အန္တရာယ်ကို ကာကွယ်ပေးနိုင်၍ လောကီ ကောင်းကျိုးချမ်းသာများကို ရရှိစေနိုင်သော နတ်ရုပ်အဖြစ် ယုံကြည်လျက် လက်ခံကိုးကွယ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာ ကိုလည်း ရှင်တိုဘာသာကဲ့သို့ နတ်ကိုးကွယ်သော ဘာသာတစ်ခုအဖြစ် ယုံကြည် ယူဆခဲ့ကြလေသည်။

ဗုဒ္ဓဘာသာသည် ဂျပန်ပြည်၌ ရှေးဆန်သော အစွဲအလမ်းကြီးသည့် ရှင်တိုဘာသာဝင်အချို့၏ ဆန့်ကျင်မှုကို အနည်းငယ် တွေ့ရသော်လည်း ဗုဒ္ဓဘာသာနှင့်အတူ တိုးတက်နေပြီဖြစ်သော တရုတ်ယဉ်ကျေးမှုလည်း ပူးတွဲပါလာသဖြင့် ဂျပန်မင်းဆွေမင်းမျိုးများနှင့် ပညာတတ်အပိုင်းက အခက်အခဲမရှိလှဘဲ ဗုဒ္ဓဘာသာကို လက်ခံခဲ့ကြသည်။

မင်းဆွေမင်းမျိုးများထဲမှ ရှိုတိုကု (**Shotoku**) အိမ်ရှေ့မင်းသား၏ အားပေးခိုင်မြောက်မှုမှာ လွန်စွာ ခရီးရောက်ခဲ့သည်။ ထိုမင်းသားသည် ခရစ်နှစ် (၆၀၇) ခုနှစ်၌ ဂျပန်ပြည်တွင် ရှေးအကျဆုံးဖြစ်သော ဟိုရယူဂျီစေတီကိုလည်း တည်ထားကိုးကွယ်ခဲ့လေသည်။

ခရစ်နှစ် ၈- ရာစု (၇၁၀-၇၈၄) နာရဒခေတ်၌ စံရွှန်ဂိုဏ်း၊ ကျိုက္ယစ်ဆုဂိုဏ်းစသည့် ဗုဒ္ဓဘာသာဂိုဏ်း (၆) ဂိုဏ်း ဖြစ်ပေါ်လာသည်။ ထိုတွင် ခရစ်နှစ် ၇၅၄ တွင် ဇပါဆွန်းလာသော ရစ်ဆူ (ဝိနယ်) ဂိုဏ်းက စနစ်ကျသော ရဟန်းခံ ရှင်ပြု သိမ်လရှင်ဝတ်နည်း စည်းမျဉ်းဥပဒေတို့ကို ချမှတ်ပေးခဲ့သည်။ ယနေ့တိုင် နာရဘုရားကြီးဟု ထင်ရှားလျက်ရှိသော မဟာဝေရောစန ကြေးဆင်းတုတော်ကြီးကိုလည်း ဤနာရခေတ်၌ တည်ထားခဲ့ကြခြင်း ဖြစ်ပေသည်။

၈- ရာစု ကုန်ခါနီးမှ ၁၂- ရာစု ကုန်ခါနီး (၇၉၄-၁၁၈၄) အထိ ဖြစ်သော ဟေယန်ခေတ်တွင် ဂျပန် ဗုဒ္ဓဘာသာ၌ တင်ဒိုဂိုဏ်းနှင့် ရှင်ဂွန်းဂိုဏ်းဟူသော ဂိုဏ်း (၂) ပေါ်လာသည်။ ထိုတွင် ရှင်ဂွန်းဂိုဏ်းမှာ တန္တရဂိုဏ်းဖြစ်၍ အင်းအိုင် လက်ဖွဲ့ဂါထာ မန္တန်များ အားကောင်းလာသည်။ ထိုခေတ်တွင် ဘုန်းကြီးများ အားလုံးကလည်း နိုင်ငံရေးတွင် ပါဝင်လာကြသဖြင့် သာသနာတော် တဖြည်းဖြည်း ဆုတ်ယုတ်လာသည်။

ဟေယန်ခေတ်ကုန်၍ ကမာကုရခေတ် (၁၁၈၅-၁၃၃၃) သို့ ရောက်သောအခါ ကမ္ဘာကျော် ကမာကုရ ကြေးဆင်းတုတော်ကြီးကို ထုလုပ်ကိုးကွယ်ခဲ့ကြသည်။ ဤခေတ်တွင် ဂျိုဒိုဂိုဏ်းနှင့် ဂျိုဒိုရှင်ဂိုဏ်းဟူသော ထူးခြားသည့် ဗုဒ္ဓဘာသာဂိုဏ်း (၂) ခု ပေါ်လာသည်။ ထို နှစ်ဂိုဏ်းလုံးသည် အမိတာဘာဘုရား၏ နာမည်ကို အကြိမ်များစွာ ရွတ်ဆိုရှိခိုးခြင်းအားဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်သည်ဟု ယုံကြည်ကြသည်။

ဤခေတ်တွင် စျင်ဂိုဏ်းများလည်း တရုတ်ပြည်မှတစ်ဆင့် ဂျပန်ပြည်သို့ ရောက်လာသည်။ ထိုတွင် ရင်ဇိုင်းစျင်ဂိုဏ်းက "တရားအားထုတ်ဖို့မလို အဆင်သင့်တဲ့အခါ ဉာဏ်အလင်း အလိုအလျောက်ပေါ်လာသည်" ဟု ဟောပြောသည်။ အိုတိုစျင်ဂိုဏ်းကမူ "ဉာဏ်အလင်းကို အလိုအလျောက် မရနိုင်၊ တရား အားထုတ်မှသာလျှင် တစ်ဆင့်ပြီးတစ်ဆင့် ဉာဏ်အလင်း ပေါ်လာနိုင်သည်" ဟုဆိုလေသည်။ ထို့ပြင် နိချိရှင် အမည်ရှိသော ဘုန်းတော်ကြီးတစ်ပါး တည်ထောင်သည့် နိချိရင်ဂိုဏ်းကလည်း မဟာယာနကျမ်းစာဖြစ်သော သဒ္ဓမ္မပုဏ္ဍရိကကျမ်း၏ အမည်ကို အကြိမ်များစွာ ရွတ်ဆိုခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်သည်ဟု ဟောပြောခဲ့လေသည်။

ဤ ကမာကုရခေတ်၌ အထင်ရှားဆုံး အချက်တစ်ခုမှာ ဂျိုဒိုရှင်ဂိုဏ်းကို တည်ထောင်သော ဘုန်းကြီး ရှင်ရန်က အိမ်ထောင်ပြုလိုက်ပြီး အခြား ဘုန်းကြီးများကိုလည်း သူ့ကဲ့သို့ပင် အိမ်ထောင်ပြုကြရန် တိုက်တွန်းခဲ့သဖြင့် ယနေ့အထိ ဂျပန်ဘုန်းကြီးများ အိမ်ထောင်ပြုကြသော အစဉ်အလာ ပြန့်ပွားလာခဲ့ခြင်း ဖြစ်လေသည်။

ခရစ်နှစ် ၁၆-ရာစုမှစ၍ နောက်ပိုင်းခေတ်များတွင် တချို့သော အာဏာပိုင်တို့လက်ထက်၌ ဗုဒ္ဓဘာသာအား နှိပ်ကွပ်မှုပြုခဲ့ကြသော်လည်း ဗုဒ္ဓဘာသာတရားတော်များမှာ ဂျပန်လူမျိုးတို့၏ နိုင်ငံရေးနှင့် ယဉ်ကျေးမှုနယ်ပယ်၌ ဩဇာလွှမ်းမိုးမြဲ လွှမ်းမိုးလျက်သာ ရှိခဲ့သည်။ တိုကူဂါဝါခေတ် (၁၆၁၅-၁၈၆၈) တွင် ဗုဒ္ဓဘာသာမှာ နိုင်ငံတော်ဘာသာဖြစ်လာပြီး ဂျပန်လူမျိုးတိုင်း ဗုဒ္ဓဘာသာကျောင်းတစ်ကျောင်း၌ ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း မှတ်ပုံတင်ရသည့်အစဉ်အလာ ဖြစ်ပေါ်လာခဲ့လေသည်။ နိုင်ငံခြားသားနှင့် ခရစ်ယာန်ဝါဒကို ဟန့်တားရန် လက်ထပ်ခြင်း၊ မွေးသေခြင်း စသော လူမှုကိစ္စများကိုပါ ဘုန်းကြီးများထံ မှတ်ပုံတင်ကြရလေသည်။

ယခုခေတ်တွင်မူ ဂျပန်ဘုန်းကြီးအများစုသည် အိမ်ထောင်သားမွေး စီးပွားရေး

အလုပ်များကို လုပ်နေကြသဖြင့် သာမန်လူတို့နှင့် များစွာ ခြားနားမှု မရှိကြတော့ချေ။ အဆုဘပွဲများနှင့် တစ်နှစ်တစ်ကြိမ် ကွယ်လွန်သူ ဘိုးဘွား မိဘတို့အား ပူဇော်ပွဲ ပြုလုပ်သောအခါတို့၌ တရားကျမ်းစာများ ရွတ်ဖတ်ပေးခြင်းမှ တစ်ပါး အခြား ဘာသာရေးအလုပ်ဟူ၍လည်း မည်မည်ရရ မရှိတော့ချေ။ ပြည်သူလူထု အများစုလည်း ဗုဒ္ဓဘာသာအမည်ခံရုံမျှသာ ရှိတော့သည်။ မေဂျီခေတ် (၁၈၆၈) မှစ၍ အာဏာပိုင်များက ရှင်တိုဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်ခဲ့ကြလေသည်။

တိဘက်၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

တိဘက်နိုင်ငံတွင် ဗုဒ္ဓဘာသာမရောက်မီက တိဘက်လူမျိုးများသည် "ဘွန်း" ဘာသာကို ကိုးကွယ်ခဲ့ကြသည်၊ ဘွန်းဘာသာဆိုသည်မှာ တော၊ တောင်၊ မြစ်၊ ချောင်း၊ အင်းအိုင်များနှင့် တောစောင့်နတ်၊ တောင်စောင့်နတ် စသည်တို့ကို ကိုးကွယ်ခြင်း၊ စုန်းကဝေ၊ မှော်ဆရာ၊ ပျောက်စေဆရာ တို့ကို ကိုးကွယ်ခြင်းဖြစ်၏။

မြွတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်းတစ်ထောင်ခန့်၊ ခရစ်နှစ် ၅-ရာစုလောက်တွင် အိန္ဒိယပြည်မှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများယူဆောင်လာ၍ တိဘက်နိုင်ငံသို့ ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာသည်ဟုဆိုကြသည်။ သို့သော် ခိုင်လုံသော မှတ်တမ်းနှင့် အထောက်အထားကား မရှိချေ။

ခရစ်နှစ် ၇ ရာစု (သာသနာ ၁၂၀၀) လောက်တွင်နန်းစံသော တိဘက်ဘုရင် စုန်စင်ဂမ်ပို လက်ထက်၌မူ တိဘက်သို့ ဗုဒ္ဓသာသနာ ရောက်ရှိခဲ့ကြောင်းကိုမူ ခိုင်လုံသော အထောက်အထားများဖြင့် သိရှိရ၏။

စုန်စင်ဂမ်ပိုသည် လက်ရုံးရည် နှလုံးရည် နှစ်မျိုးလုံးနှင့် ပြည့်ဝသော ဘုရင်ဖြစ်၏။ ထို့ကြောင့် တရုတ်ကေရာဇ် တိုင်စုန် (**Tai Sung**) က သမီးတော် ဝမ်ချင်ကိုလည်းကောင်း၊ နီပေါဘုရင် အံသုဝါမန် (**Amsuvarman**) က သမီးတော် ဘရုကုတီကိုလည်းကောင်း၊ ဘုရင်ဂမ်ပိုထံ ဆက်သ၍ တိဘက်နိုင်ငံနှင့် ရွှေလမ်း ငွေလမ်း ဖောက်ခဲ့ကြသည်။ ထိုအချိန်တွင် ထိုနှစ်ငံလုံး၌ ဗုဒ္ဓသာသနာ ပြန့်ပွားနေပြီ ဖြစ်လေရာ မင်းသမီးနှစ်ပါးလုံးသည် မိမိတို့ကိုးကွယ်ရန် အကျွောဘ ဘုရားလောင်း ရုပ်ထု၊ အရိမေတ္တေယျ ဘုရားလောင်း ရုပ်ထုနှင့် သကျမုနိ ဆင်းတုတော်များကို ယူဆောင်လာခဲ့ကြသည်။ ဤအချက်မှာ တိဘက်နိုင်ငံ၌ ဗုဒ္ဓသာသနာ ပြန့်ပွားခြင်း အကြောင်းရင်းတစ်ရပ်ဖြစ်ပေသည်။

ဘုရင်စုန်စင်ဂမ်ပိုသည် ပညာရှင် (၁၇) ဦး ပါဝင်သော အဖွဲ့ကို အိန္ဒိယသို့ စေလွှတ်၍ အက္ခရာ အရေးအသားနှင့် ဘာသာစာပေတို့ကို လေ့လာတီထွင်ခဲ့သည်။ ထိုအဖွဲ့သည် မဟာယာန ဗုဒ္ဓဘာသာကျမ်းတစ်ကျမ်းကိုလည်း တိဘက်ဘာသာဖြင့် ပြန်ဆို၍ ယူဆောင်ခဲ့သည်။ ထို့နောက် မှတ်သားဖွယ်ကောင်းသည့် အချက်တစ်ချက်မှာ ဘုရင်ဂမ်ပိုက ဗုဒ္ဓဘာသာ တရားတော်မှ သုစရိုက်တရားဆယ်ပါးကို အခြေခံလျက် နိုင်ငံတော်၏ ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ လာဆာမြို့တော်တွင် ပိုတလာနန်းတော်နှင့် ရာမိုချေ (Ramoche) ကျောင်းတော်တို့ကိုလည်း တည်ဆောက်ခဲ့သည်။

ဘုရင်စုန်စင်ဂမ်ပိုအနေဖြင့် ဗုဒ္ဓဘာသာထွန်းကားရေးကို အစွမ်းကုန် အားထုတ်ခဲ့သော်လည်း အစွဲကြီးသော ဘွန်းဘာသာဝင်တို့၏ ဆန့်ကျင်တိုက်ခိုက်မှုကြောင့် တိဘက်၌ ဗုဒ္ဓဘာသာသည် နှစ်ပေါင်း သုံးရာကျော်လောက်ကျမှသာလျှင် အမြစ်တွယ်နိုင်ခဲ့လေသည်။

ဘုရင်စုန်စင်ဂမ်ပို၏ နောက် ငါးဆက်မြောက်ဖြစ်သော ဘုရင် ခရီစုန်ဒေစင် လက်ထက်တွင် အိန္ဒိယပြည် နာလန္ဒတက္ကသိုလ်မှ ကျောင်းအုပ်ဆရာတော် သန္တရက္ခိတကို တိဘက်သို့ပင့်၍ သာသနာပြုစေခဲ့သည်။ ထို့နောက် တန္တရဝါဒ၌ တစ်ဘက်ကမ်းခတ် တတ်မြောက်သော ပဒုမသမ္ဘဝ မထေရ်သည်လည်း တိဘက်သို့ကြွလာပြီး သာသနာပြုလေရာ စုန်း၊ နတ်၊ ကဝေများကို နှိပ်နှင်းလျက် များစွာ အောင်မြင်မှု ရရှိခဲ့သည်။ ထိုဒဂချိန်မှစ၍ တိဘက်၌ မဟာယာန၏ ဂိုဏ်းခွဲတစ်ခုဖြစ်သော တန္တရ ဗုဒ္ဓဘာသာ ပြန့်ပွားခဲ့သည်။ ဤ တန္တရဂိုဏ်းကို မန္တရဂိုဏ်း၊ ဝဇ်ရယာနဂိုဏ်း ဟုလည်း ခေါ်ပါသည်။

ဘုရင်ခရီဒေစုန်စင်၏ သားတော်ကြီး လန်ဒါမားလက်ထက်၌ ဗုဒ္ဓဘာသာကို နှိပ်ကွပ်ခြင်း ပြုခဲ့သော်လည်း နောက်ပိုင်းတွင် နန်းတက်သော ဘုရင်များ ကား ဗုဒ္ဓဘာသာကို အားပေးသော ဘုရင်များသာ ဖြစ်ခဲ့ကြသည်။ ခရစ်နှစ် ၁၁- ရာစုတွင် အိန္ဒိယပြည် ဝိက္ကမသီလ တက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဒီပင်္ကရသီရိဉာဏကို တိဘက်သို့ပင့်၍ သာသနာပြုစေခဲ့ရာ ထူးခြားစွာ အောင်မြင်မှုရရှိခဲ့သည်။ ထိုဆရာတော်ကို တိဘက်တို့က အလွန်ရိုသေလေးစားကြပြီး "အာစရိယ အတိဆာ" ဟု ခေါ်ကြလေသည်။

နောက်ပိုင်းခေတ်များတွင် တိဘက်တို့ ကိုးကွယ်သော တန္တရဂိုဏ်းမှ ဂိုဏ်းကြီး (၄) ဂိုဏ်း ကွဲထွက်ခဲ့သည်။ ၎င်းတို့မှာ -

(၁) ငြင်မ ဂိုဏ်း
(၂) ကဏ္ဍ ဂိုဏ်း
(၃) သက္ယ ဂိုဏ်း
(၄) ကဒမ် ဂိုဏ်း
(၅) ဂေလု ဂိုဏ်း တို့ ဖြစ်လေသည်။

အထက်ပါ ဂိုဏ်း (၅) ဂိုဏ်းအနက် ဂေလုဂိုဏ်းသည် နိုင်ငံရေး သြဇာရှိ၍ အရေးအပါဆုံး ဂိုဏ်းဖြစ်သည်။ ခရစ် ၁၇- ရာစုဝယ် တိဘက်ဘုရင် စမွ ကို မွန်ဂိုဘုရင်ဝုသီရိခန်က နန်းချ၍ ဂေလုဂိုဏ်းမှ ပဉ္စမမြောက် ဒလိုင်လားမာကို နန်းတင်ခဲ့ရာ ထိုအချိန်မှစ၍ တိဘက်နိုင်ငံ၌ ဒလိုင်လားမာဟုခေါ်သော ရဟန်းမင်းကြီး အဆက်ဆက်တို့က အုပ်ချုပ်ခဲ့ကြလေသည်။ တိဘက်ဘုန်းကြီးများကို လာမာဟုခေါ်သည်။ မြင့်မြတ်သူဟု အဓိပ္ပာယ်ရ၏။ ၁၉၅၉-ခုနှစ်တွင် တရုတ်တို့ ဝင်ရောက်လာသဖြင့် အိန္ဒိယသို့တိမ်းရှောင်သွားရသော ဒလိုင်လာမာ မှာ (၁၄) ဆက်မြောက် ဒလိုင်လာမာ ဖြစ်လေသည်။

မွန်ဂိုလီးယား၌ ဗုဒ္ဓသာသနာ ပြန့်ပွားပုံ

မွန်ဂိုလီးယားနိုင်ငံသည် တရုတ်ပြည်နှင့် ဆက်စပ်တည်ရှိမနေသော နိုင်ငံဖြစ်၍ ခရစ်နှစ် ၄- ရာစုလောက်မှစ၍ ဗုဒ္ဓဘာသာနှင့် ထိတွေ့မှု ရှိခဲ့သည်။ ၇- ရာစုသို့ ရောက်သောအခါ ဗုဒ္ဓဘာသာသည် နိုင်ငံအနှံ့ ပြန့်လျက်ရှိနေပြီ ဖြစ်ပေသည်။

သို့သော် ၁၄- ရာစုနောက်ပိုင်းတွင် တရုတ်ပြည်ကို မွန်ဂိုလူမျိုးတို့ အုပ်စိုးမှု အဆုံးသတ်သွားသောအခါ မွန်ဂိုလီးယား၌ ဗုဒ္ဓဘာသာ တဖြည်းဖြည်း အားနည်းလာသည်။ ထို့နောက် ၁၇- ရာစုတွင် မွန်ဂိုလီးယားသို့ တိဘက်ဘုန်းကြီးများကြွလာသဖြင့် ဗုဒ္ဓဘာသာ ပြန်လည်အားရှိလာသည်။ မွန်ဂိုလူမျိုးတို့ကလည်း တိဘက် ဗုဒ္ဓဘာသာကို ပို၍ နှစ်သက်စွာ ကိုးကွယ်ခဲ့ကြလေသည်။

နီပေါနိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

နီပေါနိုင်ငံသည် အိန္ဒိယပြည်၏ မြောက်ဘက်၌ နယ်နမိတ်ချင်း ဆက်စပ်တည်ရှိနေသော နိုင်ငံဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်၏ ခမည်းတော် မယ်တော်တို့ နေထိုင်ရာ ကပိလဝတ်ပြည်နှင့် ဘုရားလောင်းဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်

တို့သည် နီပေါနိုင်ငံအတွင်း၌ တည်ရှိကြ၏။ ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် တစ်နှစ်မြောက်အချိန်တွင် ကပိလဝတ်ပြည်သို့ကြွ၍ ခမည်းတော်ကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့အား တရားရေအေး တိုက်ကျွေး တော်မူခဲ့သည်။ ထို့နောက်လည်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ အခါအားလျော်စွာ သီတင်းသုံး နေတော်မူခဲ့လေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ကပိလဝတ်ပြည်မှ သာကီဝင်မင်းမျိုးတို့သည် ကုသိနာရုံပြည် မလ္လာမင်းတို့ထံမှ ဘုရားရှင်၏ ဓာတ်တော်ဝေစုကို တောင်းယူ၍ ကပိလဝတ်ပြည်၌ စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြသည်ဟု ဆိုသည်။ သို့သော် ကပိလဝတ်ပြည်၌ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်းများစွာကြာအောင် ဗုဒ္ဓသာသနာတော် စဉ်ဆက်မပြတ် တည်ရှိခဲ့ကြောင်းကိုမူ မသိရချေ။

ခရစ်မပေါ်မီ နှစ်ပေါင်း (၃၀၀) လောက်တွင် ပါဋလိပုတ်ပြည်မှ အသောကမင်းကြီးသည် လုမ္ဗိနီဒေသသို့ ကြွသွားပြီး ဘုရားလောင်းဖွားမြင်ခဲ့သောနေရာ၌ အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူခဲ့ကြောင်း၊ သမီးတော် စာရုမတီကိုလည်း အမတ်ကြီးတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ပေးရာ ထိုမင်းသမီးသည် နီပေါနိုင်ငံ၌ ကျောင်းကန်ဘုရားများစွာတို့ကို တည်ဆောက်ခဲ့ကြောင်း သိရှိရပေသည်။

နီပေါနိုင်ငံသည် ဟိမဝန္တာနှင့် နီး၍ အအေးဓာတ်လွန်ကဲသော ဒေသဖြစ်၏။ ထို့ကြောင့် ခရစ်နှစ် စောစောပိုင်းက ထိုနိုင်ငံ၌ နေထိုင်သော သဗ္ဗတ္ထိဝါဒ ဂိုဏ်းသားရဟန်းများသည် အအေးဒဏ်ကို ကာကွယ်ရန်အတွက် သင်္ကန်းနှင့် ပတ်သက်သော ဝိနည်းဥပဒေများကို လျော့ပေါ့၍ ကျင့်သုံးခဲ့ရသည်ဟု ဆိုသည်။ ထို့ကြောင့် ထိုအချိန်တွင် နီပေါနိုင်ငံ၌ သဗ္ဗတ္ထိဝါဒသာသနာ ပြန့်ပွားနေပြီဟု ယူဆရသည်။ အဘိဓမ္မကောသကျမ်းပြု သဗ္ဗတ္ထိဝါဒ ဂိုဏ်းဆရာတစ်ဦးဖြစ်သော ဝသုဗန္ဓုသည် လည်း ၄- ရာစုနှစ်များအတွင်း နီပေါနိုင်ငံသို့ ကြွရောက်ခဲ့ကြောင်း သိရှိရပေသည်။

ခရစ်နှစ် ၇- ရာစုအတွင်းက နီပေါ၌ နန်းတက်သော အသုဝါမန်ဘုရင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ခဲ့သည်။ ထိုဘုရင်သည် တိဘက်ဘုရင် စုန်စင်ဂမ်ပိုထံသမီးတော်ကို ဆက်သ၍ နှစ်နိုင်ငံ ရွှေလမ်း ငွေလမ်း ဖောက်ခဲ့သည်။ ထိုအချိန်မှစ၍ နီပေါ၌ ဗုဒ္ဓသာသနာ နောက်တကြိမ် ပြန့်ပွားခဲ့ခြင်း ဖြစ်၏။

ခရစ်နှစ် ၁၁၉၈-ခုတွင် တူရကီနိုင်ငံမှ မူဆလင်တို့သည် အိန္ဒိယပြည် ဗီဟာနယ်နှင့် ဘင်္ဂေါနယ်များသို့ ဝင်ရောက်လာကြပြီး ဗုဒ္ဓဘာသာ အဆောက်အဦများကို ဖျက်ဆီးခြင်း၊ ရဟန်းတော်များနှင့် ဗုဒ္ဓဘာသာဝင်များအား အစုလိုက်အပြုံလိုက် နှိပ်စက်သတ်ဖြတ်ခြင်း ပြုကြသည်။ ထိုအခါ အချို့သော ဗုဒ္ဓဘာသာ ဘုန်းကြီးများသည် တန္တရဗုဒ္ဓဘာသာကျမ်းစာများကို နိုင်သမျှသယ်ယူ၍ နီပေါနိုင်ငံသို့ ထွက်ပြေးကြသည်။ ထိုအချိန်မှစ၍ နီပေါနိုင်ငံ၌ တန္တရ ဗုဒ္ဓဘာသာ ထွန်းကားခဲ့လေသည်။

ဆီကင်နိုင်ငံ၊ ဘူတန်နိုင်ငံတို့၌လည်း၊ တိဘက်နိုင်ငံ၏ မဟာယာန ဗုဒ္ဓဘာသာ အရှိန်အဝါ လွှမ်းမိုးပြီး တန္တရဗုဒ္ဓဘာသာ ပြန့်ပွားခဲ့လေသည်။

ယခုခေတ်တွင်မူ နီပေါ၌ ဟိန္ဒူဘာသာဝင်တို့က ပိုမိုအားကောင်းလျက်ရှိ၏။ သို့သော် ၁၉၂၀- ပြည့်လွန်နှစ်များမှစ၍ ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒမုဏိစသော မြန်မာပြည်မှ ဆရာတော်များ၊ နောက်ပိုင်းတွင် သီဟိုဠ်နှင့် ထိုင်းမှ ပုံပိုးမှုများနှင့် မဟာပရာဂယ (အရှင်မဟာပညာ)နှင့် ကုန်သည်ကြီး ဒဿရထ (အရှင်ဓမ္မာလောက) စသော ဒေသခံ နီပေါအမျိုးသား၊ အမျိုးသမီးများ၏ သက်စွန့်ဆဲဖျား ကြိုးစားမှုကြောင့် ယခုအခါ ထေရဝါဒဗုဒ္ဓဘာသာလည်း အရှိန်အဟုန်နှင့် ပြန့်ပွားနေပေသည်။

ဗီယက်နမ် နိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

ဗီယက်နမ်နိုင်ငံကို ရှေးခေတ်က စမ္ပာဟူ၍လည်းကောင်း၊ အာနမ်ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့ကြသည်။ နေထိုင်ခဲ့သော လူမျိုးများမှာ ခမာလူမျိုးများဖြစ်ကြ၏။

အိန္ဒိယပြည် အမရဝတီခေတ်၌ ထုလုပ်သော ကြေးဆင်းတုတော်များကို ဗီယက်နမ်တွင် တွေ့ရှိခဲ့ရသောကြောင့် ၃-ရာစု မတိုင်မီကပင် စမ္ပာနိုင်ငံသို့ ဗုဒ္ဓဘာသာ ရောက်ရှိနေပြီဟု ယူဆရသည်။ ၆-ရာစုနှစ် အကုန်၌ စမ္ပာကို ဝင်ရောက်တိုက်ခိုက်ခဲ့သော တရုတ်တို့သည် ဗုဒ္ဓဘာသာ အနုပညာ လက်ရာများစွာကို တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

ကျောက်စာများအဆိုအရ ၈-ရာစုနှစ်၌ ကုန်ကင်ပြည်နယ်မှ မဟာယာန ဗုဒ္ဓဘာသာဝင် တရုတ်များ စမ္ဘာနိုင်ငံထဲသို့ ဝင်ရောက်လာခဲ့ကြကြောင်း သိရ သည်။ ထိုအချိန်မှစ၍ ဗီယက်နမ်၌ မဟာယာန ဗုဒ္ဓဘာသာစတင် ပြန့်ပွားခဲ့သည်။ စျင် ဗုဒ္ဓဘာသာကား ဗီယက်နမ်နိုင်ငံသို့ ၆-ရာစုမှ စ၍ ရောက်ရှိခဲ့ သော်လည်း ပြန့်ပွားခြင်းမရှိခဲ့။ ၁၆- ရာစုတွင်မူ တဖြည်းဖြည်း ပြန့်ပွားလာခဲ့ရာ ယခုအချိန်တွင် အင်အားကောင်းသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်လျက် ရှိပေသည်။

ယခုအခါ ဗီယက်နမ်နိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာသည်လည်း တစ်စတစ်စ ပြန့်ပွားလျက်ရှိကြောင်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဦးရေ တစ်သိန်းမျှ ရှိနေပြီ ဖြစ်ကြောင်း သိရှိရပါသည်။

မလေးရှားနိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

မလေးကျွန်းဆွယ်သည်လည်း ရှေးခေတ်က သုဝဏ္ဏဘူမိဟုခေါ်သော ဒေသ၌ ပါဝင်ကြောင်း အချို့ပညာရှင်တို့က ယူဆကြသည်။ ထိုအယူအဆအရဆိုသော် တတိယသံဂါယနာအပြီး သာသနာပြု စေလွှတ်ခဲ့သောဒေသများတွင် ပါဝင် သောကြောင့် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နောက်နှစ်ပေါင်း (၂၅၀) ခန့်တွင် ထိုဒေသသို့ ဗုဒ္ဓသာသနာ စတင်ရောက်ရှိခဲ့သည်ဟု ဆိုရပေမည်။ သို့သော် ခိုင်လုံသော အထောက်အထားကား မရှိချေ။ ထိုဒေသကို သုဝဏ္ဏဒီပ ဟုလည်း ခေါ်ဆိုကြသည်။

ခိုင်လုံသော အထောက်အထားအရမူ ခရစ်နှစ် ၄- ရာစုနှင့် ၅- ရာစုသုံး အိန္ဒိယအက္ခရာတို့ဖြင့် ရေးထိုးထားသော သက္ကတဘာသာကျောက်စာတို့ကို မလေးကျွန်းဆွယ်အနှံ့အပြား၌ တွေ့ရှိရသည်။ ထိုကျောက်စာတို့၌ ရေးထိုး ထားသောစာများမှာ မဟာယာနမဇ္ဈိမိကဂိုဏ်း၏ အတွေးအခေါ်များဖြစ်ကြောင်း လေ့လာတွေ့ရှိကြရသည်။ ထို့ကြောင့် ခရစ်နှစ် ၅-ရာစုလောက်ကပင် မလေး ကျွန်းဆွယ်၌ မဟာယာနဗုဒ္ဓဘာသာ ရောက်ရှိနေပြီဟု ယူဆရသည်။

ခရစ်နှစ် ၇- ရာစု၌ ဆူမတြာကျွန်းတွင် သီရိဝိဇယနိုင်ငံသည် တန်ခိုးကြီးသော ဗုဒ္ဓဘာသာနိုင်ငံအဖြစ် ထင်ရှားခဲ့သည်။ မလေးကျွန်းဆွယ်ကိုပါ အုပ်စိုးခဲ့သည်။ ၇- ရာစု ကုန်ခါနီး၌ သီရိဝိဇယနိုင်ငံသို့ရောက်ခဲ့သော တရုတ်ခရီးသည် ရဟန်းတော် အီကျင်က ထိုနိုင်ငံ၌ ဗုဒ္ဓသာသနာ လွန်စွာထွန်းကား၍ အနီးပတ်ဝန်းကျင်နိုင်ငံများ

သို့လည်း ဖြန့်ဖြူးပေးနေကြောင်း သီရိဝိဇယဌ္ဌ သဗ္ဗတ္ထိဝါဒ ထွန်းကားနေပြီး မဟာယာနလည်း အနည်းငယ်ရှိကြောင်း မှတ်တမ်းတင်ထားလေသည်။

ခရစ်နှစ် ၈- ရာစုဌ္ဌမူ သီရိဝိဇယနိုင်ငံကို အုပ်ချုပ်သော သေလေန္ဒြဘုရင်များသည် အိန္ဒယပြည်မှ တန္တရဗုဒ္ဓဘာသာ ဗဟိဋ္ဌာနဖြစ်သော နာလန္ဒတက္ကသိုလ်နှင့်လည်းကောင်း၊ တန္တရ ဗုဒ္ဓဘာသာဝင် ပါလမင်းတို့၏ ဝိက္ကမသီလ၊ သြဒန္တပုရိ၊ ဂျဂဒ္ဒလတက္ကသိုလ်တို့နှင့်လည်းကောင်း ရင်းနှီးစွာ ဆက်ဆံမှုရှိခဲ့ကြသည်။ ပစ္စည်းလေးပါး ထောက်ပံ့မှုများပင် ရှိခဲ့သည်။ ထို့ကြောင့် သီရိဝိဇယနိုင်ငံအတွင်း၌ ပါဝင်သော မလေးကျွန်းဆွယ်၊ ဆူမတြာ၊ ဂျာဗား ကျွန်းများသို့လည်း မဟာယာန တန္တရ ဗုဒ္ဓဘာသာ ပြန့်ပွားခဲ့လေသည်။

ခရစ်နှစ် ၁၆- ရာစုတွင် မူဆလင် စူလတန်ဘုရင်တို့က သီရိဝိဇယနိုင်ငံကို သိမ်းပိုက်လိုက်သောအခါ ထိုနိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်သော မလေးကျွန်းဆွယ်သည်လည်း မူဆလင်တို့လက်အောက်သို့ ကျရောက်သွားသည်။ ထိုအချိန်မှစ၍ မလေးကျွန်းဆွယ်၌ ဗုဒ္ဓဘာသာ ကွယ်ပျောက်လုနီးပါး ဖြစ်သွားခဲ့လေသည်။

မျက်မှောက်ခေတ်ဝင်မူ မဟာယာန ဗုဒ္ဓဘာသာဝင် တရုတ်နွယ်ဖွားများနှင့် ထေရဝါဒဗုဒ္ဓဘာသာဝင်အချို့၏ အားထုတ်မှုကြောင့် မလေးရှားနိုင်ငံ၌ တစ်စတစ်စ ဗုဒ္ဓဘာသာ သက်ဝင်လှုပ်ရှားလာနေပြီဖြစ်သည်။

အထူးအားဖြင့် ပီနန်ကျွန်း၌ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများရှိနေပြီ ဖြစ်ပေသည်။ တည်ရှိရုံမျှမက ပို၍အံ့သြဖွယ်၊ မြန်မာတို့ဂုဏ်ယူဖွယ်ကောင်းသည်မှာ ပီနန်ကျွန်းရှိ ဓမ္မိကာရာမ မြန်မာသာသနာပြုကျောင်းတိုက်ကြီးပင် ဖြစ်သည်။ လွန်ခဲ့သော နှစ် (၂၀၀)နီးပါး (ခရစ် ၁၈၀၃- ခုနှစ်) ကပင် မြန်မာဘုန်းတော်ကြီး ၆- ဆက်တို့ လက်ဆင့်ကမ်း သာသနာပြုခဲ့ရာ ယခုအခါ မြန်မာဘုန်းတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကြီး ဦးပညာဝံသ၏ ညွှန်ကြားချက်အရ (အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ)ဆရာတော် အရှင်သုမနာစာရ သာသနာပြုလျက်ရှိသည်။ ထေရဝါဒနှင့် မြန်မာယဉ်ကျေးမှုအတွက် ကမ္ဘာလှည့်ခရီးသည်ကို၏ လေ့လာရာဌာနကြီးတစ်ခုအဖြစ်လည်း တည်ရှိနေပေသည်။

မလေးရှားနိုင်ငံနှင့်လည်း တဆက်တည်း စက်ာပူနိုင်ငံ၏ ထေရဝါဒသာသနာထွန်းကားလာပုံကိုလည်း သိသင့်သည်။ စက်ာပူနိုင်ငံသည် လွန်ခဲ့သော နှစ် ၂၀-ကျော်ကမှ မလေးရှားနှင့်ခွဲ၍ ကိုယ်ပိုင်ရပ်တည်လာသော နိုင်ငံဖြစ်သည်။ စက်ာပူ၌ ထေရဝါဒသာသနာ ပြန့်ပွားလာရာ၌ မြန်မာတို့၏ သာသနာရေး ကြိုးပမ်းမှုသည် သာသနာဝင်၌ မှတ်တမ်း တင်လောက်ပေသည်။ မြန်မာနိုင်ငံ၌ ဗြိတိသျှတို့ အုပ်ချုပ်စဉ်က မြိတ်မြို့မှ ဘုရားတရာ ဆေးဆရာ ဦးကျော်ဂေါင်ဇနီး ဒေါ်ခင်မဲတို့သည် ဉာဏ်တော်ခုနစ်တောင်တမိုက်ရှိ အလွန်သပ္ပာယ်သော စကျင်ကျောက်သား ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို ၁၂၈၀- ပြည့်နှစ်က စက်ာပူနိုင်ငံသို့ သက်စွန့်ဆဲဖျား ပင့်ဆောင်တည်ထားကိုးကွယ်ခဲ့သည်။ ယခုအခါ ထိုရုပ်ပွားတော်မြတ်ကြီးကို တိုးတက်သော မြို့ပြအင်္ဂါရုပ်နှင့် ညီညွတ်အောင် (အဂ္ဂမဟာပဏ္ဍိတ) ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး ဦးပညာဝံသ ဦးဆောင်၍ စက်ာပူရှိ တရုတ် မြန်မာဗုဒ္ဓဘာသာဝင်တို့က ၅- ထပ်ရှိ သာသနရုံသို ထေရဝါဒ မြန်မာသာသနာပြုကျောင်းတော်ကြီး ဆောက်လုပ်၍ ပူဇော်ထားရှိကြသည်။ ယခုအခါ ဆရာတော်ကြီး ဦးပညာဝံသ၏ ညွှန်ကြားချက်အရ ဆရာတော် ဦးတိလောက သာသနာပြုလျက်ရှိသည်။

အင်ပိုနီးရှားနိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

သုတေသီ ပညာရှင်အချို့. ယူဆကြသည့်အတိုင်း ဆူမတြာကျွန်းနှင့် မလေးကျွန်းဆွယ်ကို သုပဏ္ဏဘူမိ ဟုသတ်မှတ်လျှင် အင်ဒိုနီးရှား၏ အစိတ်အပိုင်းဖြစ်သော ဆူမတြာသို့. ခရစ်မပေါ်မီ ၃- ရာစုခွဲပင် ဗုဒ္ဓဘာသာ စတင်ရောက်ရှိခဲ့သည်ဟု ယူဆရမည်။

ခရစ်နှစ် ၄၁၄- ခုနှစ်တွင် ဆူမတြာသို့. ရောက်ရှိခဲ့သော ဘရုတ် ရဟန်းတော် ဖာဟီယန်ကမူ ဆူမတြာ၌ ဗြာဟ္မဏဘာသာ ပြန့်ပွားလျက်ရှိကြောင်း ဗုဒ္ဓဘာသာကို အနည်းငယ်မျှသာ တွေ့.ရကြောင်း မှတ်တမ်းတင်ခဲ့လေသည်။

သို့သော် ဖာဟီယန် နောက် နှစ်ပေါင်း ၂၀ ခန့်. အကြာတွင် အိန္ဒိယပြည်မှ ဘုန်းတော်ကြီး ဂုဏဝါမန်သည် ဆူမတြာသို့. ကြွရောက်၍ ဗုဒ္ဓဘာသာတရားများကို ဟောကြားဖြန့်.ဖြူးခဲ့သည်။ ထိုအချိန်မှ စ၍ ဆူမတြာ၌ မဟာယာန ဗုဒ္ဓဘာသာ အမြစ်တွယ်ခဲ့လေသည်။

၄၀၈ ပုဒ္ဓဘာသာတရားတော်

ကျောက်စာများအဆိုအရ ခရစ်နှစ် ၇- ရာစုကုန်ခါနီး၌ နန်းတက်သော သီရိဝိဇယဘုရင်သည် ပုဒ္ဓဘာသာကို လွန်စွာ အားပေးခဲ့မြောက်ခဲ့ကြောင်း ထိုအချိန်က သီရိဝိဇယနိုင်ငံ၌ မဟာယာန တန္တရ ပုဒ္ဓဘာသာ လွန်စွာထွန်းကားပြီး သံဃာတစ်ထောင်ကျော်နှင့် ဘုရားကျောင်းကန် များစွာရှိခဲ့ကြောင်း သိရှိရပါသည်။

သီရိဝိဇယ၌ ခရစ်နှစ် ၈- ရာစုတွင် နန်းတက်သော သေလန္ဒြဘုရင်များလက်ထက်တွင်မူ ပုဒ္ဓဘာသာအထွန်းကားဆုံး အချိန် ဖြစ်လေသည်။ ထိုခေတ်တွင် ကြီးမားခမ်းနားသော ဇိုရိဇုဂေါ စေတီတော်ကြီးနှင့် မန်ဒွတ်စသော စေတီများကို တည်ထားခဲ့သည်။ ဂျာဗား၊ ဗာလီစသော အခြားကျွန်းများသို့လည်း ပုဒ္ဓဘာသာ ပြန့်နှံ့သွားခဲ့လေသည်။

ခရစ်နှစ် ၁၃- ရာစုမှ ၁၅- ရာစု အတွင်း အင်ဒိုနီးရှား၌ ပုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာနှစ်မျိုးကို ရောနှောကိုးကွယ်ခဲ့ကြသည်။

ခရစ်နှစ် ၁၆ - ရာစုတွင် မူဆလင် စူလတန်ဘုရင်များ ဝင်ရောက်သိမ်းပိုက်သည့်အချိန်မှ စ၍ အင်ဒိုနီးရှား၌ ပုဒ္ဓဘာသာ ကွယ်လုနီးပါး ဖြစ်ခဲ့ရသည်။ ဟိန္ဒူဘာသာကမူ ဗာလီကျွန်း၌ ဆက်လက်ရှင်သန်လျက်ရှိလေသည်။

မျက်မှောက်ခေတ်တွင် ပုဒ္ဓဘာသာဝင် တရုတ်လူမျိုးများ တစ်စ တစ်စ ဝင်ရောက်လာမှုကြောင့် အင်ဒိုနီးရှား၌ ပုဒ္ဓဘာသာ၏ သက်ဝင်လှုပ်ရှားမှု အသင့်အဟင့် ရှိလာခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၀) ခန့်က မြန်မာနိုင်ငံမှ မဟာစည် ဆရာတော်သည် အင်ဒိုနီးရှားသို့ သာသနာပြုခရီး ကြွခဲ့ဖူးသည်။

ခန့်မှန်းခြေအားဖြင့် ယခုအချိန်တွင် အင်ဒိုနီးရှား၌ ပုဒ္ဓဘာသာဝင် ဆယ်သန်းခန့် ရှိကြောင်း သိရှိရသည်။

•••••••••••••••

ပ-မ-သ-စ-၅/ ၂၀-၄-၉၅ (၁၀၀၀၀) လစ်သို့။